www.burmeseclassic.com

# အမျိုးသမီးစာဆိုတော်များ

ဒဂုန်ခင်ခင်လေး

www.burmeseclassic.com

ကျွန်တော်သည် ထိုထိုသော ပန်းအလှတို့မှ 'အရှာရွေးနှုတ်သည့်ခြေကိုထုတ်ယူ လိုက်ဘိသကဲ့သို့ပင် 'အမျိုးသမီးအနုပညာရှင်များ' ဟူသော အမည်နာမအောက်တွင် အမျိုးသမီး စာဆိုတော်များကို၎င်း၊ အမျိုးသမီးဇာတ်သဘင် ပညာရှင်များကို၎င်း ပေါင်းစုရုံးစည်းလိုက်မိပါသည်၊ အမျိုးသမီးစာဆိုတော်များ၏ အတ္ထုပ္ပတ္တိ အစုံအလင်နှင့် ၎င်းတို့ရေးသား စပ်ဆိုခဲ့သော ဂီတကဗျာလင်္ကာရတု အစုံစုံအပြင် သီချင်းကြီး၊ သီချင်းခံ၊ ပတ်ပျိုး၊ အဲ၊ အန်၊ တျာသံ၊ တေးထပ်၊ ဘောလယ်၊ ဒွေးချိုး၊ လေးချိုး အဖြုန်စသည်တို့ကို မကျန်မကြွင်း ရလေအောင် ပေါင်းစည်းတင်ဆက်ပါသည်၊ အမျိုးသမီး သဘင် ပညာရှင်များ ကိုလည်း အတ္ထုပ္ပတ္တိမျှသာမက ၎င်းတို့ သီဆိုရင့် ကျူးသွားသော သီချင်းတေးသံများကိုပါ ပူးတွဲတင်ဆက်ပါသည်။

ဤတွင်ကျွန်တော့် ရည်ရွယ်ချက်ကို အလျဉ်းသင့်၍ဖော်ပြလိုပါသည်၊ ကျွန်တော်သည် 'အမျိုးသမီးအနုပညာရှင်များ' ကို ခေတ်နှင့်အညီ ရင်ဘောင်တန်း၍ ခေတ်ကာလ ခရီးလမ်းကိုဖြတ်သန်းနေကြမည်သော နောင်တခေတ်၏ အမျိုးသမီးခေါင်းဆောင်များ ဖြစ်လာမည့် အမျိုးသမီးလောကတခုလုံးအတွက် ရည်သန်၍ ထုတ်ဝေပါသည်၊ ခေတ်အဆက်ဆက် ဖြတ်သန်းကျော်လွန်ခဲ့ပြီးသော အမျိုးသမီးများ၏ ဘ၀ဒေပးအခြေအနေများ၊ ၎င်းတို့၏ ရုန်းကန်လှုပ်ရှားမှုများကို ဖတ်ရှုကြရသောအခါ တကိုယ်တာအားထုတ်၍ မိမိတို့ဘ၀အတွက် ရှေ့တက်လမ်းကို ကြိုးပမ်းအားထုတ်နိုင်ရန်ရည်သန်ပါသည်၊ တနည်းအားဖြင့်လည်း မြန်မာစာပေလောကတွင် အမျိုးသားအနုပညာရှင် အကျော်အမော်

www.burmeseclassic.com



များ၏ အရှိန်အဝါအောက်ဝယ် ရောနှောပျောက်ကွယ်နေသော အမျိုးသမီး အနုပညာရှင်များကို သီးသန့်ခွဲထုတ်လျက် စာပေလောကအတွက် အင်အားဖြည့်လိုက်ခြင်း ဖြစ်ပါသည်၊ စာပေသုတေသီပုဂ္ဂိုလ်များအတွက်ဆိုပါမူ အတ္ထုပ္ပတ္တိကလေး မျှရစေ၊ အကြောင်းအချက် ကလေး မျှရစေ၊ မည်သို့မဆို အကျိုးသက်ရောက်မှု တစုံတရာ မျှရစေဟူသော နှလုံးထားရင်းရှိပါသည်။

စာရေးဆရာမကြီး ဒဂုန်-ခင်ခင်လေးသည်လည်း ကျွန်တော်နည်းတူစိတ်ရင်းသဘောရင်း ထားရှိကြောင်း ပြောကြားရန်ပင်မလိုတော့ပါ၊ ၎င်း၏အာသီသဆန္ဒရင်းမှာ ထင်ရှားပြီးဖြစ်ပါသည်။

ဒဂုန်-ခင်ခင်လေး၏ ရည်သန်ရိုးရင်း နှသုံးသွင်းကို အစီရင်ခံပြီး၊ [illegible]န်တော်သိကျွမ်းသော ဒဂုန်-ခင်ခင်လေး၏အကြောင်းကို အနည်းငယ် အစီရင်ခံလိုပါသေးသည်၊ စာရေးဆရာမကြီးဒဂုန်ခင်ခင်လေးသည် အသက်အရွယ် ရင့်ညောင်းသူ၊ ခေတ်အခါအတော်များများကို သိမီသူ ဖြစ်ပါသည်၊ ပိုမိုထူးခြားသည်မှာ ခေတ်အခါအဆက်ဆက်ကိုမမှိတ်သောမျက်စေ့ဖွင့်သောနားဖြင့် အစဉ်တစိုက်လေ့လာမှတ်သားခဲ့သူ ဖြစ်ပါသည်၊ မိမိကျော်နင်းဖြတ်သန်းလာသောခေတ်အခါသမယများ၏ အခြေအနေတို့တွင် အနိမ့်အမြင့်အတက်အကျ၊ အထင်အပေါ်၊ အတိမ်အမြုပ်ခလုတ်ကန်သင်း ဆူးကျင်းမကျန် လေ့လာကျက်စားခဲ့သူ ဖြစ်ပါသည်၊ ဤ'အမျိုးသမီးအနုပညာရှင်များ' စာအုပ်ကို ပုံနှိပ်နေစဉ် 'ပရိချော'များကိုပြသရာတွင် နှုတ်လွှတ်အာဂုံဆိုပြ ရွတ်ပြ တီးပြ၍ စာမူများကို တိုက်ဆိုင်တည်းဖြတ်ကြည့်နိုင်သူဖြစ်ပါသည်၊ လေးစားသမှုပြု၍ ပြောရပါမူ ဒဂုန်ခင်ခင်လေးသည် မြန်မာစာပေ



လောကမှ အဆီအနှစ်များကို ဆူရာရွေးထုတ်သည်းခြေဖြုတ်ကာဖုတ်၍ပင်စားထားသူဟုဆိုရမည်ပင်ဖြစ်ပါသည်၊ ဇာတ်သဘင်လောက တလျောက်လုံးတွင် အများဆုံးသော ဇာတ်သဘင်ပညာရှင်များကို သိမီသူလည်းဖြစ်ပါသည်၊ ကိုယ်တိုင် ကိုယ်ကျကြည့်ရှုဘူးသူလည်းဖြစ်ပါသည်၊ သို့ဖြစ်ပေရာ သူမြင်သော သူတွေ့သော သူနှားဆင်ခဲ့သော ဇာတ်သဘင်ပညာရှင်များ၏ အကြောင်းကိုရေးသားရာ၌ စာပေဖတ်ရှုသူများအဖို့ တမျိုးတဖုံတအာရုံဖြင့် ဆန်းသစ်စေလိမ့်မည်ဟု ထင်မြင်မိပါသည်။

ဤမျှဖြင့် 'အမျိုးသမီးအနုပညာရှင်များ' စာအုပ်ပုံနှိပ် လုပ်ဆောင်မှုအခန်းကို အစီရင်ခံအပ်ပါသည်၊ တဆက်တည်းပင် ပုံနှိပ်တိုက်၏ချို့ယွင်းချက်၊ ထုတ်ဝေသူ၏ ချို့ယွင်းချက်များမှာ မလွှဲမရှောင်သာဘဲ ပါဝင်နေမည်ဖြစ်ပေရာ၊ စေတနာရှေ့ထား၍ ဖတ်ရှုရင်းခွင့်လွှတ်သမှု ပြုကြပါရန် တောင်းပန်အပ်ပါကြောင်း။

စာပေ့ဝန်ကိုတတပ်တအားထမ်းဆောင်ရင်း—

ဇွဲ-ထွန်းရှိန်

၁၉-၁-၆၇

www.burmeseclassic.com

www.burmeseclassic.com



# မာတိကာ


| အစီအစဉ် | | စာမျက်နှာ |
|---|---|---|
| အမျိုးသမီးစာဆိုတော်များ | | |
| * အမှာစာ | | ကမ္ဘ—ဎ |
| ၁။ စာဆိုတော် အိမ်ရှေ့မိဖုရား စောပြည့်ညို ၎င်းဆိုသျှိုးလိုက် ရတုပိုဒ်စုံ | .... | ၁ |
| ၂။ ရွှေပြည်ရှင်မယ် ၎င်းဆို မောင်ဘွဲ့ ရတုပိုဒ်စုံ | .... | ၅ |
| ၃။ စာဆိုတော်ခင်ထွား ၎င်းဆို အဖြည့်ခံ ရတု | .... | ၇ |
| ၄။ လှိုင်းဇင်းမင်းသမီး ၎င်းဆို မောင်ဘွဲ့ ရတုပိုဒ်စုံ | .... | ၈ |
| ၅။ အိုင်ချင်းရေးသူ အညာသူတဦး ၎င်းဆို အိုင်ချင်း | .... | ၁၁ |
| ၆။ ရာဇာဓိရာဇ်ကတော် ၎င်းဆို သုံးထောင့်အိုင်ချင်း | .... | ၁၂ |
| ၇။ နန်းတွင်းမိညို ၎င်းဆို ကိုယ်ရည်သွေးရတုပိုဒ်စုံ | .... | ၁၅ |
| ၈။ နန်းတွင်းမိဖြူ ၎င်းဆို ကိုယ်ရည်သွေး ရတုပိုဒ်စုံ | .... | ၁၆ |
| ၉။ ပဲခူးမိဖုရား ၎င်းဆို ရတုပိုဒ်စုံအပုဒ်-၃၀ | .... | ၁၇ |
| ၁၀။ ဆုဇ ခေတုကလျာမင်းသမီး ၎င်းဆို ကျေးစေရတုပိုဒ်စုံ | .... | ၆၀ |
| ဇင်းမယ်မိဖုရား ၎င်းဆိုရတုပိုဒ်စုံ ၆-ပုဒ် | .... | ၆၃ |
| ၁၁။ ကိုယ်လုပ်တော်ထွေးလှ | .... | ၇၄ |
| ၁၂။ ကိုယ်လုပ်တော်ခင်မထွေး | .... | ၆၄ |
| ၁၃။ စောမင်းနှစ် ၎င်းဆို ရတုပိုဒ်စုံ ၂-ပုဒ် | .... | ၆၄ |
| ၁၄။ စစ်ကိုင်းသရေစည်သူကတော် ၎င်းဆို ရတုပိုဒ်စုံ | .... | ၇၇ |
| ၁၅။ တန်ဆောင်းမိဖုရား ၎င်းဆို ကောပိုဒ်ရတုနှင့် ပိုဒ်စုံ | .... | ၇၉ |
| ၁၆။ ပြည်မိဖုရား | .... | ၈၂ |
| ၁၇။ ရွှေဆင်းတုမင်းသမီး ၎င်းဆို ရတုပိုဒ်စုံ | .... | ၈၂ |
| ၁၈။ မိပန်းရုံ ၎င်းလျှောက်ထားချက်လက်ာ | .... | ၈၆ |


www.burmeseclassic.com

www.burmeseclassic.com



၁၉။ စဉ့်ကူးမင်း မိဖုရားကြီး၏ ရှင်မင်း .... ၈၈
ဂုဏ်းဆို ရတုပိုဒ်စုံ၁-ပုဒ်
အဖြည့်ခံရတု ၂-ပုဒ်
တေးထပ် ၆-ပုဒ်

၂၀။ စာဆိုတော်မယ်လုပ် .... ၉၇
ဂုဏ်းဆို ဧောင်းကလောပြွန်ရေးဆင်းကြိုး
တျာသံသီချင်းခန့်ကြီး
တျာသံ ၈-ပုဒ်
ကျေးစေပတ်ပျိုးကလေး
မင်းကွန်းခေါင်းလောင်းဘွဲ့ ၃-ပုဒ်
ဓါးသိုင်းဘွဲ့တျာသံ ၄-ပုဒ်

၂၁။ ပခန်းသူမ .... ၁၀၈

၂၂။ နန်းတွင်းသူမယ်ခွေ .... ၁၀၉
ဂုဏ်းဆို ဆယ်နှစ်ရာသီဖွဲ့အဲချင်း ၁၂-ပုဒ်
အဲချင်း ၃-ပုဒ်
ဘုရားလေးဆူတိုင်အဲ
မင်းကွန်းဘုရားတိုင်တျာဘွဲ့
ငိုချင်းများ
ဆေးတံတို ဒွေးချိုး
ဆေးလိပ်လက်ဆောင် လေးချိုး



အစီအစဉ် — စာမျက်နှာ

၂၃။ မင်းကြီးကတော်ခင်ဆို .... ၁၂၆
ဂုဏ်းဆို ပတ်ပျိုး ၇-ပုဒ်
ဘုန်းတော်ဘွဲ့သီချင်း
ဆောင်းဘွဲ့တေးထပ်
ခွန်းကျူပြ ဖွား ဒွေးချိုး
ညွှန်းပြ နှစ်နားလေးချိုး
ကွပ်ရှာမင်းကြီးထံရေးတေးထပ်
ဂုဏ်းတေးထပ်အမှာသဖြန်
မိုးဘွဲ့လေးချိုး

၂၄။ ရဝေရှင်ထွေး .... ၁၄၁
ဂုဏ်းဆို ရတုပိုဒ်စုံ ၆-ပုဒ်
ဆံထုံးထုံးနည်း ၅၅-နည်း အန်ချင်း ၈၅-ပိုဒ်

၂၅။ ယမ်းဖြူမင်း မြောက်သားတော် .... ၁၇၀
ဂုဏ်းရေးမှာတမ်း

၂၆။ ကြံညှပ်မင်းသမီး .... ၁၇၉
ဂုဏ်းဆိုကျေးစေရတုပိုဒ်စုံ

၂၇။ မိဖုရားမမြကလေး .... ၁၈၂
ဂုဏ်းဆို ပတ်ပျိုး ၁၁-ပုဒ်
လေ့တော်သံ



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com




အစီအစဉ် — စာမျက်နှာ

တေးတွဲ ၂-ပုဒ်
တေးထပ် ၅-ပုဒ်
သုံးဆစ်သဖြန်
ဒွေးချိုးသဖြန်

၂၈။ မယ်တော်လယ်နန်း .... ၂၀၄
ရှင်းဆို သီချင်းခန့် ၂-ပုဒ်

၂၉။ မြင်စိုင်းမင်းသမီး .... ၂၀၆
ရှင်းဆို ဆောင်းဘွဲ့ပတ်ပျိုး
တေးထပ် ၆-ပုဒ်

၃၀။ လှိုင်ထိပ်ခေါင်တင် .... ၂၁၂
ရှင်းဆို ဘောလယ် ၈-ပုဒ်
ပတ်ပျိုး ၇-ပုဒ်
တေးထပ် ၇-ပုဒ်
လေးချိုး
ဒွေးချိုး ၅-ပုဒ်
ရာသီဖွဲ့
မှာတမ်း
သီချင်း





အစီအစဉ် — စာမျက်နှာ

၃၁။ မမိ .... ၂၅၀
ရှင်းရေး မေတ္တာစာ ၆-ပုဒ်
သမာဂီတပရိကံတေးသစ် ၅-ပုဒ်
တေးထပ်

၃၂။ တောင်ဆောင်တော်မိဖုရား .... ၂၆၉
ရှင်းရေးတေးထပ်

၃၃။ အလယ်ဆောင်မိဖုရား .... ၂၇၀
ရှင်းရေးလေးဆစ်သဖြန်

၃၄။ စလင်းစုမိဖုရား .... ၁၇၂
ရှင်းဆို တေးထပ် ၄-ပုဒ်

၃၅။ အမတော်စုဖုရား .... ၁၇၅
ရှင်းဆို တေးထပ် ၆-ပုဒ်
လေးဆစ်သဖြန်

၃၆။ မြတောင်စုဖုရား .... ၂၈၀
ရှင်းဆိုတေးထပ် ၄-ပုဒ်

၃၇။ မြင်ကွန်းမင်းသမီး .... ၂၈၃

၃၈။ ကန္နီမင်းသမီး .... ၂၈၃

၃၉။ ပြင်စည်ခင်စော .... ၂၈၃


www.burmeseclassic.com

www.burmeseclassic.com



| အစီအစဉ် | | စာမျက်နှာ |
|---|---|---|


၄၀။ ပင်းသာမြို့စားကတော်ခင်ဖွး .... ၂၈၄

ဧရင်းဆိုပတ်ပျိုးကလေး .... ၂၈၄

၄၁။ စာတော်ဘတ်မိုင်းခိုင်းခင်လေးကြီး .... ၂၈၅

၄၂။ မန်လည်ခင်စော .... ၂၈၆

၄၃။ ဒိုင်းခင်စော .... ၂၈၆

၄၄။ မတ္တရာခင်လေး .... ၂၈၆

၄၅။ ပထနဂိုရ်မြို့ရား ခင်လေး .... ၂၈၆

၄၆။ ကျောက်ကာမြို့စားခင်နှစ် .... ၂၈၇

၄၇။ သာယာဝတီခင်လေး .... ၂၈၈

၄၈။ ယောမြို့စားသမီးခင်စိုး .... ၂၈၆

၄၉။ အနောက်ဝန်မင်းမြေးခင်လေးကြီး .... ၂၈၈

၅၀။ တောင်ခွင်ဝန်ကြီးသမီးခင်ခင်ကြီး .... ၂၈၁

၅၁။ ငါမြို့ဝန်သမီး ခင်ခန့် .... ၂၈၈

၅၂။ ရေနံ့သာမြို့စား ခင်ခင် .... ၂၈၈

၅၃။ မြဝတီ ခင်မကြီး .... ၂၈၈

၅၄။ ခင်ပို .... ၂၈၈




| အစီအစဉ် | | စာမျက်နှာ |
|---|---|---|


၅၅။ မတ္တရာ ကချေသည်မ .... ၂၈၈

ရင်းဆိုတေးထပ် .... ၂၈၉

၅၆။ တေးထပ်စာဆို ခင်ခင်ကြီး .... ၂၈၉

ရင်းဆိုတေးထပ် ၉-ပုဒ်

၅၇။ ပတ်ပျိုးရေးသူ-မတဲ .... ၂၉၅

ရင်းရေးပတ်ပျိုး

၅၈။ တောင်တွင်းရှင်ဗြိမ်းမယ် .... ၂၉၇

ရင်းဆို အိုင်ချင်း ၄-ပုဒ်

၅၉။ ဦးကြွေသမီး .... ၃၀၁

ရင်းဆို အပူတိုက်လေးဆစ် ၂-ပုဒ်

၆၀။ သီလရှင်မယ်ကင်း .... ၃၀၄

ရင်းနှင့်ဗန်းမော်ဆရာတော်အပြန်အလှန်

ရေးသော ဒွေးချိုးနှင့်တေးထပ်

၆၁။ ညောင်ရမ်းသူများ .... ၃၀၉

ရင်းတို့ဆို ဒွေးချိုး၊ တြိချိုး၊ လေးချိုးများ

၆၂။ ဗြဲတရော်သူ .... ၃၁၆

ရင်းဆိုဒွေးချိုး


www.burmeseclassic.com

www.burmeseclassic.com




အခန်းစဉ် — စာမျက်နှာ

ရှေးခေတ်အမျိုးသမီး သဘင်သည်များ

* မြန်မာ့ဇာတ်သဘင် .... ၃၂၁

၁။ ယင်းတော်မလေး .... ၃၂၉
ယင်းတော်မလေးဘွဲ့

၂။ ဆင်ခိုးမလေး .... ၃၃၂

၃။ မထွေးလေး .... ၃၃၅
မထွေးလေးဆိုသီချင်း

၄။ မစိန်ဖေါ့ .... ၃၃၈

၅။ မစိန်ကြော့ .... ၃၃၈

၆။ မစိန်လုံ (အငြိမ့်) .... ၃၃၈

၇။ မစိန်သုံ (အငြိမ့်) .... ၃၃၈

၈။ မကြိုတ်ဆုံ .... ၃၃၈

၉။ ဒေါ်ငွေစိန် .... ၃၄၀

၁၀။ မသိုင်းခြုံ (ဒေါ်ရေသွယ်) .... ၃၄၂

၁၁။ မသိုင်းခြုံ (ကရင်အမျိုးသမီး) .... ၃၄၂

၁၂။ ငွေစိန် .... ၃၄၃

၁၃။ ငွေရီ .... ၃၄၃





အခန်းစဉ် — စာမျက်နှာ

၁၄။ ညိုညို .... ၃၄၃

* ၁၅။ ကျင်ဥ .... ၃၄၃
မကျင်ဥဆိုနှစ်ပါးသွားသီချင်း

၁၆။ ရင်နု .... ၃၄၃

၁၇။ မစိန်ဥ .... ၃၅၂

၁၈။ ကျော်ဗလ .... ၃၅၅

၁၉။ အိုးစည်အေးစိန် .... ၃၃၅

၂၀။ အလုံစိန်တင် .... ၃၃၅
ရင်းဆိုနှစ်ပါးသွားသီချင်း

၂၁။ နဂါးမ-မြနှစ် .... ၃၅၉

၂၂။ ယိုးဒယားမသိန်းမေကြီး .... ၃၆၀

၂၃။ ဒေါ်စိန်မြိုင် .... ၃၆၀

၂၄။ ဒေါ်ကြွင်ယုံ .... ၃၆၁

၂၅။ ယုဇနအေးစိန် .... ၃၆၂
နှစ်ပါးသွားသီချင်းများ

၂၆။ မြခြေကျင်း-မငွေမြိုင် .... ၃၇၀

၂၇။ ပွဲခိုးမယ်ကြော့ .... ၃၇၁

* ဒေါ်ဩသာသောင်းနှင့် ကောလိပ်စိန်ဆို သီချင်းများ .... ၃၇၄


www.burmeseclassic.com

www.burmeseclassic.com




| အစီအစဉ် | | စာမျက်နှာ |
|---|---|---|
| ၂၈။ | ဩဘာသောင်း | ၃၈၄ |
| ၂၉။ | ကောလိပ်စိန် | ၃၈၅ |
| * | ထပ်ဖြည့်အမှာ | ၃၈၇ |
| * | ပန်ကြားချက် | ၃၈၇ |
| * | မငွေမြိုင်ဆိုသီချင်း ၇-ပုဒ် | ၃၈၈ |
| * | ပျော်တော်ဆက်မကြည်အောင်ဆိုသီချင်း | ၃၉၉ |
| * | ဥက္ကလာကြည်ဆိုသီချင်း | ၄၀၀ |
| * | ကြာသောင်းစိန်ဆိုသီချင်း | ၄၀၁ |
| * | ဒေါ်စိန်သုံဆိုသီချင်း | ၄၀၃ |
| * | မစိန်ဆင်ဆို သီချင်း ၇-ပုဒ် | ၄၀၄ |
| * | မစိန်တင်ဆိုသီချင်း | ၄၁၂ |
| * | ဩဘာသောင်းဆိုသီချင် | ၄၁၃ |
| * | အောင်သန်းတင်ဆိုသီချင်း | ၄၁၄ |
| * | ဥက္ကလာကြည်ဆိုသီချင်း | ၄၁၆ |
| * | မသောင်းတင်ဆိုသီချင်း | ၄၁၇ |
| * | မငွေမြိုင်ဆိုသီချင်း | ၄၁၈ |
| * | လေသာတီမမြရင်သီချင်း ၇-ပုဒ် | ၄၂၀ |


## စာဆိုတော်အိမ်ရှေ့မိဖုရား၊ စောပြည့်ညို

( ၁၅၀-ခန့် )

စောပြည့်ညိုသည် သက္ကရာဇ်, ၁၅၀-ခန့်က ထွန်းကားခဲ့သော အမျိုးသမီးစာဆိုတော်တဦးဖြစ်လေသည်။ စောပြည့်ညိုမှာ ရခိုင်ပြည် အိမ်ရှေ့မိဖုရားဖြစ်သည်။ ရခိုင်သူဖြူဖြူနွဲ့နွဲ့နှင့်မောင်နှစ်မအရင်းထိမ်းမြားလက်ထပ်ခဲ့သော အိမ်ရှေ့မင်းသား သူရိယတဥ္စန္ဒရာမင်း (သူရိယတိုင်းစန္ဒြာမင်း)သည် အိန္ဒိယပြည်တွင်း ဘင်္ဂလားနယ်သို့ဆင်း၍ စစ်အင်ခင်းခဲ့ရာတွင်၊ ပသီကုလားမင်း သူရတန် (စူလတန်၊ **Sultan**)၏ သမီးနှစ်ပါးဖြစ်ကြ သော (ဒန္ဒြရမာစာလီ)နှင့် ဒူရဘီတို့ကိုရသဖြင့်၊ နေပြည်တော်သို့ပြန်မလာဘဲ၊ ကြန့်ကြာနေရာတွင်၊ ကျန်ရစ်သူ အိမ်ရှေ့ထိပ်တင်ခင်စောပြည့်ညိုသည်၊ မောင်တော် ရှိ ရာ သို့ 'သိန်ကန်မိန့်တွင်၊ ဆသ် နှစ်ခွင်ကို၊ လွမ်းပင်စည်မြင့်' အစချီသော သျှုးလိုက်ရတု သုံးပိုဒ်ကိုပေဖူးလွှာတွင် ကညစ်တင်၍အိမ်ရှေ့သခင် ထံမှောက်သို့ အရောက်ပေးပို့ခဲ့သည်မှစ၍၊ အဆိုတော်ဘဝသို့ ရောက်ခဲ့ရှလေသည်။

မြန်မာစာညွှန့်ပေါင်းကျမ်း (ပထမတွဲ) စာမျက်နှာ ၁၁-တွင်၊ အထက်ပါ သျှုးလိုက်ရတုပိုဒ်စုံ ကိုစွနှင့်စပ်လျဉ်း၍၊ ထိုရတုမှာ သျှုးလိုက်ရတုဖြစ်ကြောင်း၊ရှင်လောင်းလှည့်ရတုအသွားမျိုးဖြစ်ကြောင်း၊ အိမ်ရှေ့မိဖုရားစောပြည့်ညိုက ရေးပို့သော၊ ရခိုင်ပညာရှိတဦးရေး ရတုပိုဒ်စုံ ၃-ပိုဒ်ဖြစ်ကြောင်း ဖော်ပြထားပါသည်။ ရတုရေးရသည့် ရာဇဝင်ကို ဤကဲ့သို့ဖော်ပြထားပါသည်။

www.burmeseclassic.com



“မြန်မာသက္ကရာဇ် ၁၅၂-ခုနှစ်တွင်၊ ရခိုင်ပြည်၌ ဝေသာလီ ကျောက်လှေကားမြို့ကို တည်ထောင်စိုးစံတော်မူသော မဟာသူရိယတဇ္ဇန္ဒရာ မင်းသား၏သားတော် သူရိယတဇ္ဇန္ဒရာ အိမ်ရှေ့မင်းသားသည် ခမည်းတော်အမိန့်အရ၊ ဘင်္ဂလားနယ်သို့စစ်ချီရာ ပသိကုလားမင်း သူရကန်၏သမီးတော်နှစ်ပါး (ဒန်ရမာစာလီနှင့် ဒုရဘိ)တို့ကိုရ၍၊ ရတ်တရက် နေပြည်တော်သို့ မပြန်လည်သည်နှင့် အိမ်ရှေ့မိဖုရား စောပြည့်ညိုကရေးပို့သော၊ ရခိုင်ပညာရှိ တဦးရေး၊ ရတုပိုဒ်စုံ ၃-ပိုဒ်”

## စာဆိုတော်အိမ်ရှေ့မိဖုရားစောပြည့်ညိုရေး သျှိုးလိုက်ရတုပိုဒ်စုံ

(၁) သိန်ကန်မိန်တွင်။ ။ဆယ့်နှစ်ခွင်ကို၊ လွှမ်းငင်စည်မြင့်၊ ကြာရှည်တာအကူး၊ တပေါင်းမင်းလွှင်၊ ရွက်ကျင်တောင်လေမြူးက၊ မြိုက်သွယ်နှူးစီသွယ်ဖြာ၊ မတတ်သာချေ၊ ဤထွေထွေကို၊ ကြည့်လေသမျှသာတည့်၊ ပင်တိုင်းမှာ၊ ညှာရွက်ကြွေ၊ လေပြေခတ်လစ်၊ ပရစ်ဝေဝေနှင့် ငှက်ငွေမောင်နှံစုံ၊ နွဲ့လည်ချင်းရက်၊ ပန်းနှစ်ခက်ကို၊ ယှက်လျက်နှုတ်ဝယ်ငုံ၍၊ တခွံ့တုံ့ ရှင်နှစ် လို့၊ တထူးထွေလာ၊ ဘာသာလူလို၊ မကိုနှုတ်ဖြင့်တို၍၊ ဤသို့ချစ်ဘွယ်ဆင်၊ ရာသီခွင်ဆယ့်နှစ်လမ်း ငြမ်းလိုအညီ၊ မိဂသီပင်၊ ရှေ့ဆီမြင်သော်၊ စက်ခွင်ယောင်ယမ်းခဲ့၊ ဆောက်လုမ်းမဲ့စာနှာ၊ ပညာအထု၊ မြတ်သူ့ကြည့်မှန်၊ ကြာလေဟန်မူ၊ သူရတန်မင်း၏သွေး၊ ဒန်ရမာစာလီ၊ ဒုရဘိနှင့်၊ ချစ်ညီတူကြရေးကို၊ နောက်မေးမလျှောက်လို၊ နေလည်းနှစ်ဆင့် နှင်ပွင့်စုံညီ၊ မဒ္ဒီရှေးအဟို



တို၊ ကျွန်းတောင်ညိုလောကခေတ်၊ တိုင်းမဇ္ဈိမာ၊ ယင်းကဖြာသည်၊ ရာဇာမျိုးရိုးမြတ်၏၊ ဆက်မပြတ်သိမ်းယူခံ၊ ဘနန်းစံသည်၊ နန်းရံတို့အမျိုးတည်း၊ ကတိုးအနံ့လို၊ သင်းပျံ့မွှေးကြိုင်၊ ရှစ်ရပ်လှိုင်သည်၊ မကျိုင်ချက်မြှုပ်၊ ထိုထက်ပြည်နဂိုရ် ဝေသာလီ၊ မညနှစ်ခန်း နှစ်ပြည်မြန်းသည်၊ ထီးနန်း အလီလီတည့်၊ မျိုးသာကီ စဉ်မပျက်၊ နှစ်ပေါင်းရှည်ကြာ၊ မဟာနွယ်ရိုးတက်၏၊ မယုတ်မနှောပြီ၊ ရှစ်သောင်းအချာ၊ ဆက်ကားစိုးစံ၊ နန်းရံမယ့်ဌာနီသို့၊ ရာသီမစွန်းခင်၊ အောင် စည် ရွှမ်း ၍၊ စက် ပန်း ဖြန့် စေ ချင်သည်။ ။နောက်ခွင်ကြာလွန်းစွ၊ တကားလည်း။

(၂) နောက်ခွင်ကြာလွန်း။ ။ရာသီစွန်းလျှင်၊ ရစ်သန်းလှည့်ကာ၊ ရှစ်ဖြာအုံလာကြိုး၊ အာကာတိမ်ညွှတ်၊ ပြိုလတ်ဘိသွင်၊ မယ်လျှင်လက်ကိုမိုး၍၊ ကြောက်စနိုးညှိုးမျက်နှာ၊ လက်ရွှေ ဖြန့် ထား၊ သိကြား ကို လျှောက်မှာ၍၊ တောင်ညာမဟေ့သွေး၊ နှစ်ပါး မောင်စုံ၊ ဘုန်းရိပ်လုံသည်၊ ပဒုံကြာနံ့မွှေး၏၊ ချစ်ကြွေးမတင်ခင်၊ ဆယ့်သုံးနှစ်ဝယ်၊ ငယ်ရွယ်တုန်းကပင်တည့်၊ ဘဝနတ်သျှင် လောင်းဘုရား၊ ခြားဝမ်းမကွာ၊ ရင်းချာမောင် နှစ် ပါးကို၊ ပေးမြားစုလျားတင်၊ လက်ထပ်ရေသွန်း၊ ဆယ့်နှစ်ခန်းမူ၊ ထူးဆန်းသဘင်ဆင်၍၊ ချစ်ကြိုးမျှင်ခွေရစ်ပတ်၊ နဝရတ်စီ၊ သီဂီအိမ်ရှေ့နတ်နှင့်၊ စိန်ခြယ်သတ်အလယ်တွင်၊ မောင်းမမြားမြောင်၊ တထောင်မက၊ စံကြတုန်းကိုပင်တည့်၊ သုံးနှစ်ဝင်ရာသီမှာ၊ ကုလားနေပြန်၊ သူရတန်က၊ အားခွန်

www.burmeseclassic.com



ပြတုံလာ၍၊ခွန်ပဏ္ဏာဆက်မသွင်း၊ ဥပရာဇ်ရှင်၊ မယ်ထိပ်တင်ကို၊ အလျှင်ချီစေလျှင်းဟု၊ သောင်းတွင်းဇမ္ဗူပိုင်၊ အာဏာမိန့်မြွတ်၊ ဘမင်းနတ်က၊ အမတ်တထောင်၊ မြားမြောင်လက်နက်ကိုင်နှင့်၊တောင်မဏ္ဍိုင်ပြိုခမန်း၊ ဆင်မြင်းစစ်ခြေ၊ ပဲ့တင်ဝေသည်၊ ဤမြေသိမ့်သိမ့်ကျန်းမျှ၊ နန်းအိမ်ရွှေသခင်၊ နံတော်ကမူ၊ စတုရပတ်၊နက္ခတ်အထွန်း၊ ကျီးကန်းတားရာ၊ ဟသ်ာအထွက်၊ စစ်ဘက်ချီသည်လျှင်တည့်၊ နောက်ခွင်မောက်သူဇာ၊ခရိုင်တလွှားအပိုင်းစားသည်၊စကားသုံးကြိမ်ကြာခဲ့၊တောင်တာကိုချင့်တွက်ပြန်၊ မယ်တို့စံမြန်း၊ ရွှေဘုံနန်းနှင့်၊ ဂဏန်းသချာ၊ ယူဇနာမူ၊နဝါဒသမွန်၏၊လျှင်မြန်ပြန်စေကြောင်း၊ ဆုတောင်းဆုယူ၊ သိမ့်သိမ့်ဆူသည်၊နှင်လူမျှားအပေါင်းတည်း၊နန်းလောင်းမယ့်သခင်၊ အောင်ပန်းစိုက်ထောင်၊ ဘုန်းခေါင်ပြန်စေချင်သည်။ ။လျှောက် တင် ကာ ပန်း စွ တ ကား လည်း။ ။

(၃) လျှောက်တင်ကာပန်း။ ။ရာသီဆန်း လျှင်၊ နန်း မြင့်အောင်မြေ၊ဆယ့်နှစ်ထွေရစ်သန်းမြူး၊ မောက်သူဇာသည်၊ ဒါကာဆိပ်ကမ်းဦးမှာ၊ကျေးဇူးဂုဏ်ရှစ်တန်း၊အမတ်လိမ္မာ၊ ဟိုမြို့ရွာတွင်၊ အာဏာထုံးခဲ့ပြန်မှ၊ ပြောင်ဆန္ဒမာတင်ရိုး၊ ထွက်လျှင်မပြန်၊ မလှန်တို့မင်းမျိုးတည့်၊ ဆိုးကောင်းနှစ်ပါးတွင်၊ ရိပ်ခြည်အမြင်၊ သက်ခင်သိရင်းပင်ဟု၊ပညာသျှင်ထိန်းအုပ်မှ၊ မြို့ပြကျေးရွာ၊ သာယာစည်ကားလှ၏၊ မင်းယောကျ်ားမွေတာ၊ပညာမဲ့နက်၊ဥာဏ်ကဇက်သော်၊



ပြည်ထက်မထားရာတည့်၊ ရွှေကျမ်းလာထုံးစာဟောင်း၊ ကျိုးကြောင်းသိပြန်၊ ဘွဲ့မှန်အမတ်ကောင်းကို၊ နောက်တကြောင်းကုလားရွာ၊ အပိုင်အပ်ပြီး၊ စစ်သူကြီးဟု၊ စာခီးထားခဲ့မှာ၏၊ ဘုရာဇာမိန့်တော်မြွတ်၊ ဦးထိပ်ရွက်ပန်၊နန်းရှံအိမ်ရွှေနတ်ကို ရိုညွှတ်လျှောက်ထားတင်၊ ရာသီပြောင်း၍မိုးနှောင်းဝါလ၊ ဆောင်းစအကူးတွင်ဌ၊ မျှားဖြင်စစ်ပိုလ်ခြေ၊ ထိုခမြတဝက်၊ လက်နက်ထားခဲ့စေဟု၊ မြောက်လေဖြူးလာလျှင်၊ဘမင်းမိန့်ချက်၊ ဦးထိပ်ပန်ရွက်ဆင်၍၊ ရွှေလာလျှင်နောက် လည်း ကောင်း၊ လုံးပေါင်းရှုမြော်၊ ဥာဏ်တော် သာအ ကြောင်း တည်း။ မင်းလောင်းဥပရာ၊ ကြည်းရေတင်းကျမ်း၊ မြစ်လမ်းနှစ်ဖက်မှာလည်း၊ နေ့မခြာအထပ်ထပ်၊ ရက်စပ်စေကျွန်၊ ရောက်လာပြန်သော်၊ အမှန်မယုံလတ်ခဲ့၊ နောက်ရပ်ပိုင်သခင်၊ ဟေမန်အကျူး၊ရဲမှူးစစ်အောင်မြင်သည် ။ ။ ရောက်ထင်ကြာနန်း က တ ကားလည်း။ ။

## ၂။ ရွှေပြည့်ရှင်မယ်

## (၇၆၀-ခန့်၊ ဂ၁၀-ခန့်)

သက္ကရာဇ် ၇ဂ၃-ခုနှစ်တွင် စာဆိုတော် ရွှေပြည့်ရှင်မယ်ထွန်းထားခဲ့လေသည်၊ 'ရွှေပြည့်ရှင်မယ်'သည် အင်းဝပထမမင်းခေါင်၏သားတော်ဖြစ်သော နောင်တွင် 'ဆင်ဖြူရှင်-သီဟသူ' ဟု ရာဇဝင်ထင်ရှားသူ၊ အင်းဝဘုရင် 'သီဟသူ မဟာဓမ္မရာဇာ'နှင့် မရီးတော် စောမင်းလှတို့သင့်ရာမှ ဖွားမြင်ခဲ့သော သားတော်ကြီးထပါး၊သမီးတော်နှစ်ပါးအနက်မှသမီးတော်အထွေးဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ရွှေပြည့်ရှင်မယ်'သည် လက်ာ,တေ့ ဆိုမှု,ဆိုရာတွင် ကျွမ်းကျင် တတ်မြောက်သူဖြစ်ပေသည်၊ 'လွမ်းလွမ်းကဲ၍' 'ဖျောက်ပါလှည့်လေ' 'ကောက်ပါလှည့်လေ' ချီ မောင်ဘွဲ့ရတုပိုဒ်ကို စာဆိုဂုဏ်မြောက်အောင် ရေးသားဖွဲ့ဆိုခဲ့သူဖြစ်ပေသည်။

## ရွှေပြည့်ရှင်မယ်ရေး၊ မောင်ဘွဲ့ရတုပိုဒ်စုံ

(၁) လွမ်းလွမ်းကဲ၍။ တံ့စဲမရှိ၊နှောင်းမေ့မိသည်၊ပျောင်းရိခွေလျ၊မေ့ရာမထက်၊ ရှုတည့်ူးငယ်၊သနားဘွယ်တည့်၊နွေဝယ်ဖယောင်း၊ ညှိ့ညှိ့ပျောင်းသို့၊ ထပ်လောင်းကဲဆင့်၊ နှောင်ဘုန်းမြင့်ကြောင့်၊မဖွင့်နှလုံး၊မရှင်ပြုံးသည်။ ။ လွမ်းဆုံးတိုင်၏, ဖျောက်ပါလှည့်။

(၂) ဖျောက်ပါလှည့်လေ။ ဖျော်မဲပြုဘည့်၊ တမ်းရေရွှတ်လျက်၊အိမ်သာထက်ဝယ်၊မဖက်မပြိုင်၊မိန်းမှိုင်အောက်မေ့၊နှမ်းမိုးအချုံး၊ လခဲ့လုံးဝယ်၊ အုံးဝယ်အပ၊ မထမိုးချုပ်၊လွမ် တိမ်မြုပ်လျက်၊ စံချုပ်နှိုင်းလျော်၊ ပျော်မရှင်မေ့၊ နှောင်ဘုန်း ဟ့ကြောင့်၊ တနေ့မချာ၊ လွမ်းဗျာပါနှင့်၊ ခေါင်သာသိမ်းလွန်း၊မရှင်လန်းသည်။ ။ လွမ်းပန်းကြွေ၏, ကောက်ပါလှည့်။ ။

(၃) ကောက်ပါလှည့်လေ။ ။ဖြိုးမွမ်းပေစွ၊မင်းခြေသူရဲ၊မြခဲနှိုင်းဆိုင်၊ ဆင်းရွှေစိုင်နှင့်၊ တူပြိုင်လျောင်းစက်၊ ဘယ်နှစ်ရက်ဝယ်၊ အသက်တရှည့်၊ပျော်ရလှည့်ရှင့်၊ မပြည့်ပေါ်သာ၊စိတ်ထဲလာ၍၊ဗျာပါမွတ်ချော၊တော်သဘောကို၊ဖြင်ပေါ်လူနတ်၊စွယ်ဆံမြတ်ဝယ်၊ နှစ်ပတ်မကွာ၊မင်္ဂလာရက်



ခန့်ရေတွက်၍၊ ဆက်ဆက်စုံပေါင်း၊ပျော်လွယ်ကြောင်းကို၊ သည်းဟောင်းမယ့်ဆွေ၊ ဆင်းမြူတေလျှင်၊ ထိပ်မွေလက်မုံ၊ ရှိကြောင့်၍။ ။တူစုံတရှည့်,လျှောက်ပါလှည့်။ ။

## ၃။ စာဆိုတော်ခင်ထွား

## (၄၆၀-ခန့်၊ ၈၁၀-ခန့်)

'ခင်ထွား'သည် သက္ကရာဇ် ၇၇၃-ခုနှစ်တွင် နန်းတက်တော်မူသော 'အင်းဝဆင်ဖြူရှင်သီဟသူ'၏ အမျိုးသမီး စာဆိုတော်ကြီးတဦးဖြစ်ပေသည်၊ 'အင်းဝဆင်ဖြူရှင်သီဟသူ'ထံတွင်အမျိုးသမီးစာဆိုတော်အဖြစ်ဖြင့် သမီးတော်'ရွှေပြည့်ရှင်မယ်' နှင့်အတူအမှုထမ်းရွက်ခဲ့ပေသည်၊ စာဆိုတော်'ခင်ထွား'သည် 'စစ်ကိုင်းမင်းသမီး'ဟု အမည်တွင်ခဲ့ပေသည်၊ စာတော်ဘတ် အဖြစ်မှ စာဆိုတော်ရာထူး သို့ တက်လှမ်းခဲ့သူဖြစ်ပေသည်၊ စာဆိုတော်ခင်ထွားစပ်ဆိုခဲ့သော 'သွန်းသွန်းမိုးလယ်' 'စွန်းစွန်းကိုးကွယ်' ချီအဖြည့်ခံ 'ရတု'မှာ ယခုတိုင်ထင်ရှားဆဲဖြစ်ပေသည်။

## စာဆိုတော်ခင်ထွားရေး၊ အဖြည့်ခံရတု

(၁) သွန်းသွန်းမိုးလယ်။ ။ဘဝင်္ဂကယ်သား၊မြနှယ်ညှိရင့်၊ရှောင်ထွတ်မြင့်ထက်၊ ကြယ်နှင့်လနေ၊သိန်းသခေ်ျတည့်၊ ရှောင်သွေဝေးလံ၊ ရွှေမင်းဝံဟု၊ ရောင်လျှံခြောက်မည့်၊ ကွန့်မြူးလည်သား၊ဘုန်းစည်သည့်ရှင်၊မယ့်သခင်။ ။ဆက်တင်လူမည်၊ လက်ဆောင်သည်မှု၊ ထူးလည်တင့်လှ၊ သုံးခေါတ်မျှတွင်၊ ပါပကောလီ၊ယှဉ်မှီပင်မြစ်၊ ရှေးဦးဖြစ်၍ သုရဇ္ဇနှင့်၊ မျိုးမွှပင့်သား၊ နတ်မင့်နှံငဲ့၊ညှာမလဲ့သည့်၊

www.burmeseclassic.com



မဲ့စတုရန်း၊ တော်သည့်ပန်းကို၊ တိုင်တန်း ညွှတ်တွား၊ လျှောက်ပန်ကြွားသည်။ ။သနားခံချင်ပါသောကြောင့်။

(၂) စွန်းစွန်းကိုးကွယ်။ ။တိုင်လျှောက်ဘွယ်တည့်၊ လေးသွယ်ကြောင်းအင်၊ မပြုပြင်သား၊ မြစ်ပင်လယ်ဟန့်၊ ငင်က်အကန့်ဝယ်၊ ချုပ်တန့်တဖန်၊ နောက်မပြန်တည့်၊ နိဗ္ဗာန်ပြည်ခိုင်၊ မြို့မဏ္ဍိုင်သို့၊ ပိုင်ပိုင်သာကြည်၊ စူးစူးရည်၍၊ လျှောက်မည်အရေး၊ မရောက်သေးခဲ့၊ ငံ့တွေးလျက်သာ၊ ထောက်စာနာ၏၊ ဥပါဒါန်ယှဉ်၊ သံယောဇဉ်နှင့်၊ အယဉ်မကင်း၊ ဖြစ်ရခြင်းကို၊ ဝမ်းတွင်းသွယ်သွယ်၊ ငြီးငွေ့ဘွယ်သား၊ ကြီးငယ်မွန်ရှည်၊ မျက်လှည့်သည်သို့၊ အတည့်မကျ၊ ဖြစ်ပြန်ရရှင့်၊ ရှေးကစိတ်ထား၊ ခုမခြားသည်။ ။ တရားစံလျှင်ကွာသောကြောင့်။ ။

## ၄။ လင်းဇင်းမင်းသမီး

### (၇၆၀-ခန့်၊ ၈၁၀-ခန့်)

အင်းဝဘုရင်ဆင်ဖြူရှင် သီဟသူ၏ လက်ထက်မှာပင် ကျော်စောထင်ရှားခဲ့သည်။ ဆင်ဖြူရှင် သီဟသူ၏သမီးတော် ရွှေပြည့်ရှင်မယ်၊ စာဆိုတော် စစ်ကိုင်းမင်းသမီး မယ်ထွားတို့နှင့် အပြိုင်စာဆိုဘော်-စာဆိုဘက် ဖြစ်လေသည်။ လင်းဇင်းမင်းသမီးသည် 'သီတာသံလွင်' 'ညီလာခံလျှင်' 'ဂိဝါစံရှင်' အစချီသော နှတ်သမီးများကို တိုင်တည်၍ ဖွဲ့ဆိုဟန် ရတုပိုဒ်စုံကိုဖွဲ့ဆိုကာ၊ အင်းဝဘုရင် ဆင်ဖြူရှင်သီဟသူထံသို့ ဆက်သရာ . စာဆိုဂုဏ်မြောက်လျှမ်းလျှမ်းတောက်သူတဦး ဖြစ်ခဲ့ရပေသတည်း။



### လင်းဇင်းမင်းသမီးက၊အင်းဝဆင်ဖြူရှင် သီဟသူထံသို့ ဆက်သသော မောင်ဘွဲ့ရတုပိုဒ်စုံ

(၁) သီတာသံလွင်။ ။ရောက်ထည့်ပင်လျှင်၊မမြင်ဘူးအောင်၊ ဘုန်းတော့်ဆောင်သား၊ မြရောင် ဂီရိ၊ တောင်ဇာတိက၊ သုဇိတာလို၊ ဆီးလာကြိုသည်၊ မယ့်ကိုလေးမြတ်-နှစ်ပါးနှတ်။ ။ပြာအာဒ်ရွှေနန်း၊အဆန်းဆန်းနှင့်၊တိုင်းခန်းသာစံ၊ပြည်ပေါင်းရံလျက်၊တမ္ပဒီပါ၊ဗွေချက်ချာထက်၊ရတနာပူရ၊ နန်းဌာနသို့၊ ကျွန်မယခု၊ ရောက်နီးလုပြီ၊ ဇမ္ဗူတန်ဆောင်၊ မယ့်ထိပ်ခေါင်၏၊ ထွန်းပြောင် တေဇာ၊ ဘုန်းအာဏာမူ၊ သိသာပေလောက်၊ ရွှေစက်အောက်သို့၊ မရောက်တန်လျက်၊ ရောက်ပြန်ချက်ကြောင့်၊ ငံ့ကွက်သကာ၊ မယ်ကင်းပါ၏၊ သို့ရာတွင်လေ၊ ကျက်သရေနှင့်၊ မြုတေကြော့လန်း၊ တွင်းထိပ်ပန်း၏၊ ရွှေနန်းပျော်မူ၊ မင်းတစုတွင်၊ ဘယ်သူ့ကိုလျှင်၊ ထူး၍ကြင်လိမ့်၊ သိထင်ရုံသာ၊ မိန့်စမ်းပါလော့၊ စကြာတင့်ရမ်း၊ မှုတော်ထမ်းသော်၊ မိုဃ်းမြမ်းရှိမှ၊အရာရလိမ့်၊ မှီရအောင်သာ၊မေးမြန်းပါသည်။ ။မျက်နှာမယ်တို့ငယ်လွန်းလို့။ ။

(၂) ညီလာခံလျှင်။ ။မယ်တို့တွင်လည်း၊ပုံပြင်စကား၊ဘယ်မင်းများနှင့်၊စကားပြောဆို၊ ရှိကြောင်းကိုလည်း၊ လိုလိုကျွန်မ၊ သိချင်လှ၏၊ ရှေးကအဖြစ်၊ ဝိဒေဟရာဇ်ဝယ်၊ ညီချစ်ပွင့်လန်း၊ ရေသဖန်း၌၊ ရွှေနန်းကြေးမုံ၊ ရှာ၍ကြုံ၍၊ဥဒုမ္ဗရ၊ မင်းမိန်းမမှာ၊ ဒေါသပစ္စာ၊ ကင်းစင်ပါလည်း၊ မနာလိုသိန်း၊မတ် ဒေဝိန်းနှင့်၊ကာမိန့်ပကုသ်

www.burmeseclassic.com



ညှိုးမျက်ကြုတ်ရှဲ၊ မဟုတ် ဟုတ်အောင်၊ လျှောက်ကြ
ဆောင်သော်၊ အခေါင်ထွန်းပေါ်၊ ပညာကျော်သည့်၊
မဟော်သမာ၊ မှီရပါမှ၊ ချမ်းသာသို့ရောက်၊ အံ့လောက်
များလှ၊ ဇာတကဝယ်၊ ကျွန်မအထူး၊ ကြားနာဘူးရှင့်၊
ကျေးဇူးများဖြင်၊ ပုံကြီးတင်သည်၊ အရှင်လေးမြတ်၊
ခွင့်ပေးလတ်က၊ မတတ်သော်လည်း၊ အများနည်းကို၊
သိမ်းဆည်းချုပ်ကိုင်၊ အမှုပိုင်က၊ တတ်နိုင် ကိုယ်စွမ်း၊
ကျွန်မပြမ်းလိမ့်၊ နေကျွမ်းသေးပါ၊ ယခုမှာသည်။ ။
ရှက်ရာဘွယ်မို့၊ ကျယ်ဝန်းလို့။

(၃) ဂီဝါစံရှင်။ ။မယ်ထိပ်တင်နှင့်၊ဦးကင်စိုးရ၊ရွှေပေါင်းခ
သည်၊ နန်းမဘုရား၊ ရှစ်သောင်းဖျားလျှင်၊ သနားကြည်
လင်၊ မယ်ကိုမြင်က၊ ကြွေ့ပြင်မှုယူ၊ တကျွန်းသူဟု၊
ဌာစုကင်းဝေး၊ခွင့်လမ်းပေးလိမ့်၊ မယ်တွေးစရာ၊ တချက်
မှာမူ၊ သစ္စာခံပြီး၊ရာစင်းထီး၏၊ သမီးယဉ်ပျောင်း၊ ရှိနှင့်
ဟောင်းတို့၊ မျက်ခစောင်းညှိုးသိုးထိုးမည်ကိုလည်း၊ လိုလို
ကျွန်မ၊ စိုးရိမ်လှခဲ့၊ ဒီပတကွင်း၊ဆက်မြောက်ခြင်းတွင်၊
လင်းဇင်းနန်းသူ၊မယ်မှာမူကား၊ ဆင်ဖြူဆင်နီ၊ များစုစီ
နှင့်၊ ဒေဝီခံထိုက်၊ တပေါင်သိုက်တွင်၊ တိုက်ရိုက်သိသာ၊
မင်းပဘာဟု ကြေငြာနိမိတ်၊ ကျော်သည့်ဟိတ်ကြောင့်၊
ဆို့ပိတ်သည့်ရန်၊ ယွင်းဖောက်ပြန်က၊ ဘုန်းသန်လျှ
ကြွား၊ မင်းများဖျားတို့၊ ရွှေဖွားကြာစုံ၊ ရောက်ရှုလို့
သော်၊ မြန်ဘုံပရမေ၊ သဒ္ဓါပေအံ့၊ ရှိသေရှက်ဆောင်၊
တိုင်းပြည် ဘောင်က၊ ရအောင်မျက်နှာ၊ မယ်ကြိုးပါ
သည်။ ။စကြာသယ်မို့၊ ရွှယ်ညွှန်းလို့။



## ၅။ အိုင်ချင်းရေးသူ အညာသူတဦး (အင်းဝခေတ်)

ဤအိုင်ချင်းရေးသူမှာ အညာသားမယား အညာသူတဦးဖြစ်သည်၊အညာသူသည် ဤအိုင်ချင်းကို အင်းဝခေတ် ကောင်းစားစဉ်လောက်က ရေးခဲ့ဟန်တူသည်၊အင်းဝခေတ် ကောင်းစားစဉ်က အထက်အညာမှ ဆင်းရဲနွမ်းပါးသော အညာသားများသည် အောက်ပြည်အောက်ရွာသို့ လှေထိုးလိုက်ရင်းနှင့် စုန်းဆင်းသွားကြသည်။အောက်ပြည်ရောက်သော်လယ်ယာကိုင်းကျွန်းလုပ်ကိုင်စားသောက်ကြသည်။ အညာသားတို့ အရောက် အပေါက်များသော အရပ်မှာ ပဲခူး၊သံလျင်(တညင်)နှင့် ရန်ကုန်(ဒဂုံ)တို့ဖြစ်သည်။ အောက်ပြည်စုန်သွား အညာသားအတွက် ကျန်ရစ်သူဇနီးက လယ်ယာ အလုပ်ကြမ်းတွင် ပင်ပန်း ဆင်းရဲနေရှာမည့် အညာသား ချစ်လင်အတွက် ပူရတက်မအေးပုံ၊ ပူဆွေးဗျာကြုံမိပုံများကို အောက်ပါအိုင်ချင်းတွင် အထင်အရှားမြင်နိုင်ပေသည်။

### အညာသူတဦးရေး 'အောက်ပြည်စုန်သွား၊ ချစ်ယောကျ်ားသို့' အိုင်ချင်း

ချစ်တဲ့သူငယ်လေ။ ။သူငယ်ချင်းရယ်ကောင်း ယောင်းမ
သို့လေ၊ နံနက်ကို လယ်ထွန်၊ နေ့မွန် ကျွဲကျောင်း၊
ညမောင်းထောင်းနှင့်၊ ညောင်းရှာလိမ့်နိုး၊ မြို့ပဲခိုးသို့၊
လှေထိုးလိုက်မယ်၊ အပျိုဖြူ မယ်နှစ်မကို မှာခဲ့တယ်၊
ချောင်းပတ်ရုံနှင့် ရွှေဂုံမြောက်ပါး၊ မယ်လိပင်နှင့် ထန်း
ပင်နွဲ့နှောင်း၊ယှက်ခါပေါင်းသည့်၊ ကင်းချောင်းဆိပ်မှာ၊
ထိုးဝါးကိုဝယ်သည်၊ တကယ် စုန်ဖြစ်တာ့ မှာလား

www.burmeseclassic.com

www.burmeseclassic.com



တော်။ ။စုန်မယ်ဆိုလဲ စုန်မဲ့ရက်ကို၊ ဆက်ဆက်မဆို၊ ဆန်မယ်ဆိုလဲ၊ ဆန်မဲ့ရက်ကို ဆက်ဆက်ကယ်မဆို၊ တီးသည့်စောင်းနှင့် လောင်းသည့်ကြက်ကိုဖက်ခါငိုသည်၊ မောင့်ကို ကန့်သွားထည့်သလားတော်။ ။ဆီကိုဆယ့် လေးဆေးကိုဆယ့် ငါးဆားကို ဆယ့်ခြောက်၊ ကုန်စျေးငယ် နှာကြာသနှင့်တော်။ ။ပဲခိုးသို့အဝင်၊ တညင်သို့အဆိုက်၊ ပျိုတို့မောင်ကို၊ ခြင်ပုန်းကိုက်လို့၊ ခြင်ရိုက်ကယ်မှ မပါ၊ လေမလာလို့၊ သွေးသံစို့သည်၊ ခြင်ဖို့ခြင်စာ၊ ဖြစ်လေရှာရော့သလားတော်။ ။အမျိုဖြူငယ် မယ်တာ ဖျတ်ဖျတ်၊ တရုပ်ယပ်နှင့်၊ ဖျတ်ဖျတ်လူးအောင်၊ သေမင်းငယ်ခြင်၊ စုံလျှင်လျှင်ကို၊မနှင်ပါရ၊ အောက်ပြည်စုန်သည်။ ။ရွှေဂုံကျွန်းက ဝေးလွန်းလှလေး။

## ၆။ ရာဇာဓိရာဇ်ကတော်

(၇၄၅-ခန့်)

‘ရာဇာဓိရာဇ်ကတော်’ ရေးဖွဲ့သော ‘အိုင်ချင်း’ နှစ်ပုဒ်ကိုမြန်မာစာညွှန့်ပေါင်းကျမ်းပဋ္ဌမတွဲ အခန်း(၁)တွင် ဖေါ်ပြထားသည်၊ ရာဇာဓိရာဇ်ကတော်၏ အမည်နာမကိုမသိရ၊ (တလမည်ဒေါ်?) စာဆိုတော် စောပြည့်ညိုကဲ့သို့ပင် ရာဇာဓိရာဇ် မင်းသား ဘဝက ဒဂုံသို့ချီရာတွင် ဆီသည်နှင့်ဆေးသည်ကို ယူကြောင်းကြားသိရ၍ ရေးပို့သော စာဖြစ်သည်၊ ထိုအိုင်ချင်းများကို ‘သုံးထောင့်အိုင်’ ဟု ခေါ်ဆိုသည်၊ အိုင်ချင်းများ ဖွဲ့နွဲ့တင်ပြပုံကို လေ့လာကြည့်ပါက၊ ရာဇာဓိရာဇ်ကတော်၏စာဆိုဉာဏ်ရည်ကိုအကဲခတ်နိုင်စွမ်းမည်ဖြစ်ပေသည်၊ဖွဲ့နွဲ့တားသော အိုင်ချင်းနှစ်ပုဒ်မှာ နှစ်သက်ဖွယ်ကောင်းလှပေသည်။



‘ရာဇာဓိရာဇ်’ မင်းသားဘဝကအမည်မှာ ‘ဗညားနွဲ့’ ဖြစ်သည့်ထို့ကြောင့် ရာဇာဓိရာဇ်ကတော်ကို ‘ဗညားနွဲ့မြောက်သားတော်’ ဟုလည်း ခေါ်ဆိုကြသေးသည်၊ မင်းသားဗညားနွဲ့သည် ခမည်းတော်ကိုပုန်စားကန်ပြုရန်ဒဂုန်သို့မြန်မာသက္ကရာဇ် ၇၄၅-ခုနှစ်တွင် စုန်လေသည်၊ ထိုသို့ဗညားနွဲ့ ဒဂုံသို့စုန်ခိုက် ‘ဗညားနွဲ့ မြောက်သားတော်က ဤအိုင်ချင်းများကိုရေးသား ပေးပို့ခဲ့ပေသည်။

### ရာဇာဓိရာဇ်ဒဂုံသို့ချီရာ၊ ဆီသည်နှင့် ဆေးသည်ကို ယူကြောင်းကြားသိ၍ ရာဇာဓိရာဇ်ကတော်က ရေးပို့လိုက်သောသုံးထောင့်အိုင်

(၁) **သူငယ်ချင်းငယ်ကောင်း မယောင်းမသိုလေး။** ။တိမ်ခိုးငယ်မှဝေဝေ၊နွေသပင်ကြီး၊ နွေ-သီးကြွေ- လေပွေတိုက်လို့- ဝဲတတ်တယ်။ ဉသျှစ်သီးမြေကြီးမှာမြှုပ် ပြာဖုံးအုပ်လို့ မီးဖုတ်လိုက်ရင် သီးဘော်ရယ်မှသီးဘက် အပင်ထက်မှာ၊ တက်တက်စင်၊ မီးကင်သည့်နှယ် ကွဲတတ်တယ်၊ စနေဂြိုဟ်စား၊ ကြိမ်ခိုက်များမှာ၊ ချယားသစ်ပင်၊ အိမ်လှေကားတွင်၊ စိုက်ထားလျှင်မူ၊ အင်ခွင် ဥစ္စာ နဲတတ်တယ်။

တံစက်ရေနှင့် တွင်းရေမတူ- ရေကမိုးရေချိုးသူ၊ညင်းဖြူပြိုးပြောက် စွဲတတ်တယ်။ ပုဝါပြောက် အထောက်ကယ်မှ မတန်မျက်နှာသစ်လို့- အညစ်ခံ-ဝက်ခြံမှည့်လို့- မဲတတ်တယ်။ သနပ်ခါးကျောက်ပြားပေါ်တွင် သောက်ရေနှင့်၊ ရောသွေးလာလျှင် နံ့သာ အပေါ်ကဲ့တတ်တယ်။ မိုးချုပ်ကယ်မှနေဝင်၊ စားဖိုထဲအမဲကင်၊ စုန်း

www.burmeseclassic.com

www.burmeseclassic.com



မှင် နတ်တို့ ရဲတတ်တယ်။ ပန်းနီနီမပန်လေနှင့် အမယ်မှာ နတ်ပန်းပွင့်တဲ့- အတင့်ငယ်မှ ရဲချင်- ပျော်လိုအားနှင့် ခေါင်းဖျားတင်- အရင်လူနှင့်လွဲတတ်တယ်။

မိဘတိုးဘွား၊ ဆိုစကားကို၊ နာမျှမဝင်၊ ထိမထင်ဘဲ၊ ကြို့ပင်ကြီးမြောက်၊ ပိတောက်ပင်တောင်၊ ညောင်ပင်ကြီးရင်း၊ ကောက်စိုက်ကယ်ပြန်၊ ထိမ်ကန်တွင်းမှာ၊ လာရင်းမျက်မြင်၊ နေမလုန်းတဲ့၊ ပန်းလွင်လွင်ကို၊ ရွှင်လိုမြူးလို၊ ကစားလို၍၊ ဝါဆိုဦးကပန်ဘူးတယ်။ အမယ်မင်းဖြစ်ရလေခြင်း၊ ယင်းမာရယ်ပေါ်၊ တော်သလင်းနှင့်၊ မိုးတွင်းဝါဝင်၊ ဟိုဆောင်းဦးသို့၊ မကူးခင်က၊ အရင်လူနှင့် ကွဲရတယ်ရှင်၊ အပျိုစင် ငယ်ကကျွမ်းပါတဲ့၊ လွမ်းတုံ့တင်လေး။

(၂) သူငယ်ချင်း ငယ်ကောင်းဟောင်းမသို့ရှင့်။ ။မိကိုလွမ်းလဲ၊ သောက်တော်ရေချမ်း စားတော်ကွမ်း နှင့် သွန်းတဲ့ ညောင်ရေ၊ ပန်းသပြေနှင့် ပြေဘူးငယ့်ရှင်။ ဘကိုလွမ်းလဲ သောက်တော်ရေချမ်း၊ စားတော်ကွမ်း နှင့်၊ သွန်းတဲ့ ညောင်ရေ၊ ပန်းသပြေနှင့်ပြေဘူးငယ့်ရှင်။မောင်ကလေးမောင့်ကိုလွမ်းတော့၊ သောက်တော်ရေချမ်း၊ စားတော်ကွမ်းနှင့်၊ သွန်းတဲ့ညောင်ရေ၊ ပန်းသပြေနှင့် မပြေပါလို၊ သောက်တော်ရေအိုး၊ ဂွမ်းထိုး ကောင်နှယ် အပျိုဖြူ ငယ်နှမမှာလ ကြုံရတယ်ရှင်။ ။



## နန်းတွင်းမိညို
## ( ၇၇၅-ခုနှ ၈၂၅-ခုနှ )

မိညိုသည်ရခိုင်သူအမျိုးသမီး စာဆိုတော် တဦးဖြစ်သည်။ အင်းဝမြို့ကြီးပျက်စီးယိုယွင်းပြီးသည့်နောက်မှ ပေါ်ပေါက်ထွန်းကားလာခဲ့ သူဖြစ် လေသည်။ သက္ကရာဇ် ၈၁၃-ခုနှစ်တွင် အင်းဝရွှေနန်းကိုသိမ်းမြန်းစိုးစံတော်မူသော 'နရပတိ'ဘွဲ့ခံ၊ 'စစ်ကိုင်းစည်သူကျော်ထင်'မင်းလက်ထက်တွင် အင်းဝသူမိဖြူနှင့် အပြိုင်စာဆိုခဲ့သူဖြစ်ပေသည်။ယနေ့လူသစ်တို့၏နှုတ်ဖျားဝယ် တရွရွဝဲလျက်ရှိနေသော 'တောင်တွင်မြင်းမိုရ်' 'စည်တွင်ပဟိုရ်' 'နန်းတွင်မိညို' အစဖြာသော ကိုယ်ရည်သွေးရတုပိုဒ်စုံကို နန်းတွင်းမိညိုဖွဲ့ဆိုခဲ့လေသည်။

### ရခိုင်သူမိညိုဆိုကိုယ်ရည်သွေးရတုပိုဒ်စုံ

(၁) **တောင်တွင်မြင်းမိုရ်။** ။ကျွန်ုပ်ဆိုသား၊ ရေညိုရစ်သန်းရံလျက်ဝန်း၍၊လေးကျွန်းအလယ်၊ လေးသွယ်ခြည်ရောင်၊ တပြောင်ပြောင်လျှင်၊ ဘုန်းခေါင်အထွတ်၊ သုံးလူ့နတ်တို့၊ မချွတ်မေတ္တာ၊ ဘိမ္မွ ကို၊ မှန်စွာအခေါင်၊ ကြွားလွှမ်း ဆောင် သည်။ **။တောင် တွင် မြင်း မိုရ် သာ တကား။**

(၂) စည်တွင်ပဟိုရ်။ ။ကျွန်ုပ်ဆိုသား၊ခါကိုသိစေ၊ရှစ်ကြိမ်နေဖြင့်၊ ချက်ရေမရွေ့၊ တီးခလေ့ကား၊ ညဉ့်နေ့နာရီ၊ ခြောက်ဆယ်စီလျှင်၊ ချက်ချီလှည့်ကျူး၊ညဦးသန်ကောင်တောက်ခရောင် မိုးသောက်၊ မွန်းတည့်ပေါက်က၊

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းမြောက်ရွှင်လန်း၊ လူရယာန်းတို့၊ ထက်ဝန်းဖွေးမြင်၊ သိစိရင်သည်။ ။စည်တွင်ပဟိုရ်သာတကား။

(၃) နန်းတွင်းမိညို။ ။ကျွန်ုပ်ဆိုသား၊မှောင်ကိုပယ်လင်း၊ ဆီးမီးဝင်းသို့၊ သီတင်းငါးမည်၊ သီလတည်လျက်၊လှရည်ညက်လေး၊ ပြေးရှုမဆို၊ သူ့ကိုနှိပ်စက်၊မာန်မထွက်တည့်၊ ဝှန်တက်ပညာ၊ လင်္ကာရတု၊ ဆိုမှုရွှရွှ၊ ကြားကစိတ်ဝမ်း၊ သူ့နားချမ်းလိမ့်၊ စွဲလမ်းထိုတွင်၊ တောင် နှယ် ထင်သည်။ ။နန်းတွင်းမိညိုသာတကား။ ။

## ၇။ နန်းတွင်းမိဖြူ
## (၇၇၅-ခန့်၊ ၉၂၅-ခန့်)

'မိဖြူ'သည် အင်းဝသူအမျိုးသမီး စာဆိုတော်တဦး ဖြစ်ပေသည်၊ သက္ကရာဇ် ၉၁၃-ခုနှစ်တွင် 'အင်းဝရွှေနန်း'ကို သိမ်းမြန်းစိုးစံတော်မူသော 'နရပတိ'ဘွဲ့ခံ၊ 'စစ်ကိုင်းစည်သူ ကျော်ထင်' မင်းလက်ထက်တွင်၊ရခိုင်သူ'မိညို'နှင့် စာပြိုင်ဘက်ဖြစ်ခဲ့လေသည်၊ 'ကျွန်းတွင်ဇမ္ဗူ' 'ပန်းတွင်မဥ္ဇူ' 'နန်းတွင်မိဖြူ' အစချီသော ကိုယ်ရည်သွေး 'ရတုပိုဒ်စုံ'ကိုရေး၍ နာမည်သတင်း ကျော်စောခြင်းရရှိခဲ့သူဖြစ်ပေသည်။

နန်းတွင်းသူမိဖြူဆို ကိုယ်ရည်သွေးရတုပိုဒ်စုံ

(၁) ကျွန်းတွင်ဇမ္ဗူ။ ။ကျွန်ုပ်ဟူသား၊ သောင်း ယူဇနာ၊ အောင်မြေချာ၌၊ မဟာဗောဓိ၊ တုမရှိသည်၊ သီရိမြူတော၊ သုံးဥာဏ်ထွေဖြင့်၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာက၊ စသည်မန္တာတ်၊ စက္ကဝတ်တို့မချွတ်ကြန်၊ ဖြစ်မြဲမှန်သား၊ တူရှု၊ ကူးသောသူလည်း၊ရှေးရှုလေရာ၊တို့ကျွန်းသာလျှင်၊ ဆိပ်ညာ ဖြောင့်တန်း၊ မကောက် ယွန်းသည်။ ။ ကျွန်းတွင်ဇမ္ဗူ့သာတကား။



(၂) ပန်းတွင်မဥ္ဇူ။ ။ကျွန်ုပ်ဟူသား၊လှိုင်ကြူနံ့သာ၊ဂန္ဓမာပု၊ တောင်သာထိပ်ပြင်၊ လိုဏ်မျက်ရှင်၌၊ ရာစင်အချင့်၊ ဖြူးဖြူးမြင့်သည်၊ မြနှင့်နှိုင်းအင်၊ ထိုသစ်ပင်ကို၊မြင်လျှင်မချွတ်၊ အာရုံမှတ်၍၊ မပြတ်လူပင်၊ ဖန်စီရင်သို့၊ မြေပြင်ကျယ်ဝန်း၊ ညွှတ်၍ ရှိန်းသည်။ ။ပန်းတွင် မဥ္ဇူ့သာတကား။

(၃) နန်းတွင်မိဖြူ။ ။ကျွန်ုပ်ဟူသား၊ ကြီးထူပညာ၊ ဥစ္စာရည်သွား၊ မျိုးမည်အားနှင့်၊ သားလည်းစုံအင်၊ ကြွယ်တို့ထင်လျက်၊ မြင့်မြင့်သမျှ၊ သိပ္ပခေါင်ထွတ်၊ တတ်ပါစေ့ချည်း၊ ဖွဲ့နည်းကဗျာ၊ လင်္ကာရတု၊ ဆိုမှုရွှရွှ၊ ကြားကပြေပြစ်၊ ကညစ်ငုံချုန်း၊ရေးသူပန်းလိမ့်၊ ရွှေနန်းစံတင်၊ ဖက်မမြင်သည်။ ။နန်းတွင်းမိဖြူ့သာတကား။

## ၈။ ပဲခူးမိဖိုရား
## (၉၃၀-ခန့်)

သက္ကရာဇ် ၉၄၃-ခုနှစ်တွင် စာဆိုတော် ပဲခူးမိဖုရား၏ သတင်းရနံ့သည် သင်းပျံ့ပေါ်ပေါက်ခဲ့ပါသည်။ စာဆို ဝါသနာသည် အယုတ်အလတ်အမြတ်မရွေး၊ ဆင်းရဲချမ်းသာမရွေး၊ အငွေ့နှင့်ဦးနှောက်မှ အမြစ်တွယ်လျှောက်ပြီး၊ ကြီးပွား စည်ပင်လာတတ်စမြဲဖြစ်ပေသည်။ စာဆိုတော် ပဲခူးမိဖုရားသည် မြန်မာ ဥဇ



www.burmeseclassic.com

www.burmeseclassic.com



ဝင်တွင် ထင်ရှားကျော်စောလှသော ဘုရင်တပင်ရွှေထီး၏ သမီးတော်ဖြစ်လေသည်။ နောင်တွင် ငါးဆူဒါယကာဘုရင်၏မိဖုရားခေါင်ကြီးဖြစ်၍ သားတော် သမီးတော် ခုနစ်ယောက်တို့၏ မယ်တော်ပင်ဖြစ်ငြားသော်လည်း၊ ထီးနန်းစည်းစိမ်တွင်သာ မြိန်ရှက်နစ်မျောနေခြင်းမရှိ။ပေပေါ်တွင် ကညစ်တင်လိုသော ကလောင်ရှင်တို့သဘာဝကို သက်သေပြထားခဲ့သူဖြစ်ပေသည်။

ယိုးဒယား စစ်မြေပြင်တွင် ကာလရှည်ကြာ၊ ဇွဲကြီးစွာနှင့် ရဲမက်ဗိုလ်ပါတို့နာဖျားမကျန်း ပင်ပန်းနွမ်းရိရှိသည့်တိုင်အောင် မရမနေလုပ်ကြံ တိုက်ခိုက်နေသော မောင်တော် ငါးဆူဒါယကာမင်းထံသို့ 'လေးဖြာခြည်ရောင်' 'ရွှေးခါပြည်ထောင်' 'မြေးခွါလည်ရှောင်' အစဖြာသောရတုပိုဒ်စုံကို ရေးသားပြီး၊ စေလွှတ်ဆက်သ၊ ဖျောင်းဖျ ခေါ်ယူတော်မူခဲ့ ဘူးလေသည်။ ပဲခူးမိဖုရားကြီးသည် ဘဝတသက်တာအတွင်းတွင် ဒုက္ခသုခအဖုံဖုံကိုအတော်များများကလေး တွေ့ကြုံခံစား ခဲ့ရပေသည်။ နောက်ဆုံးတွင် နန်းကျမိဖုရားကြီးဘဝ၌ ကံကုန်ခဲ့ရရှာပေသည်။

### ပဲခူးမိဖိုရားဆို ရတုပိုဒ်စုံ

(၁) **လေးဖြာခြည်ရောင်။** ။တောင်၏ ထိပ်ဖွဲ့၊ ရွှေတိမြေထက်၊ ဝေဇယန္တာ၊ သာယာတုလွှတ်၊ ဘုံပြာသာဒ်နှင့်၊ သုဒဿန၊ သိင်္ဂရုံလည်၊ သိကြားပြည်၌၊ ရုံတည်ဦးစွန်း၊ ရွှေ့ဖျမြာက်ယွန်းတွင်၊ ထူးဆန်းခြယ်ဆင့်၊ လွန်၍ တင့်သား၊ အပွင့်ပတ္တမြား၊ မြကား အရွက်၊ အခက်ရွှေစင်၊ ကသစ်ပင်ဝယ်၊ ပလ္လင်ကျောက်ဖျာ၊ ကမ္ဗလာထက်၊ မြင့်ကြာခုအောင်၊ မခနရှောင်၍၊ ကြံဆောင် ဖန်ဆင်း၊



တင်း-မတင်းကို၊ နတ်မင်းသတိ၊ မပြုမိတည့်၊ ခုပြီးနှိုးဆော်၊တောင်းပန်သော်လျှင်၊ ကြည့်တော်မူကာ၊မနေရာသည်။ ။ဖန်ပါကောင်းလှပြီတကား။

(၂) **ရွှေးခါပြည်ထောင်။** ။ဒွတ္တပေါင်လျှင်၊အတောင်ဂဠုန်၊ အဟုန်ပြင်းရှိန်၊ ဝရဇိန်ဖြင့်၊ အချိန်တန်လျက်၊ ခွန်မဆက်သော်၊ ရင်ထက်သံပြား၊ ကာ၍ထားလည်း၊ လွှားလွှားချင်းဖေါက်၊ ထိပ်သွေးသောက်လိမ့်၊ ရှုံ့ကြောက်ကုန်အောင်၊ ပြည်ထောင်ရှိတိုင်း၊ မြိုင်ခိုင်းတံ့တံ့၊ မကြံ့ခံ့တည့်၊အလွှံ့ကြေညာ၊ဖူးရောက်လှာသို့၊သိင်္ဂါရောင်ဝှန်၊ နန်းဗိမာန်ကို၊ အပြန်မိန့်တော်၊ မြွက်ဖေါ်စေကြောင်း၊ ပန်မတောင်းလည်း၊ မျိုးဟောင်းနှင်နှင်၊ ငယ်ကကြင်သည်၊ သခင်ပီပီ၊ မြကွန်းဆီသို့၊ နွေမှီသဘင်၊ ရောက်လှာကျင်၍၊ သို့စဉ်ပန်ကာ၊မနေရာသည်။ ။မှန်ပါကောင်းလှပြီတကား။

(၃) **မြေးခွာလည်ရှောင်။** ။ဘုန်းစက်ရောင်ဖြင့်၊ ထိပ်ခေါင်ဗွေထက်၊ သံမှိုနှက်သို့၊ နောက်ဆက်ရန်မြစ်၊ မဖြစ်လျှင်းအောင်၊ တိုင်းပြည်ထောင်ကို၊ ကုန်အောင်ရှုံ့ကြောင်း၊ ဖျက်သည့်နှောင်းတွင်၊ အလောင်းစည်သူ၊ လှည့်သောတူလျှင်၊ ထိန့်ဆူဝှန်းချုပ်၊ တရုပ်ပြည်ပါး၊ မြေးသွားရာရာ၊ နှံ့အောင်ရှာ၍၊ ဖြာဖြာလုံးစုံ၊ ချက်တိုင်း ကုံကာ၊ ရိပ်မြုံပျော်ဖက်၊ ကိုယ်နှင့်သက်ကို၊ မြဲချက်ပြီးတိုင်၊ မစိုးပိုင်တည့်၊ နေထိုင်အောင်ချာ၊ နန်းပွင့်ရာသို့၊ ပြန်ပါလွှယ်အောင်၊ နတ်ဉာဏ်ရောင်ဖြင့်၊ အခေါင်ထက်ချာ၊

www.burmeseclassic.com

www.burmeseclassic.com



လောကနာကို၊ ဖန်ပါတပြီး၊ လတိကူးပြောင်း၊ ဆင့်လောင်းထပ်ကာ၊ မနေရာသည်။ ။ပြန်ပါကောင်းလှပြီတကား။ ။

## ၂။ ပဲခူးမိဖုရားဆိုရတု

(၁) တောင်မြင်းမိုရ်လျှင်။ ။ရှောင်ကိုလေးမည်၊ မတ်မတ်တည်သို့၊ ဆက်ရှည်သံသာ၊ ဖြစ်များစွာက၊ ကြမ္မာ နှိုးဆော်၊ ကံကိုမျှော်၍၊ မယ်တော်ဘမင်း၊သားချင်းအစ်မ၊ ထိန်းယဖန်ဖန်၊ ဆံတတန်မျှ၊ မစွန်ပြစ်ခြည်၊ နေလှည့်သည်ကို၊ ကြည်ကြည်ညိုညို၊ ကိုယ်ကိုနှိမ့်ချ၊ တခခနှင့်၊ ကျိုင်းမြရှင်သား၊ သနားပါမည်၊ မှတ်တည်ချေမိ၊ ယခုပြီမှ၊ မေးမိတူစစ်၊ နောင်မြနှစ်လျှင်၊ မချစ်မခင်၊ မကြင်စလောက်၊ စိတ်တော်ဖောက်၍။ ။အကောက်ကြံမည်ထင်တော့သည်။

(၂) ရှောင်ဆင်းကိုယ်ပြင်။ ။ရဲရုပ်သွင်ဖြင့်၊အင်ခွင်မျိုးမည်၊ ညီညွတ်သည်နှင့်၊ ကျင့်ရည်သော်မူ၊ မတူလျှင်ပဲ၊ လွန်ကဲသူ့ထက်၊ အသက်လုံးခြုံ၊ စုပုံမတာတ်၊ လေးမြတ်သဖြင့်၊ တော်ယောင်ကျင့်ရှင့်၊ မယ်နှင့်ခွါ၍၊ သူနှင့်တွေ့မူ၊သူမျှော်မှာလည်း၊ သည့်နှယ်ချည်းတိ၊ ရည်းရှတတ်ဆန်း၊ တန်းတန်းမဖြောင့်၊ သို့သော်ကြောင့်လျှင်၊ စိုးနှောင့်လောင်ဆာ၊ နေလှည့်ရာကို၊ အာကာပဇ္ဇုန်၊ မြူးခုန်ဖြိုးမောက်၊ လွှမ်းဟန်လျှောက်၍။ ။တလျှောက်လျှ တည်ဆင်တော့သည်။



(၃) နောင်မင်းညိုစင်။ ။မည်သူသင်၍၊ သို့စင်လှည့်ပတ်၊ မတတ်စကောင်း၊ဖြားယောင်းပျူဟာ၊မာယာပရိယာယ်အကယ်ကယ်သို့၊ ယုံဘွယ်လိလိ၊ ကျင့်တတ်ဘိစွ၊ သူသိသူမြင်၊ မဖြစ်ခင်က၊ ကျွမ်းဝင်မင်းကျော်၊ ဓ ႏ ၁င်လေသော်မူ၊ သူတော်နှမ၊ သံဝေ-ရ၍၊ လောကဓမ္မာ၊ကံ-ယိုးသာ၏၊ သစ္စာဝမ်းဝယ်၊ အပြည့်လွယ်လျက်၊ သည့်နှယ်သသူ၊ မတော်လူကို၊ ဇမ္ဗူတခန်း၊ ကိုးထောင်ဝန်းတွင်၊ နှန်းနှန်းစံထား၊ ရှာသော်ရှား၏၊ တရားတော်လျှောက်၊ ရှေ့မူဖျောက်၍။ ။မဘောက်ကံ့တည် ချင်တော့သည်။

## ၃။ ပဲခူးမိဖုရားဆိုရတု

(၁) ညိုညိုစင်လျှင်။ ။အပြင်ရဲရုပ်၊ အခေါင်ချုပ်သား၊ရှည်ခုပ်ခုံမင်၊ ထားခွင်လေးပွဲ၊ မြို့ခက်ခဲလည်း၊ ဘွက်ရှဲစလှုံ့ပွဲသာရ၍၊ သည်ပတုံပေ၊ ဇာတိနေသား၊ သန္ဓေယူထိုက်၊ ဆယ်လပိုက်မှ၊ မိဘချင်းချင်း၊သက်ရာနှင်း၍၊ဆောင်နှင်းအံ့ခပ၊ ယွင်း-မသေ့ဟု၊ နှုတ်ရွှေတော်ခွန်း၊ ဝမ်းတီးမှန်းလည်း၊ မြရှန်းကျိုင်းဆံ၊ ရဲလှစံကို၊ ဦးဆံရှင်းရှင်း၊ မယ်မနှင်းတည်း၊ မင်းတို့ကျမ်းကို၊ ကျိန်ရှက်ဆိုမှ၊ တကိုယ်တူနေ၊ ကျွမ်းမိပေရှင့်၊ မြူတေရန်နင်း၊ မျိုးမျှားမင်းက၊ ယွင်းလသည်သွင်၊ယွင်းသည်အင်နှင့်၊ကိုယ်ပင်ကျင့်လော၊ လွန်နှမြောစွ၊ ရဲစောဘုန်းခိုင်း၊ ဆန်းခေါင်တိုင်ကို။ ။မပိုင်ပဲပင် မှုံးတော့သည်။

(၂) ကိုယ်ကိုပင်လျှင်။ ။နားတွင်စေ့စေ့၊ လျှောက်စလှေ့ထား၊ မျိုးစေ့ဆွေညီ၊ နှုတ်ချင်းပြီ၍၊ စဉ်စီဘိုးဘွား၊

www.burmeseclassic.com



ရည်မှတ်ထားရှင့်၊ မသနားသော်၊ ကံမပေါ်လည်း၊ မတော်လတုံ၊ ထင်မိယုံလျက်၊ ခုံသက်သေရ၊ ငြင်းသမျှကိုးကျိုင်း မြရွှယ်လူး၊ မပန်ဘူးတည်း၊ နတ်မူးအလုံး၊ တောတောင်ကျုံး၍၊ သိမ်းရုံးဖန်ဖန်၊ ကျိန်မျိုးလွန်မှ၊ မင်းမွန်မင်းထံ၊ အသက်နှံ့ရှင့်၊ နှစ်ကြံဘောက်လှဲ၊ နောင်မြဲကား၊ ငရဲဌာန၊ အပါယ်ကျလိမ့်၊ သီလဆောက်တည်၊ မယ့်ကျင့်ရည်မူ၊ ရောင်ခြည်လျှံဝင်း၊ ဗောဓိရင်းနှိုက်၊ လင်းလင်းရောင်ဝှန်၊ ရောင်တော်ပြန်ဝယ်၊ နိဗ္ဗာန်သခင်၊ အရှင်စတော၊ ခါတ်ပေါင်းမွေကို၊ ရုံးစေရဲရဲ၊ အံ့အဲမနိုင်၊ ထွန်းရောင်ပြိုင်သည်။ ။အစိုင်ခဲလျှင် လုံးတော့သည်။

(၃) ဆိုဆိုချင်လျှင်။ ။ယဉ်ရှင်မုဒ္ဒ၊ ကျယ်ဝန်းလှသို့၊ နှုတ်ကစေ့ရေ၊ ဆိုရှာချေသော်၊ မရေတွက်နိုင်၊ စောဘုန်းခိုင်လျှင်၊ ရွှေစိုင်ထွတ်ခေါင်၊ မြင်းမိုရ်တောင်ကို၊ ရွက်ဆောင်လျက်ပင်၊ ကျိန်လှည့်ချင်လည်း၊ ချစ်ခင်ပေါ်သာ၊ ပျူပှာ ဆမ်းလမ်း၊ စိတ်ဝမ်းမတည်၊ တော်မည်ခြင်းရာ၊ ဆံလွှာ မုန်ညင်း၊ မယုံလျှင်းတည်း၊ သက်နှင်းငယ်က၊ ကျိုင်းမြမယ်ကို၊ ဆိုသည်သစ္စာ၊ မြစ္စာမမှန်၊ ယွင်းပြန်လေသေး၊ တော်မည်ဝေး၏၊ စက်ကွေးရှည်စုံ၊ သက်လုံးပုံ၍၊ နှံ့တုံစိုးပိုင်၊ နောင်ဘုန်းခိုင်သည်။ ။အနိုင်စွဲချင်ပြုံးတော့သည်။

၄။ ပဲခူးမိဖုရားဆိုရတု

(၁) ထားအရာစင်။ ။တောင်ရာဆင့်လျှံ၊ ပတ်ကုံးရံလျက်၊ နန်းထံလှည့်ဝန်း၊ စောင့်သိန်းသန်းနှင့်၊ ကာရန်အမြောက်၊



မီးပေါက်လွှားပုံ၊ ရန်ဘေးခြုံတိ၊ စောင့်တုံလှည့်ရှက်၊ ခဲစွာခက်လည်း၊ စွန့်ရက်အံ့သည်၊ ကြိုးတော့မည်ဟု၊ ယုံကြည် စလောက်၊ ကျိန်တွယ် လျှောက်မှ၊ ချစ်ဘောက်ထွေလာ၊ မရှိရာတည်း၊ မှတ်ပါချေမှား၊ ဆင်းမြလားလျှင်၊ ထွေပြားလိမ်းကျံ၊ နှုတ်ပေါ်လျှံနှင့်၊ ရဲစံရှင်သွား၊ ဖွတ်လျှားစါး၍၊ တရားမလျော်၊ စိတ်လျှပ်ပေါ်သည်။ ။မတော်သူ့ဝိန်လေးလိမ့်မည်။

(၂) ကြားလကာလျှင်။ ။ထွေလာဆန်းပြား၊ ကျင်သည်များကို၊ နားမနာချင်၊ လွှဲရှောင်ဖင်လျက်၊ ကြင်မည်ကြောက်ရွံ့၊ မဆန့်ပြန်လျှင်း၊ ယွင်းတုံယွင်းဖွဲ့၊ ကြင်ခြင်းမဲ့ထွေ၊ သွေခြင်းသွေ၍၊ မြခွေစဝှက်၊ နေပြီးလျက်ကို၊ ကျိန်ရွက်သစ္စာ၊ ထပ်ကာကာလျှင်၊ မေတ္တာ မြဲချည်၊ ထားတော့မည်ဟု၊ လှည့်လည်ထွေသာ၊ နှုတ်ပျူပှာနှင့်၊ မာယာလှည့်ပတ်၊ လှည့်စတတ်သည်၊ လျှောချတ်လေလှ၊ မှားလေစွဟု၊ စိတ်ကရုံးပေါင်း၊ သာချောင်းလျှောင်း၍၊ ထဲချောင်းထွေလည်၊ ကြင်မိသည်လျှင်၊ ရှောင်သည်လေဟန်၊ မရောက်တန်သည်။ ။နိဗ္ဗာန်ရွှေပြည်ဝေးလိမ့်မည်။

(၃) နားမနာချင်။ ။သွေရှောင်ဖင်၍၊ သွေးငင်လေသွင်း၊ ကိုယ်သတင်းကို၊ ခန်းတွင်းတောင်ညာ၊ ဝန်းရံကာလျက်၊ စက်သာရိပ်မြုံ၊ လှအပုံနှင့်၊ နေတုံလှည့်ရာ၊ ကြာခေါ်လျှင်၊ သစ္စာယွင်းနှောင့်၊ သွေသူကြောင့်ပင်၊ စိတ်ဖြောင့်ဖြေဖျော်၊ နေမပျော်ခဲ့၊ နန်းတော်ရွှေ့ဝယ်၊ ထွန်းသဖွယ်သား၊ ခြောက်သွယ်ရောင်ခြည်၊ ဝင်းဝင်းကြည်လျက်၊

www.burmeseclassic.com



ငါးမည်ရုပ်တူ၊ မြတ်ငါးဆူပယ်၊ ချစ်သူမှတ်ပျော်၊ဘုန်းချင်း လျော်၍၊ မျိုးဘော်တမျှ၊ ရဲတေဇနှင့်၊ အင်မရင်းမတ်၊ မှတ်ပေစတင့်၊ မိမင်းသမက်၊ ကြင်သက်ထပ်တူ၊ ပျော်ပိုက်သူနှင့်၊ ဇမ္ဗူကျွန်းချာ၊ ထီးရာများမင်း၊ ထွတ်မှန်ကင်းလျှင်၊ ဆောက်နှင်းကောင်းညွန့်၊ မိန့်တော်ခန့်လျက်၊ ရက်သန့်လျော်စွာ၊ကြံသောခါမှ၊မင်္ဂလာအထွတ်၊ စုလျားပတ်၍၊ မိန့်လွှတ်ရွှေခွန်း၊ ရပ်တကျွန်းသို့၊ ရှင်လန်းဦးတည်၊ စုန်တော့မည်ဟု၊ မုန်းသည်သူနှင့်၊ ဝေးအောင်လွင့်သော် ညီရင်းနောင်မြတ်၊ ဘက်လွှတ်စံချူပ်၊ကျွန်ုပ်ကြင်မှား၊ သနားမိပေ၊ လူယွင်းသွေလျှင်၊ သက်ဝေခန့်နှိုး၊ကြုပ်ပြန်စိုး၍၊ကြံခိုးဝမ်းဝယ်၊ အသွယ်သွယ်ကို၊မလှယ်ရှက်ရွံ့၊ စိတ်ဝေလျှံမျှ၊ ဝေးလံသူ့နား၊ ဝါစာကြားက၊ တရားမမြင်၊ မဆင်ခြင်သည်။ ။ပြစ်တင်ကွေ့လည်တွေးလိမ့်မည်။

၅။ ပဲခူးမိဖုရားဆိုရတု

(၁) သတ္တတေဇာ။ ။အောင်မြေချာနိုက်၊ နရာလူ့ဖျားဘဘုရား၏၊ သည်းကြားရင်းသွေး၊ နန်းထက်မွေးဘည်၊ ကျော်သွေးကြေညာ၊ ဥပရာလျှင်၊ သန်ဝါလတွင်၊ များဖြင့် စစ်ခြေ၊ ဗိုလ်ဖြိုးထွေနှင့်၊ သက်ဝေလွန်း[illegible]င်၊ သားမောင်ပင်ကို၊ တင်တုံရှုမြေ[illegible]၊ စီးဝေါတော်ထက်၊ မြေဖျော်သွားညောင်း၊ လွန်ဖြားယောင်း၍၊ လွမ်းဟောင်းကဲဆ၊ ချီလေကြွသော်၊ ရှုတခေါ်စိုက်၊ မျှော်လိုက်လျှင်ပင်၊ ရှစ်သောင်းရှင်လျှင်၊မရှင်ပျှမ်း၊လွန်စိတ်နူးလည်။ ။နန်းဦးလေသာကတကား။



(၂) မြတ်လှပေစွာ။ ။ရှင်တော်ရာဟု၊ သဒ္ဒါရှိသော၊သုံးလှဆွေကို၊ ချီလေသည်က၊ စောင့်သီလနှင့်၊ နိစ္စမပြတ်၊ ရှစ်သောင်းထွတ်လျှင်၊ စိတ်ပြတ်မညောင်း၊ဆုယူတောင်းလျက်၊ တဓသောင်းမြန်ဘောင်၊ အုပ်စိုး ဆောင်သည်၊ ရန်နောင်-မင်းထုံး၊ ဘ-လက်ရုံးနှင့်၊ ကျွန်းလုံးပိုင်သ၊ တုတ်ခွန်ရ၍၊ တို့ကွသာရှင်၊ သားမောင်ပင်ကို၊ပြန်လျှင်စေသော၊ မြတ်မော်တောဝယ်၊ သဘောကြည်နူး၊တင်ရှိဦးသည်။ ။ဆန်းထူးထွေလာစွတကား။

(၃) ပတ်မျှဖွေရှာ။ ။ဘုံပန်းသာက၊မင်းလျာမွေးဘ၊ချီလေကြွသော်၊ သားလှနောင်မယ်၊ ကြင်မောဘွယ်တိ၊ လည်ဝယ်ရစ်ဆွဲ၊ မပြေပဲလျက်၊ ဖက်လဲတကင်း၊ခေါ်သံညင်းနှင့်၊ မယွင်းနာမှ၊ ကြားလကလျှင်၊ ညွှတ်မျှမရှင်၊ အိမ်ရှေ့ရှင်ကို၊ မယ်ခင်နှမ၊ လွမ်းလိုက်လှ၏၊ ငွာနပေါ်ထွန်း၊ ရွှေဘုံနန်းက၊ စက်ဝန်းနေသွင်၊ ချီစေရင်သော်၊ထက်ခွင်ဒေဝါ၊ နတ်တို့မှာလည်း၊ လျှံဝါရစ်သန်း၊ ဘိသိက်ပန်းဖြင့်၊ကျဲသွန်းရှင်မြူး၊အောင်ဆုကျူးသည်။ ။သွန်းဖြူးဒေဝါမျှတကား။

၆။ ပဲ ခူးမိဖုရားဆိုရတု

သို့မထင်ချေ။ ။ချစ်ပတ်ဖြေ၍၊ မထွေကြော့ ရှန်းစံခေါင်ကျွန်းလျှင်၊ မော်ကွန်းနှုန်းဆို၊ တပိုင်းညီနှင့်၊မရှိသောကျင့်၊ ထိုင်းတည်းသင့်လျက်၊ သူနှင့်ကြင်လွန်၊မကျွန်ဆုတ်ဆိုင်း၊ သွေခွါရှိုင်းခဲ့၊ နေ့တိုင်းစေကျွန်၊ တမန်

www.burmeseclassic.com



လျှောက်လေ့၊ မှာသရွေ့ကို၊ ရှေ့နှင့်နောက်မှာ၊ မနွှန်း သာသည်။ ။ခွေစာတွင်ပင် သိတော့တည်။

(၂) **ခွေစာတွင်နေ။** ။ သိရချေ၏၊ လိမ်ထွေသွေးငင်၊ ဖြစ်ဘွယ်ထင်၍၊ လုလင်မြွတ်ဇထွ၊ တတ်လှပေစွ၊ ရဝေ ဘုံခွင်၊ လိုင်နန်းတွင်နိုက်၊ ဝမ်းလျှင်နည်းရှုပ်၊ ကျွန်ုပ် ခွေမြန်း၊ ကြေ့ရွှန်းမဆင်၊ လျှောက်ကြိုက်တွင်ဝယ်၊ ဝန်းပြင်နန်းနောက်၊ ပုံစောက်ကောင်းမျိုး၊ ပန်းဆိုး အင်္ကျီ၊ ပေါင်းထုပ်နီနှင့်၊ စိတ်ညီတို့လယ်၊ မြလေရွှယ်သို့၊ မယ်လည်းဆင့်ဆင့်၊ ကြွားပါနှင့်၏၊ လွှမ်းခွင့်လျှော့ လျှည်း၊ ကြိုင်ဝမ်းနည်းသည်။ ။**သွယ်ပည်းရှိရှာမိတော့ သည်။**

(၃) **သွယ်ပည်းရှိရာ။** ။ဝမ်းနည်းစွာ၍၊ သစ္စာရောက်မူ၊ မတော်သူတို့၊ တရှူဝမ်းက၊ မျှော်လင့်လှသည်၊ ရှေ့က နှယ်သော်၊ နန်းလယ်ဘုံမြင့်၊ လေသာဖွင့်လျှက်၊ မျှော်လင့် ဘို၏၊ ချုပြီးသော်ကား၊ ခြားပါဇလှ၊ ကြင်စကျွမ်းငွေ့၊ လွှမ်းသရွေ့ကို၊ ဘုန်းဟေ့ထွတ်ထား၊ ရှင်ချစ်များတို့၊ တင်ကြားဆက်ညီ၊ လူလေပြီတည့်၊ ရဋ္ဌသီယံ့စောင်း၊ သွေခွဲပြောင်း၍၊ ရာလောင်းညွှန့်လူ၊ မတော်သူကို၊ ဝမ်းမူကားနည်း၊ သို့လျှင်တည်းဟု၊ ထင်ရည်းလျက်ပင်၊ မဆိုချင်သည်။ ။**ချေတင်လမည် သိတော့သည်။**

## ၇။ ပဲခူးမိဖုရားဆိုရတု

(၁) **သောင်းထိုက်ဇမ္ဗူ။** ။ညွှန့်လူလန်းလန်း၊ သပြေကျွန်း နိုက်၊ လုစ်ထွန်းပြောင်ပြောင်၊ တောဇရောင်ဖြင့်၊ ဆောင်



တော့သည်သာ၊ ဆွေမင်းလျှာလျှင်၊ ဘော်ကွာမြင့်မြ မယ်နှင့်ရှဲ၍၊ မိုးနဲမှသည်၊ ယွန်းပြည်ရန်လုံး၊ အောင်ပြီး ဆုံးမှ၊ လက်ရုံးစက်ပျံ၊ ချစ်သက်နှံသား၊ ကျော်သံကျိုက် ဆူ၊ ဘုန်းချင်းတူသည်၊ ကြင်သူမြနှောင်၊ ကျိုင်းတန် ဆောင်နှင့်၊ ရစ်နှောင်ရှည်ကျုံး၊ ပျော်စံထုံးကို၊ အလုံး ဖြိုးထွေ၊ အောက်မေ့ချေက၊ ရဝေမြရိပ်၊ ရွှေများထိပ် ဝယ်၊ စက်အိပ်မမေ့၊ ပျောင်းခွေညှိုးငယ်၊ မွေ့ရာလယ် ထက်၊ သားမယ်တို့နှင့်၊ မျှော်လင့်တုံတုံ၊ တလုံလဲလဲ၊ ရောက်လှာခဲစွ၊ ဆကဲလွန်ပြင်း၊ မပျော်လျှင်းသည်။ ။ **ဆွေရင်းမျိုးစင်စစ်တကား။**

(၂) **ကေရာဇ်လျှာ။** ။ကေရာလျှင်၊ စကြာခန့်ရည်၊မင်းလျှာ တည်သား၊ ဆွေ့သည်ကြင်ချစ်၊ နှောင်မင်းစစ်နှင့်၊ နွေ သစ်ပြောင်းကြွင်း၊ နှင်းကျဝေဝေ၊ တောင်လေဖြည်း ဖြည်း၊ ရိုက်ကြည်းအုန်းအင်း၊ မိုးမင်းသံထင်၊ ပဇ္ဇုန်လျှင် ၊လည်း၊ ဆင်ယင်တင့်မြ၊ လျှပ်ခြည်ကြဲလျက်၊ နှစ်လွှခါ လုံ၊ သစ်ရတုဝယ်၊ ဖွံ့နုကျိုင်းစင်၊ မယ့်သက်ထင်သည်၊ ပြည်ရှင်သားချစ်၊ မွေရာဇ်တူ၊ ကြင်သူမင်းလှ၊ ချီလေ စက၊ ပျောင်းပျမိန်းမှိုင်၊ လွှမ်းဆွတ်တိုင်စွဲ၊ ကာဆိုင် ရုံသန်း၊ ပန်းလည်းကြိုင်ပျံ့၊ မွေ့ရာညံ့ထက်၊ တူစက်ရှည် ပင်၊ မရှင်ရှုတ၊ မျိုးနှောင်းမြကြောင့်၊ ရက်လပည်းဖျင်း ရွှေရင်မပေါင်း၊ မြင့်ကြာညောင်းသော်၊ ဆောင်းသည်း ကုန်လေ၊ နွေသို့ရောက်လစ်၊ ရတုသစ်ဝယ်၊ မျိုးထစ် သံပြိုင်၊မြရေစိုင်တိ၊ရွှံပြိုင်ထန်ပြင်း၊ပဇ္ဇုန်းမင်းသည်။ ။ **နွေကြွင်းမိုးသင်နှစ်တကား။**

www.burmeseclassic.com



(၃) ရှေးတီးစဉ်လာ။ ။ကျမ်းကပါသား၊ ဂင်္ဂါဇေယော်၊ ပိဂ်လော်ဟု၊ ဥပေါ်သည်ဆင်၊ ဆယ်စီးအင်နှင့်၊ ပုံပြင်တူလှ၊ ပြောင်မုန်ဝထက်၊ တရာ့တမြို့၊ မင်းတို့ဦးစွန်း၊ စိုးရာမှုန်းသည်၊ ကြွင့်နှံးပွင့်လု၊ မယ် သက်စုလျှင်၊ ယခုသာကြည်၊ နန်းရွှေပြည်သို့၊ မွေးသည်တို့ဘ၊ အလှရှယ်နှုံး၊ ပြန်လှယ်ဆုဟု၊ မြတုဝန်းလည်း၊ မြရည်လျှံထွန်း၊ တောင်ခွင်ကျွန်းဝယ်၊ သုံးခန်းလှ ကျော်မြတ်ဇိနော်ကို၊ စံပေါ်နိုယံ၊ ဆယ်မီးခံသို့၊ ရွက်လျှံပွင့်တွေ၊ နွေကဖူးဆင့်၊ ခါချိန်သင့်လည်း၊ ပျံ့လွင့်ကြိုင်ရှား၊ စံကားရွှေဝါ၊ ပန်းကလျာနှင့်၊ မြေတာဝေးထောက်၊ မရောက်လေတတ်၊ သို့လူ့ထွတ်ကို၊ ရှိညွှတ်ကြည်လင်၊ ရည်၍တင်မှ၊ သက်ပင်စုရှုံး၊ တော်ကျင့်သုံး၍၊ ကျွန်းလုံးနှံ့ယူ၊ ရှင်းရှင်းလူသည်၊ ဇမ္ဗူတံခွန်၊ မိုဲ့ပျော်ရန်လျှင်၊ မပြန်ကြာထွေ၊ လွန်ပြီးထွေခဲ့၊ အိမ်နေမယ်နှင့်၊ သားမျက်ပွင့်လည်း၊ မျှော်လင့်သည်သာ၊ မျက်စိရှာစွ၊ ကြေညာဝန်းကျင်၊ တန်ခိုးထင်သား၊ ရှင်ပင်ရုပ်တူ၊ ဖြည့်တော်မူလော့၊ ကြည်ဖြူမယွင်း၊ တင်ဆက်နှင်းသည်။ ။မွေ့ရင်း ရိုးရှင်ချစ်တကား။

ဂ။ ပဲခူးမိဖုရားဆိုရတု

(၁) စိတ်တူကြင်တင်။ ။လွန်ကမြင်က၊ ဘုရင်ရဲကျော်၊ ချီလေလော်မူ၊ ရှည်ဘော်မျိုးရင်း၊ မပျော်လျှင်းခဲ့၊ သောက်လင်းခြည်ရောင်၊ ထွန်းပခြောင်လည်း၊ မျက်တောင်မရှက်၊ မျဉ်းစက်မရှင်၊ မွေ့ရာခွင်ထက်၊ ကောသျှင်ရစ်ပတ်၊ မထုံးတာတ်ခဲ့၊ လွှမ်းဆွတ်ပျောင်းညှို၊ မတ



မတည်၊ ရှိရစ်သည်မူ၊ ဆီးရည်ရွှမ်းစို၊ ပြာသိုကျူးရှဲ၊ တပို့တွဲဝယ်၊ ပေါက်လဲစင်စင်၊ ပန်းစုံမြင်က၊ ရွှေရင်တူကူ မနွဲ့ရတည်း၊ ယောင်းမမောင်တော်၊ မြေပေါ်ထိန်ဆူ၊ ဇမ္ဗူလေးပါး၊ စိုးရာထားသည်၊ ကျိုင်းထွားမြဝါ၊ ဥပရာလျှင်၊ ရောက်ပါနိုးနိုး၊ မြော်ရှုခိုးလျက်၊ ကျွမ်းကြင်ဘက်ကြောင့်၊ ဆောင်းရက်သည်းထန်၊ ဟေမန်ပြောင်းလု၊ ရတုနှစ်မည်၊ မိုးစည်သံအိုင်၊ ကျူးထစ်ဆိုင်က၊ ရေစိုင်မြစက်၊ ဝင်းလျှံပြက်သည်။ ။ဆောင်းရက်မာသ ပြန်ခန့်လော။

(၂) မာသမင်းလှင်။ ။မှိုင်းမှိုင်းဆင်က၊ မရှင်မပျော်၊ ပန်းနွယ်ရော်မျှ၊ တေဇော်ထန်ပြင်း၊ ရန်မာန်ချင်းသည်၊ သောင်းတွင်းအလုံး၊ ပတ်ကုံးညွှတ်ခ၊ မွေးဘမင်းတူ၊ ဇမ္ဗူမြန်ဘောင်၊ မြေကုန်အောင်ကို၊ စိုးဆောင်ထွတ်ချာ၊ စကြာရောက်နီး၊ ဦးရီးတော်ရင်း၊ မိခင်းရင်နှစ်၊ ဘုန်းသစ်တောက်ပြောင်၊ အခေါင်ထွန်းပေါ်၊ ရဲကျော်ရှန်နင်း၊ မျိုးသည်ရင်းကို၊ ရောက်တင်းမြော်ရာ၊ အခါနွေဦး၊ တပေါင်းကျူးက၊ နံ့မြူးကြည်းတောင်၊ လေဆောင်ပျံ့မွှန်း၊ ပန်းလည်းလှိုင်လု၊ ရှိမ်းနုစိမ်းလက်၊ ညွှန့်သစ်ထွက်သည်။ ။ညောင်းရွက်ညှာမြလှုန်ခန့်လော။

(၃) ညောင်းရွက်လှုန်၍။ ။ယုဂန်တိမ်တွင်း၊ ပဇ္ဇုန်မင်းလျှင်၊ ထန်ပြင်းစက်ခြည်၊ မြူးကွန့်လည်က၊ မတည်ရှာ၊ မွေ့ရာမ-ထက်၊ မွေးဘညိုစင်၊ ပြန်လျှင်စေသား ကိုယ်တော်စားဟု၊ ပျံ့ရှားမွှေးကြူ၊ မဉ္ဇူကြိုင်ပွင့်၊ ငြိမ်းလှင့်

ကို၊ လှတင့်ရုံသာ၊ သင်းမြူတာနှင့်၊ ကြေညာပေါက်ပြ၊ ရှင်လှရှင်ဖြူ၊ မြတ်နှစ်ဆူကို၊ ဆုယူကြည့်စွာ၊ လွန်သဒ္ဒါ၍၊ စကြာရောက်မည်၊ လေးကျွန်းသည်လည်း၊ ဆွေသည်မယ်နှင့်၊ ကျွမ်းကြတင့်၏၊ ယခင့်ရှေးခါ၊ ဂင်္ဂါဇေယျ၊ တမ္ဗဥပေါ်၊ ပိဂ်လော်ဟု၊ နိုင်းလျော်တုလောက်၊ ပြောင်မှန်သောက်နှင့်၊ ချင်းဖေါက်ရန်စ၊ နွဲခွဲမှုလျှင်၊ ဒီပကြင့်နှံ၊ ဟံသာနန်းသို့၊ ရေသွန်းဆောင်ယူ၊ ညို သူ မယ်ဘက်၊ နော်ဘုန်း တက် သည်။ ။တောင်း ဘက် ကာလလွန်ခန့်လော။

## ၉။ ပဲခူးမိဖုရားဆို ရတု

(၁) **ဒီပတခွင်း။** ။ဇမ္ဗူမင်းလျှင်၊ သတင်းဝှန်ဝါ၊ ထီးစကြာနှင့်၊ လယ်ယာဇမ္ဗူ၊ စိုးစိမ့်ဟူသည်၊ နှစ်ယူမချ၊ မောင့်ကိုသာတည်း၊ ပြင်လျာရည်သွေး၊ မောင်ထွေးနှမ၊ ဆံခြမ်းမျှလျှင်၊ ဝမ်းကစိတ်ပြတ်၊ မမှတ်သူ့မှာ၊ မထွေလာသည်။ ။**ရွှေကြာပန်းသို့ မညှတ်ဘူး။**

(၂) **ညီမသားချင်း။** ။အစ်မရင်းနှင့်၊ မကင်းခြွေရွေ၊ မျိုးဆွေမိဘ၊ ထိန်းယဖျက်ရာ၊ မနာစပဲ၊ သစ္စာစွဲ၍၊ ရွှေခဲကျိုင်းညို၊ ရှယ်ပျိုသန်းစွမ်း၊ မူထမ်းရဲရိုး၊ ဘေးဘိုးကျော်ထင်၊ မတ်လုလင်ကြောင့်၊ မိခင်နားအပ်၊ ဆုံးမကပ်လည်း၊ မြိတ်ချပ်ထိပ်ပြင်၊ ဆံကေသျှင်ကို။ ။**လက်သင့်ပင့်ရုံမတတ်ဘူး။**

(၃) **သီလသတင်း။** ။ဆယ်နှစ်တွင်းက၊ မကင်းစုလည်း၊ ရှယ်ရှိချည်းတိ၊ သိပ်သည်းလေးနက်၊ မမြွက်ရိပ်ခြည်၊



မတည်လှည့်နား၊ ဘဝါးဖြန့်ချီး၊ လက်တီးကြမ်းပြင်၊ ဆင်ဝင်အိမ်ဦး၊ ရွှေ့ဘူးမဲ့ပါ၊ မောင့်ကိုသာလျှင်၊ မေတ္တာစိုးရ၊ မိဘမရန်၊ ကြိုက်မိဝန်ကြောင့်၊ ပူပန်နေ့တိုင်း၊ ရှိမှိုင်းမိုးချုပ်၊ ရုံကိုယ်လုပ်နှင့်။ ။**ကျွန်ုပ်ပြစ်တင်မလွှတ်ဘူး။**

## ၁၀။ ပဲခူးမိဖုရားဆို ရတု

(၁) **ဘက်တုစံ၍။** ။သောင်းထံမြင့်နန်း၊ ဘိသိက် သွန်းသား၊ ဆက်မှန်းခွန်သ၊ ရန်မျိုးခသည်၊ သက်မျှရှယ်တူ၊ ဘုန်းလူညွန့်ဝေ၊ ချီရလေသော်၊ ရစ်ခွေညှိုးသမ်း၊ အိမ်သာဝှမ်းဝယ်၊ ငယ်ကျွမ်းပြင်ပ၊ မသိရတည်း၊ မြဲလှဝှက်ခွေ၊ ဖျော်ဖြည့်ဖြေလျက်၊ စုံခြေသလျှောက်၊ လဲနှင့်ပေါက်လည်း၊ ခိုင်မြောက်သွယ်ညွတ်၊ စွေးစွေးစွတ်မျှ၊ ခါမှတ်သဘင်၊ ရတုရင်က၊ စီးဆင်နေငြမ်း၊ ရွှက်ရင့်ရွှမ်းသည်။ ။**အလွှမ်းရန်တေးသည်ကိုလည်း။**

(၂) **သက်စုန့်၍။** ။မင်းစံရည်တူ၊ ဇမ္ဗူပြောင်ထိတ်၊ သိင်္ဂနိတ်ကို၊ နတ်ပိဿုကာ၊ ပညာကြီးမှူ၊ ပုံပြင်ထံသို့၊ လွှတ်တုဘက်ရှောင်၊ သားလှမောင်နှင့်၊ ပြေအောင်ချုပ်လည်း၊ ညှိုးရုပ်မိန်းမှိုင်၊ သူမပြိုင်တည်း၊ တိမ်ဆိုင်ပတ်စက်၊ မြူတဝက်ပယ်၊ မြခက်နွယ်လှ၊ မြသစ်စကို၊ ယုယရွှေးသိ၊ ဆင်မိစေချင်၊ တ-စဉ်တွင်နှိုက်၊ ရှိုင်းခွင်ရှမ်းဘောင်၊ မှန်သောက်ပြောင်နှင့်၊ တိုက်ရှောင်မရှ ၊ မယ်သက်နှံမှ၊ မင်းစံသိင်္ဂါ၊ ရတနာနန်းတည်၊ ပြည်တော့မည်ဟု၊ ကျော်သည်ပတ်လှ ၊ မယ့်နားပျံ့သော်၊ မျှော်ငံ့ရှုဖြိုး၊ ရောက် နိုး နိုး တည့်၊ လွှမ်းမျိုးပွါးစည်၊ နေလှည့်သည်ကို၊ တွင်မည်သော်တာ

www.burmeseclassic.com



သူရိယာလျှင်၊လက်ယာကျူရှည်၊ဆီးရည်ကျရှမ်း၊လေချိုဆမ်း၍။ ။အချမ်းထန်တော့သည်ကိုလည်း။

(၃) ရွက်နုရုံ၍။ ။မင်းစံရွှေခဲ၊ ခဝဲပွင့်ဖူး၊ ဆောင်းဦးကုန်ကျွန်း၊ ညဥ့်ခန်းသောက်ရှည်၊ ပွားစည်နာရီ၊ ရာသီနတ်လ၊ ချီခဲ့ကြသော်၊ ဌာနရပ်ရာ၊ ရှုချေပါလည်း၊ တပ်တာ တဲတိုင်း၊ ရိမှိုင်း ဆီးထန်၊ အချမ်း သန်မျှ၊ အော်ကျွန်ကွာလပ်၊ ကြာနေလှပ်သို့၊ ကျည်းဖွပ်ပြေညှို့၊ ကြိုင်နံ့လွှမ်းချို၊ စက်တိုင်းရုံလည်း၊ မလုံလှည့်ကာ၊ လေးသည်သာတီ၊ ပမာမမျှ၊ စက်တိုင်းတလျက်၊ ဩဇသံခြေ၊ မိန့်မှာတွေကြောင့်၊ စစ်မြေမျက်နှာ၊ ဆီသို့သာလျှင်၊ မေတ္တာကြိုင်မွှမ်း၊ ကြိမ်ဏတမ်းသည်။ ။အရွှမ်း ဝှန်တော့သည်ကိုလည်း။

၁၁။ ပဲခူးမိဖုရားဆို ရတု

(၁) အဆောင် ဆောင်လျှင်။ ။ရွှေတောင် ရွှေနန်း၊ အကျွန်း ကျွန်းကို၊ သိမ်းမြန်းစဉ်ရိုး၊ ဆက်ကာစိုး၍၊ အုပ်စိုးထီးဖြူ၊ ဘရာယူမှ၊ ပြိုင်တူမဆွယ် ရှင်စံပယ်လျက်၊ သည်ဝယ်ဘဝ၊ သည်ပလွန်ထိုက်၊ နိဗ္ဗာန်ဆိုက်သား၊ ဘုန်းမြိုက်မြိုက်မွန်၊ ကကုသန်နှင့်၊ သဗ္ဗာန်ရုပ်ပုံ၊ ကောဏာဂုံက၊ ကဿပဟု၊ ဂေါတမမည်၊ လေးဆူသည်လျှင်၊ ရွှေပြည်ပျော်မိန်း၊ ကိန်းခဲ့ နှောင်းသင့်၊ ပွင့်လတ်မည်ဟန်၊ မင်းများဘန်သည်၊ ခြောက်ဥာဏ်လျှံဝင်း၊ မြတ်ရှင်ရင်း။ ။စုနှင်းဆက်ပိုင်၊ လွှမ်းစိုင်သက်နှင်း၊ ရွယ်ရောင်ကျိုင်းလျှင်၊ ရှိုင်းခဲ့ခုမှ၊ ရှောင်ခြင်း



တကို၊ တေဇတော်အား၊ ဖြည့်သနားလော့၊ ငါးပါးစဉ်စီ၊ ရုပ်နှောင်ညီကို၊ ရုံချီတင်မြှောက်၊ ကျွန်ုပ်လျှောက်သည်။ ။ပေါက်ပေါက် ရွှေတန်းဆောင်နှင့်လည်း။

(၂) တမြောင်မြောင်လျှမ်း၊ ။ညီနှောင်ငါးထွေ၊ ငါးဆူမွေကို၊ ထိပ်ဖွေ တင်မြှောက်၊ ကျွန်ုပ် လျှောက်အံ့၊ ပေါက်ပေါက်ရွှေတိုင်၊ လက်လှကိုင်၍၊ မြစိုင်ညိုရှန်း၊ ရဲကြငှန်းကို၊ သို့မှန်းမထင်၊ ကျွမ်းမိကျင်ရှင့်၊ ရှိစင်မမြောက်၊ သွယ်မြိတ်ခေါက်က၊ မယ့်အောက် မယ့်ထက်၊ စံညက်ရွှေဆင်း၊ မျိုးသားချင်းနှင့်၊ မိမင်းသက်ထင်၊ သခင်ရဲဘော်၊ မင်းကျော်တို့လည်း၊ ကြပ်တည်းနို့စို့၊ ဆုံးမသရွေ့၊ မမေ့နိုယံ၊ မိန့်တော်ခံသည်၊ ကျိုးနွံခညောင်း၊ လှည့်ဖြားယောင်း၍၊ ဆောင်းလည်းမမှတ်၊ ဝါကျွတ်ဝါလယ်၊ အလှယ်လှယ်ရောက်၊ အခေါက်ခေါက်တိ၊ စေမျှားဘိ၍၊ ယုံမိစင်စစ်၊ ကျွန်ုပ်ဖြစ်ကို၊ ရှင်ချစ်ကယ်မ၊ ဗျာဒိတ်ပြလော့၊ တေဇဝှန်ချောက်၊ ဖြိုးလျှံတောက်သည်။ ။မောက်မောက်မွေထွန်း ပြောင်နှင့်လည်း။

(၃) မရှောင်ရှောင်လျှင်။ ။ညိုရောင်မြနှစ်၊ ရဲသူစစ်ကား၊ ချစ်၏သို့လျှင်၊ ကြင်၏သို့ဟန်၊ တည်မမှန်ခဲ့၊ ပြစ်တနီမှုရိပ်၊ဆုံမလိပ်တည်း၊ သုံးထိပ်မှူးလျှင်၊ သိမြင်စကောင်း၊ ကျွန်ုပ်ကြောင်းမူ၊ ပြောင်းလေဘိသည်၊ သံသာရှည်ကဲ၊ ဆွေသည်နှစ်စုံ၊ သူ့ကြေးမုံဟု၊ ရိပ်မြုံသူနှင့်၊ သူ့မျက်ပွင့်ကို၊ ချစ်ခွင့်ဟန်ကား၊ မှားဘူးသော်လည်း၊ နှောင်



www.burmeseclassic.com

www.burmeseclassic.com



တော်ဝိပါက်၊ မဆက်ချင်ပြီ၊ နောင်ညီငါးပါး၊ဖြည့်စေသားဟု၊ ဖြူထွားပေါက်ပေါက်၊ လျှံတောက်ဝင်းပြောင်၊ မြတ်ဘုန်းခေါင်ဝယ်၊ မျိုးမောင်မင်းခြေ၊ ကျင့်သောထွေကို၊ လျှောက်ပေလှာရ၊ ကျွမ်းဦးကလျှင်၊ ဂိမ္ဗလည်းရောက်၊လှည့်ဖြားလျှောက်သည်။ ။ခေါက်ခေါက်နွေဆန်းအောင်ဖြင့်လည်း။

## ၁၂။ ပဲခူးမိဖုရားဆို ရတု

(၁) နတ်ပြည်ပိဟ်မှာန်။ ။သာမျိုးလွန်သား၊ ခြောက်တန်ဘုံနေ၊ အမ‌ထွ‌ထွလျှင်၊ စိုးပေကြမှတ်၊ ကြွင်းမဲ့နတ်ဝယ်၊ အထွတ်ကဲမြင့်၊ စံပယ်တင့်လျက်၊ သူနှင့်မပြိုင်၊ ထွတ်စံဘိုင်သည်၊ ရခိုင်သမ္ဘာ၊ ဗောဓိလျှာဟု၊ မဟာဇမ္ဗူဒီ၊ လူ့ ညီထင်ပေ၊ ကျွန်းလုံးကျော်သား၊နောင်တော်ရာမာတ်၊ မွေ့တုလွတ်ကို၊ ဝါကျွတ်သဘင်၊ပြည့်ရက်တွင်နိုက်၊ နေရှင်ပျော်ရာ၊ တုသီတာဝယ်၊ သဒ္ဒါစိတ်သန်၊ ဗောဓိရန်သည်။ ။**အမှန်ကြွတော်မူပါလှည့်။**

(၂) ညွှတ်ကြည်စိတ်သန်။ ။မိုးထိဝှန်မျှ၊ ဗိမာန်စိုးဆက်၊ မြနန်းသက‌ကို၊ ဘွားရက်ကြိုက်ဆုံ၊ပြည့်နွေကုံ၍၊မွေးထုံပျံ့ကြိုင်၊ ရွှေတိုင်ပြောင်ညီး၊ ရွှေထီးတံခွန်၊ ဗိမာန်ပန်းထောင်၊ ပွဲဘောင်အုံ့ရာ၊ လူစဉ်ခတွင်၊မြော်သာမယွင်း၊ ဆီလျော်ခင်းဝယ်၊ ပတင်းလျှံထွန်း၊ လှစ်ဖွင့်တွန်း၍၊ ပတ်ဝန်းရံလည်၊ ရှုကြသည်ကုံ၊ မျက်ခြည်ဆီးမှောင်၊ မညောင်းအောင်လျှင်၊ တိမ်တောင်ခွဲဝက်၊ နေမင်းတက်



သို့၊ ပြိုးပြက်ရောင်ဝါ၊ ဝတ်တန်ဆာနှင့်၊ အာကာနှံ့အောင်၊ တင့်လွတ်ခေါင်သည်။ ။**မြင်အောင်ပြတော်မူပါလှည့်။**

(၃) မှတ်ရည်မိဋ္ဌာန်။ ။မယွင်းမှန်သား၊ ဆက်လွန်ဘဝ၊ အနန္တကာ၊ မျှားလှသချေ၊ ဖြည့်ဘူးပေ၍၊ မိုးမြေဝှန်ထပ်၊ သုံးဘုံရပ်ပယ်၊ နှံ့စပ်လျှံဖြာ၊ မိတရာဟု၊ ထွတ်ချာရောက်မည့်၊ စောဘုန်းစည်လျှင်၊ ကြောင်းရည်သိတန်၊ မယ်ကျင့်ဟန်မူ၊ ဆံစွန်မမှား၊ လူမျိုးခြား၍၊ တရားတည်စောင့်၊ ထူးသော့ကြောင့်လျှင်၊ အဖြောင့်မှတ်ရာ၊ သူ့သစ္စာဖြင့်၊ စံသာကေန်၊ မြောက်ထိုက်တန်ဟု၊ အမှန်နေကျ၊သိကောင်းလှ၏၊ဖိုးမျှပုံယင်၊မထင်ပြိုင်ဘက်။ ။တေးဒဂ်သည်၊ **ရွှေစက်ဟတော်မူပါလှည့်။**

## ၁၃။ ပဲခူးမိဖုရားဆို ရတု

(၁) အရဲနဂို။ ။စိမ်းစိမ်းညိုသား၊ကုသိုလ်ရွှေစက်၊ပျော်ရန်ဘက်ကြောင့်၊ လက်နက်လေးမြား၊ လှ ထား မိုးပေါက်၊ မန့်သောက်ကျင်လျှင်၊ မြင်းလျှင်တစ်ခေါ်၊ ရလှကျော်ပွဲစ၊ မြို့ကြီးခံလည်း၊ ကျွန်းလုံးကြည်းမျှ၊ မိုက်မည်းမြသန်း၊ လက်ပြင်စွန်းနှင့်၊ နီမြန်းကောဟ်ကျစ်၊ ကျည်းဖြစ်ကဝါ၊ ခါသာတန့်တုပ်၊ ပေါင်းထုပ်ထပ်ဆင့်၊ ရှောင်နှင့်သော်လည်း၊ မြော်သူတို့အား၊ကြားသူတို့မှာ၊ တင့်သည်သာဟု၊ ကြေညာပတ်အောင်၊ ရဲတန်ဆောင်သည်။ ။**အခေါင်ထားမည်သူကိုမှ။**

www.burmeseclassic.com



(၂) **အခေါင်စံတည်**။ ။ထားထိုက်သည်နှင့်၊ မြန်ပြည်တိုက်လုံး၊ ရပ်ယတ်ကုံးကို၊ လက်ရုံးစက်ရှိန်၊ တန်ခိုးနှိမ်လျက်၊ အကြိမ်ကြိမ်ပွဲ၊ ရဲတော့သည်ဟု၊ ယွန်းပြည်ယိုးဒယား၊ စော်ဘွားသိန်းနို၊ သေဥ္စိခုန်ကျော်၊ ဇမော်မိုးနဲ၊ မိုးမြဲမိုးကောင်း၊ ဝပ်သောင်းကြောက်ရှောင်၊ အုန်းဘောင်မိုးညင်း၊ မိုးလင်း မိုးမိတ်၊ လန့်ထိတ်မပြု၊ တောင်ငူအဝ၊ ပြည်ပုရလည်း၊ လက်ချသည်ပင်၊ ခဲသည်လျှင်ဟု၊ချစ်ခင်မြတ်လေး၊ လုပ်ကျွေးရှိညွှတ်၊ တင်အထွတ်ဖြင့်၊ ဝန်းပတ်ဇမ္ဗူ၊ ရန်စေ်ယူ ၊ကျွန်းသူမယ်မောင်၊ တွေ့တိုင်းအောင်သည်။ ။မရှောင်ရှားမည် သူကိုမှ။

(၃) **မရှောင်ရှားလေ**။ ။ရန်မျိုးကွေသား၊ ညာကြွေ ရစ်ပတ်၊ ထုံးဝတ်ရှင်ဟန်၊ ယမန်ဆံစည်း၊ စုလည်း မြိတ်ခေါက်၊ မြိတ်ပေါက်မြိတ်လွတ်၊ ရစ်ခတ် ခေါက်ချိုက်၊ ယောင်မြိုက်ပြာစင်၊ နတ်အသွင်တီ၊ ပည်းမျှရှိလည်း၊ ဇာတိရှေးလွန်၊ တောင်းဘူးဝန်ကြောင့်၊ စုံရန်သင့်လျော်၊ မယ်နှင့်ပျော်သား၊ တေဇော်တန်ခိုး၊ ဟိုးဟိုးထင်ပေါ်၊ ကျော်လည်းကျော်မြဲ၊ ရဲလည်းရဲပင်၊ စွမ်းအင်သိပ္ပ၊ ဌာရသနှင့်၊ တေဇမ္ဗူးကွန့်၊ အိမ်ရှေ့ခန့်၍၊ လေးကျွန့်သခင်၊ ဘုရင်မင်းခေါင်၊ကိုယ်စားစောင်သည်။ ။အပြောင်များမည်သူကိုမှ။

## ၁၄။ ပဲခူးမိဖုရားဆို ရတု

(၁) **ကျင့်မြဲသီလ**။ ။စောင့်မြဲမြဲ၍၊ ထံပ်ဆံပင့်ရုံး၊ ဦးလုံးဆိုင်မြောက်၊ အညွှာက်အတင်၊ ရွှေ ပြင်ဘီးဘီး၊မကြီး



မငယ်၊ တင့်တယ်ရစ်ပတ်၊ ထုံးစမှတ်ဝယ်၊ ပန်းသုံးသွယ်နှင့်၊ စံပယ် စံပ၊ ပဥ္စမွှေးထုံ၊ ငါးပ ါးစုံလျက်၊ အာရုံဖြောင့်ကြည်၊ နေလှည့်သည်ကို၊ မျိုးမည်တူကွ၊ မွေးဘာတူရင်း၊ မယ်မင် တူလှ၊ ယောင်းမမောင်ရင်း၊ ဆွေနောင်မင်းလျှင်၊ မျိုးချင်းထပ်ဘူ၊ တော်မည်ဟူ၍၊ လျစ်လျူမထင်၊ ကျွမ်းမိကျင်လျက်၊ သို့စင်ပျက်ချော်၊ ကျင့်သရော်သည်။ ။**စွယ်တော်ရောက်သော်ကတကား**။

(၂) **စွယ်တော်ရောက်သည်**။ ။သိန်းဆိုပြည်က၊ တို့ပြည်သနင်း၊ ပြည့်ရှင်မင်းကို သတင်းဝှန်ဝေ၊ ကိုးကွယ်စေဟု၊ ရောက်ပေလှာ၍၊ ထိုသည့်နေ့က၊ ရဲလေ့မင်းပျို၊ စိမ်းစိမ်းညိုလျှင်၊ မယ့်ကိုလေးတွဲ့၊ မတော်ခဲ့သော်၊ မပြဲ့ချေအား၊ ဘုရားသော်သာ၊ တင်နိုင်ရာဟု၊ နံ့ သာရေကြိုင်၊ ရွှေတိုင်ဖယောင်း၊ ကောင်းသည်လက်ဖက်၊ ညီရွက်အကြော၊ လှမောယာမှု၊ ကွမ်းသီးနှုန့်နှင့်၊ ရှုလေ့ထွန်းတင်၊ ဝေးနီးမြင်သည်၊ ရှင်ပင်မြတ်စော၊ ပူလောတို့စု၊ ဒုကွဲပြင်တိမ်၊ စိုးရိမ်ကြောင့်ကြ၊ မယ့်ခြင်းတကို၊ ဥဘဏဥဘဏ်တော်၊ သုံးလှူ့တော်သည်။ ။**ကယ်တော်ဖျောက်သော်မှ တကား**။

(၃) **ကယ်တော်ဖျောက်ပိုင်**။ ။စေဘုန်းခိုင်မှ၊ ဖြည့်နိုင်အံ့သည်၊ အမှတ်တည်၍၊ ကျင့်ရည်အယူ၊ သည်သသူလျှင်၊ သည့်နှယ်ပင်တည်း၊ ဆင်ခြင်မရွေး၊ စစ်ရေးစစ်ရာ၊ စစ်မှာသော်လည်း၊ ကျန်းချော်မာန်ရှူး၊ ဟူးဟူးအလျှင်၊ ကိုယ်စီဆင်နှင့်၊ သူ့ခွင်ချင်းမွေ့၊ **အောင်ဝေဘာကာ**၊

www.burmeseclassic.com

www.burmeseclassic.com



မယ်ႇမှာတုံလည်း၊ ယုံစိမ့်ကြောင်းကြောင်း၊ ဖြားယောင်းနှိမ့်ချ၊ လျှောက်များလှ၏၊ ကြောင်းစန္ဒယ်ရစ်၊ သည်ကျင့်ညစ်ကိုပစ်ပ ဘိလော့၊ မိလည်းနမ၊ ဘလည်းမောင်ပင်၊ ဘိုးခင်ဘွားမင်း၊ **တော်ရင်းရှင်းလျှင်**၊ မယှင်းရှည်ဘော်၊ ကျင့်မလျှော်သည်။ ။**ရွှယ်ရော်ဆောက်သော်မှတကား**။

### ၁၅။ ပဲခူးမိဖုရားဆို ရတု

(၁) **ကံအားဆော်၍**။ ။တေဇော်တက်ထွန်း၊ သုံးထောင်ကျွန်းထက်၊ မြနန်းသိုက်ထံ၊ မွေးဘို့ကြံ၍၊ ပျော်စံစထိုက်၊ ရွှေဘုန်းကြိုက်သည်၊ စေထိုက်လှစွာ၊ ကျေးနရာ။ ။သုံးဖြာရစ်ဆုံ၊ သန်လျက်ခုံထက်၊ ရွှေဘုံဒိပ၊ ငွေအဝဟု၊ မြစ်မယဉ်စံ၊ ဝင်းလျှံရောင်ဖိတ်၊ ရွှေတောင်ထိပ်က၊ မွမ်းညိတ်ရွှေပေါင်း၊ ဗိုလ်သိန်းသောင်းနှင့်၊ **နန်းလောင်း**ညီရင်း၊ လင်းဇာင်းဘုရင်၊ နွှောင်းမြင်မင်းနောင်၊ မြတ်ခေါင်အာသာ၊ သဒ္ဒါသတိ၊ ဟိရိမပြား၊ လေးပါးမောင်လတ်၊ သားရဲထွတ်တို့၊ ပုံမှတ်တိမ်ပြင်၊ ဆက်ချေလျှင်လော့၊ နန်းပြင်ကမျှော်၊ ပြန်ဆုရော်၍၊ မယ်တော်ဘုရား၊ မိမင်းဖျားသည်။ ။**ဝန်းလျား တ-နေ ရှင်ဝမ်းပြေ**။

(၂) **စံထားတော်၍**။ ။ရွှေလှော်ကောင်းဖျား၊ ပတ္တမြားဆို့၊ **သောကားကျင့်နေ**၊ ရှုပ်သန္ဓေနှင့်၊ **ကျေးများတံဆိပ်**၊ နရထိပ်။ ။ချစ်ရိပ်ကြင်လောင်း၊ မပုံပေါင်းတည်း၊ တသောင်းပတ်ဝန်း၊ လက်ရုံးမှန်းသား၊ ဘက်ကျွန်းမင်းသား၊ မိသည်းကြား၏၊ ထံပါးရွှေ့တွင်၊ နားသည်မြင်



သော်၊ သခင်မွေးဘ၊ မေးယုယလိမ့်၊ ဌာနသာမေဝ၊ စည်ပြောစဟန်၊ ပုန်ကန်ဟန်ဆီး၊ ရန်ရပ်နိုးနှိုက်၊ ဘုန်းမီးသက်နှံ၊ နွှံသည်ကြောင်းလျှား၊ ရေးရာများကို၊ နေနားပတ်လှည့်၊ ရှုမြော်ကြည့်မှ၊ ပြန်သည့်အလျှင်၊ မကြာတင်နှင့်၊ သိမြင်ကြားတိုး၊ လျှောက်စိမ့်နိုင်းသည်။ ။**ရစ်ဆိုင်းထုပ်မြေ ကြင်လွှမ်းနေ**။

(၃) **ထံပါးခေါ်၍**။ ။ရွှေလှော်ဆောင်မောင်း၊ ရွှေခွက်လျှောင်းနှင့်၊ အပေါင်း ချိုအေး၊ ပျံ့ပျံ့ မွှေးသည်၊ ကျေးများဦးစွန်း၊ ကျေးကြင့်ရှုန်း။ ။ပတ်ဝန်းယာဉ်သာ၊ သုံးစင်းဖြာသို့၊ ပြန်ပါတို့ချေ၊ လျှင်ပါစေလော၊ ရဝေဘုံဝ၊ တောင်နန်းကလျှင်၊ ပြည်ဆံရှင်နှိုက်၊ ပ-ထင်-ဝင်းရိပ်၊ ညဉ့်ကိုသိပ်မှ၊ အရိပ်မဒ္ဒနာဘုံ၊ ခရွှေစည်ခုံသို့၊ ရှိုင့်ဆက်ဟန်၊ ယင်းကလွန်သော်၊ တံခွန်တမှတ်၊ တန်ဆောင်မှတ်သည်၊ သားလတ်မွေးဘ၊ အဝဘုရင်၊ ရဲကျော်ထင်လျှင်၊ သာရှင်စိတ်ဝမ်း၊ ညချမ်းချုပ်ပြီ၊ မြေသာညီနှိုက်၊ ကုလိဆင်မြင်း၊ စီးနင်းပယ်ခံ၊ စံတော်မူအံ့၊ တံ့တံ့နား၍၊ မှာစေ့စေ့ကို။ ။**မမေ့လေစေလျှင်စမ်းစေ**။

### ၁၆။ ပဲခူးမိဖုရားဆို ရတု

(၁) **ခြောက်ဆောင်ဘုံသာ**။ ။နန်းသိင်္ဂါနှင့်၊ ဖီလာမထင်၊ ရွှေ့စင်မမှတ်၊ မြောက်ခပ်ညွတ်ဝယ်၊ ချမ်းမြေကြည့်စွာ၊ သီတာရစ်သန်း၊ နရန်းနရစ်၊ တိမ်သက်သစ်၊ မွှေဖျား-မျှို့နှင့်၊ စိုက်သို့မတ်မတ်၊ တောင်မြင့်ညွတ်ဝယ်၊

www.burmeseclassic.com

www.burmeseclassic.com



စက်လွှတ်ညီးမျှ၊မိုးသို့-ပ-သာ၊ ကာသဗိမာန်၊ ကျော်ရှိန့် ဝှန်သည်၊ နိဗ္ဗာန်သခင်၊ မယ့်ရှင်ပင်။ ။လောင်လင်ဘွယ်သာ၊ ခွ ါလည်းမလျဉ်း၊ချဉ်းလည်းမပြီ၊ပဲ့ချီဦးနင်း၊ ရှင်းရှင်းမမြွက်၊ ယုတ်တက်ဆုတ်ချဉ်း၊ မီးကျီးလျဉ်းသို့၊ မကျဉ်းချင်ဘွယ်၊ ခဲလွှယ်ဝမ်းမှာ၊ မတတ်သာသည်။ ။**ကြံကာ ကျွန်ုပ် လင့်မော၏။**

(၂) **တောက်ပြောင်ဟုံဝါ။** ။ပြင်းတေဇာနှင့်၊ ခြောက်ဖြာရောင်ခြည်၊ အပြည်ပြည်ကို၊ ခဲသည်မရှိ၊ နေ့ညဉ့်ညီလျက်၊ ပျောင်းရိဝေ့လည်၊မယ့်ဖြစ်သည်ကို၊ပြည့်မည်မချွတ်၊ ကျွန်ုပ်မှတ်သည်၊ လူနတ်သခင်၊မယ့်ရှင်ပင်။ ။**သည်တွင်ခုဖြစ်၊** ကြိုက်သရစ်က၊ ကျိုးဖြစ်ရှေ့နောက်၊ **မခေါက်မရက်၊** စုံမက်ကိုယ်ကို၊ ထက်ဝိုဆက်ဝါး၊ သနားမမည်၊ မုန်းသည်မမှတ်၊ ချစ်လတ်တွန့်တို၊ မည်သို့မည်သည်၊ ဗယ်လည်ညာလှည့်၊ စကားပြည့်ခဲ့၊ နတ်၏အမြင်၊ ဘုန်းစက်ရှင်ဖြင့်၊ ဝါဝင်နီးလု၊ ဥာဏ်တော်ရှု၍။ ။**ယခုပြည့်ချိန်သင့်မော၏။**

(၃) **နောက်နောင်စုံရာ။** ။လူတကာတို့၊ လူ့ရွာနိုက်ဝယ်၊ **သည်**သူနှယ်လျှင်၊မုန်းဘွယ်အပြည့်၊ရှိပါလှည့်စံ့၊ဖြည့်ဖြည့်ဖြူးဖြူး၊ မူးမူးပတ်ပတ်၊ မှတ်သတ်ဝမ်းက၊ ရှိသမျှကို၊ ပျောက်ရလျှင်းအောင်၊ သွေးဆောင်လှည့်ဖြား၊ သကာပျားသို့၊ ဘုရားအလောင်း၊ တကျောင်းဘဂူ၊ ဟူသည်မကျန်၊ အလွန်ကြီးမြတ်၊ မတတ်ကောင်းအောင်၊ **တော်**ယောင်နှုတ်ချော၊ကျင့်ရှာလေခဲ့၊ နေ့လည်းမဝင်၊ထက်ခွင်



အုံ့ပျံ၊ ည-မလွန်သေး၊ တိမ်မြေးခြည်မှောင်၊ မိုးပြောင်ပြောင်ဝယ်၊ တိုင်မြှောင်ရပ်မှီ၊ ကြမ်းပြင်ဆီက၊ ဘော်ညီနည်းရှား၊ တိုင်လျှောက်ကြားရှင့်၊ ခြောက်ပါးခြည်ရောင်၊ ကြွင်းမဲ့ဆောင်သည်။ ။**အထောင် လသို့ တင့်မော၏။**

## ၁၇။ ပဲခူးမိဖုရားဆို ရတု

(၁) အကျွန်းကျွန်းလျှင်။ ။နန်းဥကင်ဝယ်၊ ရွက်ရှင်လှစ်တွန်း၊မတ်ပေါင်းဝန်း၍၊ကြင့်နန်းမြှောက်ပြီး၊ဘုန်းနေမီးသို့၊ ရွှေထီးစကြာ၊ ဖြန့်မိုးကာလျက်၊ ဘ-ရာသိမ်းပြီး၊ သားကြီးနန်းရန်၊ **ဘေးတော်**ဟန်လျှင်၊ ရန်မာန်ချိုးနှ ၊ အိမ်ရှေ့စံဟု၊ မိန့်သံဗျာဒိတ်၊ ကျွန်းလုံးထိတ်မျှ၊ ဘိသိက်မင်္ဂလာ၊ သွန်းမည်ခါနိုက်၊ မဟာဥပရာဇ်၊ မိရင်နှစ်ကို၊ ကြင်ချစ်ထပ်မွမ်း၊ အလှမ်း ကြိမ်ခေါက်၊ ဖန်ဖန်လျှောက်လည်း၊ မအောက်မေ့ပါ၊မေတ္တာမသက်၊နေလေရက်သည်။ ။**နန်းဆက်တည် အလျာလှည့်သော။**

(၂) **နန်းဆက်အလျာ။** ။ဥပရာလျှင်၊ မလာရက်ကျူး၊ ဆောင်းဦးအစ၊ နွေလသို့ဆိုက်၊ လှမ်းစဉ်ကြိုက်တွင်၊ ဘ-နတ်ရှင်၏၊ ထိပ်ပြင်ပန်ပန်၊မိဦးစွန်ဟု၊ရိပ်မြုပြုသား၊ မောင့်ပုသားလတ်၊မိသည်းပွတ်ကို၊ ပြာသာဒ်ခြောက်ရန်၊ ဘုံဗိမာန်နိုက်၊ **နောင်**ဟန်ပင်နေ၊ လှမ်းမပြေတည်း၊ မြစ်ခြေတောင်ဖျား၊ နှစ်ပါးပြောင်ရွှေ၊ ညီနောင်မေ့ကို၊ မိုးစွေ့သစ္စာ၊ **ပန်း**ထွေလာနှင့်၊ စေတနာဆက်၊ ရည်ဆဲဆဲ

www.burmeseclassic.com



လျှင်၊ ရဲသည်စတော၊ အသရေသာ၊ သားညက်ပြာကို၊ မြင်ပါချင်လှည့်၊ လာအောင်ဖြည့်လော့၊ ပြည့်စိမ့်တင်ဆက်၊ တောင်းလျှောက်မြွက်သည်။ ။မှန်းလျက်ကြည်သဒ္ဒါလှည့်သော။

(၃) မှန်းလျက်သဒ္ဒါ။ ။မင်းတရား၏၊ အချာတန်းဆောင်၊ မိသားမောင်လျှင်၊ ရွှေတောင် ပြောင်ထွန်း၊ တရွန်းရွန်းတည့်၊ ထိပ်စွန်းတောင်ယံ၊ မယ်တော်ထံသို့၊ ချစ်ကြံစလျက်၊ မဖူးတက်သော်၊ စုံမက်ပွဲ့ပျူး၊ သားဦးသားထွေး၊ နှောင်းမွေးမယ်မင်း၊ သံညှင်းသာရှင်၊ သခင်ဘုရား၊ လာပြီလားဟု၊ ရွှေနားလျှောက်မေး၊ ရင်းသွေးသည်းကြား၊ လေးပါးတို့မောင်၊ နှစ်ယောက်နှောင်လျှင်၊ ရွှေတောင်သိင်္ဂ၊ နန်းမထီးဖြူ၊ ယူစိမ့်ဟူ၍၊ မယ်သူမင်းသည်၊ ကိုယ်စားရည်၍၊ ဆောက်တည်စလျက်၊ လွန်လေးနက်သည်။ ။ညွန်းလျက် ရည် အလျှာလှည့်သော။

## ၁၈။ ပဲခူးမိဖုရားဆို ရတု

(၁) ဝင်္ကပါလျှင်။ ။တောင်သာဗွေစွန်း၊ သခ်ိမ်းနန်းနှင့်၊ ရည်ညွှန်းနိဗ္ဗာန်၊ မင်းဝေသာန်၏၊ ကြင်တန်မဒီ၊ ရှုဗ်ပျော်ပါး၊ မိဖုရားဟု၊ ယူသည်ဆုနှင့်၊ ဝတ္တုဒါန၊ စဗ္ဗဂသီလံ၊ ကောင်းကြံရည်မြေ့၊ အောက်မေ့ရေးရေး၊ တနွေးနွေးလျှင်၊ ရှေးလည်းတူစုံ၊ ခုတုံလှဆည်း၊ နှောင်းလည်းလှုလို၊ မြတ်သည်ကိုယ်ဟု၊ ကြည်ညိုဝိဋ္ဌာန်၊ နေသောဟန်ကို၊ သန်လည်းသန်ကော၊ ဖွံချောရှုခေါင်၊ မရှောင်



မရှုပ်၊ ကျွန်ုပ်မယ်အား စေဖန်၊ မျှား၍၊ တော်ပြားအွံ့လော၊ နှာမိသောရှင့်၊ မနှောခြင်းရာ၊ နှောင့်မေတ္တာမူ၊ ကျွမ်းပါစေ၊ ချစ်ကြဉ်းနှင့်၊ နှုန်းသင့်သွေးသိ၊ မဆိုအိခွဲ၊ မညီထဲပေါ်၊ ကျင့်သရော်လည်း၊ မြေးတော်နှစ်ပါး၊ တူမပြားသည်။ ။စုလျားပတ်သော ခါကပင်။

(၂) သခ်ိရာလျှင်။ ။ရှေးခါသော်က၊ နှောင်ကျိုင်းမြနှင့်၊ တူကွတူပေါင်း၊ တူမပြောင်းတည်း၊ ရွှေကျောင်းဘုရား၊ တရားနာနာ၊ လှူဒါရေစက်၊ ချဘက်ညီညီ၊ မသွန်းမိ၍၊ စံတိရွှယ်ပျို၊ ကျိုင်းဖွံ့ညိုလည်း၊ ရောက်လိုသည်ဖြင့်၊ တထင့်ထင့်တည်း၊ ချစ်ခွင့်ရှည်ဝေး၊ ယမန်ရှေးက၊ သွေးလေ လည်လည်၊ ဖြေဖြည်ပျော်၏၊ မြေးတော်နှစ်ဆွေ၊ စုလျားခွေမှ၊ မင်းခြေမယ်သက်၊ သို့ပင်ခက်ခဲ့၊ ကျိန်းစက်မလေ့၊ အောက်မေ့တုံတုံ၊ တလုံလဲလဲ၊ သည်းထဲလောင်ဆာ၊ ဤအခါမူ၊ သန့်ဝါရတု၊ ကျွတ်လုဆဲဆဲ၊ မိုးလည်းဖွဲ့ခဲ့၊ ရဲရဲပြောင်သည်၊ ဒဂုံပြည်ဝယ်၊ သုံးမည့်လူ့ဖျား၊ ပြည့်စိမ့် ထားသည်။ ။ဘုရား မြတ်စေရာမလျှင်။

(၃) ဌာဂ်မာလျှင်။ ။သီတာဖြန်းငြိမ်း၊ ချမ်းချမ်းလိမ်းမျှ၊ ခပ်သိမ်းဘေးပို၊ ရပ်သုံးပုံဝယ်၊ မစုံသောအား၊ သူနှစ်ပါးကို၊ သနားငါသည်၊ ဖြည့်တော့မည်ဟု၊ ရောင်ခြည်လျှံဝင်း နှုံမျှချင်းသည်၊ ရှင်ရင်းဉာဏ်ဟုံ၊ ဆံဒဂုံ ။ ။ကြိုက်ကြုံမျက်မြော်၊ ဆွဲရစ်မျှော်သား၊ မယ်တော်ရှင်မ၊ မွေးဘမောင်မင်း၊ သတင်းသံ့သံ့၊ ပျံ့သောကလည်း၊

www.burmeseclassic.com

www.burmeseclassic.com



ဆုံးမပေ၏၊ ရှိသေနှိမ့်ချ၊ ခယဆန်းထူး၊ လျှောက်ပုံပျူငှ၍၊ နှစ်ဦးမဆံ၊ မယ့်သက်နှုံလျှင်၊ နန်းစံတွင်မြေ့၊ အိမ်ရှေ့သခင်၊ နတ်ရှင်တူမ၊ ရွှေဝထိပ်မိုး၊ သတိုးမင်းတူ၊ မင်းနှစ်ဆူကို၊ ဇမ္ဗူသခင်၊ စက်ရှင်တုလွတ်၊ စုလျားပတ်ရှင့်၊ ရဲထွတ်မြရည်၊ သူ့ပြည်ခေါ်ညီ၊ ပန်းစမ္ဘီနှင့်၊ မြောက်ချီတင်ထား၊ တောင်းလျှောက်ကြားသည်။ ။သနားချွတ်လော ကာလတွင်။

## ၁၉။ ပဲခူးမိဖုရားဆို ရတု

(၁) **ဘဝင်ကျော်ခေါင်။** ။ရှစ်ရပ်မှောင်နှင့်ပြည့်အောင်နှံ့မျှ၊ ကဆုန်လလျှင်၊ မာဃမိုးနှင့်၊ အလွမ်းဆင့်၍၊ ကျူးရှင့်သံအိုင်၊ သွန်းချပြိုင်သော်၊ ထွတ်ဆိုင်ပေါ်သစ်၊ ပုရစ်ဖြာရုံ၊ စက်ပွင့်ငုံကို၊ ကုံးတုံမယ့်လက်၊ စဉ်သင့်ဘက်မှူ၊ ပန်ရွှက်ရစ်ထုံး၊ မြိတ်ကုံးနက်စင်၊ ပိတ်ရွှေဖျင်နှင့်၊ လက်တင်အုံးဆင့်၊ မှိုင်းရီသင့်ဝယ်၊ ဆယ်ဖြင့်လေညီး၊ သိင်္ဂီပုတီး၊ လုံ့စီးကိုးမျက်၊ ချယ်ဘက်ဆံကျင်၊ စီဆင်သင့်ခေါင်၊ သင်းတွဲညောင်ထက်၊ ဘော်ရှောင်မဖပေါင်း၊ မယ်ထူး လျှောင်းသည်။ ။နန်းလောင်း စုံလယ်မှ ထကား။

(၂) **အဘက်ဘော်ရှောင်။** ။ညီမျှားနှောင်ကို၊ တမ်းယောင်မျှော်ဆီး၊ ဝါလနီးသော်၊ အန်ကြီးအားကိုး၊ လွမ်းယဉ်တိုးက၊ ရှာဖြိုးမကုန်၊ ကဆုန်တန်ခူး၊ နွေသို့ကူးလည်း၊ ဖူးမည်မှာထဝ၊ ဆောင်းပါးခွဲစာ၊ ချစ်ခြင်း



ရာမျှ၊ မလာစေကျွန်၊ ကြာဟန်ဝေးကျူး၊ မြော်မူးမှူးဝယ်၊ ဝါဦးသဘင်၊ ဟူလျှင်မအာပ်၊ လက်ထပ်ထိမ်းမြား၊ ရှောင်ရှားလူ့ရွာ၊ ဖြစ်ခြင်းရာကို၊ ဝမ်းမှာဆူလှိုက်၊ ရှိစဉ်ခိုက်လျှင်၊ မည်းမိုက် ရှိုက်ချောင်း၊ ချသွန်းစောင်းသည်။ ။သွန်းတောင်း ကြုံနှယ်ရတကား။

(၃) **မစက်ပျော်အောင်။** ။လျှပ်ပန်းရောင်လည်း၊ ခန်းချောင်ဝန်းလည်၊ မယ်နေသည်သို့၊ စုံခြည်ပြောက်ကြီး၊ ကာဆီးမကွယ်၊ သလွန်လယ်နိူက်၊ ညှိုးငယ် ပူပျောင်း၊ လွမ်းသောကြောင်းကို၊ တန်ဆောင်းဘုန်းခေါင်၊ သူဇာ့မောင်လျှင်၊ လွမ်းနှောင်မဝေ၊ သို့ပင်စွေသော်၊ ညွတ်ခွေပျောင်းပျ၊ ထပ်ကြလေသွန်၊ ဟေမန်မထူး၊ နန်းမြင့်ဦးက၊ ဖျူးဖျူးရင်သွေး၊ ခြူးကွေးပြောက်ဝါ၊ သလွန်သာထက်၊ အုံးမှာသဇင်၊ ရွှေဖျင်ထပ်ပေါင်း၊ ဆွတ်ပျံ့ပျောင်းသည်။ ။ပန်းပေါင်း ဘုံလယ်က တကား။

## ၂၀။ ပဲခူးမိဖုရားဆို ရတု

(၁) **ချစ်တင့်ဖျော်၍။** ။ကျွန်းပေါ်ပတ်ပတ်၊ မြန်ထိပ်မှတ်သား၊ လူ့ထွတ်မှန်ကူ၊ ကျော်ထိန့်ဆူသည်၊ ဇမ္ဗူစိုးဆက်၊ မယ့်ကြင်ဘက်လျှင်၊ ဆောင်းရက်ကသည်၊ နွေသို့လည်၍၊ မိုးစည်သံထင်၊ ကျူးအောင်ပင်တည်း၊ သူ့ခွင်ရပ်ကြွင်း၊ မှိုလင်းဇင်းကို၊ လင်းလင်းရန်ရိပ်၊ ပယ်နှိုပ်၍၊ ရန်ထိပ်နင်းမည်၊ ချီလေသည်မူ၊ ခါလည်သာ၊ ကာလရတု၊ ရွှက်နှုခပ်ခိုင်၊ ဂနိုင်စုံရိပ်၊ ရွှက်စိပ်မိတည်း၊

www.burmeseclassic.com

www.burmeseclassic.com



ပြည့်သိပ်တောင်တော၊ သာမောပျံ့ပျူး၊ လေညှင်းဖြူး က၊ ရန်ငူးမြခဲ၊ မင်းရဲမည်သာ၊ မင်းလျာရန်ခွင်း၊ အိမ်ရှေ့ မင်းလျင်၊ သည်ရင်းကျွမ်းဘော်၊ တော်သည်သူ့စိတ်၊ မြဲကျိတ်ဖူးချင်၊ မရှင်ညှိုးယော်၊ နောင်မင်းကျော်ကို။ ။ ကြင်ဘော်လွမ်း၏ လျှင်ပါလှည့်။

(၂) **ထစ်ရင့်ဆော်၍။** ။သံတော်မြည်ကြွေး၊ တအေး အေးတည်း၊ ရပ်ဝေးရန်ပါး၊ ယောင်ကျိုင်းထွားက၊ ကိုယ်စားစေကျွန်၊ မပြန်ပါသေး၊ ပြည်ထဲရေးကြောင့်၊ ကြင်လေးကျွမ်းမိတ်၊ လွမ်းစိတ်ရှုဖိုး၊ ရောက်နိုးဗျာပါ၊ မျှော်စဉ်ခါဝယ်၊ သီတာပြည့်လျှမ်း၊ တင်းကျမ်းဆူမှုန်၊ နတ်ပဇ္ဇုန်လျှင်၊ မြူးခုန်ပြေးရှင်၊ ကျူးသံထင်တီ၊ ကောင်း ကင်ဆင့်ထစ်၊ တရစ်သန်းသန်း၊ မိုးနံ့မှန်းက၊ စက်ပန်း ပျော်ရာ၊ စံမကွာတည်း၊ မင်းလျာဆွေသည်၊ ကျွန်းလုံး လည်၍၊ မစည်ရန်ညွန့်၊ ပယ်လစ်ဟန့်လည်း၊ ဘုန်းဝှန့်နတ် ရန်၊ ပြန်ပါစေဦး၊ ရိုက်ကျူးပြန်ပြန်၊ အလွန်ကြွေးကြော်၊ ဝသန်ခေါ်သည်။ ။**ဆင်သော်ရှမ်း၏ ရှင်ပါလှည့်။**

(၃) **ထစ်နှင့်ပျော်၍။** ။မင်းကျော် ဘုန်း ဟု၊ မယ်ကို မေ့ခဲ့၊ ရက်စေ့လွန်လျှင်၊ ကြင်ဘော်ဝမ်းက၊ ချစ်ရတမ်း နေ၊ စုံမကွေတည်း၊ ငှက်ရွှေထို့တူ၊ တော်ဖြောင့်ယူ၍၊ နောင်မူယုံ့ရှုံ၊ စစ်ပွဲမှာပင်၊ ဝါလည်းဝင်ခဲ့၊ ကျိုင်းစင် မြရုပ်၊ ရဲခေါင်ချုပ်ကို၊ ကျွန်ုပ်မိန်းရိုက်၊ မြော်နှင့်ကြိုက် ဝယ်၊ သောင်းတိုက်ဗဟို၊ နဂိုအောင်ချာ၊ ဟာသံဝတီ၊



ခေါ်ညီတွင်သည်၊ မြို့ရွှေပြည်သို့၊ ရှုံ့သည့်ရန်ပွဲ၊ ရှောင်လံ ခဲ၍၊ မင်းရဲကြင်သူ၊ ပြန်တော်မူဟု၊ လိုက်ဆူကြွားအံ့၊ မယ်နားလွှဲ့က၊ လလကြည်လေး၊ ရေးရေးဖူးချင်၊ မရှင်ညှိုးယော်၊ ဖြေဖြည့်ပျော်သည်။ ။**ရှင်ပျော်မွှမ်း၏ ကြင်ပါလှည့်။**

## ၂၁။ ပဲခူးမိဖုရားဆို ရတု

(၁) **တေဇာတက်ပျံ့။** ။ပြိုင်မဆံတည်း၊ နေလျှံထက်ဝန်း၊ တက်သစ်ထွန်းသို့၊ တောင်ကျွန်းဇမ္ဗူ၊ ရာထီးဖြူကို၊ သိမ်းယူဦးကိုင်၊ စိုးနန်းပိုင်၍၊ မပြိုင်လူ့ပြည်၊ ဖြစ်လေ သည်ဟု၊ မြတ်မည်ထင်ဆေါ်၊ **ထိမ်းမှတ်ခေါ်သည်၊** မင်းကျော်ဘုန်းရှိန်၊ နန်းပွင့်ရန်လျှင်၊ မြမှန်သစ္စာ၊ သောင်းနှစ်ကြာလည်း၊ ပြည်သာကြံခင်း၊ နားတော် သွင်းလော့၊ မကြွင်းစေ့စေ့၊ မိန့်သရွေ့ကို၊ အောက်မေ့ ထွေထွေ၊ စက်နေမပျော်၊ ဖြေဖျော်မတံ့၊ မဆံ့စိတ် ဝမ်း၊ ပျောင်းသမ်းမရှင်၊ ရှိစဉ်တွင်ဝယ်၊ ကောင်းကင် မှိုင်းမှိုင်း၊ တိမ်ပန်းဆိုင်းသည်။ ။**နေ့တိုင်းစွေ့ရှင့်ကျူး သည်နှင့်။**

(၂) **ဝေဖြာခက်လံ။** ။ဘုံစိမ်သို့၊ သာစံမြိုင်ကျွန်း၊ တော ထက်ဝန်းလည်း၊ မထွန်းရောင်ခြည်၊ ပတ်လည်မြရိုင်း ရွက်စိပ်ညွန့်ဖြိုး၊ နှင်းမိုးစွတ်ရှမ်း၊ ပွင့်ရောင်မှိုင်က၊ ပြည့်လျှမ်းရေကြည်၊ မြရည်ထုံအေး၊ ကြိုင်မွှေးရနံ့၊ လေပြည်ပျံ့သော်၊ မတံ့ဆည်ဖြေ၊ ဆံမွှေလက်သင်၊

www.burmeseclassic.com



မပြင်သိမ်းရုံ၊ မှီအုံးဝယ်ပ၊ ထူထမနိုင်၊ မိန်းမှိုင်ခွေရစ်၊ ရှိသည်ဖြစ်ကို၊ မင်းစစ်သည်းကြွား၊ ရန်ထားနန်းဆက်၊ မယ့်သက်နှင်းဝေ၊ သိလှလေလျက်၊ မနေတန်ရာ၊ ဘယ်နှံ့ခါလျှင်၊ မေတ္တာထပ်ခြုံ၊ စက်ရိပ်ဘုံဝယ်၊ တူစုံနေကျ၊ ဖူးတွေ့ရအံ့၊ ဆောင်းလရတု၊ ပြောင်းလုဆဲဆဲ၊ နှင်းစဲချိန်သင့်၊ ရွက်နှမ်းလွင့်၍၊ ငုံရင့်မြူးရှင်၊ ပွင့်ဖူးဆင်သည်။ ။ ညွန့်ရှင်ထပ်ဆင့်ဖူးသည်နှင့်။

(၃) နေဝါတက်လျှံ။ ။ဘက်နှုန်းစံ၍၊ မဆံ့နိုင်းကျွန်း၊ ဘုန်းရောင်ထွန်းသား၊ ကြော့ရှန်းမြိတ်နေ၊ တင့်သရေနှင့်၊ ဆူဝေပြင်းထန်၊ ခပ်သိမ်းရန်ကို၊ အလွန်ပြီးတိုင်၊ ငြိမ်းစေနိုင်သား၊ ရုံးဆိုင်သက်နှံ့၊နန်းဆက်စံလျှင်၊ရွှေးကံကြမ္မာ၊ ဝါသနာကြောင့်၊ မယ့်မှာချစ်စ၊ ကျွမ်းဦးကသည်၊ မမျှချစ်နှံ့၊ ညှို့လိမ့်လေလော၊ တွေးတောမသိ၊ မျက်စိမှုံးမော်၊ ညှိုးယော်ကြာမွေး၊ရေမှဝေးသို့၊တင်းမေးတုံခေါက်၊ မရောက်စသာ၊ မယ့်ခြင်းရာကို၊ ဣန္ဒာသက္ကာ၊ ဒေဝိန္ဒလျှင်၊ ဒိဗ္ဗစက္ခု၊ ဖန်းဆင်းရှုလော၊ အတုမမြင်၊ မြေအပြင်ဝယ်၊နှုန်းအင်ဖက်ကျွန်း၊ရဲကြွှန်းနှင့်၊ရှင်လန်းတုပေါင်း၊ စုံလွယ်ကြောင်းကို၊ ဆုတောင်းမိဌာန်၊ ဖက်မချန်သည်။ ။ပြင်တန်ချစ်တင့် ဖူးမည်ခွင့်။

## ၂၂။ ပဲခူးမိဖုရားဆိုရတု

(၁) ဣန္ဒနတ်လေ။ ။ဘယ်ကြောင့်ပေတည်း၊ နှင်းဝေကျလူ၊ မြေးဆီးဖြူတိ၊ လွင်မြူမထ၊ ဟေမန္တဟု၊ ချမ်းမြပင်ကို၊ လပြာသို့ဝယ်၊ နှိုင်းဆိုင်းစဆာ၊ ပမာမဆွယ်၊နှစ်ဘို့



ဝယ်လည်း၊ သည့်နွယ်မရှာ၊ ခုမှသာလျှင်၊ အာကာထွတ်ခေါင်၊ နေရောင်မပြေး၊ မှိုင်းရိပ်မြွေးလျက်၊ ကျူးဧသံရှင်၊ ထစ်ကျင်မဲ့သဲ၊ တိမ်တိုက်ထဲက၊ မင်းရဲမယ့်သက်၊ ကြင်ဘက်ချစ်တင့်၊ ခါဖြင့်ဖြိုးမောက်၊ ချီလေနောက်ကို၊ လွမ်းလှောက်စိမ့်မည်၊ တမှတ်တည်၍၊ ဘုန်းစည်ဒေဝ၊ ပဇ္ဇုန္နလျှင်၊ မာဃဆင်၊ ရေသွန်းရှင်သော်၊ ကိုယ်စင်ရေးရာ၊ ပြည်ဟသ်ာသို့၊ ရက်ကြာမချောင်း၊ နန်းပွင့်လောင်းကို။ ။လျှင်ကြောင်းပြန်ပါစေဦးလော့။

(၂) ချိန်မမှတ်နေ။ ။ချိုးလက်ရေ၍၊ ချီလေသည့်က၊ ကွာစဂကို၊ တက်ဆချေသော်၊ သုံးဘော်ရာသီ၊ ပြည့်ညီလွန်ကျော်၊ သို့စင်သော်လည်း၊ ခြေတော်စက်စုံ၊နန်းပွင့်ငုံလျှင်၊ ရွှေဘုံပြန်ရေး၊ မခန့်သေးတည်း၊ ပိုက်ထွေးရင်ညှို့၊ ဘယ်ခါနှံ့လျှင်၊ နန်းငြိမ့်ဘက်ဘုန်၊ ကြင်တန်ထင်ရှုံ၊ မွေးမိခင်းတူ၊ အိမ်သူအရှင်း၊ မယ့်သက်နှင်းနှင့်၊ [illegible]လွမ်းထပ်ပေါ်ရှုံ၊ ထည်မျှားခြုံသည်း၊ မလုံချမ်းအား၊ တင်းမေးခေါက်၊ နေစဉ်ကြိုက်ဝယ်၊ ကျူးရိုက်သင့်ခါသင့်ပဲ၊ မပွင့်တိမ်ပေါ်၊ ရှာလိုသော်လည်း၊ ဒေဝါမာဃ၊ ဣန္ဒနတ်ရှင်၊ ကျွန်းသက်တင့်ကို။ ။ရွှေရင်စုံလှာစေဦးလော့။

(၃) ဇိန္ဒမြတ်ဆွေ။ ။သုံးလူ့ဆွေကို၊ ရှိခသဲဝယ၊ ဆုယူတလျက်၊ မာဃနတ်သား၊ တိုင်လျှောက်ကြားလည်း၊ တရားမမွေ့၊ ဘယ်ကြောင့်မေ့လျက်၊ ရင်ငွေ့လုံးမစုံ၊ မယ့်သက်၊ ကြင်ဘက်မပေါင်း၊ သည်ချမ်းဆောင်းဝယ်၊



www.burmeseclassic.com

www.burmeseclassic.com



မပျောင်းရွက်မျှ၊ ကြွေကျမထင်၊ မင်းလှင်တောင်ဝေ့၊ လေမရွေ့တည့်၊ ချောင်းငွေ့စဲရိုင်၊ ကမ်းထိပ်ပြင်ကျွန်း၊ ပေါ်ထွန်းသဲပြင်၊ တူပင်ရွှင်ဝမ်း၊ ပည်းမွှမ်းကျူးအေး၊ ငှက်ကြွေးရှုယူမှီ၊ နဒီရေပြည့်ခါကိုကြည့်လည်း၊ နိုင်းရှည့်မတန်၊ ထက်ယုဂန်ကာ၊ ဗိမာန်ဘုံထက်၊ သန့်လျက်ယူသိမ်း၊ တကြိမ်းကြိမ်းလျှင်၊ လှည့်ယိမ်းနွဲ့သွား၊ ဘဝါ ဆန့်နှင်း၊ ကသိခြင်းနှင့်၊ သောက်လင်းထွေလာ၊ ဝင်းဝါလျှပ်ရောင်၊ မပြောင်စေရ၊ ပဇ္ဇုန္နကို။ ။မာသ မြစ်တာ ချေဦးလော့။

## ၂၃။ ပဲခူးမိဖုရားဆို ရတု

(၁) **အဘက်မဆွယ်။** ။အရဲဝယ်လျှင်၊ ပွဲလယ်ရွှေးစံ၊ စံမြဲစံ၏၊ တတ်ကြံလိမ္မာ၊ အဋ္ဌရသ၊ စသားလုံလေး၊ အရေးအရာ၊ ပညာမြော်မြင်၊ ဆင်ခြင်ကျင့်ရိုး၊ အမျိုးအမည်၊ တည်ကြည်လျှောက်ပတ်၊ မှတ်သည်ဖွေပေါ်တရားတော်ကို၊ ဖျော်ဖျော်လျှင်ထန်၊ မြွက်မြွက်မြန်၏၊ မင်းမွန်မယ်ကို၊ သာချိုလျှောက်ရာ၊ ကျွန်ုပ်နှာရှင့်၊ ငါးဝါငါးနှစ်၊ ငါးထွေဘာစ်လည်း၊ ချစ်ကျင့်တံ့တံ့၊ ရှုညံ့ဟုံ၍၊ မေ့သည်ထင်လည်း၊ သာရှင်စရုပ်၊ ထိမ်မြုပ်ချုပ်တည်း၊ ကြင်ဝမ်းနည်းသည်။ ။ညိုကြည်းကျွန် လှုပျက်ကိုသော။

(၂) **အသက်အရှယ်။** ။နွယ်တာလတွင်း၊ ရက်လည်ခြင်းဖြင့်၊ နောင်မင်းလည်းကြင်၊ မယ်လည်းကြင်၍၊ မကြင်စရာ၊ ကြင်မိပါသော်၊ ရှောင်ခွါနောက်ဆုပ်၊ ကြိုးစရုပ်နှင့်၊ ကျွန်ုပ်ကြံဘော်၊ အောက်မေ့သော်လည်း၊ ရှင်ကျော်



မြတ်ခေါင်၊ ဂတ္တာတောင်နှိုက်၊ ရန်အောင်ဝန်းလှည့်၊ တပည့်များလယ်၊ နေသပွါယ်လျက်၊ သောင်းသက်ရာဇာ၊ မဟာသိရိ၊ မုနိပုတ္တာရာ၊ ဘေးဆယ်မြွာကို၊ စဉ်ခွါကင်းရေး၊ ဗျာဒိတ်ပေး၍၊ နက်လေးသာရ၊ နဝဂုဏ်တော်၊ ပြင်းတောဇော်ကို၊ ထိပ်ပေါ်တင်ရွက်၊ မြဲချက်ကေန်၊ ဆုမိဋ္ဌာန်သည်။ ။**စိတ်သန် လွန်ဖြူ မြွက်ဆိုသော။**

(၃) **အသက်အရှယ်။** ။နောင်သက်လုယ်၍၊ ဝမ်းဝယ်ကောက်လိမ်၊ ချစ်ရာတိမ်လျက်၊ စိုးရိမ်မယ်နှိုက်၊ ရှိစဉ်ကြိုက်ကို၊ ချစ်ထိုက်မထင်၊ ကြင်သည်သဏ္ဌာန်၊ တည်မမှန်နှင့်၊ ကျွန်ငရဲသူ၊ ကြံရစ်လျူ၍၊ ဆာပူပျောင်းသမ်း၊ လွမ်းလည်းလွမ်းချင်၊ မလွမ်းချင်နှင့်၊ ဘိုးခင်ဘွားချစ်၊ ကျစ်လျစ်လျံညီး၊ ခင်ကြီးခင်ထွေး၊ နှောင်မွေးနှောင်းမြော်၊ မောင်တော်မောင်လတ်၊ ရံပတ်ထိန်းယ၊ စောင့်ကြပ်မ၍၊ နဝကိုးမည်၊ ငြိမ်းဟတ်သည်ကို၊ လှည့်သည်လည်တွင်၊ ထိပ်ပြင်ဦးလုံး၊ သိကုံးသိဆိုင်း၊ နေ့တိုင်းနေ့ည၊ မြတ်ဒါန ပြင်၊ ရောက်ရနရောက်မှန်၊ ရည်မိဋ္ဌာန်သည်။ ။နိဗ္ဗာန်ပန်ယူ မဂ်ဖိုလ်သော။

## ၂၄။ ပဲခူးမိဖုရားဆို ရတု

(၁) ရိုက်ရင့်တွန်၍။ ။ယုဂန်ထိပ်ချာ၊ နန်းအာကာဘ၊ လျှပ်ဝါပြောင်ညီး၊ စက်မီးညိုဝင်း၊ အနံ့လင်းသော်၊ သံညင်းသံထင်၊ ခြိမ့်ခြိမ့်ရှင်မျှ၊ မထင်စရာ၊ ထင်စရာတည့်၊ တောင်ညာနှင့်မြောက်၊ အရှေ့နောက်ပင်၊

www.burmeseclassic.com



ပတ်ကုံးဆင်လျက်၊ ဖူးချင်ခြည်စက်၊ မြင်မိခက်သား၊ လက်တွင် ရွှေထား၊ နားမှာပန်းစည်း၊ သျှောင်နက်မည်းတွင်၊ ပန်းသွယ်ဆင်မှ၊ အရှင်ကျဘဲ၊ နှင်းရည်ကဲ၍၊ လိမ် ပြုရှမ်းထပ်၊ စက်ပုံကပ်ဝယ်၊ ကရပ် အင်းဂျီ၊ဆင်ညီ မြဲဘော်၊ ရိပ်ရိပ်မြော်သား၊ မင်းကျော် မယ်ရှင်၊ဖူးလှာ ကျင်သည်၊ နှုန်းလျှင်သိထွေ၊ လွှမ်းညွှတ်ခွေစု၊ သပြေ သခင်၊ နတ်ရှင်ဘုန်းကြွယ်၊ နန်းထောက်ရှယ်သည်။ ။ အကယ်ရောက်လတ္တံ့ရာသော။

(၂) ကြိုက်တင့်ရန်၍။ ။ရွှယ်မှန်ပြန်ထောက်၊ အိမ်ရှေ့မြောက်သား၊ ထိန့်ချောက်ဇမ္ဗူ၊ ကျွန်းလုံးသူတို့၊ အတူတိုက်နှုန်း၊ သိမ်းရုံးခွန်စံ၊စံပျော်သောခါ၊ သာသနာသည်း၊ အဝါ-ပ-ထွန်း၊ရှန်းစေရာဟု၊ မင်္ဂလာကောင်း၊ နေ့တိုင်းလောင်းသည်၊ ငယ်ခေါင်းတူပင်၊ ရှည်ကျွမ်းဝင်သား၊ မယ်ရှင်စိတ်တို၊ သက်လုံးပ်၍၊ ခြေစုံစက်မှာ၊ ရှက်ချင်ရာဝယ်၊ အာဘာမိုးလုံး၊ လျှပ်ခြည်ဖုံးသော်၊ လျှပ်ကုံးဆင်လျှာ၊ ပယ်ကက်စဉ်ဝယ်၊ တုယှဉ်နှိုဘက်၊ နှန်းမှင်ဆက်ကြောင်း၊ မြှုက်ကောင်း၊ မဆောကြည့်သည်၊ ရှိမ်းရှိမ်းပြည့်စွ၊ ရှေးကညိုအဟန်၊ သနားပြန်သော့၊ လမ်းဝှန်လှည့်ကာ၊ မယ်ဗျာပါကို။ ... ၊မင်းလျှာမျှောက်လတ္တံ့ရာသော။

(၃) ဂိုက်နှင့်လှန်၍။ ။ချိန်တန်ခုသိ၊ မရောက်မီဝယ်၊ စုံစိစည်ထွန်း၊ ရှိမ်းရှိမ်းရှန်းသား၊ သက်နှင်းသဘင်၊ ရှေဟန်းရင်က၊မိုးပြင်ပတ်ပတ်၊နက္ခတ်ပေါ်ထင်၊မြဲမြဲမြင်



လျက်၊စင်လည်းအပြည့်၊ ရွှေလျှံမှည့်၍၊ ပွင့်လည်းကြိုင်မွှန်း၊ ခဲဝပန်းနှင့်၊ ရှန်းရှန်းညိုမြ၊ ရဲခေါင်လှသား၊ နိုင်းရမတန်၊ ပွင့်နန်းရန်ကို၊ ကြင်ဟန်ရွှေနှယ်၊ ကြင်မိရှယ်၍၊ မြို့လယ်မြို့ထံ၊ မြို့ရုံဝန်းကျင်၊ မြို့ပြင်မြို့နား၊ ဘုရားဟူ၍၊ လျှောက်စေ့ငှစမူ၊ အိမ်ရှေ့မဟာ၊ ဥပရာလျှင်၊ မေတ္တာတော်ချမ်း၊ မယ့်ကိုမှမ်း၍၊ အလွမ်းဆူလိုက်၊ ချစ်ကြိုးစိုက်က၊ သောင်းတိုက်ကျွန်းပြင်၊ ရာစင်ဝင်သည်။ ။ စွမ်းအင် လျှောက်လတ္တံ့ရာလော။

## ၂၅။ ပဲခူးမိဖုရားဆို ရတု

(၁) မြမြစင်၍။ ။အပြင်သွယ်ကျိုင်း၊ မယ့်သက်နှိုင်းလျှင်၊ စစ်ဘိုင်းပင်ပင်၊ ရန်မျိုးစက်သား၊ အောင်မြင်သည့်မျှော်၊ နိုင်ဘွယ်ပည်း၏၊ ဝုလည်းရေစ်စ၊ ပြက်ခဲ့မှဘည့်၊ ကာလအလစ်၊ သက္ကရာဇ်ကိုယ်၊ ထွေသင်မြဲခါ၊ ပြန်လာကာ၊ နံ့သာရည်ပြိုး၊ သိမ်မျှဖလျှင်တွင်၊ ရစ်ဆင်ပန်သွယ်၊ နားဝယ်ပန်တို့၊ ရှက်ညို့စည်ရန်၊ သစ်သစ်ခြယ်မြောင်၊ ကြိုးသက်ဆောင်မူ၊ စိမ်းရောင်ချ ပြိုင်၊ ချပ်ရေဖိုင်သား၊ ပွင့်ခိုင်ထွေးထွား၊ ခြုံအဖျားဝယ်၊ ပုံရှားဆွတ်ရွှေး၊ ကြိုင်ကြိုင်အေးသည်။ ။မုလေးခုံရှက် ဖူးမည်ခက်။

(၂) ပျပျဆင်၍။ ။မင်းလွှင် မှိုင်းဂန္ဓ၊ ရာသီစွန်းဝယ်၊ ညိုနှိုင်းရှင်ရှင်၊ စိမ်းဝိုင် သလျက်၊ ရုံဆင်ယာ သော၊ သာရာ၊ မြှောင်မှုံ သွ၊ ဌာနတိုပြည့်၊ တော့ဆည်ဟု၊ သာကြည်ရှင်ဝမ်း၊ မွှမ်းစည်ရှုက်၊ မိုးမှာ

www.burmeseclassic.com



ပျော်မှတ်၊ မိုးခနနတ်လည်း၊ ပတ်ပတ်ဝန်းချုပ်၊ အုပ်အုပ်ဆိုင်းမှမ်း၊ တိုင်တိုင်ရှမ်းလျက်၊ ကိုယ်စွမ်းကြိမ်းဝါး၊ ကိုယ်ပွားစီရင်၊ သန်လျက်ငင်၍၊ သွင်သွင်သွန်းကာ၊ နွဲ့ကရွာသည်။ ။တိမ်ပြာထပ်ရှက် ကျူးမြည်လျက်။

(၄) ဝန်းကျင်ရှက်ရွှေ။ ။လေမင်းခြွေသော်၊ ထွတ်မြေညှို့ထွား၊ သားရရှားတိ၊ ပွင့်ထွားလူလူ၊ ပင်တိုင်းပြူကာ၊ မယ်သူမြတ်ဆင်း၊ သက်လုံးနှင်းလျက်၊ ရတင်းတို့အား၊ သစ်ခတောင်နားဝယ်၊ စင်ဖျားချသည်၊ ရောက်ခတော့မည်ဟု၊ ရွှေပြည်နန်းမြို့၊ မယ်သို့ကြွားနှင့်၊ ကျော်ဆင့်ဆင့်သော်၊ ချစ်တင့်ပျော်ရာ၊ မေတ္တာထပ်ရှားများ-မခေဝးကာ၊ ချိုလေးလက်အောက်၊ ရှက်ခြောက်ညည်းရစ်၊ ပလောင်သစ်နှင့်၊ ကျစ်ကျစ်စီရင်၊ ကြိုးရည်ထင်သည်။ ။မြစ်ခွင်သည်ဘက် ကူးမည်ရက်။

## ၂၆။ ပဲခူးမိဖုရားဆို ရတု

(၁) ပါရမီမည်။ ။ဆယ်ပါးတည်၍၊ စိတ်ကြည်စွန်းစွန်း၊ စံမော်ကွန်းကို၊ ကူသန်းခက်နိုင်၊ မြို့မန်တိုင်သို့၊ ရောက်ပိုင်လေပြီ၊ ရောင်ညီခြောက်ဖြာ၊ လျှံဝင်းဝါသည်၊ မဟာသကျ၊ ဂေါတမလျှင်၊ သုံးဘဝဝယ်၊ ငါနှယ်ချွတ်စေ၊ ကိုးကွယ်လေဟု၊ မြတ်တောကိုယ်စား၊ ရည်ခန့်ထားလျက်၊ ကိုးပါးရောင်ထွေ၊ မော်တောမွေကို၊ သပြေဒီပါ၊ စကြဝဠာပတ်ပတ်၊ လူနတ်ဗြဟ္မာ၊ သဒ္ဒါရုံးပေါင်း၊ ရှမညောင်းသည်။ ။တသောင်းမြေအထုဘကား။



(၂) စာမရှိသည်။ ။ဘောသုံးမည်နှိုက်၊ ကျင်လည်ကျင်မြေ့၊ မြတ်မလေ့နှင့်၊ မရွှေ့နှလုံး၊ သူတော်ထုံးဖြင့်၊ ကျင့်သုံးမြတ်လေး၊ ကိုယ်အခမွှးကြောင့်၊ နှစ်တွေးမရည်၊ သေပိမ့်သည်သို့၊ လေးမည်ကျွန်းပြင်၊ ရပ်ရှစ်ခွင်ကို၊ ထွတ်တင်စိုးအုံ၊ တန်ခိုးနှံ့သား၊ ပွင့်အံ့တေဇော်၊ ဟိုးဟိုးကျော်သည်၊ ရှည်ဘော်သားချင်း၊ ယောင်းမမင်းမူ၊ ချစ်ခြင်းတူဟူ၊ စိတ်ဖြူသံချို၊ မိန့်ဆိုသော်လျက်၊ နဂိုရ်ဌာန၊ အဝစိုးနှံ့၊ မောင်နှံပျော်လှ၊ ခမေ့လေဟန်ကြောင့်၊ လျှောက်ပြန်ရှိညွတ်၊ သုံးလုံးထွတ်ကို၊ ပွင့်မှတ်ပေါစ၊ အမေဿကနှင့်၊ ဘဝနှောင်နှောင်း၊ မမေ့ကောင်းသည်။ ။အကြောင်းထွေယခုတကား။

(၃) ဓါအညီလည်။ ။ရတုသည်လည်း၊ ခိုင်စည်ကော်မြင့်၊ ယော်မင့်၍၊ ကြွေလင့်လေလှည့်၊ ရှက်သစ်ပြည့်သော်၊ နွေ၏ကာလ၊ မြမြရှက်တုံ၊ စည်လတုံကာ၊ ဖူးငုံလတ်သတ်၊ ပင်ထွတ်ထိပ်မှေး၊ ပွင့်နေပေါစ၊ အမေဿကနှင့်၊ ယောင်းမမျိုးရင်း၊ နောင်မင်းဦးထုံ၊ ဆင်းကြွန်စုံလျှင်၊ မယုံရွှေးကာ၊ ဖြစ်ခြင်းတကို၊ အဝပြည်ရှင်၊ ဆွေသည်လင်နှင့်၊ ချစ်ကြင်တူကွ၊ ရွှေနူတ်ဟ၍၊ လူ့ဘဘုန်းခေါင်၊ သိရှေအောင်ဟု၊ လက်ဂေါင်ပန်းမူ၊ ဆောင်းကျွန်းတွေကြိုဂိမှကူးပြောင်း၊ စည်ပြန်လောင်းသည်။ ။တပေါင်းနွေရတု တကား။

www.burmeseclassic.com

www.burmeseclassic.com



## ၂၇။ ပဲခူးမိဖုရားဆို ရတု

(၁) ဆို့ကျိုင်းစင်၍။ ။ရုပ်သွင်ချောမြ၊ သားဇောတကို၊ မိုးလကြယ်စုံ၊ ပတ်ဝန်းရံသို့၊တဆံခြမ်းလောက်၊မပြောက်မစွန်း၊ လွတ်စံကျွန်းဟု၊ ရံဝန်းရွှေမြောင်၊ ကိုယ်လုပ်ဘောင်ဝယ်၊ တန်းဆောင်ရည်စိုင်၊ မနိုင်းပြိုင်တည်း၊ ကြီးခိုင်နဂိုရ်၊ မြင်းမိုရ်ခါးပန်း၊ မြကျွန်းလကျာ၊ ဇမ္ဗူချာနိုက်၊ နရာရွှေထီး၊ တောဇမီးသို့၊ ဘုန်းကြီးသည်းပွတ်၊ လှခေါင်ထွတ်ကို၊ လွမ်းဆွတ်မည်၊ စိတ်ကြွပျံသည်။ ။ **မင်းဝံနန်းတောင်က တကား။**

(၂) ထုံ့ပိုင်းကြင်၍။ ။သာရှင်ဝေးမြေ၊ မေတ္တာဖြေလျက်၊ နေလေသလော၊ မင်းရဲဇောကို၊ တွေးတော ဆိုတမ်း၊ လွမ်းပလိမ့်မည်၊ ကျွန်းစည်ဇမ္ဗူ၊ ထိန့်ထိန့်ဘုမျှ၊ ထီးဖြူနှစ်ဆောင်၊ ဖိတ်လက်ပြောင်သည်၊ ထွတ်ခေါင်မြတ်ရာ၊ ကျ လက်ယာ ယက်၊ ရတနာ ဆောင်ချက်၊ ကိုးစည်မျက်နှင့်၊ ဘယာ မှုမျ၊ မည်သူ့လျှော်၊ မိုးသူနတ်ဟု ဆွယ်ဆွတ်လူ့ဘုံ၊ရွှေကြေးမုံသို့၊ ငါးစုံအင်နှင့်၊ ဆင်တိုင်းတင့်သား၊ နောင်မင်းသက်နှင့်၊ ပြစ်မဆံသည်။ ။ဆင်စံကျွန်းခေါင်စ တကား။

(၃) အုံ့မှိုင်းဆင်၍။ ။ဝန်းကျင်ရွှေ့နောက်၊ခုံတိုင်ကောက်လျက်၊ တမြောက်ပြိုင်ပြိုင်၊ တိမ်သားဆိုင်က၊ နှိုင်းပြိုင်မဲ့မော၊ ဇမ္ဗူကြောငယ်၊ မုနောခံဘန်၊ နန်းတို့ရန်၍ ဟုလွန်သက်မှတ်၊ မျိုးရှိန်မြတသည်၊ ဘုံထွတ်ရတနာ၊ နန်းသိင်္ဂါနှင့်၊ ပယ်သာဝတီ၊ ထိုသည်ပြိုဟု၊ အဆီယူလှည့်၊ လွမ်းလျက်ကြည့်၍၊ ရှိမ်းပြည့်ဗျာပါ၊ နေလှည့်ရာကို၊ ရောက်လှာလွမ်းရေး၊ လည်ဟာစ်ကြွေးလျက်၊ ခုန်တွေးမြူးလျှံ၊ မိုးနတ်စံသည်။ ။ဝင်လျှံပြောင်စွ တကား။

## ၂၈။ ပဲခူးမိဖုရားဆို ရတု

(၁) **သည်းလေစွလေ။** ။ရွှေဝဘုံမှာ၊ နန်းဆီမှာလျှင်၊ လျှပ်ဝါထမ်ဆင့်၊ လေပြည်ပင့်၍၊ ထစ်ရင့်ကြွေး ဟစ်၊ လောင်မီးပစ်သို့၊ မြရစ်သီတာ၊သွန်းချရွာသော်၊ မြောက်မှာခလမ္မ၊ မိုးကာကူ၍၊ တိမ်ဖြူမထင်၊ မှောင်တိပင်လျှင်၊ တပင်ပြေးသွား၊ ကြိမ်းဝါးသံပ၊ ယုဂန်ဝယ်၊ အလှစ်မှတ်၊ နှိုင်းရာလွတ်သား၊ ပျိုထွတ်ဆင်းရောင်၊ လေးယောက်မောင်လျှင်၊မြရောင်လျှံဖုံး၊တကြုံးကြုံးသည်။ ။ **ညဉ့်လုံးစွေလင့် လိမ့်မည်လော။**

(၂) မည်း**လေစွလေ။** ။ရွှေသီရော်၊ ကြည့်လိုက်မျှော်သော် တိမ်ပေါ်ပတ်ဝန်း မှောင်တိဘန်းလျက်၊ ညဉ့်ခန်းမဆုံး၊ နေ့လုံးမနေ၊ စွေလဲကလည်း၊ အလုပ္ပိမ့်လေး၊ နောင်းဆုံးမှသည်၊ ငယ်သွေးမြရောင်၊ ဆွကြွက်တောင်ကိုး၊ တင့်အောင်စစည်း၊ တင့်ရည်းမထင်၊ ညိုရုပ်သွင်နှင့် ကြာတင်မောစွ၊ ရှေ့ကိုလှဟု၊ ထပ်မျှလွမ်းစို၊ ပြေးနိုးနိုးသည်။ ။**သမ်းညိုးနေနှင့်လိမ့်မည်လော။**

(၃) **ပြည်းလေစွလေ။** ။ရွှေဝမှိုလယ်၊ လှမျိုးကြွယ်သား၊ ဘဲနွယ်တမျှ၊ ချောညိုမြကို၊ ထိန်းယာရွှေဘော်၊ မျော်ကြောင်း မျော်လည်း၊ မပျော်ညိုးငယ်၊ ရွှေမျှော်သယ်

www.burmeseclassic.com

www.burmeseclassic.com



တွင်၊ ပြုံးရယ်မဲ့ထွေ၊ နေလေအုံလော၊ သဘောငှက်တူ၊ ပျံတတ်မူကား၊ တွေးယူမခွ၊ ရောက်ချင်လှ၏၊ သက်မျှတူနိုး၊ နှောင့်သည်မျိုးသည်။ ။ချစ်ကြိုးခွေနှင့် လိမ့်မည်လော။

## ၂၉။ ပဲခူးမိဖုရားဆို ရတု

(၁) ညွတ်နွဲ့ဖွေရှာ။ ။နှောင့်ခြင်းရာကို၊ သိင်္ဂါရှောင်ချော၊ ရွှေသဘောနိုက်၊ ကြာမောဘွယ်သာ၊ ချူးမြှောကရိုက်၊ တမြုံလိုက်မှ၊ပြုံထိုက်ရာရာ၊ အပြာအရွှေ၊ အခြေ-အနား၊ ပတ္တမြားတီ၊ရောင်လျှံညီသား၊ မုနိရတနာ၊ ဆံထွတ်ချာကို၊ စက်ရာတော်ပါး၊ လေညာထားသည်၊ ဘုရားဘုန်းဝှန်၊ ဗျာဒိတ်ဖန်လေ့၊ မှန်နှံလိုက်ဘက်၊ မိနန်းဆက်နှင့်၊ ဖြူရွက်ညွန့်ညွန့်၊ ဆောင်းမိုးဖြန့်၍၊ ဆဒ္ဒန်သခင်၊ ဘုရင်ရန်နှစ်၊ ဥမျိုးစစ်ကို။ ။အချစ်ပန်းနှယ် ကုံးတော့သည်

(၂) ဆွတ်ခဲ့ပေကာ။ ။ပန်းသိင်္ဂါမူ၊ စန္ဒာဘိုးခဲ၊မဏိစွဲသား၊ ရဲရဲရွှန်းစက်၊ ဇာတိခက်သည် ရွှေလက်တော်လုပ်၊ ရှင်ရုပ်ရုပ်နှိုက်၊ ကျွန်ုပ်စေ့ရေ၊ ဆုယူထွေကို၊ ဘုန်းဝေမဟော၊ သိပါစေလော့၊ သပြေဟသာ၊ ကျွန်းမဟာထက်၊ စကြာရိပ်ဖြူ၊ ပြည်ထောင်သူတို့၊ သည်းအူဆက်ကပ်၊ စက်အောက်ဝပ်သည်၊ ဆယ်ရပ်ဒီပ၊ ဘဝရှင်မြေ၊ နန်းထက်မွေနှင့်၊ တဘေးတည်းမြစ်၊ ကြင်သည်ဖြစ်ကို၊ လွမ်းသစ်မရှုံး၊ ဖြောင့်ဖြောင့်သုံး၍၊ လက်ရုံးစကြာ၊ ရှင်ဘုန်းလျှ သည်။ ။တရာသက်ဖြင့် လုံးတော့သည်။



(၃) မှတ်လဲ့နေရာ။ ။မြော်ရှုရှာ၍၊ လေကာလသည်၊လင့်ရမည်ကို၊ ရွှေရည်ပုံသွန်း၊ နန်းဦးစွန်းက၊ ငယ်မှန်းသက်မှတ်၊ ကြာလေဘတ်လိမ့်၊ နေနတ်လျက်ကဲ၊ မင်းရဲကျော်ထင်၊ သခင်မင်းကျွန်၊ ဖြစ်ရဟန်ကို၊ ဝသန်ခုပင်၊ ကျွတ်စေချင်၏၊ လွမ်းပင်ပွားစည်၊ လွမ်းရသည်ကြောင့်၊ ချစ်ကြည်ထမ်းပိုး၊ ကဲတိုးရှင့်မှာ၊ နှောင့်မေတ္တာသည်။ ။ရွှေကြာပန်းနှယ် ရုံးတော့သည်။

## ၃၀။ ပဲခူးမိဖုရားဆို ရတု

(၁) အမြော်ခဲစွာ။ ။ဝတိန်သာဝယ်၊ နွယ်-အာသာသီး၊ ထောင်မှုကြီးသို့၊ ရွှေထီးဆောင်းသည်၊ ရွှေမြောက်စည်နှင့်၊ ရွှေပြည်စိုးရ၊ လောကကြွင်နှုန်း၊ နတ်ရှင်နန်း၏၊ ထောင့်ယွန်းမလှည့်၊ ရှေ့ခပ်တည့်ဝယ်၊ ခိုင်ပြည့်နီရောင်၊ ပန်းလှခေါင်ကို၊ ရည်စောင်ပြန်ပြန်၊ အဖန်ဖန်လျှင်၊ ပွင့်မှန်ပါစံ့၊ကြည့်ရှုငံ့၍၊ပန်းအံ့ဆုယူ၊မတော်သူကြောင့်၊ မွေ့ူသ-ပင်၊ ထွေထွေမြင်က၊ အလျှင်လွယ်တူ၊ တင်ဆက်ယူရှင့်၊ အတူစုံပေါင်း၊ ပျော်ရကြောင်းကို၊ မွှေပေါင်းဘုန်းမိုး၊ သုံးလူ့မျိုးလျှင်၊ ဖြိုးဖြိုးလျှင်စွာ၊ ဖြည့်တတ်ရာသည်။ ။ပြည်မှာဆံတော် ဘုရားကို။

(၂) မတော်ပဲသာ။ ။အရဲမည်ခံ၊အချစ်လံ၍၊ပြည်ဆံတော်စစ်၊ မြတ်ရှင်ချစ်ကို၊ ကြင်သစ်ကြင်ဟောင်း၊ ပေါင်း၍ကြိမ်ခေါက်၊ ကျွန်ုပ်လျှောက်အံ့၊ ပြိုင်ထောက်မင့်၊ နှမ်းမျိုးညှံ့သည်၊ ဖွံ့ဖွံ့ကျိုင်းတံ၊ မယ်သက်နှံလျှင်၊ ပရုံပ

www.burmeseclassic.com

www.burmeseclassic.com



ရာ၊ အလာအလာ၊ မယ့်မှာသူ့ဘို၊ မယ်သို့ထွေ့မှာ၊ သို့ချည်းသာကို၊ ရတနာမွေစစ်၊ မြတ်ရှင်ချစ်လည်း၊ ဖွင့်လှစ်ခြောက်ဖြာ၊ ပြာဋိဟာဖြင့်၊ ဖြည့်ပါစိမ့်သေး၊ ပန်းနီတွေးနှင့်၊ သံလေးကြည်လင်၊ ပူဇော်တင်၍၊ အလျှင်မည်သာ နိမိတ်လာသည်။ ။ရည်ရာကြံသော်သနားဆို။

(၉) တပေါ်နဲ့လာ။ ။မယ့်နေရာမှာ ပျူငှာရောပြွမ်း၊ ပျားရည်ဆမ်းသို့၊ သန့်စွမ်းတွေစိုင်၊ နောင်ဘုန်းခိုင်လျှင်၊ ဖြိုင်ဖြိုင်ပျိုပေါင်း၊မေတ္တာ လောင်း၍၊ကယ်ကောင်းထင်ရှင့်၊ ပြစ်တီလွင့်လျက်၊ သွေဖင့်ယွင်းယို၊ သူ့ကိုတွေ့လျှင်၊ သူ့ကိုကြင်၏၊ လည်တွင်ဆွဲရစ်၊ သူ့ကိုချစ်လျက်ကျိုးပြစ်ကိုထောက်၊ မယ့်ရှေ့ရောက်မူ၊ မယ့်မှောက်နိုက်တွင်၊ မယ့်သခင်သို့၊ ထိပ်တင်မတတ်၊ ကိုယ်သက်ပြတ်မျှ၊ ကိုယ်ဝတ်မာယာ၊ အဖြာဖြာဖြင့်၊ သသံရာရှေးက၊ လူ့ဒါနကြောင့်၊ဘဝတိုင်းပင်၊ တူပျော်ချင်၍၊ ရွှေစင်နားမှာ၊ လျှောက်ရလှာသည်။ ။သည်းလျာစံဘော်မခြားလို။

## ၁၀။ ရာဇဓာတုကလျာမင်းသမီး

## ( ၉၂၁-၉၆၄ )

ရာဇဓာတုကလျာ မင်းသမီးသည် ဘောင်ငူ ခေတ်တွင် ထင်ရှားသောအမျိုးသမီး စာဆိုတော်တဦးဖြစ်လေသည်။

သက္ကရာဇ် ၉၁၈-ခုနှစ်တွင် ဟံသာဝတီရွှေနန်းကို သိမ်းမြန်းစိုးစံတော်မူသော ‘ဆင်ဖြူများရှင်မင်းတရားကြီး’ (ဘုရင့်နောင်)



နှင့်‘ရာဇဒေဝီ’ဘွဲ့ခံ တပယင်းစတုဂ္ဂါမဏိ သမီး ရှင်ထွေးလှတို့ သင့်မြတ်ရာမှ သားတော်ကြီး ဇင်းမယ်ဘုရင် နော်ရထာစော သမီးတော် ရာဇဓာတုကလျာနှင့် သားတော်အငယ် သီဟဒတ္တ တို့ကို ဖွားမြင်လေသည်၊ ဟံသာဝတီဆင်ဖြူများရှင် မင်းတရားကြီးသည် ဟံသာဝတီမြို့တော်တွင် ‘မဟာစေတီတော်ကြီး’ ကို တည်တော်မူရာ ဓာတ်တော်မွေတော်များကို ဘုရားတွင် ဌာပနာသည့်နေ့၌ ရာဇဓာတုကလျာ မင်းသမီးကို ဖွားမြင်တော်မူလေသည်၊ ထိုသည်ကိုစွဲ၍ ‘ရာဇဓာတုကလျာ’ဟု တွင်ခဲ့ရလေသည်။

မောင်တော် နော်ရထာစောသည် ဇင်းမယ်ကိုအုပ်ချုပ်ရသဖြင့် ရာဇဓာတုကလျာကို ‘ဇင်းမယ်ဘုရင်၏နှစ်မ’ဟူ၍လည်း ခေါ်လေသည်။

‘ပိယေဟိဝိပ္ပယောဂေါဒုက္ခော၊ အပိယေဟိသမ္ပယောဂေါဒုက္ခော’ဆိုသော ဘုရားမြတ်စွာ မိန့်ခွန်းလှာတွင် ရာဇဓာတုကလျာ မင်းသမီးကလေး၏ ဖြစ်ရေးကုန်စင်တို့သည် အကျုံးဝင်သက်ရောက်လေသည်၊ နှစ်ပါးစုံမြတ်နိုးစုံမက်၍ မေတ္တာကြိုးရှက်နှောင်မိသော မောင်တော်နတ်သျှင်နောင်မင်းသားနှင့် အမျိုးငြိသော အကြောင်းတို့ကြောင့် မေတ္တာနှောင်ဖွဲ့ရေး နှောင့်နှေးကြာခဲ့သဖြင့် လွမ်းစာခွေရတုများရေးသားပြီး တပါးနှင့်တပါး ကူးလူးဆက်ဆံနေရဆဲတွင် ရုတ်တရက်ချစ်ခင်နှစ်သက်သူနှင့်ကွေကွင်းလျက် မစုံမက်မနှစ်သက်သူ အိမ်ရှေ့ဥပရာဇာ (မင်းရဲကျော်စွာ)၏လက်တွင်းသို့ သက်ဆင်းရပြီးလျှင် အိမ်ရှေ့ဥပရာဇာ သားတိုက်ပွဲတွင်ကျဆုံး၍ ကံတော်ကုန်မှ ချစ်ဟောင်း နတ်

www.burmeseclassic.com

www.burmeseclassic.com



သျှင်နောင်မင်းသားနှင့်ပင် စုလျားဆင်ရပြန်သည်၊ သို့ရာတွင် ရာဇဓာတုကလျာသည် တောင်ငူအိမ်ရှေ့မင်း နတ်သျှင်နောင်နှင့် တာရှည်စွာ မပေါင်းမသင်းလိုက်ရဘဲ ဂုဏ်လမျှသာပျော်ရွှင်စံစားရပြီးနောက် ကွယ်လွန်လေသည်။

ရာဇဓာတုကလျာသည် ရတနာသုံးပါးတွင် များစွာကိုင်းရှိုင်း၏၊ သိမ်မွေ့နူးညံ့သော သဘောလည်းရှိ၏၊ ကဗျာလင်္ကာဖွဲ့ဆိုခြင်းအရာ၌လည်း ကျွမ်းကျင်လိမ္မာလှပေသည်၊ အလွမ်း စိတ်ဓာတ်ရင့်သန်သူဖြစ်သည့်အတိုင်း ဆိုခဲ့သမျှသော စာများမှာ အဓိပ္ပါယ်ကျယ်ဝန်းနက်နဲ၍ အလင်္ကာဂုဏ် ထူးကဲပြောင်မြောက်လှပေသည်၊ လောကီလောကုတ္တရာပညာဉာဏ် ရင့်သန်သလောက် ကျော်စောထင်ရှားသော စာဆိုတော်တယောက် ဖြစ်ခဲ့ရပေသည်။

ရာဇဓာတုကလျာမင်းသမီးဆို၊ ကျေးစေရတုပိုဒ်စုံ

(၁) ဟေမဝန်မှာ။ ။တောသာတခန်း၊တောင်ထောင့်ယွန်း၍၊ သိုက်နန်းဗိမာန်၊ ခုမှသွန်၍၊ ဘုန်းဂုဏ်သနင်း၊ မွေး၍ပြင်းသား၊ တတ်ခြင်းနားဝင်၊ လူမှုကျင့်သည်၊ မြသွင်ကိုယ်မွေး၊ စိန့်ပြည်ကျေး။ ။ခြားဝေးမြေရှည်၊ တရပ်ပြည်ကို၊ ဖွေနည်လုပ်ကြံ၊ ခန့်တိုင်းနှံ၍၊ ယုံ့ထံဘုံနန်း၊ ရွှေမြို့ကွန်းသို့၊ စခန်းလှည့်ချီ၊ ပျံလေပြီဟု၊ မိုးဆီတိမ်တွင်း၊ လေကိုချင်း၍၊ လျင်ပြင်းသွားလေ၊ လျှောက်နှင့်ချေလော့၊ မြေတောပထွန်း၊ ဘုံရွှေနန်းဝယ်၊ ဘက်ကျွန်းစံတင်၊ နောင့်သခင်မူ၊ ဖူးချင်သံပျောင်း၊ မှီအုံးလျှောင်းသည်။ ။ညောင်စောင်း ကျက်သရေဝယ်သော်။

(၂) ဝေဇယန္တာ။ ။နန်းသာ တုလွတ်၊ ဘုံများ ထွတ်ဟု၊ သုဒဿန၊ နာမတွင်သည့်၊ သိကြားတည်သား၊ အမည့်လွမ်းရှိန်၊ တာဝတိန်နှင့်၊ နိုင်းချိန်ပြိုင်ဆွယ်၊ ရွှေဇင်းမယ်သို့၊ မှတ်ရွယ်တူရူ၊ ပျံလေမူကား၊ သဲဖြူပေါ်ထွန်း၊ ပြင်သာကျွန်းနှင့်၊ ရစ်သန်းမြလား၊ သံလွင်နားဝယ်၊ ပန်းအားပြေရုံ၊ နားပြီးတုံမှ၊ သဲပုံပုထိုး၊ သုံးလူမျိုးကို၊ ညွတ်ကျိုးကော်ရော်၊ ပူဇော်ခဲ့လျှင်း၊ တည၌တွင်းမှ၊ မလင်းမီခင်၊ သောက်ရောင်ထင်က၊ စောစောထ၍၊ ဌာနမင်းနေ၊ ဘုံရွှေမြေသို့၊ ညနေချမ်းမှန်၊ ရောက်လေတန်၏၊ သဝန်ခွေစာ၊ ဆက်လိုက်ရာကား၊ သခ်ါအစစ်၊ အာနိနှစ်တွင်၊ မြခြည်တင်သို့၊ အသွင်နတ်လောင်း၊ ရှုမညောင်းသည်။ ။ရောင်ကောင်းညက်ထရွှေဝယ်သော်။

(၃) စေတမန်သာ။ ။ဝသန်စာနှင့်၊ပျူငှါသံဖြူ၊ မောင်နှုတ်ကလျှင်၊ ခွန်းမျှမကျန်၊ မှာတိုင်းပြန်လော့၊ နှောင်းစွန်ဖွားမြင်၊ မိသခင်၏၊ လေးပင်သာပျော်၊ ငယ်မည်တော်ကို၊ ထုတ်ဖေါ်မရက်၊ စုံမက်လှည့်ကား၊ ကြံဆုကြံပြန်၊ မိုးသို့ဝှန်မျှ၊ ရွက်ဟန်ထူးခြား၊ စကားဖြူညက်၊ မဥ္ဇူခက်ကို၊ ဆက်လိုက်သော်လည်း၊ ရွှင်ပျော်နှစ်ခြိုက်၊ မီးရောင်မြိုက်မူ၊ ဦးနှိုက်စံပယ်၊ မဆင်ဖွယ်ဟု၊ ဘုန်းကြွယ်တုလွတ်၊ စွယ်တော်မြတ်ကို၊ ရှိသ်မှတ်ရည်ထင်၊ ပူဇော်ဘင်၍၊ သံရှင်သံညောင်း၊ ပြည့်ဆုတောင်းသည်။ ။နှောင်နှောင်းဘက်မကွေ့ရွယ်သော်။

www.burmeseclassic.com



## ဇင်းမယ်မိဖုရား
### (၉၄၁-ခန့်)

ဇင်းမယ်မိဖုရားမှာ အမျိုးသမီးရတု စာဆိုတော် တဦး ဖြစ်သည်၊ ပြည်ဘုရင်သတိုးဓမ္မရာဇာ၏ သမီးတော်ဖြစ်၍၊ ဇင်းမယ်သူရင် နော်ရထာစော၏ မိဖုရားဖြစ်ပေသည် အချို့ စာများတွင် 'ရာဇဓာတုကလျာကို'ကို 'ဇင်းမယ်မိဖုရား'ဟု စာခေါင်းတပ်ကြပေရာ အမှတ်အယူ လွဲမှားဘွယ်ရာ အကြောင်း ရှိနေပေသည် ဇင်းမယ်မိဖုရားအကြောင်းနှင့် ပတ်သက်၍ မှန်နန်းရာဇဝင် တတိယတွဲ စာမျက်နှာ ၅၃-တွင် ဤသို့ဖေါ်ပြထားပါသည်။

'နော်ရထာမင်းစောလည်း တုလောင်း တောင်သို့ ရောက်လျှင် ဇင်းမယ်မိဖုယား သားတော်ကို မျက်နှာမြင်၍ ထိုအရပ်တွင် ဆယ်ရက်ကျော် စံနေတော်မူသည်၊ တုလောင်း တောင်တွင် ဖွားမြင်သည်ကို အကြောင်းပြု၍ မင်းသား တုလောင်းဟု မှည့်တော်မူလေသည်။'

အမှန်မှာ ရာဇဓာတုကလျာသည် မြန်မာစာပေလောကတွင် ရတုဘုရင် နတ်သျှင်နောင်နှင့် တွဲဖက်၍ ကျော်ကြား ထင်ရှားပြီးဖြစ်ပေသည်၊ ဟံသာဝတီ ဆင်ဖြူများရှင် မင်းတရားကြီး (ဘုရင့်နောင်)နှင့် 'ရာဇဒေဝီ'တို့မှ ဖွားမြင်ခဲ့သည့် သားဘော် သမီးတော် သုံးဦးအနက်မှ အလတ်ဖြစ်သည်၊ မောင်ဘော်ကြီး နော်ရထာစောသည် ဇင်းမယ်ကို ဘုရင်အဖြစ် အုပ်စိုးရသောအခါတွင် နှစ်မတော်ဓာတုကလျာသည်လည်း 'ဇင်းမယ်ဘုရင်၏နှမ'ဟူ၍ ထင်ရှားခဲ့ပေသည်၊ရာဇဓာတုကလျာမှာ ဤသို့ထင်ရှားပြီးဖြစ်၍ ဇင်းမယ်မိဖုရား'နှင့် ရောနှောကာ အမှတ်အယူလွဲမှားဘွယ်ရာ အကြောင်းရှိမည် မဟုတ်ခတော့ပေ။



### ၁။ ဇင်းမယ်မိဖုရားဆို ရတု

(၁) **မင်းသာစံခင်း**။ ။ဒေအာင်မြေမှန်ကင်း၊ ပြည်မျှားမင်းနှိုက်၊ ရောင်လင်းဝှန်တောက်၊ ကွန်ရက် ခြူးပြောက်၊ ရွှေတိဖောက်သား၊လေးယောက်မုတ်ယံ၊ခြင်သေ့ခံလျက်၊ မင်းစံသိင်္ဂါ၊ ရတနာ့ပြောင်ရွှန်း၊ ဝေယန်နန်းနှင့်၊ မျှားလွန်းမဂေး၊ ထောင့်ကွေးရှုမျှော်၊ ဥယဉ်တော်ဝယ်၊ စံပေါ်ဒနာ၊ ညွှာကားမြဆင်း၊ ပယင်းရွှေသား၊ ပြယိုးယားတည့်၊ ပွင့်ထွားချပ်ရောင်၊ ပန်းစံခေါင်ကို၊ညိုရောင်ဖြစ်လွင့်၊ ရွှန်းရွှန်းတင့်သား၊ နောင်မင်းကြင် ဘက်၊ ရွှေသားလက်နှင့်၊ မြရွက်ကေသျှင်၊ ထိပ်ခေါ်ပြင်နှိုက်၊ ဆင်စလှည့်လေ။ ။ပြာစင်မွှတ်ချော ဆင်းနတ်လျော။

(၂) **ဆင်းဝါလျှံလင်း**။ ။ရိပ်ချောင်ခန်းတွင်း၊သာရွှေဝင်းနှင့်၊ ပြင်ရှင်းညိုသွယ်၊ ရှပ်ဆင်းနိကာယ်၊ သနားဘွယ်ကို၊ ပန်းနွယ်လည်တွင်၊ ဆင်လည်းမရက်၊ ဆယ်ကြိမ်ဦးထက်၊ မင်းစံလျှက်သို့၊ ချစ်သက်စုဝေ၊ မယ်ထူးဘော်ကွေ၊ ကျန်ရစ်လေသော်၊ မင်းနေဌာန၊ ဟံသာဝတာသည်၊ သုဝဏ္ဏဘုမ္မိ၊ ကျောက်တိရုံမြို့၊ နောင်တို့ခနုတည်၊ဇင်းမယ်ပြည်သို့၊ သာကြည်လျှင်ဆော၊ ရောက် စေ သောဟု၊ စိတ်ဇောစေတနာ၊ သဒ္ဒါကြည်ယုံ၊ ကောင်းအာရုံနှင့်၊ ကိုးနှိုင်သရွေ့၊ မခမ့မကျန်၊ တံခွန်မီးစာ၊ ကွမ်းယာစည်းလှော်၊ ပေါက်ပေါက် ဆန် စင်၊ နံ့ရှင်းကုင်ရွှမ်း၊ သင်ပုတ်ဆွမ်းနှင့်၊ ချစ်ကျွမ်းဝင်သည်၊ သခင်နံ့ဘော်၊ မြဲကျော်ဘုရား၊ သုံးလူဖျားကို၊ ကိုယ်စားသို့မင်းဆုချည်း



www.burmeseclassic.com

www.burmeseclassic.com



ထင်၍၊ ဆက်တင်သည်လည်း။ ။မဥ္ဇူ နှိုင်းလျော နောက်မှဲ့လော။

(၃) ခြင်းရာသံညင်း။ ။နွတ်ရွှေပျံ့ရှင်း၊ ရွှေဘော်ချင်းနှင့်၊ လွမ်းတင်းဆို၍၊ ပြာညိုရောင်မြူး တ လိမ့်ဖြစ်ကို၊ချစ်စိတ်တူသည်၊ အိမ်သူငယ်ကျွမ်း၊ လွမ်းတို့ခေါစွ၊ ဝေးကရောက်အောင်၊ စာစောင်တံဆိပ်၊ချစ်ရိပ်မှာထား၊မကြွားသံဆင့်၊ မြင့်သကားဟု၊ ထွေပြားမှတ်တော်၊ ယင်းသို့သော်လည်း၊ နတ်လျော်ဆင်းကြန်၊ မျက်မာန်ရှိနိုး၊စိုးတို့နှင့်စွ၊ ငြိမ့်မျှရင်တွင်း၊ မြောက်လေကြွင်းနှင့်၊ ဆီးနှင်းဖြန်းချ၊ သောကာလဝယ်၊ မြလက်ရုံကို၊ အုံးတို့စေ၍၊ ရင်ရွှေတူကွ၊ မစက်ရဟု၊ ရှုတလှည့်တုံ၊ ဆင်းမြင့်နှင့်၊စုံချင်စွလည်း။ ။မြကျော်တွင်မောမြတ်ရှင်စော။

## ၂။ ဇင်းမယ်မိဖုရားဆိုရတု

(၁) သင်နှင့်ရက်နွေ။ ။ဆီးခဲကြွေက၊ တိမ်ခြေမှာလည်း၊ မြတည်းတည်းလျှင်၊ တောင်ကြည်းမြိုင်စည်၊ ရဂုံသည်လည်း၊လေပြည်လွင့်မှုတ်၊ ရွှက်ဟောင်းပြုတ်က၊ကျေးနှုတ်ဖူးသစ်၊ တွန့်တွန့်ရစ်၍၊ ပုရစ်ဆင့်ပြန်၊ ညောင်းနှုလှန်သော်၊ ခြောက်တန်နတ်ဘုံ၊ သာမျိုးစုံသည်၊ ကဆုံပြည့်ထွက်၊ စွန်းကိုးရက်ဝယ်၊ နန်းဆက်ပွင့်လျှာ၊ ကေသရာသို့၊ စကြာဖြန့်ဝန်း၊ အောင်မြို့ယွန်းကို၊ မြန်းမည်တူရွှေ ချီသည့်နွေက၊ နှအောက်မေ့လွမ်းစဉ်၊ ဖြေဖျဉ်မသာ နေလှည့်ရာကို၊ ဟံသာဇမ္ဗူ၊ နန်းမြင့်သူက၊ သည်းအူ



မဆိ့၊ လွမ်းပျံ့ခြင်းရာ၊ ယှံကျွန်စာနှင့်၊ မေတ္တာရစ်နှောင်၊ ချောညိုရောင်သည်။ ။လွမ်းအောင်မှာလတ်မြန်ဘိသည်။

(၂) တင်မြစ်စက်ကျွေ။ ။အာသရေတိ၊ မြူ တေ လျှံတက်၊ ဝေပူမျက်သို့၊ နက်ထက်သော်မှ၊ လူ၏ကျူးကျော်၊ ဆိုမိသော်လည်း၊ ရှင်ပျော်မညှိုး၊ မြတ်နိုးစုံမက်၊ သက်ထက်ဆယ်ပြန်၊ ကြင်မောလွန်၍၊ ဖြစ်မငွေ့တည့်၊ ချောမွေ့မှတ်စင်၊ သက် သ ခင် ၏၊ ရွှေရင်လှည့်နှံ့၊ ချီ ခဲ့ ဆန့်သော်၊ ရှန့်ရှန့်လှပ်လှပ်၊ ကုမုဒ်ချပ်သို့၊ ကျည်းဖွပ်ဝေးဖြစ်၊ ပိတ်ပြေသစ်ကို၊ မနစ်ရှာတုံ၊ စက်တိုင်ရုံ၍၊ လုံစလေ့ကို၊ မြည်းဝေ့လေသွန်၊ မင်းလွင်ပြန်က၊ကျူးလွန်ထစ်ပြောင်၊ နတ်ဘုန်း ခေါင်သည်။ ။ချမ်းအောင်ရှာ လတ်မြန်ဘိသည်။

(၃) ကြင်ချစ်သက်ဝေ။ ။စုံနှင်းပေကာ၊ ရှိသေတုံ့ ဆပ်၊ ချစ်မလပ်တည်း၊ ချောသပ်ဝင်းညို၊ ဘုန်းသစ်ပျို့နှင့်၊ မြသို့မယွင်း၊ သွယ်နွဲ့ရှင်းလျှင်၊ သလင်း ပြက်စောင်၊ သုံးဆက်ချောင်နှိုက်၊ ရုံထောင်ပြောက်သေး၊ ကြိုင်မွှေးပျံ့ကြူ၊ မဥ္ဇူသွတ်အုံး၊လက်ရုံးဖြေသန်း၊ နှရန်းစွန်တောင်၊ စက်ရာညောင်ထက်၊ ဝန်းမြောင်ရုံဆီး၊ ဆိမ်းပြောင်ရှန်း၊) သောက်လင်းထွန်း၍၊ ရှန်းရှန်းရင်ငွေ့၊ တူစက်လေ့ကို၊ အောက်မေ့မြင်မက်၊ ညဥ့်သန်နက်ဝယ်၊ မြိုင်စက်ရှန်းအောင်၊ နှောင်ရုံခေါင်သည်။ ။တမ်းပေးတင်ရှာလတ်မြန်ဘိတည်။

www.burmeseclassic.com

www.burmeseclassic.com



## ၃။ ဇင်းမယ်မိဖုရားဆို ရတု

(၁) ရွှေယွန်းအောင်မြေ။ ။မယ်တို့နေသည်၊ သမြေနတ်စည်၊ ဘုံနန်းပြည်မူ၊ သာသည်နှင့်နှင့်၊ သို့ခါတွင်နိုက်၊ ယဉ်ရှင်တွေ့တွေ၊ ရေလည်းကြည်မြက်၊ သားငှက်အပေါင်း၊ သံညောင်းရှင့်မြည်၊ ရဂုံစည်သား၊ လေပြည်လည်းလွင့်၊ ရွက်ဟောင်းဆင့်က၊ ဖူးရင့်ငုံကင်း၊ အင်ကြင်းခက်ဖြာ၊ ရင်းမာကစ၊ သော်ကစုံစီ၊ သရဖီကံ့ကော်၊ စွယ်တော်ရင်ခတ်၊ ဖက်ဆွတ်ကြိုင်မွှန်း၊ အနန်းသဇင်၊ ဂမုန်းအင်နှင့်၊ ပည်းဖြင်ပန်းပေါင်း၊ ကြိုင်နံ့လှောင်မျှ၊ တပေါင်းနွေပြန်၊ ဂိမှာန်သနစ်၊ သာသည့်ဖြစ်ကို၊ မောင်ချစ်မဖူး၊ ကိုယ်ထူးနှမ၊ မြင်လကလည်း၊ ကာလသို့ဝယ်၊ ကြိုင်မျိုးကြွယ်သား၊ ဇင်းမယ်အောင်မြို့၊ နန်းရပ်သို့ဟု၊ ယွန်းဘုံသခင်၊ ဖန်စီရင်သည်။ ။မြန်လျင်လည်းလေ အခေါင်ထိပ်မိုး နန်းနေရှီး။

(၂) နေဝန်းခေါင်ပေ့။ ။လျှံလျှံဝေသား၊ သပြေတန်ဆောင်၊ ပွဲတိုင်း အောင်သည်၊ ဘုန်းခေါင် ရန်နင်း၊ မယ့်သည်ရင်းလျှင်၊ လင်းဇင်းရပ်စည်၊ ဥတည်မြေဝေး၊ စိန့်ပြည်ကျေးသို့၊ ရန်မြေးသုတ်သင်၊ ပယ်အံ့ထွင်ဟု၊ စက်ရှင်ရဲရဲ၊ ချီခဲ့ရှိသော်၊ ဝမ်းကွဲငမ်းပါး၊ ဆည်တားမသာ၊ မယ့်ခြင်းရာကို၊ ငမ်းမွှာစေ့မျှ၊ အောက်မေ့ကလည်း၊ နှမယ်ထူး၊ မပျော်ဘူးတည်း၊ တန်ခူးသို့စင်၊ မတိုင်ခင်ဝယ်၊ အောင်မြင်ပါလွှယ်၊ ဘုန်းမြင့်ပယ်၍ ဇင်းမယ်ဟူသည်၊ ရန်သူတကာ၊ ကျိုးနွံမှာသား။



သီတာရစ်မြောင်၊ တောင်လည်းဆိုင်းဆိုင်း၊ ရံတန်တိုင်းနှင့်၊ ပြိုင်ခိုင်းမဲ့လွန်း၊ ရွှေယွန်းသခင်၊ နောင်ရဲထင်သည်။ ။မြန်လျင်တည့်လေ အခေါင်နေမျိုး မယ့်ထိပ်မိုး။

(၃) ခွေမြန်းတောင်လေ။ ။ရွက်ဟောင်းကြွေက၊ ငုံရွှေလူလူ၊ မြရည်ဟူသား၊ နံ့ကြူကြိုင်မွှန်း၊ ခပ်သိမ်းပန်းကို၊ ဦးစွန်းထိပ်ပြင်၊ ဆင်လည်းမတတ်၊ ရဲထွတ်သီဟ၊ မွေးဘမင်းကျော်၊ မယ်ဓတော်တူလှ၊ ချီလေစက၊ ယုယသိမ်းချုပ်၊ သတိအုပ်၍၊ ညွှတ်တုတ်ကော်ရော်၊ ကိုယ်စားတော်ကို၊ ဖြကျော်ဖြသိန်၊ ရောင်ထိန်ဝင်းဝါ၊ မဟာစေတီ၊ သီညီကျော်လောက်၊ မြို့တောင်နောက်ဝယ်၊ ရပ်စောက်ဘုရား၊ တောင်ဖျားအထိပ်၊ ဖြသဒိပ်ဟု၊ တံဆိပ်မှန်ကင်း၊ နေသို့လင်းလျက်၊ မြို့တွင်းမြို့ပြင်၊ ပေါ်ထင်ရာရာ၊ သဒ္ဒါဆင့်လောင်း၊ ဆုယူပေါင်း၍။ တောင်းနှင့်၏လေ တက်သစ်တန်ခိုး ရဲနေမျိုး။

## ၄။ ဇင်းမယ်မိဖုရားဆိုရတု

(၁) ညွှတ်ခဈောက်လေ။ ။မှတ်နွားစွေလော့၊ လှနေတင့်ဆုံး၊ နတ်တို့ကုံးသား၊ ကိုယ်လုံးမြူခတ၊ မြနန်းနေသည်၊ တက်ထွေပညာ၊ ကျေးတကာဝယ်၊ ရာဇာသူဝ၊ စံကေလျှင်၊ ပျံကြွလေကြောင်း၊ မြို့ကျိုင်းတောင်က၊ တပေါင်းဆန်းတက်၊ ဆဲ့နှစ်ရက်ကို၊ ကြင်ဆက်ရှင်မောင်၊ ရန်မျိုးအောင်၍၊ ရွှေတောင်ရွှေနန်း၊ ရွှေ

www.burmeseclassic.com



ယွန်းရုပ်သာ၊ ပြည်အောင်ချာသို့၊ စကြာရွေ့ရည်၊ မြန်ရောက်မည်ဟု၊ တိမ်ခြည်ကောင်းကင်၊ လွန်ခြေလျင်သည်။ ။သံလွင်မြစ် တဘက်ကသော။

(၂) နတ်မျှကြောက်လေ။ ။တွေ့တိုင်းခကြွလျက်၊လက်ခြေမဆံ့၊ ကြွားတိုင်းအံ့သား၊ အလွှံ့ရန်မျိုး၊ ထန်းလည်ချိုးသို့၊ ရှံ့စိုးနှစ်ဖန်၊ နောက်မလှန်တည်း၊ မိုင်းခွန်စိန့်ပြည်၊ ဥတည်ရုပ်သား၊ ဝပ်ကာတွားလျက်၊ မှတ်သားရှိညွှတ်၊ စန္ဒီနတ်လည်း၊ ကိုယ်လွှတ်ပြေးသက်၊ မြို့ကထွက်၍၊ ကြောက်မက်ဘွယ်ပေ၊ ရှုံလှလေ၏၊ သပြေတလှစ်၊ ချီ၍ပစ်သို့၊ ဘုန်းသစ်ရင့်သန်၊ တို့တံခွန်လျှင်၊ ကြောင်းဝှန်သံခြေ၊ မိန့်လိုက်ပေက၊ စုံနေသာရှင်၊ မိသခင်နှင့်၊ လည်တွင်ပျှံ့ပျူး၊ ဆွဲရစ်ကျူးသည်၊ သားဦးလွန်းကြင်၊ ဘခင်သက်မျှ၊ မွေးချစ်ဘကို၊ ဝေးကစိတ်တွင်၊ ရေးရေးထင်လျက်၊ ပီပြင်လိမ်မာ၊ ကြင်ဘွယ်သာတည်း၊ စစ်တာဝေးမြေ၊ ကြာရပေက၊ တိမ်ခြေကောင်းကင်၊ ငှက်အသွင်သို့၊ ရောက်ချင်လှထွေ၊ လွမ်းစိတ်ခွေသည်။ ။**စေ့ရေခန့်မတွက်ဆသော။**

(၃) ဆွတ်မျှမြောက်လေ။ ။ဆီးခဲကြွေက၊ ဝေးမြေရပ်ထူး၌ မရောက်ဘူးတည့်၊ မိုးဒူးသိန်းနှီ၊ ကျော်ညီလှံ့ကြွား၊ ကိုင်းမားတခွင်၊ ဝန်ဆင်ရောက်ကိုင်၊ ဘုန်းနှံ့လှိုင်က၊ မပြိုင်နိုင်းထောက်၊ ကြွေလွင့်ပျောက်သား၊ ရွှေ့နောက်ထက်ဝန်း၊ ရဲပန်းကြိုင်အေး၊ ကျွန်းလုံးမွေးမျှ၊ နီးဝေးရှုံလည်၊ ရှိကြာရည်လျက်၊ **စက်ခြည်လျှံဝင်း၊** တဝါ



တင်းမှု၊ ဆောင်းကြွင်းနွေစ၊ သာသည့်လဝယ်၊ မျှားလှပည်းသီ၊ ခေါဘုတ်နှင့်၊ ကြွချီပြန်ရောက်၊ စခန်းထောက်ကို၊ လျှောက်မသော်ရေပေါင်း၊ ရွှေနားညောင်းခဲ၊ လေကြောင်းပျံ့လေ၊ ရောက်လှာပေသည်။ ။**အောင်မြေကျွန်း အချက်က သော။**

## ၅။ ဇင်းမယ်မိဖုရားဆို ရတု

(၁) လကဆုံလျှင်။ ။ပဉ္စုန်မိုးဦး၊ အလွန်မြူး၍၊ ရိုက်ကျူးသံသာ၊ သွန်းချရွာသော်၊ သိင်္ဂါမုတ္တာ၊ ပေါ်သမျှကို ယုယရွေးသီ၊ ကုံးမြောင်စီ၍၊ ဆီသည်းပုံ့ရှင်၊ ကေသျင်ရစ်လုံး၊ ပန်းရောထုံးလျက်၊ တင့်ဖုံးစီရင်၊ နှန်းအင်နတ်ပြီ၊ ချုပ်ညှိရိဝယ်၊ စိမ်းနီကွပ်ကပ်၊ ပန်းသပ်ကြိုင်စွာ၊ ကျည်းခါသာကို၊ မြိတ်မှာစွန်းဘွဲ့၊ တုမဲ့နိုင်းရာ၊ ဆင်ဇကာလျှင်၊ ဂီဝါထွန်းတင်၊ အာနိရှင်ကို၊ လှော်စင်ဆယ်မီး၊ ပတီးပြောက်ကွင်း၊ ပယင်းလျှံပတ်၊ လက်လျှောက်ဝတ်၍၊ ညှိုးဆွတ်မလန်း၊ မှီအုံးဝန်းဝယ်၊ ရေကျွန်းကြာတူ၊ သည်းအူဖန်လဲ၊ မယ်ထူးနွဲ့သည်။ ။**မင်းရဲစုံသော်မတင့်လော။**

(၂) မျှမစုံခင်။ ။ဝါရောက်လျှင်က၊ မရှင်ဘယ်သို့၊ လွမ်းနိုင်မြို့အံ့၊ ဂင်းဘိုစောင့်နေ၊ ဧက်ရွှေပြောင်လည်၊ လွမ်းသည်မျှားမြောင်၊ စာစောင်ဆောင်းပါး၊ နွေကားကုန်လု၊ ညှန့်နုစီရင်၊ ထက်ကောင်းကင်က၊ သဘင်မိုးလ၊ နတ်မကြွသော်၊ ရွှောင်ကြလူဝယ်၊ ထိမ်းမြားပယ်၍၊

ညှိုးငယ်လည်းရ၊ ဝါကျွတ်မှဟု၊ မာသဆန်းမည်၊ နိုးပြီးသည်ကြောင့်၊ ဖြေဆည်မပျော်၊ ရှိလှည့်သော်လည်း၊ တိမ်ပေါ်ခြိမ်းမဲ၊ မို့မို့ဖွဲ့သည်။ ။လင်းကဲ ခံုသော် မရင့်လော။

(၃) ရ အယုံပင်။ ။သောခါတွင်နှိုက်၊ မရှင်မပျ၊ လွမ်းခြင်းတကို၊ တေဇလက်ရုံး၊ ရဲဆုံးလျှံဝေ၊ မယ့်ကြင်ဆွေကြောင့်၊ တွင်နေကြာကြာ၊ မတင့်ပါခဲ့၊ ဗျာပါခွေညွှတ်၊ သည်းအူပြတ်မျှ၊ နေမှတ်လေသွန်၊ နန်းတော်စွန်က၊ သလွန်မွေ့ရာ၊ အိုးမှာတိုးခြူး၊ ရုပ်ပူးစုံစေ့၊ ခြင်သေ့ပြောက်မွန်၊ ပိတာန်စိန်ဖြစ်၊ လည်ရစ်ကာမြဲ၊ ပန်းပေါက်ကြဲသည်။ ။သင်းတွဲဘုံကျော် မမြင့်လော။

## (၆) ဇင်းမယ်မိဖုရားဆို ရတု

(၁) သက်မှတ်ကြင်ရည်။ ။ဆင်းစံတည်ကို၊ ဝိုက်လည်ဖန်များ၊ ကျွန့်ဖြစ်လားမူ၊ သနားအောင်အောင်၊ လက်ဆောင်ရှိကြာ၊ လျှောက်ပန်ထွာလည်း၊ မိန့်မှာသံခြေ၊ လေမျှနည်းများ၊ သံမကြားတည့်၊ ဆပွားလေလေ၊ ညွှတ်ခွေတရှု၊ ကျွန်ုပ်မူကား၊ နှစ်ယူမသွေ၊ ကြိုက်မိထွေကြောင့်၊ နေလည်းစိုမက်၊ စက်လည်းရေးရေး၊ မဝေးမျက်စိ၊ ထင်မိကာကာ၊ မသာဖြေဆည်၊ ပျောင်းမူးသည်မျှ၊ ကြံစည်ထွေပြား၊ နောင့်ဖြစ်လားကို။ ။သနားညွှတ်စေ ချင်တော့သည်။



(၂) ညက်မှတ်စင်ကြည်။ ။လှမောရည်လျှင်၊ ပြစ်ခြည်မစွန်း၊ လျှံထွန်းပြောင်ပြောင်၊ ဆင်းကိုယ်ရောင်လည်း၊ တန်ဆောင်သော်တာ၊ ပြည့်ဇသာခါနှင့်၊ နှိုင်းရာမဝေး၊ ငြိမ့်လေးရှမ်သွင်၊ ငါးအင်စုံဖြိုး၊ မျက်မျိုးစုံပြည့်၊ ဆင်းရွှေမှည့်ကို၊ မြော်သည့်နေ့က၊ မမေ့တတ်ချေ၊ ထွေထွေနောင်ဝမ်း၊ ထပ်မွမ်းမေတ္တာ၊ စုံကာမယွက်၊ အသက်လုံးလုံး၊ စုရုံးမကြွင်း၊ စိုးပိုင်နင်း၍၊ သွယ်ဝင်းပြာလတ်၊ ညိုဝင်းထွတ်မူ၊ လေးမြတ်သာကြည်၊ လျှောက်ပါမည်ကို၊ ကြံစည်သဖြင့်၊ သို့သော်သင့်ဟု၊ တွက်ချင့်ရှုမျှော်၊ ပညာ လျော်သည်။ ။မိန့်တော် လွှတ်စေချင်တော့သည်။

(၃) ရက်ပတ်ပြင်လည်။ ။လင့်ရသည်ကား၊ ခေါ်မည်သာထွေ၊ နွေလည်းကျူးလွန်၊ သန်လည်းကုန်ကျူး၊ ဆောင်းဦးတပဲ၊ ကြွပြန်ရှိသော်၊ မနှဲ့ရွှေရင်၊ သို့စင်ကြာညောင်း၊ ထပ်ခလောင်းစိုးရိမ်၊ လွမ်းကြိမ်ဆင့်ဆင့်၊ မဖွင့်ဖျော်ဖြေ၊ ဖြစ်သောထွေကို၊ ရှိသေနိမ့်ချ၊ ခယကျိုးနွံ၊ တွေးတောခံသည်း၊ လှစ်ထူးလည်၊ ညိုရွှန်းကြည်မူ၊ လေးမည်ရုပ်တူ၊ ပြိုင်မူ လွတ်ကျွန်း၊ မစွန်း ပြစ်ခြည်၊ မည်သည်ကိစ္စ၊ တွေးဆပြတ်ပြတ်၊ မမှတ်စသာ၊ ကြံကာဖြစ်ရေး၊ တိမ်သို့မြေးမျှ၊ ရေဝေးမဥ္ဇူ၊ ကြာတူညွှတ်တိမ်းမယိမ်းညှိုးဆွတ်၊ မရှင်တဘ်ခဲ့၊ လတ်လတ်လဲ့လဲ့၊ နွဲ့နွဲ့ဆင်းပြင်၊ နုတ်တွင်နုတ်ထက်၊ နုတ်နှင်ဖက်လည်း၊ မယှဉ်ပိုတူ၊ ပျိုဖွံ့နုသည်။ ။ကျွန်ဟုမှတ်စေ ချင်တော့သည်။

www.burmeseclassic.com



## ၁၁။ ကိုယ်လုပ်တော်ထွေးလှ

(၉၃၀-ခန့်)

ကိုယ်လုပ်တော်ထွေးလှမှာ ဟံသာဝတီဆင်ဖြူများရှင် မင်းတရားကြီး လက်ထက်တော်တွင် ပေါ်ထွန်းခဲ့သော အမျိုးသမီးစာဆိုတော်တဦးဖြစ်ပေသည်၊ ကိုယ်လုပ်တော် ခင်မထွေးကဲ့သို့ပင် ဟံသာဝတီ ဆင်ဖြူများရှင် မင်းတရားကြီး၏ ကိုယ်လုပ်တော် မိဖုရားငယ်တဦးလည်းဖြစ်ပေသည်၊ ရတု-ရကန်-ဧချင်း ကဗျာများကို စပ်ဆို သီဖွဲ့ခဲ့လေသည်။

## ၁၂။ ကိုယ်လုပ်တော်ခင်မထွေး

(၉၃၀-ခန့်)

ဟံသာဝတီဆင်ဖြူများရှင် မင်းတရားကြီးလက်ထက် ပေါ်ထွန်းသော အမျိုးသမီးစာဆို တဦးဖြစ်ပေသည်၊ ဟံသာဝတီဆင်ဖြူများရှင် မင်းတရားကြီး၏ ကိုယ်လုပ်တော် (ဝါ) မိဖုရားငယ်သည်း ဖြစ်ပေသည်၊ ရတု-ရကန်-ပျို့ကဗျာများကို စပ်ဆို သီကုံးခဲ့လေသည်။

## ၁၃။ စောမင်းနှစ်

(၉၃၀-ခန့်)

စောမင်းနှစ်သည် ကိုယ်လုပ်တော်ထွေးလှ၊ ကိုယ်လုပ်တော်ခင်မထွေးတို့ကဲ့သို့ပင် ဟံသာဝတီ ဆင်ဖြူများရှင် လက်ထက်တွင် ထင်ပေါ်ကျော်ကြားခဲ့သော အမျိုးသမီး စာဆိုတော်တဦးဖြစ်ပေသည်။



## ၁။ စောမင်းနှစ်ဆို ရတု

(၁) ဥတုဂရု။ ။သောမှုထူးဆန်း၊ မြောက်ရပ်ကျွန်းနိုက်၊ ပင်ဝန်းမြင့်ဆောင်း၊ စုလစ်မောင်းနှင့်၊ မထောင်းနေဆီး၊ ခြည်မညီးတည်း၊ လက်တီးနိမ့်မြင့်၊ သုံးထပ်ဆင့်၍၊ မရင့်မနု၊ ရွက်စုမကျ၊ မဉ္ဇူသလျှင်၊ ကပ္ပရုက္ခာ၊ ပဒေသာဝယ်၊ သဉ်းလျာဥပြီး၊ ဆွေသည်မိုးကို၊ ဇနီးမှန်လှ၊ သလင်ကျဟု၊ ဒေသထိုပြည်၊ သမုတ်သည်ကို၊ ဝိုက်လည်စကား၊ မယ်တို့ကြား၏၊ မမှားမယွင်း၊ ကျင့်သတင်းသည်။ ။အခြင်းလွန်မြတ်လေးပေစွ။

(၂) အကာနိဋ္ဌ။ ။အာဝါသနိုက်၊သီလဗညာ၊စျာန်ချမ်းသာဖြင့်၊ ဗြဟ္မာကျင့်လေ့၊ လွန်သိမ်မွေ့သား၊ ထိုနေ့သက်လှာ၊ နှုးညံ့စွာသည်၊ ကမုတ္တာဝတ်၊ သဒ္ဒါညွတ်၍၊ ဘုံထွတ် မိုးစည်၊ ယခုတည်သည်၊ နတ်ပြည်သမိုက်၊ ပန်းမကိုဋ္ဌကို၊ မယ်နှိုက်တန်ဆာ၊ ဆင်ထိုက်ရာဟု၊ ဂီဝါတပွါ၊ မှန်တုပ်ချ၍၊ သေတရောင်ဖြူ၊ ပုလဲတူလျှင်၊ မဥ္ဇူပျို့ရှင်း၊ ထုံခိုးသင်းလျက်၊ သလင်းပေါ်ဝတ်၊ စုံလျားပတီရှင့်၊ ကျင့်မှတ်ကိုယ်နှုတ်၊ သဘောဟုတ်လျက်၊ အကုသိုလ်ကံ၊ မရောပြွံသည်။ ။မဆံမယ်နှင့်ဓေးပေစွ။

(၃) ပဋ္ဌနာခိဋ္ဌာန်။ ။ကြည်စိတ်သန်ဖြင့်၊နိဗ္ဗာန်ကံကျေးမကုန်သေး၍၊ မိန့်ရေးခြင်းရာ၊ မြတ်သြဇာနှင့်၊ သမ္မာပဋ္ဌသိ၊ အင်ပြည့်ညီလျက်၊ တုယှိတာဘောင်၊ ပျော်ရ

www.burmeseclassic.com

www.burmeseclassic.com



အောင်ဟု၊ ယခေါ်မပွင့်၊ မိတည်းလင့်၍၊ ခါသင့်ကြိုက်ကြုံ၊ ကျွတ်ဘို့ဆုံသည်၊ လူ့ဘုံနတ်ပြည်၊ အတည်မဖြစ်၊ ရှင်ချစ်မင်းသား၊ ဆိုစကားကို၊ တရားနားဝင်၊ ကြားမိထင်ရှင့်၊ ဥတင်မည်ဟူ၊ မြောက်ကျွန်းသူသို့၊ အယူမြဲသုံး၊ နှလုံးတချောင်း၊ ကြံမပြောင်းသည်။ ။ ဘုန်းဟောင်းကြမ္မာ ရှေးပေစွ။

၂။ စောမင်းနှစ်ဆို ရတု

(၁) ဝမ်းလည်းမနဲ။ ။ချစ်လည်းမလောင်၊ မြင်းမိုရ်တောင်သို့၊ မာန်စောင်အရာ၊ လေးလကွာ၏၊ မေတ္တာမထပ်၊ ချစ်နပ်စုနှင်း၊ ဆွေ့နှောင်မင်းကို။ ။သတင်းစကား မျှားမျှားမပြန့်အီလှည့်သော။

(၂) မျှားမပြန့်အီ။ ။သွေးလျှင်သီလိမ့်၊ မရှိမည်ရ၊ သာမမ္မလျှင်၊ တစမရှောက်၊ သေဘောရောက်လည်း၊ ကြောက်အံ့မဲ့ထွေ၊ စွန့်ရက်လေဟု၊ မှတ်နေထုံခိုး၊ အကျိုးထိုတူ၊ မယ်တမူကား သည်းအူပြတ်ခေါင်၊ နှလုံးလောင်မျှ၊ ဆောင်သည်အရေး၊ ဘယ်ကိုတွေး၍၊ ကျမြေးပင့်ကူ၊ ရင်ညက်ဖြူထက်၊ မယူလက်ခြေ၊ မိန့်လျက်နေသည်။ ။မပြေဆယ်နာရီလှည့်သော။

(၃) နာရီဆယ်ပတ်။ ။တီးမောင်းခတ်လည်း၊ ဖြစ်တတ်လှစွာ၊ ဤအရာဝယ်၊ မာယာမွေတော်၊ သုံးလူ့ဘော်လျှင်၊ ကြံသော်အရာ၊ ကြမ္မာတပါး၊ လွဲလက်မှားခဲ့



တရားထုံခိုး၊ ဟုတ်လှနိုးလျက်၊ မင်းစိုးမတည်၊ မရှည်ပျက်ချော်၊ တွေ့တိုင်းပျော်တို။ ။တွေးချော်မစိုးပြီ လှည့်သော။

(၄) မတွေးမတော။ ။သူ့သဘောကို၊ နှုံးမြောကျွမ်းဝင်၊ ချစ်သည်စင်လျက်၊ ကြာတင်မတွေ့၊ ညဉ့်နှင့်နေ့လည်း၊ မမေ့ရှိလေချင်၊ အတူပင်တည်း၊ ရှင်လည်းမကွေ့၊ သေလည်းမကွာ၊ ဝါသနာကြောင့်၊ ဖြစ်ရာမြဲတည်း၊ ပုလဲခြူးလုံး၊ကျုံပြိုက်ပြုံးသည်။ ။ရှေးကံပန်းနှယ် သီလှည့်သော။

၁၄။ စစ်ကိုင်းသရေစည်သူကတော်

(၉၃၀-ခန့်)

ဟံသာဝတီဆင်ဖြူများရှင် မင်းတရားကြီးသည် ပညာရှိစာဆိုများကို မြှောက်စားသူကောင်းပြုလေ့ရှိသူဖြစ်ပေသည်၊ ထိုသို့ပညာရှိ စာဆိုများကို မြှောက်စားသူကောင်းပြုမှုကြောင့်ပင် ဟံသာဝတီဆင်ဖြူများရှင် မင်းတရားကြီး၏ လက်ထက်တော်တွင် ပညာရှိစာဆိုတော် အမျိုးသားအမျိုးသမီးများ အထူးထွန်းကားပေါ်ပေါက်ခဲ့ပေသည်။

စစ်ကိုင်းသရေစည်သူမှာ ဟံသာဝတီဆင်ဖြူများရှင် မင်းတရားကြီး၏အတိုင်ပင်ခံပညာရှိကြီးတဦးဖြစ်ပေသည်၊ စစ်ကိုင်းသရေစည်သူကတော်သည် ရတုအမျိုးမျိုး ရေးသားစပ်ဆိုခဲ့သူ အမျိုးသမီးစာဆို အကျော်ထဦးဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



## စစ်ကိုင်းသရေစည်သူကတော်ဆို ရတု

(၁) ကျော်ပေစွလည်း။ ။သီလရန်နင်း၊ ဘက်ကျွန်းမင်းလျှင်၊မိုးညွှင်းအုန်းဘောင်၊နှစ်ပြည်ထောင်ကို၊ဘုန်းခေါင်ဘုရား၊ ဘဝါးစကြာ၊ လှည့်သောခါနှိုက်၊လေညာလွှဲခေါင်၊ ကြင်သူမောင်လျှင်၊ ပေါက်ပြောင်မာတင်၊ မုန်ယစ်ဆင်နင့်၊ တွေ့လျှင်တိုက်လှည်း၊ နိုင်သည်ချည်းဟုကမ္ဘည်းပြောက်ထင်၊ မော်ကွန်းတင်မှု၊ ပြန်လျှင်လမည်းမှာခဲ့သည်တိုင်း၊ ဆောက်နိုင်းနိုင်းလျှင်၊ သိုက်တိုင်းကျွန်စည်၊ ရွှေပြည်အဝ၊ နန်းဌာနဝယ်၊ သိင်္ဂရည်တူ၊ ပန်းမဥ္ဇူကို၊အိမ်သူသက်မှန်း၊ ရတုကျွန်းသည်။ ။ရွှေပန်းရွှေမှည့် ဆင်ပါလှည့်။

(၂) မြော်ချေကလည်း။ ။နှမဝမ်းတွင်၊ ရေးရေးထင်၍၊ အိမ်ရှင်ရွှယ်လူ၊ နှောင်မဖူးသော်၊ နွှေဦးပင်မှန်၊ ခါသင့်တန်က၊ ဗိမာန်ရွှေတောင်၊ ရွှေတိပြောင်မျှ၊ ရွှေဆောင်မောင်းမောင်း၊ စံရွှေလောင်းနှင့်၊ ရှစ်သောင်းသခင်၊ တောင်နန်းရှင်သို့၊ သဘင်ခံချေ၊ ပျော်ကြောင်းဖြေလည်၊ မ ပြုလိုလှ၊ ရော်တွက်ဆသော်၊ မွေးဘစစ်သည်၊ ပြန်လျှင်းမည်ကို၊ မျက်ခြည်ပြတ်မျှ၊ မျှော်လင့်စွဟု၊ ကျိုင်းမြရုပ်သွင်၊ မတ်ကျော်ထင်ကြောင့်၊ မရှင်ညိုးမြန်း၊ လွမ်းလှလွန်းသည်။ ။ရွှေဝန်းနေ၏ ကြင်ပါလှည့်။

(၃) ဖျော်ဖြေမှလည်း။ ။သီလအားသန်၊ စောင့်ကျိုးမှန်၍၊ သက်လွန်ကြင်ပေါ်၊ စစ်မှာပျော်ခဲ့၊ ရှုမြော်စိစိ



မျက်စိကသိုဏ်း ကြည်စိတ်လှိုင်းသား၊ စစ်ကိုင်းဘက်တွင်၊ ပုညရှင်ဟု၊ မမြင်တောင်းအောင်၊ ခြည်တထောင်နှင့်၊ ရွှေတောင်အထွတ်၊ ဖြူဖြူမတ်သား၊ ရွှေခါတ်လုံးညီ၊ ရွှေစေတီကို၊ တူပြိုင်နှစ်ပါး၊ ဘုံမြင့်ဖျားက၊သိကြားသူဇာ၊ ဖူးမြင်လှာသို့၊ သဒ္ဒါအဟုန်၊ ပီတိကုန်၍၊ ကဆုန်ဝေါဟာ၊ လူတကာတို့၊ နံ့သာကြိုင်မွှန်း၊ ရေချမ်းသွန်းသည်။ ။ထွေဆန်းပေတည့်မြင်ပါလှည့်။

## ၁၅။ တန်ဆောင်းမိဖုရား

### (၉၃၀-ခန့်)

စာဆိုတော်တန်ဆောင်းမိဖုရားသည် သက္ကရာဇ် ၉၀၄-ခုနှစ်တွင် ပေါ်ထွန်းခဲ့သည်၊ ရတုအများအပြားကို ရေးသားခဲ့လေသည်၊ သူ၏အစ်ကို ပြည်ဘုရင်နရပတိသည် နှစ်မပေးရက်ရောလှသူဖြစ်သည်၊ တန်ခိုးကြီးဘုရင်များဖြစ်ကြသည့် တပင်ရွှေထီးသို့ နှစ်မတယောက်၊ တလိုင်းမင်း သုရှင်တကာရွတ်ပိသို့ နှစ်မတယောက်ပေး၍ မိမိ၏ထီးနန်းစည်းစိမ် တည်မြဲရေးကို ကြိုးစားခဲ့လေသည်။

စာဆိုတော် တန်ဆောင်းမိဖုရားမှာ တလိုင်းမင်း သုရှင်တကာရွတ်ပိ၏ မိဖုရားဖြစ်လေသည်၊ သုရှင်တကာရွတ်ပိသည် အင်္ဂလူတွင် ဆင်ဖမ်းထွက်ရင်း ဥစ္စာစောင့်မနှင့် တွေ့ဆုံမြူးတူးခဲ့ရပြီး ထိုဥစ္စာနှုတ်ယူခြင်းခံရကာ နတ်ရွာစံရသဖြင့် မုဆိုး မဘဝနှင့် ကျန်ရစ်ခဲ့ရှာလေသည်။

www.burmeseclassic.com



တဖန် နောက်ထပ်ထီးနန်းဆက်ခံသူ ရှင်သရက်က နှစ်မိတော်မှဆိုးမမိဖုရားကို ရခိုင်ဘုရင်သို့ ဆက်သပြန်သဖြင့် တဘဝတည်းတွင် မိဖုရားနှစ်ကြိမ်ဖြစ်ခဲ့ရပေသည်၊ တန်ဆောင်းမိဖုရားသည် မောင်တော်ဘုရင်များ၏ ချယ်လှယ်သမျှကို ခံရရှာသော သူ၏ဘဝဖြစ်စဉ်ကို အောက်ဖေါ်ပြပါ 'ဆဒ္ဒန်ယဉ်ကြီးချီ' ကောပိုဒ်ရတုတွင် သနားကြေကွဲစဖွယ် ဖေါ်ကျူးထားပေသည်။

၁။ တန်ဆောင်းမိဖုရားရေးသော ကောပိုဒ်ရတု

ဆဒ္ဒန်ယဉ်ကြီး။ ။ပြောင်တစီးနှင့်၊ ရွှေထီးဖြန့်ထူ၊ ဇမ္ဗူစိုးဆောင်၊ မင်းခေါင်ကြီးမြစ်၊ ဖမျိုးစစ်လျက်၊ တလှစ်ကျော်စော၊ မုနောစိုးဆောင်၊ မင်းခေါင်ဟူသည်၊ ရွှေပြည်သခင်၊ မောင်ကြီးကြင်ကြောင့်၊ နောက်ငင်တွယ်တာ၊ ခန်းဝါသူ့မြေ၊ သပြေကျွန်းမှ၊ မကြွချင်ဘူး၊ မျက်ရည်နူးစွာ၊ ရပ်ကြူးသူ့ပြည်၊ ဘုန်းစည်မင်းဖျား၊ သူမသနား၍၊ မယ့်အားပို့ပေ၊ ကြမ္မာဝေသည်။ ။ငှက်ရွှေဖော်နှင့် ကွဲဘိသို့။

၂။ တန်ဆောင်မိဖုရားဆို ရတုပိုဒ်စုံ

(၁) အလောင်းစည်သူ။ ။မည်တော်ဟူသာ၊ ဇမ္ဗူကျွန်းခွင်၊ လှည့်ရာတွင်နှိုက်၊ဖြူစင်သလင်း၊ ကျောက်မျှားမင်းကို၊ ရှပ်ဆင်းပီသ၊ ထုလုပ်မှလျှင်၊ မာဃကိုယ်ကြပ်၊ နှင်းလာအပ်သည်၊ ဘေးခပ်သိမ်းပြယ်၊ ရှင်တော်နှယ်လျှင်၊ လူ့ယယ်မဖက်၊ ကျွန်းအောင်ချက်ထက်၊ ရဲခက်ကျန်းချော်၊ တကာတော်လျှင်၊ ရွှေးသော်နှင့်မူ၊ ခုမတူ ခဲ့၊ ရေးယူမယ်က၊ ပြင်ဆုံးမလော၊ ကြီးလှမေတ္တာ၊ မတ်တရာလျှင်၊ မြစွာနှောင်ချည်၊ ကြင်မိသည်ကြောင့်၊ ဖြေဆည်မသာ၊ တွယ်ကာကာသည်။ ။သည်ခါမနိုင်ငံ့တော့သည်။

(၂) အကြောင်းသည်မူ။ ။စေ့စေ့ယူ၍၊ ပြန်ဟူဝပ်တွား၊ လျှောက်သည်မျှားကို၊ သူ့နားလေသံ့၊ ရှိပေအံ့ဟု၊ မပျံ့စေရက်၊ ဝမ်းဝယ်ဝှက်၍၊ မိန့်မြွက်မဟ၊ လူပြင်ပကို၊ သိရမကျန်၊ စိတ်ထဲဝှန်မျှ၊ မြတ်မွန်မဟာ၊ ထွတ်သကျြားလျှင်၊ ညဏ်ဝါထွန်းတင်၊ ပြည့်ပါလျှင်လော့၊ အမြင်တန်သည်၊ ကျော်တင့်ရည်နှင့်၊ ရဲမည်ရှုပ်သွင်၊ နတ်လုလင်သို့၊ စံတင်အလှ၊ ဘုန်းတေဇနှင့်၊ နောင်မြကျန်သိတ်၊ ပျက်သည်စိတ်ကို၊ ပရိတ်ဘော်ရေ၊ ချိုးလိမ်းစေ၍၊ လူ့ဆွေမြတ်စော၊ နေ့ဘိုင်းဟောလျက်၊ သဘောဖြူလှပ်၊ စင်အောင်ဖွပ်လော့၊ တပ်ဘပ်မကြင်၊ သည့်နှယ်ပင်တည့်၊ မြင်မြင်ရာရာ၊ နှုတ်ပျူဟာနှင့်၊ မေတ္တာထပ်တူ၊ ကြင်ချစ်သူသည်။ ။ဇမ္ဗူလုံးပင်နှံ့တော့သည်။

(၃) မပေါင်းရည်တူ။ ။ကျွန်းဇမ္ဗူတွင်၊ မည်သူမှာက်၊ သကြားသက်သို့၊ ထွန်းတက်ရုပ်ရည်၊ တင့်မော်သည်လည်း၊ လူ့ပြည်တယောက်၊ တစ်ခေါ်လောက်သည်၊ ရွှံကြောက်ရဲမျိုး၊ ရဲတန်ခိုးက၊ မိုးမာဃနှင့်၊ နှုန်းကြသင့်သား၊ အကျင့်သော်မူ၊ စိတ်မဖြူခဲ့၊ လျစ်လျူခပ်ဖင့်၊ ကြံမသင့်တည့်၊ ရှင်ပင့်တားဘာ၊ ရဲထွတ်ချောလျှင်၊ စကြာပြောင်ဝင်း၊ ခြေတော်ရင်းသို့၊ သတင်းထင်လှာ၊

www.burmeseclassic.com



ဘုံးမည်လာတော်၊ မိန့်ဗျာဒိတ်-ဟာ၊ မြွက်ဆုံးမ၍၊ နေကျ ပိုင်းခြား၊ စက်ဟန်သားသို့၊ တရားသံမြိုက်၊ ဟောပေါ လိုက်လေ့၊ စိတ်နှိုက်မသာ၊ ကြံကာကာလျှင်၊ ရေးရာ မရ၊ ဖင့်မောလှခဲ့၊ လောကထွတ်တင်၊ တန်ခိုးဖြင်သည်၊ ရှင်ပင်ကိုသာ၊ တိုင်ကြားပါရှင့်၊ ထွေလာခုမှ၊ ယွင်းသ မျှကို၊ ပြ၌ တခြား၊ မြွက်မကြားသည်။ ။သူ့နား လေမပျံ့တော့သည်။

## ၁၆။ ပြည်မိဖုရား

## (၉၃၀-ခန့်)

စာဆိုတော်ပြည်မိဖုရားမှာ ပြည်ဘုရင် သတိုးဓမ္မရာဇာ၏ မိဖုရားဖြစ်သည်၊ ပြည်မိဖုရားသည် ရတုကဗျာ အများအပြားပင် ရေးသားစီကုံးခဲ့လေသည်။

## ၁၇။ ရွှေဆင်းတုမင်းသမီး

## (၁၀၀၀-ခန့်)

ရွှေဆင်းတုမင်းသမီးမှာ ညောင်ရမ်းခေတ်တွင် ထင်ရှားသော စာဆိုတော် မင်းသမီးတပါးဖြစ်ပေသည်။

သက္ကရာဇ် ၉၉၅-ခုနှစ်တွင် နန်းတက်သောသာလွန်မင်းတရား နှင့် မိုးနဲစော်ဘွားသမီး မြောက်ကြီးကတော် ခင်သက်နှင်းတို့မှ ဖွားမြင်သော သမီးတော်မှာ စာဆိုတော် ခင်မရွှေဆင်းတုဖြစ်ပေ သည်။



ခင်မရွှေဆင်းတုတွင် မောင်တော်ရဲနရသီဟ၊ မောင်တော် သခင်ဖြူ၊ အစ်မတော်ခင်ပန်းဖြူဟူ၍ တမိတည်းပေါက် မောင် နှမ ညီအစ်မလေးဦးရှိရာ ခင်မရွှေဆင်းတုမှာ အထွေးဆုံးသမီး တော်ဖြစ်လေသည်။

ရွှေဆင်းတုမှာ စာဆိုတော်ဖြစ်သည့်အတိုင်း မင်းရဲအောင် တင် မင်းသားနှင့်ရည်ငံတော်မူ၍ တဦးနှင့်တဦးတေးကဗျာများ အပြန်အလှန်ရေးသား ပေးပို့လေ့ရှိသည်၊ မင်းရဲအောင်တင်မှာ သာလွန်မင်းတရားကြီး၏ မိဖုရားတဦးဖြစ်သူ ပန်ထွာမြို့စား၏ သမီး ခင်မျိုးမြတ်မှဖွားမြင်သော မင်းသားဖြစ်၍ သာလွန်မင်း တရားကြီးနှင့် မြေးတော်ပြီး ရွှေဆင်းတုမင်းသမီး၏ တူတော် အရင်းဖြစ်ပေသည်၊ ရွှေဆင်းတုမင်းသမီးသည် မင်းရဲအောင်တင် ထံသို့ ပြန်ကြားသော 'လွယ်လွယ်ကူကူ' အစချီသော ရတုပိုဒ်ခုံ ကို ရေးသားခဲ့လေသည်။

သာလွန်မင်းတရားကြီးသည် သမီးတော်ရွှေဆင်းတု မင်းသမီး နှင့် မြေးတော်မင်းရဲအောင်တင်တို့ ချစ်ခင်ရည်ငံရှိကြောင်း ကြား သိတော်မူ၍ သက္ကရာဇ် ၁၀၀၂-ခုတွင် ရွှေဆင်းတုနှင့်မင်းရဲအောင် တင်ကို စုလျားရစ်ပတ် လက်ထပ်ထိမ်းမြားပေးပြီးနောက် စည် သူရာမြို့ကို အပိုင်စားပေး၍ ကွမ်းခွက်လက်ဖက်အိုး စသည်ကို လည်း ပေးလေသည်။

မင်းရဲအောင်တင်မှာ မဟုတ်မခံစိတ်ထက်မြက်သူဖြစ်လေသည် အခါတပါးတွင် သာလွန်မင်းတရားကြီး၏ သားတော်တပါးဖြစ် သော အမြင့်မြို့စား ရှင်တလုပ် (မင်းရဲအောင်တင်၏ဦးလေးတော်ဖ) နှင့်အတူ အိပ်ကြရာ ညအခါ ရှင်တလုပ်က ခေါးနှင့်ထခုတ်သည်

www.burmeseclassic.com

www.burmeseclassic.com



တွင် လက်ကာရှောင်တိမ်းလိုက်သဖြင့် လက်ကိုမားရှလေသည်၊ မင်းရဲအောင်တင်မှာ မကျေမချမ်းနိုင်ဘဲ၊ ၎င်းအမှုကိစ္စကိုသာလွန်မင်းတရားကြီးရှေ့တော်တွင် အစစ်အဆေးခံရာ ရှင်တလုပ်အား 'မိမဆုံးမ ဖမဆုံးမသား'ဖြစ်သည်ဟု ဆဲဆိုရေရွတ်လေ၏၊ စိတ်နှလုံးသိမ်မွေ့ နူးညံ့သူ သာလွန်မင်းတရားကြီးကပြုံးတော်မူ၍၊ သမက်ဖြစ်သူ မင်းရဲအောင်တင်အား 'ငါသူ့ကို ဆုံးမပါတယ်ကွယ်၊ မဆုံးမဘဲမနေပါ' ဟု ပြောကာ ကြေရာကြေကြောင်း တောင်းပန်စေဘူးသည် ဟု ရာဇဝင်တွင်ပါရှိခဲ့လေသည်။ စာဆိုတော် ရွှေဆင်းတုမင်းသမီး၏ကြင်ဖက်တော် မင်းရဲအောင်တင်မှာ ဘိန်းနှင့်အရက်ကိုနှစ်သက်စုံမက်သူဖြစ်သည်။ ၎င်းကွယ်လွန်သောအခါ ၃၇-မင်းအပါအဝင်၊ မင်းရဲအောင်တင်နတ်ဖြစ်လာသည်ဟူ၍ဆိုလေသည်။ မင်းရဲအောင်တင်နတ်၊ နတ်ချင်းနှင့်နတ်သံများပင်ရှိပေရာ၊ ၎င်းနတ်ချင်းနှင့်နတ်သံများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

## မင်းရဲအောင်တင်နတ်-နတ်ချင်း

လာချည်ပြီလေ၊ ဝေဝေဖြိုးစွ ထွတ်ခေါင်ချာလေ၊ ဝေဝေဖြိုးစည်စည်။ ။ယိမ်းနွဲ့ မင်းရဲအောင်တင် လာချည်လေ။ ။ ရွှေစောင်းသာသာ၊ ပျောင်းခါ ဆောင်ခါသာကျူးလို့၊ ပိုက်ပျော်ဖီးချည့်လေ။ ။ သာသာပျော်ကြောင်း၊ ရွှေစောင်းပိုက်ခါပျော်ချည့်လေ။ ။

## မင်းရဲအောင်တင်နတ်-နတ်သံ

မင်းရဲငယ်မှအောင်တင်၊ သန်ကောင်မောင်းနှင့်၊ စောင်းကြော့ရှင်ကို ကြင်ကြပါလား၊ နှစ်မထွေးနှင့် ညီထွေးများတို့



ဖြစ်လားငယ်မှခြင်းရာ၊ ဖရာဇာမှု၊ ဒီပါလုံးထီး၊ရွှေဝအောင်ခင်း၊ သာဘိခြင်းမှာ၊ မင်းခေါင်ကြီးတဲ့၊ ဆင်စီးငယ်မှမြင်းနှင်၊ ဆဲ့ရှစ်အင်ကို၊ ကုန်စင်ဖက်မဲ့၊ မောင်မင်းတင်ငယ်၊ တတ်မြောက်ခဲ့ရှင့်၊ ဆိုးရွဲ့ငယ်မှမူရာ၊ ကျွန်ယုတ်မာတို့၊ မကွာအရင်း၊ ဘိန်းနှင့်ဘင်းတို့ မှားယွင်းသဖြင့်၊ ငါတမူလည်း၊ ထိုတူကျင့်မိ၊ ရှည်မြင့်ငယ်မှကြာ၊ အရှုးနာကြောင့်၊ ခန္ဓာဆုံးရ၊ မင်းရဲအောင်တင်၊ ငါ့အသွင်ကို၊ မပြုကြနှင့်၊ ညီလုတို့လေ၊ မှတ်ယူငယ်သွင်းလို့၊ ကောင်းကြစေ။ ။

## ရွှေဆင်းတုမင်းသမီးဆို၊ မောင်ဘွဲ့ရတုပိုဒ်စုံ

(၁) လွယ်လွယ်ကူကူ။ ။ချစ်မည်ဟူ၍၊ဘုန်းတူပွင့်ရန်၊မိန့်တော်ဟန်ကို၊ တုံ့ပြန်သော်လဲ၊ အလွန်ခဲခဲ့၊ မင်းရဲရန်ငူး၊ နန်းပွင့်ဖူးလျှင်၊ ကျေးဇူးတာရှည်၊ ခံစိမ့်မည်ဟု၊ ပိုက်လည်ချိုသာ၊ ပျားသကာသို့၊ သစ္စာကျိန်တွယ်၊ အကယ်ကယ်လျှင်၊ယုံဘွယ်လျဉ်းအောင်၊ စာစောင်ခေါက်များ၊ သ,လာငြားလည်း၊ နားမနာဝံ့၊ ကြောက်ရှံ့ခန့်ငြား အရှင့်သားကို။ ။ဝိုးဝါးကြံစည်တွေးသေးသည်။ ။

(၂) ရှယ်ရှယ်ချူချူ။ ။ကြိုက်သော ဟူ၍၊မျိုးတူအင်မျှ၊ ဆိုစကြသို့၊ နရဘုန်းဝှန်၊ မိန့်တော်ဟန်ကို၊ လျှောက်ပြန်သေးအံ့၊ မဝံ့သည်ဖြစ်၊ အချစ်သွေ့သွေ့၊ လနှယ်ရှေ့မှူး၊ ထနေ့အသစ်၊ တနှစ်တပါး၊ ကဲ့ရဲ့များချိမ့်၊ သနားမမည်၊ တလည်လည်လျှင်၊ လူ့ပြည်ပွက်တွင်၊ ပြစ်တင်လွယ်ကူ၊ ဆိုသူအားလည်း၊ ချီးမွမ်းနည်းခဲ့၊ ခမည်းတော်ရင်၊ လူ့နှင်းထင်းနှင့်၊ ထွန်းလင်းလျှံပတ်၊ ရှစ်သောင်းထွတ်လျှင်၊

www.burmeseclassic.com

www.burmeseclassic.com



နွတ်လွတ်သာပျော်၊ မိန့်တော်ပြတ်ပြတ်၊ ခွင့်မလွတ်မူ၊
ကျွန်ဝတ်အရှင်၊ ခဲအင်မောလှ၊ ယူမရတည့်၊ ကြောင့်ကြ
ကြီးဘိ၊ မျက်စိဆင်းရဲ၊ ဝမ်းကွဲလှည့်ကာ၊ ရှိရှာလတ္တံ့၊
ကျဝ့်မလှုပ်၊ မေတ္တာချုပ်၍။ ။ကျွန်ုပ် အာရုံ မေး
သေးသည်။ ။

(၃) နွယ်နွယ်ယူယူ။ ။ဇမ္ဗူကျွန်းချက်၊မင်းဆက်တကာ၊
ပျော်ပိုက်ရာသို့၊ ငါလည်းထိုသွင်၊ မျိုးအင်မစစ်၊ အချစ်
တာရှည်၊ မြဲတော့မည်ဟု၊ ယုံကြည်လျဉ်းအောင်၊ လက်
ဆောင်ထွေလာ၊ သဝန်စာနှင့်၊ နန်းလျာရန်ငူး၊ လှည့်
ပတ်ဖြူးလည်း၊ ကိုယ်ထူးမယ်မှာ၊မချစ်သာခဲ့၊ မေတ္တာ
ခဲကျိ၊ ဝမ်းထဲရှိမူ၊ မွေးမိမယ်တော်၊ မျိုးတော်အရင်း၊
အစ်မမင်းကို၊ သံညှင်းမြွက်ဟ၊ မိန့်ပါမှလျှင်၊ တူကွမကွာ၊
ပျော်ရပါအံ့၊ စကြာမင်းသွေး၊ သက်လုံးပေး၍၊ ဂုဏ်
ကျေးဇူးတော်၊ ခံရသော်လည်း၊ သာပျော်ကြည်လင်၊
သို့ပင်အချစ်၊ ရှည်သောဖြစ်ချိမ့်၊ ကြာနှစ်မြင့်ဆန်း၊ အ
ကျွန်းကျွန်းလျှင်၊ မည့်မှန်းမသိ၊ ရှိရှာလတ္တံ့၊ ဆည်င့်
ထောက်ထား၊ ရှင်မင်းသားကို။ ။စကားတာ ရှည်
သွေးသေးသည်။ ။

## ၁၈။ မိပန်းရုံ

## ( ၁၁၂၀—ခန့် )

မိပန်းရုံသည် သက္ကရာဇ် ၁၁၁၅-ခုနှစ်၊ ရခိုင်ပြည် အဘယရာဇာမင်းလက်ထက်တွင် ထင်ပေါ်ကျော်ကြားသော၊ ပညာရှိအမတ်ကြီးစိန်တင်စား ရွှေသဲ၏ဇနီးသည် အမျိုးသမီးစာဆိုတော်



တဦးဖြစ်ပေသည်။ ခင်ပွန်းသည်၏ အမည်ကိုစွဲ၍ 'ရွှေသဲမယား မိပန်းရုံ' ဟုကျော်စောခဲ့လေသည်။ ခင်ပွန်းသည်အမတ်ကြီး ကွယ်လွန်သည့်နောက်၊ ဘုရင်မင်းအဆက်ဆက်ပင် ဘုရင့်အတိုင်ပင်ခံ အမျိုးသမီး ပညာရှိကြီးတဦး ဖြစ်ခဲ့ပေသည်။ မြို့ရေးရွာရေး၊ တိုင်းပြည်နိုင်ငံအရေးနှင့် ဘုရင့်သားတော်သမီးတော်၊ ဆွေတော်မျိုးတော်တို့၏ ခက်ခဲသော အရေးပြဿနာများကို မိပန်းရုံကပင် ပြေလည်အောင် ဖြေရှင်းပေးခဲ့ရလေသည်။

စန္ဒဝိမလမင်းအား၊ ဖွတ်တက်၊ မိုးကြိုး၊ ပျားစွဲ၊ ငှက်နားထောသား၊ မြို့ဝင်စသောအကြောင်းကို လောကီထုံးဟောင်းနှင့်
ပညာရှိအမတ်ရွှေသဲမယား မိပန်းရုံလျှောက်ထားချက်

မှတ်လော့ရှင်လူ၊ ခပ်သိမ်းသူတို့၊ စွဲယူသင့်ကြောင်း၊ နိမိတ်ဟောင်းတို့၊ သူဟောင်းစကား၊ တောသားသတ္တဝါ၊ မြို့ရွာသို့ရောက်၊ လန့်ကြောက်၍သာ၊ ပြေးခဲ့လာမူ၊ ပြစ်ဆာမရှိ၊ မိမိအလျောက်၊ ဝင်ရောက်မူးခိုး၊ ပြုတိုးသောတွေ၊ နေလာပေကာ၊ ရွာနေအကြီး၊ အပြီးစိုးနှောင်း၊ ခန္ဓာပြောင်းလိမ့်၊ တကြောင်းမှား သတ္တဝါပင်၊ မြင်းစွာအသံ၊မြည်ပြန်တုံလတ်၊ မချွတ်မြို့ရွာ၊ ပျက်တတ်စွာတည့်၊ မြွေ-ဖား-ဖွတ်-မျောက်၊ အိမ်သို့ရောက်သော်၊ နောက်ကိုမနေ၊ စွန့်ပစ်ပေရှင့်၊ လင်းမြွေငန်းကျား၊ တက်လှာသွားအံ့၊ အလားသင့်ပင်၊ အိမ့်ရှင်နှမ်းရိ၊ ရှိသူမှန်စေ၊ ဖျားရေထိုး၊ တက်ပိုစီးပွား၊ ချမ်းသာများလိမ့်၊ ကြီးမားဂုဏ်ရှင်၊ ဖြစ်ခဲ့ချင်သည်း၊ ကုန်စင်နိမ့်ကျ၊ ပျက်ရမချွတ်၊ အမှတ်ရှေးလာ၊ စသည်-ဆက်ရက်၊ သုံးရပ်ငှက်မှု၊ နားသမျှမှာ၊ ယတြာပေ၊ မြေလေသေား၊ အရေးသင့်လှ၊ ထိုမှတခြား၊ တည်းပျားအိမ်တွင်၊

www.burmeseclassic.com

www.burmeseclassic.com



ဝင်ရှိခေတ္တ၊ နိမိတ်ပြသော်၊ ကျေမှုထွားညက်၊ အသက်ကိုမျှ၊ အရကြိုးလေ၊ အနေသင့်စွာ၊ ကာလအရှည်၊ အုံနှင့်တည်၍၊ ပျံသည့်အခါ၊ အရသာထွေ၊ သူ့အရေကို၊ ယူလေဆောင်ငြား၊ ထိုပျားသွားရာ၊ ယတြာဖြင့်၊ နံ့သာမွှေးပေါင်း၊ ဖယောင်းဆီမီး၊ သစ်သီးပန်းမျိုး၊ ရေပြည့်အိုးတွင်၊ မညှိုးသပြေ၊ မြေဇာခံကာ၊ စိုက်ထားစေလျှင်း၊ သဲကိုခင်းလျက်၊ နေ့ချင်းတွင်ပင်၊ လင်နှင့်မယား၊ နှစ်ပါးစုံစွာ၊ ခေါင်းဆေးရာ၏၊ ရသာစုံပေ၊ ထိုပျားရည်ကို၊ အနေမပျက်၊ ထားလျက်ပြန်သော်၊ ကောင်းကြီးကျော်၍၊ လိုတော်ရှိကုန်၊ ပြီးပြည့်စုံရှင့်၊ လူဘုံထင်ရှား၊ အကျိုးများလိမ့်၊ မှတ်သားစွဲသုံး၊ ရှေးထုံးကဝိ၊ ပညာရှိတို့၊ အသိလိမ္မာ၊ အက္ခရာစည်းကမ္ပည်းအထွက်၊ မိုးကြိုးစက်လည်း၊ လူထက်တွင်သာကျပြန်လာမူ ထိုသူ့ကိန်းကို၊ မခိုက်မထိ၊ ပကတိလျှင်၊ ရှိသည်ဖြစ်သော်း တန်ခိုးကျော်၍၊ ထင်ပေါ်တရိုး၊ ဘုန်းတန်းတိုး၏၊ ပုထိုးကျောင်းသိမ်၊ ကြိုက်ကြိမ်သင့်လျှင်၊ သစ်ပင်တောတောင်၊ တောက်လောင်ပစ်ချိုး၊ နတ်ဆိုးမိစ္ဆာ၊ ခိုဝင်လာသည်၊ အိမ်မှာကျလတ်၊ ဥပါဒ်အဖြေ၊ မနေစွန့်ပစ်၊ အိမ်သစ်ဆောက်မှ၊ ချမ်းသာရသည်။ ။

လောကမှတ်သုံးရှေ့ကျင့်ထုံး။ ။

## ၁၉။ စဥ့်ကူးမင်းမိဖုရားကြီးရှင်မင်း

(၁၁၀၀-ခန့်၊ ၁၁၄၃)

စဥ့်ကူးမင်းမိဖုရားကြီး ရှင်မင်းသည်၊ အင်းဝဆင်ဖြူရှင် မင်းတရားကြီးလက်ထက် နန်းတွင်းစာဆိုတော်ဖြစ်သော မြင်းစုဝန်ကြီး၏ သမီးသီရိနန္ဒာဒေဝီ(စန္ဒာဒေဝီ)ဘွဲ့ခံ ရှင်ဖွားနှင့်ကျိအတွင်းဝန် နန္ဒကျော်ထင်ဘွဲ့ခံ ဦးထွန်းတို့သင့်ရာတွင် ဖွားမြင်ခဲ့သူဖြစ်လေ



သည်၊ မိဖုရားကြီးရှင်မင်း၏ မူလအမည်မှာ စစ်ကိုင်းမင်းသမီးရှင်မင်းဟု တွင်ခဲ့ပေသည်။

'အဲမောင်ယာ'ခေါ် အဲချင်းအများအပြား ရေးခဲ့သူဦးယာတို့လက်ထက်တွင် ကျော်ကြားထင်ရှားခဲ့သူ အမျိုးသမီး စာဆိုတော်ကြီးတဦးဖြစ်ပေသည်၊ မိဖုရားကြီးရှင်မင်းသည် 'ရတု၊ရကန်အဲ၊ အန်၊ လူးတား၊ တေးထပ်၊ လေးချိုး၊ ဒွေးချိုး' အများအပြားပင် ရေးသားခဲ့လေသည်။

အရွယ်ရောက်သောအခါတွင် စဥ့်ကူးမင်းသား သခင်မင်းရဲလှနှင့် လက်ဆက်တော်မူ၏၊ သက္ကရာဇ် ၁၁၃၈-ခုနှစ်တွင် စဥ့်ကူးမင်းသားနန်းတက်တော်မူသောအခါ 'မဟာရတနာစန္ဒာဒေဝီ' ဘွဲ့နှင့် မိဖုရားကြီးအရာ တင်မြှောက်တော်မူခြင်း ခံရလေသည်၊ ထိုအခါတွင် စဥ့်ကူးမင်းမိဖုရားကြီး ရှင်မင်းဟူ၍ ထင်ရှားကျော်ကြားခဲ့ရပြန်လေသည်။

သက္ကရာဇ် ၁၁၄၃-ခုနှစ် တပေါင်းလဆန်း ၃-ရက်နေ့တွင် ဘိုးတော်ဘုရားသည် ထီးနန်းကို လုပ်ကြံ၍အောင်မြင်တော် မူသောအခါတွင် စဥ့်ကူးမင်းနှင့်တကွ မိဖုရားကြီးရှင်မင်းပါ ကွပ်မျက်ခြင်းခံရရှာလေသည်။

မိဖုရားကြီးရှင်မင်းသည်သက္ကရာဇ် ၁၁၃၉-ခုနှစ်တွင်ကျောက်စံ ထ[illegible]တော်ကျောင်းရာဟောင်းတွင် သုံးထပ်ကျောင်းတော်ဆောက်လုပ်၍ 'ရတနာစံလွှတ်'ဟု သမုတ်ပြီးလျှင်၊ မင်းပူးဆရာတော်[illegible]ဘွဲ့ရ လောကစိန္တာဘိဓဇမဟာဓမ္မရာဇဂုရုအား တင်လှူတော်[illegible]သည်။

www.burmeseclassic.com



မိဖုရားကြီးရှင်မင်းသည် ကဗျာလင်္ကာ သီကုံးနွှန်းဖွဲ့မှုတွင် အထူးဝါသနာထုံခဲ့သည့် အလျောက် ဘုရားတိုင်ရတု မိုးဖွဲ့ရတုများ၊ တေးထပ်များ၊ လေးဆစ်များကို ရေးသားခဲ့ပေရာ၊ ယနေ့ မဟာဂီတစာအုပ် အမြောက်အမြားတွင် တွေ့မြင်နိုင်ပေသည်၊ မိဖုရားကြီးရှင်မင်း၏ ရတုကဗျာလင်္ကာများကို လေ့လာကြည့် ပါလျှင် ကိုယ်ပိုင်ဉာဏ် ထိုးထွင်းဉာဏ်ရင့်သန်သည့် အမျိုးသမီး စာဆိုတော်တဦးဖြစ်ကြောင်း တွေ့မြင်နိုင်ပေသည်။

၁။ စဉ့်ကူးမင်းမိဖုရားကြီးရှင်မင်းဆို မိုးဖွဲ့ရတုပိုဒ်စုံ

(၁) **ဝသန်ခါမှီ**။ ။ချိန်နှင့်ညီအောင်၊ တိမ်နီတိမ်ပြာ၊ တိမ်လွှာ တိမ်ပန်း၊ လျှပ်နွယ်တန်းလျက်၊ တိမ်ဆန်းတိမ်ထူး၊ တိမ်ညိုမြူး၍၊ ခြူးသေးခြူးနွယ်၊ ဆေးပေါင်းခြယ်သို့၊ အံ့ဘွယ် စေ့စုံ၊ မြင်ရတုံသော်၊ မကြုံရက်ကြာ၊ မယ့်သည်းလျှာကို၊ ဗျာပါရိနွမ်း၊ တ္တကာလွမ်း၍၊ ကြိုးပမ်းစိတ်ရှုပ်၊ အနိုင်ချုပ်လည်း၊ ဖုံးအုပ်လျှံဝါ၊ လ္တစန္ဒာကို၊ ရောင်ဝါ ညစ်ညမ်း၊ ရာဟုဖမ်းသို့၊ ညှိုးသမ်းပျောင်းအိ၊ လွမ်းရှိန်ဖိခဲ့၊ သတိဆောင်ကာ၊ နေလှည့်ရာကို၊ အာကာမြင့်ဖြူး၊ ကောင်းကင်ဦးက၊ ကွန့်မြူးလျှပ်ပန်း၊ ဆွတ်ဖျန်းသုတ်ဖြူး၊ ခြိမ်းကာမြူးသည်။ ။ဆန်းထူးတွေလာသည်ကိုလည်း။

(၂) **အမှန်ရာသီ**။ ။ချိန်နာရီတွင်၊ အညီထူးဆန်း၊ ပွင့်ရောင် မှန်းလျက်၊ ပန်းလည်းအသင့်၊ စာကိုချင့်၍၊ ငုံရင့်သားသား၊ ဖားဖားပွပွ၊ လွလွဖြိုးဖြိုး၊ ဦးဦးဖွေးဖွေး၊ ပင်တိုင်း မွှေး၍၊ ဆော်သွေးတောင်လေ၊ မိုးပန်းကြွေလာ၊ ပွင့်ရွှေ



ပွင့်ဝါ၊ ဖြာဖြာလဲ့လဲ့၊ နွဲ့နွဲ့လျှံညီး၊ သစ်သီးအစုံ၊ ရှမ်းတုံ မှည့်ဝါ၊ ငုံအာတချို့၊ သီးနုစို့လျက်၊ သီးပျို့ရင့်စွာ၊ ညွှာနှင့်ကွာ၍၊ ဘယ်ညာများဖြင့်၊ တောမြိုင်ခွင်ဝယ်၊ မြသွင်ညွှတ်နူး၊ မြင်သူမူးမျှ၊ အဖူးအခက်၊ အရွက်အနွယ်၊ အသွယ်သွယ်ကို၊ ဆူလယ်ဖိုမ၊ မြူးကြပျော်ပါး၊ ငှက်ပေါင်းနားလျက်၊ ပျံသွားကောင်းကင်၊ ရစ်နှောင်ဆင်၍၊ လည်တင်ရှက်ခါ၊ ချစ်ပျူငှါနှင့်၊ ဝမ်းသာရွှင်မြူး၊ သံပြိုင်ကျူးသည်။ ။ပန်းဦးရွှေကြာသည်ကိုလည်း။

(၃) **တပြန်နာရီ**။ ။ရက်ဖြင့်စီသော်၊ တဗိဇနာ၊ ခရာရေ တွက်၊ လျှပ်တပြက်မျှ၊ ယွင်းကွက်သွေ့တိမ်း၊ မငဲ့စိမ်း လည်း၊ မယိမ်းစဖူး၊ စိုင်ရှူးစကြာ၊ လှည့်လည်ရာလည်း၊ ရရာမထင်၊ သက်သက်ကြင်ဟု၊ ရှေးသင်အစ၊ တော်သမျှ ကို၊ ဖြောင်းဖြဲ့ကျက်အုပ်၊ ဖုံးကာချုပ်၍၊ တုနိုင်လုံ့ပ်မထင်၊ ဘုံသုံးခွင်မှာ၊ ပူပင်ညှိုးသမ်း၊ မငြိမ်းချမ်းဟု၊ မနွမ်းသည့် စိတ်၊ လန့်ထိတ်မရှိ၊ သတိဆောင်ကာ၊ နေလှည့်ရာကို၊ အာကာပတ်ချိတ်၊ ရှန်းတည့်ရိပ်က၊ တောင်ထိပ်မြင်းမိုရ်၊ ယုဂန္ဓိုရ်က၊ လေချိုရှက်ကူး၊ သွန်းလှဖြူးလျက်၊ ညွှတ်နူး ဝေရီ၊ စိတ်မညီအောင်၊ ရာသီမိုးပန်း၊ ဆွတ်လာဖျန်း သော်၊ ညှိုးမြန်းမသာ၊ မယ့်ဗျာပါမူ၊ ဝိုက်ကာအိပ်ရှိ၊ ဝဲနွယ်ငွေ့ခဲ့၊ နွမ်းသွေ့မိန်းမူး၊ မရွှင်မြူးသည်။ ။ဖြိုးနူး ရွှေရာသည်ကိုလည်း။

www.burmeseclassic.com

www.burmeseclassic.com



## ၂။ စဉ့်ကူးမင်းမိဖုရားကြီးရှင်မင်းဆိုဘုရားတိုင်မှောင်ဘွဲ့ အဖြည့်ခံရတု (တပေါင်းမင်းလှန်ဟန်)

(၁) အနှုန်းမမြင်။ ။ဘုန်းခြောက်အင်နှင့်၊ ကောင်းကင်တိမ်ဆိုင်း၊ ရပ်ရှစ်တိုင်းပင်၊ရိမ့်မှိုင်းပြိုးပြက်၊လျှပ်စုံထွက်၍၊ အောင်ချက်ဒေသ၊ တောင်ညိုမြထက်၊ တပါးနောင်မြောက်၊ သုံးပါးနောက်ကို၊လျှံတောက်စက်ရွှေ၊ ဖန်ရဝေလျှင်၊မဋ္ဌေလကျော၊ဝင်ခဲ့လာ၍၊လိင်္ကာပြည့်ဆုံး၊နှစ်ဆယ့်သုံးတွင်၊ သွယ်ကုံးရှိရည်၊ မယ်လျှောက်သည်ကား၊ လေးမည်ဖြူလွှ၊ မိုးစင်ကပင်၊ ဩဃလေးထွေ၊မြင်းမိုရ်ခြေဝယ်၊ ကုဋေတိုးကြူး၊ မျက်ရှင်မြူးသို့၊ တထူးသာကြည်၊ မှတ်ပါသည်ကို၊နေ့ရှည်လွမ်းရက်၊ကွာသည့်တွက်ကြောင့်၊ မယ့်သက်နဂို၊ မေတ္တာညိုခဲ့၊ သည်ကိုယ်ဘုန်းမြင့်၊ ကယ်မှသင့်ရှင့်၊ ပုံသင့်တော်ရာ၊မယ့်ဗျာပါလည်း၊ လွမ်းတာလွမ်းကြောင်း၊ ပွားဆင့်လောင်းသည်။ ။တပေါင်းမင်းလှန့်ဟန်ကိုလည်း။

(၂) ဂမုန်းသဇင်။ ။ပန်းမြင့်မြင်လည်း၊ ဂုဏ်အင် ရည်သွေး၊ ဖက်စုံဝေးရှင့်၊ မွေးလည်းမွေးညီ၊ တရာသီတွင်၊ နှီညိုရွှေမှိုင်း၊ ပွင့်ချင်တိုင်းနှင့်၊ ခက်ကျိုင်းသုံးဖြာ၊ ပြစ်မဲ့ရာတွင်၊ မေတ္တာစင်စစ်၊ ငွေစင်နှစ်သို့၊ ခါသစ်ချိန်လုံး၊ ပွင့်မြူးတုန်း၌၊ ဘုန်းများပရမေ၊ ထွတ်ခေါင်နေကို၊ ဆောင်းနွေမမြန်း၊ ရာသီပန်းနှင့်၊ တိုင်တန်းဖေါ်မြွက်၊ မယ်လျှောက်ချက်ကား၊ တသက်ကြည်ညို၊ ဖြစ်ပါလိုဟု၊ ကိုယ်နှင့်အကြံ၊ မဆက်ဆံဘဲ၊ ကံကိုရင်းတည်၊ စွန့်ဘူး



သည်ကို၊ မြရည်ဘုန်းမို၊ ပေးမည်ဆိုက၊ နဂိုမန်တိုင်၊ တုန်လှုပ်ယိုင်လိမ့်၊ ပိုင်ရင်းပိုင်ရင်း၊ သည်အခင်းကို၊ ပဝင်းရွှေဥာဏ်၊ နှစ်ထပ်ပန်လော့၊ ကိုးတန်ဂုဏ်ပေါင်း၊ ညိုလဲ့မောင်းသည်။ ။တသောင်းလင့်ပွင့်ဝှန်ကိုလည်း။

## ၃။ စဉ့်ကူးမင်းမိဖုရားကြီး ရှင်မင်းဆို ဘုရားတိုင်မှောင်ဘွဲ့အဖြည့်ခံရတု

(၁) ရှက်ကွန့်ဝင်းဝါ။ ။ထိန်လင်းဖြာသား၊ မိုးပါရေစုံ၊ ဘုံဘုံသုံးခေတ်၊ မကာလှစ်လျှင်၊ ပတ်ရစ်လျှံဝါ၊ သုံးလူ့ချာကို၊ဗြဟ္မာနတ်ဘောင်၊ပင့်ခဲ့ဆောင်သည်၊ပြည်ထောင်လေးထပ်၊ မကိန်းဝပ်တည့်၊ သုံးရပ်ငါးသွယ်၊ မျိုးများလယ်တွင်၊ ခြောက်သွယ် လျှံပြောင်၊ တပါးနောင်ကို၊ လက်ဆောင်ယဉ်နွဲ့ သီကုံးဖွဲ့၍၊ ငါ့ဆယ့်နှစ်ခိုင်၊ ပန်းပွံ့လှိုင်တွင်၊ ပိုင်ပိုင်တဆင့်၊ပန်ချင်လင့်လျက်၊သဒ္ဓါနှင့်သား ပူဇော်ပါအံ့၊ လျှောက်ရာထဲသို့၊ မယ့်စိတ်လိုသည်။ ။ဝါဆိုမိုးတိုင်ပင်ကိုလည်း။

(၂) သက်စွန့်နှင်းရာ။ ။မယ့်ဗျာပါမူ၊ များစွာအဝှန့်၊ ပြင်မကွန့်တည့်၊ကြင်ညွန့်ပွားစည်၊ ပြင်ပမည်ဟု၊ မိန့်ရည်ဩဇာ၊ ရှေးအမှာလည်း၊ သေချာပတ်ရစ်၊ ရက်ကိုစစ်သော်၊ နှစ်တဆယ်ကျော်၊အစွန်းပေါ်အောင်၊ကြင်ဖေါ်မယ့်သက်၊မချေရက်၍၊ ရွှေစက်တင်ကာ၊ ဆက်ရပါသည့်၊ သည်သာရိပ်ပင့်၊ လျှောက်ရန်သင့်ကို၊ ဥာဏ်ဖြင့်ရွေးယူ၊ ချင့်တော်မူ၍၊ ဇမ္ဗူကျွန်းခွင်၊ ဤမြေပြင်ထက်၊ အကြင်

www.burmeseclassic.com



အချစ်၊မျှားစွာရစ်အောင်၊ ဘုန်းသစ်တေဇာ၊ ဖြည့်ညွန်း
ပါတော့၊ ရဲဇာနည်ကိုယ်၊ မြနုဂိုသည်။ ။ကြာလို့ညှိုး
မှိုင် ရှင်ကိုလည်း။

စဉ့်ကူမင်း မိဖုရားကြီး ရှင်မင်းဆို တေးထပ်များ

၄။ တေးထပ်

မိန့်ခွန်းတော်သံရိပ်ကို၊ ဦးထိပ်ထက် ရွက်ဆင်၊
ရွှေရာဇပလ္လင်ဝယ်၊ ဥကင်တော်ဖွင့်၍။ ။

မတ်ပေါင်းရုံကာ၊ ရှိစုံကြာဖူးရောက်သည့်နေ့။ ။

ရက်မြတ်တဲ့ချိန်ခါဝယ်၊ သစ္စာတော်ချစ်ငွေ့။ ။

ကမ္ဘာပင်ကြေမြေ့တော့၊ မေ့ဘူးပမယ့်ဝယ်။ ။

ရွှေခွန်းတော်ပျံ့ရှား၊ ဖန်ဖန်များမိန့်ပေးခဲ့တယ်။ ။

သောင်းရပ်လုံး ဇမ္ဗူလယ်မှာ၊ နှိုင်းဆွယ်ရန် ရှားပါလို့၊
လရထားစကြာရှင်၊ လှည့်လည်သောသွင်။ ။

ဘယ်သူ့များ ကေသျှင်မှာ၊ဆင်တော်မူလဲသိလေး။ ။

၅။ တေးထပ်

ရွှေမင်းဂံ တောင်ညွှန့်၊ ဘုန်းကွန့်ကွန့် ပျိုပျို၊
မှန်နန်းငယ် မောက်မို့မှာ၊ ရွှေကိုယ်တော်လဲ့လန်း။ ။

ကျွန်တော်မကေသျှင်မှာ၊ဥကင်တော်ဖွင့်နေကျပန်း။ ။



တောင်ကျွန်းလုံး ဇမ္ဗူဒီ၊ ကျောက်စီငယ် လျှံလန်း။ ။
မြမြဆောင် ဖန်နန်းမှာ၊ မသန်းတဲ့ပါလာ။ ။

ပဒေသာပင်ဝန်းနှင့်၊ထိမ်ထွန်းသည့်ကျွန်းငယ်မှာသာ။ ။

တို့ကႆလှယ်ကာ၊ လူးသာပလို့၊
ညညတိုင်းညှိုးလျော့၊ နန်းမကမျှော်။ ။

ရွှေလဝန်းစခန်းဝင်ငယ်၊ မခပါလာဘာၨထွန်းသိလေး။ ။

၆။ တေးထပ်

ခိုးမှောင်ရီမင်းလွှင့်၊ နန်းငွေပွင့်တာရိန်၊
သႆရတုခုချိန်ဝယ်၊ ညှာတသိန်မြဖျား။ ။

ဇမ္ဗူမှည့်ရွှေရည်ငယ်၊
ရောင်ကြည်ကြည်ထွန်းပါရော့သား။ ။

ဘယ်တွက်ကြောင့်ထဲဝယ်၊ သဲငယ်တော်မူအား။ ။
သက်ကယ်လို ခြားပါဘူး၊သိသားပ သည်မှာ။ ။

စံဆယ်ရည်ညောင် ကြော့က၊
လောင်တော့မည့် ကျွမ်းပုံ နှင့်သာ။ ။

ဘာစိုးနှင့်မောင်ကြီးတာ၊ သီဟဇာမူဝံကွေ့ကာမှ၊
ပြယ်မေ့မယ်၊နှောင်ကေရိန်၊ မှူးမေ့ဥႆဏ်ချိန်။ ။

သောင်းဗိုလ်ထုရိပ်ငြိမ်မှာ၊
စိုးရိမ်တော်မူလွန်းလှလေး။ ။

www.burmeseclassic.com

www.burmeseclassic.com



### ၇။ တေးထပ်

ရှေးဝဋ်ကြောင်း မုချမို့၊ ဒုက္ခတွေအခါ၊
နှုတ်ဟာ၍ဘာဝနာကို၊ စွဲမကွာနေ့ည၊
စိတ်ပုတီးရိုးဖြူကြေအောင်၊ ညှိုးသူဆွေစိပ်တဲ့ချိန်မှ။ ။

ရတ္တိညဉ့်သန်းယံလွန်ဝယ်၊ နန်းဟန်ညွန်မမျှ။ ။
ဆန်းနတ်မှန်ဒေဝကာ၊ ကော်ဝလကပ္ပံ။ ။

ယဉ်ကြော့မူလှ စိန်မျက်ကယ်သို့၊
ပြုအိပ်မက် ပေးရလေဟန်။ ။

မေ့ရေပေါင်းသိတင်္ဂံမှာ၊ အိစတံလှိုင့်ပုံ့လို့၊
ပြိုင်ရန့်သင်း ထုံထုံ၊ မင်းငယ်လေ့ပုံ။ ။

မြင်ရတိုင်းလွမ်းမကုန်သည်၊
စန်းငွေသုန်ခင်ခင့်ကြောင့်လေး။ ။

### ၈။ တေးထပ်

ဆံခွေကို ဖြန့်ကျင်းလို့၊ ပြတင်းက မယ်မျှော်၊
ရွှေသဝန်‌စနွှော်ငယ်၊ ထွက်ပေါ်လာမူနိုး။ ။

စောင့်စားလို့ တာရှည်သည်၊
နေခြည်မှာပွင့်ပန်းကဲ့သို့ညှိုး။ ။

ချနေကျမှန်စာကို၊ အခါခါမယ်ထိုး။ ။

စနဲ့ပုံရွှေကြက်ရိုးရယ်က၊ အကျိုးငယ်မထင်။ ။
ရွှေတိုင်တူနတ်ကိန်းက၊ တိမ်းယိမ်းလို့မမှန်လေကျင်။ ။



ဘယ်ကျွန်းသူ့သခင်ရယ်၊ ထိပ်တင်ကိုချော့ပါလိမ့်၊
မေ့လျော့နေသည့်နှယ်၊ ရှိရပြန်တယ်။ ။

ပူးလွန်းလို့ပြန့်ကျယ်တယ်၊
ဘုန်းကြွယ်ကြွယ်ဘုရားကြောင့်လေး။ ။

### ၉။ စဉ့်ကူးမင်းမိဖုရားကြီး ရှင်မင်းဆို သံဝေဂ လေးဆစ်သဖြန့်

ကြုံမတွေ့ချင်ဘူး၊ ဘုံမလေ့ကိုတဲ့ မုန်းလှပြီ။ ။
လိုဏ်အနီး၊ မြိုင်သီးခြေချူလို့၊ ချောင်အငူဝေပူထွက်
ကိုလ၊သူလွတ်လျှင်ယာယီကွန့်ချင်ငဲ့၊နန်းညွှန့်ရွှေညီ။ ။
ဗျာကေကို၊သာခွေရှပ်ပါလို့၊ ခွံလျော်တေ ဖန်ရည်အုပ်
ကယ်နှင့်၊ လဲ့လုပ်ကဲ့ကြော့ဒေဝီ၊ယောဂီတို့ကျင့်နဲ့။ ။
အခါခါ၊ ဘာဝနာ ဈာန်ကသိုဏ်းတွင်မှ၊ အံတိုင်းပင်
ပါပါလေငဲ့၊ နှုတ်ခွန်းရေရွှေဂရို့မှာ၊ဘုန်းဘို့ပုလဲ။ ။

### စာဆိုတော်မယ်လုပ်

(၁၁၅၀—ခန့်)

မယ်လုပ်သည် သက္ကရာဇ် ၁၁၄၃-ခုနှစ်၊ အမရပူရမြို့တည် [illegible]သည် ဘိုးတော်ဘုရားလက်ထက်တွင် ထွန်းကားပေါ်ပေါက် [illegible]သော အမျိုးသမီးဘုရင့်စာဆိုတော်တဦးဖြစ်ပေသည်။ စာဆို [illegible]မယ်လုပ်၏ လက်ရာတို့ကား သီချင်းကြီး၊ သီချင်းခံ၊ ဘုန်း [illegible]ဘွဲ့-လယ်ထွန်မင်္ဂလာဘွဲ့၊ ရေသဘင်ဘွဲ့၊ ရာသီဘွဲ့၊ တ[illegible]ဘွဲ့၊ [illegible]ါင်းလောင်းတော်ဘွဲ့၊ ဓါးသိုင်းဘွဲ့၊ မယ်ဘွဲ့၊ မောင်



www.burmeseclassic.com

www.burmeseclassic.com



ဘွဲ့များနှင့် 'စံရာဘုံမြင့်ညီးလင်း' အစချီသော ဇောင်းကလေးပြန်ရေဆင်းကြိုး စသည်တို့ဖြစ်ပေသည်။ မယ်လုပ်၏တေးသီချင်းများမှာ ယနေ့သီဆိုတီးမှုတ်လျက်ရှိကြသော တူရိယာဂီတဆရာတို့၏နှုတ်ဖျားတွင် ပျံ့ပျံ့ကျူးလျက်ပင်ရှိပါသေးသည်။

မယ်လုပ်သည် ပညာရှိအမတ်ကြီး ဦးပေါ်ဦး၏ ခေတ်တွင် ပေါ်ထွန်းသူ အမျိုးသမီး စာဆိုတော်တဦးဖြစ်ပေရာ၊ ပညာရှိအမတ်ကြီးများဘောင်သို့တိုးဝင်ထင်ရှားနိုင်ရေးမှာ ပညာဥာဏ်ကဗျာဥာဏ်များ ၅ာထက်မြက်ရန် လိုအပ်လှပေသည်။ မယ်လုပ်သည် မင်းကွန်းခေါင်းလောင်းတော်ဘွဲ့ကိုဖွဲ့ဆိုခြင်းအားထောက်၍ ဘိုးတော်ဘုရား (ပဒုံမင်းသား) ကြွသွားရာတို့ကိုစာဆိုတော်အဖြစ်နှင့် တပါတည်းပါသွားဟန်တူပေသည်။ သို့ပြင် ဘွဲ့များကိုဖွဲ့ဆိုရေးသားရာ၌ ခေါ်ခုတ်ပုံအမျိုးမျိုး၊ သိုင်းကွက်နင်း၍ ခုတ်ပုံခုတ်နည်းများကို တိကျစွာရေးသားနိုင်ခဲ့ပေရာ၊ မင်းတုန်းမင်းလက်ထက်ခေါ်တွင် ကျော်ကြားခဲ့သော မြင်းစီးကောင်းတပ်ဗိုလ် မိနက်ကြီးနှင့် မယ်ဘရက်တို့ကဲ့သို့ အရည်အသွေးရှိသူတဦးဖြစ်တန်ရာသည်။ မယ်လုပ်ကိုစာတွေ့ ကိုယ်တွေ့ ဗဟုသုတ အဝဝဖြင့် ကုံလုံကြွယ်ဝသူတဦးအဖြစ်လည်း ခြင်ဆင်ကြည့်ရှုတွေ့မြင်နိုင်မည်ဖြစ်ပါသတည်း။

## မယ်လုပ်ရေး ဇောင်းကလေးပြန် ရေဆင်းကြိုး

စံရာဘုံမြင့်ညီးလင်း၊ ဝေယန်နှုန်းမယွင်း၊ ရာပြည်ပြည်မင်းမှန်ကူ၊ ထွတ်ထိပ်သရဖူ၊ စံတော်မူသည့်၊ လျှံလူခဲ့ ဆောင်မြေရင်းဝယ်ပလေး။ ။ရှုညောင်းအိ၊ ရွှေ့ဆီပြုပ့ါစွန်းငယ်ကလေး၊ မြ



ဝန်းပြာခြေ၊ ဝါရွှေစိမ်းစို၊ ညိုတလဲ့လဲ့၊ စိုဘန္ဓနဲ့၊ အိုဘယ့်ဖြာမျိုး၊ မောက်ဖြိုး၊ ထူးတဆန်း၊ တင်းကျမ်းတင်းကျမ်း၊ မြရည်ရောင်၊ ငှက်တဲ့ငှက်မောင်၊ သာခေါင်ကြေအညာ၊ ယဉ်ဆောင်ရေသီတာ၊ သံသာချိုအေး၊ တွန်ကြော်ရင့်ရင့်ကြွေး၊ မြစ်တွေးသံစာစာတည့်လေး၊ ချစ်ရေးဖြေဘင်ခါဘည့်မှသူ၊ ဖွေးဖွေးငယ်ရောင်လျှံ၊ ရေတည့်ရေတည့်ကန်ငယ်မှာ၊ တေန်ကြောင်းလယ်၊ ပြော စင်းငယ်တည့်လေး။ ပြန်ရင်းဆိုက်ခါသာ၊ သူရို့ထိုက်ဘာသာ၊ မြူးပျော်ခါယှဉ်ပြိုင်သွား၊ ငှက်စုံရွှေလိပ်ငါး၊ စီးတွေတွေသွားငယ်ပ၊ ချီးအွံ့ဘွယ်များပေလှ၊ များခတောင်းပင်လေတည့် များတောင်းပင်။

## မယ်လုပ်ရေးဘုန်းတော်ဘွဲ့တျာသံသီးချင်ခန့်ကြီး

ဇမ္ဗူကျွန်းလုံးဗဟို၊ လေးရောင်စုံမြူး၊ တောင်ဦးမန်တိုင်လို၊ တိုင်းပြည်ထောင်ထိုသို့၊ ဦးလျှိုသာညွတ်ခ၊ ထီးဆောင်းငယ်ဘရာ၊ ဘေထကာ၊ ဆယ်ဖြာရှိပန်သသည်နှစ်လေး။ ။ဘုန်းတော်မျိုးမှ၊ အောအောင်၊ လနေတနှုန်း၊ ပတ်ကုံးထိန်ထိန်ပြောင်၊ သိုက်မာတ်ညီတည်ထောင်သည်၊ လေးမည်တောင်ရစ်သန်း၊ ဘူမိငယ်နက်သန်၊ အင်းပတ်လည်ရံ၊ စိမ်းညိုလျှံလှည့်ပတ်ကယ်သန်းသည်နှင့်လေး ။ရှုဘွယ်မခန်း၊ထူးဆန်းငယ်ကျယ်စွာ၊အမရပူရပြည်မထွတ်ဆောင်ချာ၊ ရှုက်စုံငယ်ဘယ်ညာ၊ လွန်သာသာပျံ့ပျံ့၊ ရွှေ့အုက်ယှန်းခတ်ဆွယ်၊ သာမောကျယ်၊ အောင်ပဉ်လယ်ကန်ထိပ်တော်လေး။ ။ပွင့်ဖူးငယ်ကြာငါးမည်၊ လေပြည်သာသိမ်းပါ၍ ညက်ယိမ်းနွဲ့ခါယိုင်။ ။

www.burmeseclassic.com

www.burmeseclassic.com



## ၃။ မယ်လုပ်ဆို၊ မင်္ဂလာလယ်ထွန်ဘွဲ့တျာသံ

ဘုန်းတော်တိုးဆင့်ထောင်နေခြည်၊ ကျက်သရေကွန့်မြူး၊ ရာကြူးသက်တော်ရှည်၊ ကျွန်းလေးတည်ငယ်ကို၊ စိုးမည်ထိပ်နင်း၊ ရတနာနဝ္ဂ၊ ဒီပါတောင်ဇမ္ဗူငယ်မှာ၊ တရားရိပ်ဖြူ၊ ပိုင်ယှမင်းထက် မင်းငယ်မို့လေး။ ။တေဇာတော်လင်းသမ္ဘာအင်၊ရွှေဥာဏ်ရှယ်တိုင်း၊ မဆိုင်းပြီးအောင်မြင်၊ ဇေယာငယ်သံလွင်လေ၊ ကျူးရင့်ပတ်သန်း၊ ရာသီသာစွ၊ ဇေဋ္ဌပုဏ္ဏမာငယ်မှာ၊ ရွှေထွန်မင်္ဂလာစကြာစံတင့်မြန်းပါလို့လေး။ ။ထိန်လျှံနန်းငယ်ကို၊ မိုးပန်းငယ်မြရည်၊တန်ဆည်လျှံတော့သည်။ ။သီးနှံငယ်ပွားစေါလို့၊ကောက်သားငယ်တောင်နှယ်၊ အံ့ဘွယ်ဆန်းတော့သည်။ ။

## ၄။ မယ်လုပ်ဆို ရေသဘင်ဘွဲ့တျာသံ

မြရည်စိမ်းလဲ့ ယဉ်ဘောင်သာ၊ ရင်းမာကြိုင်လန်း၊ ရွှေတန်းမြည်ချိန်ခါ၊ ရွှေညီလာငယ်လေ၊ ရွှေဘုန်းကွန့်ဆဲ၊ ပြုပွဲရောင်လင်း၊ ကြယ်မင်းယှဉ်ပြိုင်ညီတယ်လေ၊ ငွေစန်းပုဏ္ဏမီ၊ ရာသီသာမျိုးကဲပါလို့လေး။ ။မြစ်ယံခြိမ့်သဲခါတော်တွင်၊အောင်သံကြော်ကြေး၊ တက်ရေးရေသဘင်၊ သီဒါခွင်ငယ်မှာ၊ ဘုံနန်းဦး၊ ပဥ္စင်ဆော်ညောင်း၊ ဗုံမောင်းနှဲခရာငယ်မှာ၊ ငွေမင်းသင်္ခါ၊ ဗြဟ္မာသံညွှင်းကျူးပါလို့လေး။ ။မျှော်အံ့မူးသည်နှင့်၊ကြုံဘူးငယ်မထင်၊ ရာဝင်ဖြိုးတော့သည်။ ။သပြေငယ်ရွှန်းပါလို့၊ လေး ကျွန်းငယ်ဒီပါ၊ စကြာစိုးတော့သည်။ ။



## ၅။ မယ်လုပ်ဆို မြို့ဘွဲ့တျာသံသီချင်း

ရှေးစံလေပြောကြနိမိတ်၊ သိုက်နှင့်ခေတ်စာ၊ တပေါင်လာ၊ ညီညာရှေးအတိတ်ကယ်မို့လေး။ ။မြရိပ်ကယ်သာ လန်းဝေစည်၊ ထိပ်ကြံတော်ရည်၊ မရှည်ငယ်သာလှနှင်းနှစ်၊ ပြည်ကြီးငယ်တည်ထောင်၊ အစောင်စောင်၊ သာခေါင်ပြီးရောက်စစ်ပါလို့လေး။ ။တောင်မြစ်ကယ်ရေသွီဒါ၊ ရုံကာခန်းတော့သည်။ ။

## ၆။ မယ်လုပ်ဆို ရာသီဘွဲ့ တျာသံ

ဟေမန်ပြာသို၊ ခွာညိုပွင့်ဖူးဆင့်တယ်လေး၊ နှင်းပန်းသစွာ၊ နော်ဇာဘည့်ဂမုန်းအင်၊ ဇလတ္တာတွင်၊ မဟာလေ၊ မဟာလှေထား၊ဇီဇဝါပန်းဆတ်သွားငယ်နှင့်လေး။ ။ယင်းမာငယ်ချယား၊စကားငယ်လှိုင်ညီ၊ ရေခံမို့ခတ္တာရီ၊ စိန်ပန်းနီး၊ ပွင့်ညီဖူးတံဆန်းတော့သည်၊အနန်းကံ့ကော်၊စွယ်တော်ခေါင်ရန့်းပန်းနှင့်လေး။ ။ကြိုင်လန်းလေ၊ မြိုင်နန်းမွေးကြူစွာ၊ စကားဝါရွှေပင်ခက်ကယ်နှင့် ပုန်းညက်လက်တံရှည်။ ။

## ၇။ မယ်လုပ်ဆို ဘုန်းတော်ဘွဲ့ တျာသံ

ပန်းမွှေ့ရာငယ်လေ၊ တောင်ထွာထုမြင့်၊ ရွှေအုံးငယ်ကတီ၊ [illegible]ဆီနှံမှိုသုံးထပ်ဆင့်သည်နှင့်လေး။ ။ရွှေဘုံမြင့်ငယ်ကို၊နတ်နှင့်[illegible]ရည်တူ၊ လေးကျွန်းစိုးမည့်သူ၊ နတ်မဥ္စူငယ်လေ၊ မွှေးပျံ့[illegible] ကွမ်းဝတ်ကယ်ရွှေဝါ၊ ကွမ်းနှုရာ၊ စကြာစုံဖူးနှင်းမည်[illegible] [illegible] ။မိန့်ခတော်ရင်းငယ်ကြောင့်၊ ချွတ်ယွင်းမည်ကို၊ [illegible]လိုစိုး[illegible]သည်။ ။

www.burmeseclassic.com

www.burmeseclassic.com



## ၈။ မယ်လုပ်ဆို ဘုန်းတော်ဘွဲ့ တျာသံ

အောင်သံ ကျူးရချိန်တန်ပြီ၊ စဉ်လာကိန်းခန်း၊ မာတ်ဆန်း ကုန်ညီ၊ ရွှေ့ရာသီကိုလေ၊ မြွက်ချီဖြာကျူးလျက်၊ စကြာသတ္တ၊ ဆက်သချိန်သင့်မှန်တယ်လေ။ သုံးဆယ့်ရှစ်ဘော်၊ ဆဒ္ဒန်ထပ်ပြန် တိုးဆင့်၊ ရောက်မည်တည့်လေး။ ။

ရွှေဘုန်းတော်တောက်ပါလို့၊ ထက်အောက်ကယ် လိုက်ဆူ ရာပြည်ထောင်မင်း၊ ရင်တွင်းနှဲ့အူအူ၊ နတ်သွင်မူငယ်လေ၊ နူန်းနူန်း တူသာတမျှ၊ ကိုယ်စီပင်ကြွား၊ ညွတ်တွားဦးနှိမ်ခါ ငယ်လေ၊ သမီးရတနာ၊ ကညာနှင်း ဆက်သသည်နှင့်လေး။ ။

သောင်းဒီပါမှာတည့်၊ မရငယ်နိုင်းအပ်၊ ရာဇဝင် ●မွှန်းတော့သည်။ ။

ဩဘာငယ် ကောင်းပါလို့၊ နတ်ပေါင်းငယ် ဝန်းရံ၊ အောင်သံကြွေးတော့သည်။ ။

## ၉။ မယ်လုပ်ဆို တျာဘွဲ့

စီးမြင်းတော် စာမရီ၊နောက်ခြေကြုံ့လျက်၊ ရွှေ့လက်ဟန်ပန် ချီ၊ မြီးဆံရှည်သည်လေ၊ လည်မောက်ချိတ်၊ ရှူးရှူးငယ်နှာသံ၊ ဆိတ်မည်၊ အလျှံလူးလန်း စိတ်ကယ်နှင့်လေး။ ။

ရည်တူများထွတ်ထိပ်၊ရွှေနန်းလျှာ၊ရွှေစက်တင်မြန်း၊ ရှင်လန်း စီးသောခါ၊ ဝတ်လဲတော်ငယ်မှာ၊ ပန်းပေါင်းခက်၊ ခါးလည်



တော်လျှပ်နွယ်၊ ကျောက်စုံခြယ်၊ ကိုးသွယ်မျက်ပေါင်း ရှက်ပါ လို့လေး။

ချက်ချက်ကယ်မပြုလာ၊တိမ်လွှာကို ပျံလုနီးသည်နှင့်၊ အံ့ချီးမကုန်ရာ။ ။

## ၁၀။ မယ်လုပ်ဆိုတျာဘွဲ့

တစိတ်ကယ်တကိုယ်တော်၊ ညှိုးလျော်ခွေလို့ ပျောင်းတည့် လေး၊ တွဲ့ကာယိုင်ကာ၊ နွဲ့အောင်မချိပါတယ်လေ၊ နှင်းလိုင်အုံ့ ငယ်တွင်၊ ယိမ်းလို့ပျောင်းညှိုးလျော်ကျွန်မ၊ နှမ်းလှပူသည်အင် ငယ်ကို၊ညဥ့်လုံးမရွှင်၊လွမ်းပင်မိုးထိပေါင်းပါလို့လေး။ ။သာခွေ လျောင်း၊ စောင်းကာခါခါမှိုင်ခဲ့ပြီတကားရှင့်လေး။ ။

## ၁၁။ မယ်လုပ်ဆိုကျေးစေပတ်ပျိုးကလေး

ထွန်းလင်းလျှံလက်၊ ဖန်စက်လျှံ၊ သန္တာရည်သွေး၊ လည် ရေးမှုတောင်ပံ၊ ဟန်တချီချီကျူး၊ တောင်ပံရှက်ခါမြူး၊ ဖူး ထင်သညွတ်ခါ၊ ကျေးမြစိမ်းရွှေ၊ စေတော်မှုဦး၊ ထက်တိမ်ဘုံ တောင်ဟုန်ကွန့်ကွန့်မြူး၊အထူးထူးငယ်နှင့်၊ ရှင်မြူးငယ်ကြော်ကြွေး လေပြေသွေး၊ ဟန်ရေးရှယ်ကာချီ၊ ထက်တိမ်ဘုံဆီငယ်မှာ၊ သာ ဃနွယ်အားစေတော်မူကြောင်းမဟုတ်လား၊ ရွှေရွှေနားအပ်ပါ လို့၊ တပ်တပ်ကယ်သေခွေ၊ ခွန်းမိန့်တော်ထွေ၊ မြဲသောချာသို့ ကျေးစေတမန်၊ရွှေချိုင့်စံ၊မှန်ပုံနှင့်ကယ်၊ပန်းမှုံဖြစ်ကျေး ။ သောငယ်တမန်၊ စိန်ချိုင့်စံ၊ လျှင်မြန်စွာဟိုကျွန်းကာ၊ လွန်ခင် စိန်ချိုင့်စံမှန်ပုံနှစ်ကယ်၊ဘုန်းတော်ဖြစ်ကျေး ။ လေနှင့်

www.burmeseclassic.com

www.burmeseclassic.com



ရော တိမ်ကြောကိုပုံပြပါလေကွယ်၊ ပန်းရည်ငှက်ကာယ်၊ နန်းရွှေဘုံနယ်၊ ဆွေမယ်ရှိတပါး၊ ချန်မဆိုင်းပါနှင့်၊ မှန်တိုင်းတင်ပါချေ ကွဲ့၊ နန်းမြေသူ့ပါး။ ။

၁၂။ မယ်လုပ်ဆို မင်းကွန်းခေါင်းလောင်းတော်ဘွဲ့ တျာသံ

ဘုန်းတော်ရောင်ကြူးလှ၊ မြတ်အာဟိန်၊ တေဇာတော်ထူး၊ ကွန်မြူးရွှေဥာဏ်ချိန်၊ ဝရဇိန်ငယ်ကို၊ တောက်ထိန်သာမဆုံး၊ ကြံ့တော်အားသစ်၊ မလစ်သွန်းပြုတည့်သည်လေ၊ ဗလငါးမည်၊ တည်သည်ရွှေလက်ရုံးငယ်နှင့်လေး။ ။

ကုသိုလ်တော်ဘုန်းငယ်ကြောင့်၊မြောက်ဘုံလုံးညီးအုံ၊အောင်မြင်ပြီးစီး၊မငြီးရှုရာကုံ၊ ခေါင်းလောင်းတော်ရန်လုံမှာ၊ ရောင်ဟုန်သာထွန်းတောက်၊ ရွှေရောင်တော်တင်မြောင်း၊ ကြော်သောင်းပင့်ယူချီလေ၊ မဟာစေတီ၊ ထံမှီစက်ပါးရောက်ပါလို့လေး။ ။

ကြံ့တော်မြောက်ပြီမို့၊ ထက်အောက်ကယ် ကြေညာအောင်ရာသာချီးတော့သည်။ ။

သမ္ဘာတော်လင်းပါလို့၊ ထွန်းလင်းငယ် တောက်ထိန်ပွင့်ချိန်နီးတော့သည်။ ။

၁၃။ မယ်လုပ်ဆို မင်းကွန်းခေါင်းလောင်းတော်ဘွဲ့ တျာသံ

ပွင့်ချိန်နီးလှုရင့်မုံအာ၊ ငါးမာရ်အောင်ဘိ၊ ဗောဓိနေ့ခင်အလျှာ၊ ဆင့်မြင့်ရှည်စွာ၊ စဉ်လာသာရိုက်ကျူး၊ ရွှေးရာဇဝင်ထုံး



ထန္ဒန်းဘက်မဲ့ကွာတယ်လေ၊ သမိုင်းကျောက်စာ၊ ဘယ်မှာကြုံကြားစဖူးရလေး။ ။

ရွှေဥာဏ်တော်ထူးလှအခေါင်မော်၊ ရန်မြူစင်ကင်း၊ သန့်ရှင်းကုသိုလ်တော်၊ ခေတ်လုံးငယ် လိုက်ဆော်တယ်၊ အုတ်ဩဘာသောင်းသောင်း အတုမရှိဘဝဂ်ထိန့်၊ ကြော်ငြာ တယ်လေး၊ အောင်မင်္ဂလာ၊ မဟာရွှေခေါင်းလောင်းငယ်တည့်လေး။ ။

မှန်းရိုက်ချောင်းပါလို့၊ နတ်ပေါင်းငယ် လှုံ့ဆော်၊ လိုတော်ပြီးတော့သည်။ ။

အခေါင်ကျုံးပါလို့၊ သက်လုံးငယ်ရာကျော်၊ဘုန်းတော်ကြီးတော့သည်။ ။

၁၄။ မယ်လုပ်ဆို မင်းကွန်း
ခေါင်းလောင်းတော်ကြီးဘွဲ့ တျာသံ

ဩဘာသံထူးလှ ပြိုင်မတူ၊ ဇမ္ဗူသောင်းခန်း၊ အောင်ပန်းညွှန့်ဆူလူ၊ မြတ်ဆုချူငယ်လေ၊ ဆုယူလေးသောင်း၊ နှစ်သိန်းတည်စ၊ အမှု ရွှေဥာဏ်ဖြာတယ်လေ၊ စေတီမဟာ၊ ရတနာခြသေ့်ပေါင်းခါလို့လေး။ ။

ဆောင်လျှံငယ်မောင်းမျှ၊ ခေါင်းလောင်းတော်ရန်လုံ၊ မဟာသီး ကြီးဘိသုံးမည်စုံ၊ ကုသိုလ်တော်ဟုန်မှာလေ၊ ခြောက်ဘုံဆုံ၊ ကြေငြာကြော့ဆုံး၊ ပတ်ကုံးတိုက်အာကာငယ်လေ၊ ထိထန်စွာ၊ ဗြဟ္မာမင်းတို့အံ့သည်နှင့်လေး။ ။

www.burmeseclassic.com



လေးဗီပါပျံ့ပါလို့၊ ပတ်နှံ့ငယ်ရောင်ထိန်၊ ဘုန်းတော်ရှိန်သင်းတော့သည်။ ။

ရွှေဉာဏ်တော်လျှိုင်းပါလို့၊ ဝိုက်သိုင်းငယ်တေဇာ၊ စက္ကာဝါချင်းတော့သည်။ ။

## ၁၅။ မယ်ဆိုဓားသိုင်းဘွဲ့ တျာသံ

စက်ရှင်ရောင်မြူးလှ၊ ဝေဖူးငယ်သီ၊ ထားစုံဆယ်ချင်း၊ သိုင်းနင်းဟန်ငယ်ချီ၊ နွန်းတုငယ်မမှီ၊ ရွှေ့ဆီသာနှောက်ချ၊ ရွှေထားတော် သိဂ်ါ၊ ကိုးမျက်စုံဖြာ၊ စကြာတော် နင်းကွက် ကျပါလို့လေး။ ။

ဆောခိုင်မ၊ ပွင့်လှငယ်ကားလျှို၊ ဝရဇိန်စက်၊ ရှိန်လက်ရောင်လိုလို၊ မျှားလူဗိုလ်ငယ်လေး၊ အံ့မဆုံး၊ ယဉ်မျိုးငယ်ချုပ်ယူ၊ မိုးပါတဲ့သူ၊ ထိန့်ဆူနေသသာနွန်းရလေး။ ။

ရွှေဘုန်းတော်ကျက်သရေ၊ တက်လေတိုးတော့သည်။ ။
မြတ်ပေါင်းငယ်မင်္ဂလာ၊အောင်ရာသာဖြိုးတော့သည်။ ။

## ၁၆။ မယ်လုပ်ဆိုဓားသိုင်းဘွဲ့တျာသံ

ဘုန်းတော်တိုးဆင့်ထက်တေဇာ၊ တက်နေရောင်သို့၊ အောင်မျို့မင်္ဂလာ၊ မင်းမင်းများထိပ်ချာမှာ၊ ရှစ်ဖြာသာဆယ်ကျူး၊ တတ်မျိုးငယ်ကုန်စင်၊ တို့ထိပ်ဘင်၊ စက်ရှင်ရောင်လျှပ်ကယ်မြူးသည့်သို့လေး။ ။



ဆယ်တန်ကဖူး၊ လှထူးငယ်ဆန်းကြွယ်၊ ပြိုင်ယှဉ်ဘက်မဲ့၊ သုံးဆယ့်ခုနစ်သွယ်၊ သုံးလေးငယ်လျှာလှယ်၊ ညာဘယ်သာနှောက်ရွှေ့၊ ရွှေလက်သာချိန်မှို၊ သိုင်းဝိုင်းခါသီ၊ မြှောက်ချီငယ်ဝန်းဝိုက်ဝေးပါလို့လေး။ ။

ဘုန်းဟော့ငယ်မြတ်ခေါင်ချာ၊ ယဉ်ရာသာကျူးတော့သည်။ ။

ရွှေထားတော်၊ ကျောက်စုံခြယ်၊ လျှပ်နွယ်ရောင်မြူးတော့သည်။ ။

## ၁၇။ မယ်လုပ်ဆို ဓားသိုင်းဘွဲ့တျာသံ

အောင်ရာသာမျိုး၊မြင့်မြတ်ဘုန်းတော်၊ ပရမေခေါင်တင့်၊ တိုးဆင့်ရှိန်တေဇော်၊ ဆူလှိုက်ကျော်ငယ်လေ၊မြန်းထိပ်မိုး၊ ဆယ်ချင်းငယ်အစုံ၊ ချက်တိုင်းသာလုံ၊ တတ်ကုံသူ့ထက်ကယ်မိုးပါလို့လေး။ ။

ဝတ်လဲတော်ပြိုးပြက်သက်တံရောင်၊ ဝဠာကြော့ရှင်း၊ ပြိုင်ကင်းတုလွတ်ရှောင်၊ ရန်နှိမ့်မှောင်ငယ်လေ၊ ဝေးပျောက်ရှဲ၊ ရွှေစကြာကြန့်ညီ၊ လက်ရုံးတော်ချီ၊ ပထဝီပြိုအက်တက်ကွဲသည်သို့လေး။ ။

မြတ်ကဲငယ်ရင့်သမ္ဘာ၊ရွှန်းဝါတောက်တော့သည်။ ။

မိုက်မှေးရန်တကာ၊ဝေးကွာပျောက်တော့သည်။ ။

www.burmeseclassic.com

www.burmeseclassic.com



## ၁၈။ မယ်လုပ်ဆိုခေးသိုင်းဘွဲ့ တျာသံ

ဇမ္ဗူကျွန်းလုံး၊ လှည့်စကြာပိုင်၊ ကြေညာကျော်ဆုံး၊ ပတ်ကုံးတေဇာလှိုင်၊ နှုန်းတုငယ်ဆိုင်၊ ယှဉ်ပြိုင်သူ သက်ရှား၊ မြတ်သီလဝင်၊ ရန်မျိုးငယ်နှင်၊စက်ရှင်သာစိန်လျှပ်ထားငယ်နှင့်လေး။

ချင်းစုံဆယ်ဖြာ၊ ဟန်တော်ချီ၊ ရာပြည်ထောင်မင်း၊ ဝတ်စင်းဦးနှိမ်ညီ၊ ဘက်မမှီငယ်လေ၊ တင်ရှိဦး၊သတ္တိငယ်အကျော်၊ သောင်းမြောင်ပေါ်၊ မမြော်တုလွတ်ကာယ်၊ ထူးပါလို့လေး။

လျှံမြူးငယ်အသရေ၊ တက်နေရောင်နှုန်းတော့သည်။
သိုင်းနင်းငယ်စမွယ်စုံ၊ ရန်ရန်ပြုန်းတော့သည်။

## ၂၁။ ပခန်းသူမ

### (၁၁၄၃-ခုနှစ် ခန့်)

ပခန်းသူမသည် မေတ္တာရေးသူ စာဆိုမယ်တဦး ဖြစ်သည်၊ သေနတ်အမှုထမ်းမောင်လွန်း၏မယားဖြစ်သည်၊သက္ကရာဇ် ၁၁၄၃ ခုနှစ်၊ အမရပူရမြို့တည်နန်းတည် ဘိုးတော်မင်းတရားကြီး လက်ထက်တော်တွင် ပေါ်ပေါက်ခဲ့သူဖြစ်သည်၊ ပခန်းကြီးမြို့ မင်္ဂလာတံခါးရပ်တွင်နေခဲ့သည်ဟု သိရသည်၊ ဘိုးတော်မင်းတရားကြီး၏ သေနတ်အမှုထမ်းတို့သည် မိုးနဲမြို့သို့ချီရသည်၊ ထိုအခါပခန်းကြီးမြို့ မင်္ဂလာတံခါးရပ်နေ သေနတ်အမှုထမ်း မောင်လွန်း၏မယားဖြစ်သူ ပခန်းသူမက မိုးနဲမြို့ရှိ သေနတ်အမှုထမ်းတို့ တပ်စခန်းသို့



မေတ္တာစာ တစောင်ကို ပေးပို့ခဲ့လေသည်၊ ထိုမေတ္တာစာတွင် ခင်ပွန်းသည်ကိုလွန်းအား ဘုရားသိကြားမ၍ မြန်မြန်ပြန်လာစေချင်ပါသည်၊ နတ်တော်ပြာသိုလများတွင် နှင်းကလည်းစို၊ ချမ်းကလည်းချမ်းမို့ စောင်ကို အတူခြုံရအောင် ပြန်လာစေချင်ပါသည်၊ ဟုဖွဲ့နွဲ့၍လည်းမဆို၊ အပိုလည်းမပါ၊ ပကတိဖြူစင်သော မေတ္တာစေတနာဖြင့် ရေးသားပေးပို့ခဲ့လေသည်။

### ပခန်းသူမက မိုးနဲမြို့ရောက်ခင်ပွန်းသည်သေနတ်အမှုထမ်း မောင်လွန်းထံပေးပို့သောမေတ္တာစာ

အုတ်စတုရန်း၊ ချိုးခိုနန်းနှင့်၊ ရွှေခန်းမင်္ဂလာ၊တံခါးသာက၊ ကြားမှာလိုက်ကဲ့၊ အလွန်းငယ်။

ဘုရားချစ်ရှင်၊ စည်သူရှင်မှာ၊ ပြန်လာစေကြောင်း၊ ညောင်ရေလောင်းသည်၊ တဂေါင်းဖန်ပြာ၊ အနားဖွာလည်း၊ သုံးခါကွဲပေါ့ အလွန်းငယ်။

နတ်တော်ပြာသို၊ နှင်းစိုစိုကို၊ စောင်ကိုအတူခြုံရအောင်၊ မြန်မြန်ပြန်ခဲ့ပါ အလွန်းငယ်။

## ၂၂။ နန်းတွင်းသူ မယ်ခွေ

### (၁၁၅၀-ခန့် ၁၂၀၀ခန့်)

နန်းတွင်းသူမယ်ခွေသည် သက္ကရာဇ် - ၁၁၄၃-ခုနှစ်တွင် နန်းတက်တော်မူသော ဘိုးတော်ဘုရားလက်ထက်တွင် နန်းတွင်း၌ စား ထမ်းရွက်ရသော အမျိုးသမီး စာဆိုတော်တဦး ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



မယ်ခွေမှာ ရတနာသိင်္ယမြို့နေ စစ်တောင်းဝန်၏ သမီးနှစ်ယောက်အနက် အငယ်ဖြစ်လေသည်။ မယ်ခွေ၏အစ်မမှာ မယ်ကေဖြစ်လေသည်။ မယ်ခွေအရွယ်ရောက်သောအခါ တွင်၊ အမွေဝန်ဟောင်း မောင်စွက်နှင့် စုံဖက်လေသည်။ မယ်ခွေသည် သက္ကရာဇ် ၁၁၉၉-ခုနှစ်တွင် နန်းတက်တော်မူသော ကုန်းဘောင်မင်းတရားကြီး လက်ထက်တော်တိုင်အောင် ထင်ပေါ်ကျော်ကြားခဲ့သူ နန်းတွင်းသူအမျိုးသမီးစာဆိုတော်တဦး ဖြစ်ပေသည်။

သက္ကရာဇ် ၁၂၀၃-ခုနှစ် ကုန်းဘောင်မင်းတရားကြီး၊ ရန်ကုန်မြို့၌ ခေတ္တစံနေတော်မူစဉ်တွင် မယ်ခွေသည် 'ဇေယျတု၊ အောင်ဆုပန်ပါတဲ့၊ မင်္ဂလံ။ အစဖြာသော လွန်စွာထင်ရှားကျော်ကြားသည့် ဆယ့်နှစ်ရာသီဘွဲ့ အဲချင်းများကို ဖွဲ့ဆိုခဲ့လေသည်။ မယ်ခွေသည် ထိုဆယ့်နှစ်ရာသီ အဲချင်းများအပြင် ရှစ်ဆယာပေါ် အဲ-ချင်းများနှင့် အမရပူရ-လေးဆူဘုရားတိုင် အဲချင်းတို့ကိုလည်း ဖွဲ့ဆိုခဲ့လေသည်။ ငိုချင်းများကိုလည်း ဖွဲ့ဆိုခဲ့လေရာ ဘိုးတော်ဘုရားမိထွေးတော်ဒလမြို့စားမင်းသမီး သေလွန်ရာငိုချင်း၊ သမီးတော်မိုးနဲ ဝန်ကတော်သေလွန်ရာငိုချင်း၊ သားတော်ပြင်စည်မြင်းမှူးမင်းသား မင်းရဲမင်းလှရွှေတောင် သေလွန်ရာငိုချင်း၊ နှမတော်ရှင်နှင်းပွင့်၊ ရှင်သဲတို့သေလွန်ရာငိုချင်း၊ အနောက်အိမ်တော်အမြင့်မြို့စား မင်းသားတော်သေလွန်ရာ ငိုချင်းများကို ဖွဲ့ဆိုခဲ့လေသည်။ မယ်ခွေ၏အမည် ဂုဏ်သတင်း ပျံ့သင်းမွှေးကြိုင်ရခြင်းမှာလည်း မယ်ခွေ၏အဲချင်းများနှင့် ငိုချင်းများကြောင့်ပင် ဖြစ်ပေသည်။ မယ်ခွေ၏ငိုချင်းများသည် အစ ပဌမဆုံး ပေါ်ပေါက်ခဲ့သောငိုချင်းများဖြစ်၍၊ ငိုချင်းရည်ခေါ် ရှာပုံတော်ကြီးများ၏



ရှေ့ပြေးပင် ဖြစ်ပေသည်။ ထို့ပြင်-မယ်ခွေသည်၊ မင်းကွန်းစေတီတျာဘွဲ့၊ ကျေးစေ၊ ဘုရားတိုင်၊ မောင်ဖွဲ့၊ မယ်ဖွဲ့၊ မိုးဖွဲ့ရတုများနှင့်ဆေးတံဖွဲ့၊ ဆေးလိပ်ဖွဲ့ကဗျာများကိုလည်း ရေးသားဖွဲ့ဆိုခဲ့လေသည်။

မယ်ခွေသည် ဆေးလိပ်ဖွဲ့ကို ၁၄ နှစ်သမီးအရွယ်က ရေးသားဖွဲ့ဆိုခဲ့ပေရာ၊ ထိုဆေးလိပ်ဖွဲ့မှာ နောက်ဆုံးပေါ်သီချင်းများကဲ့သို့ပင် ယနေ့အထိခေတ်စားလျက်ရှိသေးသည်။

## မယ်ခွေဆို ဆယ့်နှစ်ရာသီဖွဲ့ အဲချင်းများ

### ၁။ တန်ခူးလဖွဲ့

နေနတ်ကယ်မှုရာဇာလေ။ ။အဿဝဏီ၊ ကြယ်နှင့်
ညီလို့၊ စန္ဒီစိတြတူယှဉ်ပိုင်ပ ကြတယ်၊ လ-အကာကိုတဲ့
လေ။ ။သီတာငယ်မှပျံ့မွှန်း၊ သပြေမြရည်၊ တသောင်း
ပြည်ကို၊ အောင်စည် ရွှမ်းလို့၊ ရေးသွန်းမှ ခါချိန်၊
သောက်ရှူးဉပါ၊ ကြယ်နီလာနှင့်၊ ရွှေဇာပေါက်လို့၊
တိမ်ခိုးညိုနှင့်၊ ပြိုမည်နွယ်ချိန်သည်၊ နဂါးလိမ် လွမ်းအိမ်
ဖွဲ့လို့၊ မယ့်ဆီကိုမဲ။ ။သင်းတွဲမှရွှေရောင်၊ ကံ့ကော်
ဝတ်မှုံ၊ မွှေးထုံထုံနှင့်၊ ရဂုံမြိုင်ဖျား၊ တောတလွှားလည်း၊
ငှက်ခါးတောင်လို၊ ပူအောင်မယ့်ကို၊ မိုးကြီးတဖွဲ၊
လေတလွဲနှင့်၊ တဆဲ့ခြောက်တိုင်း၊ မပြတ်ကယ်ဆိုင်းလို့၊
မှိုင်းမှိုင်းငယ်ညိုသည်း၊ မှဖိုသီတာ၊ ဆိတ်ကယ်ကချင်ရပ်
ညိုနွဲ့။ ။ပြင်နာရီကားငါးဘို့ထားလို့၊ ဖဝါးသုံးအင်၊

www.burmeseclassic.com

www.burmeseclassic.com



မိဿာခွင်မှာ၊ မရှင်နိုင်တတ် စန်းလွန်းပင်ပြတ်ခဲ့ပြီ၊မြတ်ဆံကျင် တာရာက၊တေဇာတော်မချီးပါနှင့်တော့၊ ဓဝသာလီပြည်ကြီးက၊ ထိန်ညီးရဲ့။ ။

## ၂။ ကဆုန်လဖွဲ့

ဖန်နန်းမှုမျက်အုံလေ။ ။နေနှင့်ယှဉ်မို၊ ရှေ့ဟာကီလည်း၊မွန်စီဆောင်က၊ ရွှေထီးရိပ်ပြုပါလို့၊ လွှမ်းစရျက်သွယ်၊ မင်းမှုဟန်ကျယ်လှ၊ မိုးလယ်ဘုံမှာတဲ့လေး။ ။ကဆုန်ငယ်မှုရတု၊ မြနီလာစစ်၊ အပြာရစ်နှင့်၊ရှစ်မျက်နှာဆို၊ တောတခိုမှာ၊ မျိုနုနုနှင့်၊ ကျီးဥမှလဲ့ပြာ၊ စကားထုံသင်း၊ ကောဇာချင်းတွင်၊ တုကင်းလွှတ်ကွာ၊ ငှက်ပေါင်းသာလို့၊ ညှာခြွေငယ်စံသည်၊ ယုဂန်မှာ တိမ်တပုံက၊ဂဠုန်လိုဝဲ။ ။အသဲမှာဆွတ်ကျင်၊ သောင်သင်ဖြူးခင်း၊ မြစ်ကြီးတွင်းမှာ၊ ငကြင်းဆန်ကူး၊ ငတန်မြူးသည်၊ ပိုက်ဦးငင်လို့ သဘင်ဖြိုးဝေ၊ စင်ရော် သောင်တင်း၊ ရွှေပိန်ညင်းတို့၊ ချစ်တင်းပိုင်ပိုင်၊ အာလုပ်ကယ်လှိုင်လို့၊သံပြိုင်ငယ်ခေသည်၊ ဂြိုဟ်စနေဖီ လာပိုင်းဆီက၊ မုန်တိုင်းချိုပြင်း။ ။ပြည်ကမ္ဘာဇ၊ တိုင်းညီမြမှာ၊ တံငါတာရာ၊ကြယ်ဥက္ကာနှင့် အခါညောင်ရေ၊ ပွဲစုံငယ်ထွေလို့၊ လွှမ်းပွေဆိုင်ညီ၊ သေမင်းပင်မှီရှော့ထင့်၊ စက်ရာသီပြိုသရေးတဲ့၊ ငိုကြွေးခင်း။ ။

## ၃။ နယုန်လဖွဲ့

ရွှေသားမှုသိင်္ဂီလေ။ ။အဒြကြယ်၊ ပါဒ်သုံးသွယ်နှင့်၊ နေဆွယ်ရထား၊ ယှဉ်ပြိုင်သွားလို့၊စက်နားမေထုန်လွှမ်းဖို့ဆုံလှတာယ်၊နယုန်ဆီကိုတဲ့လေး။ ။သီတာငယ်မှ စိမ်းလှည့်၊ ရေမှာကြည့်လည်း၊ ရေ၏ထုံးတမ်း၊ တောင်မှာစမ်းလည်း၊ တောင်ကမ်းဖွယ်ရာ၊ မြေမျက်နှာလည်း၊ မသာစတောင်း၊ ရှုမညောင်းသည်၊ နွေနှောင်းလမို့၊ကမ္ဘာ့ကျက်သရေ၊ရဂုံနက်ကျယ်၊ တောမြိုင်လယ်မှာ၊ စမွယ်မြတ်လေး၊ ပျံ့မွှေးမွှေးနှင့် စာမေးသဘင်၊ ငှက်ပေါင်းရှင်လို့၊ မင်းလှင်ငယ်ဝေသည်၊ တောင်လေပြေမိုင်းမှုန်နှင့် ကြုံပြန်လေခြင်း။ ။မလင်းမှုကောင်းကင်၊ တိမ်ခိုနန်းမြှောင့်၊ ရာဟုထောင့်က၊ မြင်တောင့်ပမာ၊ လက္ခဏာလဲ၊လာချဲဆင်သို့၊ သဘင်မှ မွေ့သိမ်၊တဆယ့်ခုနစ်၊ပြင်နာရီ နှစ်တုံးမို့၊ ဇေဋ္ဌစန္ဒာ၊ရွှေလည်သာဘဲနှင့်၊ ထံငါငယ် ကြယ်မှိန်သည်၊ ပြည်ကလိင်္ဂရာဇ် နေတို့ကံရွှေတိုင်ညွှန်း။ ။လရာသီစု ဆိတ်ကယ်မှ ရှုပါဘူး၊ ရွှေဥနှင့်မင်းမိ၊ ဝေးခိုက်မှုဖိတယ်လို့၊ ကလိမျက်ညိုဘယ်ငြိုးတော်သို့ရတယ်၊ ငိုတတ်သည့် သူငယ်လို၊ အသွယ်သွယ်မကျီစားပါနှင့်၊ တအားကိုး။

## ၄။ ဝါဆိုလဖွဲ့

ဦးစွန်းမှုလူလူလေ။ ။လေးလုံးအက္ခရာ၊တံဆိပ်စာနှင့်၊ရတနာရွှေဒေါင်း၊ ဖန်နန်းအောင်းသို့၊ တသောင်းရံက၊ ကြယ်ဖုသျှနှင့်၊ တူကွချိန်မှန်၊ တနန်းစီစံကြတယ်၊ ထန်ပန်ယူပါလို့လေး။ ။ကလူမှုတိမ်ကွေး၊ ရွှေပုစွန်ဝါ၊ မှိုင်းလုံးစာနှင့်၊နာရကတ္တိ၊ လွှမ်းဖိုညီအောင်၊ ပန်းချီရေးသို့၊ မိုးသေးမှုစွတ်စို၊ ကသစ်နန်းသာ၊ ကမ္ဘလာမှာ၊

www.burmeseclassic.com



မဟာပရမီ၊ စက်ရှိန်ညီလို့၊ ရွှေသိဏာဂူနယ်ကာ၊ တိမ်စွယ်မှာညိုသည်၊ ဝါဆိုကို ပဒ္ဒင်းပွဲနှင့်၊ ကြည်ကွဲရန်များ။ ။တောလားမှတောင်ပြင်၊ ပုန်းညက်အနန်း၊ နှင်းဆီပန်းနှင့်၊ စခန်းကြိုင်သင်း၊ရဂုံတွင်းမှာ၊ ငှက်မင်းသားနွယ်၊ ရွှေစလွယ်ကို၊ သုံးသွယ်ဆင်လို့ မိတ်လင်မှစုံညီ၊ကြည့်ပါ့ အလို၊မြင်မင်သူများ ငိုရအောင်၊အဖိုအဲချ၊ အမအဲတိုင်၊ ပွင့်ဝတ်ကယ်လှိုင်လို့၊ သံပြိုင်ငယ်ချီသည်၊ မြစ်နဒီရေပြည့်လို့၊ ဝဲလှည့်သံသဲ။ ။ဆံကျင်ရောင်လျှပ်၊တာရာမြတ်နှင့်၊ နက္ခတ်နှစ်ဝ၊ ပဒိုသညကို၊ တရာ့တပါး၊လူအများတို့၊ စကားတွတ်တီ၊ အိုဘယ့်နှယ်ပီပမယ်၊ ဖေါ်မညီ တကိုယ်ရေးတို့၊ပူဆွေးမြဲ။

## ၅။ ဝါခေါင်လဖွဲ့

စက်ခန်းမှရဝေလေ။ ။ဝါခေါင်ပြိုပြို၊ သည်ရာသီကို၊ နာရီအတွင်း၊ ခြောက်စုံနင်းလို့၊ နေမင်း မိတ်စုံ၊ ဘရဂုဏ်လည်း၊ ရွှေယုန်ပမာ၊ ထွက်လို့လာတော့တယ် အာဏာဗွေငယ် ကလေး။ ။သပြေမှာတောင်လက်၊ မသာစတောင်း၊ ရှုမညောင်းသည်၊ရေကြောင်းပျော်မှီး၊ နာမငြိုးအောင်၊ဦးရီးနောင်မယ် ချစ်ရိပ်ကယ်သွယ်သည်၊ လွမ်းနယ်ဖက်လို့၊ တောကြက်ကယ်ဖနီ၊ ကြင်ဖက်ခေါ် သွေးရွှေမြစ်တွေးတို့၊ငှက်ကျေးသောသော၊သံစုံငယ်နှော လို့၊ဥသြညိုချီသည်၊ ကတ္တရီရွှေမှုံ့နှင့်၊ခတ္တာငုံတုန်း။ ။



မြိုင်လုံးမှဝေဆာ၊ ရွက်သစ်စိမ်းစိမ်း၊ ခက်လက်ကယ်ယိမ်းသည်၊ ထစ်ကြိမ်းဆော်လိုက်၊ မိုးတဝိုက်ကို၊ သိုင်းဝိုက်ကာနှင့်၊ သူဇာတို့မောင်၊ ကမ္ဘာသာရစ်ခြယ်၊ တသောင်းနယ်က၊ ညာဘယ်ခွေညွှတ်၊ သင်တိုင်းဝတ်လို့၊ လွမ်းဆွတ်ဖွယ်ဆောင်သည်၊ ဒဂုံတောင်မြို့ပြည်တွင်းက၊ မြင်းတာရာဖြိုး။ ။သည်အချမ်းလ၊ သမယကို၊ မြန်မာ့သင်းကျစ်၊ သတိုးစစ်တို့၊ လက်ရှစ်ကခြေ၊ အထွေထွေနှင့်၊ ဓရွှေစာခရေးတံ၊အောင်ပွဲခံသည်၊ ကြံရာမသိ၊ မကြိုးရှိခိုက်ကို၊ ရပ်ဘုမ္မိနက်သန်က လွမ်းရန်ကို နယ်မနင်းပါနှင့်တော့၊ သိန်တွင်းမိုး။

## ၆။ တော်သလင်းလဖွဲ့

ရဟာတ်မှဓေးယင်လေ။ ။ဟသာဒကြယ်၊နေနှင့်ဆွယ်လို့၊မိုးလယ်ပြိုပြို၊တိမ်ကတ္တိသည်း၊ နိုနိုခြင်းခြင်း၊ ကန်လက်တွင်းမှာ၊ လေပြင်းဆင်ပါလို့လေး။ ။မင်းလွှင်ငယ်မှ ထလှဲ၊မသာစနိုး၊ စိတ်လက်ကယ်ညှိုးအောင်၊မိုးဘလှဲ့နှင့် အိုဘဲ့ရာသီ၊ လည်ပြောင်ဘ်လည်လှူ၊ ပဲခဘာင့်ပြုတ်နှင့်၊ ဘုသ်ဇီဝစိုး၊ တောခင်တရှိုးက၊ချစ်ကြိုးမပျက်၊ လည်ချင်းရှက်လို့၊ ဝတ်ရက်ကယ်ချီသည်၊ ဝေသီသီပင်မြင့်နန်းက၊ ဏန်းယင်းမာမွေး။ ။ ~လေးမှမွေ့သိမ်၊ ခေါက်ချီ ခေါက်ချီး၊ သိန်ဂုန္တိန်ထိုးသည့်နွယ်၊ တန်ခိုးကြီးမား၊ နာဂါးတိမ်နှင့်၊ လွမ်းအိမ်ဖွဲ့ကာ၊ သစ္စာရည်တူ၊ရှိတဲ့သူကို၊ အစွမ်းနေ၊ ရောက်လေစေဟု၊ ဝေယန်ဝင်းရှိန်၊ နတ်နန်း

www.burmeseclassic.com



အိမ်က၊ ကြိမ်ကြိမ်ငယ်ရှာသည်၊ ရာဇဂြိုဟ်ပြည်ကိုမှီ၍၊ လင်းကြယ်နီထွန်း။ ။

ရေသင်ဖြူးခင်း၊ တော်သလင်းကို၊ မြစ်တွင်းပြည့်နှက်၊ဂဠုန်ငှက်ကဲ့သို့၊ ရွှေတက်ကယ်မြှောက်ချီ၊ ရွှေရေသီနှင့်၊ ညီညာစုံလင်၊ လှေပွဲတော် ဆင်ကြတယ်၊ မြစ်ပြင်မှာရေသာကြောင်းက၊ စည်မောင်းရွှမ်း။

## ၇။ သီတင်းကျွတ်လဖွဲ့

သမုဒ်မှသူရိန်လေ။ ။သွာဒိနှင့်နေ၊ ယုဂန်ဗွေမှာ၊ လေယန္တရား၊ လှည့်လည်သွားလို့၊ ဆယ့်ငါးနာရီ၊ မှန်အညီနှင့်၊ ရာသီတူလင်၊ ရွှေမောင်းသံညာက်လှသည်၊ ထက်ဝတိန်ငယ်ကလေး။ ။သံရှိန်ငယ်မှာကျူးရင့်၊ ပတ္တမြားနီလာ၊ မြသန္တာလို၊ ရွှေဇာကပ်ချွန်၊ တိမ်ပုစွန်ကို၊ တံခွန်လွှင့်လို့၊ ကျူးရင့်မှုနတ်စည်၊ ပဟိုရ်နှောင်ဒိုင်း၊ ကြေးစည်းဝိုင်းနှင့်၊ ပတ်ဆိုင်းပတ်သာ၊ အငြိမ့်ရှာလို့၊ ခါခါငယ်မြည်သည်၊အောင်စည်တော်ရွှေလက်တီးက၊ ကြက်သီးကိုနိုး။ ။သာမျိုးမှုစေ့စုံ၊ မဟာနဝတတ်၊ အိုင်မင်းမြတ်မှာ၊ ငါးရပ်ကြာပေါင်း၊ ကြိုင်နံ့လှောင်းသည်၊ ရေကြောင်းကြုံလို့၊ မွေးထုံမှသိင်္ဂါ၊ ငှက်ရာဇာည၊ ရွှေဘဲ့ရတို၊ မြူထဲရဖူ၊ ဗောင်းဝန်းလူနှင့်၊ ဥရှုတိုင်ညီ၊ ဆစ်နန်းရိပ်မှီပါလို့၊ ပန်းသီတံရှာသည်၊ အခါတော်ရွှေဆင်လူတဲ့မီးပူဇော်ပွဲ။ ။ပဥ္စာကော၊ နက္ခတ္တနှင့်၊ ဘောမပေါ်ဒ်လွတ်၊ သီတင်းကျွတ်ကို၊ မညွှတ်မတိမ်း၊ နှင်း ရည် လိမ်း လို့၊



စိတ်ငြိမ်းသာကြည်၊ ဘယ့်နှယ်လူတည့်ပါ့မယ်၊ ဂျမ်းပြည့်တော် လကျာ်စီးက၊ ရွှေကျီးဝဲ။

## ၈။ တန်ဆောင်မုန်းလဖွဲ့

တိမ်ခိုးမှုဖျော်ဖျော်လေ။ ။ဖန်နန်းစကြာ၊ ဝိသာခါနှင့်၊ ယှဉ်လာဖြိုင်ထွန်း၊ လပြည့်ဝန်းလည်း၊ လေးကျွန်းလည်လှည့်၊ ရွှေဘုန်းတော်ပြည့်လှသည်၊ ကြည့်တိုင်းတော်ပါလို့လေး။ ။စက်ဖေါ်ငယ်မှာကွာဝေး၊အခေါက်တရာကတ္တိပါနှင့်၊ ရတနာကျောက်စီ၊ မည်သရီကိုလီလီထပ်ပုံ၊ တာပိုင်းငယ်ခြုံ၊ မလုံသေးလို့၊ လှေသနော်၊လမြွတ်ကယ်ဖြိုစ္ဆာ၊ ဤအခါကို၊ တံငါါးမင်၊ ပိုက်ကြီးရှင်တို့၊ ဒေါင်ဒင်သံညောင်း၊ လှေငယ်လောင်းနှင့်၊ မြစ်ကြောင်းမှာပျော်သည်၊ နတ်ကျော်အောင်စည်တီးလို့၊ မကြီးငယ်ညှိုး။ ။ကြောက်စိုးမှုလန့်ဘွယ်၊ ခဝဲရစ်ခွေ၊ ပြည်ပန်းရွှေနှင့်၊ တောခြေတောင်ယံ၊ ပင်နန်းပျံ့မွှာ၊ လူဟန်နှဲ့ညိုတ်၊ ကရဝိတ်လည်း၊ ချစ်ရိပ်သွယ်လို့၊ ငယ်သံတွတ်တီး၊ ဆီမွှီးကထိန်မြှောက်လေကကြိမ်သနှင့်၊ တိမ်အဆာကျယ်၊ နှ ခေါင်းသွယ်လို့၊ ရွှေနွယ်လိုချီသည်၊ ကျီးအာနီမျက်နှာလှလို့၊ ဧညပြည်ဧ။ ။နာ ရီ အ န္တ၊ ဂဏန်းသနှင့်၊ချမ်းစပြုတုန်း၊ တန်ဆောင်မုန်းကို၊ ပတ်ကုံးဝန်းကျင်၊ ဇမ္ဗူပြင်မှာ၊ ကြင်သူမရှိ၊ ကညာမိတို့၊ ကယ်ကန္နမ်း၊ မယ်နှင့်လွမ်းလို့၊ စက်ခန်းဘုံခွင်၊ ငိုလျက်သာဝင်လိမ့်မယ်၊ နှင်းရွှင်ရွှင်ပေါမန်မိုးက၊ ဆော်နှိုးကြွး။

www.burmeseclassic.com

www.burmeseclassic.com



## ၉။ နတ်တော်လဖွဲ့

ပြာသာဒ်မှဘုံဆောင်လေ။ ။နေနှင့်ယှဉ်မှန်၊ပြုဗွာလသင့်လည်း၊ ရစ်တံကျိုးဥ ရောင်ခြည်တော်လုလှသည်၊ ယုဂန်ခေါင်ငယ်ကလေး။

ဝေမှောင်မှဝိုက်ဆိုင်း၊ မနုရာသီ၊ သာမျိုးညီအောင်၊ ကတ္တိပါလို၊ မိုးတခိုမှာ၊ ပဟိုရ်ဆိုင်းနှင့်၊ နှောင်ဒိုင်းမှ ဟစ်အော်၊ ဘယ်သူ့အတတ်၊ ဘိညာဉ်ပြတ်အောင်၊ ဘယ်နတ်ကယ်လွှမ်းရန်၊ ခန့်စီမံလို့၊ ခေါက်ပြန်ခေါက်တုံနှင့်၊ နေကုန်အောင်ဆော်သည်၊ နတ်ကျော်စက်ချိန်မှ၊ တိမ်သက်တင်တန်း။

စခန်းမှကြည်လင်၊ တောင်လည်းသာမော၊ တောလည်းပျိုနု၊ မြေအထုမှာ၊ ပုလုကွေးလွေး၊ ငှက်တဝေးလည်း၊ ချစ်ရေးကြင်လို့၊ သတင့်မှရဝေ၊ သာသည့်မြေမှာ၊ အခြေနှစ်ချောင်း၊ ခေါင်းကနှစ်မြွာ၊ မင်းဆရာတို့၊ မဟာဗိန္ဒု၊ ရထားဆွဲလို့၊ပျော်ပွဲငှယ်ကျယ်သည်၊ ဆယ့်နှစ်သွယ်ပြင်နာရီက၊ နေအိန္ဒိုင်ဘူး။

ဟံသာဝတီ၊ သညီကျော်ခြင်း၊ မြို့စေါင့်နှင်းသည်၊ ဟင်္သာကထွန်း၊ သဇင်မွန်းလို့၊ နှင်းသွန်းချိန်ကြုံ၊ သလွန်ဘုံမှာ၊ ခြုံသူမရှိ၊ တကိုယ်ထဲအိခိုက်ကို၊ ပူဇာတိမျက်နှာက၊ လေဆာကျယ်ပြန်မညောင်းပါနှင့်၊တမောင်းကြူး။



## ၁၀။ ပြာသိုလဖွဲ့

ထောင်ပြည့်မှရောင်ခြည်လေ။ ။နေဝန်းစက်မှန်၊ တုဖက်ကယ်လွန်သည့်၊ သရဝဏ်ကြွယ်၊ ပဒါန်နှစ်သွယ်နှင့်၊ မိုးလယ်တောက်ထွန်း၊ စိုစိုငယ်ရွှန်းလှတယ်၊ ရစ်သွန်းလည်ပါလို့လေး။ ။မြန်ပြည်မှသာနိုး မိန်ညိုချုပ်ကာ၊ ရွှေတန်ဆာနှင့်၊ ရတနာမြင် ခင်း၊ စိတ်ရှိငယ်ကျင်းသည့်၊ နှင်း၊ဖြိုးဖြိုးနှင့်၊ စက်ထိုးမှဟန်ယူ၊ အသည်းဆွတ်ကြွေ၊ ချမ်းလေပြေနှင့် တောင်ခြေတောင်ရံ၊ ငှက်ပေါင်းပျံလို့၊ ဝတ်ဆံငယ်ချူသည်၊ မိုးပူပူကင်မဝသည့်၊ လပြာသိုဆောင်း။ ။ထည်ပေါင်းမှထောင်ရာ၊ ခြုံလေဒေးလေ၊ ကြက်သီးတွေနှင့်၊ ယင်ရွှေပျားမင်း၊ သြဇာကင်းသည်၊ ချိုးလင်းပြာတို့၊ မသာမကြည်၊ ပရိဒေဝငိုကြွေးကြလို့၊ ဟာ-အာလုပ်သံ၊ တညံညံနှင့် ခက်ပြန်အောင်မြည်သည်၊ ညွန့်ရှည်ရှည်ခွါညိုပွင့်လို့၊ သိုင်းဝင့်ချိန်နိုး။ ။ပြည်ကြီးမှပင်မှန်၊ တုဖက်ကယ်လွန်သည့်၊ ပုစ္ဆန်ကထွန်း၊ နှင်းရည်သွန်းလို့၊ လေဝန်းကဖို၊ ဘယ့်နှယ်သာချိပမယ်၊ အမိကိုကယ်ကြပါ၊ မကာရရာသီတဲ့၊ နာရီတော်သံညောင်းနှင့် စည်မောင်းတီး။

## ၁၁။ တပို့တွဲလဖွဲ့

ချိုးဥမှတိမ်စုံလေ။ ။သတ္တဲဗိသျှ၊ နက္ခတ္တနှင့်၊ ယှဉ်ကြမလဲ၊ တပို့တွဲနှင့်၊ ပေါက်လဲငုံကင်း၊ ထန်းညှည်ငယ်နှင်းကြသည်၊ နှင်းထုံထုံငယ်နှင့်လေး။ ။ငွေပွှမ်းဟုန်မှု

www.burmeseclassic.com



ဆင့်ကဲ၊ ပန်းမွန်ပွင့်ချပ်၊ နဝရတ်ကို၊ သုဒဿန၊ ဘုံကပြသို့၊ သ-နန်းတော်အိမ်၊ ရွှေကြိုးလိမ်သည်၊ တိမ်သင်းတွဲနှင့်၊ ရောင့်ရဲမှုမပြေ၊ မျက်စိမခံ့၊ နားမဆံ့အောင်၊မွှန်နန်းသရဖီ၊တန်ခိုးတော်ချီတဲ့လို့၊ပြိုပြိုငယ်သွေသည်၊အစိန္တေလက်ကင်တဲ့၊ လ-သဘင်ထူး။ ။ကြည်နူးမှုအံ့ဘွယ်၊ နက်ဖန်သန်ဘ ၊ ဖိန်းနွဲ့ရက်ကို၊ ချိန်းချက်စကား၊ သစ္စာထားလို့၊ မပြားရည်တူ၊ ရှိတဲ့သူတို့၊ စိတ်ပူဘွယ်ကို၊ နယ်ရှစ်ရပ်က၊ လှုံ့ထပ်သောတူ၊မြူအသချေ၊ လေအနန္တ၊ မိုးကြွင်းကျလို့၊ မှိုင်းမြမြညိုသည်၊ ဟိုသထုံရွှေပြည်သာက၊ ချိန်တာရာဝင်း။ ။ကုန်းလင်ကောဇာ၊ သည်အခါမှာ၊ တမာသေးနု၊ ငှက်ကျေးဥလို့၊ ယာဂုမြှောက်ချီ၊ လေးနာရီနှင့်၊ နဒီအောင်ချာ၊ ကြည့်တိုင်းသာလှတယ်၊ တံငါသည်ဒေါင်တင်တီးလို့၊ ပိုက်ကြီးခင်း။

## ၁၂။ တပေါင်းလဖွဲ့

ကသိုဏ်းမှုညိုညိုလေ။ ။ကြယ်ရေဝတီ၊ နယ်သင်္ဂီမှာ၊ နာရိငါးရပ်၊ သုညပါဒ်နှင့်၊ ရဟတ်ကယ်စက်ချင်း၊ ချမ်းရေးပြင်းကြသည်၊ တောင်မြင်းမိုရ်ငယ်နှင့်လေး။ ။ရွှေလိုမှုရစ်ဆင့်၊ သဲပုံပြိုပြို၊ သာမျိုးညီအောင်၊ စေတီရတနာ၊ လှည့်လကျာကို၊ မြေစာမြှင့်လို့၊ ကျူးရင်းမှန်တံစည်၊ ကြက်ဆောင်းအလှန်း၊ဆီးဖျန်းဖျန်းနှင့်၊ မိုးပန်းဆွတ်ခြေ၊ မှိုင်းမှိုင်းဝေလို့၊ နေမတည်သည်၊ မျက်ရည်ကို၊ရွှေတဘက်ကယ်နှင့် သုတ်ရက်ပြီဘူး။ ။နွေဦး



မှုတိမ်ခ၊တောတောင်တလီ၊မည်သရီနှင့်၊ကတ္တိပါမပေါင်း၊ ရွှက်သစ်ကယ်လောင်း၊ ရွှက်ဟောင်းပျံ့လို့၊ ခက်ရံမှုဝေဝေ၊ အင်းကြွင်းသရဖီ၊ ပန်းစုံစီနှင့်၊ သင်္ဂီရောင်သွေး၊ ကြိုင်ကြိုင်ငယ်မွှေးလို့၊ ငှက်ကျေးငယ်ခြွေသည်၊ တောင်လေပြေမှန်တိုင်းနှင့်၊ ရေလှိုင်းသံတိုး။ ။ပြည်မိဓိလာချိန်တာရာသည်၊ တံငါပျော်ကြ၊ သို့သည်လကို၊ မရရင်ငွေ၊ တကိုယ်လေ့တို့၊ မေ့မေ့ သိမ်သိမ်၊ ကြည်နူးရန်ကြိမ်လိမ့်မယ်၊ မိန်ရာသီလတပေါင်းတဲ့ တသောင်းလုံး စိတ်ငယ်အောင်၊ ပတ်လယ်ကိုမှုန်ရီမှိုင်းနှင့်၊ မျှော်တိုင်းညှိုး။

## မယ်ခွေဆို အဲချင်းများ

(၁၃) ဖန်ဂူမှုဆွတ်နှိမ်။ ။ရွှေတောင်ပံဟုန်၊ တသုန်သုန်နှင့်၊ ဂဠုန်ဟန်ကြွ၊ သူရဇ္ဇဟု၊ ဂြိုဟ်တကာ့နောင်၊ ရပ်အခေါင်မှာ၊ ထွန်းပြောင်ထိန်ပါလို့လေး။ ။မျက်ရှိန်ငယ်မှုပတ်ချုပ်၊ ကြွေငြာရောင်ဝှန်၊ တေဇာလွန်သည်၊ ရွှေကွန်အုပ်ဟု၊ သမ္ဘုဒ္ဓဝယ်၊ မြတ်ဝန္ဒာမိ၊ ကြာဘုန်းရှိ၊ သုတိညွှတ်ကြည်၊ တိုင်လျှောက်မည်ဟု၊ ဆက်လည်သံသ၊ ဘဝေကလျှင်၊ ကြင်ရတဲ့ကိုယ်၊ မတွယ်ပါ-ဝါခြါလို့၊ စိမ်းတော်မူရိုး။ ။စွေမိုးမှုရော၊ နတ်စက်လတွင်၊ညွတ်ခဖျော့ဖျော့၊ နွေညည့်မချာ၊ လျှောက်သူမှာမူ၊ ယင်းမောဘွင့်မှ၊ ချစ်ပန်းသည့်၊ ဘာမှုကြင်ကျိုး၊ မဝေဖြိုးသော်လဲ၊ နတ်နိုးရာသီ၊ မရောက်မီက၊သင်္ဂီလှော်ငယ်၊မှုမကျော်ယှင်းယောင်နှင့်၊ ခင်းရှောင်ကာတိမ်း။ ။တကံ့နွှာ၊ ထမ်းထထွာကို၊ မဟာမေရု၊ တောင်အထုကို၊ ကြွေလု

www.burmeseclassic.com

www.burmeseclassic.com



မတာတ်၊ အခဲဆတ်လို့၊ လွမ်းစသတ်ချိန်၊ ကြံရက်နှင့်
မှိန်ချည့်မယ်၊ မြတ်ဇိနိန်ရောင်စုံညီးပါမှ၊ ပူမီးငြိမ်းလေ။

(၁၄) မသန်းမှုမြူမှုန်။ ။ဟိုင်းရာဟုစွန်း၊ နောက်မြောက်
ယွန်းမှာ၊ ကွန့်ရှန်းနန္တ၊ တိုင်မဲ့ပသည်၊ နဝဂုဏ်ငယ်နှင့်
လေး။ ။နိတံငယ်မှလျှံရဲ၊ ဖောင်းရစ်ပတ္တမြား၊ သီးချ
ယားနှင့်၊ ကြွားကြွားအလွန်၊ သားသားဝုန်အောင်၊ မိုးစွန်
ထဲမှာ၊ ပျံ့ဝဲမှတင့်မြိုင်၊ ရွှေထီးမောက်ဖြိုး၊ ကြီးတန်ခိုး
နှင့်၊ ဆင်ကြိုးရွှေရူ၊ ခြောက်ရောင်ခြည်လူလှတဲ့၊ နိဗ္ဗူ
ပိုင်ကို၊ လျှောက်တိုင် တင်အံ့မူတနည်း။ ။သာဖြည်းမှု
ညှံ့ညက်၊ ကိုယ်နှင့်သက်တို့၊ဆထက်ကယ်ဆယ်ပြန်၊မကြွင်း
ကုန်ကုန်၊ အခင်းကြုံလို့၊ အာရုံကျင့်ပန်း၊ ဆင့်ဆင့်
လန်းပြီး၊ သွေမြန်းပြန်သည်၊ သစ္စံငယ်ဓမ္မော်မှ၊ သူမတော်
ညှိုး။ ။ဘယ်ဝင့်ညာဝင့်၊ တထင့်ထင့်နှင့်၊ ကြံခွင့်ထဲသို့၊
အရေးတော်ညိုချက်ကို၊ မဂ်ဖိုလ်လုံးပရမေ၊ ချစ်ပန်းခိုင်
ကြွေတဲ့အောင်၊ မြတ်စိန္တေ ဉာဏ်တော် ရှင်းပါရော့၊
အခင်းမျိုးလေ။

(၁၅) ရိုက်ခြိမ်းမှဆူဝေ။ ။နဂါးဂြိုဟ်နတ်၊ ပျော်မြရပ်
မှာ၊ မှောင်ကာပ်မဆီး၊ တညီးညီးနှင့်၊ နေမီးလဝါ၊မနိုင်း
သာသည်၊ ခြောက်ဖြာငယ်ခြေပါလို့လေး။ ။ငါးထွေ
ငယ်မှမာရ်လွှင့်၊ဘုမ္မိနက်သန်၊ တက်မညံ့အောင်၊မြေကြန်
သင့်လျော်၊ ပေါပေါပေါ်တည်၊ ကုန်းမော်မြင့်မှာ၊
စွင့်စွင့်ငယ်မှထိန်လျှံ၊ အထွတ်ကြငှန်း၊ မည်တော်မှန်း
သည်၊ကိုးခန်းဂုဏ်ရှင်၊ ရွှေလင်းပင်ဟု၊ သံလွင်ချီပြ၊ရှစ်စုံ



ဖူးလို့၊ ဆုထူးငယ်ပန်သည်၊ နိဗ္ဗာန်မရမီစပ်ကြား။ ။
ကြံအားမှုကြိုးတူ၊ စိတ်ဆဝက်နှင့်၊ ယွင်းပျက်သူကို၊ ခန္ဓာ
ပင်စည်၊ အမြဲရှည်၍၊ ကျင်လည်လေရာ၊ စက္ကဝါမှာ၊ဖိလာ
တောင်ကြီး၊ ရှေ့ကဆီးလို့၊ စီးရမည်ထား၊ သတင်းနား
မှ၊ မကြားလိုသည်၊ ကျွန်းတွင်ရှိဟိုသူကြောင့်၊ ဝေးဆုကို
တောင်း။ ။ပူသူပူကြ၊ တတ်တိုင်းပဟု၊ အဆမတန်
နိုင်ကျင့်ဟန်ကို၊ အလျှံပြောင်ပြောင်၊ အူသဲခေါင်မှာ၊
တောက်လောင်ဗျာပါ၊ထိန်ညီးသာဖြာတော့သည်၊ဉာဏ်
သီတာ၊ မဂ်ရေပန်းနှင့်၊ ဆွတ်ဖျန်းလောင်းလေး။

မယ်ခွေဆို အမရပူရမြို့ ဘုရားလေးဆူတိုင်အဲ

(၁၆) ခြီးအံ့မနိုင်။ ။သတင်းဝေဆာ၊ ကောသလာမှာ၊ မက္ခာ
စောင့်မြန်း၊ ဒီသာခန်းတွင်၊ ဘုန်းပန်းလှိုင်ပါလို့လေး။
ဆွယ်ပြိုင်ငယ်မှ ဖက်ကျွန်း၊ သိင်္ဂီဝင်းလျှပ်၊ မဟာဂ္ဂနှင့်၊
နဝရတ်စုံ၊ ဝိသကြုံသည်၊ ရေးပုံသွန်းသို၊ တက်ထွန်းငယ်မှ
လျှံဝါ၊ ဂုဏ်တခဲနက်၊ မိုးဘင်္ဂမှာ၊ ဖြိုးပြက်ကယ်အလွှ
တန်ခိုးငယ်ဖြန့်လို့၊ ပတ်ခြံ့ငယ်ဖြာသည်၊ ဘဂဝါ ဗုဒ္ဓ
ရွှေစကား။ ။ရွှေနားတော်မြတ်၊ မတင်အပ်လည်း၊
ခဝပ်လျှောက်ရန်၊ စံကြာကမုဒ်၊ နုတ်စောင်းနူတ်နှင့်၊
ဘယ်ဆုတ်ညာတင်၊ ရှေးယခင်က၊ အကြင်မတူ၊ ဘဝင်
မူလို့၊ လျှော့လှုပ်ပူတဲ့၊ သူ့အကြံကို၊ စိတ်ပေနှောင့်သို
ဝှက်လို့၊ ရှက်ကြောက်ဖွယ်ကြီး။ ။မိပ္ပါယ်မြေ့ား၊ ပုံ
အလားမှာ၊ သုံးစားပါပစ်၊ ကန်းပဆစ်သို့၊ အချစ်ကွဲ

www.burmeseclassic.com



ရှောင်ခွာ၊ မသမာချက်ကို၊ ဆသာဓါဥာဏ်ကျော်နှင့်၊ ဘုန်းစည်တော်ထိန်ဝါလျှမ်းပါလို့၊ ရိုက်မှန်းတီးလေး။

မယ်ခွေဆို မင်းကွန်းဘုရားတိုင် တျာဘွဲ့

(၁၅) ဇမ္ဗူကျွန်းရစ်သောင်းဒီပါ။ ။မင်းနေသာလွန်း၊ သိုက်ညွန်းရစ်ရွှေညာ၊ ရေသီတာငယ်လေချွေပတ်လို့ဝန်း၊ မြင်တင်တောင်ကြီး၊ ကာဆီးမှိုင်းညို့ညို့ငယ်လေ၊ ရှုတိုင်းမောက်မို၊ နုပျိုရွှေမင်ကျွန်းငယ်နှင့်လေး။

နိဗ္ဗာန်သို့ရောက်ချိန်မှို၊ ရွှေကိုယ်စား သိကြားတည်လာညီ၊ မဟာစေတီငယ်လေ၊ ရောင်ဖြိုးလို့ညီး၊ ရတနာခြယ်သို့၊ ဘုန်းဟော့မြတ်ညီနောင်ငယ်လေ၊ ဝေးမြင့် သီခေါင်၊ တိမ်တောင်ထိလုနီးပါလို့လေး။

ရိပ်ဖြူထီးငယ်နှင့်၊ ဘုန်းမိုးငယ်အာဟိန်၊ ရာဇိန်သာထွန်းတော့သည်။ ။

တေဇာတော်တိုးပါလို့၊ ဖြူမျိုးဆဒ္ဒန်၊ ပတ်ရံဝန်းတော့သည်။ ။

မြင်စည်မင်းသားကွယ်လွန်ရာတွင် မယ်ခွေဆိုငိုချင်း

(၁) သုံးဆယ်ကပေါ်၊ နှစ်နှစ်ကယ်ကျော်သည်၊ မယ်တော်လည်ဆွဲ၊ မသဲငဲ့တန်ဆောင်၊ မောင်မောင်ငဲ့နောင်ကြီး၊ အမိကြီးငဲ့သက်နုံ၊ ငါးထပ်ကယ်လည်ပေါ်၊ အိမ်ဖြူပျော်တယ်၊ ဖွားတော်နွဲ့နောင်းမြင်မညောင်းတဲ့ပေါင်းပြ



မှန်၊ လှေကားငါးဆူ၊ အိမ်ဖြူကျယ်ဝင်း၊ ပြတင်းရွှေချကြီးတေဇနှင့်၊ ကျွန်းမငဲ့တို့သခင်၊ ဘွားတော်ရှင်လဲ၊ ဝမ်းတွင်ကြည်ဖြူ၊ ရွှေကသိုဏ်းသို့၊ နေ့တိုင်းပြုရှို၊ ရှုစောင်မှုသည်၊ သဲအူရွှေပွင့်၊ ဖောင်းဝတ်ကယ်ငယ်ဖြူ၊ ရွှေခြူဘာသာ၊ ရွှေကြိုးကြာကို၊ လျှင်စွာကလို့၊ မကြွသင့်။ ။

(၂) တဆဲ့နှစ်သွယ်၊ စလွယ်သွယ်ပြောင်း၊ ရွှေသားဆောင်းတဲ့၊ ဖောင်းလှသခင်၊ စိုင်လျှော်သင်းခွေ၊ တင့်ရှန်းဝေနှင့်၊ မြင်းရွှေရှင်။ ။သခင်ပျို့ထွား၊ ပြင်စည်ခရိုင်၊ မြို့မန်တိုင်ကို၊ အပိုင်စားသည်၊ မင်းသားငယ်ငြိမ့်လေး၊ ညောင်ညာစံပျော်၊ နန်းမြင့်စိုးသီး၊ ရှုမငြီးတဲ့၊ မကြီးတော်က၊ မိန့်တော်သံဆင့်၊ ရွှေခွန်းငယ်ရင့်လို့၊ ခွင့်မပေး။ ။

(၃) မျက်မွေးငယ်ကင့်ခြေထောင်၊ မျက်မှောင်ငယ် ကော့ဖြူ၊ နဖူးငယ်တိတိ၊ မျက်စိငယ်မျက်လုံး၊ ရှုမဆုံးတယ်၊ သွားဖုံးငယ်နီနီ၊ နှာရောင်ချီနှင့်၊ ယိမ်းသိန္နဲလျှ၊ ရွှေလည်ပင်းမှာ၊ ရွှေညှင်းငယ်ဖျော်ဖျော်၊ နန်းမပေါက်ဖေါ်၊ တဝမ်းငယ်သည်၊ မယ်တော်ကသိုဏ်း၊ ဆင်မရှိုင်း၊ ရှုတိုင်းတော်။ ။

(၄) တနေ့ငယ်တနေ၊ အလှမ်းငယ်ရွှေ့သည်၊ မေ့မယ်မထင်၊ ခြောက်ပြစ်ကယ်သန့်တဲ့၊ ညှို့ညိုစင်ငယ်သခင်တင့်ဆုံး၊ စိုးနိုးငယ်ပလား၊ ကတ္တိပါနှင့်၊ ဆည်းဆာညှာငြိမ်၊ ပျော်အိမ်ကို၊ နွဲ့မှိန်ညိုမြ၊ မြင်းနီလှနှင့်၊ ကြွခဲ့ဘုံး။ ။

www.burmeseclassic.com



### ဆေးတံတို

### နန်းတွင်းသူမယ်ခွေ ၁၄-နှစ်သမီးအရွယ်ကဖွဲ့ဆိုတော ဆေးတံဘွဲ့ဒွေးချိုး

(၁၉) ဆေးတံတိုညှိုလောက်၊ ရှော့သောက်တော့ပေး။ ။
မယူလိုက်ကမိုက်လို့ထင်၊ ယူလိုက်ပြန်က၊ ကြိုက်လို့ထင်၊
သောက်စေချင်၊ကုတင်တွင်ထောင်ခဲ့ကွဲ့၊ညှိုနွဲ့ရဲ့လေး။ ။

### ဆေးလိပ်လက်ဆောင်

### နန်းတွင်းသူမယ်ခွေဖွဲ့ဆိုသောဆေးလိပ်ဘွဲ့လေးချိုး

(၂၀) မဝယ်ဘူး၊ မယ်ခူးတဲ့ဖက်စို။ ။

မီးမကူ၊ နေပူမှာမကင်အားလို့၊ ထားရတယ် အိပ်ရာ
အောက်မှာ၊ မင်းသောက်ဖို့ကို။ ။

ညှာအနား၊ ရှေ့သွားနှင့်ကိုက်လို့တို၊ မချိုတောင့်
လိပ်ဆေး။ ။

ပိုးမကူ၊ ဝါချည်ဖြူတပင်ရစ်ကယ်နှင့်၊ငယ်ချစ်မောင်
ရွှေဝသွားကို၊ ပါးလိုက်ကဲ့လေး။ ။

### ၂၃။ မင်းကြီးကတော်ခင်ဆို
### (၁၁၅၀-ခန့်၊ ၁၂၂၀-ခန့်)

ခင်ဆုံသည် သက္ကရာဇ် ၁၁၄၃ ခုနှစ်တွင် နန်းတက်တော်မူသော ဘိုးတော်ဘုရားလက်ထက်တွင် စတင်ကျော်ကြား ထင်ရှား



ခဲ့သူ အမျိုးသမီးစာဆိုတော်တဦးဖြစ်ပေသည်။ ခင်ဆုံသည် မြို့ထဲဝန်၏သမီးဖြစ်သည်၊ ငယ်ရွယ်စဉ်ကပင် ကဗျာ၊ လင်္ကာ၊ တူရိယာနှင့်တကွ အခြားစာပေ ဗဟုသုတများကို လိုက်စားလေ့ကျင့်လာခဲ့သူဖြစ်သည်။

သက္ကရာဇ် ၁၁ဂ၁-ခုနှစ်တွင် နန်းတက်တော်မူသော ဘကြီးတော်ဘုရားလက်ထက်တွင် ဇလွန်မြို့စား 'ရွှေလှဗိုလ်'နှင့် လက်ထပ်ထိမ်းမြားသည်၊ ထိုအခါ ခင်ဆုံကို 'ရွှေလှဗိုလ်ကတော်'ဟု ခေါ်ကြလေသည်၊ ခင်ဆုံသည် ရွှေလှဗိုလ်ကတော်ဘဝနှင့် ဆက်လက်စာဆိုခဲ့လေသည်၊ နောက် ရွှေဘိုမင်းသည် သက္ကရာဇ် ၁၁၉၉-ခုနှစ်တွင် နန်းတက်ပြန်သောအခါ ရွှေလှဗိုလ်ကို 'ကောင်းတုံဝန်ကြီး'ခန့်ထားလေရာ ရွှေလှဗိုလ်ကတော်ကို 'မင်းကြီးကတော်ခင်ဆို'ဟု ခေါ်ကြပြန်လေသည်။ ထိုအခါတွင်ခင်ဆုံသည် သီချင်းခန့် ပတ်ပျိုး တေးထပ် သဖြန်စသည်တို့ကို အတော်အတန်ဖွဲ့နွဲ့သီကုံးပြီးဖြစ်လေပြီ၊ မင်းကြီးကတော်ခင်ဆုံ စီကုံးနှုန်းဖွဲ့ထားသည်တို့ကိုလည်း အများသဘောကျ နှစ်ခြိုက်ကြသောကြောင့် ရွှေဘိုမင်းကိုယ်တော်တိုင် ခင်ဆုံအား ကွပ်ရွာကိုစားစေသည်၊ ခင်ဆုံအား မင်းကြီးကတော်ခင်ဆုံ ဟူသော အမည်နာမအစားတွင်'ကွပ်ရွာစား'ကိုထည့်၍'ကွပ်ရွာစားမင်းကြီးကတော်ခင်ဆုံ'ဟူ၍ ကျော်ကြားထင်ရှားလာခဲ့ရပြန်လေသည်။

ခင်ဆုံသည် မြဝတီမင်းကြီးဦးစနှင့် စာဆိုပြိုင်ဘက်ဖြစ်ပေသည်။ ထို့ကြောင့်လည်း ခင်ဆုံ၏အမည်သတင်းမှာ ပိုမိုထင်ရှားကျော်ကြားခြင်းရှိခဲ့ရပြန်ခလသည်၊ ခင်ဆုံ၏ခင်ပွန်းသည်ကောင်းတုံဝန်ကြီး ကွယ်လွန်သည့်နောက် မြဝတီမင်းကြီးဦးစသည်

www.burmeseclassic.com

www.burmeseclassic.com



'လဲ့လဲ့ကြီးညို၊သည်ကိုယ်မှာဆည်မတံ့နိုင်ဘူး၊နွေးရန်အပြု။ ။ စောရွှေဆုံမယုံမ ရသည်မို့၊ သောကတောင်ထု' ဟူသော ခင်ဆုံ့ဘွဲ့၊ ဒွေးချိုး' ကဗျာကလေးကို ရေးသားကာ ရှိသဲ့သဲ့ ကျီစယ်ခဲ့လေလည်း။

ကွပ်ရွာစားမင်းကြီးကတော် ခင်ဆုံသည် သက္ကရာဇ် ၁၂၀၈ ခုနှစ်တွင် နန်းတက်တော်မူသော ပုဂံမင်းလက်ထက်တွင်လည်း အမည်သတင်းကျော်စောခြင်းရှိသည်၊ သက္ကရာဇ် ၁၂၁၄-ခုနှစ်ထွင် နန်းတက်တော်မူသော မင်းတုန်းမင်းတရား လက်ထက်တော်တိုင်အောင်လည်း စာဆိုတော်အဖြစ်ဖြင့် အမှုထမ်းရွက်ရသူဖြစ်သည်၊ခင်ဆုံသည် အသက် ၇၁ နှစ်တိုင်အောင် ပြောင်မြောက်သော စာဆိုတော်အဖြစ် အမှုထမ်းရွက်နိုင်ခဲ့သူ ဖြစ်ပေသည်၊ ခင်ဆုံသည် မင်းငါးဆက်ကိုလည်း သိမြှို့ အမှုထမ်းသက်လည်း ရှည်လှသော အမျိုးသမီးစာဆိုတော်တဦး ဖြစ်ပေသည်။

## မင်းကြီးကတော်ခင်ဆုံရေး တေးကဗျာစု

### ၁။ မိုးဘွဲ့ပတ်ပျိုး

တံပိုးငယ်တည့်နတ်ပဍ္ဍင်၊ ရှစ်ခွင်ညိုးညှံ့၊ မိုးသံတမူ၊
ကြင်သူလိုလို၊ ညှင်းချိုငယ်သီကျူး၊ ဘယ်ဖုန်းစေလိမ့်၊
နှစ်သိမ့်ငယ်ခွန်းရည်၊ လွမ်းစည်ဆင့်ဆင့်၊ ကျူးသည်
သို့သို့။ ။

ရတု။ ။မူးနွေညွှတ်ရှို၊ ကြွေဆွတ်သည်းအူ၊ ဆည်းယူယုယ၊
ညည်းညည်းတလျက်၊ လျလျညိုးမြန်း၊ မြူပန်းလွင့်ခြေ၊
မိုးရွှေ့လေလည်း၊ ငွေဝေရစ်ဝိုင်း၊ အုံ့ကာမှိုင်းသော်၊



တိမ်ဆိုင်းရွက်ချပ်၊ ကြဲလျပ်ဝိဇ္ဇုန်၊ ဘုံရဝိန္ဒာ၊ နိန္ဒရာမှာ။
နှယ်တာဖြန့်တန်း၊ နဝင်းစွန်းခဲ့။ ။ကြိုင်မွှန်းငယ်တည့်၊
နှင်းလှိုင်ကြွယ် × မြသွယ်မြိတ်ကော၊ ထုံးဖြေငယ်သင်ရင်း၊
စိန်ဇမ္ဗူ၊ ကြယ်ချူကြာရံခင်းမှာတည့်လေ။ ။တံ့
စားမူ၊ လျှစ်လျူပေါ်ဆောင်တင်းသည်နှင့်လေး။ ။

သဖြန်။ ။ညှင်းသီဖွဲ့လွှင်၊ နတ်ပဍ္ဍင်စည်တော်စုံက၊ သည်းအုံ့
ကြွေစေစိမ့်ငယ်လို့၊ ဆော်ခြိမ့်သီကျူး။ ။ခြိမ့်တမည်
တိမ့်မင်ခြည်၊ ခြယ်ရောင်ဖန်လို့၊ ဘယ်ငြိုးမာန်၊ ဖန်ပေါ်
လိမ့်မယ်ကို၊ ရွှေတိမ့်ထွတ်မှူး။ ။

### ၂။ ပတ်ပျိုး

မြမန်းကိုရှ်ရုံ၊ ရွှေဘုံမြေ မျှားမင်းဝယ်မှလေ။ ။
ကန်နန်းသာဟန်၊ လွမ်းရန်သည်ဝယ် ခင်းငယ်ပလေး။ ။
ဂန္ဓာထုံမှုံ သင်းတပျံ့ပျံ့၊ ဂေါ်ဇင်ခွါပြာ၊ ညှင်းတည့်ညှိုး
ပန်းဝတ်နံ့မွှေးမာလာ၊ သိင်္ဂါခိုင်ညွှာ ပွင့်ဆိုင်တင့်လှိုင်၊
မြိုင်ဖီလာကာသန်း၊ နန်းတောင်ခြေရေကြည်ငြိမ့်၊ စုံနှယ်
မြေဟောဝန်။ ။ဖြာဖြာလျှံဝှန်၊ သာယာကန်မှန်၊ ဆန်း
သော်သွယ်ညွှန်း၊ ထူးဆန်းတင့်ရှန်း-ဆွတ်လွမ်းဘွယ်နှယ်
ကြီးချွဲလွန်း၊ ကုန္ဒနီသိင်္ဂီပထွန်း၊ ခြယ်မွန်းငယ်စီမြွာ၊
ညာဘယ်လှည့်မြန်း၊ ရစ်သန်းမြရောင်ကာ။ ။နော
တတ်အိုင်သာ၊ ပမာပုံမယွင်းငယ်တည့်လေ။ ။မြောက်
ယွန်းယောင်၊ တောင်ရွှေသီလာ၊ ခင်းငယ်နှင့်လေး။ ။
ခင်းဖွေ့ကြွေ လွမ်းရန်ထွေလည်၊ ခုနှစ်ခွေရုံ ရောင်စုံ
ကြို့ပါတဲ့၊ မန်းရွှေမြို့ပြည်ငယ်ကိုလေ။ ။



www.burmeseclassic.com

www.burmeseclassic.com



သဖြန်။ ။ဘုန်းပန်းဆိုညွန့်စည်၊ ရွှေဥာဏ်ရည်လွန်ဆကဲ။ ။ နတ်ညွန်းငယ်ဖန်တော်ယောင်သို၊ ငွေယဉ်ပေါင်သောင်တကန့်ငယ်မှာ၊ တောင်နန်းခပဲ။ ။

## ၃။ ဂန္ဓမာတောင်အလိုက် ဆောင်းဘွဲ့ပတ်ပျိုး

ဆောင်ဝဇီရာ၊ ညောင်ကွန်းညာငယ်ကလေ။ ။ သီဟာရွှေပြင်၊ မျှားဖျော်ဖြေရှင်သည်နှင့်သာ၊ ကြည်လင်နိုင်ဘွယ်၊ တွေးကြံရည်ရွယ်သည်နှင့်လေး။ ။လွှယ်အောင် ဖန်တော်မူရင်း၊ ခွါပန်းငယ်တည့်အခိုင်ခိုင်။ ။ ဆွတ်ကြိုင်ငယ်လေညှင်း၊ ချမ်းစေစိမ့်သွင်း။ ။ငွေယုန်သီတာ၊ မိုးယံမြင့်မှာ၊ နှင်းငွေလွှာရည်မှေးတယ် သဲရင်မြေ့ဇေ။ ။ညှိုးညှိုးညှိုးငယ်ရေး၊သင်းကြူကြူဒါရှုနန်း။ နန်းကမွှေး။ ။လေသွေး၊ ခြုံထွေး၊ ချမ်းဝန်ကလေးတယ်ကိုလေ၊ နွေးနွေးနွေးနွေး၊ နွေးနိုင်သေး။ ။ မုလေးပျှသင်း၊ ကြာရံညောင်လင်း၊ သည်ဆောင်ဘုံတွင်း၊ ညှင်းညှံ့ညှံ့၊ ဆွတ်ကြည် ဆွတ်ကြည်ဘွယ့်ညွန်းညွန်း၊ လွှမ်းတပျံ့ပျံ့။

သဖြန်။ ။ညည်းညူခန့်ဆွေးစဘွယ်သာ၊ လောင်းရွှေပွင့်ဝါ။ ။ သည်မာလာပင်မြင့်ဆုံး။ ။သဇင်မင်း ရွှေနက်ကယ်၊ ပန်ချင်ပါတယ်၊ ရွှေချည်စည်းကို၊ နည်းဖြေလျော့ရှုံး။ ။

## ၄။ မိုးဘွဲ့ပတ်ပျိုး

သန်းရံခြွေ၊ ရွှေကြော့ဝန်း။ ။စမွယ်အုံးငယ်မှာ၊ မပြယ်ဆုံးသာပ၊ ပြယ်ဆုံးကိုမှ၊ ဘယ်ဘုန်းငယ်လေသိ



မိန့်ခွန်း။ ။မိုးစည်ရင့်သာ၊ ကိုးဖြာကဝန်း။ ။ မျှော်လဲကျွမ်းသည်နှင့်၊ တန္ခမ်းငယ်တခွေခွေ၊ သဇင်ခက်ကယ်နွယ်၊ မဆင်ရက်နိုင်နှင့်၊ ဘွင်သက်ကယ်ကြွေယိုင်စေ။ ။မြနန်းသိန်ရှဗွေ၊ တိမ်ခြေရှုက်ဆိုင်း၊ မှိုင်းရင့်ရင့်၊ သိုင်းဝင့်ဝင့်၊ နှိုင်းချင့်စာဘဲ၊ သံနွဲမကျူးတောင်းရွာလှာပြန်လဲ၊ သန်မိုးနှောင်း၊ ဖန်ခတော်မူ၊ ပူဆွေး ကြောင်း။ ။နှင်းတပြောင်းပြောင်း၊ ဖျန်းသွန်းလောင်းဝါကျွမ်းရက်ပေါင်း၊ ဖူးပွင့်ညောင်း။ ။ရွှေမိခိုင်နှောင်း၊ နယ်ကပူအင်၊ သည်သည်ရွှေသဲငယ်မှာ၊ ကြည်ကြည်ကြွေကွဲစေဘွယ်၊ ဖြေလဲခုတိုင်အောင်ပင်။ ။သံလွှင်သိဖွဲ့၊ ချီတဲ့နတ်မောင်၊ လျှပ်ဆောင်ငယ်ဟန်ပြ၊ ကြံရေး ဥာဏ်ပေးလေဘိသော်မှ။ ။နွှမ်းလျတွေးတော၊ စောသူ့ကောသွယ်၊ ဇင်ငုံမုလေးငယ်ခှာ၊ ဆင်ပုံမနိုင်ဘူ၊ ကြင်နယ်ဝေး၊ လေသွေးရှု ကြိုင်လှိုင်ပြယ်။ ။

သဖြန်။ ။ပန်းမှုံကြော့လယ်၊ နှောင်းရွယ်ဆင်တော်ပိုင်မို့၊ မြခိုင်ရွှေကောသိလုံး၊ ရွှေညိုပုလဲ။ ။မှာရွှေခွန်း၊ ပြည့်နွန်းဆင်ဘိသော်၊ ဇွေမော်တိမ်ညွန့်၊ မေဃိန်ဘုန်းငယ်လေ၊ ငွေမှုန့်ဆွတ်ဖွဲ။ ။

## ၅။ တောဘွဲ့ပတ်ပျိုး

ဟေမာ-ဝေဆာ- ဇွေချာစုံမြိုင်၊ တောတောင်ဂနိုင်အိုင်ထုံးအင်း။ ။ကျောက်စက်ကယ်ရေတံခွန်က၊ လျှာသွန်ကျဆင်း။ ။ဖန်ခါခါ သံသာညှင်း၊ ချက်ာင်းခေါ်

www.burmeseclassic.com



တ, ငှက်မောင်နှံ၊ သင်းလေချို၊ နေညိုချမ်း၊ သိုက်နန်းပေါ်မြင့်၊ ရွှေပြည်တော်ပြန်၊ လွမ်းဇေဘိုဖန်။ ။သစ်ဆန်းနွေဂိမှာန်မို့၊ သဇင်ကျွန်ပင်ယံမြင့်မှာ၊ ဆင်တော်ရန်လင့်ညောင်း။ ။ထုံကြိုင်စုံမြိုင် ခွေယိုင်လျောင်း၊ နွဲ့နွဲ့နှောင်းနှောင်း၊ ပျောင်းပျောင်းခွေယိုင်၊ ဖူးတံသွယ်လို့၊ နွယ်ရှက်ဆိုင်။ ။ဂနိုင်တောလုံးလန်း၊ တောင်စဉ်နယ်ဝန်းရှက်တန်း။ ။

သဖြန်။ ။ဇော်ရမ်းငယ်တိုင်၊ စူကာခိုင်အညိုဖောက်ပါလို့၊ တရှောက်ကယ်ဟိုတိမ်ပြာက၊ မိလ္လာရည်ရော။ ။မုန်းမာန်ပြစ်ရှာ၊ ကသစ်ညှာဇွေစွန်းက၊ ခွေနွမ်းရန်ကြွေစေမည်ထင့်၊ မိုးစည်ခြိမ့်စော။ ။

## ၆။ တပေါင်းလဘွဲ့ ပတ်ပျိုးကလေး

သင်းရနံ့၊ လှိုင်ပျံ့ငယ်၊ ကြည်ရွှင်၊ နှင်းငွေဥဝယ်၊ ရှုဘွယ်အင်။ ။ညှာကျင်ရွက်လျှော၊ ဆောင်းရက်ကျန်-မြူနှင်းရော။ ။တောင်တောငယ်တည့်တခို။ ။မြရည်လိမ်း- စိမ်းလို့စို။ ။လူလိုငှက်ကယ်။ ။ပျော်စံမြန်းတဲ့ ။သိုက်နန်းလယ်။ ။အသွယ်သွယ် - လွမ်းတယ်လေ၊ သွေးခေါ်ပျံသည်နှင့်သာ၊ ကြွေးကျော်ညံ။ ။

ရတု။ ။ဖန်ကယက်လည်း၊ လယ်ချက်ခွာစွန့်၊ ပြင်လမ်းကွန့်၍၊ ဂေါ်ညွန့်ကိုက်ညှာ၊ ပန်းမာလာလဲ၊အင်သန္တာရိုး၊ဝတ်ဆံပျိုး၍၊ သွယ်ဖြိုးနုနယ်၊ ခက်ချင်းသွယ်ရှင့်။ ။ဆွေးဘွယ်ခမန်း၊ သာဆန်းထွေလှ၊ စုံဟေမဝန်။ ။စိမ့်စမ်းတွေ



လဲ့၊ ကြည်ရေတံခွန်၊ သောင်ကမ်း ပြန့်လာပေါ့လေ၊ မြောင်တန်းချွန်သာပေါ့မေ၊ ကျသွန်လှိုင်း၊ စုံတိုင်းပြည်နှင့်သာကွာ။ ။

သဖြန်။ ။လွမ်းဟုန်ကဖြာ၊ သုန္ဒရာမြေမကန်ဘွယ့်၊ ငွေနှင်ဘံတောင်ယံသစ်ချိန်မို့၊ နယ်ရှစ်ခွင်တိုင်း။ ။ဖူးစလံကံပံနွေရက်ကယ်မိန်အကျန်မို့၊ တိမ်ဗိတာန်လေပြန်ငွေ့တယ်၊ ခိုးငွေမြူမှိုင်း။ ။

## ၇။ ပတ်ပျိုးကလေး

လေယာဉ်မြန်း။ ။စေမုန်းရွှေလျှော်၊ ငယ်ယုံပူဖေါ်၊ နန်းစိန်ချိုင့်ပျော်။ ။ကြင်နယ်ယှင်း၊ မြတ်မှာတော်ရင်း၊ မင်းတင်ချေနော်။ ။ရုံညီလာပျော်၊ စိမ်းမွှးမေ့သော်။ ။သည်ကိုယ်တော်ငယ်၊ စိမ်းမွှးမေ့သော်၊ ကြင်နယ်ယှင်း၊ မြတ်မှာတော်ရင်း၊မင်းတင်ချေနော်။ ။သည်ကိုယ်ညှိုးလျှော်၊ ရွှေဖေါ်မမြန်းနိုင်ပြီ၊ ရွှေဖေါ်မမြန်း၊ ညွန့်စုံရှိပန်း။ ။မလန်းငယ်ကြုံ၊ ဆန်းပုံမာယာမူမို့၊ နန်းသူ့ယုံနိုင်ရန်၊ မှာသူ့ဖန်တော်ဝေး။ ။စိုးအင်ရှစ်ဖြာ၊ သည်သာတင်ရော့-ထံရွှေမှောက်ကယ်မှာ၊ ပြန်လျှောက်ခွင့်ရေး။ ။လှော်သွေးဆယ်နည်၊ ကြိုင်ရည်ပန်းပြည့်ညောင်လယ်။ ။ကြံမျှော်မှန်းဆနောင်ဝယ်။ ။ကြင်ညာဘွား၊ ချော့ဖြေဖျား၊ ပျော်ပါးပေလိမ့်မယ်။ ။ညှိုးတယ်လေလား၊ အိုသွေသော်၊ ညှိုးတယ်လေလား၊ မေ့အားနိုင်လှတယ်။ ။

www.burmeseclassic.com

www.burmeseclassic.com



သဖြန့်။ ။ဝေးသူ့သူ့ယ်။ ။မျက်ခြယ်ရွှေတောင်ပံညွန့်၊ နီဖလံ
ဆယ်ရည်မွန်ပွင့်၊ မြစံလွန်သား။ ။လေချိုသွေး၊ တိမ်
ဆေးငယ်လေလွှာလွှာလို၊ ပိုမိုနိုင်သွ့ဉာဏ်ပိုင်ကွန့်ငယ်ကို၊
တင်ဝံ့ငဲ့လား။ ။

ဂ။ ဘုန်းတော်ဘွဲ့သီချင်း

ရဝေနန်း၊ စိန်ကြောင်ဖန်ရောင်ဆန်းထွန်းပထိန်။ ။
ဗူးဦးရာနှိမ်၊ အာလိန်မြင့်ဘုံလယ်၊ စမွယ်စိုးမြန်း၊ဝေယန်
မိုးနန်း၊ သည်မှာလွန်ထူးဆန်း၊ ထွန်းလို့ညီး။ ။မပြိုင်
နှုန်းရာ၊ အာဏာတေဇာနှံ့စေသား၊ သာနုခအောင်မြေ
ချာ။ ။တက်နေ့ဝါသူရိန်၊ မြတ်အာဟိန်၊ နွယ်တော်
ရှိန်လေ၊ ဘုန်းရောင်ခြည်၊ သောင်းဗွေလည်၊ အံ့နိုင်ဆန့်
အောင်၊ ကြုံရအထူး၊ တေဇာထွတ်လျံမြူး။ ။ပြည်
ပြည်ထောင်လျှိုးဝပ်ကြလာ၊ စုံကြာမုံအာ၊ ဆယ်ဖြာ
ပန်ဆင်၊ သာယာစံရှင်၊ ကျွန်တော်ခံဝင်။ ။ဆင့်ဆင့်
ပဏ္ဏာ၊ ထွေရာပြည့်ပုံယင်၊ မြင်းဆင်များတောင်း စိုးမိုး
ကဲကြောင်း ဖော်တရွှေပေါင်း၊ ပျော်ဘွယ်များတောင်း၊
ခေါင်အချာစိုး၊ ထောင်ရာဖိုးဝေ၊ နေနှုန်းနှုန်းဆိုမွား၊
ကြူးကဲဆန်းပြား၊ တိုင်းကားသာရှင်ပျ၊ တန်ခိုးငယ်ပေါ်၊
ကျူးကြော်လေ၊ ဘုန်းတော်လေ၊ ပတယ်ပတယ်၊ နေလ
တသန်း၊ ပြိုင်ကြဘက်နှုန်းနှုန်း။ ။တက်ခန်းငယ်ဗွေ၊
ဘဝဂ်ဆုံးငယ်သာချင်း။ ။ဘယ်မင်းစဉ်လာယှဉ်စွာ၊
ကြားရဘူးပါ၊ ရွှေးဆက်ထုံးလာ၊ ဘယ်တူနိုင်ပါ၊
တောင်ညာကျွန်းတွင်း၊ ဖက်ကင်းငယ် ရွှေဉာဏ်တော်



ထင်ပေါ်လွန်ချီးနိုင်၊ ကြူးအံ့မျိုး။ ။ရှည်ကြာဖိုးဝေ၊
အောင်ချာစိုးပေ၊ ခေါင်ချာမိုးနေ၊ ရာပြည်မင်းလေ၊
ရွှေစက်ရင်းလေ၊ ခွန်ဆက်သွင်းပေ၊ ကျွန်းချက်မ-အောင်
မြေချာ၊ ပွင့်ဆုမှန်စွာ၊ နောင်လာတည့်ကေန်၊ နိုင်ငံတိုင်း
လုံး၊ သာယာခြိမ့်အုံး၊ ပြောစည်ပင်၊ ဝန်းကျင်တိုင်းသိ၊
ရွှေငွေပြည့်ဖိုး၊ အင်္ဂါအင်္ဂါတည့်စုံညီ၊ ခေါင်ဖျားသူရိန်
သော်တာ၊ ဆန်းလို့ထွန်းဝါ၊ ချမ်းမြလင်းဖြာ၊အောင်
မြေလယ်ချာ၊ ထီးရာလုံးမူး၊ မြင့်ဖြူးငယ်ရွှေဘုံ၊ စိန်ငုံ
ဖန်ရောရာ၊ ဖိုးပြည့်ဈေမ်း။ ။အောင်ဆုပန်လေ၊
ရှင်တော်ထံလေ၊ ကိုယ်တော်ဉာဏ်ပေ၊ ကြည်ယုံဖိုးဝေ၊
ဆယ်ဖြာမိုးလေ၊ ကွယ်ကာကိုးစေ၊ ဦးညွှတ်ခ၊ရန်အောင်
ရာ။ ။ပြည့်ဆုမှန်စွာ၊ ဗူသာကျွန်းပေါ်၊ ညာမော်
သောင်းခန်း၊ မှူမောင်ဝေထွန်း၊ ရောင်ခြည်ဖြာဝင်း၊
ထိန်လင်းညီးမျှ၊ ရှင်စောစန္ဒာ၊ တေဇာ တေဇာတည့်
အာဏာ၊ ရောင်ဖြာ ရောင်ဖြာလုံး၊ မျက်ရှင်မျက်ရှင်
သာ။ ။ညွန်းငယ်လေဆက်လှာ၊သ့လှာ၊ဆဒ္ဒန်မာတင်၊
ဆင်ပုံဖြူမျိုး၊ဘုန်းမိုးစွေရွာချ၊ မစဲငယ်နိုင်ပါ၊ ဖိုးကာ
မိုးကာ၊ သိမ့်အောင်ခြိမ့်တယ်၊ ဘယ်ကအခြား၊ ရန်ညွန့်
ပေါက်စမ်းငြား။ ။သိသိကြေ၊ ထုံးလိုမှန်းရ၊ အာဏာ
ပြင်းတယ်၊ ရာမင်းမင့်း ထိပ်ဦးငယ်ဗွေ။ ။ ခယသည်၊
ပြည်တရာဇာ၊လဲ့ပြာပြာအိပြာပြာ၊ငယ်မူပွတယ်၊ရွှေတယ်၊
ထဉ်ရာဖြူပြာ၊ မှုရာနန်းရိုး၊ မိုးသူဇာလား၊ ထင်ယောင်
မွှား၊ ဆိုမိဘွယ်သား၊ ကိုယ်ရောင်ဝါဝင်း-ထွန်း၊ နုနု
ပြောင်းရွှေစင်၊ စိုးစမွဲယ်ရှင်ပါလို့၊ ပျော်ဘွယ်သား၊

www.burmeseclassic.com



လန်းတယ် ဆန်းတယ် ယဉ်ဆုံး၊ သုံးရုံလယ်ဝန်းရွှေခါ၊ ဘုန်းကေရာကြီးပေလှ၊ ရွှေနန်းဆောင် ဘုံတွင်းဝင်းပ၊ နုနယ်ရှုဘွယ်၊ ရွှတယ်အိတယ်။ ။လှုံလျှံကိုယ်လုံး၊ ဟန်မထူးခြား၊ကိုယ်တော်ရှင်လန်း၊စံမြန်းစိုးတင့်၊ညိုးညိုး ညီးညီး၊ရွှေရောင်ကြူးကဲအောင်၊ ဆောင်ဆောင်ဘုံမှာ၊ ပြောင်ပြောင်ထိန်ဝါ၊ ဝန်းကျင်တိုင်းကား၊နှိုင်းဆယ်ဖြာ ခ-ပန်ဆင်။ ။အောင်မြင်ကာသာအလွယ်၊ရန်ဘယ်ဘယ် ဝန်း၊ ဆယ်ခိုင်စုံပန်း၊ တိုင်းနိုင်ငံစည်ပင်လို့ ရှင်တယ်ကို၊ အိုပျိုသူရှင်လူသာ၊ စံရာညာနေ၊ အောင်မြေကျွန်းလုံး၊ ဗွေအုံးရာညီးလှ၊ ပုလဲငယ်သောင်ငွေ၊ ရေ-သဲ-တနဲ ဆန်း တယ့်လန်းတယ့်၊ လွယ်တည့်လွယ်တကူ၊ တိုင်းသူ ချမ်းသာ၊ ပူမဆာ၊ သာဖြူနှလုံးထား နှလုံးထား၊ ပုံပမာတဆန်းတထူး၊ ရေယဉ်လယ်မော်ကျွန်းဦး၊ ရာရှည် ကြူးအောင်၊ ဘုန်းတော်ဖွိုးမြင့်၊နှစ်ပွိုင်တဆူ၊ လင်းဖြာ ထွန်းလာ၊အရောင်အဝါ၊ ဖွိုးတယ်မိုးတယ်၊ တေဇ တန်း ခိုးငယ်ဝေ။ ။ထွန်းညာကြေ၊ လေးကျွန်းလုံးကာ၊ နှံ့ကြော်ငြာ၊ဆန့်အောင်သာ၊ဆင့်ကာမြင့်ကာပေ။ ။ သောင်းခန်းနေဗွေဝန်းလယ်၊ ဘုန်းတော်ဖိုကာ၊ နှိမ်နင်း နှိမ်နင်း၊ ရန်စမွေးရင်း ပြေးဆုံး၊ပိုင်ကာသိမ်းရုံး၊ဘယ်မှာ ပုံရာရှိပန်ကာ၊ ပြည်ထောင်သာ မင်းမျိုး၊ စုံဦးလျှိုး၊ ရန်မျိုးခ,ရသည်၊ ရာရာမင်းထွတ်ဦးငယ်ဗွေ။ ။



## ၉။ ဆောင်းဖွဲ့တေးထပ်

ကြာခြည်-လေပြည်သွဲ့တော့၊ ကြွေမည့်မဲ့ပုံသွင်၊
ခင်ခင်လေးမြရင်မှာ၊ စတင်ကာ စိမ့်အေး။ ။

တိမ်လွှာညှန့်ရထည်ခြုံတယ်၊သည်ပုံကိုနွေးဘို့အဝေး။ ။

သည်လိုနှင့် တာရှည်လျှင်၊ ညာမဒီခက်သေး။ ။

ကမ္ဘလာထည်နှင့် ထွေးပေမဲ့၊ သည်အအေးမလုံ။ ။

ငွေစန္ဒာ မနွေးရိုက်၊သွေးလှိုက်လို့-သဲ ရင်ဝခုန်။ ။

ဘယ်နည်းနှင့် ဘယ်ပုံကို၊
မယ်လုံအောင်,ကြံဖန်ရမယ်တုန်း၊
ပြန်လှန်ဆတ,ယောင်ယောင်၊ ဝဲတိုက်ကြာညောင်။ ။

ဖူးစာရှင့် ခင်မေ့မောင်ရယ်၊
ရင်ငွေရောင်လှူစမ်း ချင်လှလေး။ ။

## ၁၀။ ခွန်းကျူပေါ့ဖွား

ဖွားတဂ်ါ၊ မှန်ရာရွှေနှုတ်က၊ ခွန်းထုတ်စေသား။ ။

လှမတူ၊ တ,သူကေန်ရောက်မှာဖြင့်၊
ပြောင်မြောက်ဗေဒင်ပိုင်ငဲ့၊
စံအိုင်ကိုစိန်နှင့်မွန်းပေါ့မယ်၊ ခွန်းကျူပေါ့ဖွား။ ။

www.burmeseclassic.com

www.burmeseclassic.com



## ၁၁။ ညွန်းပါ့နှစ်နား

မျှော်လင့်တုန်း၊ ကြေ့ဆုံးလာလိမ့်မည်။ ။

မြရေလျှံဗွေအမွှာကာ၊ မဏ္ဍုဆွေနှုတ်ချိုခွန်းနှင့်၊
ညွန်းပြန်ဘိသည်။ ။

ဖန်ရေရေ၊ မှန်ပေခဲ့ရင်ဖြင့်၊
ထုံကြည်လဲ့ဝတ်ရည်၊ ယူမည်လို့စောင့်။ ။

မရဘူးသော်လဲ၊ လျံမြူးစိန်စီတဲ့ နာရဏီစံရွှေခွက်နှင့်၊
ကြာရက်ကိုအိုင်ပြည့်သွန်းပါ့မယ်၊ ညွန်းပါ့နှစ်ပါး။ ။

## ၁၂။ တေးထပ်

(မင်းကြီးကတော်ခင်ဆုံက ကပ်ရှာမင်းကြီးအား ကျွန်အစေခံ ထွက်ပြေးသည့် အတွက် အခကြေးငွေ ပြန်လည်ရလိုကြောင်း လျှောက်ထားသည့်တေးထပ်)။

ကပ်ရှာပိုင်ဝန်ကြီးကို၊ သမီးကစေရာ၊
ရွှေနားတော်လျှောက်ပါသည်၊
ကျွန်မမှာစေဟောင်း။ ။

မိဥမခေါ်တွင်သည်၊ သင့်မိခင် မိခွေးကရောင်း။ ။

မိနူနှင့်လင်ငပုံမှာ၊ မကုံလုံတကြောင်း။ ။

အစေခံထပ်လောင်းလို့၊ သမီးကောင်းမိငြိမ်းကို။ ။

ခြောက်ဆယ်စီနှစ်စုံ၊ မိဥကငါးကျပ်သာပို။ ။



တိမ်းရှောင်လို့ကပ်ခိုမူ၊ လူကိုနော်အပ်သွင်းအံ့၊
ခံဝန်ရင်းငပေတလူ၊ တောင်အင်းနေသူ။ ။

အမြောက်စုဆိုင်ရာမှူတယ်၊
တောင်းခံသူသနားပလေး။ ။

## ၁၃။ နှာဖော်နည်းတေးထပ်

မှူကွန်ချာကတိုးနှင့်၊ စမုန်မျိုးငါးမည်၊
ကံ့ကော်ဝတ်ရွှေရည်ငယ်၊ မြတ်လေးမည်ငွေပွင့်။ ။

ဇာဒိပ္ပိုလ်လဝင်္ဂငယ်၊ ရွှေစသာ စပါးမြစ်နှင့်။ ။

နှစ်ပါးစစ်ဆုံညီတွင်၊ နံ့သာဖြူနီဆင့်။ ။

သာမပိုဆိုအတင့်၊ ကြီးဟိုပွင့်ဖာလာ။ ။

ထိုသည့်ပြင်ဒဟတ်သကိုင်း၊
စံနှိုင်းဆဆေး မန်ကျည်းပါ။ ။

ဒဟတ်သခိုခေါ် ဆိုကဲ့ဝေါဟာ၊ ရွှေစာလာနိမိတ်နှင့်၊
ရောကြိတ်လို့ဖန်ခြယ်လယ်၊ ယင်းနှာနှပ်ကယ်။ ။

ကိုးဆယ့်ခြောက်ရန်ပြယ်၊မလ္လာနွယ်ဥဘဲရှင့်လေး။ ။

## ၁၄။ နှာဖော်နည်းတေးထပ်အမှာ သဖြန်

ငှူမှိုင်ယံ

ဂူလိုဏ်စံ ဥာဏ်သိမ်မွေ့တဲ့၊ ရသေ့တို့ထုံး။ ။

www.burmeseclassic.com

www.burmeseclassic.com



အရာနွယ်
ဘေားမျိုးရန်မာန်ပြယ်တဲ့၊
မလ္လာနွယ်ယင်းနှာနှပ်ကို၊ မင်းမှတ်လို့သုံး။ ။

၁၅။ မိုးဖွဲ့လေးချိုး

ယာဉ်နှစ်ခုတွင်ဖြင့်
ဘာဏုရာဇာသည်၊ ရောင်လျှံဖြာအန္တေက၊
မဗျောလယ်ပြောင်းတဲ့၊ သန်နှောင်းချိန်။ ။

တူလငယ်ဝေါဟာ
သရဒါမှာ၊ အဝါမင်နက်၊ ဆေးစုံငယ်ကွက်လို့၊
ရှစ်ဖက်ကယ်လျှပ်တိမ်၊ တထိန်ထိန်နှင့်၊
ဝရဇိန်ရောင်၊ ယုဂန်တောင်က၊ နတ်မောင်ပဇ္ဇုန်၊
ကွန့်သွန်းငယ်ခြုံသောအခါ၊ လွမ်းပုံဘွယ့်ရာသီမှာ၊
ကောသီကို ဘယ်လိုရှင်းပါရမယ်၊ မိုးမင်းဥာဏ်။ ။

ဗွေကာမုံမူ
ကော ဋ္ဌမ္ဗရစ်၊တိုင်းမှာဖြစ်တဲ့၊
နှသစ်ကယ်မာလာ၊ ထည်ဘူးလွှာလဲ၊
ဘယ်ညာလျှော့လျှည်း၊ တဖက်ကယ်စည်းလို့၊
မေ့ချည်းငယ့်စံရာ၊ ဆောင်လေသာမှာ၊
ဗျာပါပူအောင်၊ မာယာဆောင်တတ်ပေ့၊
တောင်နာဂိန်မှာ၊ ဒေဝိန်နတ်သားက တားပါရော့။ ။



ကူမင်းငယ့်ဆယ့်သုံး
ရှင်ပင်ဖုန်းက၊ ခြိမ့်အုန်းငယ်ဝေမှောင်၊
ရွှေကြက်တောင်သို့၊ ပတ်နှောင်လှည့်ကာ၊
တိမ်ကွန်ချာလဲ၊ မိလ္လာလိုလို၊ ပျို့နှိုင်းငယ်ညှိလို့၊
မလိုတခို့၊ လိုတခို့နှင့် လိုမလိုဘွယ်၊
အမှုန်မောင်ချယ့်တတ်ပေ့၊ လွမ်းကြွယ်တဲ့သည်ခါကို၊
ဒေဝရာ မဖန်သေးပါနှင့်၊ဆွေးလှပါပေါ့။ ။

၂၄။ ရဝေ-ရှင်ထွေး

(၉၃၀-ခန့် ၉၇၀-ခန့်)

ရဝေရှင်ထွေးသည်၊ သက္ကရာဇ် ၉၄၆-ခုစ်နှတွင် နန်းတက်သော်
မူသော တောင်ငူရွှေနန်းတည်မင်း 'မင်းရဲသီဟသူ'၏ 'ကိုယ်လုပ်
တော်' အမျိုးသမီး စာဆိုတော်တဦး ဖြစ်ပေသည်။

ရဝေရှင်ထွေးသည်၊ တောင်ငူရွှေနန်းတည်မင်း 'မင်းရဲသီဟ
သူ'၏ ကျွန်တော်ရင်း၊ ရေဝေရွာစား အမတ်ကြီး၏သမီးထွေးဖြစ်
သည်။ အထွေးဆုံးသမီးဖြစ်သဖြင့် 'ရှင်ထွေး' ဟုခေါ်သည်။
နောင်တွင် 'စလေဦးပုည'၊ 'ကျည်းကန်ရှင်ကြီး' 'ဝန်တောင်
တည်ဆရာတော်' တို့၏အမည်အစွဲများ ကဲ့သို့ပင်၊ မိမိ၏ဇာတိ၊
မိမိ၏အဖ စားရသော ရွာကိုအစွဲပြု၍ 'ရေဝေ-ရှင်ထွေး' ဟု တွင်
လာခြင်းဖြစ်ပေသည်။ နောင်တွင် 'ရေဝေ' ကို 'ရဝေ' ဆို၍ 'ရဝေ
ရှင်ထွေး' ဟုထင်ရှားလာ ခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင်၊ 'ကဗျာဗန္ဓသာရကျမ်း' စာမျက်နှာ ၁၅၃-တွင်၊ ပုဂံဝန်ထောက်မင်း ဦးတင်က—

"ရဝေ-ရှင်ထွေးဟူရာ၌ 'ရဝေ' ကား 'နန်း' ဟော 'ရှင်ထွေး' ကားအမည်၊ ဖြစ်သောကြောင့် "နန်းတွင်းသူရှင်ထွေး" ဆိုလိုသည်ဟူ၍ ပိဋကတ်တော်အုပ် အတွင်းဝန်မိုင်းခိုင်းမြို့စားမင်း၏ ဆံထုံး ၅၅-ထုံးပုံပါသော ပုရပိုက်ပါလာသည်" ဟူ၍ ပြဆို ထားပေရာ၊ မော်ပီဆရာသိန်းကြီး ရေးသားသော 'ပေါရာဏ ဒီပနီကျမ်း' ၊ ပထမတွဲ၊ စာမျက်နှာ ၂၇၉ လာအောက်ပါစကား ရပ်အတိုင်း မှတ်ယူနှလုံးသွင်းဘွယ်ရာ ရှိပါသည်။

"ရဝေ-ရှင်ထွေးကား နန်းတော်သူဟု ပေါရာဏ ကထာ လိုက်၍ စွဲမှတ်ကြသည်၊ ရေဝေရွာသူ ရှင်ထွေးဖြစ်သည်။ နေရပ် ဇာတိကို အမှတ်ပြု၍ 'ရေဝေ' မှ 'ရဝေ' ဖြစ်လာသည်၊ နန်းတော ၌ နေရသူဖြစ်သောကြောင့် 'ရဝေ' ဖြစ်ရမည်ဟု မှုသခနေရပ်အမည် 'ရေဝေ' ကိုဖျောက်သကဲ့သို့ ရှိလေသည်။"

ရဝေရှင်ထွေးသည်မိတ္ထီလာမြို့တောင်ဘက် ၇-မိုင်ခန့်အကွာရှိသော ရေဝေရွာဇာတိ ဖြစ်ပေသည်။ ဖခင်မှာ ထိုရေဝေရွာကို အပိုင်စားရသူဖြစ်သည်။ တောင်ငူရွှေနန်းတည်မင်း 'မင်းရဲသီဟသူ' ၏ ကျွန်တော်ရင်းဖြစ်သည်။

ဤအချက်အလက်များကို ရဝေ-ရှင်ထွေးဖွဲ့ဆိုခဲ့သော ပုဂံ ခေတ်နန်းတွင်းသူတို့ ဆံထုံးထုံးနည်း ၅၅-နည်းအန်ချင်း' တွင် အောက်ပါအတိုင်း အထင်အရှား တွေ့မြင်နိုင်ပါသည်။



"ဆင်ရတနာ၊ များလှစွာသည်၊ စကြာသခင်၊ မြတေရှင်ကို၊ သားလျှင်မြင်မြော်၊ ခမည်းတော်မင်း၊ လူ့မှန်ကင်းလျှင်၊ သင်းပင်းမြို့ကိုင်၊ ခရိုင်တခြား၊ ကျေးသီးစားသည်၊ သောကားမှန်ပြီး၊ အမတ်ကြီး၏၊ သမီးနှောင်းမွေ၊ ငြိမ်ဆေးလေးသား၊ ရှင်ထွေးအလှ၊ ချောမြမြ၊" (အန်ချင်း၊ အပိုဒ်-၁၃)

"နရထိပ်တင်၊ တောင်ငူရှင်၏၊ ကျွန်တွင်တယောက်၊ စံတင်လောက်သည့်၊ ပြိုင်ထောက်မပြီး၊ အမတ်ကြီး၏၊ သမီးနှောင်းမြော်၊ ကြင်ပျော်စလှ၊ ရှင်ထွေးမြ" (အန်ချင်း အပိုဒ်-၃၁)

"တောင်ငူသခင်၊ နတ်ရှင်ရန်ကဲ၊ မင်းရဲလည်းဟူ၊ သီဟသူဟု၊ ရိပ်ဖြူကာမိုး၊ ရှင်ပင်တိုးဝယ်၊ ကောင်းရိုးမှတ်အပ်၊ ပြည်ရွာကွပ်၍၊ မွမ်းထပ်ဖြိုးခိုင်၊ ကျေးသီးပိုင်သည်၊ ဆွယ်ပြိုင်မဲ့လျှင်း၊ ကျွန်တော်ရင်းဟု၊ ရင်တွင်းနှောင်းခမွး၊ သမီးထွေး" (အန်ချင်း၊ အပိုဒ် - ၄၀)

ထို့ပြင်၊ ရဝေ-ရှင်ထွေးသည် တောင်ငူမင်း 'မင်းရဲသီဟသူ' ၏ 'ကိုယ်လုပ်တော်' ဖြစ်ကြောင်းကို အန်ချင်းအပိုဒ်-၂၆ တွင်၊ ဤကဲ့သို့အထင်အရှား ဖော်ပြထားပါသည်။

"မယ့်ကိုလည်းယူ၊ အိမ့်ဖြူသာမြင့်၊ ဝင်းနှင့်အိပ်ဖန်၊ ထားစဟန်ကား.... ရံကိုယ်လုပ်နှင့်၊ ကျွန်ုပ် စံစားရှာ၏လေ။ ။ ဖော်ချင်းတို့လေ ဖော်ချင်းတို့။ ။

ရဝေ-ရှင်ထွေးသည် ဖိုးသူတော် ဦးမင်းနှင့် ဆွေမျိုးဆက်နွယ်သူဖြစ်၍ ဖိုးသူတော် ဦးမင်းသည် ရဝေ-ရှင်ထွေးမှ ဆင်းသက်ဆက်နွယ်လာသူတဦး ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ရခေ-ရှင်ထွေးသည် "ဆံထုံးထုံးနည်း ၅၅-နည်း အန်ချင်း" ကြောင့် မြန်မာစာပေလောကတွင် တံခွန်စိုက် စာဆိုတဦးအဖြစ် ထင်ရှားခဲ့ရပေသည်။ ထိုအန်ချင်းမှာ အပိုဒ်ပေါင်း ၅၈ ပိုဒ် ပါဝင်ပေသည်။ရခေ-ရှင်ထွေးသည် အသက်ဆယ်နှစ်ခန့် အရွယ်ကပင် အန်ချင်းများကို စပ်ဆိုသီကုံးလျက်ရှိပြီ ဖြစ်ကြောင်း၊ "ဆံထုံးထုံးနည်း ၅၅-နည်း အန်ချင်း"လာအောက်ပါ အပိုဒ်များတွင်အထင်အရှားတွေ့မြင်နိုင်ပါသည်။ "ဆယ်နှစ်အဝင်၊ လူကိုယ်ပြင်နှင့်၊ ရုပ်သွင်နတ်လျှော၊ မြေ့ချောအသရေ၊ ရခေ-ရှင်ထွေး၊ ကြေငြာမွေးသည်၊ ငြိမ့်လေးဖွဲ့သည်၊ အန်ချင်းတည့်လေ။" (အပိုဒ်-၅၅)

"အန်ချင်းဆိုစ၊ ဆယ်နှစ်ကလျှင်(အပိုဒ် ၅၂)"

သက္ကရာဇ် ၉၇၁-တွင် တောင်ငူရွှေနန်းတည်မင်း "မင်းရဲသီဟသူ" နတ်ရွာစံတော်မူ၍ သားတော်အိမ်ရှေ့မင်း နတ်သျှင်နောင်နန်းတက်တော်မူ လေသည်။ ထိုအခါ ရတနာပူရနှင့် အင်းဝရွှေနန်းကို သိမ်းမြန်းစိုးစံတော်မူလျက် ရှိသော အနောက်ဖက်လွန် မင်းတရားကြီးသည် တောင်ငူမြို့သို့ အလုံးအရင်းကြီးစွာဖြင့် ချီတက်တိုက်ခိုက်တော်မူရာ အင်အားချင်းမမျှသဖြင့် တောင်ငူဘုရင်နတ်သျှင်နောင်အညံ့ခံရသည်၊ တောင်ငူကိုအလိုတော်ပြည့်လျှင် အနောက်ဖက်လွန်မင်းတရားကြီးသည် တောင်ငူသားတို့ကိုလည်း သိစွာပေးသည်။ နောက်မှတောင်ငူနန်းကိုမှန်ကင်းချ၍ တောင်ငူဘုရင်ကိုပင်ဆက်လက်မင်းပြုတော်မူစေသည်။အနောက်ဖက်လွန်မင်းတရားကြီးအရေးတော်ပြီးပြေ၍ ရတနာပူရ အင်းဝနေပြည်တော်သို့ ပြန်တော်မူလျှင်တောင်ငူဘုရင်က စောင်းတတ်၊



ညှင်းတတ်, ပတ်တတ်,နှဲတတ်တို့ကို လက်ဆောင်တော် အဖြစ် ပေးလိုက်တော်မူသည်။ သည့်တွင် ရခေ-ရှင်ထွေးသည် မင်းဇေယျရန္တမိတ် ရှင်သဲကိုယ်တို့နှင့်အတူ အင်းဝနေပြည်တော်သို့ ပါရလေသည်။

ရခေ-ရှင်ထွေးသည် "ဆံထုံးထုံးနည်း ၅၅-နည်း အန်ချင်းကို ဖွဲ့ဆိုခဲ့သဖြင့် ရှေးဟောင်းပုဂံခေတ်၏ ယဉ်ကျေးမှုအမွေအနှစ် ဖြစ်သော ဆံထုံးထုံးနည်းကို နှောင်းအစဉ် မပျက်ယွင်းရလေအောင် ဖော်ထုတ်ပေးခဲ့ပေသည်၊ ရခေ-ရှင်ထွေး၏ ကျေးဇူးစကား ကြီးမားလှပါပေသည်။ တဖန် ဤအန်ချင်းမှာ သက္ကရာဇ် ၁၀၀၀ မပြည့်မီက ပေါ်ပေါက်ခဲ့သည်ဖြစ်၍ အန်ချင်းတို့တွင် ခေတ် အဦးဆုံး အန်ချင်းဖြစ်ပေသည်။ ရခေ-ရှင်ထွေးသည် မိုးဖွဲ့၊ ရာသီဖွဲ့နှင့် ဘုရားတိုင်ရတုများကိုလည်း ဖွဲ့ဆိုရေးသားခဲ့ပေသည်။

### ၁။ ရခေရှင်ထွေဆိုရတု

(၁) လေဝန်းကဆင်။ ။ရွှက်ဟောင်းကျင်၍၊ ညွန့်ရှင်ဝေဝေ၊ ပင်တိုင်ထွေလျက်၊ တောင်လေဖြည်းပျ၊ မင်းလွင်စသော်၊ လွမ်းရဘွယ်သာ၊ သည်အခါဝယ်၊ အတာရေသွန်း၊ တန်ခူးဆန်းက၊ ရှင်လန်းမပျော်၊ ညှိုးရော်ပြိုက်သွယ်၊ ရွှေမျှားလယ်တွင်၊ ပြိုင်ဆွယ်မမျှ၊ လောကထန်ဆောင်၊ ရဲထွတ်ခေါင်ကြောင့်၊ တမ်းယောင်ဆိုကာ၊ ပြေမသာသည်။ ။ဗျာပါဒ်နှိမ်းစည် ပွါးတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



(၂) နွေဆန်းစတွင်။ ။စုံမြိုင်ခွင်လည်း၊ မထင်ရှက်ကြမ်း၊ မြရည်လျှမ်းကာ၊ စိတ်ဝမ်းကဲ့အောင်၊ တောနှင့်တောင်လည်း၊ ညိုယောင်မြမြ၊ ရွှန်းရွှန်း လဲ့လျက်၊ ကာလရတု၊ ညွန့်နုစိမ်းညောင်း၊ မသာတောင်းလည်း၊ သက်ပေါင်းတင့်ခေါင်၊ ဆွေသည့်နှောင်နှင့်၊ ရည်စောင်သာရှင်၊ ပန်းမြင်မြင်ကို၊ ယာဥ်ညင်သာလှ၊ ပန်းရွှေကထက်၊ နှဲ့လျက်တူ၊ကွ မဆွတ်ရဟု၊ ရှုတလှည့်ကာ၊ နန်းမြင့်ချာတာ၊ မယ်သာ မျှော်ပျောင်း၊ မျက်ခြည်ညောင်းသည်။ ။ တမ်းကြောင်းဖြေဆည် ထားတော့သည်။

(၃) ရေသွန်းလလျှင်။ ။ရွှင်ပပျော်ပါး၊ ဖော်ချင်းများနှင့်၊ ကစားသာကြည့်၊ ပျော်ရခည်ကို၊ ဆွေသည်သက်မျှ၊ မွေးဘ မင်းတူ၊ ရှဲသူ သက်ပေး၊ မစုံ သေး၍၊ ရပ်ဝေးမြေရှည်၊ ချီလေသည်ကို၊ မျက်ခြည်ရှုညောင်း၊ ကြည့်တိုင်းပျောင်းမျှ၊ ပွင့်လောင်းနန်းရန်၊ ရဲတံခွန်ကား၊ သံဝန်ထွေလာ ဆက်စာမြင့်မြဲ၊ ရောက်လာခဲ၍၊ ရိပ်ငွဲ့ ခန်းချောင်၊စိန်ညောင်ခြူးဆင့်၊ သလွန်မြင့်ထက်၊ ဖူးမြင့်မျှော်ဝံ့၊ ဆွတ်ဆွတ်ပျှံ့မျှ၊ သွယ်ညှို့ကြေသျှင်၊ သိမ်းမပြဖွဲ့သည်။ ။ရက်ဖျင်တာရှည် များတော့သည်။

## ၂။ ရဝေရှင်ထွေးဆို ရတု

(၁) ရွှေနန်းကလျှင်။ ။ဂိမ္ဘခေါ်မှန်း၊ နွေသစ်ဆန်းကျ၊ ပြည့်ဝန်းပေါ်မြင်၊ လ-လယ်တွင်နှိုက်၊ ကျိုင်းစင်မြရည်၊ ချိမည်မှူးမှူး၊ သောခါဦးဝယ်၊ ရှင်မြူးစိတ်ကြည်၊ မိန့်ခဲ



သည်မှု၊ နှစ်မည်မကြုံ၊ ဆံစွန်မယွင်း၊ သက်လုံးနှင်း၍၊ လည်ချင်းဆွဲလျက်၊ မြဘယက်သို့၊ တင်ထက်နှိုက်တွင်၊ ပါအောင်လျှင်တည်း၊ ဆင်ခဲ့ဘိဟု၊ မွေးမိတူတော်၊ ရွှေလျှော်စံတည်၊ မတ်မြောက်မည်လျှင်၊ စိတ်ကြည် ရှင်လန်း၊ မှာ-နှုတ်ခွန်းကြောင့်၊ ပတ်ဝန်းဝေလည်၊ ထစ်အုန်းမြည်သည်။ ။မိုးစည်ကျူးတို့ ခဲ့မည်လော။

(၂) နွေစွန်းလတွင်။ ။ထက်ကောင်းကင်က၊ မင်းလင်မွေးလို၊ မှိုင်းမြည်ဆိုလျက်၊ လေချို့ပျံ့လှောင်း၊ ပင်တိုင်းပျောင်းသော်၊ ရွက်ညောင်းဖူးငုံ၊ ပေါ်တုံလူလူ၊ ရတုလရစ်၊ ချိန်အသစ်ဝယ်၊ ကျွမ်းချစ်တင့်ဖျော်၊ ယောင်းမတော်မောင်၊ စံခေါင်မတ်ရည်၊ မြောက်တန်သည့်မှု၊ မွေးဘတူကို၊ စိတ်ဖြူကြည်မော၊ ပန်စိမ့်သောဟု၊ ချုပ်ကြောညီအောင်၊ စီမြောင်ကုံးသွယ်၊ ရွေးချယ်သင့်ငြား၊ လက်ရွှေသားနှင့်၊ ထိပ်နှားလည်တွင်၊ ပန်ဆင်ခါမှန်၊ သို့ချိန်တန်ကို၊ ကျွမ်းရန်မဲ့သည်၊ သန့်သွိုလည်သည်။ ။ ရိုးရှည်ဖူးတို့ ခဲ့မည်လော။

(၃) လေဝန်းထလျှင်။ ။စုံတော ခွင်ဝယ်၊ ညိုစင်မြမြ၊ ကာလအလျောက်၊ ဖြည်းလေရောက်က၊ ကြွေခခြောက်ရွေဝင်း၊ ပင်ခြေကျင်းလျက်၊ ဖူးကင်းငုံပြန်၊ သည်ခါတန်ကို၊ ကျွမ်းရန်သက်နှင့်၊ ဆွယ်နှိုင်းမြင့်ခဲ့၊ လွမ်းခွင့်ဖိုးမြို့၊ ခေါင်အမိုးသို့၊ ရှုဖို့မျက်ခြည်၊ ဆိုကိုရည်၍၊ ပင်ထည်မိုးပန်း၊ လျှပ်ခြည်သန်းလျက်၊ ဆိုင်ဝန်းခြိမ်းမဲ၊ ဆီးကိုရှဲသော်၊ လွမ်းမြတိုင်းနှင့်၊ တိုးမြင့်သည်ပ၊ ဖြဖျော်

www.burmeseclassic.com



မှလည်း၊ ခဏာမတည်၊ နည်းများသည်မျှ၊ သို့သည်မပြား၊ လွန်ဆပွားလိမ့်၊ စံထားမတ်ရည်၊ မြတ်မျိုးမည်သည်။ ။ တိုးတည်ကူးတို့ ခဲ့မည်လော။

## ၃။ ရဝေရှင်ထွေးဆို ရတု

(၁) မရှက်ပါလေ။ ။ရှင်တော်မေ့ဝယ်၊ ရှိသေစိတ်ဖြူ၊ တော်မည်ဟူလည်း၊ ဆုယူသဖြင့်၊ နှုတ်မတင့်ခဲ့၊ ဘုံမြင့်နန်းသူ၊ တောင်းဆုယူသည်၊ ပဋ္ဌုမည်သာ၊ မြတ်သကျာ။ ။သံသာပျံ့ပျူး၊ နားပါးမူးမျှ၊ တထူးတလည်၊ တိုင်လျှောက်မည်ကို၊ ဉာဏ်ခြည်ဝင်းဝါ၊ မပြည့်ပါနှင့်၊ သူမှာပျော်ဘက်၊ ရှိပေလျက်ကို၊ မယ်သက်လုံးချူ၊ ကြင်ဘိတုံလည်း၊ လူ့ဘုံနောင်စစ်၊ တင်မည်ဖြစ်ကြောင့်၊ မြစ်ပါခြား၏၊ ရှည်လျားသင်သာ၊ နောင်သောခါမှ၊ တွေ့ပါရစေ၊ များဘော်ရွေနှင့်၊ စေ့ရေဝွန်လိုက်၊တောင်းစဉ်ကြိုက်ဝယ်၊ တိမ်တိုက်လျှံတက်၊ မြည္ဟန်ရွှက်သည်။ ။ဘဝဂ်ဆိုသာ ညိုတော့သည်။

(၂) မသက်သာနေ။ ။အောက်မေ့ချေက၊ သပြေစိုးယူ၊ ရှိပ်ဖြူဖွင့်လှစ်၊ ကေရာဇ်ဝယ်၊ ကျွန်ချစ်ယုံကျူ၊ မှူတော်ကုံသား၊ တတ်စုံသိပွါ၊ နောင်ကျိုင်းမြလျှင်၊ သီလသပ်ရှုံး၊ သတင်းသုံးရှ်၊ ဖြောင့်ဆုံးမြဲစွာ၊ နေလှည့်ရာကို၊ သစ္စာမြင့်မိုရ်၊ ကျိန်မည်ကိုလည်း၊ မဆိုလတုံ၊ ဆိုလတုံလျှင်၊ မယုံသာချေ၊ လေကာစေသို့၊ ကြော့ထွေစွမ်းခက်၊ ပြဲ-တဝက်သည်။ ။မရှက်ရှိသာ ဆိုတော့သည်။



## ၄။ ရှဝေ့ရှင်ထွေးဆိုရတု

(၁) ဝမ်းနည်းမမြေ။ ။မေ့ရာရွှေထက်၊ ကြာခွေသောတူ၊ မယ့်လွမ်းမှုကို၊ ကြင်သူသက်ဝေ၊ မသိလေတည့်၊ ဖျော်ဖြေလျက်ပင်၊ မရှင်လှဆုံး၊ အုံးထက်လျှမ်းပြည့်၊ နေရှာလှည့်လျက်၊ မည်သည့်မသိ၊ ကြည့်တိတိကို၊ မသိချိန်ခါ၊ သူကတာ၍။ ။ရွှာတော့သည်လည်း မိုးသကြား။

(၂) လျှမ်းပည်းတထွေ။ ။တောင်ကလေနှင့်၊ မြောက်လေရှက်ပြေး၊ ရေကြထွေးလျက်၊ မြွေးမြွေးပျပျ၊ နွေလမမည်၊ ချမ်းသည်မစဲ၊ ရာသီခွဲဝယ်၊ ဝမ်းကွဲထမ်းဆွတ်၊ ဖြစ်စေတတ်သား၊ လူနတ်များရှင်၊ ဖန်စီရင်၍၊ မရှင်တမ်းစက်၊ အုံ့ပြက်မနည်း၊ အလွမ်းသည်း အောင်၊ ဆည်းဘိသည်လော၊ မရောလင်းဝါ၊ လျှပ်စစ်ပါ၍။ ။ဖြာတော့သည်လည်း တိမ်ညွန့်ဖျား။

(၃) ကမ်းလည်းအနေ။ ။မြစ်ရေမကြွ၊ စမ်းကျမနိမ့်၊ကြည့်အေးစိမ့်လျက်၊ မိုးတိမ့်အလုံး၊ လွမ်းဖုံးကောင်းကင်၊နေကိုလျှင်လည်း၊ မမြင်တပ်တပ်၊ ပိတ်ပိတ်ထပ်သော်၊လှပ်လှပ်နွဲ့ရှာ၊ မဉ္ဇူကြာသို့၊ ဗျာပါထပ်ပွါး၊ လွမ်းချင်းများကို၊ ထားရစေတော့၊ လျှော့ကြီးလျှော့မှ၊ ရွှေလှော့အောင်၊ ရာတင်ဆယ်ပြန်၊ မယုတ်လွန်သို့၊ စေကျွန်မလာ၊ နှုတ်ဆင့်မှာ၍။ ။ကြာတော့သည်လည်း မောင့်စကား။

www.burmeseclassic.com

www.burmeseclassic.com



## ၅။ ရဝေရှင်ထွေးဆို ရတု

(၁) **လျှံတက်ထွန်းဝါ**။ ။မြို့ဆက်ယာနှိုက်၊ ရှုသာအံ့ဘွယ်၊ မြင့်မြူးသွယ်သား၊ မိုးလယ်ထိတုံ၊ ဓာတ်မျိုးပုံသည်၊ စည်းခုံမြတ်စစ်၊ မယ်ရှင်ချစ်။ ။ကျိုးပြစ်စနု၊ မည်မျှမထင်၊ ဆံပင်စုလည်း၊ ဆယ်နှစ်တည်းက၊ သိပ်သည်းမြဲမှန်၊ ဖန်ဖန်စကား၊ ဆိုသောအားဖြင့်၊ ယုံမှားမိလျှင်း၊ သက်လုံးနှင်းမျှ၊ ချွတ်ယွင်းလိုလို၊ပြယာယ်ဆိုခဲ့၊သန်ကိုယ်စွမ်းအင်၊ အသွင်မြလား၊ မယ့်သက်ထားသည်။ ။ **စိတ်ပြားကြံစည် ယိုးဘိသည်**။

(၂) **ကြံခက်လွန်းစွာ**။ ။ကြီးဗျာပါနှင့်၊ မယ့်မှာမယ်ထူး၊ မိန်းမူးစိတ်ဝမ်း၊ ငိုက်မျှဉ်းသမ်းမှု၊ ကြင်ကျွမ်းတူအင်၊ သို့ပင်ယွင်းချွတ်၊ ပျက်ဘိတတ်ခဲ့၊ မမှတ်စသာ၊ ကြံကာဆိုထုံး၊ ယူကျုံးမရ၊ ခုမှကဲလွန်၊ မယ့်ဖြစ်ဟန်ကို၊ မချွန်မြွက်ကြား၊ မြတ်ဘုရားအား၊ ဦးဖျားထိပ်ပြင်၊ လက်စုံပင်တည်း၊ ကြည်လင်ဆုညွှန်း၊ ရှိပန်းခိုင်ဝှာန်၊ တိုင်ကြားဂန်မှု၊ မှန်တုံသက်လုံး၊ ဆင်းရဲကိုးသည်။ ။**လက်ရှုံးကိုယ်ရည် ကိုးဘိသည်**။

(၃) **နှုံ့သက်မှန်းကာ**။ ။ကြီးသစ္စာနှင့်၊ မြဝါနန်းရန်၊ ဆိုစဟန်ကား၊ ထက်စွန်ရပ်သူ၊ သက်လျာမူလည်း၊ နှိုင်းယှဉ်မခွဲ၊ မယ်ပါ့သူသို့၊ မပို့ချစ်သက်၊ မယွင်းကွက်ဟု၊မြဲချက်သမှု၊ သက်လုံးစုမှု၊ ယာခုတာမူ၊ မဖြူသတိ၊ ယွင်းချွတ်ဘိ၍၊ မျက်စိဆင်းရဲ၊ ဝမ်းကွဲလှည့်ကာ၊ ကျွန်ုပ်သာလျှင်၊



မျက်နှာမရ၊ မိဘမျိုးအင်၊ပြစ်တင်ထန်ပြင်း၊ မလွတ်လျှင်းခဲ့၊ ရှင်းရင်းကိုပါ့၊ မည်မျှသူ့နား၊ မတိုင်ကြားသည်။ ။**အမျှားသိမည်စိုးဘိသည်**။

### ဆယ့်နှစ်ရာသီဖွဲ့ရတုပိုဒ်စုံ

#### တပေါင်း၊ တန်ခူး၊ ကဆုန်နှင့်နယုန်လဖွဲ့၊

**တန်ခူး**။ ။တဆဲ့နှစ်လျှင်၊ ရာသီခွင်ဝယ်၊ နောက်တွင်ရှေ့ဦး၊ စ၍ကျူးသော်၊ ကွန့်မြူးတိမ်ခြေ၊ မင်းလွင်ဝေသော်၊ လေပြေသုတ်ဖျန်း၊ တပေါင်းဆန်းက၊ နတ်ပန်းရွှေဖီ၊ မိန်ရာသီတွင်၊ ဖူးစီငုံအာ၊ ဥတ္တရာလည်း၊ မကွာယှဉ်မှီ၊ ထွန်းအညီတည့်၊ ရာသီမိဿ၊ တန်ခူးလဝယ်၊ စိတြကြယ်၊ ရောင်နီကယ်လျက်၊ မိုးလယ်စံပျော်၊ ထွန်းလာပေါ်က၊ ကံ့ကော်ရင်ခတ်၊ ပင်လုံးညွှတ်၍၊ ပွင့်ဝတ်ဖူးငုံ၊ လွမ်းပွဲပုံရှင့်။

**ကဆုန်**။ ။ကဆုန်ပြိဿ၊ ဆန်းပြန်ကလည်း၊ ရွှေလနှင့်သာ၊ ဝိသာခါလျှင်၊ မကွာထံပါး၊ ယှဉ်ပြိုင်သွား၍၊ စကားငုံစီ၊ ဖူးခဲ့ပြီရှင့်။

**နယုန်**။ ။ရာသီမေထုန်၊ လနယုန်ဝယ်၊ တိမ်ဘုံမိုးဝ၊ ကြယ်ဇေဋ္ဌလည်း၊ လနှင့်မဝေး၊ယှဉ်ပြိုင်ပြေးက၊ မြတ်လေးငုံရှင့်၊ စပယ်ပွင့်ကို၊ နောင်နှင့်သင့်လျော်၊ ဆင်လိုက်သော်လည်း၊ မပျော်လေသေး၊ နောင့်ချည်းဆွေးသည်။ ။**လေးလီမှာန်ကူးတော့သည်**။

www.burmeseclassic.com



## ဝါဆို၊ ဝါခေါင်၊ တော်သလင်းနှင့်သီတင်းကျွတ်လဖွဲ့၊

**ဝါဆို။** ။မဖွဲ့ဖြစ်အင်၊ ညှိုးရုပ်သွင်နှင့်၊ မရွှင်မပျော်၊ ရှိလေသော်လည်း၊ နားတော်သံချို၊ မယ်လျှောက်ဆိုအံ့၊ ဝါဆိုခေါ်မှတ်၊ ကရကဋ်ဝယ်၊ နက္ခတ်မိုးယံ၊ ပြဗ္ဗာသဠ်တို့၊ လထံနီးလျက်၊ ရောင်ခြည်ရှက်က၊ ပုန်းညက်ထိန်ထိန်၊ ပွင့်ချင်းလိမ်ခဲ့။

**ဝါခေါင်။** ။သိဟ်ရာသီလှမ်း၊ ဝါဆိုဆန်း သော်၊ နန်းပန်းခတ္တာ၊ ပွင့်ဝါဝါနှင့်၊ အာကာယုဂန်၊ သရဝန်လည်း၊ မိုးဆီလမ္ဘိ၊ ထွန်းခဲ့ပြီရှင့်။

**တော်သလင်း။** ။ရာသီကန်တွင်း၊ တော်သလင်းဝယ်၊ ကြယ်မင်းရောင်ဝါ၊ လယှဉ်ခါလျှင်၊ ပြုဗ္ဗာပရပိုဒ်၊ တိမ်ညိုတိုက်က၊ ရင်လိုက်ထိန်ဝင်း၊ ပြိုင်၍ကျင်းသော်၊ ယင်းမာပွင့်ဝတ်၊ ခိုင်းလုံးညွတ်လိမ့်။

**သီတင်းကျွတ်။** ။သီတင်းကျွတ်ဆီ၊ အဿဝဏီလျှင်၊ တူရာသီနှင့်၊ ချိန်ကိုလင့်၍၊ ပွင့်ခြင်းငါးမည်၊ ကြာမျိုးစည်က၊ ပတ်လည်သိမ့်သိမ့်၊ တိမ်နိမ့်နိမ့်နှင့်၊ ပြိုလိမ့်ကမန်း၊ လျှပ်ခြည် တန်းလျက်၊ လကိုတွက်မူ၊ ချိန်လက်သာလေး၊ ရင့်ရှုကြွေးသည်။ ။လေးလဝဿန်ကူးတော့သည်။



## တန်ဆောင်မုန်း၊ နတ်တော်၊ ပြာသိုနှင့်တပို့တွဲလဖွဲ့၊

**တန်ဆောင်မုန်း။** ။မန္တဲချစ်ခင်၊ သို့ကိုစင်လျက်၊ သခင်ဘယ်ကြောင့်၊ အလွမ်းနှောင့်၍၊ မဖြောင့်ရှိလျက်၊ လကိုတွက်မူ၊ ဝါရက်ကုန်ကျွန်း၊ ဗြိစ္ဆာလှမ်းက၊ ဆန်းတန်ဆောင်မုန်း၊ ချမ်းစိမ့်တုန်းဝယ်၊ မိုးလုံးထိန်ဝါ၊ ကြတ္တိကာလျှင်၊ ယှဉ်လာစမြဲ၊ ပန်းခဝဲတို့၊ ခါပွဲချိန်သင့်၊ ညီစေပွင့်သို့။

**နတ်တော်။** ။ထပ်ဆင့်နတ်တော်၊ ဆန်းလာပေါ်က၊ မပျော်ယခု၊ ချမ်းသားလှု၍၊ မနုရာသီ၊ မိုးတိမ်ဆီဝယ်၊ မိဂသီလျှင်၊ ရောင်မြူးရွှင်သော်၊ သဇင်ပွင့်ခိုင်၊ တောလုံးကြိုင်မျှ၊ ဂနိုင်ထိုထို၊ မြိုင်လုံးစိုက။

**ပြာသို။** ။ပြာသိုမကာရ၊ ဆန်းသည်မှုကား၊ ဖုသျှကြယ်နှင့်၊ ခန့်တော်သင့်၍၊ ပွင့်ခွါညိုနွယ်၊ ရှိုးတံသွယ်နှင့်၊ မိုးလယ်ဝေမှုန်၊ နှင်းဖုံဖုံနှင့်။

**တပို့တွဲ။** ။ကုံရာသီလဲ၊ တပို့တွဲကို၊ ပေါက်လဲပွင့်စ၊ ကြယ်မာဃတို့၊ ရွှေလဘုံနန်း၊ ယှဉ်ပြိုင်သန်း၍၊ ချမ်းမငုန်သေး၊ နှောင့်ချည်းကွေးသည်။ ။မြေပေါ်ယန်ကြူးတော့သည်။

www.burmeseclassic.com



## ရစေရှင်ထွေးဆိုအန်ချင်း ၈၅-ပိုဒ်

## ပုဂံခေတ်နန်းတွင်းသူတို့ဆံထုံး ထုံးနည်း ၅၅-နည်းအန်ချင်း

(၁) အစောတို့လေ။ ။ရတနာတော့၊ ရွှေမိုးစွေ၍၊ သပြေမည်ခံ၊ ပြည်ပုဂံဝယ်၊ နိုင်ငံကျယ်ပြော၊ ရွှေးမင်းစောတို့၊ မုနောဇမ္ဗူ၊ ခံတော်မူက၊ မြိတ်ဖြူ(၁)မြိတ်စို့(၂)၊ သွယ်ညို့မြိတ်လွတ်(၃)၊ ရစ်ပတ်စုလည်း(၄)၊ ရော့ရည်းထုံးဖွဲ့(၅)၊ တုမဲ့ရွှေရောင်၊ တိမ်တောင်တက်သက်(၆)၊ လျှပ်စစ်ပြက်သို့(၇)၊ စဝ့ှက်ရောင်ပြေး(၈)၊ နှင်းသွေးမစို့(၉)၊ ကြာညိုဝတ်ဆံ(၁၀)၊ မူဝံနိုင်းရှည့်၊ ရှုကြည့်မငြိုး(၁၁)၊ ဦးဖြိုးရှင်ပျော်(၁၂)၊ ဇင်ရော်တန်းဝဲ(၁၃)၊ ပုလဲကိုးပုန်း(၁၄)၊ဂမုန်းစုံအာ(၁၅)၊လေသာဝေ့လည်(၁၆)၊ မြူခြည်မတင်၊ ယက်ကင်ထုံးထုံး(၁၇)၊ လုံးတင်(၁၈) ခရုချောင်(၁၉)၊ ထုံးကြောင်(၂၀)၊ ထုံးကြား(၂၁)၊ ငါးပါးမြိတ်စို့(၂၂)၊ အောင်မျို့နိမိတ်၊ မြိတ်ရစ်လှုပ(၂၃)၊ ကရဝိကန္တာသီး(၂၄)၊ဆိတ်သမီးနှင့်(၂၅)၊ ပြန်ပြီးဆယ်ထွေ(၂၆)၊ နေအာရုဏ်ခံ(၂၇)၊ ညဉ့်ယံသောက်ရှူး(၂၈)၊ တိမ်ဦးနဂါး(၂၉)၊ လေးပါးရာသီ(၃၀)၊ နှိုင်းပြိုင်စံလွတ်(၃၁)၊ နဂါးပတ်ကြော့ကွင်း(၃၂)၊ နန်းတွင်းမဉ္ဇူ(၃၃)၊ ထွက်ပြူမုတ်ဝ(၃၄)၊ ပဒုမသိဒ္ဓိ(၃၅)၊ မဏိကိုးပါး(၃၆)၊ ချယားပွင့်သေး(၃၇)၊ ယုန်ရေးလဝယ်(၃၈)၊ နေလယ်ဥဒေါင်း(၃၉)၊ သုံးချောင်းခြူးရှက်(၄၀)၊ စဝ့ှက်ရောင်ချော(၄၁)၊ သခေါ်တမ်းခွန်(၄၂)၊ အနန္တဖုသျှ၊ မောရဂီ



ဝါ(၄၃)၊ ဟသ်ာစာခံ့၊ ထုံးအုံ့တကွင်း(၄၄)၊ ပုဇင်းတောင်ဖြန့်(၄၅)၊ သည်းညွန့်လက်သင်(၄၆)၊ ကွမ်းလင်(၄၇)၊ နောက်တွဲ(၄၈)၊ မုတ္တာရွဲနှင့်(၄၉)၊ ပုလဲကွန်ချာ(၅၀)၊ ရတနာမဏ္ဍိုင်(၅၁)၊ ပွင့်ဆိုင်ပုဏ္ဏရိက်(၅၂)နဂါးအိတ်လေးထောင့်(၅၃)၊ ရှစ်မြောင်(၅၄)၊ပြန်ကာဖက်(၅၅)၊ ပန်းရှက်ခေါင်မွဲ၊ နန်းလုံးဝေမျှ၊ မြကေစံကျော်၊နိုင်းမစော်ကို။ ။လွှမ်းတော်မမူလှည့် ပြီလော။ ။ဖေါ်ချင်းတို့လေ၊ ဖေါ်ချင်းတို့။

(၂) စောလေ။ ။အဆန်း အကြွယ်၊ တင့်မျိုးကြွယ်သား၊ ဆင်စွယ်ဝန်းရှက်၊ ခြူးတဘက်ကို၊ သက်မင်းတို့က၊ ဆက် လှာရသည်၊ ဖြူလွှရိုးရိုး၊ ယက်ပြောက်မျိုးတိ၊ ကတိုးဖုံဖုံ၊ ကိုယ်လုံးထုံ၍၊ ခြုံပါလေဦး၊ ဝါလကြူးမှုံ၊ ဖူးလော့ရွှေရင်၊ မချမ်းခင်ကို၊ လျင်တော်မူစေ၊ ဆက်ခြေလျှင်လျှား၊ မယ့်ကိုယ်စားဟု၊ သနားစဘွယ်၊ ဖူးရလွယ်အောင်၊ ရွှေသွယ်ကွန်ချာ၊ ပရဝါပွင့်၊ မျှော်နှင့်ကျက်ရှိုး၊ ပန်းသုံးပန်းသွန်း၊ ပန်းရွှန်းရွဲလုံး၊ ပန်းကုံးခြူးပုံ၊ လှစုံချယား၊ လှတင့်ချယားခြေ၊ ကြောင့်ကြပြေနှင့်၊ ရွှေနားပေညွန့်ညောင်း၊ လက်သည်းစောင်းက၊ ပြောက်ကောင်းဇာတာအိမ်၊ မွေ့သိမ်တုမရ၊ ဆောင်းလမိုးပြင်ကျယ်၊ စမ္ပယ်သွယ်နှင့်၊ ဘိုမယ်ဆင်ဘရက်၊ ခြူးရှက်ကောက်ကောက်ခွေ၊ ရွှေပေတူမပြား၊ သကြားခွံအုပ်ဆောင်း၊ ပြောက်ကောင်းအုံ့ချင်ဘွယ်၊ ဘိုယ်မျက်နှာတောင်၊ လဲအောင်ညွန့်အုံ့ရှင်း၊ ဆင်မျက်ကွင်း

www.burmeseclassic.com

www.burmeseclassic.com



နှင့်၊ တင့်ချင်းဇမ္ဗူချယ်၊ မွေးမဲ့ရွှေလက်ယာ၊ အိမ်တော်သာက၊ နိုင်းရာဖက်မထင်၊ မာရ်အောင်စင်နှင့်၊ ရွှေပင်ပန်းကိုးမည်၊ လှသည့်ပန်းကိုးတန်၊ သုံးဖန်လှည့်လကျာ၊ သိဒ်ါနန်းတံခါး၊ နိုင်းရှားရှုပ်ထွေဆန်း၊ တုဖက်ကျွန်းသား၊ ခိုနန်းခိုဝင်က၊ တူမရနှင့်၊ အစမွေမမြင်၊ ကျော်ထင်လိပ်ပြာအိမ်၊ ကွေ့လိမ်သက္ကဒါန်၊ လွန်းပြန် ပင့်ကူကောင်း၊ မင်းခေါင်ဆင်စလွယ်၊ အံ့ဘွယ်နိုင်းကြဆို၊ မောက်တိုရွှေထိပ်ဆုံ၊ ဦးရင်ငုံနှင့်၊ ပြောက်စုံဆန်းမွေ့သိမ်၊ နန်းအိမ်ဖန်ပြာသာဒ်၊ ကြွင်းမဲ့တတ်သား၊ ညောင်ပတ်သွယ်ကြိုးငင်၊ ထန်ခူးစင်နှင့်၊ ညွန့်ရှင်လှတင့်ဆုံး၊ ရှိစွာကုံးက၊ အိမ်လုံးချမ်းသာ၊ လူတို့ရှာဝယ်၊ ဖွေရှာကျစ်လျစ်၊ ပေါက်ပေါက်သစ်ကို၊ တဖြစ်မကြွင်း၊ စီရင်လျှင်း၍၊ ကြောင်းချင်းသြဇ လျှောက်လှာရသား၊ ဝါလလွန်ကြူး၊ ဆောင်းချမ်းဦးဝယ်၊ ရှည်ဘူးတူ ·င်၊ မယ့်ရင်ခွင်သို့၊ ပြန်လျှင်စေသား၊ မှာကြားတမန်၊ စေဖန်ဖန်ကြောင့်၊ မယ်ရန်မင်းဇော၊ သဘောစိတ်ပိုက်၊ မယ်ဦတချောင်းမှတ် စေသောလေ။ ။ဖေါ်ချင်း တို့လေ၊ ဖေါ်ချင်းတို့။

(၃) စောလေ။ ။ခဂါတမဟု၊ ဇေယျ မာရ်အောင်၊ ရမ်ရှစ်တောင်သည်၊ နှံ့အောင်ဣဒ္ဓိပတ်၊ တန်ခိုးလွတ်၍၊ ချွတ်သည် များစွာ၊ ထိုသကျာအား၊ အာကာ ဘဝဂ်၊ လျှံတက် ပြောင်ပြောင်၊ ခြောက်သွယ် ရောင်သည်၊ မိုးခေါင်ထိလော မထိလောလေ။ ။ဖေါ်ချင်းတို့လေ၊ ဖေါ်ချင်းတို့။



(၄) စောလေ။ ။ရိမိတည်းဟု၊ ကမ္ဘည်း စာစောင်၊ မျှော်ကွန်းထောင်၍၊ လံဘောင်ရှစ်ဆယ်၊ ရူပကာယ်သည်၊ မိုးလယ်ထိသော မထိလောလေ။ ။ဖေါ်ချင်းတို့လေ၊ ဖေါ်ချင်းတို့။

(၅) စောလေ။ ။လောကထွတ်ထား၊ တို့ဘုရားလျှင်၊ သားတော်မြတ်စွာ၊ ရာဟုလာကို၊ အရာခံထိုက်၊ နောက်တော်လိုက်ဟု၊ ချစ်မြတ်ငြိမ်စွာ၊ နိဗ္ဗာနသို့၊ မြတ်စွာဘုန်းခေါင်၊ ထွတ်တန်ဆောင်သည်၊ ရောက်အောင်သွေး ဆော်ချေ၏လေ။ ။ဖေါ်ချင်းတို့လေ၊ ဖေါ်ချင်းတို့။

(၆) အဇာတသတ်၊ ဒေဝဒတ်နှင့်၊ ညီညွတ်လိုတူ၊ သေစိမ့်ဟူ၍၊ ဘုန်းထူမြတ်စွာ၊ ဆွမ်းခံရာဝယ်၊ နာဠာဂီရိ၊ ဆင်ဟတ္ထိကို၊ ပြင်းဘိမုန်အိုက်၊ လွှတ်ထည့်လိုက်သော်၊ မျိုးဥ္စရင်းချာ၊ အာနန္ဒာဟု၊ သစ္စာမု ်ရင့်၊ ညီဘုန်းပွင့်သည်၊ လက်ဖြင့်တားစရှာ၏လေ။ ။ဖေါ်ချင်းတို့လေ၊ ဖေါ်ချင်းတို့။

(၇) စောလေ။ ။မြို့တောင်မှာလည်း၊ မသာစတောင်းထွတ်တန်ဆောင်းနှင့်၊ ရောင်မောင်းဝင်းဝါ၊ သိမ်တော်သာဝယ်၊ ဂါထာသံချို၊ ရွတ်ကြဆိုလျက်၊ ပုဂ္ဂိုလ်အရိယာ၊ ပေါင်းစည်းလာ၍၊ သဃ်ာဒိသိတ်၊ ရှင်းဖိတ်မချွတ်၊ ရှင်းရှင်းလွတ်သည်၊ အာပတ်ဖြေစရှာ၏လေ။ ။ဖေါ်ချင်းတို့လေ၊ ဖေါ်ချင်းတို့။

www.burmeseclassic.com

www.burmeseclassic.com



(၈) စောလေ။ ။သမုဒ္ဒရာ၊ ဖြစ်သည့် ကျယ်ဘိ၊ ရေဝယ်ရှိသား၊ ဇောတိရသ၊ ဆွရရွှေကို၊ ဆင်ရသသူ၊ သည်လျှင်လူဟု၊ ဆံမြုံမြွက်ဟ၊ ဆိုကြမချွတ်၊ စကားတတ်သား၊ မုက္ခပါဌ်သံချို၊ တောင်းပန်ဆိုလျက်၊ ပုဂ္ဂိုလ်အရိယာ၊ မြတ်သဃာဝယ်၊ မယ်သာမေးစရှာ၏လေ။ ။ဖေါ်ချင်းတို့လေ။ ဖေါ်ချင်းတို့။

(၉) စောလေ။ ။ကောင်းမြတ်မူထား၊ မြတ်ထွတ်ဖျားမူ၊ မှတ်သားနားဝင်၊ ကျမ်းဗေဒင်ကို၊ ညွန့်ရှင်ခက်ဖြာ၊ ပန်းနေဇာနှင့်၊ လူကျော်ခရူ၊ ဇေယျတုဟု၊ အောင်ဆုမည်သာ၊ အန်ချင်းစာကို၊ ချိုသာနှုတ်ထွက်၊ ရွှေပေရွက်ဝယ်၊ တင်လျက်ရေးစ ရှာ၏လေ။ ။ဖေါ်ချင်းတို့လေ။ ဖေါ်ချင်းတို့။

(၁၀) စောလေ။ ။စံမြဲစတေ၊ ပတ်စာရွှေနှင့်၊ ဝေးမြေရပ်ဖြစ်၊ ပိတ်သစ်စုလျား၊ စကားရွှေဖျင်၊ပေါ်ရုံတင်၍၊ရောက်တင်မိုးဖျား၊ စွန်နားစိမ်းဝါ၊ နီထွာထွတ်ထွတ်၊ စမ္ပိတ်တာတ်နှင့်၊ ကြာနတ်အသွင်၊ မျိုးနှောင်းမြင်လျှင်၊ ပျံ့ရှင်တုမှဲ့၊ထင်ထင်ပြဲ့ပြဲ့သည်၊ အိုဘဲ့ဆံထုံး၊ ပေါက်ရွှေကုံးနှင့်၊ ဦးလုံးထိပ်ပြင်၊ အပြည့်ဆင်မှ၊ သံရှင်ပျံ့ညင်း၊ မပျော်လျှင်းသည်၊ အန်ချင်းဆိုစရှာ၏လေ။ ။ဖော်ချင်းတို့လေ၊ ဖော်ချင်းတို့။



(၁၁) စောလေ။ ။မြင်းမိုရ်သခင်၊ သူဇာကြွင်သည်၊ နတ်ရှင်တို့လော၊ ထင်လှမောစ၊ ရှင်စောဟူသည်၊ အမည်နာပျော်၊ မှည့်ကြခေါ်သား၊ နှောင်းမြော်နေရာ၊ ဖူးအံ့လာသည်၊ ဘောင်ညာနန်းနေ၊ ခေါင်မွေထွတ်တင်၊ ထိုသခင်ဝယ်၊ ထိပ်ပြင်လက်အုပ်၊ ကိုယ်လုပ်တော်ရင်း၊ မိုးနတ်ဆင်းထီး၊ မင်းသမီးများ၊ အပါးပါးကို၊ စကားတည်းချုပ်၊ သစ္စာရုပ်၍၊ သိအုပ်လွှဲစရှာ၏လေ။ ။ဖော်ချင်းတို့လေ၊ ဖော်ချင်းတို့။

(၁၂) စောလေ။ ။ဘာလ္လိုင်သာလွန်၊ ကြာပြန်ခြူးလိမ်၊ တင်းတိမ်ရံတော်၊ မန်အောက်ဖြောက်ကြီး၊ ဆီမီးဝင်းဝါ၊ အုံးမွှေ့ရာထက်၊ နံ့သာပျံ့၊ ထုံမွှေးလိမ်းပြီး၊ အုံးဝန်းမှီလျက်၊ ထမီကောင်းစစ်၊ ယွန်းဖြစ်ခြူးနီ၊မဝတ်အိသည်၊ မှုရှိထဲစရှာ၏လေ။ ။ဖော်ချင်းတို့လေ၊ ဖေါ်ချင်းတို့။

(၁၃) စောလေ။ ။ဆင်ရတနာ၊ များလှစွာသည်၊ စကြာသခင်၊ မြုတေရှင်ကို၊ သနားလျှင်မြင်မြော်၊ ခမည်းတော်မင်း၊ လှူ့မှန်ကျင်းလျှင်၊ သင်းပင်းမြို့ကိုင်၊ ခရိုင်တခြား၊ ကျေးသီးစားသည်၊ သောကားမှန်ပြီး၊ အမတ်ကြီး၏ သမီးနှောင်မွှေး၊ ငြိမ်ဆေးလေးလား၊ ရှင်ထွေးအလှ၊ ချောမြမြလျှင်၊ နရသခင်၊ အိမ်ရှေ့ရှင်နှင့်၊ ရှိမြင်သက်ထား၊ရှစ်သောင်းဖျားဝယ်၊ခ-စားမြဲစရှာ၏လေ။ ။ဖော်ချင်းတို့လေ၊ ဖော်ချင်းတို့။

www.burmeseclassic.com

www.burmeseclassic.com



(၁၄) စောလေ။ ။ယနေ့အပ၊ ယမန်ညလည်း၊ ချောလှညက်ပြာ၊ ဘော်တကာဝယ်၊ အညာရွှေ့ဆီ၊ နေရာနီးထက်၊ တမီရွှေနှိုင်း၊ ခြူးဆိုင်းကွက်ကတ်၊ ကြိုက်ရာဝတ်၍၊ မြိတ်လွတ်မြိတ်ချပ်၊ မှန်နားကပ်နှင့်၊ လက်စွပ်သက်ကောက်၊ ရောင်တောက်ဝင်းရွှေ၊ဆင်၍နေသည်၊ တင့်ပေစွလေ။ ။ဖော်ချင်းတို့လေ၊ ဖော်ချင်းတို့။

(၁၅) စောလေ။ ။လောကထွတ်ထား၊ တရားညွှန့်ရှင်၊ ဘုရင်ခေါင်ထွတ်၊ ရှစ်သောင်းနတ်လျှင်၊ စက်လွတ်ရောင်လျှံ၊ ဘိသိက်ခံသည်၊ ဘော်ရံတသိန်းနှင့်တည့်လေ။ ။ဖော်ချင်းတို့လေ၊ ဖော်ချင်းတို့။

(၁၆) စောလေ။ ။ဘုရင်မင်းဖျား၊ တရားရန်အောင်၊ လူထွတ်ခေါင်ဝယ်၊ ရွှေတောင်ဗိမာန်၊ စိုးအုပ်ရံသည်၊ ဆဒ္ဒန်ဆင်နှင့်လေ။ ။ဖော်ချင်းတို့လေ၊ ဖော်ချင်းတို့။

(၁၇) စောလေ။ ။နတ်ရှင်သမီး၊ ဘုန်းကြီးစံခန်း၊ တောင်ညာနန်းမှာ၊ နေမှန်းသည်ခါ၊ မသိသာခဲ့၊ အဝါကိုယ်ရောင်၊ နေတူပြောင်သည်၊ တန်ဆောင်ညှိလော မညှိလော။ ။ဖော်ချင်းတို့လေ၊ ဖော်ချင်းတို့။

(၁၈) စောလေ။ ။မပန်ရလည်း၊ မပန်ချင်၊ မဏိမလ္လာ၊ ဂန္ဓာနတ်ဖြစ်၊ ပွင့်ဝတ်သစ်ကို၊ မင်းစစ်သမီး၊ ဘုန်းကြီးနတ်ဖန်၊ ငါနှင်းရန်ဟု၊ ပန်ပေစွလေ။ ။ဖော်ချင်းတို့လေ၊ ဖော်ချင်းတို့။



(၁၉) စောလေ။ ။မကြွင်ရလည်းမကြွင်၊ သမင်နှင့်ကျား၊ မြွေနှင့်ဖားသို့၊ ကြောင်သားကြွက်ဥ၊ စံတူနှိုင်းအင်၊ အရှင်နှင့်ကျွန်၊ ဘုန်းမတန်သည်၊ မှန်ပေ၏လေ။ ။ဖော်ချင်းတို့လေ၊ ဖော်ချင်းတို့။

(၂၀) စောလေ။ ။မစားရလည်း၊ မစားချင်၊ ရွှေစင်စတေ၊ သီးမှည့်ကြွေသည်၊ သပြေသီးကို၊ ဘုန်းကြီးနတ်တူ၊ ငါ့ဘို့ဟူ၍၊ ယူလေ၏လေ။ ။ဖော်ချင်းတို့လေ၊ ဖော်ချင်းတို့။

(၂၁) စောလေ။ ။မချစ်ရလည်း မချစ်ချင်၊ နတ်ရှင်မင်းဖျား၊ တရားကျော်စွာ၊ ဥပရာကို၊ ရှုကြာထိပ်စွန်၊ပန်းနှယ်ပန်လျက်၊ ကျွန်နှင့်အရှင်၊ ဆိတ်နှင့်ဆင်သို့၊ ခဲအင်ထွေယူ၊ဘုန်းမတူသည်၊ ယူလေ၏လေ။ ။ဖော်ချင်းတို့လေ၊ ဖော်ချင်းတို့။

(၂၂) စောလေ။ ။မလွမ်းရလည်း မလွမ်းချင်၊ အရှင်နှင့်ကျွန်၊ ဘုန်းမတန်သည်၊ပုဖန်သမဲ့မြန်း၊ ညှိုးလှည့်ဆန်းလေ။ ။ဖော်ချင်းတို့လေ၊ ဖော်ချင်းတို့။

(၂၃) စောလေ။ ။အနဂ္ဃတိ၊ တိုင်းမသိသည်၊ မဏိဇောတ၊ ပျံလှာကျ၍၊ အလှစံတည်၊ မယ်ကောက်သည်လေ။ ။ဖော်ချင်းတို့လေ၊ ဖော်ချင်းတို့၊

(၂၄) စောလေ။ ။အကျွန်ုပ်ကို၊ မဆိုနှင့်ဦး၊ ကျေးငှက်များမြောင်၊ ပြည်ထောင်ရာခင်း၊ မင်းတို့သမီး၊ ရှုထပ်



www.burmeseclassic.com

www.burmeseclassic.com



ပြီးမှ၊ ပတ်ဆီးကျိုးနှံ၊ ဦးဆံကစ၊ စိုးမိုးရ၍၊ နန်းမရာထား၊ ရှစ်သောင်းဖျားလျှင်၊ ဖန်မျှားမေးမြူ၊ ရိပ်တော်မူ၍၊ မယ်ကြောက်သည်လေ။ ။ဖော်ချင်းတို့လေ၊ ဖော်ချင်းတို့။

(၂၅) စောလေ။ ။ရှစ်သောင်းအဖျား၊ တောင်ညာထားကို၊ သနားစိမ့်မည်၊ မယ်ဆက်သည်တုံ၊ ရွှေစည်တွန်းပြောင်၊ မန်အောင်ပြောက်ကွက်၊ ကျွန်ုပ်ရက်သည်၊ ကျေးငှက်စုံစီ၊ စာမရီနှင့်၊ ဇာနည်ခြင်သေ့၊ ခုန်ဆွေ့သားပေါင်း၊ ဥဒေါင်းကြိုးကြာ၊ ဟသ်ငှက်တူ၊ ခြူးသူရုပ်ဖူး၊ လွန်ဆန်းထူး၍၊ ကြည်မူးဘွယ်ပေ၊ ပြစ်မျိုးကွေ့သည်၊ တင့်ပေစွလေ။ ။ဖော်ချင်းတို့လေ၊ ဖော်ချင်းတို့။

(၂၆) စောလေ။ ။မယ့်ကိုလည်းယူ၊ အိမ်ဖြူသာမြင့်၊ ဝင်းနှင့်အိမ်ဖန်၊ ထားစဟန်ကား၊ ကြူးလွန်မအား၊ လူကိုထားဘိ၊ သိကြားသော်မျှ၊ ကြားကထပ်လျှောက်၊ ကြောက်ပင်ကြောက်လိမ့်၊ မီးပေါက်လေးမြား၊ တံခါးတိုင်းပင်၊ မြင်းဆင်ပိတ်မျှ၊ အိပ်ဖန်ချ၍၊ ထိန်းယရွှေအုပ်၊ ရုံကိုယ်လုပ်နှင့်၊ ကျွန်ုပ်ခံစားရှာ၏လေ။ ။ဖော်ချင်းတို့လေ၊ ဖော်ချင်းတို့။

(၂၇) အစောလေ။ ။ယနေ့တဆက်၊ ယမန်ရက်တွင်၊ သန့်လျက်ကိုင်ကာ၊ မယ်သို့လာသည်၊ မင်းလျှာမြရည်၊ ဆီးခဲ့သည်ကား၊ ကြာခြည်ပုဆိုး၊ တိမ်မိုးခိုးသို့၊ တင့်နိုး



အကျော်၊ အင်္ကျီတော်လည်း၊ ရွှေလှော်ဆင်းဝါ၊ ဘတ္တီပါတိ၊ နှိုင်းရာမဖျား၊ မြဘက်ခါးကို၊ မျှားမျှားမဖော်၊ တချမ်းပေါ်နှင့်၊ ပေါင်းတော်စိန်ပန်း၊ မြို့လွန်ထွန်းမျှ၊ ကြိုင်မွှန်းပျံ့လှောင်း၊ မွှေးပေါင်းနံ့ချည်း၊ ပန်းစည်းမဥ္စူ၊ ပန်တော်မူ၍၊ ဇမ္ဗူကျွန်းရှင်၊ မယ့်သက်တင်ကြောင့်၊ ထိပ်ပြင်ရှိလက်၊ လွမ်းသည်ရက်ကို၊ လျှောက်မြွက်ရေစရှာ၏လေ။ ။ဖော်ချင်းတို့လေ၊ ဖော်ချင်းတို့။

(၂၈) အစောလေ။ ။ယနေ့အာပ၊ ယမန်ညလည်း၊ ဇောတမဏိ၊ ရွှေတိဆင်ရင်၊ ရိပ်ရိပ်မြင်က၊ မရှင်ညွှတ်ပျောင်း၊ ကြည့်မိညောင်းစွ၊ နန်းလောင်းရာထား၊ သိကြားနိုင်းရှဲ့၊ ပြိုင်တုမဲ့သည်၊ အိုဘဲ့မင်းသား၊ မြဘက်ခါးနှင့်၊ ရှောင်ကြားတော်တွင်၊ ဆံကျင်ပြည်ထိ၊ ဘက်မရှိတည့်၊ ကာသိခေါမ၊ ဂေါတုမ္ဗမှာ၊ ကျသည်ပုဆိုး၊ မင်းဝတ်ရိုးလည်း၊ ကဲမိုးတုလွှတ်၊ ဖိုးသိန်းခတ်နှင့်၊ ဘယ်နတ်ပေဟု၊ ညက်ခြေပျိုနု၊ ရှယ်တစုလျှင်၊ ချော့မူသိလို၊ မေးမြန်ဆို၍၊ သံချိုပြောစရှာ၏လေ။ ။ဖော်ချင်းတို့လေ၊ ဖော်ချင်းတို့။

(၂၉) စောလေ။ ။အစေ့မစိုက်၊ ရေမတိုက်သား၊ မြေဦးညွန့်ရှင်၊ ထိုသစ်ပင်ဝယ်၊ မြူးရွှင်သာကြည်၊ နားလှာသည်လည်း၊ တောင်ရှည်မြီးလှ၊ ငှက်ညိုမြကို၊ ရလို့မူကား၊ အယူသင့်လှ၊ လို့လမပြင်းနှင့်၊ မှန်ချင်းညလေ၊ ထောင်ပါလောလေ။ ။ဖော်ချင်းတို့လေ၊ ဖော်ချင်းတို့။

www.burmeseclassic.com

www.burmeseclassic.com



(၃၀) စောလေ။ ။သမုဒ္ဒရာ၊ ဂင်္ဂါမြစ်တွင်း၊ ငါးမင်းကြီးစွာ၊ အာနန္ဒာကို၊ အသာလွယ်ကူ၊ ရလို့မှုကား၊ ရေးယူပြင်နား၊ မြို့သမားနှင့်၊ တားပါလောလေ။ ။ဖော်ချင်းတို့လေ၊ ဖော်ချင်းတို့။

(၃၁) စောလေ။ ။သပြေမြရိပ်၊ ဇမ္ဗူဒိပ်ဝယ်၊ တကျိပ်ရင့်စင်၊ ဆတ္တန်ရှင်ဟု၊ မင်းတွင်မင်းမြတ်၊ ကျွန်းလုံးပတ်သည်၊ မန္တာတ်သည်းချာ၊ ဥပရာနှင့်၊ သည်လျှာစိတ်တူ၊ စံလိုမှုကား၊ ထိန့်ဆူကျော်ညာ၊ ရက်မျက်နှာဝယ်၊ စကြာမင်းဘာ၊နရထိပ်တင်၊ တောင်ငူရှင်၏၊ ကျွန်တွင်တယောက်စံတင်လောက်သည်၊ ပြိုင်ထောက်မပြီး၊ အမတ်ကြီး၏၊ သမီးနှောင်းမြော်၊ ကြင်ပျော်စလှ၊ ရှင်ထွေးမြကို၊ ပြပါလောလေ။ ။ဖော်ချင်းတို့လေ၊ ဖော်ချင်းတို့။

(၃၂) စောလေ။ ။ဇာနည်မာတင်၊ စီးတော်ဆင်ထက်၊ ရွှေစင်လျော်သစ်၊ ဇမ္ဗူရစ်တိ၊ မျက်နှစ်ရတနာ၊ မင်းတန်ဆာနှင့်၊ခါးမှာလျှုလျှ၊ ရင်ဝကားကား၊ ကျောသားလုံးလုံး၊ လက်ရုံးထွန်းပေါ်၊ ကိုယ်တော်ကျိုင်းကျိုင်း၊ တပိုင်းမြမြ၊ ဆင်းရှုပမူ၊ သူဇာ့ငယ်ကြင်၊ မြင်းမိုရ်ရှင်လည်း၊ သို့စင်မတင့်၊ ကြီးမြင့်သပ်သပ်၊ လုံးရပ်ဖြိုးဖြိုး၊ တင့်မျိုးမက၊ မြော်ပါရဟု၊ ချင်းကဝန်းချုပ်၊ရုံကိုယ်လုပ်ကို၊ ကျွန်ုပ်ပြန်သည်၊ အဖန်တလဲလဲတည့်လေ။ ။ဖော်ချင်းတို့လေ၊ ဖော်ချင်းတို့။

(၃၃) စောလေ။ ။ရှုမြော်ကာမျှ၊ အဆတန်ရည်၊ စံတည်ရွှေရေး၊ သန္တွေးရောင်ထင်၊ ရွှေစင်စလောင်း၊ ငွေလောင်း



ပုံသွန်း၊ ကြာလင်ပန်း၌၊ ကြိုင်မွှန်းနံ့မွှေး၊ ရသေးထမင်း၊ ဆိမ့်ချိုဟင်းလည်း၊ စုံသင်းပျံ့လျှောင်း၊ မပေါင်းကျစ်ကြော်၊ ဆီပေါ်နေလှပ်၊ ဟိုသနပ်နှင့်၊ နှစ်ထပ်မလှို့၊ မသိုးမုံ့က၊ စသည်တ ထွ၊ သရေခရာ၊ သကာအုန်းသီး၊ လုပ်မှုပြီးသား၊ မကြီးအတန်၊ ကြွေပန်းကန်ဝယ်၊ ဆိမ့်ဖန်စပ်ရှား၊ ချိုပျားအရသာ၊ ကောင်းရာရာကို၊ ရွှေဝါညွှံ့သက်၊ သန္တာလက်နှင့်၊ စားဖက်မခေါ်၊ မျိုးနှောင်းမြော်သည်၊ စားတော်စားစရာ၏လေ။ ။ဖော်ချင်းတို့လေ၊ ဖော်ချင်းတို့။

(၃၄) စောလေ။ ။စားတော်နှစ်ခြိ က်၊ စားစဉ်ကြိုက်ဝယ်၊ လောင်မြိုက်ငြိမ့်လေး၊ စားတော်ကျွေးသည်၊ ကြိုင်မွှေးနံ့ကျော်၊ မြတ်အာဘော်နှင့်၊ သောက်တော်ရေစစ်၊ အိုးသစ်မြူတာ၊ ပဝါပြောက်ထိုး၊ မိုးကြိုးဖလား၊ ရွှေမပြားကို၊ တည်ထားနှင့်ပေ၊ဖော်ရွှေများလယ်၊မျိုးဘုန်းကြွယ်ကို၊ ပြုံးရယ်သံချို၊ ပြရှဲဆိုလျက်၊ နှောင်ညိုမြဝါ၊နန်းလောင်းလျှာဟု၊ နေရာထားစရာ၏လေ။ ။ဖော်ချင်းတို့လေ၊ ဖော်ချင်းတို့။

(၃၅) စောလေ။ ။မယ်ကိုသနား၊ ဖူးချင်သွားရှာ၊ တရားကျော်ထင်၊ မယ်သခင်သည်၊ သဘင်ညပွဲ၊ ဖြတိုက်မြဲက၊ နက်နဲခြင်းရာ၊ မိန့်တော်စာကို၊ ပေးလှာသတင်း၊ လေ့ကျက်ဖတ်မှု၊ စံလှတ်မည်သာ၊ သရာဇာဟု၊ နိုင်းရာဖက်ကင်း၊ မြင်းများမင်းနှင့်၊ လျှင်ပြင်းကိုင်ချုပ်၊ကစား

www.burmeseclassic.com

www.burmeseclassic.com



ရှုပ်ကို၊ ကျွန့်ပ်တို့က၊ မြော်သာစွလေ။ ။ဖော်ချင်းတို့လေ၊ ဖော်ချင်းတို့။

(၃၆) စောလေ။ ။ခရိုင်သခင်၊ ရှိပ်ထင်သာလှ၊ မြို့ပြဆင်မြင်း၊ လုံးရင်းလောက်တင့်၊ နန်းနှင့်ရိပ်မြူ၊ ဇမ္ဗူကျွန်းစည်၊ အပြည်ပြည်လို၊ စိုးမည်မင်းဖျား၊ ကျွန်တော်များနှင့်၊ ပျံလွှားနန်းဆွန့်၊ မြူးကွန့်လျှင်စွာ၊ သရဇာထက်၊ ဆည်းဆာမှိုင်းပြီ၊ ညချမ်းရီတွင်၊ ဂူလီသဘင်၊ နန်းရွှေ့တွင်၌၊ ကစားကြိုက်တည့်၊ ပြိုင်ထိုက်မထင်၊ ရိပ်ကာပြင်က၊ သခင်ကြီးအောက်၊ စံမြောက်ရှုပ်သွင်၊ သခင်လတ်နှောင်း၊ ယောင်ကောင်းဆင်းဝါ၊ မျိုးတော်မြာကို၊ မြော်သာစွလေ။ ။ဖော်ချင်းတို့လေ၊ ဖော်ချင်းတို့။

(၃၇) စောလေ။ ။မြို့တောင်ညာဝယ်၊ အိမ်သာတော်ပါး၊ ရစ်ဝဲနား၍၊ တရားပွင့်ရန်၊ နန်းလောင်ကျွန်ဟု၊ နှုတ်မြွန်သံချို၊ ကြိမ်းပဆိုလျက်၊ ညိုညိုဖုပ်ရှန်း၊ တုကျွန်းစံတည်၊ တမည်မပြား၊ ကျေးမြလားကို၊ သနားချစ်အောင်၊ ပျားလက်ဆောင်နှင့်၊ စာစောင်ရွှေပေ၊ မယ်သို့စေသည် ညီပေစွလေ။ ။ဖော်ချင်းတို့လေ၊ ဖော်ချင်းတို့။

(၃၈) စောလေ။ ။ဆွဲဆံစည်းနှင့်၊ စုံလည်းထုံးစ၊ ယော်ကပင်၊ မြမြချောမွှတ်၊ ပြာထွတ်ထွတ်ကာ၊ မြိတ်လွှတ်ထုံးအောင်၊ အိမ်ထောင်မင်းနေ၊ ရာဖွေမပြူ၊ မျိုးရည်တူလည်း၊ လူမခန့်လျှင်း၊ တင်းမျှမနာ၊ စေပါမရ၊ ကို



ဆုံးမ၍၊ ချောလှရှယ်ပျို၊ တင့်မောညိုသည်၊ စွမ်းကိုမြဆင်း၊ အိမ်ရှေ့မင်းကြောင့်၊ နန်းခင်းမြို့ချာ၊ မယ်နေရာနှင့်၊ ဟံသာပူရ၊ ဌာနအောင်မြေ၊ နန်းဘုံရွှေသည်နီးပေစွလေ။ ။ဖော်ချင်းတို့လေ၊ ဖော်ချင်းတို့။

(၃၉) စောလေ။ ။အခံမိုးကြိုး၊ ဆင်စွယ်ရိုးနှင့်၊ အဖိုးကြီးဘိ၊ ရေကင်ညီးပွတ်စင်၊ ယွန်းကြေးမြင်ဝယ်၊ ကေရှင်သွယ်နွဲ့၊ အိုဘဲ့ဆံထုံး၊ မြရစ်လုံးဝယ်၊ ရွှေကုံးဆောင်လေ၊ သေလျက်ကိုလေ။ ။ဖော်ချင်းတို့လေ၊ ဖော်ချင်းတို့။

(၄၀) စောလေ။ ။တောင်ငူသခင်၊ နတ်ရှင်ရန်ကဲ၊ မင်းရဲလည်းဟူ၊ သီဟသူဟု၊ ရိပ်ဖြူကာမိုး၊ ရှင်ပင်တိုးဝယ်၊ ကောင်းရိုးမှတ်အပ်၊ ပြည်ရာကွပ်၍၊ မွမ်းထပ်မြို့ခိုင်၊ ကျေးသိမ်းပိုင်သည်၊ ဆွယ်ပြိုင်မဲ့လျှင်း၊ ကျွန်တော်ရင်း၏၊ ရင်တွင်းနှောင်းမွေး၊ သမီးထွေးက၊ တင်မေးချင်းရာ၊ လျှောက်ရလှာဟု၊ လိမ်မာတတ်ဖြား၊ ကျော်မြလားသည်၊ စကားညောင်ရေသေလျက်ကိုလေ။ ။ဖော်ချင်းတို့လေ၊ ဖော်ချင်းတို့။

(၄၁) စောလေ။ ။သဘင်မထွက်၊ ဘယ္ယာက်မဝတ်၊ မျိုးမြတ်နတ်ရည်၊ စံလှည့်သည်ကား၊ ဘုန်းစည်မြတ်မျိုး၊ မင်းစိုးမြတ်လွန်၊ တောင်စွန်ညာထား၊ ချစ်သောင်းဖျားကို၊ ခန့်ညားစွလေ။ ။ဖော်ချင်းတို့လေ၊ဖော်ချင်းတို့။

www.burmeseclassic.com

www.burmeseclassic.com



(၄၂) စောလေ။ ။ပျော်ဘွယ်တိသား၊ ညီညာမြို့ပြက်၊ မျက်နှာကြက်တို့၊ ကောင်းရက်တတ်လှ၊ ဆောင်းလမိုးကြယ်၊ စမွယ်သွယ်နှင့်၊ ဆင်စွယ်ဝန်းရှက်၊ ပြောက်ကွက်မွေ့သိမ့်၊ တင်းတိမ်ရံဆီး၊ သိဝင်းခန်းဝါ၊ ဖုံမွေ့ရာတက်၊ မင်းလျှာရယ်ညောင်း၊ နန်းပွင်လောင်းသည်၊ ရှင်နှောင်းစံရာ၊ ဖူးအံ့လှာသော်၊ ရာဇာများရှင်၊ မရောက်ခင်၌၊ မယ့်ရင်တော်မှာ၊ ခါသာပိတ်တွန့်၊ ရှိန့်ရှိန့်ဖြူဆွတ်၊ ပေါ်ရုံကွတ်၍၊ ရယ်ဖတ်မောစရှာ၏လေ။ ။ဖော်ချင်းတို့လေ၊ ဖော်ချင်းတို့။

(၄၃) ရယ်ဖတ်မောသည်၊ ဖွံ့ချောနတ်ရုပ်၊ ရုံကိုယ်လုပ်တို့၊ ကျွန်ုပ်တို့နား၊ ညှဉ့်ဝယ်ကြားသည်၊ ပျော်ပါးသာရှင်၊ ပြည့်စွလေ။ ။ဖော်ချင်းတို့လေ၊ ဖော်ချင်းတို့။

(၄၄) စောလေ။ ။ပြဲတိုက်ဖြဲဝယ်၊ အနန်ပွဲကြီးလှ၊ ကျော်ပေါက်ပြ၍၊ တရာ့တဆူ၊ ဆောင်းဘက်မူသည်၊ ထီးဖြူရာစင်း၊ အမင်းမင်းတို့၊ ခြေရင်းတော်ပါး၊ တရားကျော်စွာ၊ မည်သာပည်းလှိုင်၊ လုံ့လမှိုင်ဟု၊ လေးဆိုင်ကျွန်းစည်၊ အပြည်ပြည်ကို၊ စိုးသည်မင်းဖျား၊ နားတော်ကြားသည် သနားစွလေ။ ။ဖော်ချင်းတို့လေ၊ ဖော်ချင်းတို့။

(၄၅) စောလေ။ ။သီဟိုကျွန်းမှာ၊ စွဲလကျာ်ကို၊ သူရာနတ်ရုပ်၊ ရုံကိုယ်လုပ်နှင့်၊ ကျွန်ုပ်ရောက်အောင်၊ တန်ဆောင်မျက်ပါး၊ ချမည်စွားသော်၊ ရွှေသားရွှေရည်၊



လမ္ဘူလည်တက် နေခြည်မကြောက်၊ ရိပ်ပြောက်မထိုး၊ ကာမိုးချမ်းငြိမ်၊ တင်းတိမ်စဝှက်၊ ကြိုးနှစ်ဖက်နှင့်၊ ကြေးငှက်အသွင်၊ က-သာဆင်ထက်၊ သာရှင်ဖျော်ပြေ၊ ယုယနေလျက်၊ ရပ်မြေတကျွန်း၊ ဝေးလှလွန်း၍၊ ပန်းရှာစွလေ။ ။ဖော်ချင်းတို့လေ၊ ဖော်ချင်းတို့။

(၄၆) စောလေ။ ။အရှေ့ဘက်မှာ၊ ထွန်းတက်ရောင်ခြည်၊ သရထည်ဟု၊ နှစ်မည်ထွတ်ခေါင်၊ မြတ်ညီနောင်သို့၊ ရည်ဆောင်ပျော်ပါး၊ ရှိခိုးသွားသော်၊ ဖူးရားမွေးထုံ၊ နဝဂုဏ်တိ၊ မျက်စုံရတနာ၊ မဲ့ဝယ်ပါသည်၊ ရောင်ဝ လှတင့်၊ ပန်းကိုးဆင့်ကို၊ ဘုန်းရင့်မြတ်လောင်း၊ လိုက်လှာတောင်း၍၊ ရှင်နှောင်းမြဲမြဲ ရှင်ထွေးလှသည်၊ ဝေငှပေးစရှာလေ၏။ ။ဖော်ချင်းတို့လေ၊ ဖော်ချင်းတို့။

(၄၇) စောလေ။ ။ယွန်းချွန်စက်သွား၊ မိုးကြိုးထားကို၊ နံပါးမြှောင်ကာ၊ မယ်သို့လာသည်၊ မင်းလျာကျွန့်သခင်တည့်လေ။ ။ဖော်ချင်းတို့လေ၊ ဖော်ချင်းတို့။

(၄၈) စောလေ၊ ။အဆင်းသူဇာ၊ ကြည့်မည်လာသည်၊ နေရာချပေ၊ သည်ကနေဟု၊ အုပ်တွေပုံယင်၊ နန်းရင်ပြင်ဝယ်၊ နှောင်းမြင်မယ့်ကို၊ နှုတ်သံချိုနှင့်၊ ဆိုပါသည်လေ။ ။ဖော်ချင်းတို့လေ၊ ဖော်ချင်းတို့။

(၄၉) စောလေ။ ။တို့ဘိုးတို့ဘွား၊ များသည်သခင်၊ ဘုရင်ကြီးသွေး၊ နတ်ရှင်မြေးလေ။ ။ဖော်ချင်းတို့လေ၊ ဖော်ချင်းတို့။

www.burmeseclassic.com

www.burmeseclassic.com



(၃၀) စာလေ။ ။သန်လျက်ရပြီး၊ မြင်း ယဉ်စီး၍၊ စောမီးမင်းလျာ၊ ကျွန်ုပ်မှာသို့၊ ဆိုက်လှာသောလေ၊ ဖော်ချင်းတို့လေ၊ ဖော်ချင်းတို့။

(၃၁) စာလေ။ ။ဝေးရပ် ကျွန်းဆီ၊ သင်းတွဲပြည်မှာ၊ ရွှေချည်တိုင်ပေါက်၊ ရုပ်မျိုးကောက်သည်၊ အပြောက်စုံလင်၊ ဇာပရင်တိ၊ နီစင်တွတ်တွတ်၊ သက္ကလတ်ကို၊ ကံပတ်ဖိအုပ်၊ တရုပ်ချည်ကို၊ချို ပ်စုံထပ်သည်၊ သတောင်းလည်မှာ၊ မွေးကြည်လှိုင်မြတ် သီးပွင့်လွတ်သား၊ပန်းဝတ်မွေ့ ရာ၊ကြီးမြင့်စွာထက်၊မယ်သာလည်းဟု၊ မိတည်းနော်တော်၊ နောင်သော်ပွင့်လျာ၊ လျင်ဆောလာ၍၊ ပို့လှာသောလေ။ ။ဖော်ချင်းတို့လေ၊ ဖော်ချင်းတို့။

(၃၂) စာလေ။ ။လေသာပြည်းညင်း၊ ခန်းသာတွင်းဝယ်၊ အနှ်ချင်းဆိုစ၊ ဆယ်နှင်ကလျှင်၊ မြမြတင့်နေ၊ စုလည်းခွေဝယ်၊ စရွှေရောလျှ၊ နီဖလ့ကို၊ တတ်ကြံမွေ့ သိမ်ပန်းတိမ်လုပ်သည်၊ ပရိတ်ချည်နှင့်၊ လိမ်လည်ကွေးမျှ၊ ငြိမ့်လေးပြင်ကောင်း၊ သခင်နှောင်းသည်၊ သွယ်ပျောင်းနွဲ့စရာ၏လေ။ ။ဖော်ချင်းတို့လေ၊ ဖော်ချင်းလ။

(၃၃) စာလေ။ ။ဝေးရပ်ကျွန်းမှာ၊ ချစ်မေတ္တာကြောင့်၊ သူဇာနှိုင်းဆို၊ တင့်ရှယ်ပျိုလျှင်၊ နောင်ကိုစုံမက်၊ သေသောထက်ကား၊ အသက်ရှင်ကြောင်း၊ ယှူကောင်းစတော၊မှတ်သောထွေဖြင့်၊ သဒ္ဓေဝရ၊ ရှင်ထွေးလှ



ကို၊ ခပါက်ပြကျော်စော၊ မင်းစီးဝေါနှင့်၊ လျှင်ဆောမကြာ၊ဆောင်ယူလှာသည်၊ ခြင်းရာသူ့ ထက် ထူးပေစွလေ။ ။ဖော်ချင်းတို့လေ၊ ဖော်ချင်းတို့။

(၃၄) စာလေ။ ။အနှ်ခြင်းတော်ကို၊ ပြောချေဆိုမူ၊ မြင်းမိုရ်လတ်မှာ၊ အသူရာနှင့်၊ ဒေဝါဠနွှ၊ ဆက်ဒန္တလျှင်၊ ကြီးလှတန်ခိုး၊ စွယ်ဖျားကျိုး၍၊ နေမျိုးရှင်သား၊ သိကြားပေးထ၊ မယ်မှာရသည်၊ သိခ်ရွှေမှန်၊ တသိန်းတန်ကို၊ နှောင်းစွန်စာကျမ်း၊ တတ်သည်တည့်ဗလ။ ။ဖော်ချင်းတို့လေ၊ ဖော်ချင်းတို့။

(၃၅) စာလေ။ ။ဆယ်နှစ်အဝင်၊ လူကိုယ်ပြင်နှင့်၊ ရုပ်သွင်နတ်လျော၊ မြေ့ချောအသရေ၊ ရဝေရှင်ထွေး၊ ကြေညာမွေးသည့်၊ ငြိမ့်လေးဖွဲ့သည်၊ အနှ်ချင်းတည့်လေ။ ။ဖော်ချင်တို့လေ၊ ဖော်ချင်းတို့။

(၃၆) စာလေ။ ။ပလ္လင်ပေါက်မြောက်၊ မာရ်စစ်ရောက်သည်၊ ပျောက်လေရှင်းရှင်း၊ နိုင်လိုက်လျှင်းမှ၊ အကြွင်းမဲ့ အောင်၊ ဘုံဖြင့်ဆောင်သည်၊ ခြောက်ရောင်ဖြာနှင့်၊ စကြာနှင့်လေ။ ။ဖော်ချင်းတို့လေ၊ဖော်ချင်းတို့။

(၃၇) စာလေ။ ။လေး ကျွန်း တန်ဆောင်၊ ဘုရားခေါင်လျှင်၊ ရွှေတောင်သိခ်ါ၊ ရာတနာဝိမာန်၊ စိုးအံ့နှံသည်၊ ဆဒ္ဒန်ဆင်နှင့်၊ ယဉ်သည်နှင့်လေ။ ။ဖော်ချင်းတို့လေ၊ ဖော်ချင်းတို့။

www.burmeseclassic.com

www.burmeseclassic.com



(၅၈) စောလေ။ ။ဘုရင်ခေါင်နှင့်၊ တန်ဆောင်ဆက်မှတ်၊ ရှစ်သောင်းထွတ်ကား၊ စက်လှတ်ရောင်လျှံ၊ဘိသိက်ခံသည်၊ ရံတသန်းနှင့်လေး။ ။ဖော်ချင်းတို့လေ၊ ဖော်ချင်းတို့။

(၅၉) စောလေ။ ။တို့ရည်းစားလျှင်၊ ယောကျ်ားပီလှ၊ စကြာရသို့၊ ဟင့်လှအခေါင်၊ ကြူးလှည့်သော်လည်သောလေ။ ။ဖော်ချင်းတို့လေ၊ ဖော်ချင်းတို့။

(၆၀) စောလေ။ ။နှစ်တရာမှ၊ တခါပွင့်သည်၊ မုံရင့်ပန်းကို၊ မပန်ရလည်း၊ မပန်ချင်၊ ခဲအင်စောင်ထား၊ ပန်းထွတ်ပြာလေ။ ။ဖော်ချင်းတို့လေ၊ ဖော်ချင်းတို့။

(၆၁) အစောလေ။ ။ဆင်ပျံဆဒ္ဒန်၊ ရထိုက်တုန်ကို၊ မချန်ရလည်း၊ မချန်ချင်၊ ထိပ်ပြင်လက်ထား၊ အရှင်သားလေ။ ။ဖော်ချင်းတို့လေ၊ ဖော်ချင်းတို့။

(၆၂) စောလေ။ ။ရေမြေသခင်၊ နတ်ရှင်နှစ်ပါး၊ လူထွတ်ဖျားလျှင်၊ သေားနှင့်ကျွန်း၊ မထိုက်တန်ဟု၊ ရံဖန်မေးမြူ၊ ရိပ်တော်မူမည်၊ မယ်ကြောက်သည်လေ။ ။ဖော်ချင်းတို့လေ၊ ဖော်ချင်းတို့။

(၆၃) စောလေ။ ။သခင်ရင်းဟု၊ ကျွန်းတွင်းမြန်ပြည်၊ ဇမ္ဗူလည်၍၊စက်ချည်ဝါ၊ ပြောဆရာ၊ သည်လျှာရှိလေ၊ မရှိလောလေ။ ။ဖော်ချင်းတို့လေ၊ ဖော်ချင်းတို့။



(၆၄) စောလေ။ ။သခင်မင်းမှာ၊ ကျွန်ခံပါသည်၊ ကြိုးစွာမထင်ရည်၊ထိုးစည်မြှို့ကျေး၊လျှင်စွာပေး၏၊မှုလေးပန်တု၊ ရှင်ပုမွေးချော၊ မြတ်လှမောလေ။ ။ဖော်ချင်းတို့လေ၊ ဖော်ချင်းတို့။

(၆၅) စောလေ။ ။ဇမ္ဗူရစ်စတော၊ ရွှေတိတဆန်း၊လင်မန်းမုနော၊သခ်ျောမြစွန်း၊ ပျို့ဖွမ်းရည်လေး၊ သန္ဓေထူးခြား၊ ပတ္တမြားတိ၊ ကိုးပါးမျက်စိ၊ သခ်ိရည်ပျောင်း၊ စာလောင်းဖက်လှတ်၊ နဝရတ်နှင့်၊ ရဲထွတ်စံတင်၊ ဆဒ္ဒန်ရှင်ကို၊ နှောင်းမြင်ငြိမ့်လေး၊ စားတော်ကျွေးသည်၊ ချစ်ရေးအရ၊ ယူသည်တည့်လေ။ ။ဖော်ချင်းတို့လေ၊ ဖော်ချင်းတို့။

(၆၆) စောလေ။ ။တောသုံးထောင်ကို၊ ကုန်အောင်စောင့်တတ်၊ ခြင်သေ့နတ်ကို၊ ငင်သတ်သွေးခဲ၊မင်းရဲသီဟချင်ချက်ရသို့၊ တောဇပြင်းထန်၊ တင့်မောဟန်ကို၊ ယုံကျွန်မယ်သို့၊ လျှောက်လာသော့လေ။ ။ဖော်ချင်းတို့လေ ဖော်ချင်းတို့။

(၆၇) စောလေ။ ။သေနတ်မီးပေါက်၊ တထောင်လောက်နှင့်၊ တယောက်မကျန်၊ နန်းလောင်းကျွန်တိ၊ ဖြစ်ဘိသည်လည်း၊ ဆံရှိတစ၊ မရှနတည့်၊ ဓမ္မဘုန်းဝှန်း၊ ရှယ်တိုင်းမှန်က၊ ပြင်းထန်ကြလျှက်၊ နတ်လက်နက်ဆိုတဖက်ထုတ်ချင်းပေါက် လေ သောလေ။ ။ဖော်ချင်းတို့လေ၊ ဖော်ချင်းတို့။

www.burmeseclassic.com

www.burmeseclassic.com



(၆၈) စာလေး။ ။ငါးရာခြောက်ဆယ်၊ ဘုံနန်းတော်ဝယ်၊ စုံမက်မြတ်လေး၊ မေတ္တာပြေးလျက်၊ ဥဒေးဒယ၊ ပေဒယကို၊ နေ့ညမချန်၊ စီးဖြန်းလျက၊ ဘေးရန်ကင်းပြောက်၊ မဖောက်မြလှ၊ ကေန္တလ။ ။ဖော်ချင်းတို့လေ၊ ဖော်ချင်းတို့။

(၆၉) စာလေး။ ။မွေ့စကြာ၊ တရားသာကို၊ မဟာဇိန္န၊ နှုတ်တော်ဟ၍၊ အင်္ဂနိုင္ဒ၊ ဗြဟ္မာပြည်လုံး၊ သတင်းသုံးသား၊ ပတ်ကုံးခညွှတ်၊ အဘယ်နတ်သည်၊ ဖြိုဖြတ်ထွေငေါ်၊ တရားတော်ကို၊ နမောဒန၊ တတ်လှသည်နည်း၊ မိတည်းညီတော်၊ နောင်တော်ဖွင့်ရန်၊ မြဲမှန်မရှုပ်၊ အထွတ်ချုပ်သား၊ ကျွန်ုပ်မေးသည်၊ ချစ်ရေးထပ်ပြန်လောင်းသည်တည့်လေ။ ။ဖော်ချင်းတို့လေ၊ ဖော်ချင်းတို့။

(၇၀) စာလေး။ ။နဂါးပတ်ကြော့လှေ၊ ပေါ်လောရေဝယ်၊ မင်းခြေရဲကျော်၊ စီးတိုင်းပေါ်ဟု၊ နားတော်လျှောက်သည်၊ ဝမ်းမြောက်မယ်တို့ မြူးသည်တည့်လေ။ ။ဖော်ချင်းတို့လေ၊ ဖော်ချင်းတို့။

(၇၁) စာလေး။ ။လှေကိုဆယ်တင်၊ ဘုန်းဖြင့်ဝင်၍၊ နတ်ရှင်ပဝရ၊ လောကမှန်ကူ၊ စီးတော်မူသည်၊ ဘယ်သူမမြင်၊ ကြင်အံ့နည်းလေ။ ။ဖော်ချင်းတို့လေ၊ ဖော်ချင်းတို့။



(၇၂) စာလေး။ ။ဝေဘူလမ္ဘ၊ ဇောတရတနာ၊ ပျံကျလှာ၍၊ တောက်ပါတည့်လေ။ ။ဖော်ချင်းတို့လေ၊ ဖော်ချင်းတို့။

(၇၃) စာလေး။ ။လောကမှန်ကူ၊ စီးတော်မူသည်၊ ဘယ်သူမမြင်၊ ကြင်အံ့နည်းလေ။ ။ဖော်ချင်းတို့လေ၊ ဖော်ချင်းတို့။

(၇၄) စာလေး။ ။ဝေဘူလမ္ဘ၊ ဇောတရတနာ၊ ပျံကျလှာ၍၊ ကောက်ပါသည်လေ။ ။ဖော်ချင်းတို့လေ၊ ဖော်ချင်းတို့။

(၇၅) စာလေး။ ။ကိုယ်နှင့်မတန်၊ ငါနှင့်ရန်ဟု၊ ဝေယန်နန်းမှာ၊ သုဇိတာက၊ ယူလှာလမည်၊ မယ်စိုးသည်လေ။ ဖော်ချင်းတို့လေ၊ ဖော်ချင်းတို့။

(၇၆) စာလေး။ ။လက်ထပ်အိုနှင်း၊ ထံဘိုအဖြည့်၊ ပေးပါလည်ဟု၊ နှိုင်းရည်မတင်၊ မထွေးရှင်ကို၊ ဆောလျှင်မနေ၊ လျှောက်စာခွေနှင့်၊ စေပါမည်လည်း၊ ရှစ်ဆောင်းထွတ်ဖျား၊ နတ်သိကြားက၊ ဖန်မျှားမေးမြူ၊ ရိပ်တော်မူမှာ မယ်စိုးသည်လေ။ ။ဖော်ချင်းတို့လေ၊ ဖော်ချင်းတို့။

(၇၇) စာလေး။ ။နန်းပွင့်လျှာမှာ၊ မကွာမကင်းသေခုရင်းမှ၊ ရာစင်းစကြာ၊ စံသောခါဝယ်၊ ရှိကြာလည်းအုပ်၊ ဆယ်ချောင်းရုပ်၍၊ ကျွန်ုပ်လျှောက်သည်၊ ယင်းအမည်

www.burmeseclassic.com

www.burmeseclassic.com



နှင့်၊ ရွှေရည်ဇဝါ၊ ဝေါပလာဝယ်၊ လျှံဝါကြို့လျက်၊ မြတ်ဆက်တကာ၊ စံမြဲရာကို၊ ပေးပါမည်လော၊ လျှင်ဆောလျော့ကြွား၊ ချစ်စကားလေ။ ။ဖော်ချင်းတို့လေ၊ ဖော်ချင်းတို့။

(၇၈) စောလေ။ ။အမတ်ကြီး၏၊ ဘမိသက်တွင်၊ မြတ်နှောင်းမြင်လျှင်၊ပန်သွင်ထိပ်ဝယ်၊ ရစ်ဆင်ခြယ်သား၊ ဘုန်းကြွယ်သီဟ၊တပိုင်းမြကို၊ဘုသဃာဥ်စံ၊ ရထားခံ၍၊ လှ ပုံ့ရောက်အံ့၊ မျှားမင့်လေ။ ။ဖော်ချင်းတို့လေ၊ ဖော်ချင်းတို့။

(၇၉) စောလေ။ ။ဦဒိန်မင်း၏၊ အံ့ချင်းရောင်မောင်း၊ စောင်းကိုတောင်း၍၊ ပျော်ကြောင်းတီးတော်မူသတည်းလေ။ ။ဖော်ချင်းတို့လေ၊ ဖော်ချင်းတို့။

(၈၀) စောလေ။ ။စေါင်းကိုလည်းယူ၊ တီးတော်မူသည်၊ ဘယ်သူမျှားမနာချင်အံ့နည်းလေ။ ။ဖော်ချင်းတို့လေ၊ ဖော်ချင်းတို့။

(၈၁) စောလေ။ ။စောင်းကိုလှမ်းယူ၊ တီးတော်မူက၊ ဆင်ဖြူအများ၊ တို့ဘုရားသို့၊ ဝပ်တွားညွတ်ခ၊ ရောက်လျှာကြသော်၊ သွယ်ကျစီးယို၊ မုန်စိုခပ်သောက်၊ ပေါက်ယောက်လှခိုင်၊ သမိုင်းကျမ်းဝင်၊ ထောင်ကျော်ဆင်ကို၊ ရင်ပြင်ရှေ့ဝယ်၊ ထွတ်ဘုန်းကြွယ်သည်၊ ရွေးချယ်စီးတော်မူသတည်းလေ။ ။ဖော်ချင်းတို့လေ၊ ဖော်ချင်းတို့။



(၈၂) စောလေ။ ။ဆဒ္ဒန်မာတင်၊ မြေတွင်ပရပ်၊ မုန်ဖတ်ဖတ်နှင့်၊ ဆွဲလျှပ်အောင်သား၊ တင့်ဆန်းပြားတိ၊ သိကြွားယိုးဆို၊ စိမ်းစိမ်းညိုမျှ၊ စွမ်းကိုယ်သန်ကျိုင်း၊ တပိုင်းမြမြ၊ စကြာရလျှင်၊ ချူပ်ညာဆည်းဆာ၊ ရစ်ဝဲလှာသည်၊ သူဇာသို့လော မယ်သို့လောလေ။ ။ဖော်ချင်းတို့လေ၊ ဖော်ချင်းတို့။

(၈၃) စောလေ။ ။ဆင်ကာသက်ပြန်၊ လျှင်ထန်ငှက်မျှ၊ အောင်းညိုမြကို၊ရွှေဏရွှေကြိုး၊ လျှံဖြိုးစီရင်၊ ကျစ်လစ်ထူးခြား၊ အောင်းသားမြေရှည်၊ လွမ်းခွင်ပြည့်မျှ၊ ငုံလှည့်စိုးနှ၊ ရွှေလှ ကိုင်မှ၊ ရေစုံချသည်၊ သူဇာမောင်လော၊မယ့်မောင်လော။ ။ဖော်ချင်းတို့လေ၊ ဖော်ချင်းတို့။

(၈၄) စောလေ။ ။အရှေ့ပြုပ္ပါ၊ တောင်ထွတ်ချာက၊ ရတနာဇော၊ ပျံ့လှာကျသည်၊ ဪ ကောက်ရမည်လည်း၊ ရွှေပြည်သခင်၊ ဘုရင်မျှားမင်း၊ မှန်ကင်းထားပြီး၊ ထွတ်ဘုန်းကြီးသည်၊ ဖမ်းဆည်းလမည်၊ မယ်ကြောက်သည်လေ။ ။ဖော်ချင်းတို့လေ၊ ဖော်ချင်းတို့။

(၈၅) အစောလေ။ ။မပျော်မွေ့၍၊ ယနေ့ဆင်စည်၊ စကားရှည်ကြောင်း၊ စီလျှဉ်သင့်စွာ၊ အနန်ချင်းစာကို ထောက်ပါသည်လေ။ ။ဖော်ချင်းတို့လေ၊ဖော်ချင်းတို့။



www.burmeseclassic.com

www.burmeseclassic.com



## ၂၅။ ယမ်းပြမင်းမြေးစက်သားတော်

(၁၂၀၀-ခန့်)

ယမ်းပြမင်းသား၏မြေးက်သားတော်သည် မှာတမ်းရေးသူ အမျိုးသမီး စာဆိုတော် တဦးအဖြစ် မြန်မာ စာ ပေ သမိုင်းဝယ် မှတ်တမ်းတင်ရစ်ပါသည်၊ သို့သော် ယမ်းပြမင်း မြေးက်သား တော်၏ မှာတမ်းတိုကလေးတပုဒ်မျှသာ တွေ့ရပါသည်၊ မင်းသွီး မိဖုရားများ၏ဘဝဖြစ်စဉ်တွင် မိမိကြင်ယာတော်သက်ထားများ ကတိမတည် သစ္စာယှင်းသွေ မုန်းမေ့လေမည်ကို စိုးရိမ်ရမှု ရင်ဖို ရမှုများနှင့် မကင်းနိုင်ကြပေ၊ မိမိတို့ကြင်ယာတော်များမှာသစ္စာ ယှင်းပြယ်၍ အငယ်အနှောင်းထားမှုများကြောင့် စိတ်ရတက် မအေး ပူဆွေးရပုံများကို၊ ကြင်ယာတော်ထံသို့ စာပန် ချီခြယ် ဖွဲ့၍ ဖျောင်းဖျဆက်သခဲ့ကြရပေသည်၊ မြန်မာစာပေသမိုင်းတွင် စောပြည့်ညို၊ ရာဇဓိရာဇ်ကတော်၊တို့မှာ ဘဝချစ်ရေး ကြင်နယ် ဝေး၍ ပူဆွေးရသူအမျိုးသမီး စာဆိုများဖြစ်ပါပေသည်၊ယမ်းပြ မင်းမြေးက်သားတော်မှာလည်း ထိုသို့သောစာဆိုတဦးပင် ဖြစ် ပါသည်။

ရတနာပူရ စတုတ္ထမြို့တည် နန်းတည် ဘကြီးတော်မင်းတရား လက်ထက် သက္ကရာဇ် ၁၁၈၁-ခုနှစ်တွင် ညီတော် တောင်ငူမင်း နတ်ရွာလားသည့်နောက် ယမ်းပြမင်းသားကို အမိန့် တော် နှင့် တောင်ငူမြို့သို့ စေလွှတ်ရပ်တန့်စေလေသည်။

ထိုအခါတွင် ယမ်းပြမင်းမြေးက်သားတော်က တောင်ငူ ရောက် ယမ်းပြမင်းသားထံသို့ ၎င်း၏မျက်ကွယ်တွင် အငယ်



အနှောင်းများမထားပါနှင့် ကြောင်သူတော် အကျင့်မျိုး နှင့် တောင်ငူတွင် အပျော်အပါးလိုက်နေမည် စိုးမိပါကြောင်းဖြင့် မှာတမ်းတစောင်ရေးသား ပေးပို့ခဲ့လေသည်။

**တောင်ငူရောက်ယမ်းပြမင်းသားထံသို့ ယမ်းပြမင်း မြေးက်သား တော်ကရေးသားပေးပို့သောမှာတမ်း**

မှာလိုက်ကဲ့ ကိုယ်တော်။ ။
မျက်ကွယ်မှာ သက်လှယ်များထားလေနှင့်နော်။ ။
နောက်နှောင်ပေါ်၊ ကိုယ်တော်ခက်မဲ့။ ။
အကျင့်တော်ကြောင်မှုနှင့်၊
တောင်ငူမှာအလေ့လိုက်မည်ကြောင့်၊
မှာလိုက်ပါငဲ့။ ။

## ၂၆။ ကြံညှပ်မင်းသမီး

(၁၁၇၁-၁၂၀၃)

ကြံညှပ်မင်းသမီးမှာ ဘိုးတော်ဘုရားလက်ထက်တွင် ထင်ရှား သောစာဆိုအမျိုးသမီးတဦးဖြစ်သည်၊ ကြံညှပ်မြို့ကို စားရသော ကြောင့် ကြံညှပ်မင်းသမီးဟုတွင်လေသည်၊ ဘိုးတော်ဘုရား၏ သမီးတော်လည်းဖြစ်သည်၊ ကြံညှပ်မင်းသမီးသည်၊ ၎င်း၏မောင် တော် ဘိုးတော်ဘုရား၏သားတော် မက္ခရာမင်းသား 'မဟာသိရိ သုမင်္ဂလ'၏ မြေးက်သားတော်ဖြစ်သည်၊ သမီးတော်တပါးကို ဖွားမြင်ရာ ဘိုးတော်ဘုရားက ချစ်မြတ်နိုး တော်မူသဖြင့် ရန်တောင်းလေးမြို့ကိုစားစေ၍ အပ'းတော်တွင်ထားသည်။

www.burmeseclassic.com



ဘိုးတော်ဘုရားသည် မြေးတော်စစ်ကိုင်းမင်းအား အိမ်ရှေ့အရာပေးသနားတော်မူခဲ့သည်၊အိမ်ရှေ့စစ်ကိုင်းမင်းသား မိဖုရားကွယ်လွန်သော်၊ မြေးတော်ပန်းတောင်းလေးမြို့စား မင်းသမီးနှင့် သက္ကရာဇ် ၁၁၇၈-ခုနှစ်တွင် လက်ထပ်ထိမ်းမြားပေးတော်မူသည်။

သက္ကရာဇ် ၁၁၈၁-ခုနှစ်၊ နယုန်လဆန်း ၁၅-ရက်နေ့တွင် စစ်ကိုင်းမြို့စား အိမ်ရှေ့မင်းသည် ဘိုးတော်ဘုရား အရိုက်အရာကို ဆက်ခံတော်မူသည်၊ စစ်ကိုင်းမင်းလက်ထက် အင်္ဂလိပ်နှင့် မြန်မာတို့ စစ်ပြေငြိမ်းပြီးနောက်၊ ရန္တပိုစာချုပ်တွင် ပါသည့်အတိုင်း ဝန်ထောက်မင်းကြီးမဟာစည်သူ၊ စာရေးကြီးမင်းလှနန္ဒကျော်ထင်နှင့် အသုံးစာရေး နရာရွှေတောင်တို့နှင့်တကွ အမှုထမ်း၅၀- ကို အင်္ဂလိပ်ပိုင် ဗင်္ဂလားသို့စေလွှတ်တော်မူသည်၊ ထိုအခါတွင် ဗင်္ဂလားသွား မင်းကြီးမဟာစည်သူအား မင်းကြီးကတော်က ကျေးစေရတုပိုဒ်စုံပေးပို့ဆက်သလေသည်၊ ထိုကျေးစေ ရတုပိုဒ်စုံကို ကြံ့ညှပ်မင်းသမီးကရေးသားပေးလေသည်။

ကြံ့ညှပ်မင်းသမီးသည် ၁၂၀၃-ခုနှစ်၊ ဝါဆိုလဆန်း ၁၅-ရက်နေ့တွင် ကွယ်လွန်အနိစ္စရောက်ခဲ့လေသည်။

ဘကြီးတော်ဘုရားလက်ထက်၊ နန်းမတော်မယ်နု ညှဉ်းဆဲနှိပ်စက် ခံရသည်ဆိုသော ပန်းတောင်းမင်းသမီး၏ မယ်တော်မှာ ရင်းစာဆိုတော်ကြံ့ညှပ်မင်းသမီးပင် ဖြစ်ပေသည်။



## ရတနာပူရမြို့ ဘကြီးတော်ဘုရားလက်ထက်တော်တွင် မင်းကြီးမဟာစည်သူ ဗင်္ဂလားသို့သွားရာ မယားကပေးသည့် ကြံ့ညှပ်မင်းသမီးဆို ကျေးစေရတုပိုဒ်စုံ

(၁) ဝေဇယန်တွင်။ ။ညာနန်းရှင်က၊ ချစ်ခင်မြတ်လေး၊ သလှာပေး၍၊ မင်းရေးမှုစုံ၊ စေတိုင်းကုံသည်၊ ကျွန်ယုံတန်ဆောင်၊-ကျေးမျှားနှောင်။ ။ ဝးခေါ်မြေတာ၊ သမုဒ်ကာသား၊ မဟာရဋ္ဌ၊ ဗိသတ်စသည်၊ မျှားလှပြောစည်၊ ကျည်းရပ်ပြည်သို့၊ လှည့်လည်လျှင်ထွေ၊ ဖြန့်တည့်ချေလော့၊ သပြေတလှစ်၊ ကေရာဇ်၏၊ သင်းကျစ်ဆံကျင်၊ စကြာရှင်က၊ မတ်တွင်မတ်ကျော်၊ မတ်ကျွန်တော်ဟု၊ မြင့်မြော်ရွေးယူ၊ ခန့်တော်မူ၍၊ သက်တူတမျှ၊ ချီခလေရှင့်၊ ရွှေဝအောင်ချာ၊ နန်းမြေတာက၊ သည်လျှာညက်ကြည်၊ မြော်လင့်ရည်သည်။ ။ရွှေသည် ညောင်းလှပါပြီသောဝ်။

(၂) ဘောတန်ဆင်။ ။မြို့ဥယျာဉ်၌၊ နှတ်သျှင် ခါဆဲ၊**ရွှေဝရဝေ၊** နန်းရပ်မြေက၊ ဗိုလ်ခြေလုံးရင်း၊ မခင်းကျင်းဘိ၊ ခပင်းကြိုးရပ်၊ စိန်တပ်မြတုံး၊ ရည်နှလုံးဖြင့်၊ လက်ရှိုးမထောင်၊ ခန့်တိုင်းအောင်၍၊ မယ့်မောင်မင်းခြေ၊ ပြန်လျှင်းစေဟု၊ ဓါတ်မွေသရီ၊ မြတ်စေတီကို၊ တူညီရှိရှက်၊ တိုင်လျှောက်မြွက်ရင့်၊ အဖက်လွတ်ကင်း၊ ကျေးမျှားမင်းလျှင်၊သံညှင်းချီနွဲ၊ ကျူူးပါခဲ့လော့၊ လဲ့လဲ့မှိန်မှုန်၊ တိမ်ဂဠုန်နှင့်၊ အမှုန်ရှင်ပ၊ သို့သည်လကို၊ ဆွတ်မျှမတည်၊ သိမ့်းလည်သည်။ ။ပြေသည်ဖျောင်းဖျခါသီသောဝ်။

www.burmeseclassic.com



(၃) စေတမန်လျှင်။ ။ကြာမတင်တည့်၊ ကောင်းကင်ခရီး၊ လေယာဉ်စီး၍၊ တန့်တီးမထောက်၊ သူ့သို့ရောက်သော်၊ ခြောက်ယောက် နှောင်းကျန်၊ နုတ်တမန်မူ၊ ဂိမ္ဘာနံခါ ကျူး၊ ဝသန်ကူး၍၊ ဆောင်းဦးဝေမြ၊ မြောက်လေစ သည်၊ ဟေမ-ခရုည်၊ တိုင်ခတော့မည်တည့်၊ မဆည်နိုင် တတ်၊ ပန်းစုံသတ်သား၊ ခရတ်ငွေရောင်၊ သလွန်ညောင် နှင့်၊ မြော်ယောင်ဖန်လီ၊ ရှိရှာပြီတည့်၊ ကျူးသီမကျန်၊ သိတိုင်းပြန်လော့၊ သည်ရန်မယ်သ ၊ ချီသည့်ရက်မူ၊ တိုင်းထက်သာမော၊ တောင်နှင့်တောဝယ်၊ ဥသြသံခြေ၊ ဖော်စုံဖွေ၍၊ ရွှေတရထည်၊ မြမြမြည်သည်။ ။လေ ပြည်လောင်းစ ရာသီသောဝ်။

## ၂၇။ မိဖုရား မမြကလေး

## (၁၁၇၁ - ၁၂၀၇)

မမြကလေးသည် ကုန်းဘောင် ခေတ်တွင် ထင်ရှားသော စာဆိုတော် အမျိုးသမီးတဦးဖြစ်သည် သက္ကရာဇ်၊ ၁၁၉၉-ခုနှစ် တွင် နန်းတက်တော်မူသော ရွှေဘိုမင်းတရားကြီး၏ အနောက် နန်း မိဖုရားဖြစ်လေသည်။

၁၁၇၁-ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၂-ရက် တနင်းလာ နေ့တွင် မမြကလေးကို ဖွားမြင်လေသည်၊ ငယ်မည်မှာမမြကြုတ် ဖြစ်ခဲ့သည်။

ဘိုးတော်မင်းတရားကြီး၏ လက်ထက်တော် အခါက၊ အိမ် တော်ပါ ကျွန်ဖြစ်သော ဝေါတော်အမှုထမ်း မွန်လူမျိုးဖိုးထော



ရာအား ပုသိမ်နယ်အဝင်၊ အပါ မိမိဇာတိချက်မြုပ် ကျေးရွာကို ပင် သာရဝေါအမည်ပေး၍(ဝေါတော်အမှုထမ်းဖြစ်သဖြင့် စား ကျေးကိုလည်း ‘ရတနာ-ဝေါ’ဟု အမည်ပေးရာမှ ‘သာရဝေါ’ဟု ရွှေ့လျောခေါ်ဆိုကြပါကြောင်း အဆိုရှိပါသည်) စားကျေးသ နားတော်မူလေသည်၊ တဖန် ထိုဖိုးထောရာ၏ သားကို ‘သမိတ် ထောရာဇာ’ဟူသော ဘွဲ့နှင့် ပုသိမ်မြို့ဝန်ခန့်တော်မူပြန်သည်၊ ထို ပုသိမ်မြို့ဝန်၏ ဇနီးတွင် မောင်အရင်း ရေကင်းမြို့ဇာတိ မောင်ဦး ဆိုသူတယောက် ရှိပြန်ရာ၊ မောင်ဦးကိုလည်း သာရဝေါလှေတော် ပဲ့နင်း ခန့်တော်မူလေသည်၊ နောက်ရာဇသတ် ဓမ္မသတ်တို့တွင် အထူးကျွမ်းကျင်လှသည့်မြင့် ဟင်္သာတမြို့နယ်ပယ် တဝိုက်ကပင် မောင်ဦး၏ အစီအရင်ကိုနှစ်ခြိုက်ကြသည့် အလျောက်‘ခုံ’သမာဓိ အရာသို့ တင်မြှောက်ထားကြ လေကြောင်းကို မင်းတရားကြီး ကြားသိလေသောအခါ၊ ‘မင်းပုံချို’ဘွဲ့နှင့် ဟင်္သာတမြို့ အစိုးရင် ခန့်အပ်တော်မူပြန်သည်၊ ထိုအခါ ရေကင်းသားဇာတိ မင်းပုံချို နှင့် ယေားရေကင်းသူဇာတိ မယ်အိတို့ ဟင်္သာတမြို့သို့ ပြောင်း ရွှေ့နေလှာခိုက်တွင် သမီးမမြကြုတ်ကို ဖွားမြင်ခဲ့လေသည်၊ မမြ ကြုတ်ကား ငယ်ရွယ်စဉ်အခါကာလကပင်ရုပ်ဆင်းရူပကာနှင့် အ ထူးပြည့်စုံ၍ ချစ်ခင်စဖွယ်ရှိရကား အိမ်နီးပါးချင်း အားလုံးတို့ က ‘မြမြ’ဟူ၍သာ ချစ်စနိုးခေါ်ကြသည်။

သက္ကရာဇ် ၁၁၇၅-ခုနှစ်တွင် အင်္ဂလိပ်မြန်မာ ပထမ စစ်ကြီး ပေါ်ပေါက်လာခဲ့၏၊ ထိုအခါ အိမ်ရှေ့စံ သာယာဝတီမင်းသား သည် ရဲမက်ဗိုလ်ပါ အလုံးအရင်းနှင့် အောက်မြို့ကျေးရွာ တို့သို့ ချီသည် သက္ကရာဇ် ၁၁၈၇-ခုနှစ် တပေါင်း လပြည့်ကျော် ၄-

www.burmeseclassic.com

www.burmeseclassic.com



ရက်နေ့တွင် 'ရန္တပိုစာချုပ်'ကို ချုပ်ဆိုပြီး ပြေလေသော အခါ ရတ်တရက် ပြန်လည်တော်မမူသေးဘဲ ဆက်လက်,ချီတက်တော်မူပြန်၍ မနုဖြူမြို့တွင် ရပ်တန့်စံနေတော် မူကြိုက်၊ သက္ကရာဇ် ၁၁၈၈-ခုနှစ် ဦးခန့်လောက်အတွင်း အထက်ကပင် သတင်းကြားနှင့်တော်မူပြီးသော မမြကြူတ်ကို ဟသ်ာတသူကြီး ဦးရွှေလူမှတဆင့် ဆင့်ဆိုခေါ်ယူ သိမ်းပိုက်တော် မူလေသည်၊ ထိုအခါ မမြကြူတ်အား 'မမြကလေး'ဟူသော အမည်သို့ ပြောင်းလဲခေါ်ဝေါ်စေပြီးကာ အိမ်ရှေ့စံ မိဖုရားအရာတွင် ထားတော်မူပေ၏၊ သာယာဝတီမြို့အဝင်အပါ 'ရွှေလောင်းတိုက်' ကိုလည်း သနားတော်မူမြတ်ခံရလေသောကြောင့် 'ရွှေလောင်းတိုက် သခင်မမြကလေး'ဟု စတင်,ထင်ရှားခြင်း ဖြစ်လှာသည်။

သို့နှင့် သက္ကရာဇ် ၁၁၉၅-ခုနှစ်တွင် နောင်သောအခါ 'လှိုင်ထိပ်ခေါင်တင်'ဟု အထူးကျော်ခေမည့် သမီးတော် 'မဖွားကြီး' ကို ဖွားမြင်တော်မူလေသည်။

သက္ကရာဇ် ၁၁၉၉-ခုနှစ်တွင် သာယာဝတီမင်း အထွတ်အမြတ်သို့ ရောက်တော်မူခဲ့သည်၊ ထိုအခါကျမှ ရွှေလောင်း တိုက်စားမမြကလေးအား ဟသ်ာတမြို့ကို မြို့စားပေးပြန်၍ အနောက်နန်းထားတော်မူပြန်သည်၊ သမီးတော်'မဖွားကြီး'ကိုလည်း လှိုင်မြို့ကို ပေးဇော်မူလေသည်၊ ထိုအခါတွင် မဖွားကြီးမှာ အသက်အရွယ်အားဖြင့် ၄-နှစ်မျှသာ ရှိသေး၏။

သက္ကရာဇ် ၁၂၀၂-ခုနှစ် ဝါဆိုလအတွင်း သာယာဝတီရွှေဘိုမင်းတရားသည် ရာဇာဘိသေက မုဒ္ဓာဘိသိက်ကို ခံတော် မူလေ



သည်၊ ထိုရောအခါတွင် အနောက်နန်းမိဖုရား မမြကလေးကို 'သိရိမဟာသုတရတနာ စန္ဒာဒေဝီ'ဘွဲ့ အမည်သမုတ်တော်မူသည့်အပြင် သမီးတော် လှိုင်မြို့စားကိုလည်း 'သိရိသုမြတ်စွာရတနာဒေဝီ' ရွှေဘွဲ့ချည်တော်မူလေသည်၊ ထိုနှစ်သီတင်းကျွတ်လအတွင်း ဝါကျွတ်ကန်တော့ခံ ဥကင်တော်ဖွင့် အခမ်းအနားတွင် မြောက်နန်းမိဖုရား၊ အလယ်နန်းမိဖုရား၊ မင်းခင်းမိဖုရား နန်းတော်မိဖုရားတို့နှင့်အတူ ရတနာပုံထက် မဟေသီဘိသိက်သွန်း မိဖုရား အဖြစ် ချီးမြှင့်တော် မူပြန်သည်၊ ထိုအခါကာလမှ စ၍လည်း 'အနောက်နန်း မမြကလေး'ဟု ထင်ရှားခေါ်တွင်စပြုကြသည်။

တခါသော် အနောက်နန်း မမြကလေးအား ရွှေဘိုမင်းတရားကြီး အမျက်တော်ရှိသောကြောင့် ကျည်းတိုက်တွင် ချထားလေသည့်အခါ 'ချစ်သမျှကို' ချီပတ်ပျိုးကို ရေးသား တင်ဆက်စေသည်တွင်မှ အမျက်တော်ပြေပျောက်၍ အကျဉ်းမှလွှတ်တော် မူသည်။

သက္ကရာဇ် ၁၂၀၇-ခုနှစ်တွင် သားတော် ပြည်မင်း အရေးအခင်း ပေါ်ပေါက်ခဲ့သည်၊ ထိုအခါမနာလိုသူတို့က အနောက်နန်းမမြကလေးသည် ပြည်မင်းနှင့် နှလုံးစိတ်ဝမ်းမကွဲ-ခြား ကြံရာပါဖြစ်သည်ဟု ကုန်းချောကြလေသော စကားကို ယုံကြည်တော်မူသဖြင့်ထိုနှစ်သီတင်းကျွတ်လအတွင်းအနောက်နန်းမမြကလေးနှင့်သာရောက်နေထိုင်သော မယ်တော်မယ်အိနှင့်တကွ ဆွေတော်မျိုးတော်အားလုံးကို ထောင်သွင်း အကျဉ်းထားတော် မူသည်၊ နောက် ထိုနှစ်သီတင်းကျွတ်လဆန်း ၁၂-ရက်နေ့ နံနက်တွင် အနောက်နန်း မမြကလေးနှင့် မယ်တော်မယ်အိတို့ကို အမရပူရမြို့အ

www.burmeseclassic.com

www.burmeseclassic.com



နောက်မျက်နှာ သရက်တပင်သင်းချိုင်းသို့ ထုတ်ဆောင်ပြီးသော် ထုံးစံနှင့်အညီ စီရင်ဖျောက်ဖျက်တော် မူဘိ၏၊ ထို့ကြောင့် အသက် ၃၆-နှစ်အရွယ် အငယ်သော်ကပင် မြန်မာ့စာပေသမိုင်း၌ အထူးကျော်ကြားထင်ရှား၍ စာဆိုတော် လိုင်ထိပ်ခေါင်တင်၏ မယ်တော်လည်းဖြစ်သော အနောက်နန်း မိဖုရားမမြ ကလေးသည် ရှေးဝိပါက်ကံကြမ္မာအလျောက် ပျောက်ပျက် သေဆုံးရလေသည်။

သက္ကရာဇ် ၁၂၀၃-ခုနှစ် တော်သလင်းလပြည့်ကျော် ၃-ရက်နေ့တွင် ရန်ကုန်မြို့သို့ သာယာဝတီမင်းရောက်၍ရွှေတိဂုံဘုရားကို မွမ်းမံတော်မူ၏၊ အနောက်နန်းမိဖုရား မမြကလေးသည် ဘုရား၏ အနောက်စမုတ်ကို ငွေကြေးများစွာ အကုန်အကျ ခံလျက် စီမံစေစေရန် အခွင့်သနားတော်မူ၏၊မမြကလေးလှူဒါန်းပြုလုပ်ခဲ့သဖြင့် အနောက်စမုတ်ကို မြကလေးစမုတ်ဟု ခေါ်တွင်ခဲ့ကြပေသည်၊ မမြကလေးအပါးတွင် ခစားရသောအပျိုတော် နန်းတော်သူများသည် နေပြည်တော်နှင့် မိဘရပ်ထံကို လွမ်းဆွတ်ကြကြောင်း သိရှိရသော မမြကလေးက 'သိင်္ဂါရွှေရောင်' ချီပတ်ပျိုးကို ရေးသား၍ ဘုရင့်နားတော်ပေါက်အောင် သီဆိုတီးမှုတ်စေလေသည်။

မမြကလေးသည် ၁၂၀၃-ခုနှစ် ပြာသိုလဆန်း ၁၅-ရက်နေ့တွင် ရွှေတိဂုံစေတီတော်အနောက်မုတ်ကို ဆောက်လုပ်ခဲ့သည်။ ၁၂၀၄-ခုနှစ် တပို့တွဲလတွင် မန္တလေးမြို့ စန္ဒာမုနိဘုရားတွင် ရွှေ၊ ငွေ၊ ကြေးဆည်းလည်းများ လှူဒါန်းခဲ့သည်။ ၁၂၀၅-ခုနှစ်



ဝါခေါင်လဆန်း ၁၅-ရက်နေ့တွင် မန္တလေးကန်အတွင်း ရတနာလောကစေတီတော်ကိုတည်သည်။

မမြလေးသည် အလွန်ရဲရင့်သော အမျိုးသမီးဖြစ်၍ သေမင်းကိုပင် ရင်ဆိုင်ဝံ့သူဖြစ်၏၊ ဝမ်းတွင်း၌လည်း အလွန်တရားပြည့်ဝပေသည်၊ အသတ်ခံရမည့်ဆဲဆဲတွင် ရိုင်းပြစော်ကားစွာ မိမိ၏ဆံပင်ကိုဆွဲ၍ တွန်းလှည်းသူပါးကွက်အာဏာသားကိုပင် ဆုံးမစကား သွန်သင်ပြောကြားခဲ့သေး၏၊ ထိုမျှမက သေရအံ့ဆဲဆဲတွင်ပင် 'လောခံရှစ်ပါး'အစဖြာသော တေးထပ်ကိုရေးသားခဲ့ပေသေးသည်။

မမြကလေးသည် မောင်တော်ရွှေဘိုမင်းကို လွန်စွာချစ်ခင်ရှိသလှပေသည်၊ ထို့ကြောင့် စပ်ဆိုသောကဗျာတိုင်းမှာပင် မောင်တော်ဘုရားအား တမ်းတဖွဲ့ဆိုသော စာပိုဒ်များကိုတွေ့ရလေသည်၊ ရွှေဘိုမင်းသည် မိဖုရားငယ်များစွာထား၍ အခြား၌ သာ၊ အပျော်အပါးများနေဟန်တူသည်၊ ထို့ကြောင့် မမြကလေးသည် မောင်တော်အား တမ်းတနေဟန်ကို ကွက်ကွက်ကွင်းကွင်းပေါ်အောင် 'ပြာပြာညိုမှောင်မှိုင်းတလဲ့လဲ့' အစရှိသောပတ်ပျိုးကို ရေးသားဖွဲ့နွဲ့ဆက်သတော် မူခဲ့သည်။

၁၂၀၆-ခုနှစ်တွင် ပြည်မင်းနှင့်ကြံရာပါဖြစ်သည်ဟူ၍ မနာလိုသူတို့၏ ကုန်းချောစကားကြောင့် အမှုရောက်ရမည့် ဆဲဆဲတွင်ပင် မောင်တော်ဘုရားအား တမ်းတကြေကွဲဘွယ်ရာ ကဗျာအမျိုးမျိုးကို စပ်ဆိုခဲ့သေးသည်၊ မမြကလေးသည် တခါတရံ ဤလေးကော်ကိုသို့ ငြိုးငွေ့ဟန်တူသည်၊ မောင်တော်ဘုရားကလည်း အထင်

www.burmeseclassic.com

www.burmeseclassic.com



လွဲ၍ မုန်းတော်မူသဖြင့် အားကိုးရာမဲ့ဖြစ်သော မမြကလေးသည် စိတ်ရှင်ပျော်ခြင်း မဖြစ်နိုင်တော့ဘဲ ဝတ်ကြောင်ကိုရှုန်း၍ လူ့ပုန်းချင်သောစိတ်များ ပေါ်ပေါက်လာသဖြင့် 'သည်ခင်ခင်ပူသရွေ့ ကိုလ၊ လူ့အတွေ့ကြောက်တယ်' အစဖြာသောတေးထပ်ကို ရေးစပ်ဖွဲ့ဆိုခဲ့လေသည်။

မမြကလေးသည် 'ကြင်ယောင်ခင်ယောင်'ပတ်ပျိုး၊ 'ချစ်သမျှကို'ပတ်ပျိုး၊ 'ဂန္ဓမာတောင် လိုဏ်ချောင်ဂူနန်း'ပတ်ပျိုး၊ 'ဂန္ဓမာရိပ်သာ ဖလ်ဂူနန်းကလေ'ပတ်ပျိုး၊ 'ငွေခုံခမြစာ'ပတ်ပျိုး 'နဝရတ်ကယ်ရောင်စုံ'ပတ်ပျိုး၊ 'ပြာပြာညိုမှောင် မှိုင်းတလဲ့လဲ့' ပတ်ပျိုး၊ 'မြယဉ်ရေညို'ပတ်ပျိုး၊ 'ရှိစုံရှက်ကြာ'ပတ်ပျိုး၊ 'ရွှေဖိဇင်ခေါ်'ပတ်ပျိုး၊ 'သိင်္ဂါရွှေရောင်'ပတ်ပျိုးကလေး 'ကိုယ်စီစင်ပေါင်းပါလို့' လေ့တော်သံနှင့် 'မြိုင်တွင်းကသာ'တေးတို့ 'နန်းမြေနှင့်ကွာ'တေးတွဲ့၊ 'သည်ခင်ခင်ပူသရွေ့ကိုလ'တေးထပ်၊ 'အပူတွေ့ဆုလျှံကြွတာမို့' တေးထပ်၊ 'နေမှိန်မှိန်' ဒွေးချိုးသဖြန်၊ 'ကြာခြည်ရံ' တြိချိုးသဖြန်များနှင့် ဘုန်းတော်ဘွဲ့ သီချင်းခန့်ကြီးများကိုလည်း ဖွဲ့ဆိုသီကုံးခဲ့သေး၏၊ ထို့ပြင် 'ဣန္ဒာဝုံမ နန်းတွင်းဇာတ်တော်ကြီး'ကိုလည်း အနောက်နန်းမိဖုရား မမြကလေးပင် သီကုံးရေးသားခဲ့ပေသည်ဟုအဆိုရှိပေသည်၊ ထို့ပြင် 'သိင်္ဂီဝတ္ထု'ကိုလည်း ရေးသားကြောင်း သိရှိရပေသည်၊ မိဖုရားမြကလေး၏ သိင်္ဂီဝတ္ထုနှင့်စပ်လျဉ်း၍ ဝက်မစွတ်မြို့စားမင်းကြီးအမိန့်ရှိခဲ့သည်မှာ အိမ်ရှေ့အတွင်းဝန် ဦးသင်က ရှစ်ပါးသီလခံယူရာတွင် ရှောင်ကြဉ်ရာသောစာများအဖြစ် အပြောင်သဘောဖြင့် ဤသို့ရေးသည်။



'နစ္စ ဂီတ ဝါဒိတ ဝိသုက ဒဿနာ သာသနာတော်၌ ညှောင့်တံကျင်သဘွယ်ဖြစ်သော သီချင်းကဗျာတို့ကို သီဆိုကခုန်တီးမှုတ်ခြင်းတို့မှ ဝေရမဏီ၊ ရှောင်ကြဉ်ပါ၏။ ဝါ၊ ပဒေသရာဇာဘွဲ့ကြိုး၊ ငအောင်ဖြိုးကြီးသာချင်း၊ ငမင်းလေးချိုး၊ ငတိုးရကန်၊ ငစံသူမှာစာ၊ ငကြာလွှမ်းချင်းတထွေ၊ မိခွေဆိုအဲ၊ ခမည်းတော့်သိင်္ဂီ၊ မြဝတီသံဆန်း၊ ငလန်းစာဆေးလင်္ကာ စသော သာသနာတော်၏ ညှောင့်တံကျင်သဖွယ်ဖြစ်သော သီချင်းကဗျာတို့ကို သီဆိုကခုန်တီးမှုတ်ခြင်းတို့မှ ဝေရမဏီ ရှောင်ကြဉ်ပါ၏ဘုရား"။

၎င်းတွင် စာဆိုတို့အမည်များကို င-ဟုရင်း၊ မိ-ဟုရင်း၊ သုံးနှုန်းသော်လည်း မိဖုရားမမြကလေးကိုမူ မိ-ဟုမသုံးရဲသည်သာမက မမြကလေးဟုပင်မခေါ်ရဲသောကြောင့် 'ခမည်းတော့်သိင်္ဂီ'ဟူ၍ သုံးစွဲလိုက်ခြင်းဖြစ်သည်၊ ခမည်းတော်ရွှေဘိုမင်း၏ မိဖုရား အနောက်နန်းတော် မမြကလေးရေးသားသော သိင်္ဂီဝတ္ထုမှာ ထိုအချိန်ကထင်ရှားပြီးဖြစ်၍ လူတိုင်းသိကြသည်ဟု မှတ်သားခဲ့ရလေသည်။

### အနောက်နန်းတော်မမြကလေးရေးသည့် ပတ်ပျိုးစု

#### (၁) မောင်ဘွဲ့အလွမ်း ပတ်ပျိုး

ကြင်ယောင်ခင်ယောင်၊ ထင်အောင်ဆန်း၊ အဆန်းတဲ့
သူငယ်ကိုလေ။ ။ဂုဏ်နေပုံဆောင်သေချာ၊ ချစ်တယ်
ဆိုရင် သာတည့်ကြာရှိ။ ။(ထင်ကိုးကြံဆောင်ရည်ကာ၊
မြင်နိုးမျှော်ယောင်ကာသာ၊ သည်ပိုးငယ်မှ ငယ်ရာဆန်း
အဆန်းဆန်း)၂။ ။ရွှေသိုင်းရပန်း၊ ရှိန်းလို့ဒန်း၊
ပြိုင်နှုန်းရငြိမ်း၊ ထူးတင့်ဆန်း၊ ကိုယ်ဟန်သွယ်၏ နတ်

www.burmeseclassic.com

www.burmeseclassic.com



ကယ်လိုလို၊ မှတ်ဖွယ်ကိုပေသား၊ ညှိစိမ်းရှန်း။ ။ ကျွမ်းလောင်တဲ့သူငယ်ကိုလေ၊ လွမ်းပေါင်ဖွဲ့ ပူတယ်ကိုလေ၊ တန့်ဆည်ဖြေစာ၊ ကပ်ပါလှတယ်၊ မိုးနတ်ကယ်၊ ဆိုမှားယောင်။ ။ဖန်တိုင်းရည်ညွန့် ဆောင်ပါလို့မှ၊ ကြင်ရေးငယ်ပို။ ။ကြံညည်ပြီးမှ၊ နီးတဲ့ပါစေ၊ ဆုမွန်တောင်းလို့၊ သွန်းလောင်းငယ်ညောင်ရေ။ ။မောင်သာကုံးပါတဲ့ ဂမုန်းငယ်ဇင်ခိုင်ခွေ။ ။ခရွေပေါ်တွင်-မြတင်ပြခသော့ဟန်၊ ရှိုးတံငယ်ရွက်ဆင့်၊ ရွှေခွန်းကိုသွေ့ယွန်းပါနှင့်ရှင့်။ ။နေဘ်မယ်ပြာဖြူဒါရွှ၊ ပျော်းအပျောင်းတဲ့သူငယ်ကိုလေ၊ ကြုံထွေးပုံဆောင်သေချာ၊ ချစ်တယ်ဆိုရင်သာ။ ။သည်အားကို၊ ကြိုးပါငဲ့သက်ကုန်။ ။

တြိချိုးသဖြန်။ ။သနားပိုစွဝန်၊ဥခွံမှာခိုသည့်ကြက်လိုပ၊ သူ့သွင်ကိုတင်ရန်ခက်ပါဘိ၊ လင်းမက်လှူရှဲ။ ။

စွန့်ရေးငယ်ကြုံ၊ သိန်ဂုဏ်ရှိသွေမယွန်း။ ။

ငှတ်သဲထိတိုင်၊ မြခိုင်ခိုင်သစ္စာဖွဲ့လို့၊
တလှဲ့သေချာစမ်းချင်ငဲ့၊ နန်းသူ့ပြန်ခွန်း။ ။

## (၂) သစ္စာတိုင် ပတ်ပျိုးကလေး

ချစ်သမျှကို မြင်းမိုရ်ရွှေတောင်လုံးသို့မလေး၊ လေးဆူဒီပါ၊ သီတာရေမြေဆုံးစေတော့လေး။ ။အို....ဘယ်မုန်းပါတော့နိုင်။ ။ကပ်လုံးပဆုံးတိုင်တိုင်။ ။ ရှိုးညာပိုင်၊ အုံးပြိုင်သဥ္စာကြွေ့မှာလှလေ။ ။ကြိုးမည်



နှောင်တာ၊ ကမ္ဘာမြေဝယ် မြေ့စေတော့လေး။ ။ မှန်သရွှေ့ကိုလှ၊ ဖန်စေ့ငယ်ရေရေ၊ ကိုးဂုဏ်ရှင့်-ဂူတော်မွေ။ ။တူမသွေပါစေမယ်နှင့်သား။ ။လှစ်ကြူးမြွက်ကြား၊ ဝှက်မထား၊ မြတ်ရှင်ပင်တန်ခိုးအား။ ။မခြားသိစေကြောင်း၊ ပန်ထွာတည့်ခဝပ်ညောင်း။ ။တူပြိုင်ဂုလိုဏ် စကားသစ္စာခိုင်၊ သံသာလေကမ်းတိုင်၊ တူပြိုင်လေကူးမယ်၊ ဆုထူးငယ်ပန်ရွယ်သွန်း။ ။ချစ်လို့ရယ်မကုန်၊ ဝသုန်ဉာဏ်မြေ၊ သိ-ကြားစေသက်သေညွန်း။ ။ ပျံ့မွှန်းမွေးလှိုင်ကြူလေဘာည့်မှ၊ သုံးလူ့ထွတ်မှန်ကူ။ ။ မတူလေပြိုင်နွှန်းကင်း၊ ခြောက်ဖြာစုံရောင်ဖြိုးလင်း။ ။

ဒွေးချိုးသဖြန်။ ။ချစ်ချင်းငယ်ပြိုင်၊မြစ်မင်းအဏ္ဏဝါက၊ ပြန်တရာကဲ။ ။

ယှင်းစေဝသုန်၊ ငွေဝန်း-သော်တာယုန်သို၊
ကမ္ဘာကုန်ကျယ်သရွှေ့ငယ်မှာ၊ ဘယ်မွေ့လိမ့်လဲ။ ။

## (၃) မယ်ဘွဲ့ တောင်လား ပတ်ပျိုးကလေး

ဂန္ဓမာတောင်။ ။လိုဏ်နန်းချောင်ငယ်ကသာ၊ ပူအောင်စေသာ၊ ပန်းဖြေနိုင်ပါငယ်နှင့်လေး၊ မာလာရွှေခိုင်၊ နှမ်းခွေယှိုင်၊ ပူဝန်ပိုပွား၊ မြသားငယ်တည့်အငုံငုံ။ ။ဝတ်မှုံငယ်ကြွေညောင်း၊ သင်းကြိုင်ပျံ့လှောင်းမဥ္စူရွှေရောင်၊ နန်းမေရုတောင်ငယ်မှာ၊ ရိမ္မောင်မျှောင်တောင်ဖျားမှာ၊ ပိန်းခြုံလို့ထား။ ။အထူး-ထူး-ထူးလို့ခြား၊ မြသားငယ်အသွယ်သွယ်၊ ညာဘယ်ဖြိုး

www.burmeseclassic.com

www.burmeseclassic.com



မိုးလုံးမဲ။ ။ဆိုလဲ-တန်ဘဲ-တန်ဘဲ-ဆိုလဲ၊ လွန်းဟုန်က ကဲသကိုလေ၊ နွဲ့-နွဲ့-နွဲ့-နွဲ့ကျူးသီဖွဲ့။ ။မစဲနေ့လုံး၊ ဟေဝန်ပတ်ကုံး၊ ရီမှောင်ပိတ်ဖုံး၊ နှုံးလျလျ၊ လှိုက်ခုံ-လှိုက်ခုံ တည့်ဆန်း-ဆန်း၊ နွမ်းတပြေ့ပြေ့။ ။

ဒွေးချိုးသဖြန်။ ။သဲကြွေလှုပ်ပို့မလိုပင်၊ မိုးလုံးပြည့်ဆင်၊ အို-ထိပ်တင်ရှုပါဘုရား။ ။

တကိုယ်ထန်းမို့၊ ပန်းဘုံဗွေ၊
ချော့ချော့ပိုက်ချော့၊ ကြာနေနွမ်းငယ်မှာ၊
ပန်းစေတော့လား။ ။

## (၄) ပတ်ပျိုးကလေး

ဂန္ဓမာ၊ ရိပ်သာဖလ်ဂူနန်းကလေ။ ။ပန်းမဥ္စူ၊ မွှေးကြူပန်တော်ပန်းငယ်နှင့်လေး။ ။သုတ်ဖျန်းငယ် လေချို၊ ရွာမင်းခြိမ့်မှိုင်း၊ ဘယ်ညာပတ်လည်ဝိုင်း။ ။ တိမ်ဆိုင်းငယ်ဖြိုးပါလို့၊ မြခိုးငယ်ရီမှောင်၊ လွမ်းတဲ့လွမ်း လေအောင်။ ။တောတောင်ငယ်ရှက်ဆင်၊ စုံအင်ပျို့ပျူး၊ ရွှေညာခိုင်ပြည့်လူး။ ။မှုံမှုံးသွင်သွင်၊ ကြည်စင် လျှံမောင်း၊ ရေးခွင့်မသာတောင်း။ ။သောင်းသောင်း သောင်းသောင်း၊ ညံ့ညံ့လေညံ့ညံ့၊ နန်းပင်မြင့်ရွှေငှက်သံ၊ ပျံကာသာ ဝဲကာသာ ကျူးရင့်ကြရဂုံမှာ၊ ဥဩတွန်ကျာ၊ သာရကာဥဒေါင်း၊ မောင်မယ်ဖော်စုံပျောင်း။ ။

ဒွေးချိုးသဖြန်။ ။ဖေါင်းပင်မြင့်ဗွေ၊ ငွေပွင့်ငဲ့အလား။ ။
ပုလဲခုံသောင်ထိပ်က၊ မှောင်ရိပ်ကယ်ဖြိုင်ဖြိုင်နှင့်၊
ငွေဗိုင်းတိုင်ခေါ်တဲ့ငှက်ကယ်လေ၊ ကွန်ရှက်ဖြန့်နား။ ။



## ၅။ အလွမ်းတောဘွဲ့ပတ်ပျိုးလတ်
## (အောင်မြေသာစံအလိုက်)

ငွေခုံမြေဇာ၊ မလ္လာကြဲပါလို့၊ ပုလဲမုံလို၊ ခင်းသာတယ်ကို။ ။ပျော်ဘွယ်ပို။ ။လေချိုသွင်းပါလို့၊ မြိုင်တွင်းစုံမှာမွှေးပါလို့၊ ပျော်တဲ့ပျော်ဘွယ်စုံ။ ။ပန်းနံ့ငယ် သင်းထုံ၊ ရဂုံသာထူးထွေ။ ။တိမ်ခြေရီပြာ၊ နံ့သာငယ်ထုံသွေး၊ ပင်ပုံရိပ်ကယ်ကမွှေး။ ။လေပြေဆောင်၊ တောင်လုံးဝေ။ ။ပူဆွေးတာရှည်၊ စုံလယ်မြိုင်ခင်း၊ ပင်နန်းသာ-လှလှ၊ လွမ်း-စစ၊ ငှက်တဲ့ငှက်သံသာ။ ။ မစုံဖော်ကွာ၊ ရဂုံခဗ္ဗမှာ၊ ချစ်ပန်းငယ်စံရာ၊ ကြွေးတသိမ့် သိမ့်။ ။ခေါ်ထူးလူလို၊ လွမ်းပိုဘွယ့်ရေး။ ။တမွှေး စက်သော်၊ တရံပျော်းခေါ်တော်သံကြား။ ။ဂနိုင်ခြား၊ မြသားဖလ်ဂူ၊ စေးချုံငူ၊ လေယူရာသွေး၊ ထုံလို့မွှေး။ ။ မင်သွေးငယ်ရှက်ခါ၊ မိလ္လာညိုမောင်း၊ ငြိမ့်ညောင်းငယ် တာရှည်၊ ရွှေစည်ဆော်သွင်း၊ ဝေယန်တွင်းငယ်က၊ နတ် ညွှင်းငယ်သံသာထွေ။ ။မြနန်းငယ်မြေမှာ၊ မပါငယ် ကျန်သေး၊ ပူရန်သည်ဝဋ်ကယ်လေး။ ။လေပြေဆောင်၊ တောင်လုံးမွှေး။ ။စခန်းငယ်ကွာ၊ ညာဘယ်ကလန်း၊ စုံရိပ်ချမ်း၊ သည့်ကိုယ်ကုန်ပန်း၊ ကြုံတဲ့လမ်း၊ မျှော်ခန်း ဝေး။ ။ရေးရွှေဘုံမြင့်နတ်ကယ်စံရာ၊ ဆွေးစေကြုံထင့်၊ ထပ်ကယ်ဖန်လာ။ ။မလုံလေပါဘဲမေ၊ သောနှင့် ရွှေသဲစော။ ။



www.burmeseclassic.com

www.burmeseclassic.com



**ကြိုချိုးသဖြန်။** ။မြကြောကိုလေလှုံ့လို့၊ နေကြို့တယ်လေး။ ။
သည်တိုင်းမှာညိုလှချည့်၊ စိုပ, ကြာသွေး။ ။
တောင်တောင်မြင့် တောင်မြင့် စိန်လေလား၊
ဖြာနှင်းငယ်လေး၊ ဖျန်းမလုံ၊ စိုရင်းပဲ။ ။

## ၆။ မျှော်တော်ယောင်-ပတ်ပျိုးကလေး

နဝရတ်ကယ်ရောင်စုံ၊ ခင်းပြန့်ဘုံ။ ။ပျော်လဲခုပျော်တော်ရုံ။ ။ခေါ်သံလိုလဲ၊ ရွှေသဲမှာပန်းအောင်၊ပြေလဲခုပြေနိုင်ပေါင်။ ။နန်းဆောင်မြင့်စက်ရာဗွေ၊ ပျော်လဲပျော်မပြေ။ ။ဆွေးစေအောင်ခုသား၊ ရွှေကိုယ်ဘုန်းမြတ်ဖျား။ ။သနားလေမညှာ၊ သစ္စာလေသွေလှဲ၊ မကြွင်ဘယ်တွက်လဲ။ ။နဲ့သည့်ကံ-ဖန်ညွှန်းလို့၊ ကျွမ်းကြွေလှသဲ။ ။ကြုံရတယ်၊ တကိုယ်ထဲ၊ ထက်နန်း မေဃိန္ဒာက၊ ရှာ့အရှာဖွဲ့။ ။ပူရအောင်ဖန်နဲ့၊ ဘုန်းခင့်ငယ်ဘဲ။ ။လာလာချိန်မြဲငယ်မို့၊ ဖွဲ့စက်ရာပေါ်။ ။ညဉ့်သုံးယံကျော်၊ ဆော်လေသွင်းတယ်လေး၊ လင်းပြန်လုနော်။ ။ညှိုးလျော်ဆိုင့်ရက်တယ်၊ ဘုန်းမေ့သက်မှူး။ ။ဆန်းမာယာပို့ဖွဲ့တယ်၊ မုန်းလှဲ့သင့်ဘူး။ ။

**ဒွေးချိုးသဖြန်။** ။ရွှေဖူးစာကံ၊ ဖန်လာတယ်ဘယ်နတ်ကဲ့၊ ရေးတတ်လေသိ။ ။

နေဆယ်ဆူ၊ မကပြန်ပြန်ပူလို့၊ နန်းသူသည်လို့
မျှားငယ်၊ ထားရက်ခုရှိ။ ။



## ၇။ မျှော်တော်ယောင်၊ မောင်ဘွဲ့ပတ်ပျိုးကလေး

ပြာပြာညိုရောင်မှိုင်းတလဲ့လဲ့။ ။အာကာပြင်ပေါင်သိုင်းတချွဲချွဲ။ ။ရွာလှာပြန်လဲ၊တဖွဲဖွဲ၊စက်မြပန်းဘုံ။ ။သုန်သုန်ငွေနှင်း၊ သွင်းလာပြန်-အို၊ ပျော်လိုဘဲ၊ သဲကြွေကျွမ်းမျှ၊ လွမ်းရန်ဆင်။ ။သေချင်အောင်နွယ်၊ကြုံထယ်ကံ၊ ဖန်လာမှန်း၊ ဆိုင့်တမ်း။ ။နန်းဘုံမြင့်ရိပ်ကြာလယ်၊ သုံးယံကြူးလို့၊ ဖူးမလွယ်။ ။ကျွမ်းကြွေဘွယ်ငယ်လေ၊ စက်ရာဝယ်ဖန်တော်ရက်ပေငဲ့၊ ဆော်ကြက်ကယ်ညှံ့စီစီ၊ လင်းပြန်လုပြီ။ ။အို- ဘယ်ဆီစံသိမှန်း. နတ်သွင်-ယဉ်တဲ့သူ။ ။ပူအောင်လေဖန်တော်နဲ့၊ ရွှေသဲကျွမ်းမျှ၊ လွမ်းစေဘွယ်။ ။

**ဒွေးချိုးသဖြန်။** ။သန်းရွှေထုလယ်၊ မျှော်တယ်ခုသား။ ။
ခြားတဲ့အယူ၊ ဘယ်အမူလေသိ၊ နော်ခင်ဘုန်းငယ်၊ မုန်းမာန်ဖွဲ့အား။ ။

**ဒွေးချိုးသဖြန်။** ။သနားငယ်ခံ၊ တင်ရန်ကုန်ခက်တဲ့၊ ရွှေမျက်မူထား။ ။ဖြူရှစ်စုံ၊ ဗိုလ်ပုံရွှေပွဲက၊ မယ့်နဲ့ မညီရှိမည်ကို၊ စိုးမိပြန်သား။ ။

## ၈။ မယ်ဘွဲ့ပတ်ပျိုးကလေး

မြယဉ်ရေညို၊ကိုယ်တော်ပျော်ခန်း၊သန်းကာဝေလည်း၊ ရွှေပြည်ဘယ်မှန်း၊ ကံကံငယ်သာအို၊ ဆိုင့်မှား။ တွေတွေသား၊ ပါလေမှန်း။ ။သန်းရာရှင်ပန်း အပန်းငယ်၊

www.burmeseclassic.com

www.burmeseclassic.com



ပန်းငယ်လိုပင်၊ မြင်လာရေး။ ။ရွှေရင်ပေါင်လယ်၊ အသွယ်သွယ်၊စမွယ်ခွါပြာညွာငုံလန်း၊နန်းရွှေပွင့်ခြူးနွယ်မျှင်။ ။မဥ္ဇူရိုးတဲ့ ကုံးသဇင်၊ နှင်းရွှေပင်ငယ်မှာလေ၊ မျက်ရှင်လို ရှောင်ရှိန်ဖြာပါတဲ့၊ မြကြောသာ ရင်ပေါင်ရေခပါသလေ။ ။ရွှေနော်ဇာငွေပုလဲ၊ မြလျှံဖန်ဘဲကို၊ နတ်ကယ်လေညီပေဘဲ၊ လွမ်းဘွယ်လေနွဲ့ပို။ ။

ဒွေးချိုးသဖြန်။ ။အိမ်ရိပ်ကယ်ခို၊ မာန်ပိုနဲ့အုံး။ ။
သဲဘွင်ကဖို၊
ဘယ်ညိုတော်သည့်ပူအောင်သားငယ်ကို၊
ထားတတ်ပေ့ဘုန်း။ ။

## ၉။ မျှော်တော်ယောင်၊ ပတ်ပျိုးကလေး

ရှိစုံရှက်ကြာ၊ ဆူဆူဝေဆာ၊ စံရာဘုံရွှေနန်း၊ ဘုံရွှေနန်း။ ။အခန်းခန်းငယ်နှင့်၊ ဆောင်နန်းမရိပ်လယ်၊ ရိုးဘွယ်တည့် ဝတိန်နွဲ့ယ်။ ။မြတ်ဘုန်းမို ငယ်လေ၊ ရွှေကိုယ်နန်းလောင်း၊ သောင်းစကြာဝဠာ၊ မျှားစွာတည့် ခ့ဝပ်ညောင်း။ ။ဗိုလ်ပေါင်းဝန်းရံ။ ။လွှတ်စံဇမ္ဗူကျွန်းသူမျှလေ။ ။ခွေပျောင်းညွှတ်ပန်။ ။ရှင်စံမတူဝှန်းဖြူစွလေး။ ။နောက်အိမ်တော်ဆောင် ရိပ်မှာ၊ လွမ်းစိတ်နှင့်ဆွေး။ ။လာလူငယ်လာလူ၊ တမ်းခုခုမေး။ ။အိုသေသေ ထားတဲ့ရေး။ ။ရွှေရဇ်ချမ်းမြေ။ ။ဗျာပါရေးနှင့်မကြုံပါနိုင်၊နွမ်းခွေလို့ယိုင်။ ။နဲ့ပင်တိုင် ကြဉ်ရှောင်တိမ်းတယ်၊ စိမ်းသင့်မှုစိမ်း။ ။



ခြုံလှဲ့ပါတုန်သဲ၊မိုးညိုလို့မဲ။ ။ဖြေလဲနော်ခု နေမရှင်၊ ရွှေရင်အုံ၊ မလုံကွေးတယ်လေး၊ ချမ်းတုံလို့ဧ။ ။ရိရိငွေနှင်းငယ်၊သွင်းလာလို့ဖျန်း။ ။ချစ်မေတ္တာ သူတထူးကို၊ ကူးပေသည့်မှန်း။

ဒွေးချိုးသဖြန်။ ။သနားငယ်မညာရက်ကယ်မို့၊
သူ့တွက်ကယ်ဖန်ရာဆယ်၊
ရေးနှောင့်မလွယ်။ ။

ဘယ်ခါနွေငယ်မှ၊
ကိုယ်တွေ့-သည်ပူနှယ်လိုဖြင့်၊
လှေယ်သိမှန်း။ ။

## ၁၀။ အလွမ်း၊ပတ်မျိုးကလေး

ရွှေဖိဇင်ဂေါ်၊ ခြေမှိုပင်ပေါ်၊ ကေသီဆင်တော်၊ ထူးလှဆန်းဆန်း၊ သင်းကြိုင်ကြိုင်၊ခိုင်-ဖူးတံနှင့်ပန်း။ ။ မွှိုင်ခြေစုံခန်း၊ မြုံနန်းခိုကြ၊ ရှက်ထွေးငှက်ကျေး၊ ကြော်သံတည့်အော်ညံ၊ ဆင့်ကဲရင့်နွဲ့ကြလူ့သဏ္ဌာန်။ ။ အို-လွမ်းစေဘို့ဆွေးအောင်ဖန်။ ။ဗိမာန်လေထောင်နေ၊မဇ္ဈေရွှေကူး၊ ရွှေပုဏ္ဏာငွေယုန်လွှာ၊ ကျီးမင့်းတာရာ၊ အာကာမှာလေ=သာခါကြယ်မြကမြူး။ ။

ရတု။ ။ညွတ်နူးစေအောင်၊ပူဗျာနှောင်ခဲ့၊ တော တောင်သာမှူ၊ သာရတုဝယ်၊ ညာနုရှက်တင်၊ မင်းကျွင် ထိပ်ပန်း၊ ရစ်ခါသန်းရှဲ။ ။ရှစ်ခန်းနယ်ခွင်၊ ချယ်မင်

www.burmeseclassic.com

www.burmeseclassic.com



လှိုင်းပါလို့၊ဆင်သင်တိုင်းရယ်နှင့် ဝိုင်းလို့ အုံနှတ်မူးငယ် ရွှေအမှုန်က၊ ရွှာမရှုံ-ဆော်လာခဲ့တယ်၊ ဖော်ကွာမဲ့ ပူစေဖန်၊ ရွှာပုံဟန်နှင့်သာ၊ မာန်ငြိုးတင်း၊ အသူရာနှင့်-ဗျူဟာကျင်း။ ။စစ်ချင်းမှီ။ ။ရာသီဆန်းတယ်-လေ၊ ဘုံခန်းစာပျို့နှင့်၊ ဆီအောင်တဲ့၊ညီအောင်။ ။

ဒွေးချီးသဖြန်။ ။ရှစ်ရပ်ကယ်နှောင်၊ တိမ်မင်းလှင်၊
အာကာဘောင်က၊ရိမ္မောင်ကာဖြိုး။ ။

ရေးတုမမှီ၊
ဆေးပန်းချီဝိုင်လောက်တဲ့၊
ကွက်ထောက်ကယ်စူကာဝိုင်နှင့်၊
ရှိမှ ခါပြာပြာနှင့်ယ်မှာ၊
ခင်းပြုချက်ဆိုး။ ။

## ၁၁။ ဘုန်းဘွဲ့ပတ်ပျိုးကလေး

သိင်္ဂါရွှေရောင်၊ထိန်ဝါဝေပြောင်၊နန်းဆောင်ဆောင် ခန်း၊ မှန်ဘုံတွင်း၊ ဝင်းဝေလျှံ။ ။စံတည်ခါ၊ပွဲမှာလေ၊ သဲငွေပြန့်၊သဲငွေပြန့်မိန်း။ ။စိမ်းရောင်စို၊ တောင်ညိုက မြိုင်း၊ သီတာရေလို့၊ ရေပတ်လည်ဝိုင်း။ ။တိုင်းသာ ဘုံခန်း၊ ဆန်းထွေလာ၊ စိန်ကြောင်နီလာ ဖလ်ပြာခဲ့ သန္တာဆွဲတဲ့၊ ပုလဲသွယ်၊ လနှယ်နေလိုဝင်းလို့ ဆန်း။ ။ နတ်ကဲ့စံအိမ်၊ တွေးဘွယ် ချိန်၊ ဝတိန်ဘုံစံ ဘုန်းရှင် နန်း။ ။သနားဘွယ်၊ ရွှေလယ်သောင်းရံ၊ သာလွန်ကျူး လို့၊ ပျော်မြူးစံ-ပျော်မြူးစံ။ ။ရွှေကံတိုးလို့၊ ဖြိုး



ဝေဝေ၊ သမြေကွန်ချာဘုန်းများမင်း။ ။စုံလန်းငုံမြန်း၊ ဒုမ္မာပန်း၊ ဘုံကြာခန်းက၊ နန်းကြော့သူ၊ ပြာဖြူဝါ ရွှေဝင်းလို့ညီး။ ။ထီးကျွန်တော်ခံ၊ ရာစံရှင့်ဘုန်း၊ တိုင်းရွှေမြေသာလှ၊ ညာကမိုး။ ။ဒီပါသောင်းရံ-စံနန်းရိုး၊ဒီပါသောင်းရံ-စံနန်းရိုး၊ ဒီပါသောင်းရံ-စံနန်း ရိုး။ ။

## ၁၂။ လေ့တော်သံ

ကိုယ်စီစဉ်ပေါင်းပါလို့၊ ဖြစ်ဟောင်းကို ပြန်မြော်၊ ယဉ်ဉာဏ်တော်ခွင့်ရေး၊ သာတင့်ကိုလေး၊မှိုင်ငေးယောင် ဆိုမိတယ်၊ ဟိုရှေးကံ၊ နတ်မင်းဆင်းလို့ဖန်၊ ဒေဝါနတ် မင်းဆင်းလို့ဖန်၊ ကူညီရန် နှံ့သက်လှယ်နှင့်၊ယယ်ချစ်ကယ့် ဘုန်းငယ်လေ၊ မြင်လှဲ့အုံး၊ဘယ်ဘယ် ရွှေဉာဏ်တော် သုံးငယ်နှင့်၊ အို-မုန်းတော်မူဟန်၊ သူကြံသူမှတလွဲ၊ အို- ပြုလေနဲ့ကိုလေး၊ ရွှေသဲဝယ်နာလှတယ်၊ ကွာဝေးဘွယ်၊ ညောင်ကွန်းရွှေများလယ်၊ သီဟာညောင်ကွန်းရွှေများ လယ်၊ ဖြေပါတယ်၊ နှယ်နတ်ဆွေကြောင့်၊ အို-ဖြေပါ တယ် နှယ်နတ်ဆွေကြောင့်၊ ရွှေသစ္စာဦးကိုလေ မေ့နိုင် ဘူး၊ ခွေယိုင်ကာနူးပါလို့၊ မှိုင်မူးငဲ့ သည်ကိုယ်မှာ၊ လွန်ကြည်ညိုဘွယ့် တခန်း၊ အို-ဘယ့်နှယ်မှန်းကိုလေး၊ ရော်ရမ်းကာကြုံရတယ်၊ ယုံမှားပြီ၊ သွေယိမ်းစိမ်းခဲ့ပြီ၊ မှုရာသွေယိမ်းစိမ်းခဲ့ပြီ၊ စံဂူနီစည်နှက်သံက၊ ဖန်လာလေ တောင်းငယ်လေ-စေ့ရေကြောင်း။ ။

www.burmeseclassic.com



ဇူလိုင်ဝုမ နန်းတွင်းဇာတ်တော်ကြီးမှ ကောက်နှုတ်သော

တေးတွဲ ၂-ပုဒ်

၁၃။ မြိုင်တွင်းကသာ

မြိုင်တွင်းကသာ၊
ထုံစွာငယ်ဖြာလေ ခိုင်ညွှာတဲ့လန်း၊
ငှက်ပေါင်းစုံရဂုံ ပင်မြင့်နန်းမှာတဲ့လေ၊
ရှစ်ခန်းငယ်သာ၊
ရှစ်ခန်းမှိုင်းလို့ဝေဖြာ၊
အညိုရွှေတိမ်ခြေ မြူခိုးဆိုင်း။ ။

အို—စံတိုင်းရွှေမြို့ဆီရောက်ရမ်း သိတတ်နိုင်ပြီ။ ။

သီကရီ သီဂီငယ်ဘုံဖွားနှင့်၊
ပျော်များပျော်တော်ချိန်မှ၊
ပြာပြောင်မှိန်ဖြိုး။ ။

ဖြေလဲဖြေနိုင်နှင့်၊
သည်ဂနိုင်တောင်ဗွေရိပ်မှာ ပူစိတ်နှင့်ညှိုး။ ။

၁၄။ နန်းမြေနှင့်ကွာ

နန်းမြေနှင့်ကွာ သည်တောဟေမာ၊
ပူဗျာသာပွားပါလို့၊ ဖြေများဖြေနိုင်၊
ရှစ်ပြိုင်ရိပ်လယ်၊ ပျော်တော်နိုင်ဘဲငယ်မို့၊
သဲကြွေဘွယ်၊ တင်မလွှယ်၊
လွှန်နယ်ဝေး ကြံလေလေနှင့်သာ၊



ဖန်ဆယ်ထွေ၊ မြိုင်ဝေလို့ဆိုင်း၊ ရှစ်တိုင်းငယ်မှန်၊
ဘယ်ပဇ္ဇုန်မိုးငယ်လို့၊ အိုဖြိုးရက်တယ်၊ ဆွေးဗျာကြွယ်
သည်ဝယ် ဖန်ပြန်တော့မယ်လေ၊
ကြံငယ်လေလေငယ်နှင့်သာ၊
ဖန်ဆယ်ထွေ ဖြေများပြေတော့ဘူး၊
စုံခြေဦး ကျူးပြန်လှာ၊ ငှက်ပေါင်းငယ်ညံ့စာစာ၊
သည်ချိန်ခါ လွှမ်းရန်၊
ရွှေသာကာကျေး၊ မောင်မယ်ကြွေး၊
ရေင့်နွဲ့၊ စံမြဲငယ်နန္ဒမူ၊ လိုက်ရွှေဂူပုံမလွဲ။ ။

တင်လိုက်ကဲ့နော်၊ ထက်နန်းဝေယန်ပျော်က၊
ဘယ်ဖြိုးတော်လဲ၊ သန်းရွှေမြင့်ညာ၊
စတော်ရာသို့၊ မှန်ငွေနှင်းငယ်၊ ဆော်သွင်းလို့သဲ။ ။

မမြလေးရေးသားသောတေးထပ်များ

(၁၅) ပါရမီဖြည့်စမို့၊ ကြည့်ဘုရားသခင်၊
အလှည့်ကျမဆင်ပြီ၊ အရှင်လိုမနွဲ့။ ။

အနီနှင့်အပြာကိုပယ်မယ်၊
အဝါထည်ကလေးနဲ့တော်ရဲ့။ ။

တခွန်းထက်နှစ်ခွန်းမပိုပြီ၊ အလွမ်းကိုမချဲ့။ ။

ကျွန်ညိုညှိုးဟိုအလှဲ့၊ ငိုမဲ့မဲ့တားရှာ။ ။

ရွှေနောက်ဆံ မယ်မတင်းရအောင်၊
ငယ်စာရင်းဖျက်လိုက်ပါဖြှား။ ။

www.burmeseclassic.com



အပြစ်ကြောင့် မချစ်သာပြီ၊ အသစ်ရှာပေါင်းရစ်တော့၊
ထန္နောင်းနှင့် ခအောင်းပင်၊ ဓါးထစ်စို့ရှင်။ ။
နိဗ္ဗိန္ဒ ကမ္မဋ္ဌာန်းခင်မယ်၊ စခန်းစဉ်နီးအောင်ပလေး။ ။

(၁၆) အပူတွေ ဆူလျှံကြွ၊ ပူဟန်ကတထောင်၊
ဤလောက အရပ်ခဘောင်မှာ၊ တလျှပ်ရှောင်မတင့်။ ။
ဆွေးသမျှ ရတာ်ဖြာ၊ ဆထက်သာပွားလိမ့်မဘင့်။ ။
တနေ့မျှ အဟုတ်ပူတယ်၊ ရက္ခမူအခွင့်။ ။
ဆောင်သီဟာဗြဲ့မြင့်က၊ တွေးမျှော်လင့်ကြံရည်။ ။
တောမြိုင်ချောင်ရညာဝ၊ အစဉ်ပမြန်းချင်တော့သည်။ ။
ထုံးဆံကျစ် ရစ်လျက်တည်တယ်၊
သစ်နက်ရေဆင်သလို့၊ မေခင်ကျမ မဒ္ဒီသဏ္ဍာန်ဘ၊
မြဲတော့အမှန်။ ။
ရည်ဓိဋ္ဌာန် ဆုထူးပန်သည်၊
ပြည်နိဗ္ဗာန် ရောက်ကြောင်း ဖျော့လေး။ ။

(၁၇) တောင်ပတ်သည် ပွေ့ဝိုင်းဆို့၊ ရွှေကိုင်းမြို့ဇေယျာ၊
ဝေမှိုင်းညို့ချောင်ရွှေဝါမှာ၊ နောင်သေရာရည်စူး။ ။
သုံးထောင်ကြော့ဖန်လျှော်တေကို၊ စံလှော်ရွှေဝတ်မည့်
စိတ်ကူး။ ။စံရစ်တော့လှသက်နုံရယ်၊မြမျက်မှန်ကြော့
မူး။ ။ကာယကံရွှယ်ပြူးလို့၊ မယ်ကူးဘိုကြံတယ်။ ။
ဘလည်လည်သံသာဝဲ၊ သည်နဲဖြင့်ဘာပြုရမယ်။ ။
သနားလို့ကယ်ဆယ်ရင်၊ လူဘွယ်သာ တင်လိုက်တော့၊
နန်းထိုက်တဲ့ခင်ခင့်လူ၊ ဘုန်းမောင်ကြောင့်ပူ။ ။
ဟိုအမတ- အောင်နိမ္မူမှာ၊ ဖောင်ရိပ်ဖြူတူစီးဘို့လေး။ ။



(၁၈) သည်ခင် - ခင်ပူသရွှေ့၊ လူအတွေ ကြောက်တယ်၊
ငှုအကွေ့ ချောက်အဆွယ်မှာ၊ တယောက်ကွယ်ရှောင်
ပုန်း။ ။သည်ခေတ်တွင်မယ်ကြည်အောင်၊ ဆယ်ပြည်
ထောင်ချော့တော့မပြုံး။ ။မင်ခိုင်ကြော့ကော့ကော၊ရော့
ငေစမထုံး။ ။ကတော့ရွှေပတ်သုံ နှင့်၊ အမြတ်ဆုံးရည်
ရွှယ်။ ။လံဘရာငွေခြည်တောက်၊ သေမည်လောက်
ကြောက်တဲ့ခါဝယ်။ ။ရွှေရည်သောက်လျှော်တေထည်
ကို၊ ဖျော်ဖြေဘွယ်ဆင်မွေ့လို့၊ယဉ်လေ့လေ့ဇာတပသီ၊
စောချီတည်တည်။ ။တောအကွေ့သေလာဂီမှာ၊ ဓမ
ဓါဝီ လုပ်မယ်ဖျော့လေး။ ။

## ၁၉။ လောကစံရှစ်ပါး-တေးထပ်

လောကစံရှစ်ပါး၊ ဘုရားပဟောရာ၊ ဖြစ်ပျက်မြဲ
ဓမ္မတာ၊ သေချာစွာမှတ်စွဲ။ ။

သတ္တဝါတို့မည်သည်၊မဘည်ကြည်ဖေါက်ပြန်တတ်မြဲ။ ။

ငါမင်းလို့ပြုပြန်၊ ခံသူအသစ်ပ၊ အဖြစ်ဖြစ်အပြန်
ပြန်၊ လွဲသင့်ပေတန်။ ။

သခ်ါရလမ်းမှန်ကို၊ ရွှေဉာဏ်တော်ရှုအုံးရှင့်လေး။ ။

(ပါးကွက်အာဏာသားတို့၏လက်တွင် သေအံ့မူးမူး အခါ၌ ရေးသားသော တေးထပ်ဖြစ်ပေရာ အပိုဒ် ၁၈-ပိုဒ် ပြည့်ပါ၊ အလယ်က ၆-ပိုဒ်ကျနေသည်ကို တွေ့ရပေသည်။)

www.burmeseclassic.com

www.burmeseclassic.com



### သုံးဆစ်သဖြန်

ကြာခြည်ရံ၊ နာရီပြန်ပဟိုရ်ငြိမ့်ပါပေါ့၊ မှေးမှိတ်လို့ စက်ပါသော်- ရေးမျှမပျော်။ ။

လာနိုးငယ်မျှော်၊ ကြာမော်မြင့် ဆောင်ထီး။ ။

ရွှေဖော့တော် တဥာဏ်ပွေလို့၊ မလာနေကြာရှည် လှတာကြောင့်၊ (သ ◌ ◌ င်ရယ်) တွေးရခက်ကြီး။ ။

### အမျှော်စိုက် ဒွေးချိုးသဖြန်

နေမှိန်မှိန်၊ ဆင်ပေါင်းတော် ရွှေပုသိန်နှင့်၊ လာချိန်တန်ငပေါ့။ ။

ထပ်ထပ်ကယ်မျှော်၊ မြှာသာဒ်ကယ်ဆောင်-ဘုံပေါ်က၊ အကြွိုတော်သည်မယ်ထောက်ရတယ်၊ (ကိုယ်တော်ရေ) ကိုးခေါက်ပြန်ပေါ့။ ။

### ၂၈။ မယ်တော်လယ်နန်း
### (၁၂၀၀-ခန့်)

မယ်တော်လယ်နန်းသည် ဘိုးတော်ဘုရားလက်ထက်တွင် ပေါ်ထွန်းခဲ့သည်၊ "ဒီပါလေ အောင်ချာလေ" ချီသော သီချင်းခန့်ကို ရေးဖွဲ့ခဲ့လေသည်၊ မယ်တော်လယ်နန်း၏ သီချင်းခန့်နှင့် ပတ်သက်၍မူများကွဲပြားနေပေရာ အောက်တွင်မူ နှစ်ခုစလုံးကို သုတေသီများအတွက် ကူးယူဖော်ပြလိုက်ပါသည်။

မဟာဂီတပေါင်းချုပ်ကျမ်း စာမျက်နှာ ၆၇-သီချင်းခန့်ကြီးများ ပုဒ်ရေ ၇-တွင် ဤကဲ့သို့တွေ့မြင်ရပါသည်။



### သီချင်းခန့်ကြီး

ဒီပါလေ- အောင်ချာလေ မှန်လှလှ၊ သီတာလေ ခွေကာရံဝန်း၊ရွှေပြည်လေရွှေဘုံလေ သာလှလှ၊အဆောင်တော်မှာ သိင်္ဂါလျှံလန်း- ပြောင်ပြောင်သာရွှန်း ထွန်းပပ၊ မိုးလုံးလျှံဖြာ၊ပြာပြာသာလင်း ဝင်းမှည့်မှည့်၊ထူးလည့်ရွှေသားအဆောင်ဆောင်များ၊တွေးမှားတွေးဆိုမှားကြ၊ မီးရောင်ခြည်ဝင်းဝင်း လင်းရွှေရောင် ရွှေရောင် ရွှေရောင် လင်းမျှ၊ မင်းဝံရွှေနန်းသာငယ်လေ၊ဆောင်ဆောင်သာ ဘုံတိုင်း ဆိုင်းဆိုင်းရံကာ၊ ပြိုင်နှုန်း ဆိုရေးကင်း၊ မှောင်မျိုးလင်း၊ နေနေ နေလပေါ် ထွန်းမြူး၊ ထိန်ဝှန်ဝါရောင်သာမိုးက လျှပ်နွယ်ပြကာ ပြကာ၊ ညီးညီးဝင်းမှည့် ထွန်းလင်းထိန်ဖြာ၊ ရောင်ရွှန်းတေဇာ ကြေညာ ကျော်ကျူးဆန်း၊ ဖလ်ရောင်မှန်ရောင်၊ ရွှေရောင်တည့်စိုး ရွှန်းရွှန်း၊ စိန်ရောင်ခြယ်သန်း ထူးဆန်းတွေလာ၊ ခေါင်နန်းပြောင်ရွှန်းဝင်း၊ မှောင်မျိုးလင်း၊ နေနေ နေလပေါ် ထွန်းမြူး၊ ထိန်ဝှန်ဝါရောင်သာမိုးက၊ အံ့ရာ အံ့ရာ အံ့ရှာသာ၊ ထိပ်စထိပ်ခေါင်တင်ငယ်ကိုလေး၊ စုံပေါင်းလေ ယုံသားတင်ထားထိပ်မှာဆင်။ ။

ဂီတဝိသောဓနီကျမ်း စာမျက်နှာ ၅၇-သီချင်းခန့်များ ပိုဒ်ရေ ၅-တွင် အောက်ပါအတိုင်း ဖော်ပြထားပါသည်။

www.burmeseclassic.com

www.burmeseclassic.com



မယ်တော်လယ်နန်းဘွဲ့ သီချင်းခန့်ကလေး

ဒီပါလေအောင်ချာမှုန်လှလှ၊ သီတာလေ ခွေကာရံဝန်း၊ ရွှေပြည်လေရွှေဘုံ၊ သာလှလှ၊ ဆောင်ဆောင်မှာ၊ သိင်္ဂီလျှံလန်း၊ ပြောင်ပြောင်ရွှန်း၊ ထွန်းဝင်းပ၊ မိုးလုံးလျှံဖြာ၊ ဖြာဖြာလင်း၊ ဖြာဖြာလင်း၊ ဝင်းမှည့်မှည့်၊ထူးလည့်ထွေပြား၊ ဆောင်ဆောင်များမှာ၊ တွေးတောဆိုမှာရရ၊ ကိုးပါးရောင်ညီးဝိုးဝင်း၊ နေရောင်လင်း နေရောင်လင်း၊ ဝင်းထွန်းလို့၊ ကျွန်းလုံးလျှံလျှံဖြာ၊ အံ့ကသာ အံ့ကသာ ညီးပင်သာ ညီးလှလှ၊ မင်းစံရွှေနန်းဆာ၊ ဆောင်ဆောင်သာ ဘုံတိုင်း၊ ဆိုင်းဆိုင်းရံကာ၊ ပြိုင်နှုန်းဆိုရေးကင်း၊ မှောင်မျိုးရှင်း၊ မွေးကြူသင်းပျံ့၊ ဘုန်းပန်းဝေဆာ၊ အာကာတေဇာ၊ ဖြာဖြာလင်းလှ၊ လျှပ်နွယ်လေလေ၊ လျှပ်နွယ်ဖြန့်ကားမိုးကဲထူးချည့်၊ကြူးတဲ့ထွေလာ၊ပြောင်ရွှန်းဝေဆာ၊ ရွှေဘုန်းလင်း၊ ဘုံဆောင်သာခေါင်၊ နေရောင်ကဝေးဝေးကင်း၊ မြူမှောင်ပယ်ရှင်း၊ ထွန်းလင်းလျှံဖြာ၊ဆောင်နန်းထွေထူးခြား၊ ရွှေဘုန်းအားဘယ်မှာတူရ၊ ရွှေနန်းဘုံသာ၊ ရောင်ဝါခေါင်ချာ၊ သော်တာဆန်းသို့၊ လျှပ်နွယ်လေလေ၊ လျှပ်နွယ်ဖြန့်ကာတင်။ ။ ယဉ်ဆုံးဘုန်းမိုမိုငယ်မှာလေး၊ တင်ရှိဦး၊ စုံဖူးယှက်ခါခါ။

## ၂၉။ မြင်စိုင်းမင်းသမီး
## (၁၂၀၀-ခန့်)

မြင်စိုင်းမင်းသမီးသည် သက္ကရာဇ် ၁၁၉၉-ခုနှစ် ကဆုန်လပြည့်ကျော် ၁၂ရက်နေ့တွင် နန်းတက်သော၊ ရတနာပူရ



(အင်းဝ)မြို့၊ ဒုတိယနန်းတည် ရွှေဘိုမင်းလက်ထက်တွင် ထင်ရှားကျော်ကြားသော အမျိုးသမီး စာဆိုတော်တယောက်ဖြစ်လေသည်။

မြင် စိုင်းမင်းသမီး၏ အမည်မှာ ကြံညှပ်မင်းသမီး၊ ရဝေရှင်ထွေး၊ လှိုင်ထိပ်ခေါင်တင်တို့၏ အမည်များကဲ့သို့ပင် မြို့အမည်ကို ရေ့ကတပ်ထားသော အမည်နာမဖြစ်ပေသည်။ မြင်စိုင်းကို မြင်စိုင်းဟုလည်း ရေးပေသည်။ သံတော်ပွက်တောင်ပေါ်မှ မြတ်စွာဘုရားသခင်သည် စိုင်သုံးကောင်ကို မြင်ရာဖြစ်၍ 'မြင်စိုင်' ခေါ်ကြောင်း၊ ယခုတွင်မူ ဝိသဇ္ဇနီသံနှင့် 'မြင်စိုင်း' တုရွေ့လျားခေါ်ဆိုကြကြောင်းနှင့် မောင်းထောင်သာသနာပိုင်လူထွက်၊ ဆရာကြီးဦးမြတ်နေ မှာထားချက်ရှိပေသည်။ ဝေါဟာရ လီနတ္ထဒီပနီကျမ်းတွင်မူ၊ အမြင်ဆိုင်းဆိုင်းညို့ညို့ရှိ၍ 'မြင်စိုင်း' ရေးသင့်ကြောင်း ဆိုလေသည်။ ချောင်းများ၌မြင်စိုင်းဟု (စ) ၍ရေးသားကြပါသည်။

မြင်စိုင်းမင်းသမီးသည်၊ သူရကန် - စက်ပျံရွှေဥဒေါင်းငယ်ကလေး' ချီဆောင်းဘွဲ့ပတ်ပျိုး၊ ဟေမန္တာလေသွေးတော့' ချီဆောင်းဘွဲ့တေးထပ်၊ 'ကြာသဉ်ညောင်ရိပ်နန်း' ချီနဖူးစာနတ်တိုင် တေးထပ်၊ 'စံတော်ရာပျော်မမွေ့' ချီတေးထပ် ,ကျမ်းစာညီယဉ်ဟာမို့' တေးထပ်၊ 'မျှော်ရသူပန်းပါပေါ့' ချီတေးထပ် ရွှေမျှက်နှာရှင်ပျ, ချီတေးထပ်၊ အထက်ပါ အမျှော်စိုက်တေးထပ်များကို ရေးသားသီကုံးခဲ့လေသည်။

www.burmeseclassic.com



### ၁။ မြင်စိုင်းမင်းသမီးဆို ဆောင်းတွဲပတ်ပျိုး

သူရကန်စက်ပျံ ရွှေဥဒေါင်းငယ်ကလေ၊ ပြင်လမ်းစံ ဟောမန် - ရာသီ - ဆောင်းငယ်မို့လေး။ ပွေ့- လွန်း-နိုင်ရှာ။ ဖော်ကွဲသူ - ပူနဲ့မှာ - သဲကြွေလှူ - ဆွေးစရာ။ နှင်းတွဲ့ နှင်းဝေဖြာ။ သွင်းတဲ့မှ - သွင်း - လေလာ။ ကြိုင်စွာလေ ဇင်ပန်းဖူး၊ ခိုင်ညှတ် - ပင်ချင်းကူး။ ရဂုံမြိုင်လယ်ဦး၊ ကျေးသူတို့မြူး၊ ခေါ်ထူးလူလို၊ မ - ဖိုရွှေလည်တွဲပါလို့လေ၊ လည်ဝဲရှက်ပျံ၊ ပျော်စံသိုက်မြုံထဲမှာတဲ့လေး။ သည်မြိုင်ယံ တောင်စောင်းက၊ ဒေါင်း - အိုးဝေသံ၊ ငှက်ပေါင်းတို့ သောင်းကြွက်ညံ။ ။

သဖြန်။ ။သည်တောမြိုင်ယံ၊
ဖော်ကွာသူ - ပူစေဖန်လို့ ဖြေရန်ပွေခန်း။ ။

ယိမ်းနွဲ့ညွှာတံ - ဇင်းမင်းရွှေရည်ကျ လို့၊
ခါတော်မှန် - ရာသီလိုက်တယ်၊ သိန်းထိုက်တဲ့ပန်း။ ။

### ၂။ မြင်စိုင်းမင်းသမီးစီကုံးသောတေးထပ်စု ဆောင်းတွဲတေးထပ်

ဟောမန္တာ လေသွေးတော့ အအေးအေးစိမ့်တုန်၊
မယ့်ရင်ဝသဲအုံမှာ၊ တခုန်ခုန်များ။ ။

ဖဲပိုးညွန့် - ထပ်ခါခြုံတယ်၊
မလုံနိုင်အေးလိုက်တာများ။ ။



ဖူးစာရှင် - ကေခိုင်ရယ်၊ နေနိုင်တော် - နေအား။ ။
ရင်ငွေ့တော်တူနှစ်ပါး၊ လှည့်ပြားလို့ခိုလှုံ။ ။သဏ္ဌာလိဘုံကြွ၊ သည်လိုမှ - နွေ့လိမ့်တပုံ။ ။ဘယ်တော့များတူဆုံမယ်၊ ရွှေရင်အုံလေခဟ်တော့ သေမတတ်-ခန်းကြာညောင်း၊ တ - မှိုဘုန်းခေါင်။ ။ဘယ်ကာလ - ဖွေဆောင်မှာ၊မယ်နှင့်မောင် - နီးမယ်ပလေး။ ။

### ၃။ နဖူးစာနတ်တိုင် တေးထပ်

ကြာသဉ်ညောင်ရိပ်နန်း၊ စိတ်ပန်းလို့ကိုယ်ကျေ၊
မိတ်ခန်းတို့ပျိုတမေကို၊ ငြိုပလေနတ်မင်း။ ။

တဦးမှမကူးလာတယ်၊ နဖူးစာမေ့းတဲ့အခင်း။ ။

စောသာကိန္နယ်မြည္ဟာကို၊ ကယ်မပါလက်ငင်း။ ။

ဘယ်ကဟာ အချက်လင်းမယ်သိ၊
ဆက်သွင်းသည့်စာခွေ။ ။

အကြောင်းခံပေါင်းနွှံသ၊
တောင်းပန်ခဦးညွှတ်လျက်နေ။ ။

အိပ်မက်ထူးအနိတ်ခြွေသည်၊နိမိတ်တွေကွက်ဆန်းနှင့်၊
စက်ခန်းမှာထင်မြင်အောင်သာ၊ လင်းပြလိုက်ပါ။ ။

ဖော်ပတဲ့-သော်ကညွှာမှာ၊
မျှော်ရတာသေလှူပေါ့လေး။ ။



www.burmeseclassic.com

www.burmeseclassic.com



၄။ အမျှော်စိုက်တေးထပ်

စံတော်ရာ-ပျော်မမွေ့၊ အပူတွေ့စိတ်မှာ၊
တူမတွေ့-မိတ်လျာငယ်၊ တဆိတ်စာသနား။ ။

သဋ္ဌာမြင့်ဗွေစက်ညောင်မှာ၊
ရွှေမျက်တောင်ကျိန်းငြား။ ။

သစ္စာတော်အတည်ထားပါင့်၊ ပလီအားမကြံ။ ။

ရွှေမျက်နှာ-သော်တာလ၊ မျှော်ပါရဝေးဘို့ကောန်။

ဆွေးရတက်-လွန်ပြင်းထန်၊သူရကန်နေမင်းသို့၊
ဖန်နင်းသော်-နှိုင်းအတူ၊ လေးခင့်စိတ်မူ။ ။

ချစ်သမျှ-မယ့်အပူကို၊ တဘုန်းလူ-သိဘူးဖျာ့လေး။

(အလယ်တွင် တပိုဒ်ကျနေသည်)

၅။ အမျှော်စိုက်တေးထပ်

ကျမ်းအညီယဉ်အလှဟာမို့၊ ယှဉ်မရထိုက်ပါ၊
မြင်သမျှကြိုက်မှာငယ်၊ တင်ရတနာတပါး။ ။

သည်ကဖြင့်ဉာဏ်မြော်ပါသည်၊
စံရာတော်ဆိုက်လိမ့်ရထား။ ။

ရာ့တမျိုး-မေတ္တာလှိုင်မယ်၊ ချစ်ပါနိုင်မလား။ ။

ဘယ်လိုဟာအစားလို့၊ အသိငြားခက်တယ်။ ။

မောင်မောင့်ပြင် မရှာတတ်ပါဘု၊
မကြာသတ်မုန်းကာဖြင့်ကွယ်။ ။



သမ္မာမြက်နေနွယ်ရယ်၊ သေချင်တယ်-ပွေလွန်းလှ၊
ရွှေညှန်းရက်-မိန့်တော်လာ၊ နားရှိလို့ပါ။ ။

ကြားချင်ဘုအပ်မရာတယ်၊
သတ္တဘာဟုတ်ဖူးထင့်လေး။ ။

၆။ အမျှော်စိုက်တေးထပ်

မျှော်ရသူ-ပန်းလှပေါ့၊ နွမ်းလျလျရွှေယိုင်၊
ပန်းကြာကြွေဗွေဆိုင်မှာ၊ မပြေနိုင်စိတ်စော။ ။

နှင်းသတ်တဲ့-ရဝေဆောင်တွင်၊
တဖေမောင်ဘုန်းသူ့တွက်မော။ ။

လာနိုးနှင့်မြကတီမှာ၊ လှမဒီနုချော။ ။

ကျ နာရီချိန်စောလို့၊သဘောကမတင်။ ။

ရွှေပဟိုရ်နှစ်ချက်တီး၊ ပျို့မောင်ကြီးကြွခဲ့ပေါ့ရှင်။ ။

စိန်ခြူးကြော့မှန်တင်မှာ၊ နှံဆင်ခါ-ဟန်ကြွားလို့၊
စကားခြေလယ်လယ်၊ ပြောချင်လှတယ်။ ။

နှစ်ကိုယ်တွေ့မေ့မျက်ခြယ်ရယ်၊
ပွေ့လျက်တကယ် စံစားမယ်ပလေး။ ။

၇။ အမျှော်စိုက်တေးထပ်

ရွှေမျက်နှာ ရှင်ပျူ၊မမြင်ရ-ရက်ကြာ၊
နှင်းခတဲ့သဋ္ဌာမှာ၊ စက်ပါသော်ပျော်ဘူး။ ။

www.burmeseclassic.com

www.burmeseclassic.com



လင်းကြက်ကတွန်ဆော်၊
ယွန်းစည်တော်-သုံးချက်ကကျူး။ ။

ရွှေဖူးမှာလက်တင်၊ စက်ခွင်မှာညစ်ညူး။ ။

စိတ်ပွေပွေ ပိုထူးလို့၊ ချစ်ဦးကြောင့်ခင့်ကိုယ်။ ။

မြမျက်ရေယိုကာစီး၊ ဗျာပါမီးထပ်ထပ်သာပို။ ။

ညောင်သဥ္ဈာရိပ်ခိုမှာ၊ မှုပိုပိုပွေတုန်းမို့၊
ညဉ့်သုံးယံစက်ပါသော်၊ မွေးမိုတ်မပျော်။ ။

လာနိုးနှင့်ဘုန်းမော်မော်ရယ်၊
မျှော်ယောင်သာ မျှော်မိတော့လေး။ ။

## လှိုင်ထိပ်ခေါင်တင်

## (၁၁၉၅-၁၂၇၇)

လှိုင်ထိပ်ခေါင်တင်သည် စစ်ကိုင်းမင်း (ဘကြီးတော်) လက်ထက် ၁၁၉၅-ခုနှစ်တွင် အိမ်ရှေ့စံရွှေဘိုမင်း (သာယာဝတီမင်း၊ ကုန်းဘောင်မင်းဟူ၍လည်း ခေါ်ပါသေးသည်) ၁၁ဂဂ-ခုနှစ်၌ ဟသ်ာမြို့သူ မမြကလေးကို သိမ်းပိုက်တော်မူပြီးနောက် သက္ကရာဇ် ၁၁၉၅-ခုနှစ်တွင် ဖွားမြင်ခဲ့သူ ဖြစ်လေသည်၊ ငယ်မည်မှာ 'မဖွားကြီး' ဖြစ်ပေသည်၊ ခမည်းတော် မယ်တော်တို့က ချစ်စနိုးဖြင့် 'တင်တင်'ဟု ခေါ်ကြလေသည်။

မဖွားကြီး အသက် ၄-နှစ်အရွယ် ခမည်းတော် ရွှေဘိုမင်းတရားကြီး အထွတ်အမြတ်သို့ ရောက်တော်မူသောအခါ မယ်တော် 'ရွှေလောင်းတိုက်သခင် မမြကလေး'ကိုလည်း ဟသ်ာမြို့စားပေးသနားတော်မူခြင်း ခံရလေသည်၊မဖွားကြီးအားလည်း လှိုင်မြို့ကိုစား ပေးသနားတော်မူခြင်း ခံရလေသည် ထိုအခါမှ စ၍ 'လှိုင်မင်းသမီး'ဟုရင်း၊ 'လှိုင်ထိပ်ခေါင်တင်'ဟု ရင်း၊ ခေါ်တွင်စတွင် ပြုလာကြပေသည်။

သက္ကရာဇ် ၁၂၀၂-ခုနှစ် ဝါဆိုလအတွင်းတွင် ခမည်းတော် ရွှေဘိုမင်းတရားကြီးသည် ရာဇဘိသေက မုဒ္ဓာဘိသိက် ခံတော်မူလေသည်၊ ထိုလှိုင်ထိပ်ခေါင်တင်၏ မယ်တော်ကို အနောက်နန်းမိဖုရားတင်မြှောက်၍၊ 'သိရိမဟာသုတရတနာ စန္ဒာဒေဝီ'ဘွဲ့ အမည်သမုတ်တော် မူလေသည်၊ လှိုင်ထိပ်ခေါင်တင် အားလည်း 'သိရိသုမြတ်စွာ ရတနာဒေဝီ' ရွှေဘွဲ့ချည်တော်မူလေသည်၊ ထိုနှစ်အတွင်း တန်ဆောင်မုန်းလဆန်း ၁၅-ရက်နေ့မှစ၍ သျှောင်ထုံး၊ နားထွင်း၊ တဘက်ဝတ်၊ ဒက်ဆင်မင်္ဂလာ ဆင်ယင်ကျင်းပတော်မူရာတွင် လှိုင်ထိပ်ခေါင်တင်မင်းသမီးအား မိဖုရား ခေါင်ကြီးများ၏ သမီးတော်များနှင့်အတူ မှန်နန်း တော် ဘမရာသနံ ရာဇပလ္လင်တော်ရှေ့၌ နားထွင်း၊ သျှောင်ထုံး၊ တဘက်ဝတ်၊ ဒက်ဆင်မင်္ဂလာကို ဆင်ယင်ကျင်းပတော်မူစေ၏။

သက္ကရာဇ် ၁၂၀၇-ခုနှစ် လှိုင်မင်းသမီး အသက် ၁၂-နှစ်မျှ အရွယ်တွင် မယ်တော်အနောက်နန်း မိဖုရား မမြကလေးနှင့် အဖွားတော်ဖြစ်သော မယ်အိတို့ကို၊ ခမည်းတော်ရွှေဘို မင်းတရားက သားတော်ပြည်မင်းနှင့် နှလုံးစိတ်ဝမ်း မကွဲမပြား ကြံရာပါဖြစ်သည်ဟု ကွပ်မျက်တော်မူလေ၏၊ လှိုင်မင်းသမီး ခမျာမှာ ရှက်စိသူငယ်နှင့်သာ ကျန်ရစ်ရှာလေသည်၊ထိုအခါ မိခင်ကိုလွမ်းဆွေးသည် အားကိုးရာမဲ့ဖြစ်နေသော လှိုင်မင်းသမီးအား မင်းသုန်း

www.burmeseclassic.com



မင်းသားၚ် မိဖုရားက သနားတော်မူသည့်အလျောက် ကောက်ယူကျွေးမွေးထားပေသည်။

မယ်တော်အနောက်နန်း မမြကလေး ကံကုန်တော်မူပြီးသည့်နောက် တနှစ် သက္ကရာဇ် ၁၂၀၈-ခုနှစ်တွင် တောင်နန်းမတော်မှဖွားသည့် ပုဂံမင်းနန်းတက်တော်မူလေသည်၊ ထိုအချိန် ကာလလောကမှစ၍ လှိုင်ထိပ်ခေါင်တင်သည် ကဗျာလင်္ကာဆိုမှုအရပ်ရပ်တို့ကြောင့်လည်း ထင်ရှားစပြုလာပေ၏၊ ရုပ်ရည်ရူပကာယ လှပချောမွေ့သောကြောင့်လည်း မြင်သူတိုင်းချစ်ခင်ကာ ကျော်စောစပြုလာပေသည်။

သက္ကရာဇ် ၁၂၁၄-ခုနှစ်တွင် မန္တလေး ရတနာပုံမြို့တည် နန်းတည် ဘဝရှင်မင်းတုန်းမင်းတရားကြီးနန်းတက်တော်မူလေသည်၊ ဤသို့ နန်းတက်တော်မူပြီးနောက် ၁-နှစ်ခန့်မျှအကြာ သက္ကရာဇ် ၁၂၁၅-ခုနှစ် ဒုတိယ ဝါဆိုလဆန်း ၆-ရက် နေ့တွင် ညီတော်ကနောင်မင်းသားအား အိမ်ရှေ့နန်းအပ်နှင်းတော်မူ၏၊ ညီတော် အိမ်ရှေ့ကနောင်မင်းသားနှင့် လှိုင်ထိပ်ခေါင်တင်အား စုလျားရစ်ပတ်လက်ထပ် ထိမ်းမြားပေးတော် မူသောကြောင့် လှိုင်ထိပ်ခေါင်တင်သည် အသက် ၂၀-အရွယ်တွင် အိမ်ရှေ့မိဖုရားဖြစ်တော်မူလေသည်။

အိမ်ရှေ့ကနောင်မင်းသားနှင့် သားတော်တပါး ဖွားမြင်ထွန်းကားခဲ့ပေသည်၊ ထန်းတပင်မင်းသားဟု တွင်လေသည်၊ သို့ရာတွင် ထန်းတပင်မင်းသားမှာ သက္ကရာဇ် ၁၂၄၀-ပြည့်နှစ်သီပေါမင်းနန်းတက်တော်မူစဉ်၊ မင်းညီမင်းသားတို့ကို ကွပ်မျက်ရာ၌ ပါသွားရှာလေသည်။



အိမ်ရှေ့မိဖုရား လှိုင်ထိပ်ခေါင်တင်သည် သက္ကရာဇ် ၁၂၃၇-ခုနှစ် သက်တော် ၄၂-နှစ်တွင် ကံကုန်တော်မူခဲ့ပေရာ၊ ရှေးလွန်ခဲ့သည့် အနှစ် ၃၀-ခန့်က မိမိမယ်တော်ရင်း ဖြစ်သော အနောက်နန်း မိဖုရားမမြကလေးကို ကွပ်မျက်ကြရာ၌ခံစားခဲ့ရသော ဆင်းရဲဒေဝနာမျိုးကို မိမိ၏သားတော်ရင်းဖြစ်သော ထန်းတပင်မင်းသားကို ကွပ်မျက်ရာ၌ ထပ်မံခံစားခြင်း မပြုခဲ့ရတော့ပေ။

လှိုင်ထိပ်ခေါင်တင် စပ်ဆိုခဲ့သော ကဗျာများမှာ—

(၁) စိန်ခြူးကြာညောင် - ချီ ဘောလယ်။
(၂) နာဂဆဒ္ဒန် - ချီ ဘောလယ်။
(၃) ပဏ္ဍုသေလာ - ချီ ဘောလယ်။
(၄) ရွှလဲသာထွေ - ချီ ဘောလယ်။
(၅) ထုံးပန်းမာလာ - ချီ ဘောလယ်။
(၆) ပုလဲမြိတ်စုံ - ချီ ဘောလယ်။
(၇) ပတ္တမြားရက်ရုံ - ချီ ဘောလယ်။
(၈) ပြောင်လူးမာတင် - ချီ ဘောလယ်။
(၉) ရေယာမုန် - ချီ ပတ်ပျိုး။
(၁၀) ညန့်ဆည်းလွန် - ချီ ပတ်ပျိုး။
(၁၁) မိန္ဒိရက်ဖန် - ချီ ပတ်ပျိုး။
(၁၂) ဋ္ဌိက္ကိမာ - ချီ ပတ်ပျိုး။
(၁၃) ညဥ့်သုံးယာမ် - ချီ ပတ်ပျိုး။
(၁၄) ပြဒုယ်ချပ်ရံ - ချီ ပတ်ပျိုး။

www.burmeseclassic.com

www.burmeseclassic.com



(၁၅) ပန်းသဉ်လယ် - ချီ ပတ်ပျိုး။
(၁၆) ခြသေ့်ခံရွှေမုတ်တွင်း - ချီ တေးထပ်။
(၁၇) ပုလဲရည်ငွေဥ - ချီ တေးထပ်။
(၁၈) တောင်ပတ်လည် - ချီ တေးထပ်။
(၁၉) ကြင်သစ္စာ ဆင်စဉ်း - ချီ တေးထပ်။
(၂၀) ညဉ့်ရုံတော် အခြေပျက်စေဘို့ - ချီ တေးထပ်။
(၂၁) ကိုယ်ဘာသာစိတ်ကူးလို့ - ချီ တေးထပ်။
(၂၂) ကကြိုးခနင်ကွေး - ချီ တေးထပ်။
(၂၃) သူဖြူလျှင် အယူဖြောင့်နိုင်ငံ့ - ချီ လေးချိုး။
(၂၄) မြိုင်တသန့်မှာတဲ့ - ချီ ဒွေးချိုး။
(၂၅) စုံတကြောမှာတဲ့ - ချီ ဒွေးချိုး။
(၂၆) ခိုင်အနန်းငယ်နှင့် - ချီ ဒွေးချိုး။
(၂၇) မြခဲရောင်နွယ် - ချီ ဒွေးချိုး။
(၂၈) လာမချော့လာနှင့် - ချီ ဒွေးချိုး။
(၂၉) မျှော်မရဲအောင်ချီ - ရာသီဖွဲ့။
(၃၀) လွမ်းတဲ့ဖြစ် - ချီ မှာတမ်း။
(၃၁) သစ်လို့သာ ညွန်းတော့ - ချီ မှာတမ်း။
(၃၂) မြိုင်ခြေခိုင်ရွှေ -ချီ သီချင်းများနှင့်။
(၃၃) ‘ဝိဇယကာရီ’ နန်းတွင်းဇာတ်တော်ကြီး။
(၃၄) ‘ကုန္ဒာဝံသ’ နန်းတွင်း ဇာတ်တော်ကြီး တို့ကိုလည်း စီကုံးဖွဲ့နွဲ့ရေးသားခဲ့လေသည်။



လှိုင်ထိပ်ခေါင်တင်သည် ‘ဝိဇယကာရီ’ နန်းတွင်း ဇာတ်တော်ကြီးနှင့် ‘ကုန္ဒာဝံသ’ နန်းတွင်းဇာတ်တော်ကြီးကို နန်းတွင်းသူနန်းတွင်းသားများ ဖတ်ရှုရန်အတွက် ရေးသားခဲ့ခြင်း ဖြစ်သည်၊ လှိုင်ထိပ်ခေါင်တင်၏ စာများမှာ ဂုဏ်ရသ မြောက်လှ ပါသည်၊ စီကုံးနှုန်းဖွဲ့ပုံမှာလည်း ကန့်ကရရှိလှပါသည်၊ ထီးမူနန်းဟန် ကြွ ငှန်းဆန်လှသော စကားလုံးများကို အဆန်းတကြယ် ရွေးချယ် သုံးနိုင်ခဲ့ပေသည်၊ လှိုင်ထိပ်ခေါင်တင်သည် စာဆိုတံခွန်ကို မားမားကြီး လွှင့်ထူ၍ အောင်မြင်မှုအဝဝကို ရရှိခဲ့သည်မှာ ၎င်းရေးသားသော ဘောလယ်နှင့် ပြဇာတ် များကြောင့်ဟု ဆိုနိုင်ပါသည်၊ လှိုင်ထိပ်ခေါင်တင်၏ ဘောလယ်များမှာ မောင်တော်ကနောင်မင်းသားအား ဖွဲ့ဆိုထားသော ကဗျာများချည်း ဖြစ်ပေသည်၊ ဘောလယ်ဟူသော အဖွဲ့သည် ရှေးက မပေါ်ခဲ့ဘူးသေး၊ လှိုင်ထိပ်ခေါင်တင်က စတင်တီထွင်လိုက်သော သီချင်းဆန်းပင် ဖြစ်သည်၊ ဘောလယ်၏ အနက်အဓိပ္ပါယ်ကို စေ့ငုကြည့်ပါသော် ‘သဘောလည်’မှ သကျေကာ၊ ‘ဘောလည်’၊ ‘ဘောလည်’ မှသည် ‘ဘောလယ်’ ဟူ၍ ဖြစ်လာနိုင်စရာရှိသည်။ တနည်းကြံဆသော် ‘ဘဝလည်’ မှတ်သည် ‘ဘစ်လည်’ ၊ ဘစ်လည်’ မှသည် ‘ဘောလည်’ ‘ဘောလယ်’ တို့သို့ ဆင်းသက်ပြောင်းလဲလာသည် ဟုလည်း ယူနိုင်ပါသည်။ ဘောလယ်သည် စည်းလွတ်ဝါးလွတ် သော်၎င်း၊ တူရိယာနှင့် တွဲဖက်၍သော်၎င်း သီဆိုနိုင်သော သီချင်းဖြစ်ပေသည်။

မောင်တော်ကနောင်မင်းသားသည်၊ လှိုင်မင်းသမီးအပေါ်တွင် တစတစ အချစ်ပေါ့လာခဲ့သဖြင့်၊ လှိုင်မင်းသမီး၏ အ

www.burmeseclassic.com

www.burmeseclassic.com



သည်းနှလုံးသားဝယ် မချိတရိ ခွေနုံးလျက် မရှင်သာမကြည်းနူးသာရှိရလေသည်။ ထိုအခါတွင် မောင်တော်ကနောင်မင်းသား၏ ချစ်သဲဆိုင်ကို ဆွဲကိုင်နိုးဆွနိုင်သော၊ ကသိကရိ အနွဲ့ကရ နှင့် ညင်သာငြိမ့်ညောင်းသည့် 'ဘောလယ်' များကိုဖွဲ့ဆိုဆက်သလေရာ လှိုင်မင်းသမီးအပေါ်တွင် မောင်တော်ကနောင်မင်းသားသည် ရှေးနှင့်မခြား ချစ်မေတ္တာပွားခဲ့ ပြန်လေသည်။ ထိုသို့အချစ်ဟောင်းတွင် အချစ်သစ်လောင်း၍ ကြည်နူးနေကြ၍ ၂-နှစ်အကြာတွင် မြင်းကွန်းမင်းသားနှင့် မြင်းခုံတိုင်မင်းသားတို့ လုပ်ကြံသဖြင့် အိမ်ရှေ့ကနောင်မင်းသား ကံကုန်ရရှာလေသည်။ လှိုင်ထိပ်ခေါင်တင်၏ ဘဝသည် ချစ်သူသက်လှယ် ကြင်ဖော်ဝေး၍ ပူဆွေးရမှု၊ ချစ်ဦးသူသက်ထားဆုံးပါးရ၍ ပူဗျာကြွယ်ရမှုတို့ဖြင့် ပြည့်လျှမ်းနေပေရာ မရှင်သည်နှလုံးသားမှ ထင်ဟပ်ဖွဲ့ဆိုလိုက်သမျှသော တေးကဗျာတို့မှာ သူတကာ၏နှလုံးကို ယူကျုံးပိုက်ဖျားဘိသကဲ့သို့ရင်း၊ အလွမ်းဓါတ်ကို အထပ်ထပ်နှိုးဆော်ဘိသကဲ့သို့ရင်း ရှိလေတော့သည်။

အိမ်ရှေ့စံ ကနောင်မင်းသားတွင် ကိုယ်လုပ်တော် ၄၈-ယောက်မျှရှိသည်ဟုဆိုသည်။ အိမ်ရှေ့မင်းသည် လှိုင်ထိပ်ခေါင်တင်အပေါ်တွင် တစတစနှင့်အချစ်လျော့ရဲလာခဲ့သည်။ နှစ်သက်မြတ်နိုးတော်မူရာ ကိုယ်လုပ်တော်တို့နှင့်သာ စံစားနေသည်ကများသည်။ လှိုင်ထိပ်ခေါင်တင့်ထံသို့မူ မလာတလှည့်လာတလှည့်နှင့် ရှိခဲ့သည်။ သို့ကြောင့် လှိုင်ထိပ်ခေါင်တင်မှာ မောင်တော်အား တမ်းတပူးဆွေးနေမိရှာသည်၊ တညဥ့်တွင် မောင်တော်အိမ်ရှေ့မင်းသည် ညီလာခံမှ ပြန်မလာဘဲရှိသည်၊ လှိုင်ထိပ်



ခေါင်တင်သည် မောင်တော်အား ပဟိုရ်စည် သုံးချက်တီးသည့်တိုင်အောင် စောင့်မျှော်နေမိရှာသည်၊ ရှေးဖြစ်ဟောင်း အထွေထွေကို နပူးပေါ်လက်တင်၍ ပြန်ပြောင်းဆင်ခြင်မိကာ အသည်းတလှိုက်လှိုက်ခုန်၊ ဘဝင်တခိုက်ခိုက် တုန်မိရှာလေသည်။ ဤသို့မချိလှသော အသည်းဆိုင်နှလုံးသား အတွင်းမှ မိမိ၏ အဖြစ်သနစ်အလုံးစုံကို 'စိန်ခြူးကြာညောင်' အစချီသော ဘောလယ်တွင် သီးကုံးလိုက်ရှာလေသည်။ လှိုင်ထိပ်ခေါင်တင်၏ ဘဝဖြစ်စဥ်သည် သနားစဘွယ် ကြေကွဲစဘွယ် အဖြစ် ဤဘောလယ်တွင် ထင်ဟပ်လျက်ရှိနေပေရာ ဂရုဏာရသ မြောက်လှပါပေသည်။

မင်းတုန်းမင်း စံမြန်းတော် မူသော မှန်နန်းတော်ဆောင် မြောက်ဘက် ပေ ၁၀၀-ခန့်အကွာတွင် ပန်းသစ်ပင်အမျိုးမျိုးတို့ဖြင့် ဝေဆာမှိုင်ဆိုင်လှသော ပန်းဥယျာဥ်တခုရှိသည်။ ၎င်းဥယျာဥ်ကို 'မြောက်ပန်းခုံ'ဟု ခေါ်သည်။ ထိုမြောက်ပန်းခုံနှင့် ပတ်သက်၍ 'ပုလဲမြိတ်စုံ'ချီ ဘောလယ်တွင် 'ခိုင်မာလာပန်းငယ်နှင့်၊ စက်ခန်းတော်ဘုံ၊ မော်ယွန်းသဥ္စာ၊ ဆောင်တော်ကွေ့မှာ နှင်းတွေမကြုံ'ဟု ဖွဲ့ဆိုထားလေသည်။ ထို လူသူ ကင်းရှင်းသော ပန်းဥယျာဥ်သို့ အပါးတော်၌ အမြဲခစားရသော စာဆိုတော် ခင်အုံနှင့် ခင်သစ်တို့ကို လှိုင်ထိပ်ခေါင်တင်က ခေါ်ယူကာ 'စိန်ခြူးကြာညောင်' ဘောလယ်ကို အသံနေ အသံထား အဆွဲအငင်အဖြတ်အတောက်ကျနစွာဖြင့် ကိုယ်တိုင် သီဆိုသင်ကြားပြသပေးသည်၊ ထို့နောက် ခင်အုံအား အိမ်ရှေ့မင်း ရှေ့တော်သို့ ဝင်စေပြီးသီဆိုစေရာ၊ အိမ်ရှေ့မင်းသည် ထိုနေ့မှစ၍ သတိတရား

www.burmeseclassic.com

www.burmeseclassic.com



ရကာ လှိုင်ထိပ်ခေါင်တင်အပေါ်၌ အချစ်စိတ်တဖန် ပြန်လည်လာခဲ့သည်ဟု ဆိုလေသည်။

ပန်းဥယျာဉ်အတွင်းရှိ မြောက်ပန်းခုံအလယ်၌ အလွန်လှပစွာ ဆောက်လုပ်၍ ဖဲသော်မော်တို့ဖြင့် အတွင်း၌ ချယ်လှယ်ကာရံထားသော ရွှေဆောင်တော်ကို 'သော်မော်'ဆောင်ဟုခေါ်သည်။ ၎င်းအဆောင်တော်မှာ စက်တော်ခေါ်ရန် ရွှေသားကျောက်စီသလွန်တော်ရှိသည်။ ရေမွှေးနံ့သာဆီတော် အမျိုးမျိုးဖြင့် ထုံကြိုင်စေလျက် အိပ်ရာတော်၊ ကြာခြည်တော်၊ ခြုံတော်စောင်မှစ၍ ဝတ်လဲတော်များကို ရွှေကလပ်နှင့်တင်၍ အရပ်ရပ် ပြည့်စုံအောင်ထားရသည်။ ၎င်းအဆောင်တော်သို့ ထွက်တော်မူသောအခါ ခေါ်တော်မူသောမိဖုရားတပါးသာ လိုက်ရသည်။အခြွေအရံတဦးမျှမလိုက်ရ၊ မိဖုရားငယ်များကို ခေါ်တော်မူလိုလျှင် မင်းဖုရားများ ခ,စားလျက် ရှိသည်အနက်၊ ထွက်တော်မူစဉ် ဆံထုံးကို လက်တော်နှင့်ထိတို့ခဲ့သော မိဖုရားသာလျှင် ထ၍လိုက်သွားရလေသည်။ ၎င်း'သော်မော်'ဆောင်ကား မိဖုရားတပါးနှင့်သာလျှင်အတူစံတော်မူရန်ထားသော အဆောင်တော်ဖြစ်ပေသည်။

ကနောင်မင်းသားက လှိုင်မင်းသမီးအပေါ် သနားကရုဏာသက်ရောက်၍ ယုယပိုက်ဖြားသည်ကို မနာလိုကြသော ကိုယ်လုပ်တော်တို့က အိမ်ရှေ့ကနောင်မင်းသားအား မကြာမကြာ ချောပစ် လျှောက်ထားကြ သည်ကို နားဝင်တော် မူသောကြောင့် မျက်နှာတော်သုန်သုန်မှုန်မှုန်ဖြင့် လှိုင်မင်းသမီးအားအရေးမပေးဘဲ ရှိပြန်လေသည်။ ထိုအခါတွင် 'ထုံပန်းမာလာ'ချီဘောလယ်ကို ရေးသားဆက်သွင်းခဲ့လေသည်။



ထို့နောက် လှိုင်မင်းသမီးသည် မောင်တော် အပေါ်၌သာ အားကိုးမိပါသည်၊ မောင်တော်အပေါ်၌ ချစ်မေတ္တာအဘယ်ခါမျှ မယိမ်းမယိုင် ခိုင်မြဲပါမည်၊ သစ္စာကျွမ်းကျိန်၍ပင် ပြနိုင်ပါသည်၊ နှမတော်ကလေးအား အများချောပစ်စကားဖြင့် မုန်းတော်မမူသင့်ပါဟူ၍ လျှောက်ထားလိုသဖြင့် 'နာဂဆဒ္ဒန်း'ချီဘောလယ်ကိုရေးသား ဆက်သွင်းပြန်သေသည်။

အိမ်ရှေ့မင်းတွင် အလွန်အလိုလိုက်ယုယချစ်ခင်သော သမီးတော် 'စမ္ဗာယ်နဂိုရ်မင်းသမီး' ကလေး တပါးရှိသည်။ ထိုမင်းသမီးအားလည်း မိထွေးဖြစ်သူလှိုင်ထိပ်ခေါင်တင်ကို မလိုမုန်းတီးအောင် ကိုယ်လုပ်တော်တို့က မြှောက်ပင့်ပေးလေသည်။ကနောင်မင်းသားလည်း ယုံကြည်စပြု၍ လှိုင်ထိပ်ခေါင်တင်အပေါ်ဝယ် တမျိုးအထင်လွဲပြန်လေတော့သည်။

အိမ်ရှေ့မင်းသား လိမ်းတော်မူရန်ဆီကို အိမ်တော်တွင်ပွတ်ရ၏။ တနေ့သ၌ စမ္ဗာနဂိုရ်ထိပ်ခေါင်တင်ကအပျိုတော် စေလွှတ်၍ လှိုင်ထိပ်ခေါင်တင်ထံတွင် လိမ်းတော်ဆီ တောင်းခိုင်းလိုက်သည်။လှိုင်မင်းသမီးကဖန်ဘူးဖြင့် ထည့်၍ ကောင်းစွာ ပေးလိုက်လေသည်။သို့သော် စံပယ်ဆီတွင် ဥခွံကျွတ်စပိုးဟပ်သေကလေးတကောင်ပါသွားလေရာ၊ အမိရင်း မဟုတ်၍သာ ဤကဲ့သို့ စေတနာကင်းမဲ့စွာ ပြုလုပ်သည်ဟု အထင်တော်မှား ပြီးလျှင် အည်းတော်အိမ်ရှေ့မင်းအား ရှိုက်ကြီးတငင်ငင် ငိုယိုခိုင်ကြားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



အိမ်ရှေ့စံကနောင်မင်းသားကလည်း သမီးတော် လျှောက်ထားချက်ကို တဖက်သတ် ယုံကြည်တော်မူ၍ ပွဲတော် တည်သောအခါတွင် မျက်နှာမကြည်မသာဘဲ သုန်မှုန်လျက် မိန့်ခွန်းတော် မဟဘဲ နေသည်။ လှိုင်ထိပ်ခေါင်တင်မှာ အထွေထွေ အမျိုးမျိုး စဉ်းစားကြံဆကာ နေမထိထိုင်မသာ စိတ်လက်မချမ်းသာနှင့်ပင် ပွဲတော်လိုက်မြဲလိုက်နေသည်။ ပွဲတော်လိုက်ပြီးသော အခါတွင် စိတ်ဆိုးသောအမူအရာနှင့် လှိုင်မင်းသမီးထွက်ခွာသွားလေသည်။ ထိုအခါအိမ်ရှေ့မင်းက 'ငါလိုက်ပြီး ဒါးနှင့်ငါးပိုင်း ပိုင်းလိုက်ရ' ဟု မိန့်တော်မူလေသည်။ အိမ်ရှေ့မင်းအကယ်ပင် စိတ်ဆိုးမှုန်းသိသဖြင့် အဆောင်တော်တွင်းသို့ ရောက်လျှင်ရောက်ခြင်း 'နာဂဆဒ္ဒန်'ချီ ဘောလယ်ကိုရေးသားပြီးလျှင် အဆိုတော်ခင်အုံအား အိမ်ရှေ့ဘုရားရှေ့တော်သို့ ဝင်စေ၍ရွှေနားသွင်းစေသော်လည်း ကနောင်မင်းသား အမျက်တော်မပြေဘဲရှိလေသည်။

သို့နှင့် နောက်တနေ့တွင် လှိုင်မင်းသမီးသည် အစိမ်းရောင်မြတဘက်၊ အစိမ်းရောင်အင်္ကျီ၊ အစိမ်းရောင်ဝတ်လဲတော်၊ မြနားဋ္ဌောင်း၊ မြလက်ဝတ်တော်၊ ဒေါင်းဒလိပ်ပန်းစသည်များကို ဆင်းမြန်းတော်မူပြီးလျှင် နေ့အခါအိမ်ရှေ့မင်းစက်ရာမှ နိုးလျှင်နိုးခြင်း နန်းတော်ကြီးသို့ ဝင်လိုပါကြောင်း ခွင့်တောင်းလျှောက်တင်ပြီး၊ သဘောတော်ထန်းတပင် မင်းသားကိုခေါ်ကာ အိမ်ရှေ့ဝင်းတော် အနောက်တံခါးက ထွက်ခဲ့လေသည်။ထိုနောက်နံ့သာနန်းတွင် စံနေတော်မူသော မင်းတုန်းမင်းနှင့် မိဖုရားခေါင်ကြီးတို့ထံသို့ ရုတ်တရက်ဝင်ရောက်၍ အကြောင်းစုံကိုစေ့ကုန်အောင်လျှောက်ထားလေသည်။ခဲအိုတော်နှင့် အမေတော်တို့က ဖျောင်း



ဖျ ချော့မော့ပြောဆိုသော်လည်း အိမ်ရှေ့ဆောင်သို့ မပြန်လိုကြောင်း အခါခါ လျှောက်တောင်းပန် သဖြင့် ရွှေနန်းတော်သစ်တပ်အနောက်တံခါးဝအနီး လက်ျာဘက် အိမ်တော်တွင် စံနေစေသည်။ မင်းတုန်းမင်းကြီးနှင့် မိဖုရားခေါင်ကြီးတို့က ကနောင်မင်းသားနှင့် လှိုင်ထိပ်ခေါင်တင်တို့အား အကြိမ်ကြိမ်စေ့စပ်ဖျောင်းဖျ-ပေးသော်လည်းမရဘဲ၊ တဦးနှင့်တဦး တကွဲတပြားစီ တနှစ်ခန့်ကြာအောင် စံနေတော်မူလေသည်။

ဤသို့တဦးနှင့်တဦ ကွဲပြားနေခိုက် လှိုင်ထိပ်ခေါင်တင်သည် 'သူဖြူလျှင်အယူဖြောင့်နိုင်ငဲ့' အစဖြာသော သံဝေဂလေးဆစ်ကို ရေးသားခဲ့ပေသည်။

ကနောင်မင်းသားလည် တဦးနှင့်တဦး ကွဲကွာသွားပြီး မျှားမကြာမီ အမျက်တော်ပြေကာ မိဖုရားကိုပြန်ခေါ်ပါသော်လည်း လှိုင်မင်းသမီးမလာရောက်ခဲ့ပေ၊ ထို့ကြောင့်မြင်းစာရေးကြီး ညီမောင်မောင်ဘအား ဘောလယ်တပုဒ်ကို ရေသားဖွဲ့နွဲ့ စေလေသည်။ ဤဘောလယ်တွင် မိမိသည်နှမတော်ကို ချတ်သတ်ရန်ရည်ရွယ်၍ သန်လျက်ထားကို ကိုင်မိခြင်းမဟုတ်ပါ၊ ရုတ်တရက်ယောင်မှား၍သာ ကိုင်မိပါကြောင်း ယနေ့တိုင်အောင်ပင် နှစ်ဦးနှင့်အမျှ နှစ်မလေးအား တွေ့ချင်ပါကြောင်း—

ဖူးပွေ့လက်တင်၊ တွေ့မြင်ချင်ရေးငယ်နှင့်၊ မနှစ်ဦးပင်ဆွေးပါရ၊ ငေးငိုမိမှိုင်၊ လဲမလို့သွဲ့ညို့ရှေ့သို့ မပြေနိုင်မှုန်းနှင်လေး၊ ရှုံးညာသက်ပိုင်။ ။

www.burmeseclassic.com

www.burmeseclassic.com



လက်သုံးတော်ဓါးကိုလ၊ ယောင်မှားကာကိုင်နိုင်ချင်လို့ဟုတ်ပါဘဲ၊ နှုတ်အာရဲတယ်လို့-အပြစ်တင်၊မချစ်ပြင်ပြင်၊ ချစ်ရင်အကျိုးကိုလေး ငြိုးမာန်ဖွဲ့ဆင်။ ။

သတ်တော်မူရက်ထာဖြင့်၊ အသက်ကိုပင်၊ ကြေနပ်အောင်စီရင်၍၊ ပြုချင်တော်တိုင်း၊ ခုခင်နေဘ်ဆိုင်းပါနဲ့၊ ပိုင်ဘို့ရယ်၊ မြရိုးသီလဝင် သံစက်သွားကို၊ ထားအပ်ပါ့မယ်။ ။

ငါမာန်တက်သူမို့၊ ရက်စက်လေတယ်၊ သက်သက်ကယ်သေ့ဖယ်လို့၊ မေတကယ်စိမ်း၊ သေလွယ်မှငြိမ်မယ်ထင့်၊ နွဲ့ယိမ်းနွဲ့ယိုင်၊ မြစိမ်၊လဲခိုင် - သန္ဓနှစ်ကယ်၊ စိမ်းရှာဖြစ်နိုင်။ ။

ဟူသောဘောလယ်ကို ရေးသား၍ လှိုင်မင်းသမီးထံသို့ ဆက်သစေခဲ့လေသည်။

## လှိုင်ထိပ်ခေါင်တင်ရေးသော ပတ်ပျိုးများ

### ၁။ မျှော်တော်ယောင်ပတ်ပျိုးကလေး

ညဥ့်သုံးယာမ်ခါ၊ လေပြေလာ၊ လေပြေလာ၊ ခွေရှရင်မှာ။ ။လာနိုးမျှော်မိ၊ မပြေပျော် နိုင်ဘူး၊ ဘုန်းမယ့် ကိုယ်ထူး။ ။မဖူးသာ၊ လွမ်းတာကပွား၊ ရှင်နတ်များ၊ အိုအို-မ,ဘဲကို။ ။မဖူးသာ၊လွမ်းတာကပွား၊ ရှင်နတ်များ၊ အိုအို—မ,ဘဲကို၊ ဆိုင်မှိုင်ရက်ကယ်ငေး။ ။သေလုပါပြီ၊ ကြေလုပါပြီ၊ အို—ဘာပြုမလာ



သေး၊ ဘုန်းသူနှင့်ဝေး။ ။လေးမယ်ငယ်ကံ၊ ရေးမဘွယ်ဖန်သလေး။ ။ကြုံကာပမ်းပါဘိ၊ လမ်းဘယ်မမြင်၊ ရွှေပင်လယ်ဆီးသည်သို့၊ နိုးမယ်မထင်။ ။သုံးရွှေကြော့ရှင်၊ ဘုန်းလာမမြင်သလေး။ ။

…ျိုးသဖြန်။ ။နှမလေးမယ့်သခင်၊ တင်ရန်ကမျှား။ ။
လှိုင်းကြီးတဲ့ရေ၊ မြကြောအဏ္ဏဝေသို့၊
ရွှေစကြာကွန့်တယ်၊ နန်းနေညွန့်ဘွား။ ။

### ၂။ ဝိဇယကာရီပတ်ပျိုးကလေး

ရေယမုန်၊ အမ္ဗုန်သီတာတိုင်း သို့လေ။ ။ငှက်လိမ်မာ၊ မကြာနောင်စေခိုင်းမယ်ပလေး။ ။တောင်ဝိုင်းစုံလွင့်၊ မြင့်တိမ်ယံဗွေ၊ ရေယဉ်စီးတဲ့မြစ်ကြီးငယ်သောင်ခြေ။ ။ရွှေရွှေရွှေရောင်သား၊ ငွေငွေငွေရောင်သား။ ။မြရေယဉ်မှော်ပင်ကြား၊ မြူးစံတဲ့ငါး။ ။ ။လေးမယ်ခင်နတ်သွင်ထား၊ ဘုန်းမယ်ဘို့သား။ ။ ။နှုတ်ဖျားဝါဝါ၊ ပန်းလွှာရွှေသွေး၊ ချီကာယူလို့ပေး။ ။ ။ကိုယ်မွေးသိင်္ဂါ၊ ဖြူစွာငွေသွေး၊ကျောင်းဝင်ကလေး။ ။ ။ရွှေဘုံသူကလေးငယ်ဘို့၊ ချီအေးသံသာ။ ။စုံဆယ်လီရှိရှင်ညောင်းတယ်၊ တောင်းယူခဲ့ပါ။ ။နွဲ့နွဲ့မာန်ကိုးငယ်နှင့်၊ အို-ဆိုးလိုက်ထာ၊ မြမျက်ရေဂေါဇင်ညာကာ၊ ငိုရှာလုနီး၊မောင်မောင်ကြီးငယ့်စိန်ကြိုးသွယ်၊ယာတီတ်ပကွယ်၊ ကြောင်ညိုပါးငယ်၊ စားတတ်လှတယ်။ ။ရေပေါ်မှာလွှမ်းပါတဲ့၊ ကံဇွန်းနွယ်၊ ဒေါင်းဖယ်ဝါ



www.burmeseclassic.com

www.burmeseclassic.com



ရောင်စုံကွယ်လို့၊ ခိုင်ရွှေနွယ်သီး၊ ဇမ္ဗူရည်ထီးမှာတဲ့ အညီးတော်ပြေ။ ။ယိုလေသဲသာ၊ စိန်ရိုးညှာလွဲမယ် လေး၊ နွဲ့ဟန်လို့သာ။ ။

ဒွေးချိုးသဖြန်။ ။တိတ်ပါတော့သက်လျာငယ်၊
ဥာဏ်ရှာလို့ဆိုး။ ။
မေ့မောင်ကြီးမပူပါနှင့်၊
ပင်တိုင်သူ စိတ်မကောင်းပါဘူ့ကွယ်၊
လောင်းနေညှနို့မျိုး။ ။

## ၃။ ဝိဇယကာရီ ပတ်ပျိုးကလေး

ညဥ့်ဆည်းလွန်၊ မော်စွန်ဘုံကြာဦးမှာတဲ့လေ။ ။ သုံးရွှေလျော်၊ တင်တော်သံချိုကျူးလို့လေး။ ။မူး ချိန်ပြည့်မှန်၊ မျက်ပံ့ကြော့ဆုံး၊ နှစ်ဘုန်းသက်လယ်၊ ကြင်လိပ်ပြာနှံ့ဆင်လွှယ်၊ ကွန်းဗွေမော့သဥ္ဇာလယ်။ ။ ရေးရွှေရုပ်ကယ်၊ ရှစ်စုံချယ်တဲ့ နတ်နွယ်ဘွား၊ ပျော် များပျော်တော်အောင်၊ နှင်းထုံတဲ့ဘုံကြာညောင်။ ။ ရွှေသဲညွှတ်အောင်၊ ကောင် ယံလေပြေဖြူးလို့လေ။ ။ ကြင်လတ်ခွာညို၊ ပြာသိုခါတော်ဦးမို့လေး။ ။ကြည် နူးဘွယ်ကြက်ကယ်ညံ့ညီ၊ တီးငွေမောင်းနှင့်ပြောင်းနှာ ရှို။ ။ပန်းလွှာလဲ့မို၊ ကတီခြုံစောင်ထွေးပါလို့၊ လုံ ယောင် - ဘုန်းမောင်မောင်၊ မုန်းအောင်ဥာဏ်သုံး၊ လ သွေလို့ရှုံး။ ။ကြော့ဆုံးသက်လှယ်၊ ရှက်ထယ်ဆို့ သာနှင့်လေ။ ။ပင်နန်းမြင့်သူ၊ ငယ်မူဟန်ပွားလို့



လေး။ ။နုရားခြုံတဲ့ပန်းဘုံလယ်၊ စကားကုန်တဲ့ညွှန်း ပြန်မယ်၊

ဒွေးချိုးသဖြန်။ ။သွေမဖယ်၊
သက်ကယ်တဲ့ရာလုံး။ ။
လှတပါးကိုဖြင့်၊
နတ်လားမောင်မောင်ထင်လို့၊
ကြင်ပါမယ်သည်ဘဝတွင်၊
ရိုးမြေကျဆုံး။

## ၄။ မျှော်တော်ယောင်ပတ်ပျိုးကလေး

မိန်ရက်ဖန်၊ ခါမှန်တာတော်ကူးမိုးလေ။ ။လွမ်းဘို့ စုံယမုန်ငွေသောင်ဦးမှာတဲ့လေး။ ။ကြည်နူးစေဘွဲ့မြရေ အဏ္ဏဝါ၊ လှိုင်းဘော့ပြန့်ညာတယ်လေလေ့တ ရက်ကာယ် ဘော်ဘော်ခေါ်ရှာ။ ။ချစ်ရေးစုံစွာ၊ ဟသ်ာသံလေး၊ ကြော်ငြာရွှေရွှေမြစ်တွေး။ ။ကြင်သက်လျှာဝေးသူမို့၊ ဆွေးပို့ခဲ့ပြီ။ ။အို - ကြင်သက်လျှာဝေးသူမို့၊ ဆွေးပို့ ခဲ့ပြီ။ ။စခန်းဌါနီ၊ ဘယ် - ဘယ်ဆီမှန်းကိုလေး၊ ရမ်း ရော်သိပြီ။ ။မျှော် - မျှော်တော်ရောငယ်နှင့်၊ ဆွေးရှာ လိမ့်မည်၊ ဘုံကွန်းဗွေသဉ်လိဏ၊ သာ - သာကီများ၊ မြူ ရှစ်ဆိုင်ဘွားငယ်လို့၊ခေါ်များအခါယောင်၊လေးတော့ နတ်သွင် ရွှေသဇင်ခက်ကယ်လေး မှားသက်ဝင့် ယောင်။ ။စံကွန်းဗွေညော်၊ ကိုယ်တော်ထဲသဲကြွ လောင်၊ ငေးယောင်တွေးယောင်၊ ဘယ်ခါ[illegible]များ ငယ်မူ၊ လှဖျားဒေဝီ၊ နိုးရမည်။

www.burmeseclassic.com

www.burmeseclassic.com



ထေးချိုးသဖြန်။ ။ရွှေနန်းသူ့ကေသီ။ ။
နှောင့်ပါးတူမကွာပ၊
မျက်နှာကိုမြင်လာချည့်ငဲ့၊
စန်းလှယုန်ရည်။ ။

မပြေ - မပြေနဲ့ကိုတဲ့၊
တပြေတမေသဲငယ်လို့၊
ဘွင်သဲ့ထိဆွတ်ကြည်၊
ရွှေရည်နှင့်မြသား။ ။

ပုံမကွဲပါဘူ၊
သည့်နဲ့မောင်ကြင်ပမယ်၊
ညာကြီးရင် - ခင်တဘုန်းကိုဖြင့်၊
သက်ဆုံးတိုင်ပိုင်အမြဲသာပ၊
စွဲတဲ့စိတ်ထား။ ။

၅ ။မိုးဘွဲ့ပတ်ပျိုးကလေး။

ဌိုဏ္ဌိုမာ - သံဝါစည်တော်နှိုးလို့လေ။ ။ကျူရင့်လွင်ပဥ္စင်ရွှေတံပိုးနှင့်လေး။ ။မိုးဣန္ဒနတ်ဒေဝါမောင်၊ ဆွေးပူဘို့အောင်လေလေ့။ ။ရှစ်တိုင်းဝေရီမှောင်။ ။ ရွာဖြယောင်ယောင်ဟန်ပြဆန်း၊ သဲဘွင်ကြွေလုပန်း၊ မိလ်-မိလ္လာသန်းပါလို့၊ ဇော်ရမ်းနုရွှေ၊ နတ်ပန်းချီစုံ၊ ရှုပ်ရှုပ်ပုံဆေးငယ်လေး၊ ရေးဟန်ကပွေ။ ။သွန်းဆင့်ဆော်ချွေ၊ မြောက်လေပြန်ကာ သွင်းလို့လေ။ ။ဘော်ဝေးသည့်နှယ်၊ လွမ်းဘွယ်ကြုံတော်ချင်းခုလေး။ ။



ထေးချိုးသဖြန်။ ။နှင်းသက်လို့မလှယ်။ ။
မြူဦးစီစီနှင့်၊
မိန်ရာသီခါသော်ဦးမှာထူးပေ့တကယ်။ ။
မိုးညို - လေချိုခ, လို့၊
မြေမြသဲဝယ်၊
ဘယ့်နှယ်သိလေမှန်း။ ။

ကိုယ်တော်ထဲငယ်မို့၊
ကြေကွဲအောင်မဖန်ပါနှင့်၊
အမှုဋ္ဌာဒေဝရငယ်၊
လွမ်းစတာခန်း။ ။

၈။ မုန်းတော့မှာလား ဘောလယ်

နခဂဆဒ္ဒန်၊ သန္ဓေမှန်နှစ်ပေပ၊ ချိန်မူးစစ်ပါတဲ့၊ တိမ်ညွန့်စုံ၊ စက်သွားသီလဝင်၊ စိန်ရွှေရိုးငယ်လေး၊ ဖိုးပြည်ထိုက်တန်။ ။

ရွှေကိုယ်တော်ဘုန်းမှာလ၊ လက်သုံးတော်မှန်၊ မခြွင်းချန်ပါနှင့်၊ ရာသက်ပန်ပေါင်း၊ မြတ်ညဏ်ယူလောင်းပါလို့၊ ဆုတောင်းပါတယ်၊ ရာဇဂုဏ်မာန်၊ ကြိမ်ကြိမ်ထပ်တယ်လေး၊ ပိုင်းသတ်မဲ့ရှယ်။ ။

တကယ်ပင်မုန်းတော့မှာလား၊ မောင်ဘုန်းကြွယ်ရှောင်လွှဲငယ်သွေဖယ်လို့၊ မထာတွယ်ဘဲ၊ ရွှေရင်ထဲမှာလ၊ ငွေ့သဲစိုင်၊ ကျွမ်းလုကြွေယိုင်၊ အို - ဆယ်ပြန်သက်ကိုလေး၊ နှင်းဆက်တော့နိုင်။ ။

www.burmeseclassic.com

www.burmeseclassic.com



မြတ်စိန္တေဦးမှာလ၊ ဆုထူးတော်ပိုင်၊ မယိမ်းယိုင်အောင်လို့၊ ကြံပါကတဲ၊ ဘုန်းမဖန်ဘဲငယ်နှင့်၊ ကံလဲမကူ၊ သင်းပုံ့ဘုံမွေ၊ တကိုယ်ရေဆွေးတယ်လေး၊ တွေးကြံလို့ပူ။ ။

မာလာရံကွန်းမှာလ၊ ချေညွန်းပုံ့ကြူ၊ ဟိုရွေးတမူရယ်နှင့်၊ မတူလေဘဲ၊ ပေါ်ယံချဲငယ်နှင့်၊ ထဲဝါပိုဆောင်း၊ သိပေါ့သခင်၊ ဘာမရာကွန်းမှာလေး၊ ထွန်းနေလရောင်။ ။

ဆိုဆိုပေသားငယ်နှင့်၊ မျိုနားမထောင်၊ ရိုးပြာမြေတိုင်အောင်ပ၊ ကြံရွယ်ဆောင်ပေါင်း၊ ရွေးသူဟောင်းငယ်တို့၊ ပုံသက်သေ၊ နိမ့်သောင်၊ နောင်မှသိမယ်လေး၊

ဒွေးချိုးသဖြန်။ ။တွေးဆမချန်၊
ရှေ့နောက်ကယ်ပြန်လှန်လို့၊
ဖန်ဖန်စိတ်ထဲ။ ။

ဘုန်းရှိသူ၊
မုန်းပစ်ကို ရင်မယူနှင့်၊
သွင်တမူ - ကြင်သူလွဲပါဘူး၊
ထူးတဲ့ကံဘဲ။ ။

## (၉) စိမ်းရက်တယ်၊ ဘောလယ်

ပဏ္ဍုသေလာ၊ ကွယ်ခါပျောက်ခါမှ၊ သွေခါဖောက်မယ်ပ၊ အို - သက်လျာ၊ ဆိုဘူးသည့်တာ၊ ကျိန်သစ္စာဖျက်တယ်လေး၊ ယွင်းသွေကွက်ရှာ။ ။



ကြိုင်မာလာ ကမုဒ်ကယ်က၊ နှောင်သွေခါယုတ်စေတဲ့၊ ရွှေနှုတ်ချွေခါ၊ သုံးသိန်းနှစ်လီ၊ စေတီထူးဝယ်လေး၊ စူးစေတော့သာ။ ။

သည်မယ်တပါးရယ်က၊ ကြင် - ကြင်ဝန်ပွားပါလို့၊ ထင်စားမိတာ၊ ခုမှတခါ၊ မောင်လူတင်စားကိုလေး၊ အားသတ်လို့သာ။ ။

နေ့ဝံသာဖွားပေမို့ သေလိုသေထားရော့ထင့်၊ အားငယ်မိ - အို၊ ဆွေးဝန်ပိုမို၊ မယ်တကိုယ်တန်းငယ်လေး၊ လွမ်းစိတ်နှင့်ငို။ ။

လက်လှမ်းခွးညို၊ သည်ပြာသိုဆောင်းတွင်မှ၊ ဆင်တော်ရန်နှောင်းသို့၊ အောက်မေ့မပြေ၊ ရွှေသဲညွတ်ကြွေ၊ ဆည်မပြေကျွမ်းတယ်လေး၊ လွမ်းဗျာထုပွေ။ ။

ကြိုင်ဂန္ဓာထွန်းရယ်က၊ ခိုင်မာလာည္သန်းပုံသို့၊ သွေယွန်းတော့စေ၊ ဆော်မြောက်ပြန်လေမပြက၊ စာချွေလေဘဲ၊ မယ်တကိုယ်ထဲဟာမို့ ငိုပွဲတော်ဆုံ၊ ခေါ်မ ရွှေစောင်၊ ရာထောင်တွေးတယ်လေး၊ အေးစေခွင့်ကြုံ။ ။

မှာတော်မူဘူးရှာတဲ့၊ ခိုင်မာလာဦးငယ်က၊ ကြုံဘူးရအောင်၊ မယ့်နဲ့လိုပင် မောင်ကမကြင်၊ ခိုင်သဇင်ခက်ကယ်လေး၊ စိမ်းရက်တဲ့သွင်။ ။

ယူရွှေညက်ဆန်းပါပေ့၊ အိုသေသေပန်းစေလ၊ သန်းရွှေထုခွင်၊ ဆင်မြန်းမကြင်၊ ဘဝင်ငယ်ထိတ်တယ်လေး၊ လွမ်းစိတ်ကာဝင်။ ။

www.burmeseclassic.com



## (၁၀) မင်းတုန်းမင်းတရားကြီးထံဆက်သသောဘောလယ်

ရှုသဲသာထွေ၊ တောင်ရေချပ်ပါလို့၊ မန်းရပ်သာစွ-စံ ဌါနီ၊ ရာပြည်ပြည်-စက်စုံဖူးတယ်လေး၊ ဦးလှုံလို့ချီ။ ။

သာပေါင်းခ, ပါလို့၊ မြနန်းတည်၊ သုဒဿကယ်ရွှေ ပြည်နှင့်-ပုံမဝေး၊ ဂဝံကြေးပါလို၊ သိုက်ဩဘာ၊ နှစ် ညီနောင်၊ ဆက်ဆံတင့်တယ်လေး၊ အေးရေနှင့်ကြာ။ ။

ရှစ်နယ်တိုင်းကဝိုက်သိုင်းဖြာ၊ နတ်မှူး - ဆွေကြွန္ဒာ က၊ ချိန်ခါမလွဲ၊ စိန်ခရာနွဲပါလို့၊ ဆွတ်ဖွဲ့သီရွှေကြက် ကယ် - နောင်ညီက၊ မှောင်ရီရှက်ကူးတယ်လေး၊ ကျူး သံရင်ကြွေ။ ။

တကိုယ်ရေးငယ်မို့၊ ဆွေးတဲ့သူ၊ ဖော်ဝေးရှာသူလို့၊ မှတ်ယူမထား၊ လျှပ်နွယ်စိန်သားရယ်နှင့်၊ စက်သွား တော်လှုံ၊ ပိုက်ထွေးမလုံ၊ သဉ္ဇေရိပ်မှာလေး၊ သဲထိတ် လို့တုန်။ ။

မယ်ရှိရှင်ခိုးပါရဲ့၊ ရွှေမိုးပဇ္ဇုန်၊ နတ်မှူးဆွေအမှုန် က၊ စည်တော်စုံကျူး၊ ဘယ်ငြိုးမာန်ထူးငယ်နှင့်ပြု မည့်နွယ်၊ ကသစ်သဘင်၊ သေနင်ကျင်းတယ်လေး လင်းကွန့်မချယ်။ ။

စပယ်သေးငယ်နှင့်မုလေးသွယ်၊ ရက်သန်းရောင်ချယ် တဲ့ ဆောင်ဗွေလယ်ဦး၊ သုံးပဟိုရ်ကြူးတောင်မှ - စက် ပျော်။ ။ရွှေဓဒါင်းဖန်ရှိန်၊ သူရိန်ကျင်းတယ်လေး လင်းကြက်ကဆော်။ ။



## (၁၁) ညဥ့်ခြုံတော်ဝေးသူမို့၊ ဘောလယ်

ပတ္တမြားရှက်ရုံ၊ ပုလဲငုံသန်းပါလို့၊ စိန်မှုန်ကိုက်ပန်း ငယ်နှင့်၊ ကြာနန်းပေါ်၊ မွေးစက်မပျော်၊ ဖလ်သူရိန် ကွန်းငယ်လေး၊ ထွန်းပြန်လူနော်။ ။

ကြွလာအုံးမှာလ၊ ဘုန်းခုမျှော်၊ ဉာနန်းဘမရာ ပျော်က၊ မှာပုံတော်ခြား၊ ပြုတော်မူအားပါပေ့ သ နားမညှာ၊ ရှည်လရက်ကြာ၊ ရွှေလွှာတော်လွှဲတယ်လေး၊ သဲကြွေတော့သာ။ ။

မခွာခဲ့ဘူးပါဘု၊ ကြော့မှူးလကျ်ာ၊ ဆက်တိုင်းငယ်သံ သာက၊ နှံ့ပန္နာထူး၊ ကံနှစ်ဖြာကူးရှာတဲ့၊ ဖူးရွှေညွန့်ငုံ၊ ခု မှုတပုံ၊ အယ်နတ်မျိုးငယ်လေး၊ ငြိုးခိုက်နှင့်ကြုံ။ ။

ညဥ့်ခြုံတော်ဝေးသူမို့၊ ထွေးပိုက်မလုံ၊ နတ်မှူးငယ် အမှုန်က၊ စိန်ဝိဇ္ဇုန့်လင်း၊ ငြိုးမာန်ခုံခင်းပါလို့၊ စစ် ကျင်းခါချိန်၊ မေရုက္ခသိန်၊ ရွှေစိုင်တုမှာလေး၊ မှိုင်းပြို လှုမှိန်။ ။

ရှုမရဲစေဘို့ - ခုလဲအချိန်၊ ရစ်သန်းနဂါလိမ်နှင့်၊ မြ တိမ်ပြာမှိုင်း၊ စံဇေယျာတိုင်းဆီသို့၊ ကွန့်လှိုင်းဆင်လာ၊ နောင့်မယ်သက်လျှာ၊ မကြွလာတိုင်းကိုလေး၊ ဆိုင်းရွှာ ပ, ဖျာ။ ။

## (၁၂) ရွှေသစ္စာသွေမမုန်းပါနှင့်၊ ဘောလယ်

ထုံပန်းမာလာ၊ ရွှေစပယ်ဖူးငယ်သို၊ မယ်ကြင်စ, ဦး ပေမို့ - ယုံမိတယ်၊ ခုမှုတကယ်၊ ရွှေစပယ်ခက်ကယ်လေး၊ မုန်းရက်လှတယ်။ ။

www.burmeseclassic.com

www.burmeseclassic.com



ရွှေစပယ်ရိုးလိုပ၊ တိုးခိုခဲ့တယ်၊ ပြန်တွေး - စာနာ လှယ်အုံး၊ ထယ်တော်မူအား၊ နောက်တပုံခြားပါလို့၊ သုန်အားရန်၊ မယ်ဖြင့်ဘုန်းဝေ၊ ရွှေစပယ်မြစ်ကိုလေး၊ တိုးချစ်ကဲ့ဖေ။ ။

ရွှေစပယ်စက်ကယ်သို၊ ကြင်သက်ဝေ၊ သက်ဆုံးတိုင် မှန်စေပ၊ မသွေစတမ်း၊ ပျူငှါတော်ကြမ်းပါတဲ့၊ ရွှေသန်းရင်၊ လွဲလေ့သစ္စာ၊ ရွှေစပယ်သီးငယ်လေး၊ နီးလျက်နှင့်ကွာ။ ။

နောင်ရာဝင်ဆန်းအောင်လို့၊ ဥဒါန်းငယ်တွင်၊ စက်သွားတော်သီလဝင်နှင့်၊ အရှင်မထား၊ ရွှေလည်ကိုသားပါလျှဲ၊ သော့မကြာ၊ သက်ဆုံးတိုင်တိုင်၊ စပယ်ညှာသေးငယ်လေး၊ ဆွေးစေတော့သာ။ ။

## (၁၃) ဘောလယ်

ပြောင်လူးမာတင်၊ စွယ်ရှင်ဖွားပေမယ့်၊ တည်ကြားစေခွင့် - ကြင်မေတ္တာ။ ။ခုမှတဖန်၊ သူတဥာဏ်လွဲတယ်၊ သဲဘွင်ကနာ။ ။ပွင့်ကြာမုဒ်ကွန်းငယ်နှင့် ရေသွန်ညှာ၊ ရွှေဘုန်းငယ်ထုံရှာတဲ့၊ ခန်းဝါတော်တွင်း။ ။ပန်းပန်းစုံသင်းပါတဲ့၊ စက်ခင်းကြာညောင်၊ ဂုံရွှေညာတိုင်-မွေ့ချီများတယ်၊ ပါးအပ်လို့မှိုင်။ ။တမူတမူနှဲ့ပါလို့၊ မပူမပူနဲငယ်လို့ သွဲ့နောက်တာ၊ မယ့်ရွှေမျက်ရည်၊ ကြည်ကြည်လဲ့ကို သိမ်းဆည်းလှဲ့ကာ။ ။



ဖဏ္ဏုသေလာ၊ ကွယ်ခါပျောက်ခါမှ၊ သွေခါဖောက်မယ်ပ၊ အို-သက်လျာ၊ ဆိုဘူးသည့်တာ၊ ကျိန်သစ္စာဖျက်တယ်လေး၊ ယွင်းသွေကွက်ရှာ။ ။

ကြိုင်မာလာ ကမုဒ်ကယ်က၊ နောင်သွေခါယုတ်စေတဲ့၊ ရွှေနူတ်ချွေခါ၊ သုံးသိန်းနှစ်လီ၊ စေတီထူးဝယ်လေး၊ စူးစေတော့သာ။ ။

သည်မယ်တပါးရယ်က၊ ကြင် - ကြင်ဝန်ပွားပါလို့၊ ထင်စားမိတာ၊ ခုမှတခါ၊ မောင်လူတင်စားကိုလေး အားသတ်လို့သာ။ ။

နေဝံသာ-ဖွားပေမို့၊ သေလိုသေထားရော့ထင့်၊ အားငယ်မိ - အို၊ ဆွေးဝန်ပိုမို၊ မယ်တကိုတန်းငယ်လေး၊ လွမ်းစိတ်နှင့်ငို။ ။

လက်လှမ်းခွာညို၊ သည်ပြာသိုဆောင်းတွင်မှ၊ ဆင်တော်ရန်နှောင်းပုံသို့၊ အောက်မေ့မပြေ၊ ရွှေသဲညွတ်ကြွေ၊ ဆည်မပြေကျွမ်းတယ်လေး၊ လွမ်းဗျာထုပွေ။ ။

ကြိုင်ဂန္ဓာထွန်းရယ်က၊ ခိုင်မာလာညွန်းပုံက သွေ့ယဉ်တော့စေ၊ ဆော်မြှောက်ပြန်သေပြေကား စာချွေလေဘဲ၊ မယ်တကိုတ်ထဲဟာမို့၊ ငိုပွဲတော်ဆုံ၊ ခေါမရွှေစောင်၊ ရာဇထောင်ထွေးတယ်လေး၊ အေးခွင့်စေကြုံ။ ။

မှာတော်မူဘူးရှာတဲ့၊ ခိုင်မာလာဦးငယ်က၊ ကြွအူးရအင်၊ မယ့်နဲလိုပင် မောင်ကမကြင်၊ ခိုင်သစ်ခက်ကယ်လေး၊ စိမ်းရက်တဲ့သွင်။ ။

www.burmeseclassic.com

www.burmeseclassic.com



ယူရွှေဥဘက်ဆန်ခါပေ့၊ အိုသေသေပန်စေလ၊ သန်းရွှေထုခိုင်၊ ဆင်မြန်းမကြွင်၊ ဘဝင်ငယ်ထိတ်တယ်လေး၊ လွမ်းစိတ်ကဝင်။ ။

(ဤဘောလယ်မှာ * ခရေပွင့်ပြထားသည်မှစ၍ ပဏ္ဏုသေလာဘောလယ်အတိုင်းဖြစ်ရာ၊ သုတေသီများအတွက် မူရင်းအတိုင်းသာ ထည့်သွင်းဖော်ပြလိုက်ပါသည်။

## (၁၄)။ ပတ်ပျိုးကလေး

ပြဒ္ဒုငယ်ချပ်ရံ၊ မတ်ပေါင်းစံ၊ ရှစ်သန်းဗိုလ်ထုငယ်ခြံ။ ။နောင်နန်းရံငယ်လေ၊ တူစံမယ်နော်ဘုန်း၊ ကြိုးပါတယ်၊ သဲရေကျဆုံး။ ။ရွှေကုန်းငယ်တည့်သွင်၊ မရှင်ကိုယ်ထူး၊ ဖြန့်ကူးလှိုင်စွာ၊ လင်းပြာကြက်တော၊ ရွှေဥက္ကာနတ်ကယ်ကြောင့်၊ ရင်သတ်ခါမော။ ။

ဒွေးချိုးသဖြန်။ ။စောလိုက်တဲ့ စိတ်ကယ်နှယ်၊
ခုသည်ဝယ် ဘယ်လိုများငယ်၊
သွားခက်လှတယ်။ ။

အသွယ်သွယ်၊
ဖြေတယ်ပမေး၊
ငိုများတောင်ငိုချင်လှပါပေ၊
နန်းမရင်သွေး။ ။



## (၁၅) ပတ်ပျိုးကလေး

ပန်းသဥ်လယ်၊ လွမ်းဘွယ်ပူဝန်ရေးငယ်နှင့်လေး။ ။ညွှင်းကျည်ကျည်၊ လေပြည်ဆော်ကာသွေးလို့လေး။ ။ကျေးသံရင့်နှောင်၊ တောင်တော်မြင့်ဖျား၊ သိုက်ကွန်းငယ်ပျော်စံကာနှင့်၊ မာဂ ဓ - ဘာသာကျူးတယ်လေး၊ ကြည်နူးဘွယ့်များ၊ နန်းပင်တိုင်ဖွား။ ။မြေဖျော်များ၊ များရွှေညီ၊ ရှိဦးစုံစုံချီ၊ ဝတိန်ညွန့်ရွှေကေသီ၊ ဒေဝီပုံလေ-ဘုန်းမျှော့ဖျား။ ။

ဒွေးချိုးသဖြန်။ ။ဖြေမသာ၊ မှုံညာမြင့်ဖွား။ ။
ရွှေသွဲ့မှာကြွေယောင်နှင့်၊
ဝဇီညောင်ဗွေကြွင့်နန်းငယ်မှာ၊
ပူပန်းစေလား။ ။

## လှိုင်ထိပ်ခေါင်တင်ဆို တေးထပ်စု

(၁၆) ခြသေ့ခံရွှေမုတ်တွင်း၊ မယ်ဆင်းလို့ရှုမျှော်၊
နေမင်းမင့်ပြဒ္ဒပျော်ရယ်၊ ကြွလာတော်မူဘဲ။ ။
ဖွဲ့ဇာညွန့်ရထည်စုံကို၊ တူခြုံကာလွမ်းစက်ချင်နဲ့။ ။
ဘယ်ဆောင်းဦးဘုံမှာပေါ်၊ ပျော်တော်မူလေဆဲ။ ။
ကိုယ်ကာရေစိတ်ထဲ၊ စွဲစောင့်တဲ့နတ်တွေ။ ။
လာစေရန်စိတ်တော်နှိုးလိုက်ပ၊
ရှိခိုး၍တောင်းပန်ရဲ့လေ။ ။

www.burmeseclassic.com

www.burmeseclassic.com



ကြာခြည်မြတ်ဇာခြေကို၊ သာလေပြောင်ခတ်တော့၊
မောင်တော်မြတ်လာပြီထင်၊ စမ်းမိသည့်ခင်။ ။

ရိပ်ကြာကြွမွေ့ခွင်မှာ၊
သချင်အောင်လွမ်းပါဘိလေး။ ။

(၁၇) ပုလဲရည်ငွေ၊ သိန်ပြဒုမျက်လှ၊
ကိုးမြက်ပွင့်သဥ္စာမှာ၊ ရွှေရိပ်ကြာကြင်နှန်း။ ။

မွေးမိုတ်လို့စက်မပျော်၊
ရွှေကိုယ်တော်ဘုန်း သူ့ကြောင့်ပန်း။ ။

ဖလ်နန်းမြင့်ဦးကိုင်၊ပြည်မဏ္ဍိုင်စခန်း။ ။

ဘယ်ဆောင်မှာ စံပယ်မြန်းလေသိ၊
နန်းရွှေလုံ့ကေသိ။ ။

ကြွလာတော်မူနိုးနှင့်၊
တိတ်တိတ်ခိုးမျှော်မိပြန်ပြီ။ ။

လွမ်းရက်နှင့်ဆောင်ဆိမှာ၊
ကြက်သံညီဆော်ပြောင်းလို့၊
ရွှေမောင်းတော့် သည်ခါဆော်၊
လင်းလုပေါ့နော်။ ။

ဇမ္ဗူလုံ့ဖလ်သော်မော်ငယ်၊
ကြွလာတော်မူခဲ့လှလေး။ ။



(၁၈) ကြင်သစ္စာဆင်စဦး၊ ကြင်မျှထူးခဲ့အင်၊
မြင်စဦးစွဲဘွင်မှာ၊ နောင်တင်လျှင်ယုံပ။ ။

ကျွန်းတောင်မြင့်ဒီပါမှာ၊
တသီဟာမြန်းမည့်သူက။ ။

နန်းစစ်တဲ့ တဏှာခင်ယ်၊ လေးသူဇာတမျှ။ ။

ဖြေနိုင်သူဖြေကြတော့၊ လွမ်းလက်စမပြေ။ ။

ရွှေမဥ္ဇူစစ်အတုံးကဲ့သို့၊
ချစ်မမုန်းစွဲပေါ့သည်မေ။ ။

သင်းထုံပြန့်သဇင်မွေ့ဝယ်၊ ချိုရွှေဗျာကြူဘူးတဲ့။ ။

နေမှူးနွယ်နရိန်၊ လောင်းအာဒိသိမ်။ ။

ရံရွှေခပျော်ကွန်းငြိမ်ဝယ်၊
ကျော်မွန်းယိမ်မူတတ်လှလေး။ ။

(၁၉) ညဥ့်ရုံတော် အခြေပျက်စေဖို့၊
ရွှေလက်နဲ့ဆွဲဏာပွေ့ရက်ပေ၊ပုလဲညှာရယ်။
ရဲပါပေ့ဘုရာ။ ။

အနှာကရဲရွှေတော်သည်၊
ပျော့်တပျော်နိုးခိုက်ပေလား။ ။

မျိုးဇာတိသတိုးမွန်ငယ်၊ လူဆိုးဥာဏ်ဝင်စား။ ။

မွေးမိခင်ဘုရားနှင့်၊ အမျှားတို့သိမည်။ ။

www.burmeseclassic.com

www.burmeseclassic.com



ဘွေ့သလွန်စက်ရာအုံ့မှာလ၊
မယ့်နှလုံးနှောက်လှပါတော့သည်။ ။

နန်းနေညွန့်တသာကီငယ်၊ တရှည်ရှည်မစံမြန်းပါနှင့်၊
မှုန်နန်းကငွေနှာရီဆော်၊ လင်းလုပေါ့နော်။ ။

နှစ်ပါးလုံးအရှက်ကိုမျှော်လျှင်၊
တွက်ကြွတော်မူဦးဖျော့လေ။ ။

(ဤတေးထပ်မှာအချုပ်တန်း ဆရာဖေရေးကြောင်းအများ သိပြီဖြစ်သော်လည်းမူအချို့တွင်လှိုင်ထိပ်ခေါင်တင်ရေးဟုခေါင်း တပ်ပါသည်။ မည်သို့ပင်ဖြစ်စေ၊ လှိုင်ထိပ်ခေါင်တင်၏ ဘဝဖြစ် စဉ်နှင့် ဆက်စပ်မှုများရှိပါသဖြင့်၊ ထည့်သွင်းပေးလိုက်ခြင်း ဖြစ် ပါသည်။)

လှိုင်ထိပ်ခေါင်တင်ဆိုလေးချိုး ဒွေးချိုးသဖြန်စု

(၂၀) တောမွေ့တော့မယ်

သူဖြူလျှင်အယူဖြောင့်နိုင်ငဲ့၊
သူမှောင့်မှာစိုးမိတယ်။ ။

ခွင့်သနားလျှင်ဖြင့်၊ မြင့်ဖျားဟေမာနှင့်၊
ချောင်သေလာ ရွှေဝါကွေ့မှာ၊
တောမွေ့တော့မယ်။ ။

မသေရုံရွှေဘုံကြီးမှာလှ၊ သစ်သီးနှင့်ပွဲတော်တယ်၊
ဖန်ခြယ်တဲ့ဝတ်လဲ။ ။

မွေးလို့ရယ်လှိုင်၊ အုပ်လုံးစံပယ်ကြိုင်တဲ့၊
မြဲစောခိုင်မင်ရည်လဲ့ကို၊ ရှင်းမဲ့ကြံဆဲ။ ။



(၂၁) ပြည်တော်ပြန်

မြိုင်တသန့်မှာတဲ့၊ ကြိုင်နံ့ငယ်ဂန္ဓာ၊ လှိုင်နံ့ငယ်ဖြာ သည်၊ ခိုင်ရွှေညွှာဝေါငုံကား ကိုက်မှုံသင်းပြန့်တော့တယ် လေး။ ။

ငွေစံပယ်၊ နန်းမယ်ဆင်ခွင့်၊ ခါတော်မှီပွင့်ရှာတဲ့၊ လေးခင့်မိတ်နှံ့ပြည်တော်ပြန်၊ လွှမ်းရန်စုံစုံ၊ မှူးခြည်ဆိုင်း လို့၊ ရှစ်တိုင်းမှာမှုန်သောခါ၊ ရွှေဘုံကြော့၊ မဏ္ဍလာမှာ ရော်ရမ်းခါဘယ်ဆီမှန်းငယ်လို့၊ လမ်းသိပြီလေး။ ။

(၂၂) ရွှက်သစ်လောင်းချိန်

စုံတကြောမှာတဲ့၊ အုံ့သြငယ်မကုန်၊ ပန်းနှ ငယ်ထုံ သည်၊ ရွှေဖိငုံညွှာတံကြွေလို့၊ တောင်လေသွင်းပြန့်တော့ တယ်လေး။ ။

နွေဂိမှာန်ငယ်၊ ဝသန်ခါပြောင်း၊ ရွှက်သစ်ကယ် လောင်းလို့၊နှာမောင်းရစ်ခွေဖူးညွန့်ဝေနှင့်၊ မြသေလာ မွန်၊ ရေတံခွန်လဲ၊ စီးဝှန်ညာဘယ်၊ နှစ်မြောင်စမ်းနှင့်၊ ခင်တန်းစွယ်၊ တူရယ်မကွာ၊ ဒေါင်းဖိုမတို့၊ တွန်ကြြ သံသာသော့ခါ၊ လွှမ်းဗျာထုရွှေဘွင်မှာ၊ မြေမရှင် မော် ကွာဝေးသူတို့၊ ဆွေးချည့်မယ်လေး။ ။

(၂၃) ဖမ်းပါ့ဖေ

ခိုင်အနန်းငယ်နှင့်၊ ကြိုင်လန်းငယ်ဝတ်ရည်၊ မြိုင်ခန်း ငယ်စည်သည်၊ ခါတော်မှီတာသကြိန်မှာ၊ ရွှေလျှံညွှာရင့် ပြောင်းတယ်လေး။ ။



www.burmeseclassic.com

www.burmeseclassic.com



ရှုတိုင်းသာ၊ လင်းပြာသန့်စင်၊ သိုက်မြုံတင်လို့၊ ကျူးယင်ကြော်ငြာ၊ ရွှေညဩတို့ ဖော်နှောကာနှင့်၊ ခဲရာတဲ့ကျေးငယ်ကို၊ ရွှေချိုင့်ဝယ်သည် မယ်မွေးချင်လှ၊ ဖမ်းပါ့ဖေ့၊ ဟန်မနှေးပ ်နှင့်၊ ပြေးရော့မယ်လေး။ ။

## (၂၄) ဝဠ်လိုက်တတ်တယ်

မြခဲရောင်နွယ်၊ရွှေကျေးငယ်ကို၊ မွေးချင်တယ်မပူဆာနှင့်၊ နန်းညာရွှေမြင့်နတ်ကယ်လေး။ ။

ရှေးဝဋ်ကျွန်အောင်၊ မဖန်သာသင့်၊ မြိုင်လုံးတင်တဲ့၊ ပင်မြင့်သဇင်၊ ဂမုန်းအင်၊ တော်ဝင်တဲ့မြတ်လေး၊ မောင်ဆွတ်ယူပေးမယ်ပ၊ ပျံ့မွှေးငယ်ချိုချို၊ ငိုမာန်ဖွဲ့လို့၊ အနွဲ့တော်ပိုလှချည့်၊ ကွန်းခိုတဲ့ရွှေဘုံပျော်မှာ၊အမူတော်သည်မယ်များလှချည့်၊ချုံရိပ်နေဟိုရွှေဘျားက၊စားတတ်တယ်လေး။ ။

## (၂၅) လာမချော့လာနှင့်

လာမချော့လာနှင့်၊ တန်တော့ဖျော့ရွှေကိုယ်၊ ဘုန်းမိုမိုငယ်၊ မယ်ကလို မောင်မညာလို့၊ ရှောင်ခွာ စိမ်းရက်တယ်လေး။ ။

လှမြတ်စွာငယ်၊ မကြာစေကြောင်း၊ ရွှေစကြာညောင်းမယ်လို့၊ သောင်းလုံးမွန်ကူ၊ ရွှေဗျာငြိမ့်နှင့်ဆင်မိန့်တော်မူခဲ့၊ ဒါရှူလုံ့ကေဆံငယ်၊ တပြည်စံ နှစ်ပြည်မွှေ့လို့၊ သူမေ့တယ်လေး။ ။



### ဝိဇယကာရီ နန်းတွင်းဇာတ်တော်ကြီးမှ ထုတ်နုတ်သော တေးထပ်များ

(၂၆) ကိုယ်ဘာသာစိတ်ကူးလို့၊ ရွှေဖူးကိုလက်တင်၊
ခုကြုံရဖြစ်အင်ငယ်၊ လူ့ဘုံတွင်မရှိ။ ။
ပါမောက္ခ-ဆိုလောက်လှ၊ ငါ့ပညာငယ်၊
တဆိတ်စာဖမ်းလို့မမိ။ ။
တတ်စုကိုနည်းဖွေလျှင်၊ ပရမေစိန္တိ။ ။
ဝရဇိန်ရောင်ငြိလို့၊ မိုးပတိဥသျှောင်။ ။
သမန္တာအခေါင်ကျူးလို့၊
ဗြူးမြိုသို့ရောက်ပေသည့်မောင်။ ။
သဲမချိသည့်ဝဋ်နှောင်သည်၊
လွတ်လွတ်အောင်စိတ်ဇောနှင့်၊
မနောဗုဒ္ဓာယာ၊ ဆုံးတိုင်ရပါ။ ။
ကက်ကင်းထိ တက်ကိန်းစာမှာ၊
မကုန်ရှာနိုင်သေးဘုလေး။ ။

(၂၇) ကကြီးနှင့်ခကွေး၊ အပြောကိုသူသင်၊
နီသမတိုင်းခွင်ကို၊ ရောက်ပါ့လျှင်ငါ့အား။ ။
မင်းသားတို့တတ်ရာ၊ သမန္တာကမ်းထွက်မမှား။ ။
တာပသမြတ်ဆရာငယ်၊ ဉာဏ်ကွန့်ချွာဆင့်ပွား။ ။
ဂိုဏ်းဥသျှောင်-ခေါင်ထားသည့်၊
မြတ်တပါးမထေရ်။ ။

သင်လေလေ—ဥဒေါက်ပေတ်ုံးလို့၊
မုန်းစရာ့သည့်နှုတ်ဝသီ။ ။

နည်းနယ-ဆယ့်ရှစ်လီ၊ ကုမ္ဗဏ်ခံလောက်တဲ့၊
ပါမောက္ခ ဒီသာကျော်၊ ဘုန်းငဲ့ရှေ့တော်။ ။

သောင်းနယ်ရပ် ကြာန္နံကျော်အောင်၊
ဟစ်အော်ကာ အံ့အုံးမှုလေး။ ။

**ဝိဇယကာရီမင်းသားက သကနိတုံမင်းသမီးထံပေးမှာတမ်း**

(၂၈) လွမ်းတဲ့ဖြစ်၊ ခွန်းလှစ်ခါမှာတမ်းနှင့်၊ စာလှမ်းလို့သ
လိုက်ပါတော့မည်။ ။

ယဉ်ရွှေလုံး နတ်မယ်ကို၊ မပြယ်တဲ့သစ္စာနှင့်ဘုံသဥ္စာ
ကြာကြွနန်းမှာလ၊ ရံသန်းကြော့ ရွှေရှင်၊ မြင်ချင်တဲ့
သဘော၊ မနော့ထင်တော်မူရက်နှင့်ပါ။ ။

သက်တည္ဘာ-ဆက်ခါနှံ့သလို့၊ ဆင်ရနိုင်သေး။ ။

ရတက်ပွေ့ခက်ပလေကြုံတဲ့နဲ့ကိုဖြင့်၊ တင်လဲတင်ချင်
လှချည်ငဲ့၊ လွမ်းစမအေး။ ။

ရွှေမာလာ—နေသွေးလို့၊ မြန်ကျေးနီလာ၊ တဒီ
ပါဝယ်၊ သီရိန္ဒာစံတိုင်းက၊ လင့်ဆိုင်းလို့သည့်အပူကို၊
ဥဏှာဂူနေ့လျှံစက်လိုသို့၊ ဘယ်ရက်မှာ လောင်စာကို၊
သဲည္ဟာဖြေတော်ရက်ပါဘူး၊ ကြင်ရွှေလည်ဆင်တော်ရက်
ကယ်ဏ၊ ကနက်ကယ်နောင်မြန်းမဲ့၊ရံသန်းရွှေ။ ။



ငွေလူနှုကြွန်းညှာ၊ လဲ့လဲ့လန်း၊ လဆန်းကိုသာပါ
တော့မယ်တဲ့၊ စံညီလာ-သီဟာသ,ငယ်က၊ စောတလျက်
သာ။ ။

ရွှေလိပ်ပြာနှစ်ကိုယ်တွေ့ခါမှ၊ စုံစေ့ငယ်တဲ့ ထွေ
တရာ၊ ညင်သာမဲ့ရွှေနား။ ။

ပျံ့ပျံ့ငယ်ကြူ၊သင်္ကာရွှေမဥ္စုငဲ့၊ မုန်းမူနှင့်လား။ ။

**ဝိဇယကာရီနန်းတွင်းဇာတ်တော်ကြီးမှ ထုတ်နုတ်သော သကနိ**
**တုံ မင်းသမီးက ဝိဇယကာရီမင်းသားထံပေး မှာတမ်း၊**

(၂၉) သစ်လို့သာညွန်းတော့၊ မြကွန်းရွှေညာမှာ၊ - ရွှေ
လောင်းစာ့ပူတဲ့ - မီးလိုဖြင့်၊ ရှစ်ထီးနှောင်လှုံမဲ့ - ဗိုလ်
ရွှေစုံညီလာဖြင့်မှာတဲ့၊ စံတင့်တော်မူရက်ပါဘိ၊ ကနက်
ကယ်သျှောင်ဘုန်းဖို့ - ညာရုံးရှင်။ ။

ရွှေဘဝင် - ဖြေမရှင် - ဖန်နေသ,သည့်သို့၊ ဘယ်မှ - မ
အေး။ ။

သုံးရွှေပိုင်၊ ဖြေမျှား - ဖြေတော်နိုင်ပေ့၊ လေး
ရောင်ပြိုင် ပူဝန်မှုငယ်နှင့်၊ သဲကြွေလုဆွေး။ ။

မြန့်ကျေးအောင်ချာ၊ သီရိန္ဒာဝယ်၊ ကြင်သက်တော်
ညာကြော့မျှုးငယ်နှင့်၊ဆင်လိပ်ပြာနှံ့ညီတူလို့၊ နှုံဘူး
တဲ့ဗျာတော်သံ။

www.burmeseclassic.com



ခင်းမမှန် ဖန်သလို၊ ဘိုးနဂ္ဂပြည်တန်ငယ်၊ ဝေဘူစံ ဆင်တော်မျိုး၊ ထင်ကိုးတဲ့စိတ်ရည်၊ ဘယ်ရွှေလည်ဇ ကန်ထိုက်မယ်လို့၊ အသိုက်နေညွန့်မြန္မယ်လာ။ ။

သက်တရား၊ သကလာ-မတင့်ရခင်က၊ နေခင်ဏ သွေလွဲ။ ။

ဆင်သစ္စာ၊ ကပ်ကမ္ဘာအခြေပြုတယ်၊ မေရုငယ် - ရွှေ တောင်ပြိုသည့်နှယ်၊ ယွင်းယိုရနဲ။ ။

ဂန္ဓရုံတောစောင့်နတ်သမီး ဂေါမ္မန်ရိက နန်းလုံးကေသီမင်း သမီးကို ဖြေဖျော်ရာ၌ သီဆိုသောသီချင်း

(၃၀) မြိုင်ခြေခိုင်ငွေ၊ ဆော်လေသန့်သန့်ညှင်း၊ ထုံဂန္ဓာမာလာမင်း၊ ဂေါဇင်ကျန်ကြွင်းမြူနှင်းနှင်း၊ မလင်းမှိုင်းအုံ့ရီ၊ ရှစ်တိုင်းမှောင်ညိုချို၊ နာရီသံခါညောင်းလို့၊ စာမရီတောင်စောင်းက၊ ဒေါင်းဖိုမတွန်သံချို၊ သဉ်လိပ်ဖြေဆည်၊ စက်လဲပျော်နိုင်ပြီ၊ ဆောင်ကွန်းငယ်ရာသီ၊ ကတီပန်းလွှာခြုံလဲငယ် - လုံပါသေး၊ အဆွေးငယ်ထပ်ပို၊ တကိုယ်တမ်းသာ၊ ရွှေသဲမှာတုန်ကာအေး၊ မြသွေးရောင်မိလ္လာငယ်နှင့်၊ ရွှေသားဘုံသဠာ၊ ပျော်တော်လေရှာတော်ဘဲ၊ ညဉ့်ဆည်းဆာသံရင့်ငယ်လွဲ၊ လဲသဉ်ဖြန့်ညောင်၊ မြိုင်ယောင်ပရင်း၊ ဖြေမျှားဖြေတော်နိုင်နှင့်၊ ကြယ်ရောင်ပြိုင် - တိမ်တိုင်ခပါပေါ့၊ ရွှေ့ပြုဗ္ဗာ-ဝိဒေဟမှ၊ မိုးစ,လို့လင်း။ ။



ဝိဇယကာရီ နန်းတွင်းဇာတ်တော်ကြီးလာ၊ ဝိဇယကာရီ [...]င်းသားနှင့်အထိန်းတော် အဘယဂန္ဓာတို့ တောတောင်ခရီး [...]င် ရောက်ရှိနေရာ ရာသီ၏သာယာပုံကို အထိန်းတော်ကြီး ချီးမွမ်းပုံရာသီဖွဲ့။

[...]ာ) မျှော့မရဲအောင်၊ ရွှေသဲဆွတ်ကြွေ၊ ရဂုံ့မွေတွင်၊ လေပြေလောင်းစ၊ တပေါင်းလကို၊ ကိုးနယ်ကလည်၊ ရှစ်တိုင်းငယ်ရည်၊ မြူခြည်နှင့်နှင်း၊ တဂုဏ်ကျင်းလို့၊ မင်းမှုသည့်ခါ၊ တောင်သေလာတွင်၊ ထိန်ဝါတောက်ညီး၊ ယာပြင်မီးနှင့်၊ မြိုင်ကြီးပျော်ရွှင်၊ ကိုကရင်တို့၊ စူးသင်စကာ၊ လုပ်ငန်းတာနှင့်၊ ဒေဝါပဇ္ဇုန်၊ တိမ်ဂဠုန်ဝယ်၊ အမ္ဗုန်သီကျူး၊ နန်းဆော်မြူးလို့၊ ရွှေဦးငယ်ချီချီ၊ သည်ရာသီဝယ်၊ ရွှေဖီကံ့ကော်၊ စွယ်တော်စကား၊ အိမ်တော်လျားနှင့်၊ သနားစဘွယ်၊ တောစမ္ပာယ်၊ သွယ်သွယ်ပျံ့ကြူ၊ တမင်းမူလို့၊ နတ်တူဆင်ရန်၊ ခိုင်လက်တံမှာ၊ ဘယ်ပြန်ညာရုံး၊ ရွှေနန်းသူကုံးပါတဲ့၊ သုံးရွှေ့သခင်၊ မြတ်ပန်းတော် ဝင်ထိုက်သည့်၊ သဇင်လိုလို၊ ရနံ့ငယ်ချိုရန်မှာ၊ လွှမ်းပိုဖွဲ့စေ၊ သည်ရပ်မြေတွင်၊ သည်လေဆွတ်ပြန့်၊ ဖြေမတန့်နှင့်၊ ပန့်ကျက်သရေ၊ အထွေထွေကို၊ တိမ်ခြေမြန်းကာ၊ ဈာန်ပွားမှာထဲ၊ သမာပတ်ဝင်၊ မဂ်ဉာဏ်ရှင်သော်မှ၊ ဘဝင်ကြွမော၊ [...]ပြန်ပြန်စော၍၊ မနော စွဲလည်၊ ထဲမကြည်၊ သဲရှည်နော[...] [...]ေးအထွေ ထွေနှင့်၊ တည်စမရှိ၊ ဝိပရိလဲ၊ ကာင်ငြိမ [...]န်း ဂုဏ္ဍာရုံကို၊ လုံးစုံထပ်နှောင်၊ သည်မြိုင်ကျော်ဝယ်၊

www.burmeseclassic.com



ငိုယောင်ယောင်ရယ်မလိုနှင့်၊ ဆွေးစေတို့ဖန်တတ်တဲ့ တောပါဘုရား။

* စာမျက်နှာ-၂၂၉ လှိုင်ယိမ်ခေါင်တင်ဆိုဘောလယ်အပိုဒ်-၅ အဆုံးတွင် အောက်ပေါ်ပြပါ ဘောလယ် အပိုဒ် ၆-နှင့် ၇-ကို ဆက်၍ ဖတ်ရှုပါရန်—

### ၆။ မယ်ခုမျှော် ဘောလယ်

စိန်ခြူးကြာညောင်၊ လရှောင်လင်းပါလို့၊ မှန်ရွှေပြုပြတင်းငယ်က မယ်ခုမျှော်၊ သုံးချက် စည်တော်၊ ရိုက်ဆော်ညွှင်းတယ်လေး၊ လင်းပြန်လုနော်။ ။

သဇင်သင်းပါတဲ့၊ခင်းပြန့်ပေါ်၊ လာနိုးငယ်မယ်မျှော်လို့၊ တကိုယ်တော်ထူး၊ ထွေရာစိတ်ကူးပါလို့၊ ဖူးရွှေလက်တင်၊ ဖြစ်ရှေးကုန်စင်၊ ဘဝင်တုန်ဆွေးတယ်လေး၊ တွေးကြံလိုက်ရင်။ ။

သစ္စာတော်စူးပါစေ့၊ 'ဆိုဦးကာပင်၊ ခင်လေးကို မောင်ကြင်ငဲ့၊ သည်သက်တွင်ဘဲ၊နောင်သွေမလွဲပါဘူး။ ယုံတော့မေ၊ ပြဒုမတွေ-သီဟာတင့်တယ်လေး၊ ဦးညာမြင့်နေ။ ။

နတ်ဒေဝီဖြူးသော်လဲ၊ တပါးမသွေ၊ ရှစ်ပြဟ္မာချေပါလို့၊ အောင်ဇေယျာညွှန်း၊ မတ်ခြွေရေဝန်းငယ်နှင့်၊ ရေသွန်းတော်ခံ၊ မဟေသီမှန်၊ ဒေဝီတပ်တယ်လေး၊ ဦးဆယ်ထပ်ရုံ။ ။

သည်မေတင်စားပါလို့၊ ကြင်အားငယ်သန်၊ ခုမျှားမှာ သူတဉာဏ်နှင့်၊ မူတဟန်ခြား၊ ပြုတော်မူအားရန်



ကော့၊ မျက်ထားတော်သုန်၊ မချစ်ပြင်ပြင်၊ မကြင်ကိုယ်တော်စိမ်းတယ်လေး၊ ပိန်းပိတ်လို့မှုန်။ ။

ဒွေးချိုးသဖြန်။ ။အချစ်ကိုယုံ၊ပုံပါငဲ့အလုံး။ ။
ရှောင်လွှဲနေပျော်လို့၊
မကြည်သော်-မျက်တော်ဖုံးတယ်၊
ဘယ်တွက်ကြောင့်မုန်း။ ။

### ၇။ မျှော်တလင့်လင့် ဘောလယ်

ပုလဲမြိတ်စုံ၊ ဂုန္တန်ခြားပါတဲ့၊ နရားရုပ်ကြွ၊ မြခက်သွယ်၊ ရွှေကိန္နရီ၊ ရုပ်ချီဆန်းတယ်လေး၊ ပန်းအုံမြင့်လယ်။ ။

ထင်လာနိုးငယ်နှင့်၊ မျှော်ကိုးယောင်ဘွယ်၊ သက်ဆုံးငိုင်ကြံရွယ်တဲ့၊ ရွှေစမွယ်ကုံး၊ မြတ်ဉာဏ်ယူသုံးပါလို့၊ ကြော့ဆုံးကောသီ၊ဘုန်းမယ့်သွင်ပြင်၊ လိပ်ပြာဝေးတယ်လေး၊ ဆွေးပို့ခဲ့ပြီ။ ။

သဲရွှေဘွင်ကျွမ်းစေတို့၊ မယ်လွမ်းချိန်မှီ၊ ရွှေစကြာစုံနှစ်လီပ၊သီသီမမြန်း၊ ခိုင်မာလာပန်းငယ်နှင့်၊ စက်ခန်းတော်ဘုံ၊ မေ်ယွန်းသဉ္ဇာ၊ ဆောင်တော်ကွေ့မှာလေး၊ ဖူးတွေ့မကြုံ။ ။

ငွေယုန်ခြည် စောင်းပါပေါ့၊ ခါနှောင်းတော်ပံ၊ ရွှေ့ကျွန်းဝိဟာဘုံက၊ ထွက်ပေါ်လူ့နီး၊ သုံးပယ်ရိုက်ပေါ့၊ မျှော်မမြင်၊ ရွှေကြက်သံချို၊ ဆော်လှာသင်းတယ်လေး၊ လင်းမယ်လို့ပြင်။ ။

www.burmeseclassic.com

www.burmeseclassic.com



## ၃၁။ မမိ

## (၁၂၂၇-၁၂၅၀ ခန့်)

မမိသည် ကုန်းဘောင်နှောင်းခေတ်နှင့် ဗြိတိသျှခေတ်အကူး ကာလတွင် ထင်ရှားသောအမျိုးသမီး စာဆိုတော်တဦးဖြစ်ပါ သည်။ မမိ၏မွေးမြေဇာတိကို စွဲ၍ သုံးဆယ်သူမမိဟူ၍လည်း လူသိများပါသည်။

သက္ကရာဇ်၁၂၂၇ - ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၉ - ရက်ဗုဒ္ဓ ဟူးနေ့ နာရီပြန် ၂ - ချက်တွင် သုံးဆယ်မြို့၌ ဦးလူငယ်၊ ဒေါ်ရွှေ မယ်တို့မှ ဖွားမြင်လေသည်။ အသက်၄ - နှစ်အရွယ်ကပင် သင်ပုန်း ကြီးနှင့် အက္ခရာမှန်သမျှကို တလနှင့်အပြီးသင်ကြားတတ်မြောက် သည်။အင်္ဂလိပ်စာကိုလည်း အသင့်အတင့်သင်ကြားတတ်မြောက် ခဲ့လေသည်။ ထို့ပြင်မမိသည် သင်္ဂြိုဟ်ကို ညံဝါ တက်၍သင် ကြားခဲ့သည်၊ ရာဇဝင်၊ မဟာဝင်၊ ဗုဒ္ဓဝင်၊ ဝတ္ထုနိပါတ်နှင့် ဇာတ် အမျိုးမျိုးကိုလည်း သင်ကြား လေ့ကျက်ခဲ့သည်၊ ဗေဒင်ကျမ်း များကိုငှင်း၊ ရှေးသုံးပေါရာဏ ဝေါဟာရတို့ကိုငှင်း၊ အရိယာဝံ သအမေးအဖြေ၊ သမန္တစက္ခုဒီပနီ၊ ရာဇောဝါဒ၊ ဇိနတ္ထပကာ သနီနှင့် ဒန္တာဂရီတို့ကိုငှင်း၊ ပျို့ကဗျာလင်္ကာတို့ကို အသက်၂၂- နှစ်အရွယ်တွင် ညက်ညက်ကျေအောင် အာဂုံဆောင်ခဲ့သူလည်း ဖြစ်ပေသည်။

မမိသည် ရန်ကုန်မြို့ စမော်ကော်ဒန်ဟောင်း ဦးအုံး၏သား ဗိုလ်တက်ပြန် ဝန်ထောက်မောင်ငွေခိုင်နှင့် လက်ထပ်ထိမ်းမြားခဲ့ သည်။ လက်ထပ်ထိမ်းမြားပြီးနောက် ပေါင်းတည်မြို့တွင် သွား ရောက်နေထိုင်ခဲ့သည်၊ မိန်းမတို့၏ ဓမ္မတာအတိုင်း နေ့ရက်စေ့၍



မွေးဖွားခါနီးတွင် မိဘရပ်ထံသုံးဆယ်မြို့သို့ ပြန်ခဲ့သည်။ မိဘများ ထံတွင်ပင် မီးဖွါးစဉ်၌ သုံးဆယ်မြို့တွင် ကွယ်လွန်လေသည်။

မမိသည် အောက်ဖော်ပြပါ မေတ္တာစာများကို ရေးသားခဲ့ လေသည်။

(၁) မမိက မယ်စိန်သို့ပေး မေတ္တာစာ၊
(၂) ပွဲစားဦးသင်းကူ - ကြည့်မြင်တိုင်ရှိ မယားထံပေး မေတ္တာစာ၊
(၃) စံရွှေးမြို့ စစ်ကဲမင်းကြီးက - ဗင်္ဂလားမြို့၊ သားများထံ ပေးမေတ္တာစာ၊
(၄) မမိက မင်းလှမြို့သို့ ပန်းတောင်းမေတ္တာစာ၊
(၅) မမိက ရန်ကုန်မြို့နေ မသိန်းထံပေး မေတ္တာစာ၊
(၆) ပရိတ်ရွတ်ကြွမေတ္တာစာ၊
(၇) မအူပင်မြို့ အခွန်တော်ဝန်မင်းက ဗင်္ဂလားမြို့မှ သား များထံ ပေးမေတ္တာစာ၊
(၈) သာယာဝတီစာရေးကြီးက - ရန်ကုန်မြို့ ဘထွေးထံပေး မေတ္တာစာ၊
(၉) စံရွှေးမြို့ - ကိုတိုးမြင့် သားရှင်ပြုဘိတ်စာ၊
(၁၀) မမိက မဖွားတူသို့ ပေးမေတ္တာစာ၊
(၁၁) မမိက မပိုးဖြူထံပေး မေတ္တာစာ၊
(၁၂) ဥပုသ်အမများကိုပေးမေတ္တာစာ၊
(၁၃) သမာဂီဘာ ပရိက်ံတေးသစ်၊

www.burmeseclassic.com

www.burmeseclassic.com



## (၁)။ မမိကမင်းလှမြို့သို့ ပန်းတောင်းသောမေတ္တာစာ

ဇဝနပဋ္ဌိဘာန်၊ သမယအတိတ်ဥဒါဖြင့်၊ သန္တာ ပြန်ရိုးညွှာကဲ၊ ပုလဲဥနှင်းပေါက်၊ ရဲရဲတောက်လျှံထိန်၊ သဲသဲမော်ကအာလိန်၊ ရပ်မခြားမာဂိန်သို့၊ ဂဇာသိန် ထွန်းပ၊ လွမ်းစရာ့ဟေမဝန်၊ ဖွေအလွန်ထူးဆန်း၊ ကေသရာနတ်နန်းနှင့်၊ဒြပ်ဆန်းသီတာ၊ ဇလပ်ပန်ဇီဇဝါ၊ ပန်းခတ္တာသော်က၊ ပမ္ပာယ်ဖြူပေါ်စုံ၊ မော်ဝနလှိုင်ဂူ ပျော်စရာ့မြိုင်ဌမှာ၊ ခိုင်မဥ္စုရှက်နွဲ့လို့၊ အနဲနဲထွေရာ၊ ဘုံရဟတ်စန္ဒာသည်မြန်းကြွလာအခိုက်၊အဇဋ္ဌာတိမ်တိုက် က၊ လွှတ်လိုက်သည်အခါ၊ ဇမ္ဗူရစ်သိဂ်ါလို၊ စာဣန္ဒာ ရစ်ဆွယ်၊ မြို့အသစ်ရွှေဆယ်က၊ အရွယ်ကိုထောက်စစ် လျှင်၊ ၁၇-နှစ်မရှိ၊ ချစ်ဆွေဟောင်းမမိက၊ အသိမှန် သက်သက်၊ ကဝိဉာဏ်မစွက်ဘဲ အနဂ္ဃရောင်လျှံ၊ ဘဝဂ်မျှ ထောင်တန်ိုအောင် ခေါင်နပန်ဖက်တွဲလို့၊ ပျံ့ဝဲသည့် ဟသ်ာ၊ ငှက်ကရဝိတ်ကြိုးကြာတို့၊ သာယာသည့်ဥပမာ၊ ကျွန်မ၏မေတ္တာကို၊ စေတနာမပျက်ယွင်းဘဲ၊ အနက် ကျဉ်းပြုလိုက်ပါတော့မည်။ ။အလီလီထူးဆန်း၊ တန်း ရွှေမြို့နဂရာတွင်၊ ဘွဲ့သညာ မည်ဆို၊ အရီးအိုမဖွား၊ နှစ်ပါးစုံကြွင်ဖက်၊ မကွက်ကြစေတနာနှင့်၊ မာပါစေ ဟောတ္တု၊ သာပါစေဟောတ္တု၊ တအိမ်လုံး တရပ်လုံး၊ ရှိသမျှသိမ်းကျုံး၍၊ အားလုံးကုန်ဟောတ္တု၊ သဝေချာ ပြွမ်းစုံ၍၊ ခုလုပ်ခုရေးမနွေး လွှယ်ကူ မှုအထက်ခါ၊ ကျမ၏မာတာကို၊မင်္ဂလာတွင်ချို့၊ မင်းလှမြို့အောင်ချာ



က၊ ပြန်လာသည်အခိုက်တွင်၊ အလိုက်သင့်မွေ့ဆုံ၊ အရီး အိုနှင့်တွေ့ကြုံလျှင်၊ ယမုဥ္စသိတာမှာ၊ မေခလာဆွေမယ် က၊ ကယ်ဆယ်သည့်ကျေးဇူး၊ နည်းသက်သေတဦးမှာ၊ ပညာထူးမင်းမဟော၊ မတော်သည်အရာကို၊ ဖွေရှာ၍ ဖျက်သော်ကြောင့်၊ အသက်မှ ချမ်းသာသည်၊ မဟာစု ဋ္ဌနီ၊ အတည်တည်အထူးထူး၊ ကျေးဇူးကိုရေးရလျှင် ရေးသူမှာမခက်၊ စက္ကူဘိုး စျေးတက်မည်ကြောင့်၊ အချက်ကျသင့်ရုံ၊ အပုံကြီးမဆို၊ တောင်မြင်းမိုရ်မကာ၊ ကြွလိုက်ခဲ့ပါ၊ တအိမ်လုံး ခမေတ္တာကြောင့်၊ အရသာ ထမင်းမှာ၊ နတ်သုဓါသွတ်သွင်းသလို၊ ကောင်းခြင်းနှင့် ပြည့်စုံ၊ ကျွေးမွေးသည့်ဥဿုံကို၊ မြေကုန်အောင်မဆပ် နိုင်၊ ကျေးဇူးမိုးဝေလှိုင်သည်၊ ပုလဲခိုင်မြရက်၊ ဘော်ငွေ သားအခက်နှင့်၊ အထက်ကာသုဓမ္မာ သာလာယံအနီးဩ ချီးမြှင့်၍ ပြုပြင်သော၊ ဥယျာဉ်က မာလာပန်းကဲ့သို့၊ ဆန်းကြယ်သောအထုံ၊ ဂန္ဓာရုံအဦး၊ အမျိုး၏မြတ်ခြင်း၊ အဆင်းနှင့်ပြည့်စွာ၊ ဘန်ကောက်မှဖြစ်သော၊ ပန်းမဟာ စပယ်ကို၊ တကာယ်ပင်ပေးမည်ဟု၊ မနွေးအောင်စီမံသည် ကို၊ ကျမ၏မိခင်က၊ ယူငင်၍ မလာနိုင်သောကြောင့်၊ ၎င်းဆန်းကြယ်၊ ပန်းစပယ်ကို၊အလွယ်နှင့်မရရာ၊ သို့ဖြစ် ပါ၍၊စေတနာတိုးပွား၊ ကျေးဇူးတွေ အလွန်များသော် လည်း၊ ခြားနားး၍သည် စပယ်ကို၊ လူကြုံဝယ်ကြည်ရွှင် ကျေးဇူးပြုလိုက်ပါမည့် အကြောင်း၊ စာပေး၍မှာလိုက် ပါသည် အရီးအို၊ မဖွားတို့ရှင့်။

www.burmeseclassic.com



## (၂) မမိက မယ်စိန်သို့ ပေးသောမေတ္တာစာ

ကုဏ္ဍလာရေ၊ ဒုမ္မာရွှေသို့၊ ပုံဌာနေမှု၊ပမာပြုသော်၊ ရွှေယမုန္နာ၊ ရေထုဖြာသို့၊ ဝမ်းသာရွှင်လန်း၊ငွေပုဏ္ဏမာ၊ ယုန်သော်တာ၊ ကြယ်တာရာမြူ့မသန်းသလို၊ သဒ္ဒါပန်း ကြည်ရွှင်၊ဇောတိရသ်မျက်ရှင်ကို၊ လက်တင်၍ပြသကဲ့သို့၊ တွင်သမယထူးလယ်၊ ထင်နဂရမြို့ရွှေဆယ်က၊သူငယ်ချင်း မမိ၊ စိတ်သတိရွေးသွယ်၍၊ အဓိပ္ပာယ် ယဉ်ယဉ်နှင့်၊ စေတနာပင် စိုက်ပျိုး၍ မေတ္တာ မိုးရွာလိုက်ပါသည် မယ်စိန်။ ။

တလီထူးဆန်း၊ မြတ်မမှစာတမ်း၊ ကျမ်းနိပါတ်အထွက်၊ တရားနှင့်တွက်လိုက်လျှင်၊ရှေးအထက်ကာယိကာ၊ တဌာနီ တဘာသာ၊ဆွေရင်းချာ၊မျိုးရင်းစစ်၊ လူ့ရေစက်၊ သည် အမြစ်ကြောင့်၊ ဤခေတ်တွင်တွေ့ပြန်၊ စေတနာကံဖန်၍၊ တရံသာတွေ့ကြ၊ မယ်စိန်နှင့်ကျွန်မမှာ၊ သို့ကလောက် ဌာနတွင်၊ကလျာဏမိတ်စစ်၊ ဘယ်ကလောက် ချစ်တယ် လို့၊ ဓမ္မရာဇ်သေနင်္ဂါ၊ ကောရပ္ပရာဇာနှင့်၊ လောင်း မဟာဝိဓူရ၊ သဘောချင်းတူမျှ၍၊ ဝိဝါဒမရှိသလို၊ စိတ်ပီတိပြန့်ပြော၊ ဥပမာတွေးတောက၊ ပရောဟိတ် ပုဏ္ဏားနှင့်၊ မင်းတရားသေုကာလို၊ ကြည်သဒ္ဒါရွှင်ပျ၊ သစ္စာပန်းပန်ကြ၍၊ တရံမျှမညှိုးပေ၊ ဇီးကုန်း၊မြို့မိတ်ဆွေ ကို၊ သည်အခြေသည်ပုံလို၊ သမ္မာဂုဏ်နှံ့ပွား၊ မယ်စိန် တို့ပြန်သွားမှ၊ ဘုရားမှာဆုပန်၊ အောင်သပြေစိမ့်၍၊ တရံမျှမကွက်၊ သပြေခက်တို့လဲ၊ အရွက်ခေါင်းပါး၊



အပင်ပါနှုတ်လွန်းလို့၊ ခုအာဟုတ်ရှားပါသည်။ခြားနား သတ်မှတ်၊ နေ့မပြတ်အောင်၊ဝစနတ်ဆွေးနွေး၊ ထုံးစေတ နာ၊ ကြုံပေလာ၊ငွေကုဏ္ဍာဒေးသလို၊ ယဉ်ကျေးခြင်းငါး ဖြာနှင့်၊ကောင်းမွန်စွာသုခကို၊ လူ့ဘဝလူ့ဘုံ၌၊စိတ်အာ ရုံခံစား၍၊ တရားနှင့် ကိုယ်မကွာ၊ ဘေးဘယရောဂါ သည်၊ မလာကင်းပျောက်၊ ကြံတိုင်းပင်ပေါက်ပါစေဟု၊ ချီးမြှောက်ဆင်ကာ၊ တင်သမာဖြင့်၊ စဉ်လာမပျက်၊ လွန်သဒ္ဒါ ထက်ကြောင်းကို၊ မြရွက်ကယ်စိမ်းလျှပ်၊ နုဖတ်ဖတ်ကယ် နှင်းပြတ်တဲ့ရာသီ၊ တခေတ်ကယ်ကျူး လို့မို့၊ ပုရစ်ဖူးစီကြ၊ ဌါနီဂေဟာ၊ စံတိုင်းနှင့်ကွာသူတို့၊ ပူဗျာပါနေ့ခက်၊ ဝသန်ကိုချဉ်းတော့၊ လေသွင်းချိန် ရောက်သမို့၊ စိတ်နောက်ကျွမ်းကြွေ၊ ပန်းခရေလဲ၊ ချွေ ရွှေတမွတ်၊ ပင်လုံးကျွတ်အောင်၊ မချွတ်မလင့်၊ အခက် တိုင်းပွင့်ကြ၊ နန်းပင်မြင့်ရိပ်စံ၊ စာစာငယ်ညံ့သည်၊ ငှက်သံချင်းရှုပ်၊ ရာသီကျတာမို့၊ မြအသိုက်လုပ်ကြ၊ နုပ်တနဲ့နဲ့၊ သုပ်တသဲ့သဲ့နှင့်၊ စုပ်တဲ့ကာမြည်တုန်းကို၊ ကြံစည်ကာသမာဓေညာင့်သူမို့ပညာဉာဏ်စက်မောင်းကို မစောင်းအောင်မီးတင်၍၊ စီရင်ကာ ရေးလိုက်ပါသည် မစိန်။

## (၃) မမိက ရန်ကုန်မြို့နေ မသိန်းသို့ ပေးမေတ္တာစာ

ဇေ့ဝသန်လွှာ၊ငွေကုဏ္ဍလာ၌၊ သွေးသံစာသွယ်၊ လိုင်ကြ ယက်သို့၊ ပိုင်းဖျက်ဉာဏ်ရောင်၊ ဝရင်နိုစား၊ ရှင်နှုန်း၊

www.burmeseclassic.com



မြတန်ဆောင်သို့၊ မှောင်မငြိုကင်း၊ ဆန်းပေါ်လာ၊ စန်းသော်သာလင်းသည့်နှယ်၊ ရှင်းအဓိပ္ပါယ်၊ မို့မို့ကသိုဏ်း၊ ညို့ညို့မှိုင်းတဲ့၊ တိုင်းရွှေဆယ်ဝယ်၊ ကြွယ်သမ္မာရှို၊ မနေသကတ်၊ ပြောစမှတ်သို့၊ ဇောတိရသ်-မမိကာ၊ မဟိဒ္ဓိတံမြွာ၊ ကက္ကဋ္ဌလမ္ဘရာလို၊ ပညာဖေါ်ပြ၊ ဉာဏ်ဇဝန လင်းလိုက်ပါတော့မည်။ ။ဟံသာတိဂုံ၊ စံရာလှိုသည်၊ မာန်ဟုန်မချို့၊ ရွှေဂုန်မြို့တွင်၊ လူတို့ဝေါဟာ၊ မည်သညာဆန်း၊ စခန်းကျယ်စွာ၊လမ်းဖွယ်ရာဌ၊ တေဇာမောက်မို၊ သမ္ဘာတခု၊ ပမာပြု၍၊ တန္တုဆိုလျှင်၊ ဟိုဝတိန်ညွှာ၊ မိုးကုန္ဒာဝယ်၊ မဟာအယုဇ္ဇ ပြာသာဒ်စွင့်စွင့်၊ ထပ်ထပ်ကယ်ဆင့်၊ မြင့်မာဃဟု၊ ခွန်သဦးကိုင်၊ ဝတိန်တရိုး၊ အရှုန်တိုး၍၊ အစိုးပိုင်၊ ကိုင်နှင်းရည်သင်း၊ မော်ဟန်တခြား၊ ပျော်စံစားတဲ့၊ သိကြားမင်း၏၊ သက်နှင်း ကြင်ယာ၊ နဂိုပဝင်း၊ ကြော့ကြော့ငယ်ရှင်းတဲ့၊ မင်းသူဇာလို၊ မူရာတမျှ၊ ရှေးဘဝက၊ ဒါနအတိတ်၊ အကြောင်းဟိတ်ကြောင့်၊ အရိပ်ထင်ပေါ်၊ မင်းကတော်၏၊ စံလှော်သက်လျာ၊ ခြောက်ပြစ်ကင်းတဲ့၊ မင်းအမရာတို့နှင့်၊ ပမာမတိမ်း၊ သိင်္ဂါပပ၊ လိမ္မာလှတဲ့၊ မမသိန်းမှာ၊ ခပ်သိပ်တွန်းလှစ်၊ ကျက်သရေ၊ တက်နေလိုသစ်သမို့၊ မြစ်အခြေလှုံ၊ မြို့ရွှေကုန်မှာ၊ ငုံညှာတံတင့်၊ ကုဏ္ဍလာ-ပဒုမ္မာပွင့်သည့်နှယ်၊ ခွင့်တရေးရ၊ မမမျက်ဖြေ၊ ရွှေဇမ္ဗူရစ်၊ သပြေငုံ-ဗေ္ဗလူတို့ချစ်လှသည့်၊ နှစ်ဂမုန်းလျှော်၊အရောင်လှသို့၊ မောင်ဘသော်၏ တော်ဝင်ဇနီး၊ သမီးတမျှ၊ ချစ်ချွေးမတို့နှင့်။



တက္ကသိုက်မြို့က်၊ စံတဆွေတို့မှာ၊ တန်တဖြေထိုးထားပါငါ့၊ လိုက်တသင်းလျှို၊ ရှေးကုသိုလ်ရိပ်၊ အကြောင်းဟိတ်က၊ အတိတ်သန်လွန်းလို့၊ တဖန်လုံးလုံး၊ ကံစနှင့်စည်းစိမ်ကို၊ တရှိန်တည်းကုံးရလျှင်၊ နှန်းတဒီပါ၊ မီးရထားတွဲတာရာနှင့်၊ အခါခါတိုက်သော်လည်း၊ အလိုက်သင့်မကုန်၊ ဇောတိကာဘုန်းဝေတို့၊ ကျက်သရေပြည့်စုံသလို၊ ဂုဏ်အထူးရှိန်၊ ကြုံဘူးလျှင်သိပါလိမ့်၊ မဟိဒ္ဓိတွေ၊ တန်ခိုးသကတ်၊ အမျိုးမြတ်သည့်၊ နတ်တဆွေနှင့်၊ တွဲနေတူကွ၊ ကလျာဏတွင်၊ သဟာယဝင်သောကြောင့်၊ ချစ်ခင်ကြသည်၊ ကိစ္စရေးရာ၊ လိမ်မာသမှု၊ မကြီးပုမှာလည်း၊ ယာခုမှန်စွာ၊ ဥပမာမှာ၊ မဟာဂါမိတ်၊ ပရောဟိတ်နှင့်၊ ရိပ်တထီးလျှာ၊ တဆွေသမု၊ ရဝေနှုက၊ သေုကာလို၊ စေတနာမျှ၊ နှစ်ကိုယ်တစိတ်၊ ပုရောဟိတ်တို့လို၊ မိတ်ဖြစ်ကြ၍၊ တကွပြည့်စုံ၊ တရုံတဆစ်၊ ယမန်နှစ်က၊ သစ်တွေ့မြို့၊ ဘုံရဝေဆန်း၊ နန်းမျှားသခင်၊ မ-ဘုရင်ကို၊ တသွင်တဦး၊ ကုန်မမေ့-ကြုံတွေ့ဘူးလျှင်ဘဲ၊ မြူးကြွအလျှံ၊ ဆုလပ်ပင်မရကတဲ့၊ ထူးမြတ်ကြမှန်သလို၊ တန်ခိုးရှိန် ပပမလိမ်း၊ မမသိန်းကို၊ မတိမ်းအောင်သိရသမို့၊ သတိမှန်စွာ၊ ကျမမှာလည်း၊ သာယာရွှင်လန်း၊ ခိုင်နှင်းရည်၊ ကြိုင်းနှင်းဆီဖျန်းသည့်နှယ်၊ ပန်းကောင်းအသွင်၊ သို့ဖြစ်အင်ကြောင့်၊ ဘဝင်စိတ်စော၊ သဘောကြည်လင်၊ ကျေးဇူးတင်၍၊ တသွင်တဖြာ၊ ရတနာရွှဲ၊ ကျောက်ပုလဲတို့ကို၊ တန်တခြား၊ လက်ဆောင်ပင်ပန်းသော်လည်းများသည်အမှန်၊ တရုပ်ပြည်နိုင်ငံမှာ၊ တဖန်တံသွယ်၊

www.burmeseclassic.com

အပ်ရောင်းမည်လည်သလို၊ မဖွယ်အရေး၊ဘယ့်ကလောက် လက်ဆောင်နှင့်၊ အံ့လောက်အောင် ပေးသော်လည်း၊ ငွေငွေးသည့်ဂုဏ်ရှင်မို့၊ ဘဝင်မပါ၊ ဝမ်းမသာလှဘူး၊ သို့ရာအလျှင်၊ နိုင်းဆင်ခြင်က၊ ကိုယ်တွင်လက်တန်း၊ ကွက်ဆန်းတဖြာ၊ ရတနာကို၊ သဒ္ဒါလေးဇက်မှု၊ လက်ဆောင်ပြုရလျှင်၊ ယခုတအင်၊ ကောင်းမည်ထင်၍၊ တသွင်မကွာ၊ သို့ခြင်းရာကြောင့်၊ ပညာတန်ခိုး၊ဖိုးအနဂ္ဃ၊ နဂိုပိုင်ပြန်၊ ကိုယ်တိုင်ကြံသည့်၊ ဉာဏ်ဇဝနကို၊ ဟာသတဖုံ၊ ကာလဉာဏ်တစုံစုံနှင့်၊ ဒဂုန်မြို့နေရပ်၊ အံ့လောက်သည့် မိန်းမမြတ်ကို၊ ဝစနတ်အခွင့်ရှိန်အခြေမှာ၊ သိန့်သရေတင့်တဲ့အောင်၊ နှုန်းဆင့်ကာလှ့သသား၍၊ အုန်းပွင့်စာပါးလိုက်ပါသည် မိမိကြီးရှင့်။

(၄) မမိကမဖွားတူသို့ပေးသော မေတ္တာစာ

မြေမဟီ၊ ဗွဲနဒီခြေသည့်၊ ဝဇီငွေနှုန်း၊ ပြိုင်ဘက်မယှဉ်၊ နိုင်လျက်ပင်မို့၊ စံတင်ကာသုံးရသည်၊ ဇမ္ဗူလုံးကျက်သရေ၊ တက်သစ်နေသို့၊ ငွေဝရဇိန်ရောင်၊ ထိန်ထိန်ပြောင်သည်၊ တန်ဆောင်မြူးကြွယ်၊ သောက်ရှူးကြွယ်သို့၊ နယ်နိမိတ်ရပ်၊ ကုန်သတ်မှတ်၍၊ မလပ်မမှား၊ မြတ်ဘုရားနှင့်၊ တရားနှစ်လုံး၊ သိမ်းယူကျုံး၍၊ ထုံးဥပဒေ၊ မှန်ကန်ပေသည်၊ သပြေဒီပါ၊ ကျွန်းလကျာဝယ်၊ များစွာဘုရင်၊ တိုင်းသခင်တို့နှင့်၊ နိုင်းယှဉ်ဖွေဆ၊ စိစစ်ကြလျှင်၊ မ-ဘုရင်ခံ၊ ဗီလတ်စံမှု၊ သဏ္ဍာန်တော်ခြား၊ ဆီနှင့်ရေထားသလို၊ တရားနှင့်ယူပြန်လျှင်၊ ဂုဏ္ဍိယပဋ္ဌိ



ဘာန်ကို၊ စီမံလေပြေးသော်လည်း၊ ယောကျ်ားကောင်းတယောက်ကဲ့သို့၊ လုံလောက်သောမိန်းမမို့၊ ရ-သတိမှု၊ သဘောတော်တူလှ၍၊ မြူနိဗ္ဗိပါယ်၊ ပေါင်းစလွယ်ကို၊ ရှောင်းလယ်မပြတ်၊ စာချွန်တော်အပ်သမို့၊ မြောင့်မတ်တင့်တယ်၊ ကျောင်းတကာ-ဦးလှငယ်၏၊ ရင်ဝယ်အစစ်သမီးချစ်ဟု၊ တွင်သစ်ကျောင်းကန်၊ ကုသိုလ်ဖန်သောကြောင့်၊ နာမံမမိက၊ မချိသည့်စိတ်ထားနှင့်၊ မေတ္တာစာပါးလိုက်ပါသည်၊ ချစ်ဆွေ။ ။လောကခံဗွေ၊ ဤလူ့ပြေတွင်၊ ဝေနေယျဇ္ဇ၊ ရှေးအတိတ်မှန်၊ အရိပ်သန့်သောကြောင့်၊ ဖြစ်ပြန်ကြသည့်၊ အဝဝအဖုံဖုံ၊ ကိလေသာဝန်းရှိသို့၊ တွေ့ကြုံသည့်အနေမှာ၊ ချစ်မိတ်ဆွေအထွေး၊ တဦးမျှမတူ၊ ချစ်ကြသည် ဟူသော်လည်း၊ မဖြူကြသဘောဆား၊ ကျွန်ုပ်တို့နှစ်ပါးမှာ၊ မြူမပွားမကြည့်လင်၊ ကျောက်မဏိ၊ ဝေဘူရှင်လို၊ သဒ္ဒါပင်ရစ်ဝိုက်၊ မေတ္တာပန်းတည်စိုက်၍၊ သဘော၌စိတ်ခိုင်၊ အင်္ဂလိပ် ကျောက်စာ တိုင်လို၊ မယိုင်သည့် အခြေနှင့်၊ စံဌာန ရွှေး မြေက၊ မ နေ သာ ခဏ၊ နောက်ထပ်၍တသွယ်၊ မြို့သုံးဆယ်သို့၊ အလွယ်နှင့်ပြောင်းလာရလျှင်၊ တဝမလစ်၊ တမိနစ်မျှ၊ စိစစ်မမေ့၊ တနေ့လောက်[illegible]သော်လည်း၊ လွမ်းချစ်ငွေ့မကုန်၊ မဖွားတူ စိတ်[illegible]နှင့်၊ တအုံအုံတငွေးငွေး၊ မြို့စံရေးမှာ၊ ရွှေ[illegible]အကျွမ်းဝင်၍၊ အကြင်နာမျှကြသည်ကို၊ [illegible]ဆယ်မရနိုင်အောင်၊ မူလကိုဇာတ်လှန်၍၊ [illegible]လိုက်တော့၊ စိတ်လေးလို့-သဒ္ဒါ[illegible]

www.burmeseclassic.com



ကြောင်းပြန်ဆန်၍၊ တိမ်တွေကညို့တော့၊ သဲဆို့၍နင်လွန်းလို့၊ ပြင်ပြင်စီရေး၊ စာမပေးဘဲ၊ ချင့်တွေးထောက်ထား၊ မြတ်ဘုရားမှာ၊ ထင်ရှားစီမံ၊ ညှာတံကြွကြွ၊ ရွက်လျာငယ်လှတဲ့၊ မြသပြေနှင့်၊ ခရေကံ့ကော်၊ ပန်းသော်မော်တို့ကို၊ လျော်ကန်အောင်တင်ရှောင်း၊ ညောင်ရေတွေလောင်းလို့၊ သမုဒ်ပေါင်းဂင်္ဂါမှာ၊ ရေသိတာခန်းခြောက်၍၊ ကုန်မလောက်ရှိပါသည်၊ ဆိုအရာရာ၊ ချစ်မေတ္တာမျှ၊ စေတနာဗလပ္ပနှင့်၊ အားရအောင်ပန်ဆင်၍၊ ဘဝင်ကမမေ့၊ ရွှေဒုမ္မာသည်၊ ရေကုဏ္ဍလာမတွေ့သလို၊ တငွေ့ငွေ့လွမ်း၊ လစန္ဒာကို၊ အသူရာဖမ်းသည့်နှယ် ပန်းလျက်နှင့်ပင်၊ တသွယ်နှလုံး၊ ဇဝနရှင်ရှင်နှင့်၊ ခပ်ယဉ်ယဉ်စီကုံး၍၊ မေတ္တာလုံး ဖြန့်လိုက်ပါတော့သည် မဖွားတူ။

(၅) မမိကမပိုးဖြူထံပေးသောမေတ္တာစာ

လျှံသမ္ဘာချီ၊ စံရာမှီသည်၊ ဒန္တာရီဆင့်၊ အမြတ်အပို၊ နတ်နဂိုမို့၊ စပ်ဆိုကာဖွင့်လိုက်သည်၊ ချင့်ကြွတော့အများ၊ ပေါ်ပြသူစာရှင်နှင့်၊ နောက်ခွင်ကတခြား၊ စာရေးသူမှားမည်ကြောင့်၊ သနားခြင်းကရုဏာ၊ စကားရင်းအမှုပါအောင်၊ ဖြူသဒ္ဒါသိမ်မွေ့၊ နွဲ့ကိုယ်အခင်း၊ လဲ့လဲ့ဝင်းနှင်းရည်ငွေ့သို၊ ကြွေ့ကြွေ့ဟန်ယူ၊ သိန်သိန်ဖြိုပ်၊ ထိန်ထိန်လျှပ်မဲ့၊ နတ်မိုးသူသို၊ မပိုးဖြူထံ၊ ရှိန်ကုံးပုလဲ၊ စိန်လုံးကြဲ၊ ခြိမ်းအုံးသဲ၊ ဖန်သည့်နှယ်၊ ငွေနာမံသွယ်၊ နဒီကြို့တဲ့မြို့ရွှေဆယ်တွင်၊ နွယ်သမ္ဘာရှိ၊ မမမိက၊ သိဘို



ရန်အခြေကို၊ ခြွေတသန်၊ ပဏ္ဍိတကဝိနှင့်၊ ဉာဏ်ရှိသူမူလမှာ၊ တယ်သမျှအရာရာ၊ ဆိုးကောင်းမှုကြားလာလျှင်၊ စာနာကာစစ်ဆေး၊ ပစ္စုပ္ပန်အတိတ၊ အနာဂတ်ကာလကို၊ ဉာဏနှင့်ချှန်းအုပ်၍၊ ကောဝုစ်ဆွေးနွေး၊ ခြေမဟုတ်ငါလေသေးဘဲ၊ အရေးသင့်သရုပ်၊ ဟုတ်သင့်မှဟုတ်ရမည်၊ ကျွန်ုပ်တို့ကလူ၊ မပိုးဖြူမတော့၊ အယူစောင်းဖယ်၊ ဗာလမိုက်သမင်ငယ်က၊ ကျင်ကလယ်ဉာဏ်စုတ်နှင့်၊ မြင်သည့်နှယ်ဟန်လုပ်၍၊ နုပ်လှသည့်သဘော၊ မြေပြိုသည်ပြောသောအခါ၊ စောကြောခါမခွဲ့၊ တကယ်ပင်ယုံတဲ့သလို၊ မင်္ဂနောက်ရှေ့၊ ဆန်ပြာရာမြေတကြောမှာ၊ စကောလေမွေ့လျှတဲ့၊ အတွေးနှင့်ဗျာကရာ၊ ငါ့စကောလွင့်ပြီဟု၊ အဆင့်ဆင့်မြည်တမ်းရှာလျှင်၊ အိမ်ခန်းဝါမီးသွေးတိုက်၊ ဥမင်တွင်းမှောင်မိုက်က၊ ထွက်လိုက်သည့်မောင်မဲညိုလို၊ အဖြူကိုမယှဉ်၊ လူ့အန္တပုထုဇဉ်တို့က ရှင်ဘုရင်ငါ့စကော၊ လာသည်ဟုပြောသလို၊ ယောဇနမညိုအခြေလည်းမရှိ၊ ယုံမိသည်ကျုပ်အဆွေမှာ၊ ဇာတာနေနှမ်းယုတ်၊ ဆင့်စိန်ရေမြောက်ခံ၊ ရန်အဆစ်လုပ်မိလို့၊ မြုပ်တမြုပ်တကယ့်ဟာလို၊ ရှုပ်တုတ်တုတ်ခနဲ့စာနှင့်၊ ရွှေနဂရာစံတည်က၊ ကြံစည်တဲ့ဉာဏ်သွားကို၊ လားလားမှုစိတ်မကျေ၊ ခန္တီတရားအရှိသားမို့၊ မမှားအောင်ပြေရသည်၊ ပွေပါဘိအရေး၊ စာလွှာကိုစီကုံး၍၊ အဆုံးထိုင်ပေးရှာတဲ့၊ ဉာဏ်သရေ-မောင်ပေဒါမှာသည်း သာသာစွာကြော့ရှင်း၊ ရွှေဆီးဖြူဖန်ခါးကို၊ ထက်ဝန်းညိုကာ၊ လင်းသည့်နှယ်၊ အကွင်းအကွက်ပေါ်ရှိး သင့်လျော်

www.burmeseclassic.com



လှပေသည်၊ ခနွယ်များကို၊ မင်းဖျားကေရာ၊ ဗိုလ်ပါ
တလွှား၊ အစိုးရကြားခဲ့လျှင်၊ နားနှင့်နှုးနှပ်၊ ဂဟေ
စပ်၍၊ ထပ်ကြပ်မကွာ၊အရာတော်လက်မှတ်ပေး၍၊အရေး
ကုန်လှဲလောက်ပေသည်၊ မိတ်ဆွေတို့စကားကို၊ ခြောက်
ပါးသမွန်၊ အနက်ပြန်၊ လိင်အန်ဝေဝုစ်၊ အပြစ်ကိုထုတ်
လိုက်လျှင်၊ ရှုတ်ခနဲလျှင်အမြန်၊ မအုံ့ဘဲနှင့်ဖြုန်းကနဲ
ရွှာမည်ကြံသလို၊ တတန်ဆိုငြား၊ မရွှေမိရယ်၊အသိတရား
အကင်းပါမို့၊ တောဖျားမြိုင်အုပ်၊ မယ်သီလလုပ်တော့
မယ်ထင်လို့၊ ကျုပ်ထံမကြာ၊စာပေး၍မှာသည်မှာ၊ပမာ
ဒလေခ၊ ဘောမကျ၊ သမ္မောဟဆတိဖြင့်၊ ရေးမိသော
ဤစကားကို၊ အမှားဟုအမှတ်သွင်း၍၊ မှုရင်းပါဖျက်ရ
မည်၊ စာရှင်တို့ယုံမှားကင်းအောင်၊ ဟိတပ္ပ၊ကတိကရော
မိ၊ ထင်လင်းစွာသိရမှု၊မြမဏိပုလဲဆိုင်၊ မှတ္တာခိုင်ငွေသား၊
သံသဘော်ဆယ်ကိုးစင်းနှင့်၊ ထိုင်နှင်း၍စားသော်လည်း
များသည်ဟုမထင်၊ အနတ္တမှဝင်မို့၊ ဆင်ခြင်မညို၊ မိုး
ရွှာမည့်အတွေးနှင့်၊ အဝေးကမရိပါနှင့်၊ ဖွားရင်းရှိကျုပ်
ဇာတာမှာတော့၊ အရာရာအမှုထက်၊ ပြုသမျှကေန်၊
မကြည်မချော၊ ရည်မနော၊ သည်သဘော၊ထန်လွန်းလို့
မာန်တံခွန်စိုးချုပ်၊ တသိန်မက၊ ရှိန်မကြွအောင်၊နှိမ်ချ၍
အုပ်နိုင်ဘူး၊ ရေးလုပ်ခါမှုမစိုက်၊ မျက်နှာပြ၊ကျုပ်မလိုက်၊
အခိုက်တန်၊ အကြောင်းတော်၊ မမော်လွန်း မနိမ့်စေ၊
ရတနာသုံးပါး၊ ကိုးစားကာဖျော်ဖြေ၍၊ သံဝေဂရှုတင်၊
နမေနဟံ၊ နအတ္တ ကိုဖန်ဖန်မြင်အောင်လို့၊ ဆင်ခြင်၍
နေရာ၊ သို့ဖြစ်ပါသည်ကို၊ ဝါသနာမပေး၊ မိတ်ဆွေတို့



အတွေးနှင့်၊ အဝေးကမတော်အောင်၊ ပျက်ချော်ချော်
အယူ၊ ဝါးသင်ရှုန်းလှုသူကို၊ အမှုသံစာရေး၍၊ ပေးလိုက်
သည့်အကြောင်းမှာ၊ ထုံးဟောင်းနှင့်မတော်၊ စာသား
ဖြင့်လျော်ပေငဲ့၊ သို့သော်လည်းတကွက်၊ သည်စကား
အချက်ကို၊ မသက်သာစိတ်လေး၊ ပသီမျိုးဟိန္ဒူပါကို၊
ဝက်ဟင်းလျာပေးသလို၊ ကျေးဇူးဂုဏ်မထင်၊ ငွေကုန်သာ
အဖတ်တင်၍၊ သို့စင်မသွေ၊ မပိုးဖြူနှင့် စာစီသူကျုပ်မိတ်
ဆွေတို့က၊ အခြေကိုသစ်လောင်း၊ ပသီကိုဝက်ပေးမိသည့်
နှယ်၊ ပကာတိအသစ်၊ ကောင်းအောင်၊ စာသယောင်း
အလှာကို၊ ခုမြန်စွာပြင်ဆင်၍၊သဒ္ဒါပင်သက်သက်၊မေတ္တာ
ဟောင်းမပျက်၊ ဥာဏ်လက်တက်ကွန့်လိုက်စေချင်ပါသည်
မပိုးဖြူ။ ။

## (၆) ဥပုသ်အမများကိုပေးသောမေတ္တာစာ

လောကမ်ဗွေ၊ ဇမ္ဗူမြေတွင်၊ ဝေနေယျကြွာ၊ သတ္တဝါ
တို့၊ မဟာအတုလ၊ သမ္ဗုဒ္ဓဟု၊ ဘုရားအာဏာ၊ ခွန်းရွှေ
ဗျာက၊ ညွှန်းချေကာထုတ်လိုက်သည်၊ မြဥပုသ်သီလကို၊
ယိုမယွင်းကေန်၊ ကျင့်ပါမည်ဝန်ခံခဲ့၍၊ ဖန်ဖန်နှုတ်မြွက်၊
သူတော်တန်း၊ မပျက်အောင်၊ အားတက်ခါကြိုးမှာ၊
စိတ်ဖြူမသန်း၊ နိဗ္ဗူကိုမြန်းရအောင်လို့၊ ဝိုင်ဖြူနှင်း
ပယ်ခွာ၍၊ တနေ့စာခြိုးခြံ၊လက်ကိုင်ပုတီး၊ အချိုင်ဆိုင်း
တရက်တိုင်မှီးကြသည့်၊ ကြီးကြီးငယ်ငယ်၊ အရွယ်သင့်
ကုမှာ၊ ဇရာကျအဖွား၊ ယောကျ်ားမိန်းမ၊ စောင့်ထိန်းကြ
သော်လည်း၊ သီလနှင့်ကင်းကွာ၊ ခုကာလဥပုသ်မှာတော့

www.burmeseclassic.com

www.burmeseclassic.com



နံ့နက်စာအမှန်၊ ဥပုသ်စောင့်ထွက်မည်ကြံလျှင်၊ အတန်မျှမသိမ်းဆဲ၊ တနေ့စာနဲ့မည်ကြောင့်၊ အားခဲ၍ရောင်းဝယ်၊ မိုးချုပ်နီးအလွယ်မှု၊ အသွယ်သွယ်လုပ်ကိုင်၊ ဆီထောပတ်အနိုင်နိုင်နှင့်၊ ပိုင်ပိုင်ကြီးစားရအောင်၊ ဘုရားဘိုတော့အတန်ငယ်၊ ကြွားဘိုကတော့အသွယ်သွယ်၊သင့်နှယ်နှင့်သီကရီ၊ ထမီကောင်း တဘက်ဆန်း၊ရှက်ပန်းညွန့်နဂါးလိမ်၊ ရတီချိန်စိန်စစ်၊ သစ်ဆိုသမျှကမ္ဘလာ၊ပိုးညွန့်ပါဖက်တဲ့လို့၊ အနဲနဲအဖုံဖုံ၊ အာရုံကလောကီ၊ ဝဇီကတခြား၊ ဗုဒ္ဓသခင်၊ နှုတ်စရှင်တဲ့၊ စင်တရားကိုသာ၊ကြိုးစားလေဟန်၊မြူမှောင်မသန်း၊ ဂူချောင်မြန်းတဲ့၊ ရဟန်းထံမှာ၊ လူ့ရန်ဒါန၊ အဝဝနှင့်၊ သီလကိုယူခံ၊ မနက်ခြေအယံမတော့၊ ဆူညံကြွက်ကြွက်၊ ဟင်းခွက် ပန်းကန်၊ ဘယ်သူ့ထံယူသွား၊ မည်သူနှင့်မှားသလဲ၊ စားကြစို့အပြီး၊ မွန်းတည့်လူနီးပါပြီ၊ ရိုးတီးရားတား - စိတ်ထင်မှားကြလျှင်၊ နေများကိုကြည့် သူကြည့်၊ သတိနှင့်အမှန်၊ အိမ်ကျန်သူစားဖို့ကို၊ တချို့ကသိမ်းဆည်း၊ နဲနဲစီဝေ၍၊ စားဘောက်ကြဆိုသူဆို၊ သည်လိုနှင့်ပြီးငြိမ်း၊ သည်စခန်းသိမ်းပြန်တော့၊ ဖိန်းသည်ကိုယ်လက်၊ အိပ်ချင်လျက်ကိုရှက်စနိုးထင်မြင်၍၊ အတန်ငယ်စိတ်ပုတီးနှင့်၊ အချည်းနှီး စကားတွေကို၊ ဗလပွေပြော၊ ရောရှက်လို့ရှုပ်ပွေအချို့ကအမေ့ဝေ၊ မြေမှုနှင့်တရားတွေ၊ စေ့စေ့စပ်စပ်ကိုယ်မလပ်အောင်၊ ပါးစပ်ကဗွာဗွာ၊ စိတ်ပုတီး သူ့ခမျာမှာ၊ တော်ရာကစီးစေဘင်း၊ အလစ်ကိုချောင်းမယ်လို့၊ အောက်မေ့၍နေရာ၊ထိနမိဒ္ဓဝင်လာလျှင်၊ဘာဝနာ



ပလာကင်း၊ ပုတီးမှာအရှင်း၊ လစ်ဟင်းသည့်ခန္တီ၊ သိသိမျှမဝင်စား၊ အိပ်ချင်သည့်စိတ်ထားနှင့်၊ အလျှားသာလျှောင်းခွေ၊ မပြေနိုင်အိပ်စက်၊ နေထွက်ကနေဝင်၊ မြင်မြင်တဲ့ ဘာဝနာကို၊ တခါမျှမဆင်ခြင်၊ မုတ်ဓမ္မဥပုသ်ရှင်တို့မှာ၊ ဘဝင်ကမစိုက်၊ နာမ်ရုပ်နှင့်ခွဲခွာ၍၊ သေမင်းရွာလိုက်ခဲ့လျှင်၊ ဒုစရိုက်-သုစရိုက်၊ အလိုက်သင့်နှိုင်းချင့်၊ သူ့ရသင့်၊ ငါရသင့်၊ ခွင့်မသာရာ၊ မြင့်အာကာက၊ မဟာအတုလ၊ ဓမ္မသနင်း၊ တရားမင်း၏၊ ထံရင်းမျက်မှောက်နှစ်ပါးဆိုင်လို့၊ တရားပြိုင်၊ ရောက်ခဲ့လျှင်၊အောက်နရက်နေ၊ သက်ဆင်းချေက၊ တွေဝသုခါ၊ ပြေလူ့ရွာ၌၊ ရတနာသုံးပါး၊ မကိုးစားသောကြောင့်၊ တရားသဖြင့်၊ သူ့ရသင့်သည်ဟု၊ တဆင့်တချက်၊ သူ့အဆို ထွက်ခဲ့လျှင်၊ အထက်ကရွာစား၊ သုဂတိဘုံသားက၊ တရားတဖက်၊သူ့အချေထွက်သည်မှာ၊ရတက်ကင်းကွာ၊ ဤသတ္တဝါသည်၊ ရတနာသုံးပါး၊ တရားစောင့်ကြ၊ မြတ်သီလကို၊ တစမယွင်း၊ လေးသီတင်း၌၊ အခင်းတစ်၊ သူစောင့်လျက်ရှိသောကြောင့်၊ ပီတိမလွှင့်၊ သူ့ရသင့်သည်ဟု၊ အခွင့်တချက်၊ ဆိုအချေထွက်ခဲ့လျှင်၊ နှစ်ဖက်ဆင်ခြေ၊ တူညီနေသောကြောင့်၊ သက်သေကိုတောင်းသောအခါ၊ ...ဘင်းလောကပါတ်၊ စိန်နဝရတ်တို့မှာ၊ ကပ်လိမ့်မည်အကြွစာသူငယ်အုပ်ဆက်ကို နုတ်စက်တွေ့ရံသလို၊ ...ခြား၊ ထက်ကမကြိုးစားသောကြောင့်၊ တရား... သီလနှင့်၊ ဓမ္မရိပ်မြိုး၊ စိတ်ပုတီးတို့က၊ အချည်း... ဥပုသ်စောင့်သော်လည်း၊ တော်ရာမှာသီလ... ...

www.burmeseclassic.com



တည်းသိုမှီးရှ၊ အသီးသီးလူ့ကိစ္စကိုသာ၊ စိတ်ချရှအား
ထုတ်ကြောင်းကို၊ ပြန်ပြောင်းကာဇာတ်လှန်တော့၊လေး
တန်သော အောက်အပါယ်မှာ၊ ငရဲမယ်ဖြူဖြူတုံးတို့၊
အဆုံးတိုင် ပြန်မလှည့်မည်ကြောင့်၊ ဥာဏ်ချို့ကာသမ္မာ
ညောင်းသူက၊ နောင်ကောင်းအောင် စိတ်ပုတီးငယ်နှင့်၊
အချည်းနှီးတယ်မဖြစ်ကြစေနှင့်၊ ရင်းမြစ်ကိုစီမံတဲ့၊ အဖ
ထံ ခုဆန်တက်ရအောင်၊ အကျွရာရွှေညီမျှပါတဲ့၊ သီလကို
လက်ကိုင်ရကြလျှင်၊ သခ်တမြတ်နိဗ္ဗာန်မှာ၊ ဝေကန် မှန်
မလွဲပါဘူး၊ အားခဲတော်မူကြပါ၊ စေတနာနှင့် သဒ္ဓါ
ထက်လှ၊ တရားငယ်စောင့်ပါတဲ့၊ ကျောင်းအမတို့။ ။

## (၄) သမာဂီတပရိကံတေးသစ်

(၁) မို့ဝေလှုံဝေပုံဆန်းပါဘိ၊ မြို့ရွှေကုန်၊ ငွေယုန်နန်းဆီ
က၊ သန်းကုဋေရာချီလို့၊ မဟာဆီ သာကီနှစ်မှာတော့၊
ပါရမီ၊ စာဂီကစစ်တာမို့၊ ရင်းအမြစ်အခြေခိုင်။ ။

ဝေဝေမြိုင် တေဇာမောက်ပါတဲ့၊ တယောက်ကယ်
မေဓမပုငယ်နှင့်၊ မေ့အထုမေရှလယ်၊ ကြွယ်ပါတဲ့ မယ်
မယ်ကြီး။ ။

သီးတဖန်၊ ခါတရံမယ်နှင့်တွေ့တာမို့၊ ဥာဏ်ငွေကို
မယုံသေးရော့ထင့်၊ သွေးနွေးတာ၊ အမြန်သိချင်လို့တဲ့၊
ကဝိခေါ်ခင်တယောက်ကိုလ၊ အမယ်မင်း-ရွှေးကောက်ဖို့
လမ်းကိုဖြင့်၊ မိမိကိုရှင်- တွေးထောက်စုံစမ်း။ ။

(၂) ခါတလီ၊ သာကီတွေ့သော်လဲ၊ ညာမဒီယာယီမှမေ့
နိုင်လို့၊ စာစီရှဆင်လိုက်ပါမယ်။ ။



တသက်သက်ကယ်နှင့်၊ က်ခက်တယ်အပြန်စောလေ
ငှဲ၊ မကျ်မက်ဖွယ်၊ မယ်မယ်ချောတို့ကြောင့်၊ မောလှပါ
တယ်။ ။

ရွှေပေါင်းခို-ဟန်ချီကြပါလို့၊ ရွှေဒေါင်းညို စံတည်
ကထရင်ဖြင့်၊ မှန်သည်ပ မြို့ရွှေဆယ်၊ ခွာမယ်တဲ့အပြီး။ ။
စန္ဒာယူ၊ ဟံသာသူ၊ မယ်မယ်ကြီးတို့လှ၊ ရေးသီးစွာ၊
အရှည်ချင်းပါလို့၊ ဖွင့်လင်းခါ၊ ဥာဏ်ဂုဏ်ပြချင်ငှဲ၊ ခွင့်
ခြင်းရာစံ လှုံကိုကြမည်ကြောင့်၊ တန်ရုံပစီလိုက်မယ်၊
သွယ်သွယ်ပတာသီး။ ။

မငြီးပါ၊ နီးသာသာ တခါတွေ့ခါမှ၊ စေ့စေ့စုံစုံ
နှင့်၊ စေနာကုန်-ဥာဏ်ပင်စိုက်လိုက်ပါ၊ မကိုဋ်ရှုံတာဆွေ
တို့ငယ်၊ ကုန်မြေကိုပြန်လည်ရှကြမည်မို့၊ လုံတမေ၊စံဒီမ
မှာရှင်၊ လွမ်းတလျှသဆွေး။ ။

(၃) ရွှေခန္ဓာရုပ်မနွမ်းခင်က၊ ဒေသနာသုတ် ကမ္ဘာန်း
ငယ်နှင့်၊ ကျွန်ုပ်မြန်းပါတော့မယ်။ ။

ကျွမ်းတဲ့မိတ်ကိုဖြင့်၊ လွမ်းစိတ်ကယ်ဖြေဖို့လို့၊ သာပြေ
ညို ရေချိုစမ်းဆီသို့၊ မနေလို ရွှေကိုယ်မြန်း၊လှမ်းမည်လို့
ရှယ်။ ။

တသန်းရွှေနိဗ္ဗူတမှာတဲ့၊ ဗဟန်းရွှေရိပ်ဂူဝမှာတော့၊
ဘိကျွဲမပေါလို့ကွယ်၊ ရောလှယ်ကာငြိရန်သေး။ ။

တနယ်ငူလေလေ့၊ စပယ်ဖြူပွေ့ရန့်ငယ်နှင့်၊ မြေသန့်
ရာချောင်တော်အောင်းမှာဖြင့်၊ ဝက်ပါခိုဝင်အောင်းလ

www.burmeseclassic.com



မူ၊ ရည၀ါတကိုယ်ကောင်းတော့မထင့်ရှင်၊ ကျောင်းသစ်ရိပ်အေး။ ။

(၄) ဆွေးပူရန်ဂရာသကိုဖြင့်၊ တွေးယူကြံ ခ၀ါချလိုက်ပါတော့၊ တာပသသူတော်နွယ်။ ။

မနုဿဟာမို့၊ ဒုက္ခဆိုသံသာစက်ကိုလ၊ တန်တခါပြန်မဆက်ပြီဘု၊ တောထွက်တော့မယ်။ ။

ဘုံ၀လေ့ကိုဖြင့်၊ ကြုံတွေ့ရင်၊ နောက်နောင်သို့၊ ပိုတောက်ချောင်၊ ဆရာကင်းတို့လို၊ မထောက်ပေါင်စိတ်ကိုတင်း၊ ရှင်းလွတ်လွတ်ပယ်။ ။

သီလရင်ဘိက္ခုလောင်းဟာမို့၊ သည်ကခင် စိတ်ယူကောင်းစေဘို့၊ ကြောင်းရှိသရွေ့ မခင်တွယ်၊ ကျွတ်မြောက်ဘွယ်ပေါ့၊ လွတ်အောင်ရုံး။ ။

နှစ်မိတ်နှံလေလေ့၊ တဆိတ်ရှင်၊ ပျိုမကြံဘူး၊ အတန်တန် သံ၀ေရသူမို့၊ ၀ိမုတ္တာဆိုမမွှငယ်နှင့်၊ အမျဝေမေတ္တာပေါင်းပါလို့၊ ရက္ခမူခိုဝင်အောင်းချင်တော့ရှင်၊ အမယ်မင်း-ကောင်းအမြတ်ဆုံး။ ။

(၅) လွမ်းစရာလေး မေထပ်ပြီဘု၊ ကျွမ်းမဟာဘေးတွေကပ်မှာမို့၊ ဆွေးပူရပ်ကိုဖြင့် သိမ်းတော့မယ်။ ။

စံအခွင့်ကိုလ၊ တန်သင့်သံ၀ေနှိမ်လို့၊ ဘွေတိမ်မှာငွေကြုန္ဒုလိုဖြင့်၊ ခါချိန်ကို၊ သူရိန်လုသည့်နွယ်၊ ဘုန်းမှကြောက်တယ်။ ။



တင့်စေရာဒေ၀ိန်လုပ်ပါလို့၊ မြင့်သေလာ ရွှေသိင်္ဂုတ်ဆီသို့၊ ငွေစိန်အုပ်ဆွမ်းနှင့်ကွယ်၊ ဖန်ချယ်လို့ကပ်ချင်ဆဲ။

ချိုသင်းငယ်ကြည်၊ စိုနှင်းရည်နံ့သာစုံနှင့်၊ အာရုံကိုမကျက်မောရအောင်၊ စေပုမယ်အရင်စံတဲ့၊ ပလ္လင်ပျံဘုံတထီးဆီမှ၊ ကေရှင်ဆံ တဂုန်နှင့်နီးတော့ မထင့်ရှင်၊ မှီးလေမှာဘဲ။ ။

(၆) တေးထပ်

ဆွေးပူရန်သူစလို့၊ ဖြူရွှရွှကွန်းညောင်၊ ကြူမြိမြိ
သွန်းနှောင်၊ လွမ်းပွေအောဆင့်ကဲ။ ။
တိမ်မှဲ့လို့ပန်းစုံတယ်၊ မရမ်းအုံ စိမ်းလဲ့လဲ့နဲ့။ ။
၀ါကျင့်ကျင့်-ပြာ၀ါပြန်၊ ခါသင့်ရန်ဖြစ်နဲ့။ ။
မြင်ရသူစိတ်မရဲစေဘို့၊ ဟိုတိမ်ထဲခါခါ။ ။
မချိသူ-ဖြေခက်ခဲ့နိုင်ဘို့၊ တကတဲဆင်လို့သာလာ။ ။
ညနေချမ်းသာသာ၊ ငွေမာလာရောင်ဆိုင်းလို့၊
ထောင့်တိုင်းမှုန်ရီရီ၊ ခိုးမြူကချီ။ ။
မကာန်းသို့ဂဏန်းပြီတယ်၊ ဆန်းပလီလွန်လွန်းလှလေး။

## ၃၂။ တောင်ဆောင်တော်မိဖုရား

မင်းတုန်းမင်းကြီး၏ တောင်ညာစံဒေ၀ီ မိဖုရားခေါင်ကြီးဖြစ်ပါသည်၊ ခမည်းတော် အမရပူရဒုတိယမြို့တည်မင်း၏ သမီးတော်ပုဂံမင်း၏နှမတော် မင်းသမီးဖြစ်သည်၊ မင်းတုန်းမင်းတရားကြီးသည် သက္ကရာဇ် ၁၂၁၄-ခုနှစ် တန်ခူးလပြည့်ကျော် ၃-ရက်နေ့

www.burmeseclassic.com



တွင် ရတနာသိခ ကုန်းဘောင်စံနန်းတော်၌ 'သီရိပဝရ တိလောကရတနာ မင်္ဂလာဒေဝီ' ဘွဲ့နှင့် တောင်နန်းတင်တော်မူသည်၊ တေးထပ်များအပြင် ဘောလယ်များပါ ရေးသားခဲ့သည်ဟု ထင်ရှားပါသည်။

### တောင်ဆောင်တော်မိဖုရားရေးတေးထပ်

ယင်ကောင်-ဆင်ပြောင်ဖြစ်တော့၊ ကြင်နှောင်ချစ်မပြယ်၊ သဉ္ဇောင်မြင့်ရဝေလယ်မှာ၊ သွေမဖယ်ပုံတမ်း။

နှိုင်းစက်လို့-ယိုင်းကွက်ရှောင်မယ်၊ ဗျိုင်းနက်တောင်မုန်းစိတ်မသမ်း။ ။

မသွေကြ-မေဃလယ်မှာ၊ နေလနှယ်တည့်တမ်း။ ။

ရေမြှုယ်ညီလျှမ်း၊ မှိုင်ငြိမ်းစသက်လယ်။ ။

သာရည္သာမအိပါနှင့်၊ သမာဓိရှိသင့်လှတယ်။ ။

မြေမွှောက်လို့-ရေပြောက်ကွယ်တောင်၊ သွေဖေါက်မယ်-စံမပျက်သာဘု၊ ပန်ပန္နက် သစ္စာတော်၊ လမ်းကောက်မချော်။ ။

ဉာဏ်မကွက် ဆန်ပေါက်ပေါ်လျှင်၊ မန်းကျောက်တော် စူးပါစေ့သား။ ။

### ၃၃။ အလယ်ဆောင်မိဖုရား

မင်းတုန်းမင်းတရားကြီး၏ မိဖုရားကြီးဖြစ်ပါသည်၊ အလယ်ဆောင် မိဖုရားသည် တေးထပ်များရေးသားခဲ့ပါသည်၊ ၎င်းမှာ



ဘကြီးတော်နှင့် နန်းမတော်မယ်နုတို့၏ သမီးတော်ဖြစ်သည်၊ ပုဂံမင်း၏နှစ်မတော်လည်းဖြစ်သည်၊ သက္ကရာဇ် ၁၂၁၄-ခုနှစ် တန်ခူးလပြည့်ကျော် ၃-ရက်နေ့တွင် မင်းတုန်းမင်းတရားကြီးသည် ရတနာသိခ ကုန်းဘောင်စံနန်းတော်၌ 'သီရိတိလောက မဟာဒေဝီ' ဘွဲ့တော်နှင့် အလယ်နန်းတင်တော်မူလေသည်၊ နောင်အခါတွင် ဆင်ဖြူမရှင်ဟု ထင်ရှားကျော်ကြားခဲ့ပါသည်၊ ဆင်ဖြူမရှင်၏သမီးတော် အမတော်စုဘုရားကြီးနှင့် မြတောင်စုဘုရားတို့မှာ သီပေါမင်း၏ မိဖုရားကြီးများဖြစ်ခဲ့ပေရာ မြန်မာရာဇဝင်တွင် ရတနာပုံနန်း၌ မျက်နှာအပွင့်လန်းဆုံး အထင်ရှားဆုံးဖြစ်ခဲ့ပေသည်၊ ဆင်ဖြူမရှင်တွင် သမီးတော်သုံးပါး ဖွားမြင်ခဲ့သည်၊ ၎င်းတို့မှာ မိုင်းနောင်စုဘုရား (စုဘုရားကြီး)၊ မြတောင်စုဘုရား (စုဘုရားလတ်)နှင့် ရမည်းသင်းစုဘုရား (စုဘုရားလေး)တို့ဖြစ်ပေသည်၊ တောင်နန်းမတော်ကြီး ကွယ်လွန်ပြီးနောက် မိဖုရားခေါင်ကြီး နေရာတော်အတွက် မိဖုရားများအသီးသီး မျှော်လင့်တော်မူခဲ့သည်၊ ထိုအထဲတွင် အလယ်နန်းမတော်မှာ အပြင်းအထန် ကြိုးပမ်းအားထုတ်ခဲ့သူဖြစ်ပေရာ စိတ်ထက်မြက်သော အလယ်နန်းမတော်အား မိဖုရားခေါင်ကြီးနေရာ မပေးနိုင်သည့်အတွက် ဖျောင်းဖျသောသဘောဖြင့် ဆင်ဖြူမစားစီး သနားတော်မြတ် ခံရပေသည်၊ ဤသည်ကိုစွဲ၍ နောင်တွင် ရာဇဝင်၌ ဆင်ဖြူမရှင်ဟုတွင်လေသည်၊ သီပေါမင်းသားကို သမီးတော်နှင့် လက်ထပ်ထိမ်းမြားပေးပြီး နန်းမွေဆက်ခံရေးတွက် မင်းသား ၄၀-ကျော်ကို သတ်ဖြတ်မှုကြီးသည် ဆင်ဖြူမရှင်နှင့် မှူးမတ်အချို့တို့၏အကြံပင်ဖြစ်သည်၊ သီပေါမင်းနှင့် စုဘုရားလတ်တို့ပင် မသိရှိခဲ့ကြောင်း ရာဇဝင်၌ ဆိုလေသည်။

www.burmeseclassic.com

www.burmeseclassic.com



### ဆင်မြူမရှင်ရေး "လေးဆစ်သဖြန်"

ဖြစ်ပျက်ဟန် အတိတ်များတာကြောင့်၊ သစ်နက်ခံ
ထိပ်စုဘုရားမှာဖြင့်၊ စိတ်ခုမျှားသာလို့ကုန်။ ။

ပူသမျှကိုလ၊ လူ-အ-မှာ အိမ်မက်တောင်းသော်လဲ၊
အကြောင်းကိုပြန်မပြောနိုင်လို့၊ သောကနှင့်ကြုံ။ ။

အပလီ ဝစီသုံးလာလို့၊ တခ္ဓိ ရိမပြုံးချင်ဘု၊
ထီးရွှံ့တဲ့လူ့ခက်ပုံကို၊ လက်စုံထုရင်ကိုတီး။ ။

နှုတ်မြွက်ခါ ဆုတ်တက်ကယ်မကြံသာလို့၊ကံဇာတာ
ဘယ်လိုမွေးပါလိမ့်မယ်၊ တွေးဆလို့ငြိုး။ ။

### ၃၄။ စလင်းစုဘုရား

သုသီရိမြတ်စွာ ရတနာဒေဝီဘွဲ့ခံ မင်းတုန်းမင်းတရားကြီး၏ သမီးတော်ဖြစ်ပါသည်၊ လင်ပန်းတိုက်စား မိဘုရားကြီးမှဖွားမြင်ပါသည်၊ မင်းတုန်းမင်းတရားကြီးက အလွန်ချစ်မြတ်နိုးတော်မူသည့်အတွက် တပင်တိုင်နန်းနှင့် စံစားရသူဖြစ်ပါသည်၊ တပင်တိုင်စံ စုဘုရားသည် စလင်းမြို့ကိုစားကျေးအဖြစ် ရသဖြင့် စလင်းစုဘုရားဟုတွင်ပါသည်၊ သမီးတော်အများရှိသည့်အနက် မင်းတုန်းမင်းတရားကြီးသည်က မယ်တော်ဝင်စားသည်ဟု အယူရှိကာ ချစ်မြတ်နိုးတော်အမူဆုံးသမီးတော် ဖြစ်ပေသည်၊ စလင်းစုဘုရားသည် အကျင့်သီလကောင်းမွန်လှ၏၊ သိက္ခာသမာဓိတည်ကြည်လှ၏၊ ပညာပဋိဘာန်ရင့်သန်လှသူလည်းဖြစ်၏၊ မင်းတုန်းမင်းတရားကြီး နတ်ရွာစံသည်နှင့်တပြိုင်နက် တရပ်ကျော်မျှရှိသော ဆံပင်ကို ရွှေကပ်ကြေးဖြင့် ကိုက်ညှပ်ကာ သီလရှင်ဘဝသို့ ကူး၍ သေတပန်သက်ဆုံးပင် သီလရှင်ဘဝနှင့် အရိုးထုတ်ခဲ့လေသည်။

စလင်းစုဘုရား၏စိတ်အစဉ်သည် လောကီမှုမနှောလှဘဲ ပင်ကိုယ်သဘောကပင် တည်ကြည်သိမ်မွေ့၍ လောကီမှုအရှုပ်ပုံကို ငြီးငွေ့ဟန်၊ သတိသံဝေဂရဟန်၊ထိတ်လန့်ဟန်ရှိသဖြင့်ရေးစပ်တော်မူခဲ့သော တေးထပ်များမှာ တရားသဘောနွယ်သော သံဝေဂတေးထပ်များသာလျှင်များပေသည်။

#### (၁) စလင်းစုဘုရားရေး တေးထပ်

အအ အ-နှင့်တူချင်ပြု၊ ပူချင်ဘူ့အဟန်၊ မူချင်မူစျေးဆန်တယ်၊ ခလေးဥာဏ်မငွေ။ ။
ရှင်ကျပ်မှသေကျယ်၊ နောဝယ်ကိန်းဆင်လို့တွေ့။ ။
လိမ်မာရဲ့ မေမိုက်ဟန်လို၊ ရွှေဆိုက်ခံမထေ ။ ။
ရေလိုက်စံမလေ့မို့၊ နေ့ရွှေ့လို့ရက်ငင်။ ။

လှုရှပ်သွင်-ပါဘုရားရယ်လို့၊ နှစ်ခါများ-ဦးတင်လိုက်ချင်။ ။

လွှာလွှာပါးနုတဲ့ခင်မှာ၊ ရှုးချင်အောင်အနိုင်အောင့်လိုက်ရ၊ သွပ်ယောင်ယောင့်၊ နှောခါခေါ်၊ ပြောသိုထဲရဲ့နော်။ ။

ခုကာလသဘောမြှော်လျှင် အလောတော်ဆောင်းတာမို့လေး။ ။

www.burmeseclassic.com



## (၂) စလင်းစုဘုရားရေး လေးဆစ်သံထောက်

ဒက္ခာရီပါမှလွမ်းတာမို့၊ တန်မပါပြီကာလက, ဆန်းတာကြောင့်၊ ရာမ,ခန်းကွယ်သည့်နွယ်။ ။

ဘောမကျသူမို့၊ လောကကိုဖိစ္ခါဆန်လို့၊ ညီလာခံမြှိုင်ခြေကို လှမ်းတော့မယ်၊ နန်းနှင့်မနွယ်။ ။

အဘိဇ္ဈာအမျက်များတာကြောင့်၊ ထိပ်စရာတဘက်သားမှာဖြင့်၊ မျက်နှာထားခက်လှတယ်၊ သက်ကယ်မှ ရှုံ့ဖုံ့ဘူး။

ဟောမဝါ-ကံမဲ့သူ ပွေဗျာပါကြောင့်၊ ကေမာ ဖလ်ဂူ ပုန်းတော့မယ် သုံးဘဝကူး။ ။

## (၃) စလင်းစုဘုရားရေးတေးထပ်

ပဋိစ္စသမုပ္ပါဒ်မှာ၊ ဆုပ်ကပ်မို့ကြောက်ရန်၊ ရုပ်ကလာပ်ဖေါက်ပြန်တယ်၊ မှောက်အလှန်ထွေပြား။ ။

ဝင်သက်နှင့်ထွက်သက်လှယ်တယ်၊ ဘဝင်ဝယ်စိုးမရပြား။ ။

သည်ကဲ့သို့ပျက်မဟာကို၊ လက်မကွာတရား။ ။

သက်သာရာအရှားမို့၊ ဘုရားရှင့်သင်းဝင်။ ။

စိတ်မလူ-ရိပ်ဖြူယုတ်ပါလို့၊ ဘိက္ခုလုပ် မှူးမယ်လို့ပင်။ ။

နော်ရမံ့ဥယျာဉ်မှာ၊ ဖူးသဇင်ငွေကျောင်းနှင့်၊ ရွှေသောင်းလုံးရွှေ့ကောသီ၊ မြန်းနှံ့လေပြီ။ ။

သဃ်မိတ်ဆွေထေရီလို၊ နေသာကီကျင့်ဆဲပလေး။ ။



## (၄) စလင်းစုဘုရားရေးတေးထပ်

ကုသိုလ်ကံပေးသမျှနှင့်၊ အေးကြမ္မတော်မယ်၊ ဘေးဘယပေါ်လွယ်အောင်၊ မလော်လယ်ချင်ဘူး။ ။

သက်တမ်းစေ့ မနောကြည်အောင်၊ သဘော်ချည်ဝတ်မဲ့စိတ်ကူး။ ။

ပွဲတော်ချက်ဝက်သနီကို၊ မမက်ပြီအထူး။ ။

ကြက်အဆီမလူးတဲ့၊ ဗူးဆိုမျှားဟင်းချို။ ။

တပြားတန် ကျွယ်ထမင်းငယ်နှင့်၊ သည်လယ်ပင်းကြိတ်လို့သာမျို။ ။

ရည်ရွယ်ရင်း စိတ်နဂိုမှာ၊ ဟိတ်မလိုချင်လှလို့၊ မရွှင်ပြမျက်နှာတော်၊ ကြွား၍မမော်။ ။

ခုမျှားဖြင့် မှူမပျော်တယ်၊ လူခေါ်ရင် အ,ချင်ပလေး။ ။

## ၃၅။ အမတော်စုဘုရား

အမတော်စုဘုရားမှာ မင်းတုန်းမင်းတရားကြီး၏ အလယ်နန်းမတော်၊ ပုဂံမင်း၏နှစ်မတော်၊ ဘကြီးတော်နှင့် နန်းမတော်မယ်နုတို့၏သမီး 'သီရိတိလောကမဟာဒေဝီ'ဘွဲ့ခံ ဆင်ဖြူမရှင်မိဖုရားကြီးမှ ဖွားမြင်ခဲ့ပေသည် ဆင်ဖြူရှင် မိဖုရားကြီးတွင် သမီးသုံးပါးဖွားမြင်သည်၊ ၎င်းတို့မှာ မိုင်းနောင်စုဘုရားကြီး (အမတော်စုဘုရား)မြေတောင်စုဘုရားနှင့် ရမည်းသင်းစုဘုရားတို့ဖြစ်သည်၊ အမတော်စုဘုရားမှာ မိုင်းနောင်မြို့ကို အပိုင်စားရသ

www.burmeseclassic.com



ဖြင့် မိုင်းနောင်စုဘုရားကြီးတွင်လေသည်၊ မယ်တော်ဆင်ဖြူမရှင်က သီပေါမင်းနှင့် ဘိသိက်သွန်း နန်းသိမ်းပွဲ ခံစေခဲ့သော်လည်း ညီမတော် မြတောင်စုဘုရားလတ်က ဘိသိက်ပွဲတွင် ဝင်ရောက်ပြီး သူသာလျှင် သီပေါမင်းနှင့် ချစ်ခင်ရင်းဖြစ်၍ သူသာလျှင်မိဖုရားခေါင်းကြီးဖြစ်သင့်သည်ဟု ဘိသိက်သွန်းခံခဲ့သည်၊ မိုင်းနောင်စုဘုရားကြီးမှာ သီပေါမင်းနှင့် လက်ထပ်ထိမ်းမြား ဘိသိက်မင်္ဂလာပွဲ ပြုခဲ့လင့်ကစား ညီမတော်စုဘုရားလတ်က သီပေါမင်းအား အဆောင်တော်မကူးရန် တားမြစ်ခဲ့သဖြင့် အပျိုတခုလတ်ဘဝနှင့်ပင် နေခဲ့ရရှာလေသည်၊ အမတော်ဘုရားကြီး၏ တေးဇာပ်များမှာ အပျိုတခုလတ်ဘဝနှင့် နေရရှာစဉ် ရေးသားသည်ဖြစ်ရာ အထူးကောင်းမွန်လှပေသည်၊ သီပေါမင်း ကိုယ်တော်တိုင်လည်း အမတော်စုဘုရား၏ အဆောင်တော်သို့ မကူးနိုင်ခဲ့လင့်ကစား သတိရသနားတော်မူသဖြင့် လျှို့ဝှက်ခါ တေးထပ်များ ရေးသားပေးပို့တော် မူခဲ့လေသည်။

အမတော်စုဘုရားရေးသော တေးကဗျာစု

(၁) တေးထပ်

ခုဖြစ်ပုံကြောင်းတွေကိုသိသူမို့၊ စောင်းခွေရိုချေကာ [illegible]
လောင်းတေမိဆွေမဟာလို၊ နေသာအောင်နေရ။
နားမျက်စိ ခံတွင်းတော်ကို၊ ကင်းသနော် ရွှေမျ[illegible]
မဟာ။ ။
ရပ်ပြစ်ရှစ်ဝေးစင်ကွာအောင်၊ တွေးသက်ာယန။
အေးချင်တာဘဝမို့၊ အ အလိုနေမယ်။ ။



အမူတွေလန့်ခမန်းရယ်ကြောင့်၊ ငရဲ့ဘမ်း လုပ်ရှာသည့်နှယ်။ ။
ကန့်အခန်းသူဟုတ်ကယ်ရင်၊ မူဆုတ်ပယ် မရှောင်လှပါဘူး၊ ရွှေကြောင်ကျလေးဘက်ပါ၊ ရွှေးထွက်တဲ့ခါ။ ။
ခုများဖြင့် အေးကွက်ကိုရှာမယ်၊ ဈေးမျက်နှာလုပ်တုန်းမို့လေး။ ။

(၂) တေးထပ်

ကုသိုလ်ကံခေဆုံးမို့၊ ပေွအုံးတော့ဘအေ၊ ရှုံးဘက်က မယ်နေမယ်၊ နောင်ရေရှည်သိတမ်း။ ။
ခုများဖြင့်တုံ့မဆိုတယ်၊ ခန္တီကိုဖြည့်တဲ့အခန်း။ ။
ရိပ်ပေါ်ငဲ့အမိဋ္ဌာန်ငယ်၊ နိမိတ်သံကွက်ဆန်း။ ။
အကြိတ်ဥာဏ်ပွက်ကြမ်းလို့၊ အဟန်းပြုချောင်းသံ
ခေါင်းငြိမ့်ကာလက်ညှိုးနှင့်၊ စကားတိုးပြောကြတဲ့ဟန်။ ။
ကာလကပြောင်းပြန်ကို၊ ကြောင်းမတန်မခံချိအောင်ပ၊ သသေနိမသူတော်-ဩချပေါ့နော်။ ။
လောကဓာတ် စာဘုန်းမော်ငယ်၊ ကဘုံးပေါ်ထိပ်ကွက်လှလေး။ ။

(၃) တေးထပ်

အောင်မအောင် ရိပ်ရောင်သိပါဘိ၊ မောင်ချစ်[illegible]အိုးစည်၊ သာဘက်ကသူမြည်တယ်၊ ကြံစည်ကောင်းနိုင်ပေ့။ ။

www.burmeseclassic.com

www.burmeseclassic.com



တဘက်လှဲ့စေတနာကို၊ ဆွေမဟာတွေကြုံရ၍။ ။

ကံမှေးတဲ့ခေတ်ဆိုကို၊ ချစ်မညီသွေလေ့။ ။

သည်ဆွေလိုပွေခေါင်ကြွေ့ကို၊ နောင်တွေ့ရင်ကွင်းမယ်။ ။

ဒေါင်းယာဉ်ပျံဘုံနဘေးမှာ၊ စာရေးလို့ထားချင်လှတယ်။ ။

ကပ္ပဋ္ဌိငါးသွယ်မှာ၊ တပါးမယ်ဆူလိုက်လို့၊ ပူခိုက်ကိုသူသုန်မှုန်-အေးမှရိပ်လုံ။ ။

ဘဝတိုင်းသည်ပုံလို၊ နောင်ကြုံမယ် 'ကြောက်လွန်းလို့လေး။ ။

## (၄) လေးဆစ်သဖြန်

ပြန်ပြောလျှင်နှင်အကေ်ကယ်လို့၊ သံယောဇဉ်ခင်မင်လျက်ဟာမို့၊ ပြင်မမြွက်နေရတယ်။

ဘောမကျသော်လဲ၊ လောကမှာကံမမှီလို့၊ တန်ပါပြီခန္တီကို သုံးရတယ်-ရှုံးခံပမယ်။ ။

နေဝတ်ညာတင့်တပါးငယ်က၊ ရှေလွတ်စာခွင့်သနားရင်ဖြင့်၊ ဝင့်မကြွားဂနိုင်လယ်မှာ၊ လိုဏ်ကြွယ်မှဲ့ ကြံရည်စော။ ။

ဆွေသာကီ-ဥပဇ္ဈာယ်ဘေ့ရှာမှီလို့၊မေဓာဝီခင်ခင်ဖြင့်လုပ်ချင်ပေါ့ရယ် - တောအုပ်မြိုင်ကြော။ ။



## (၅) တေးထပ်

ကျင့်သိက္ခာလင်္ကြီးနှင့်၊ ပုတီးကိုလက်ကိုင်၊ မှုသားကိုတကယ်ချိုင်တယ်၊ ပိုင်ပါပေ့လိမ်နဲ။ ။

ကြောင်းမတန်ပုဂ္ဂိုလ်ကျော်ငယ်၊ နိပါတ်တော်ဇာတ်ခုခုလဲ။ ။

လူတွေတိုင်း - ယပ်ကိုင်တယ်၊ မတတ်နိုင်အောင်ဘဲ၊ ဝိဂြိုဟ်တွေဒွန်တွဲလို့၊ ဟိုမစဲဟောချင်။ ။

ပိဋကတ်ကြေသည့်သုန်းပေမို့၊ ဘဝလုံးဆုံးမဲ့မထင်။

ဝဋ္ဋာကိုအမှုမြင်တယ်၊ ဆုဇဝင်အူ ပေါက်အုံးမယ်တဲ့၊ လုံးလယ်လိုက်နိုင်ရှာလေ၊ ဩကာသဖေ။ ။

စာပေါင်းသိုက်ပြမ်းမွေတယ်၊ ကျမ်းအကြေ လွန်လွန်းလို့ ခလေး။ ။

## (၆) တေးထပ်

သခ်ါရဖြစ်အပျက်ကို၊ မနှစ်သက်စိတ်မှာ၊ ရှုစ်ကနက်ရိပ်ကြာကို၊ ထိတ်ပါတယ်ကိုယ်တွေ။ ။

ရေမုဒ္ဒါညို ခြေရံတယ်၊ ဘိသေခံထားတော့ဘအေ့။ ။

ရွှေသစ်ရွက်တချပ်နှယ်၊ မမှတ်တယ်ယနေ့၊ မြှသာအိလယ်မမွေ့လို၊ တငွေ့ငွေ့စွဲလောင်။ ။

တိပဋ္ဌာန်ရွှေစာကျမ်းငယ်နှင့်၊ [illegible]လို့ရှောင်။ ။

www.burmeseclassic.com

www.burmeseclassic.com



သေသာနန်းကျောက်မြောင်ဝယ်၊ ပိတောက်ချောင်
မြေမြင့်သို့၊ ဘွေပလ္လင့်ဆွေနရီ၊ ကူးချင်ခဲ့ပြီ။ ။
ဥကင်ဘွင့်တသာကီမှာ၊ ပါရမီဖြည့်ဆဲမို့လေး။ ။

(၇) လေးဆစ်သဖြန်

မျက်နှာတော်တသိမ်မဲ့သူမို့၊ ရှက်သနော် အရှိန်ကို
ငဲ့ပါလို့၊ မှိန်မဟဲ့မှိန်ရတယ်။ ။

မချမ်းမြနိုင်လို့၊ နန်းကျခေါ် အသူရာသို့၊ တဗျူဟာ
ထွတ်လောချင်လို့၊ တောခိုတော့မယ်။ ။

ဘုံသုံးဆယ်တဘုံသားကိုဖြင့်၊ လိုအုံးမယ်—မလိုမှား
ပြီဘု၊ ယုံစားလို့ မှောက်ပေါ့ကွယ်၊ ကြောက်တတ်ပ
ခင်မရဲ့။ ။

အားမတူ၊ သနားဘွယ်၊ သွယ်ဝယ်မြူတော့၊ ကယ်
ဆယ်သူမြူမရောက်တာမို့ရယ် တောခိုမှာဘဲ။ ။

## ၃၆။ မြတောင်စုဘုရား

မင်းတုန်းမင်းတရားကြီး၏ အလယ်နန်း မိဖုရားကြီး ဖြစ်သော 'သီရိတိလောက မဟာဒေဝီ' ဘွဲ့ခံ၊ ဆင်ဖြူ မရှင်လှဖွားမြင်လေသည်။ အစ်မတော်စုဘုရားကြီးကို သီပေါမင်းနှင့် ဘိသိက်သွန်းသောအခါ၊ မြတောင်စုဘုရားလတ်က ရာဇပလ္လင်ပေါ်တက်ထိုင်ပြီးလျှင်၊ သီပေါမင်းမှာ သူနှင့်သာချစ်ခင် ရည်ငံရင်းရှိ၍ မိဖုရားခေါင်ကြီးအဖြစ် ဘိသိက်သွန်းရမည် ဆိုသောကြောင့် ညီအစ်မနှစ်ပါးစုံ ဘိသိက်သွန်းနန်းသိမ်းပွဲခံလေသည်။ သီပေါမင်းနှင့်တေးထပ်များ အပြန်အလှန် ရေးသားပေးပို့ခဲ့လေသည်။



မြတောင်စုဘုရားသည် သီပေါမင်း၏ မိဖုရားခေါင်ကြီးဖြစ်သောအခါ 'သီရိပဝရမဟာ ရာဇိန္ဒာဘိ သုဓမ္မရတနာဒေဝီ' ဘွဲ့ရသည်။ မြတောင်မြို့ကိုစားရ၍ မြတောင်စုဘုရားဟုတွင်သည်။ ထို့ပြင် ယော်တော်ဆင်ဖြူမရှင်မိဖုရားကြီးမှ သမီးတော်သုံးပါးဖွားမြင်ရာ ခိုင်းနှောင်စုဘုရားကြီး၊ မြတောင်စုဘုရားနှင့် ရမည်းသင်းစုဘုရားတူ သုံးပါး ရှိသည့်အနက် မြတောင်စုဘုရားသည် သမီးတော်လတ်ဖြစ်သဖြင့် စုဘုရားလတ်ဟုတွင်သည်။

### (၁) မြတောင်မြို့စား၊ ထိပ်စုံဘုရားလတ်ရေး တေးထပ်

မြခကာသာထွာခန့်က၊ ခါငံ့လို့ကြွင်ဟန်၊
ကြာတန်နန့်ပင်စံမှာ၊ ဘုရင်ခံထင်ရှေ့။ ။
နန်းမွေရအငြိုးယူတယ်၊ ငွေထီးဖြူပွင့်လိမ့်ဘအော့၊
ရွှေသစ္စာယခုမူလျှင်၊ ကမ္ဘူ့ယနေ့။ ။
စုတဆူကလေ့က၊ မမေ့ပေါင်နော်နော်။ ။
နတ်ဆိုတာ အနန္တကိုလှ၊ တင်ပင်ဲ့ဆွေးနှင့်ပျော်ပျော်။ ။
မြင်သမျှအရေးကိုဘော်မယ်၊ လေးတင်တော်မူတတ်ကဲ့၊
လောင်းသိဒ္ဓတ်ပွင့်လှာနှယ်၊ အောက်မေ့လို့ရှယ်။ ။
ရှိဦးချ ပူဇော်လှယ်တယ်၊ ယံသော်မယ်လိုဘဲဖျလေး။ ။

### (၂) မြတောင်မြို့စား၊ ထိပ်ပံစုဘုရားလတ်ရေး တေးထပ်

စံရဝေဘုံမြင့်မတော့၊ ဂုဏ်တင်တဲ့သာကီ၊ လုံဆင့်မဲ့
ပဏ္ဏာချီသည်၊ သဒ္ဓါရည်မောက်ဖြိုး။ ။
ရွှေခွန်းတော်ကတိသွေလျှင်၊
မြတ်ဘိသေလွဲလိမ့်မည်စိုး။ ။

www.burmeseclassic.com

www.burmeseclassic.com



သပြေချက်ဒီဇမ္ဗူဝယ်၊ သည်တဆူရှယ်ကိုး။ ။
ညီအတူကယ် ကြိုးလို့၊ သယ်ပိုးတဲ့ခြင်းရာ။ ။
အခိဋ္ဌာန်ငုံးရွှေငှက်လိုပ၊နှုန်းသွေမကွက်ထားသင့်လှပါ။။
နေနန်းမြင့် ဥပရာငယ်၊ သွေမဆန်းသင့်စုကလျာကို၊
ပြဒ္ဒညာမောင်တင့်တော့၊ အောင်ပန်းပွင့်နှင်းဆီရုံ၊
သင်းကြည်လို့ထုံ။ ။

အာဒိစ္စကမ္ဘူလှုံငယ်၊ ခါမိသာန့်ပြုခြုံတယ်၊ ဗန္ဓုပုံနှယ်
ဝေလျှမ်းပြောင်ဘို့လေး။ ။

(၃) စုဘုရားလတ်ဆို လေးဆစ်သဖြန့်

ပုဏ္ဏမာသော်တာလ လိုပ၊ ငုံဘဒ္ဒါပေါ်ခါစငယ်က
ဖော်တသည့်လွန်းကြင်နှယ်။ ။

လဲ့မကွက်ပါဘု၊ စွဲချက်တော်ကျိန်စာချုပ်ကယ်နှင့်၊
စိန်ဥက္ကာ-မန်းတောင်ထွတ်မှာ၊ ပန်းဆွတ်ခဲ့တယ်။ ။

ယုံစဘွယ်အနိုင်ကျင့် ပါလို့၊ ငုံစပယ်ခိုင် နှစ်ပွင့်ကိုလ၊
ပိုင်အခွင့်လွှတ်ရမယ်၊ ဇွတ်တွယ်လို့-သူကလိ။ ။

မနေသာ-ချစ်တဲ့သူ ပွေ့သဟာကြောင့်၊ ခန္ဓာကို ပသာ
ဆက်မိလို့၊ နံနက်ခါ-အိပ်ရာထွက်မှာတော့၊ ထိပ်စရာ
လိပ်ပြာပျက်တယ်၊ မောင်မောင်ရေ-တွေးရှက်ပါဘိ။ ။

(၄) မြတောင်မြို့စား စုဘုရားရေး လေးဆစ်သဖြန့်

ပုဏ္ဏမာသော်ဘာလ လိုပ၊ ငုံဘဒ္ဒါ ပေါ်ခါစငယ်က
ဖော်တသည့် လွန်းကြင်နှယ်။ ။



လဲ့မကွက်ပါဘု၊ စွဲချက်တော်ကျိန်စာချုပ်ကယ်နှင့်၊ စိတ်
ဥက္ကာမန်းတောင်ထွဋ်မှာ၊ပန်းဆွတ်ခဲ့တယ်။ ။

ယုံစဘွယ် အနိုင်ကျင့်ပါလို့၊ ငုံစပယ်ခိုင် နှစ်ပွင့်ကိုလ၊
ပိုင်အခွင့်လွှတ်ရမယ်၊ ဇွတ်တွယ်လို့သူကလိ။ ။

မနေသာချစ်တဲ့သူပွေ့သဟာကြောင့်၊ခန္ဓာကိုဘလာဆက်
မိလို့၊ နံနက်ခါအိပ်ရာထွက်မှာတော့၊ ထိပ်စရာလိပ်ပြာ
ပျက်တယ်၊ မောင်မောင်ရေ-တွေးရှက်ပါဘိ။ ။

## ၃၇။ မြင်ကွန်းမင်းသမီး

မြင်ကွန်းမင်းသမီးမှာ မင်းတုန်းမင်းတရားကြီး၏ သမီးတော်တပါးဖြစ်သည်၊ မြင်ကွန်းမြို့ကို စားရသောကြောင့် မြင်ကွန်းမင်းသမီးဟု တွင်ပါသည်။ ရတနာပုံခေတ် အမျိုးသမီးစာဆိုတော်တဦးဖြစ်ပါသည်။

## ၃၈။ ကန္နီမင်းသမီး

ကန္နီမင်းသမီးမှာ မင်းတုန်း မင်းတရားကြီး၏ သမီးတော် ရတနာပုံခေတ်အမျိုးသမီးစာဆိုတော်တဦးဖြစ်ပါသည်။ကန္နီမြို့ကို စားရသဖြင့် ကန္နီမင်းသမီးတွင်လေသည်။

## ၃၉။ ပြင်စည်ခင်စော

ပြင်စည်မင်းသားကြီး၏ သမီးတော်ဖြစ်ပါသည်၊ ပြင်စည်မင်းသားကြီးမှာ စာဆိုတော်မင်းသားကြီး တဦးဖြစ်ပေသည်။ ပြင်စည်မင်းသားကြီး၏ လက်ရာများကို မဟာဂီတကျမ်း၊ ဓိဘာဝိသောဓနီကျမ်းများတွင် အထင်အရှားတွေ့နိုင်ပါသည်။ ပြင်စည်

www.burmeseclassic.com

www.burmeseclassic.com



ခင်စောမှာ ဖခင့်ခြေရာကိုနင်း၍ ဖခင့်ဗီဇသတ္တိမျိုး ရှိသော ရတနပုံခေတ်အမျိုးသမီးစာဆိုတော်တဦးဖြစ်ခဲ့ပေသည်။ ပြင်စည် ခင်စောသည် ဘောလယ်၊ တေးထပ်၊ ပတ်ပျိုး၊ ယိုးဒယား၊ သီချင်းခံ များကိုရေးသားခဲ့လေသည်။

## ၄၀။ ပင်းသာမြို့စားကတော်ခင်ဖွား

သီပေါမင်းလက်ထက်တွင် ထင်ရှားသောအမျိုးသမီး စာဆိုတော်တဦးဖြစ်ပါသည်၊ သီပေါမင်းလက်ထက်တော်အခါက ပင်းသာမြို့စားနှင့်ရနောင်မြို့စားညီနောင်တို့သည်သီပေါမင်းတရား၏ လက်သုံးတော်များဖြစ်ပေသည်၊ ထိုလက်သုံးတော်ညီနောင် နှစ်ပါးအား သီပေါမင်းက အထူးမြှောက်စားသူကောင်းပြုခဲ့ပေရာ မင်းညီမင်းသားများ၏ အဆောင်အရွက်များကိုပင်ရရှိခဲ့ပေသည် သို့မင်းညီမင်းသားများ၏ အဆောင်အရွက်များကို ချီးမြှင့် မြှောက်စားခြင်းခံရသည့်အလျောက် ပင်းသာမြို့စား ရနောင် မြို့စားဟူ၍ ထင်ရှားခဲ့ပေသည်၊ စာဆိုတော်ခင်ဖွားသည် ပင်းသာ မြို့စား၏ ဇနီးဖြစ်ပေသည်၊ ရသဂုဏ်မြောက်လှသော တေးထပ် များ ပတ်ပျိုးများကို ရေးသားခဲ့လေသည်။

### ပင်းသာမြို့စားကတော် ခင်ဖွားရေးသောပတ်ပျိုးကလေး

နွေချိန်ခါလုပြန်တော့တယ်။
ရတုသာတဲ့လရာသီ၊ ရွက်ကျင်ပင်ကျွတ်၊ လေဆွတ်လို့ ဆွေးပုံချီ၊ ညာညီခဲ့ပြန်၊ မွေးဝတ်ကယ်ကြိုင်သင်း၊ မြိုင် မင်းကလွမ်းဘို့ငယ်ဖန်။ ။
ကိုက်ဖူးငယ်တည့်မြလျှံ၊ စုံနယ်ယံ·ကြုံတယ်ကံ၊ လေ ပြန်ဆော်သွင်း။ ။



ရွှေအလျှံ၊ မတန်သဇင်ကြွင်းငယ်နှင့်လေ ဝိသာခာ သောလာဖန် မြေခင်းမှာတဲ့လေး။ ။ဆွေးစေအောင်- ဖန်ဆင်း၊ ပင်မင်းကြော့ကြွာမယ်၊ နတ်ကယ်မြင်အုံး၊ ရုံသုံးရွှေများလယ်၊ ပူတယ်တဲ့နိုင်၊ မြင်တော်မူလဲ၊ ဆူသဲက ထပ်ခါဆိုင်။ ။

ပန်းလွှာဘုံမြိုင်၊ သင်းကြိုင်နံ့ထူး၊ ပျော်လဲပျော်လို ဘူး၊ သုံးယံကကြူး။ ။ရစ်တိုင်းငယ် ဝန်းရုံခိုးမြူမှုန်၊ လွမ်းဘို့ငယ်ဆုံ၊ ပဇ္ဇုန်ကျူးပြန် ချည်တော့မယ်။ ။ တမာရန်၊ နတ်ဟန်ကြာပွား၊ ပူတော့ထားသလေ-လေ လေ့။ ။မြသားငယ်ရစ်ခွေ၊ တောင်ပေါင်းရုံကာလို့၊ တမာရာရွှေဗွေစွန်းကို၊ လွမ်းသည်နှင်ပွေ့။ ။မြူခိုးငယ် ဝေ၊ ဆည်လေကျွမ်းပြန် ချည်တော့မယ်။ ။မတင်သာ မြင်လှာဆိုတမ်းတော့၊ အို-ပန်းဘွယ့်ရေးလေ-လေလေ့။ ။

ဒွေးချိုးသဖြန်။ ။အေးဘယ်မှာဖန်မယ်၊
ကြံနယ်ကဝေး။
သမုဒ်ကယ်-ပင်လယ်သို့၊
လောင်းလှေငယ်-ဟိုဘက်ကမ်းကို၊
လှမ်းနိုင်တို့သေး။ ။

## ၄၁။ စာတော်ဘတ် မိုင်းခိုင်းခင်လေးကြီး

ပိဋကတ်တော်အုပ် မိုင်းခိုင်းမြို့စား အတွင်းဝန်မင်း၏ သမီး တော်ဖြစ်သည်၊ သီပေါမင်းလက်ထက် မှန်နန်းအမျိုးတော်လည်း

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်၊ စာတော်ဘတ်ရာထူးကိုရ၍ မိုင်းခိုင်းမြို့ကို အပိုင်စားရသည်၊ သုသီရိစိတ္တာဟူသော ဘွဲ့မည်ရည်ကိုရသည်။

## ၄၂။ မန်လည်ခင်စော

မန်လည်ဝန်၏ သမီးတော်ဖြစ်သည်၊ ထို့ကြောင့် မန်လည်ခင်စောဟုတွင်သည်။

## ၄၃။ ဒိုင်းခင်စော

ဒိုင်းဝန်၏သမီးဖြစ်သဖြင့် ဒိုင်းခင်စောဟု တွင်လေသည်။

## ၄၄။ မတ္တရာ-ခင်လေး

မတ္တရာခင်လေးမှာ သီပေါမင်းလက်ထက် အပျိုတော်တဦးဖြစ်သည်၊ မတ္တရာမြို့စားအပျိုတော်ဖြစ်သဖြင့် မတ္တရာ-ခင်လေးဟုတွင်သည်။

## ၄၅။ ပထနကိုရ်မြို့စား-ခင်လေး

သီပေါမင်းလက်ထက် နန်းတွင်းအပျိုတော် တဦးဖြစ်သည်၊ ပထနကိုရ်မြို့ကိုစားရသောကြောင့် ပထနကိုရ်မြို့စား ခင်လေးဟုတွင်လေသည်။

## ၄၆။ ကျောက်ကာမြို့စားခင်နှစ်

ကျောက်ကာမြို့စားခင်နှစ်မှာ စလင်းစုဘုရား၏ အပျိုတော်တပါးဖြစ်သည်၊ စလင်းစုဘုရားမှာ ပင်တိုင်နန်းနှင့်ချီးမြှင့်မြောက်စားခြင်းခံခဲ့ရပေရာ ကျောက်ကာမြို့စားခင်နှစ်မှာ ပင်တိုင်မင်းသမီး စလင်းစုဘုရား၏ အပျိုတော်တဦးအဖြစ်ဖြင့် ကျောက်ကာမြို့ကို အပိုင်စား ပေးသနားခြင်းခံခဲ့ရပေသည်၊ ဗေဒင်နှင့်ပတ်သက်သော တေးကဗျာစာများ ရေးသားခဲ့သည်ဟု သိရပါသည်။



## ၄၇။ သာယာဝတီခင်လေး

သီပေါမင်းလက်ထက် အပျိုတော်တဦးဖြစ်သည် သီပေါမင်းလက်ထက်တော်တွင် သာယာဝတီမြို့ကို အပိုင်စားရသဖြင့် သာယာဝတီခင်လေးဟုတွင်သည် (သို့သော် အောက်မြန်မာပြည်တွင် အပါအဝင်ဖြစ်သော သာယာဝတီမြို့မှာ မြန်မာမင်း အပိုင်မဟုတ်တော့ ဗြိတိသျှတို့သိမ်းယူပြီးဖြစ်ပေသည်၊ သို့တစေလည်း သာယာဝတီမြို့စားအဖြစ် ပေးထားခြင်းဖြစ်ပေသည်)။

*အောက်တွင် ဖေါ်ပြလတ္တံ့သော အမျိုးသမီးစာဆိုတော်များမှာ မင်းတုန်းမင်းတရားကြီး (၁၂၁၄-၁၂၄၀)နှင့် သီပေါမင်း (၁၂၄၀-၁၂၄၇) လက်ထက်တော်အခါတွင် ထင်ရှားကျော်စောခဲ့သော အမျိုးသမီးစာဆိုတော်များဖြစ်ပါသည်၊ ၎င်းစာဆိုတော်များကို သာမညအမည်အားဖြင့် စာဆိုတော်ဟုသာ စာရင်းတင်လိုက်ရသော်သည်း ၎င်းတို့ရေးသား စပ်ဆိုသီကုံးခဲ့သော စာပေကဗျာလင်္ကာများကိုမူ မဖေါ်ပြနိုင်ပါ၊ သို့တစေလည်း နောင်ကာလခေတ်ထွန်းပေါ်ထင်ရှား၍ မြန်မာစာပေလောက အကျိုးငှါ သည်ပိုးရှာဖွေဆောင်ရန် လိုလားကြပေသော သုတေသီများအတွက် ဆက်လက်ရှာဖွေဆောင်ရွက်နိုင်ရန် ဖေါ်ပြရခြင်းဖြစ်ပါသည်၊ ဤစာဆိုတော်များမှာ ကဗျာလင်္ကာများကို လောကီရေးလောကုတ္တရာရေးအားဖြင့် မိမိတို့ကျင်လည်ကျက်စားရာ ဘဝပတ်ဝန်းနှင့်နီးစပ်လျှင် နီးစပ်သလိုရေးသား စီကုံးစပ်ဟပ်ခဲ့ကြပေရာ၊ အချို့မှာဗေဒင်နှင့်စပ်ဆိုင်သော ကဗျာလင်္ကာများကို စီကုံးခဲ့ပါသည်၊ အများစုမှာမူ တေးထပ်စာဆိုများဖြစ်ပေသည်၊ ရတနာ ခေတ်သည် စာပေမျိုးစုံထွန်းကားခဲ့လင့်ကစား ရတနာသုံ

www.burmeseclassic.com

www.burmeseclassic.com



ခေတ်၏ စာပေကဗျာ သရုပ်သကန်တွင် အထင်ရှားဆုံးအရာမှာ တေးထပ်ဖြစ်ပါသည်၊ ထိုစာဆိုများသည် တေးထပ်များကို စပ်ဆိုခဲ့ကြပါသည်ဟု ယေဘုယျအားဖြင့် ယုံမှားသံသယ ကင်းရှင်းစွာ မှတ်ယူကြစေလိုပါသည်။

၄၈။ ယောမြို့စားသို့း-ခင်စိုး
၄၉။ အနောက်ဝန်မင်းမြေး-ခင်လေးကြီး
၅၀။ တောင်ခွင်ဝန်ကြီးသို့း-ခင်ခင်ကြီး
၅၁။ ငါးမြို့ဝန်သို့း-ခင်ခန့်
၅၂။ ရေနံ့သားမြို့စား-ခင်ခင်
၅၃။ မြဝတီ-ခင်မကြီး
၅၄။ ခင်ပို

### ၅၅။ မတ္တရာကချေသည်မ
### (၁၂၁၄-ခန့် ၁၂၄၀-ခန့်)

မတ္တရာကချေသည်မသည် ၁၂၁၄-ခုနှစ်တွင် နန်းတက်တော်မူသော ရတနာပုံမြို့တည်နန်းတည် ဘုရင်မင်းတုန်းမင်းတရားကြီး လက်ထက်တော်အခါတွင် ပေါ်ထွန်းခဲ့သော စာဆိုတော်တဦး ဖြစ်သည်ဟု ခန့်မှန်းရပါသည်၊ မတ္တရာမြို့ဇာတိဖြစ်၍ ကချေသည်မဘဝဖြင့် အသက်မွေးရင်း ကျော်ကြားလာသူတဦး ဖြစ်ပေသည်။

မန္တလေး ရတနာပုံခေတ်အခါက တိုင်းရေးပြည်ရေးသည် အလွန်ရှုပ်ထွေးခဲ့ပါသည်၊ ထိုနည်းတူပင် နန်းတွင်းအချစ်ရေး ရှုပ်ထွေးမှုများလည်း ရှင်းမရနိုင်လောက်အောင် ရှိခဲ့ပါသည်။



၍သည်တို့ကိုထောက်ဆသော် ကာတိသစ္စာမတည်မြဲသော အချစ်မေတ္တာသဘောကို မြင်နိုင်ပါသည်၊ ထိုသို့သစ္စာသွေလွဲမှုများကြောင့် ခေတ်ကြေးမုံ လောကကြေးမုံကို ထပ်အပ်ထပ်တူဖေါ်ပြသော ခေတ်စာဆိုတို့၏ စာပေများတွင် သစ္စာပျက်စာပေများသာ လွှမ်းမိုးကြီးစိုးနေသည်ကို တွေ့နိုင်မည်ဖြစ်ပါသည်၊ အောက်တွင်ဖေါ်ပြပါ 'မတ္တရာကချေသည်မ'၏ တေးထပ်မှာလည်း သစ္စာပျက်တေးထပ်တပုဒ်သာလျှင် ဖြစ်ပါချေသည်။

### မတ္တရာကချေသည်မဆိုတေးထပ်

မှန်ပါလျှင်-သာခုပ၊ ကံပြုပြင်ဖန်ရာ၊ သဘောကို
ထောက်စာလျှင်၊ မယ့်မှာသာဝန်လေး။ ။
ထမ်းပိုးထမ်းမညီသည်၊ ချစ်ရာသီဆန်းနှင့်ပေလေး။ ။
တနေ့လျှင်ရွှေရွှေ၊ ဟိုနေ့ရေငွေသွေး။ ။
လေယူရာတိမ်ပြေးသို့၊ ချစ်ရေးလှဟန်ဆောင်။ ။
ပြုတော်ပုံ -ဂဟေမြဲနိုင်ဘု၊ လှေကွဲစီး ကြံတတ်တဲ့
မောင်။ ။
ကြက်ဥပန်းဖေါင်းရောင်မှာ၊ တောင်ဆိုလျှင်မြောက်
ပါးကာ၊ မောင့်စကားပုံမသွေ၊ များလှချည့်လေ။ ။
ခိုင်းလိုက်သည့်ပုံတွေမှာ၊ လွဲပေသော်ခံ့ငွဲ့လေး။ ။

### ၅၆။ တေးထပ်စာဆိုခင်ခင်ကြီး
### (ကုန်းဘောင်ခေတ်နှောင်း)

မြန်မာစာပေသမိုင်းတွင် မင်းသားမောင်မောင်ကြီးနှင့်ခင်ခင်ကြည့်၍ အသိများသူ ခင်ခင်ကြီးမှာ တေးထပ်အများရေးသား

www.burmeseclassic.com



သွားသူဖြစ်ပါသည်၊ ယခု ခင်ခင်ကြီး၏ တေးထပ် ၉-ပုဒ်ကို တင်ပြထားပါသည်၊ ခင်ခင်ကြီးသည်ချစ်သူမောင်မောင်ကြီးအတွက်ပူရ ထက်မခအားရှာဘဲ 'ရွှေပ ့စောက်-အကြောင်းတွင် နှစ်ချောင်းငင်သူများထက်ခြား'ရရှာသူ အပူသယ်ကလေးတဦး ဖြစ်ပေသည်၊ မောင်မောင်ကြီးကလည်း ခင်ခင်ကြီးအား အပြန်အလှန် တေးထပ်များ ရေးသားပေးပို့ခဲ့လေသည်၊ မောင်မောင်ကြီးနှင့် ခင်ခင်ကြီးတို့၏ အတ္တုပ္ပတ္တိကိုမရသဖြင့် ၎င်းတို့ ဆိုကြောင်းပြ သော 'ဘာဂျာသိပ္ပဝိစိတြကဗျာရာသီကျမ်း'လာ တေးထပ်ဥပမာ ကိုမျှသာ ဤ၌ဖော်ပြလိုက်နိုင်ပါသည်။

## ခင်ခင်ကြီးဆိုတေးထပ်

(မင်းသားမောင်မောင်ကြီးအာ သောက[illegible] ပြောသဖြင့် တောထွက်မည့်အသံကို ကြားသိ၍ [illegible] တေးထပ်)

(၁) မပူဟန်တူဖန်ရ၊ မြှူဆဲမျှမကြည်၊ သူ့ယိုကြ-ဆေးချက်ရှည်၊ အေးဘက်ဆီကြဲဘူး။ ။

လောင်မီးကျ-ထိန်ထိန်ဝါမှာ၊ ကြိမ်ကြိမ်ခါယမ်းလို့ဖြူး။ ။

ကောင်းရဲ့လား-ဆွေတခေါင်ရယ်၊ သေလေအောင်ရှည်စူး။ ။

ခက်ရှာလေ-ရွှေမှူးငဲ့၊ စိတ်ကူးကမဖွယ်။ ။

ယုံလေအောင်-ကေသာဖြတ်မယ်လို့၊ နေလာနတ်ဆိုးပေ့တကယ်။ ။



စတုပအတုနွယ်၊ မပြုဘုယ်သူကြိတ်လို့၊ နုဖိတ်စွ ဇန်ရေဆင်မယ်၊ ညွန်းဗျာသခြယ်။ ။

ကြံမိပေ့မဟာနွယ်ရယ်၊ ကမ္ဘာဝယ်မေ့ဘူးဖျလေး။ ။

(၂) မလိုသူ ရာထောင်ဖျက်စေတော့၊ ရွှောင်ခွာကွက် သွေပေါင်၊ ဆောင်ကြာထက်ဗွေဆောင်မှာ၊ ဆွေအခေါင်ထိပ်ဖျား။ ။

ညီးညီးလက်ဆောင်ရောင်ငယ်၊ တပြောင်ပြောင်ဝင်းထိန်လျက်သား။ ။

ကတော့စွပ်ထွေးခံ၊ ကွမ်းအစ်မွှန်မမှား။ ။

ထုံးဘူးတွင်ထင်အရှား၊ ပတ္တမြားမြစီခြယ်။ ။

ကလပ်တင်ငွေဖလား ရွှေအသားသုံးပါစို့ကွယ်။ ။

ငွေရထား စီးလယ်မှာ၊ ထီးနှစ်သွယ် ယှဉ်ဖွင့်လို့၊ တင်တင့်တူမကွာ၊ နွဲ့လျက်နှစ်ဖြာ။ ။

ဆွဲဘယက်နွယ်မဟာကို၊ တကယ်သာ ချစ်လွန်းလို့လေး။ ။

(၃) ကြင်မတူ-မျက်အချစ်မို့၊ ဖက်သွစ်လိုက်စမ်းချင်၊ သတ်မက ပန်းသဇင်ကို၊ နန်းလိုက်ချင်အံ့ဆဲ။ ။

သွေးချည့်ဥ-အသားပါအောင်၊ ပါးအသား[illegible] စိတ်ရှိဘဲ။ ။

ကြောက်လှချည့်ငိုရှိုက်တုန်အောင်၊ [illegible] ကိုယ်ကြိုက်ပုံ-အမြဲမို့၊ ဇွတ်ဆွဲပါ[illegible] ။

www.burmeseclassic.com

www.burmeseclassic.com



တော်လျော်အောင်-မာယာများသူမို့၊ ဘာစကား ပြောပါနိုင့်ကွယ်။ ။

ညှာမလား-မဟာနွယ်ကို၊ အဆာကျယ်သည်ကဖြင့်၊ နာရီကျ သုံးချက်ကကျော်၊ မှန်းကွက်မပေါ်။ ။

ပန်းသတ်တဲ့စက်ရာပေါ်မှာ၊ ဖက်ခါနေဘ် ထားချင် လှလေး။ ။

(၄) ချစ်ပီယေဝိပ္ပယော၊ ဒုက္ခောပမှန်စွာ၊ ဗုဒ္ဓေါ်ဖျှာ့ကျမ်း အလာကို၊ မချမ်းသာနိုင်ဘူး။ ။

ချစ်သူနှင့်ဝေးကွာဘယ်၊ အဆွေးသာကဲမောက်လို့ ကြူး။ ။

နိုးရအောင်ရှယ်ကြံသူ၊ ဘယ်ကံမှုကူသူး။ ။

ဘယ်ရွှေဥာဏ်တန်ထူးလို့၊ စံနှစ်ဦးဆက်မယ်။ ။

ရှေးကုသိုလ်ယှဉ်းယိုရိုင်း၊ အောက်မေ့တိုင်း စိတ်က နာတယ်။ ။

မြမျက်ရည်တလယ်လယ်၊ ဆည်တယ်ကာဖြေနွမ်းလို့ ဆွေကျမ်းကြောင့် နေမကြည်၊ ဆွေးမှုဗျာစီ။ ။

ပူရချက်ဖြင့် - တာရှည်တယ်၊ ခါဟေမိုကြံစမ်းဖျော့ လေး။ ။

(၅) ချစ်ပဏ္ဏာ-ချစ်ရေးမှူ၊ ချစ်တေးနုကဗျာ၊ သစ်ရေးပြု သော ချာအောင်၊ ရေဇလာတန္နုန်း။ ။



ကမ္ဘာပျက်နေလကွယ်တောင်၊ မေကနှယ် ချစ်စိတ် မကုံး။ ။

ချစ်လှ၍ရှယ်ကိုးသူကို၊ ကယ်ရိုးမှုတဖုန်း။ ။

ချစ်မျိုးတူ-ချစ်မဆုံးနိုင်ဘု၊ ပစ်မမုန်းကြံရှယ်။ ။

စပယ်ဆီ-ရေနံဖြစ်ခါမှ၊ သွေ့လှန်၍ပစ်ပသက်လှယ်။ ။

ချစ်သမျှဘယက်သွယ်ကို၊ ကုက်လယ်အောင် မေမ ပြောနိုင်ဘု၊ ဖေသဘောစိတ်၌ဝယ်၊ စောပါတော့ကွယ်။

ဤလောက-တခေတ်နယ်မှာ၊ အချစ်ကွယ်တူဘူးဖျ လေး။ ။

(၆) တမေမှာအပွေမျှား၊ ငွေယားသို့ပမာ၊ မပစ်ရက်နှုမြော ပါသည်၊ ယူရမှာခက်သေး။ ။

စိတ်နွမ်းလို့ကိုယ်ကြေ၊ ငိုမလေမင့်အတွက်ဆွေး။ ။

ပွေခက်၍-ငွေမျက်ရည်ငယ်၊ တနာရီမအေး။ ။

ကုလေသည်မနွေးပ၊ အဆွေးကဗျာလှိုင်။ ။

နေစကြာ ပမာထွန်းသလိုပ၊ သာမယွန်း ခုခေတ် မှာဆိုင်။ ။

မအေးရ-အဆွေးပိုင်သည်၊ လှကေခိုင် ခင်တွက် ကြောင့်၊ ကြင်ဖေါ်ဘက်မစုံသူ၊ ဆွေးရအပူ။ ။

မီးမက-သာတဲ့သူလို၊ ညာနွဲ့လူကူအုံးဖျလေး။ ။

(၇) တင့်ထက်သာတင့်တော့၊ အယဉ့်ထက်အယဉ်၊ သခင့်သက်သခင်ကို၊ ကြင့်ထက်ကြင်-ကြင်ဆုံး။ ။

www.burmeseclassic.com

www.burmeseclassic.com



ပူသည်ထက်-ပူတဲ့သူကို၊ကူထက်ကူ-ကူလှဲ့ပါအုံး။ ။

သစ္စာထက်သစ္စာ၊ နှစ်တရာမမုန်း။ ။

မေတ္တာတင်မေတ္တာတိုးတဲ့၊နှစ်ရာလုံးဆင်မယ်။ ။

နှစ်ဆွေရှင်-မသွေတမ်းပါတဲ့၊ ကျမ်းထက်ကျမ်း ကျိန်ဝံ့ပါတယ်။ ။

ဆွေးသည်ထက်-အဆွေးနယ်ကို၊ အေးလွယ်အောင် ဖေမမှုန်းတာဖြင့်၊
ကျွမ်းထက်ကျွမ်း-ကြွေထက်ကြွေ၊ သဲလိုက်လို့ပွေ။ ။

လွမ်းထက်လွမ်း လွမ်းသည့်မေမှာ၊ နှမ်းရိခွေ-ခွေနှုံးလှ လေး။ ။

(ဝ) လှပေါ်မှာ-လှခေါင်ချုပ်၊မြရောင်ရုပ်စိမ်းသွင်၊ ညိုမှောင် အုပ် တိမ်မင်းလွင်၊ ထိန်လင်းခင်အထူး။ ။

မီးမထွန်း ခန်းဆယ်ဆောင်မှာ၊ လျှမ်းကြွယ်အောင်- လှချက်ကိုမြူး။ ။

ရှိန်ဖြာပေ့-လိမ္မာရေမှာ၊ မဟော်မေတဦး။ ။

တတော့ဆွေအထူးမို့၊ မြူးမြွက်လို့တင်မယ်။ ။

နှစ်မခင်-တပါးလိုဖြင့်၊ ဖြေအများ ရှားလိမ့်ထင် တယ်။ ။

ရွှေစုလျှားနှစ်ပါးဆင်မယ်၊ တခြားတွင်ကြင်မက်နှင့်၊ စဉ်မပျက်နှေ့ညမတွေ၊ လှတဲ့တမေ။ ။



လှတကာ့-လှသက်ဝေကို၊ လှတခက်ဆွေ ပစ်ခဲ့ပါနှင့် လေး။ ။

(၉) အပူတွင်-အတူကင်း၊ တဆူမင်းပူတယ်၊ ဇမ္ဗူတွင်း-လူ့ နယ်မှာ၊ အပူကွယ်ထပ်ပွား။ ။

ရွှေပ့ စေစက်-အကြောင်းတွင်၊နှစ်ချောင်းငင်သူများ ထက်ခြား။ ။

တွေ့ရက်မို့-ပွေ့ခက်ဆုံ၊နှေ့ရက်ကုန်ထပ်ပွား။ ။

မွေ့စက်ရုံ မလပ်လျှားဘူ၊နတ်များတို့မကယ်။ ။

ပြောင်လေ-ရှောင်သွေယွင်း၊ဆောင်ဗွေတွင်း နေရက် လှတယ်။ ။

သူ့တွက်ကြောင့်-မှုခက်ကြွယ်၊ ခုထွက်ဟယ် သက် ကြွင်းရဲ့၊ချက်ခြင်းလျှင်မြန်စွာ၊ ပြောင်းပခါခါ။ ။

သိုသိပ်လို့၊ မျိုကြိတ်ပါတယ်၊ ပိုစိတ်ဟာ ကဲတာမို့ လေး။ ။

## ၅၇။ ပတ်ပျိုးရေးသူ မတဲ
## (ကုန်းဘောင်ခေတ်နှောင်း)

ပတ်ပျိုးရေးသူ-မတဲ ဟုသာ သာမည ဖော်ပြနိုင်သူ မတဲမှာ အောက်တွင် ဖော်ပြပါ မြင်းဘွဲ့ပတ်ပျိုးလတ်ကို ရေးစပ်ခဲ့သူ ဖြစ်ပါသည်။ အမည်နာမမျှသာ ဖော်ပြနိုင်ပြီး၊ ဇာတိ၊ မျိုးရိုး တို့နှင့်အတ္ထုပ္ပတ္တိအပြည့်အစုံညီမဖော်ပြနိုင်ပါ။ သုတေသီပုဂ္ဂိုလ် များအတွက် ဆက်လက်ရှာဖွေနိုင်စိမ့်သောငှာ စာဆိုစာရင်း တင် သွင်းဖော်ပြ လိုက်ပါသည်။ စာဆိုချိန် ခေတ်အခါကိုလည်း ကုန်းဘောင်နှောင်းခေတ်ဟု ခန့်မှန်းဖော်ပြလိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## မတဲရေးသော မြင်းဘွဲ့ပတ်ပျိုးလတ်

မြနန်းငယ်တည့်၊ မန်းညာဗွေ။ ။မြင့်သွန်းသီလာ ရွှေမြေဦး၊ တိမ်စွယ်ကြူး၊ပျော်တော်ထူးပ ါထင့်၊ နတ်မူး ဝါသဝိန်၊ နန်းမြဂိရိန်။ ။ငါးအာလိန်၊ ဝတိန်နေတူ ဘုန်းငယ်မှာ၊ ဖန်ရာသန်နွေး၊ လွှမ်းရန်ဆင့်လေး။ ။ မွှေသဲမွှေ့လွှိုင်ကြွယ်လေ၊ စုံနယ်လန်း၊ ပန်းရဂုံဝတ်မှုန် ကြွေး။ ။သွင်းလေပြေ၊ ရောသာတင့်မော၊ တောင်နှင့် တော။ ။စောချွေလှဘွယ်၊ တိမ်စွယ်နန်း၊ လျှပ်ပန်း သက်တင်နွှယ်၊ ပွေရန်ပျိုးတယ်၊မိုးနတ်မာန်ကွန့်ခြယ်။ ။ ဖြေလဲငယ်သာ၊ ဖြေဘဲဆင့်ဆင့်လွှမ်း။ ။

သဖြန်။ ။လဲ့ရွှန်းရောင်ဆိုင်၊
ရည်ပြိုင်ငယ်ရွှေသလ္လာနှင့်၊
ရောဖန်ရဝေသို့၊ ဖြာရှက်ခွေဝန်း။ ။
ဘယ်ဘယ်မင်း၊ မာန်တင်းငယ်တည့်ဝံ့မဆန်၊
အပရန်ဗွဲ့ညွန့်-ရွှေဂီရိငယ်မှာ၊
သာဘိထွတ်စွန်း။ ။

ဝေယန်တည်ရာလေ၊ ဣန္ဒာနန်းတုကွန်း၊ ဖြူဝန်းလေ၊ ရေသွန်းလေ၊ ဘုံကွန်းဗွေဆဒ္ဒန်ရစာ၊ သ,မည်နှင့်သာ၊ မိုးယံဝငယ်မှာမှ၊ ထွန်းလျှပနေနွန်း-တောင်ခြည်၊ ရွှေ ဘုန်းရောင်စည်၊ ဘွေကုန်းဘောင်ပြည်၊ ဖြန့်ဖြိုးနတ် ဆက်စံရည်၊ မြင်းတော်ဇာနည်၊ မှူခြည်ပြစ်ကင်း၊ ဝိဇ္ဇာနှန် မာန်ညွန့်တွန့်တိုင်းငယ်ပြောင်၊ မြိုးသွယ်ခေါင်မှာ၊ ငယ် မှောင်မျိုးလင်းသည်နှင့်နှင့်။ ။ပြည်ပြည်မင်းငယ်လေ၊



ညွှတ်ခင်းဦးနှိမ်ရာ။ ။မျှော်မညောင်းနယ်ဘွဲ့၊ သောင်း မြေချာ၊ ရွှေသပြေညာ၊ ဇေယျမြေထီး၊ နှစ်ထောင် ကျွန်းပြန့်၊ မြန်းလကျ်ာ၊ ပုံတောင်းစကြာ ဆက်ခါ၊ ရောင်လုနီးနီးငယ်မို့၊ အံ့မကြီးသည်လေ၊ မှိုကြီးသြဘာ တော်။ ။ရွှေဘုန်းနေတု၊ မေရုငယ် ညာမော်။ ။ စန်းခရွှငယ်ကသာ၊ သန်းခရွှေလယ့်တာရာ၊ ကြယ်ပေါင်း မှူးငယ်လေ၊ တိမ်ဦးဗွေမြင့်ညာမော်။ ။

သဖြန်။ ။တိမ်ဦးငယ်လျှမ်း၊
နတ်နန်းငယ်သာ၊
ဝေယန်ပျော်၊ဖန်တော်ငယ်လေ တမူသော်မှ၊
ဇမ္ဗူဝယ်-မတူယောင်ခဲ့၊
ကုန်းဘောင်မြေခင်း။ ။
မိုးမန္တာနတ်ဆွေတို့၊
သွန်းချေအောင်သံဝှန်လို့၊
အမွန်ရာမတဲ့ငယ်မှာ၊
ကျော်အံ့မယွင်း။ ။

## ၃၈။ တောင်တွင်း ရှင်ငြိမ်းမယ်

တောင်တွင်း ရှင်ငြိမ်းမယ်ကိုအိုင်ချင်းစာဆိုတော်တဦးအဖြစ် တွေ့မြင်ရပါသည်။ ရှေးကမူ တောင်တွင်း ရှင်ငြိမ်းမယ်ရေး အိုင်ချင်းများကို ရေးသားသူ အမည်နာမကို မတပ်ခဲ့ကြပါ။ ရှင်ငြိမ်းမယ်သည် အိုင်ချင်း ၄-ပုဒ်ကို ရေးသားခဲ့ပါသည်။ ရှင်ငြိမ်း မယ်၏အိုင်ချင်းများမှာ မောင်ဘွဲ့ အိုင်ချင်းများ ဖြစ်ပါသည်။ ရှေးကအမည်မသိ အိုင်ချင်းရေးသူတဦးဟုရှိ၍ ရှေးစာဆိုရှေး

www.burmeseclassic.com

www.burmeseclassic.com



မောင်တို့ အိုင်ချင်းများ ဟုရင်း၊ ဖော်ပြခဲ့ကြပေရာ၊ ယခုမှ တောင်တွင်း-ရှင်ငြိမ်းမယ်ဟူသောအမည်နာမကိုမှုထုတ်၍တပ်နိုင်ပါပြီ။ သို့သော် ရှင်ငြိမ်းမယ်၏အတ္ထုပ္ပတ္တိကိုမူ မဖော်ပြနိုင်စွမ်းသေးပါ။ တောင်တွင်းဇာတိ ရှင်ငြိမ်းမယ်ဟူ၍သာ ဝမ်းနည်းစွာဖြင့် ဖော်ပြလိုက်နိုင်ပါသေးသတည်း။

(၁) နှမထွေးမယ့်ကိုလိုလျှင်၊ အိုင်ချင်း

ချစ်တဲ့သူငယ်လေ၊ သူငယ်ချင်းကောင်း၊ ယောက်မတို့လေ။ ။

နှမထွေး မယ်တို့အိမ်ကို၊ သိလိုချင်မူ၊ နတ်ခရိုင်နှင့်ဈေးဆိုင်နှင့်။ ။

အိမ်တောင်ကမူ၊ ကြက်သွန်ခင်းနှင့်၊ ရေတွင်းနှင့်။ ။

အိမ်မြောက်ကမူ၊ စပါးလင်နှင့်၊ ဒန်းပင်နှင့်။ ။

အိမ်နောက်ကမူ၊ မိတ်သလင်နှင့် ချင်းပင်နှင့်။ ။

မိတ်သလင်နှင့်ချင်းလိုလျှင်၊ ဝါဆိုငယ်မှဝါဆိုဦး၊မြေနူးနူးကို တူးလို့ပျိုးပရှင်။ ။

မိတ်သလင်နှင့်ချင်းကိုအလို၊ နှမထွေးမယ့်ကိုလိုလျှင်၊ တပေါင်းငယ်မှ တန်ခူး၊ ရွှေဖိဦးကို ခူးလို့ပရှင်။ ။

အလို အပျိုဖြူသူနှင့်ဆုံသည်၊ ဂုံချိုလုံးငယ်နှင့်ဆောင်လုံးညီးလေး။ ။



(၂) ကြုံရမယ့်ဗျာပါ၊ အိုင်ချင်း

ချစ်တဲ့သူငယ်လေ၊ သူငယ်ချင်းကောင်း၊ ယောက်မတို့လေ။ ။

ငါ့ကိုလွှယ်၊ အမယ်ကြီးနှင့် ဘကြီးဖျက်လို့၊ အိမ်လေးထောင့်မှာ၊ ဆူးတွေချလျက်၊ မျက်နှာငယ်မှစေ့စုံ၊ လှေခါးခုံမှာ၊ ဂျွန်မောင့်ကြောင့် စောင့်တော့တယ်။ ။

လှေခါးဦးမှာ၊ ဘိုးလူးမောင့်ကြောင့် စောင့်တော့တယ်။ ။

လှေခါးခြေမှာ၊ ဆူးလေဒမောင့်ကြောင့် ကြဲတော့တယ်။ ။

အိမ်တိုင် တိုင်းမှာ၊ နွားရိုင်းမောင့်ကြောင့် ချည်တော့တယ်။ ။

ထရံကြားမှာ၊ ဓါးသွားမောင့်ကြောင့်၊ ထားတော့တယ်။ ။

အိမ်ကြမ်းကြားမှာ၊ အပ်သွားမောင့်ကြောင့်၊ စိုက်တော့တယ်။ ။

အိမ်မိုးခေါင်မှာ လုံထောင်မောင့်ကြောင့် စိုက်တော့တယ်။ ။

မောင်လဲဘယ်ကတက်ပမယ်၊ မယ်လဲဘယ်ကဆင်းရမယ်။ ။

ကြွက်ကဲ့အယောင်၊ ကြောင်ရဲ့ အလား၊ ထုပ်နှင့်လျှော့က်ကို တိုးဖောက်သွားက၊ ထုပ်သားငယ်မှမခိုင်၊

www.burmeseclassic.com

www.burmeseclassic.com



ထုပ်တိုင်ငယ်မှုပိုးထိုး၊ အလယ်ကောင်မှာ ဖောင်ဖောင်ကျိုးကာ၊ သူခိုးဆိုညွန်း၊ မီးတိုင်ထွန်းလို့၊ ဝန်းကြသော့ခါ၊ ဆင်းချခုန်၊ လမ်းဆုံရောက်ပါလိမ့်မလားရှင်။ ။

ညီမအထွေး၊ ရွှေတလေးကို၊ ပြေးရှုကြည့်ချေ၊ စေလသော့ခါ၊ အမယ်မမ၊ ကျွန်မခံအို၊ မြင်ငါတို့၊ ရွာလယ်ကောင်တွင်၊ ခုတင်ကြီးမှာ၊ စောင်းတီးလို့လေး။ ။

## (၃) ရှေးကကြမ္မာငွေကြောင့်၊ အိုင်ချင်း

ချစ်တဲ့သူငယ်လေ၊ သူငယ်ချင်းကောင်း၊ ယောက်မ **တို့လေ။** ။

ရှင်လူထွက်သစ်၊ ဆယ့်သုံးနှစ်က၊ ချစ်တဲ့သူကို၊ အယူတခြား၊ မိထွေးများက၊ ဆီးတားဆို၊ ရစ်ကိုထောင်ကာ ထားရတယ်။ ။

နှမ်းနယ်တစေ့၊ ရှေးကပါ ကြမ္မာငွေကြောင့်၊မတွေ့ရတာကြာတောင်းငံ့ကြာမှ၊မျက်နှာတူရှု၊ သူလည်း အလာ၊ မင်းသာအမှောင်၊ နေဝင်ကျော်၊ ဒွေးတော်အိမ်ပါး၊ တောင်ဆီနားသို့၊ ယာသွ းပွိုပြန်၊ စောင်းလျားခြံနှင့်၊ လက်ပံပင်ရှေ့ကျွဲးမြောင်းကွေ့၊တွေ့သော့ခါ၊ပုဝါရက်သစ်၊ မယ်ကပေးတဲ့၊ ပိုးသေးမဲပါ၊ခေါင်းပေါင်းပြာ၊ လည်မှာရစ်လို့၊ ဖွင့်လှစ်ကယ်မဆို၊ ပခုံးဘယ်တင်၊ မယ့်ကျောပြင်၊ လက်တင်ရပ်လို့၊ မတ်တပ်ကယ်ကို၊ မောင့်ကို စိမ်းကား၊ မယ်နှမက ဆိုသလား။ ။



တို့ချစ်ခြင်း၊ ကွင်းအောင်တစေ၊ နေ့တိုင်းမေ့တဲ့၊ သက်ကြီးဝန်ကို၊ မြင်တိုင်းမုန်းစရာ့၊ ကုန်းမအို၊ ရေလိုခန်းခြောက်ပစေသား။ ။

## (၄) ဆီမလှူးတဲ့ ပေဖူးလွှာ၊ အိုင်ချင်း

ချစ်တဲ့သူငယ်လေ၊ သူငယ်ချင်းကောင်း၊ ယောက်မ **တို့သော။** ။

မြင်းမနီသား၊ မြင်းကျားခွာတဲ့ [illegible] ပစ်တင်၊ တိမ်မိုးမဲနှင့်၊ ကသဲစင်သို့၊ နှစ်ညော်ထင် [illegible] ကို ရောက်ဖူးပါစရှင်။ ။

သံလျင်ငယ်မှမက၊ မုတ္တမနှင့်၊ ဒလ [illegible] ဝယ်တခြား၊ ယိုးဒယားတလိုက်၊ ကမန်ပိုက်တို့၊ [illegible] သော့ခါမူ၊ ဓားကိုသို့ကိုင်၊ လှံကိုသို့နှုတ်၊ စစ်မြေပြင် မှာဝင်ကာခုတ်၍ တရုပ်ကယ့်ရှုမ်းပြေ၊ ထွားထွားငယ် ကျော၊ အောင်လေပြီတဲ့၊ ဆီမလူး၊ ပေဖူးစာနှင့်၊ မှာလိုက် ကဲ့ရှင်။ ။

အပျိုဖြူငယ်ကကျွမ်း၊ လွမ်းတို့တင်လေး။ ။

### ဦးကြော့သမီး

"စုံနံ့သာကြေငြာတဲ့သီချင်း။ ။

ယဉ်ပလေ နတ်မောက်သားငယ်

ရေးတတ်လေခြင်း။ ။"

www.burmeseclassic.com

www.burmeseclassic.com



ဤအချိုးကလေးလှုတိုင်းပင်ကြားမိသိရှိခဲ့ဘူးပေမည်၊ ထိုစုံနံ့သာမှိုင်သီချင်းကိုရေး၍ ကျော်ကြားသတင်းဖြစ်၍ မြန်မာစာပေလောကတွင်တံခွန်စိုက်စာဆိုဖြစ်ခဲ့ရသော နတ်မောက်ဆရာကြော့၏ သမီးကိုဖခင်၏အမည်နောက်ကွယ်တွင် သာမန်မျှသာဖော်ပြခဲ့ကြပေသည်၊ အမည်နာမရင်းကိုမသိရ၊ မွေးဖွားသက္ကရာဇ်ကိုမပုံ အမည်စာရင်းမျှသာ ပြသနိုင်လင့်ကစားဖခင်ကဲ့သို့ပင် အပုဘွဲ့များရေးခဲ့သူ အပျိုသယ်စာဆိုတဦးဖြစ်ကြောင်းကား ရင်းရေးသားသည့် ကဗျာနှစ်ပုဒ်က သက်သေခံနေပေသည်၊ ဖခင်က 'စုံနံ့သာမှိုင်' သီချင်းကိုရေးသည်၊ လင်ပျောက်ရှာသော အရွယ် မင်းသမီးကလေးအကြောင်းကိုဖွဲ့သည်၊ သမီးဖြစ်သူအမှု အမျိုးသမီးများအတွက်မရေး၊ ယောကျ်ား အပျိုသယ်အလေးများအကွက်ရေးသည်၊ ဖခင်နှင့်သမီးတို့၏စာပေများကို ပေါင်းစည်းကြည့်ပါဘိမူ ဖခင်က အမျိုးသမီးအပျိုသယ်များအတွက်အာ ရေးသားခဲ့သဖြင့် လိုအပ်ကျန်ကြွင်းနေသောယောကျ်ားအပျိုသယ်များအတွက်ကိုမူ သမီးကရေးသားခဲ့သည်ဟု မြင်နိုင်ပါသည်၊ တနည်းဆိုရပါမူ ဖခင့်စာပေတွင် အဖိုအမ အပျိုသယ်များအတွက် နှစ်ဖက်မညီမမျှဖြစ်နေသည်၊ အမအပျိုသယ်များအတွက် ဖခင်က ကျေပွန်ခဲ့ရာ သမီးဖြစ်သူက အဖိုအပျိုသယ်များအတွက် ဖြည့်စွက်လိုက်ခြင်းဖြစ်ပေသည်၊ အနှစာပေသဘောဖြင့် ပြောပါဘိမူ သမီးနှင့်ဖခင်နှစ်ဦး၏စာပေသည် 'မဲတင်းမဲညီသဘော' ပါသည်ဟုဆိုရမည်ပင်ဖြစ်ပါသတည်း။

ဦးကြော့သမီးဆိုအပျိုတိုက်လေးဆစ် ၂-ပုဒ်

(၁) ပူသမျှ၊ လေးဆစ်
ပူသမျှမူစလို့ တင်လိုက်မယ်လေ။ ။



ကမ္ဘာ့မိဖုရားကြီးသူ ဒုက္ခဆွေးတာက၊
ကွေကွက်မလယ်။ ။

သူရိယာခုနစ်စင်းကဲ့သို့၊
ပူညီတာအလွန်ပြင်းပါဘိ၊
ရင်တွင်းမှာတဲ့မလင်းနှယ်၊
ယွင်းဘွယ်လို့ သောခမန်း။ ။

ယခုလေ၊ နုတမေဝါဝါဝင်းရယ်တို့၊
လေးဖေကို စေခြင်းရယ်နှင့်၊
အမယ်မင်း-နှင်းခရနှင့်ဖျန်း။ ။

(၂) ခွင့်မဖန်၊ လေးဆစ်
လူ့အဖြစ်တွင်မှ၊ ခုအသစ်ကြုံလှာပြန်။ ။

ဟို့မစဲ၊ မှို့စွဲအောင်လောင်စာနှင့်၊
သံဘက်ခါတိုင်တိုင်လဲလို့၊
ဖိန်းနွဲ့ခါမြန်မြန်ဆင့်စေတော့၊
ခွင့်မဖန်။ ။

ဟိုရွှေးခါနွေလပြောင်းရင်လှ၊
ပြေကောင်းတဲ့ပြေသင့်တန်၊
ကြဖန်လို့ ပူစိတ်စွဲ။ ။

မေ့ကွက်ကိုရှာ၊ နေ့ရက်ကြာသာကြာတော့၊
မင်္ဂလာပုသိန်ထည်နှင့်၊ မောင့်မျက်ရည်
ကြည်ကြည်စို့ကို၊ ဖုန်းတို့မစဲ။ ။

www.burmeseclassic.com

www.burmeseclassic.com



## သီလရှင်မယ်ကင်း

(ကျော်ကြားချိန်-မင်းတုန်းမင်းတရားကြီးလက်ထက်)

သီလရှင်မယ်ကင်းသည် မင်းတုန်းမင်းတရားကြီး လက်ထက်တော်တွင် မင်းသိစိုးသိ ပေါက်ကျော်ကြားသတင်းပျံ့သင်းလှသော ကျမ်းဂန်တတ်တဦးဖြစ်ပေသည်၊ နောက်လိုက်နောက်ပါမယ်သီလအများလည်းရှိသည်၊ မင်း၏ချီးမြှောက်ခြင်းလည်းခံရသည်၊ မင်းတုန်းမင်းတရားကြီး၏ မိဖုရားကြီးအဆောင်သို့လာစဉ် နောက်ပါသီလရှင်များနှင့် သမီးတော်တို့ကို စာပို့ချရသည်၊ အဋ္ဌကထာ၊ ဋီကာ အနု၊ မဓု၊ ဂဏ္ဌိ စသည်တို့မှ ဆိုင်ရာဆိုင်ရာတို့ကို ထုတ်နှုတ်ကာ၊ စုဒ်စောဒနာတို့နှင့်တကွပို့ချရာ၌ နှုတ်တက်အာဂုံလည်းများသည်၊ လျှာနုတ်ပေါပါးသည်၊ အမေ့အထစ်မရှိဘဲနည်းနာကျနသေသပ်သည်။

တခါတွင် သီလရှင်မယ်ကင်းသည် သဘောသိကြီးကြီးလှလှတို့ကိုရွေးချယ်၍ သီလရှင်နှစ်ပါးအား ဗန်းမော်ဆရာတော်ဘုရားကြီးထံဆက်ကပ်စေလေသည်၊ ဗန်းမော်ဆရာတော် ဘုရားက သီလရှင်နှစ်ပါးအား ဆရာကြီးဖြစ်သူ သီလရှင် မယ်ကင်းက မည်သို့သောစကားထူးများ မှာကြားလိုက်သေးကြောင်း မေးမြန်းရာ 'အရှင်ဘုရားတပည့်တော်တို့၏ ဆရာကြီးသီလရှင် မယ်ကင်းက သဘောသီးလှရသောကောင်းမှုကြောင့် ဘုရားဆုကိုရလိုကြောင်းနှင့်ဆုတောင်းပါသည်' ဟူသောစကားကို လျှောက်ထားခဲ့ကြဟုမှာလိုက်ပါကြောင်း ပြန်လည်လျှောက်ထားကြသည်၊ထိုအခါဗန်းမော်ဆရာတော်ဘုရားက 'သင်တို့ဆရာသီလရှင် မယ်ကင်းအား ဘုရားဆုကိုမပန်နှင့်ဦး-ဆရာတော်ဘုရား၏ ပေါင်



ကြားကဝတ္ထုကို မယ်ကင်း၏ပေါင်ကြားသို့ရောက်အောင် ဆုတောင်းလေဦးဟု ဗန်းမော်ဆရာတော်ဘုရားကြီးက မှာလိုက်ကြောင်းကိုကောင်းစွာမှတ်သား၍ပြောကြားကြလေတဲ့' ဟု မှာလိုက်လေသည်။

သီလရှင်ငယ်များလည်း ဗန်းမော်ဆရာတော်ဘုရားကျောင်းမှ ပြန်သွားပြီးနောက်၊ ၎င်းတို့ဆရာ သီလရှင်မယ်ကင်းထံ ဖြစ်ရင်းအကြောင်းအစုံနှင့် ဆရာတော်ဘုရား မှာလိုက်ပုံစကားကို အရှင်းသား အကွက်သားပေါ်အောင်ပြန်လည်တင်လျှောက်ကြလေရာ၊ သီလရှင်မယ်ကင်းသည် ရုတ်ခြည်း ဒေါသ အမျက်ထွက်ဘိလည်း၊ ဂရုဟိတစကားပြောကြား ဆိုဆဲငါ့ကို အရှက်ခွဲပေသည်၊ ငါကလည်း အတင်စီးမခံစာပြန်၍ရေးမည်ဟုအောက်ပါ ဒွေးချိုးကိုရေးသားလေသည်။

> အဖျားရယ်ပေ၊
> အနားခွေ မခိုင်ပြတ်ခါမှ၊ မှိုင်ရပ်ကိုမှီး။ ။
> စိတ်ပုတီးရယ်နှင့်၊
> ယပ်ကြီးကိုထမ်းကိုင်၊ မင်္ဂလမ်းကိုဘယ်လိုဆိုင်ပမယ်၊
> ဖန်သင်းပိုင်မုံရေကွက်ကယ်နှင့်၊
> တောထွက်ခင်ကြီး။ ။

၎င်းဒွေးချိုးကို ဗန်းမော်ဆရာတော်ဘုရားထံ သီလရှင်ငယ်များအား မယ်ကင်းကပို့ခိုင်းလိုက်သည်၊ သီလရှင်များသည်း ဗန်းမော်တိုက်တွင်းရှိ ဦးပဉ္ဇင်းတပါးအား ဆရာတော်ဘုရားအား ဆက်ကပ်ပါရန်မှာကြား၍ပြန်လာကြသည်။ ...



www.burmeseclassic.com

www.burmeseclassic.com



ဗန်းမော်ဆရာတော်ဘုရားကြည့်ရှုမိလျှင် သီလရှင် မယ်ကင်း၏ လက်ကိုင်းဟု ဟုတ်မှန်သော အတိုင်းတွေးမိ၍ ဤသို့စာပြန်ရေးလေသည်။

နှုတ်သီးရှယ်စွာ၊ (ဖုတ်) ကြီးအာတာတာနှင့်၊
ဖာမယ်သီလ။ ။

အကျင့်ရှယ်တန်၊ မသင့်ရာအမြင်သန်လိုက်ထာ၊
နှင့်အကြံဝသီဆိုးကို (ရှိုး) လိုက်ချင်လှ။ ။

ဤစာကိုချက်ချင်းပင် မယ်ကင်းထံပို့ခိုင်းလိုက်သည်၊ မယ်ကင်းလည်း မရှင်သောမျက်နှာဖြင့်များစွာစိတ်ဆိုး၍ မင်းတုန်းမင်းတရားကြီးထံမှောက်အရောက်ပြမည်ဟု နန်းတော်သို့အမြန်ဝင်ပြီးလျှင်၊ ဘုရင်မင်းတရားကြီးအား တိုင်ကြားလျှောက်တင်လေ၏၊ မင်းတရားကြီးကလည်း မယ်ကင်းအား သီးခံပါရန်တောင်းပန်၏၊ ဤဗန်းမော်ဆရာတော်ဘုရားကြီးကား သင်တို့ကဲ့သို့သောသူကိုမဆိုထားဘိ၊ ရေမြေအရှင် ဘုရင်ကေရာဇ်ကိုပင် မထေမဲ့မြင်ပြောဆိုသေးသည်မှာ ဗန်းမော်ဆရာတော်ဘုရားကြီး၏ စရိုက်ဝါသနာကိုရှင်းပြ တောင်းပန်လိုက်လေ၏၊ ထိုအခါ သီလရှင်မယ်ကင်းသည် ရင်တွင်း၌ မကျေမချမ်း သော်လည်း ဘုရင်မင်းတရားက ပြေရာပြေကြောင်း ဖျောင်းဖျပြောဆိုလိုက်သဖြင့် စိတ်တင်း၍ပြန်ရရှာလေသည်။

ဤအကြောင်းဖြစ်ပ်နှင့်ပတ်သက်၍ မင်းတုန်းမင်းတရားကြီးသည် ဗန်းမော်ဆရာတော်ဘုရားအား ပြန်လှန်လျှောက်ထားသောအခါ ဗန်းမော်ဆရာတော်ဘုရားက ဤကဲ့သို့ကြမ်းတမ်း



သောစာကို ရေးသားပေးပို့ခြင်းမှာ သီလရှင် မယ်ကင်းသည် မာန်တင်းထောင်လွှား ဆရာတော်သုရားကြီးများကိုပင် လေးစားခြင်းမရှိ၊ သူနှင့်အဖက်အရာပြုလုပ်၍ အရောတဝင်မထေမဲ့မြင်ရေးသားလိုက်ခြင်းဖြစ်သည်၊ နောက်နောင်ဤကဲ့သို့မပြုလုပ်ရန် ဂါရဝ နိဝါတနှလုံးထား၍ ပိပြားစေခြင်းအကျိုးကို မျှော်ကိုးထောက်ထားသဖြင့် ရေးသားပေးပို့ခြင်းဖြစ်သည်၊ သက်သက် မတရားအကျိုးမရှိဘဲ အပျော်အပါးရေးသားခြင်းမဟုတ်ကြောင်း ပြန်လည်မိန့်ကြားတော်မူလေသည်။

သီလရှင်မယ်ကင်းနှင့် ဗန်းမော်ဆရာတော်ဘုရားတို့၏ ဖြစ်ခင်းဖြစ်ရပ်တို့တွင် စာပေတိုက်ပွဲစဉ် တရပ်အနေဖြင့် ကြည့်မြင်ပါကလည်း အပြန်ပြန် အလှယ်လှယ် ရေးသားချက်များသည် စိတ်ဝင်စားစဘွယ်ဖြစ်ပေသည်၊ တရားသဘော၊ လောကသဘောနှင့် စဉ်းစားဆင်ခြင်ကြည့်ပါကလည်း မှန်ကန်သောအမြင် အယူအဆများကို တွေ့မြင်ရပေမည်၊ ကဗျာအရေးအသားအနေနှင့်ကြည့်ပါမူလည်း ရှင်သန်လျှင်မြန်လှသော ဇဝနပဋိဘာန်ဉာဏ်ရှင် နှစ်ဦး၏ထူးခြားပြောင်မြောက်သော အရေးအသားများကို တွေ့ရှိရမည်ဖြစ်ပါသည်။

ဤတွင်ဆက်လက်၍သီလရှင်မယ်ကင်းရေးသားသော သီချင်းတေးထပ်နှင့် ရင်းသံဝေဂတေးထင်ကိုပင် ဗန်းမော်ဆရာတော်ဘုရား၏ အမိပ္ပါယ်ဖျက်ကာ ဆင်တူလိုက်၍ရေးသားသော တေးထပ်ကိုဖော်ပြလိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## သီလရှင်မယ်ကင်းရေးသံဝေဂတေးထပ်

ဘိက္ခုနီဆရာကင်းက၊ တဏှာကင်းပစ်ပယ်၊
ဗလာကျင်းခေတ်နယ်၊ ချစ်စဖွယ်ဟန်နွဲ့။ ။

ဂုမ္ဘေ့လို့လူတွေရှောင်တယ်၊ မြူရွှေ့တောင် အားသစ်လို့ခဲ့။ ။

ကမ္မဋ္ဌာန်းနှင့် မဂ်ငြိမ်း ချူ တယ်၊ ထက် လမ်းမှုတန်။ ။

မထိတ်သော်စိတ်ရဲလို့၊ မိတ်ဖော်လဲမပါ။ ။

ဘာဝနာဘိ ညာဥ်ကွန့်၊ တိမ် ယာဉ် ညွန့် စီး တော့မည့်ခါ။ ။

ပုတီးနှင့်အပြီးပါတယ်၊ မငြိုးရာစျာန်ရိပ်နှင့်၊
ပန်စိတ်တဲ့သီလသယ်၊ ထူးပေ့အံ့ဘွယ်။ ။

တောခလို့ လှော်ဘာပယ်တယ်၊ မောဟဝယ်ရှိဘူးထင့်လေး။ ။

သီလရှင်မယ်ကင်း၏ သံဝေဂတေးထပ်ကို ဗန်းမော်ဆရာတော်ဘုရားက ဆင်တူလိုက်၍ရေးသော အပြန်တေးထပ်။

ဘိက္ခုနီဆရာကင်းက၊ တဏှာကင်းစွပ်မယ်၊
ဗလာကျင်းဝတ်ထယ်ကို၊ ချွတ်ပစ်မယ်ကုန်ဖွင့်။ ။

ကူပေ့လို့ လူ တွေ ခံ တယ်၊ မြူ ရွှေ့ ဟန် ဆိုး ကဲ့အကျင့်။ ။



ပြာတဆုပ်နှင့် မဂ်သုတ်သင်တယ်၊ စက် ဆုတ်ချင်သထင့်။ ။

မန်းသေလာ တောင်တော် မြင့်မှာ၊ ဖော် မ လင့်ကေစာ။ ။

လင်မျှော်ကာ ဖန်မည်ရိပ်ကယ်နှင့်၊ ကြံစည်စိတ်များလှတော့သာ။ ။

ပုတီးသုံးလို့ လူပုန်းရှာတယ်၊ သူ နိုး ကာ ငြိမ်သက်နှင့်၊
ကြံရက်တဲ့သီလသယ်၊ ထူးပေ့အံ့ဘွယ်။ ။

လောဘနှင့် မောဟဘွယ်သည်၊ တောခတယ် မယ်ကင်းတဲ့လေး။ ။

## ညောင်ရမ်းသူများ
### ( ညောင်ရမ်းခေတ် )

မြန်မာစာပေ သမိုင်းတွင် ထင်ရှားသော လက်တန်းစာဆိုအများအပြင် ရှိခဲ့ပါသည်။ ထိုလက်တန်းစာဆိုအများအပြင် အမျိုးသမီး အမြောက်အများပါဝင်ခဲ့ပါသည်။ အာလံသူများ၊ [illegible] ရော်သူများ၊ ညောင်ရမ်းသူများမှာ ထင်ရှားပါသည်။ ထို့ပြင် အတူပင် စာဆိုသူ၏အမည်နာမ မထင်ရှားဘဲ မိမဲ့ ဖမဲ့ [illegible] သဖွယ် ကျန်ရစ်ခဲ့ရသော ကဗျာများလည်း အများအပြား ရှိခဲ့[illegible] သည်။ ယခုဖော်ပြမည့် ကဗျာကလေးများမှာ ညောင်ရမ်း[illegible] ကောင်းစားစဉ် အခါက ညောင်ရမ်းသူ အမျိုးသမီး[illegible]

www.burmeseclassic.com

www.burmeseclassic.com



မိမိတို့ ကောက်စိုက် ပျိုးနှုတ်စသော လုပ်ငန်းများ မိမိတို့၏ကိုယ်ရေး ကိုယ်တာ ကိစ္စများနှင့် စပ်လျဉ်း၍ ရှတ်ခြည်းဆိုလိုက်သော စာများ ကဗျာများပင် ဖြစ်ပါသည်။ ထိုစာများ ကဗျာများကို ကြည့်ရှုဆင်ခြင်ကြည့်သော် ညောင်ရမ်းသူများ၏ လက်တန်းဉာဏ်ကိုင်း၊ ဇနဝပဒ္ဒိကန်ပင်ထွက် ဉာဏ်ကိုင်း တွေ့ရမည်ဖြစ်ပါသည်။ ထို့ထက် ရှေးခေတ်အခါက ကာယ လုပ်သားများဖြစ်ကြပေသော ဤညောင်ရမ်းသူများ၏ဘဝ တစိတ်တဒေသကို ဤကဗျာတိုကလေးများကပင် အထင်အရှား ဖော်ပြနေသည်ကို တွေ့မြင်နိုင်မည်ဖြစ်ပါသည်။

ညောင်ရမ်းသား တယောက်သည် ရွှေပေါက်ပင် အရပ်သို့ ရောက်ရှိသွားရာ၊ ရေအိုးစဉ်တခုတွင် ရေဝင်သောက်သည်၊ ရေ သောက်ပြီးလျှင်၊ သောက်ရေမှာ မကောင်းကြောင်း၊ ရေချမ်း အလှူရှင် အမေကို ခနဲ့၍ ဤသို့ဆိုလိုက်သည်။

ဆပ်ပြာရေ-ငန်ခါးနှင့်၊
ခါများဖြင့်မလာချင်၊ မိုးဖော့ရွှေပင်။ ။

ထိုအခါ ရေချမ်းအမက တင်စီးလာသောစကားကို မခံချင်သဖြင့် ရှုတ်ချည်းထ၍ ဤသို့ဆိုလိုက်သည်။

ပထာဝီမြေထု၊ သူစုလို့သူငန်၊
ဘာညီသလဲ။ ။

မျက်လဲဆန်ပြာနှင့်၊
တကိုယ်ယေ-တကာယ၊ မင်းဘယ်ကလဲ။ ။



ကောက်စိုက်သူမများသည် မိမိတို့၏ စိတ်ဆန္ဒ အာသီသကိုငင်း၊ မိမိတို့ရင်တွင်းဝယ် တင်းမာနေသော မကျေနပ်မှုများကိုငင်း၊ ကဗျာဖြင့် စာဖြင့် ထုတ်ဖော်၍ သွယ်ကာ ဝိုက်ကာ ဆိုတတ်သော အလေ့ရှိသည်။ တခါတရံသူတို့စာများကအရွဲ့တိုက်ကာ၊ စောင်းချိတ်ကာ၊ ငေါ့ကာ၊ သရော်ကာ၊ သရော်ကာ ဆိုသော စာများဖြစ်သည်။ တခါတရံသူတို့စာများက အလုပ်ခွင်တွင် လိုအပ်နေမှု လစ်ဟင်းနေမှုများကို သတိပေးသောစာများ ဖြစ်ပေသည်။

ကောက်စိုက်သူမတို့၏ အကြီးအကဲဖြစ်သူ သုတ်သုကြီး (အချို့ ငန်းဦးဟု ခေါ်ပါသည်)က သူ့လက်အောက်ငယ်သားများအား ကောက်စိုက်ရာတွင် ကောင်းမွန်စွာ စိုက်ကြရန်အတွက်နှိုးဆော်သော သဘောမြင့် ဤသို့ဆိုပါသည်။

ပျိုလေးတို့တတွေ၊ ရေသီတာ ဘောင်တန်းတန်း
အောင်၊ စိုက်ကြစမ်းကွယ်တို့။

ကောက်စိုက်သမများသည် မွန်းတည့်လျှင်ရပ်နားကြရသည်၊ ထမင်းစားကြရသည်၊ မွန်းတည့်ချိန်ရောက်သော်လည်း [illegible] နေသဖြင့် နေအလင်းရောင် မပေါ်ဘဲရှိနေသည်။ လယ်[illegible] ရပ်နားခွင့်မပေးသဖြင့် လယ်ရှင်သိအောင် အလုပ်ခွင် [illegible] အကဲဖြစ်သူသုတ်သုကြီး (ငန်းဦး)မှတဆင့် တော[illegible] ရှင်ထံစာခံရပါသော် အနားပေးတန် ကောင်[illegible] စိုက်မတဦးက ဤသို့စာဆိုလိုက်သည်။

www.burmeseclassic.com

မှန်းတည့်ချိန်တုန်း၊ တိမ်ဖုံးလို့နေမပေါ်၊
နားချိန်ကတော်။ ။

သုတ်သူကြီး တောင်ပန်လို့၊
လယ်ရှင်ထံ စာခံရရင်၊ နားတန်ရဲ့လေး။ ။

ဤသို့ကောက်စိုက်မတဦး ဆိုလိုက်သဖြင့် လယ်ရှင်သည် နေကို မော့ကြည့်ပြီး၊ ကောက်စိုက် သမများကို ရပ်နားခွင့်ပြုလိုက်ကြလေသည်။

တခါသော် ကောက်စိုက်သမများသည် ကောက်စိုက်ခွင်တွင် ပင်ပန်းစွာ လုပ်ကိုင်ပြီး ထမင်းကဆာ ဝမ်းကဟာလှသည်နှင့် ကောက်နှန်းဖြုတ်၍ လယ်ထဲမှတက်လျှင် ထက်ခြင်း ထမင်းစားရကောင်းပေမည်ဟု ရည်သန်၍—

ထမင်းရယ်ဆာ၊ ဟာလှပေါ့လေး။ ။

လယ်ကြီးရှင် - တောင်ကာန်သင်းဓာ ဘန်းခင်းလို့ကျွေး။ ။

ဟူ၍ဆိုလိုက်လေသည်။

လယ်ရှင်ဆိုသည်မှာ လက်အောက်ခံ လုပ်သားများပေါ်တွင် နှေါင်းပုံဖြုတ်နိုင်သမျှ ဖြတ်ချင်ကြသူများ ဖြစ်သည်။ အစား အသောက် ကျွေးမွေးရာတွင်လည်း အသက်သာဆုံး ဆန်နှင့် ဟင်းလျာကိုသာ ကျွေးမွေးတတ်သည်၊အခါသော် ကောက်စိုက်သမများအား လယ်ရှင်က ကန်စွန်းရွက်ဟင်းချိုနှင့်သာ ကျွေးသည်။ ဟင်းချိုသာဆိုရသည် ရေပြုန်းပြင်းနှင့်ဖြစ်သည်၊ လယ်ရှင်



ပင်ဆင်း၍ ငုပ်နိုင်သည်။ ထိုအခါ လယ်ရှင်အား ဇိုးဇိုးဇတ်ဇတ်နှင့် ဒိုးဒိုးဒေါက် ပြန်ပြောချင်၊ ငေါ့ချင် ခနဲ့ချင်သော ကောက်စိုက်သမနှစ်ဦးက အချီအချဆိုသည်မှာ—

ပထမကောက်စိုက်သမ။ ။ပျို့လေးစားလို့ ဝချေပြီ၊ အိခြေပေါ့လေး။ ။

ကစွန်းရွက်၊ ရေလုံးပြုပ် ဟင်းလုပ်လို့ကျွေး။ ။

ဒုတိယကောက်စိုက်သမ။ ။လယ်ကြီးရှင်-ဆောင်ကခလေးနဲ့၊ ငုပ်လောက်ကဲ့လေး။ ။

ဟူသတည်း။

လုပ်ငန်းခွင်တွင် အလုပ်တာဝန်များမှာ သူ့အပိုင်းနှင့်သူများသည်၊ ထိုအလုပ်များကို အသီးသီး ကျွမ်းကျင်အောင် ကမ်းဆောင်လုပ်ကိုင်မှသာ အလုပ်ခွင်တွင် အလုပ်တွင်ကျယ်သည်၊ အချိန်အခါနှင့် လုပ်ငန်းပြီးစီးအောင်မြင်သည်၊ ကောက်စိုက်သမများအဖို့၊ ကောက်လည်းစိုက်ရ၊ လယ်ကွက်ထဲမှရေလည်း ပက်ရဆိုလျှင် လုပ်ငန်းချိန်မီ မပြီးစီးနိုင်၊ အလုပ်နှောင့်နှေးနေမည်။ ထို့ကြောင့် ရေများနေသော လယ်ကွက်တွင် ကောက်စိုက်ရသူ ကောက်စိုက်သမက လယ်ရှင်အား လယ်ကွက်ထဲမှ ရေလျှော့ပေးရန် ဤသို့ဆိုလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သည့်လယ်မှာ-သည့်ရေ၊
မျှားလေရဲ့လေး။ ။
လောင်းယူခဲ့ မင်းရယ်လေ၊
လှေယူခဲ့ စိန်ပင်ဘူးရယ်
ကူးစို့တော့လေး။ ။

ထိုအခါ လယ်ရှင်က ကြည့်မနေတော့ဘဲ လယ်ကွက်ထဲမှရေများ လျှော့ထုတ်ပေးလိုက်ရတော့သည်။

ကောက်စိုက်သူမများတွင် အပျိုလည်းရှိသည်၊ အအိုလည်းပါသည်။ ချစ်ကြင်သူ ရည်းစားသနာရှိသူလည်းရှိသည်၊ မရှိသူလည်းပါသကို။ ချစ်ကြင်သူရည်းစားသနာရှိသူများအဖို့ ညနေတိုင်း ကောက်စိုက်အပြန်၊ကောက်နှံအဖြုတ်တွင် အိမ်ကို ရွှင်လန်းသောစိတ်ဖြင့် ပြန်ကြသည်။ အိမ်ရောက်လျှင်ဖီးလိမ်းပြင်ဆင်၍၊ ရွာပြင်ရှိရေတွင်း ရေကန် ချောင်းမြောင်းများတွင် ရေထွက်ခတ်လေ့ရှိသည်။ ဤသို့ ရွာပြင်ထွက်၍ ရေခတ်တိုင်း ချစ်ကြင်သူရည်းစားသနာများက ရွာတံခါးမှ စောင့်ကြိုနေလေ့ရှိသည်။ ရွာတံခါးတွင် နှစ်ဦးသားညီမိပြီး၊မိမိတို့ပြောဆိုလိုရာ စကားများပြောဆိုကာ ရေတွင်းရေကန် ချောင်းမြောင်း များသို့ အတူရေခတ်သွားကြသည်။ ရေခတ်ပြီး အပြန်တွင်လည်း အတူပင်စကားတပြောပြောနှင့် ပြန်ကြသည်၊ ရွာတံခါးသို့ ရောက်သော် ချစ်သူရည်းစားသနာများက ကျန်ခဲ့သည်၊ ရေခပ်သူကောက်စိုက်သမများသာ မိမိအိမ်ဂေဟာသို့ အထီးထီး ပြန်ကြလေသည်။ ဤသည်မှာ ကျေးတောရွာ၏ အစဉ်အလာ၊ ကျေးတောသူအပျိုနှင့် ကျေးတောသား လူပျိုအပျိုတို့၏ ဓမ္မတာဖြစ်သည်။



ညနေ ချိန်မှီရေခတ်ဆင်းချင်သော ကောက်စိုက်သမတဦးကို၊ အချိန်မှီရေခတ်ဆင်းနိုင်ရန်၊ ချစ်သူနှင့်တွေ့မိရန်၊ ကောက်နှံစောစောဖြုတ်နိုင်မှ တော်မည်၊ ကောက်နှံဖြုတ်၍ အိမ်ရောက်ပြန်လျှင်လည်း ဖီးလိမ်းပြင်ဆင်ရဦးမည်၊ နံ့သာသွေးရဦးမည်ဟု ကောက်စိုက်မှုကို လျင်လျင်မြန်မြန် လုပ်ကိုင်ကြရန် နှိုးဆော်လိုက်သည်မှာ—

စိုက်ကြပါ အေတို့ရယ်၊ ပြန်စို့ရဲ့လေး။ ။
ကျုပ်တို့မှာ ရွာဝေးလို့၊ ရေခတ်မှီနံ့သာသွေး
မှီးချုပ်ချေပေါ့လေး။ ။

ဟူ၍ဖြစ်ပါသည်။

ညောင်ရမ်းသူပျိုတို့၏ မောင်သည် အရှေ့ဖက်တောင်တန်းပေါ်မှ ရှမ်းမတဦးနှင့် ရည်ငံနေသည်၊ထိုအခါ မိမိမောင်သည် ရှမ်းဖြစ်ချေတော့မည်ဟု မိမိ မိခင်အား အဆိုအပြောခိုင်းသည်၊ ဤအဖြစ်ကို ကဗျာဖြင့် ဤသို့ မြင်ရပေသည်။

အရှေ့မတဲ့တောင်ကြီးပေါ်။ ။
ပျိုတို့မောင် လူရင်လှ၊ ရှမ်းမနှင့်ပျော်။ ။
ဆိုလိုက်ပါ၊ တို့မေလေးရယ်၊
ပျိုတို့မောင် မြန်မာစစ်၊ ရှမ်းဖြစ်ချည့်လေး။ ။

ညောင်ရမ်းသူများသည် မိမိတို့ဘဝပေးကံကြမ္မာကို ဖော်ပြတတ်ကြသည်။ မိမိတို့၏ တသက်တာအတွင်း အဖြစ် အပျက်အကြောင်းအရာများကိုလည်း ဖွဲ့ဆိုတတ်ကြသည်။ မိမိတို့၏ နှဖူးစာမင်ရည်ကြဲလှသည်ကိုလည်း ရွှင်သော ဉာဏ်ဖြင့်ဖွဲ့ဆိုတတ်

www.burmeseclassic.com



ကြသည်။ အောက်တွင် ဖော်ပြလတ္တံ့သော ကဗျာတွင်-မိခင်က စိတ်တူ၍ပေးစားသောသူမှာ ကျောက်ပေါက်ရာအမာရွတ်များဖြင့် ညောင်ရမ်းသူ မည်သူမှမလိုချင်သောသူဖြစ်သည်။ ထိုသူကို မိမိလည်း မလိုချင် မယူချင်ပါ။ အနောက်ဖက် ရွှေကူကြီးတွင် ဗျောတီး၍သာလှူလိုက်ချင်ပါသည်။ ဟူ၍ဖော်ပြထားပေသည်။ ဤသို့ဖော်ပြရာတွင် စာဆိုတို့သဘာဝအတိုင်း သဘာဝ ပတ်ဝန်းကျင်ကို ဦးစွာဖန်တီးပြပါသည်။ နေရောင်ဝါကို တိမ်ပြာဖုံး၍ နေချိန်ဟု သဘာဝပတ်ဝန်းကျင်ကို ဖော်ပြပါသည်။ ထိုပတ်ဝန်းကျင်သည်ပင် မိမိဘဝပေးနှုန်းစာကံ မင်ရည်ကြဲလှပုံ၊ မိမိဘဝမှာ ကံဆိုးမိုးမှောင်လှပုံကို ဖော်ပြနေသောဟန်သည်လည်း ပေါ်လွင်ပါပေသည်။

အရှေ့ကထွက်လို့လာ၊ နေဝါကလေး။ ။
နေဝါကိုတိမ်ပြာဖုံးတယ်၊ မိုးလုံးပြည့်အေး။ ။
ကျုပ်တို့မွေးမေ၊ စိတ်တူပေး။ ။
ဘေးကြီးသင့် ဝက်ခြံထူ၊ သူမယူတဲ့-ငါမပူ။ ။
အနောက်ဆိုရွှေကူကြီး၊ ဗျောတီးလို့လှူ။ ။

## ဗြိတရော်သူ

"စာစပ်တော်သည့်ဗြိတရော်" ဆိုသည့်စကားမှာ ဆိုထုံးတရပ်သဖွယ်ဖြစ်နေပြီး၊ လူတိုင်းပင်သိဟောင်းကြမ်းဟောင်း ဖြစ်လျက်ရှိကြမည်ပင်။ ဗြိတရော်ရွာမှာ ရေဝတီမြစ်၏ အနောက်ဖက်၊ စစ်ကိုင်းမြို့နှင့် ၇-မိုင်ခန့်သို့ကွာတွင်တည်ရှိပေသည်။ ဗြိတရော်သူ လှပျိုဖြူများသည် ဇဝနပဋိဘာနပင် ထွက်ဉာဏ်များ ရှိကြ၍၊



ရွတ်ခြည်းပင်စာစပ်ဆိုနိုင်ကြောင်းထင်ရှားလှပေသည်။ အောက်ဖော်ပြပါ အကြောင်းရပ်မှာ ဗြိတရော်ရွာသူ လှပျိုဖြူတဦးက လျှင်မြန်သော ဇဝနပဋိဘာန်ထက်သန်စွာဖြင့်၊ ရွတ်ခြည်းစပ်ဆိုလိုက်သော ဟာသရသမြောက် ကဗျာကလေးတပုဒ်ပင် ဖြစ်ပေသည်။

တခါတွင် ရတနာပုံနေပြည်တော်မှ ဘုရင့်လွှတ်တော်တွင် အမှုထမ်းရသော လွှတ်တော်သားတဦးသည် အမှုကိစ္စ တခုဖြင့် ဗြိတရော်ရွာသို့ရောက်ရှိသွားရာ ရေခပ်လာသော ဗြိတရော်သူ လှပျိုဖြူများနှင့် တွေ့ဆုံလေသည်။ လွှတ်တော်သားက ရွာအမည်ကို မေးစမ်းရာ၊ ဗြိတရော်သူများက ရွာအမည်မှာ ဗြိတရော်ဟု ခေါ်ကြောင်းပြောဆိုပြီး၊ လွှတ်လွှတ်သား၏အလုပ်အကိုင်၊ နေရပ်နှင့် အမည်တို့ကို စပ်စပ်စုစု ဖော်ဖော်ရွှေရွှေ မေးမြန်းကြလေသည်။ လွှတ်လွှတ်သားကလည်း "စာစပ်တော်သောဗြိတရော်" ဆိုသည်ကို သိပြီဖြစ်ရာ၊ စာစပ်၍မလွယ်ကူလေအောင်၊ နာမည်ကို ကြံဖန်ပြီး ဂွပ်ဂွပ်ကွမ်းဟု ခဲခဲယဉ်းယဉ်း ပြောဆိုကာ၊ နေရပ်နှင့် အလုပ်အကိုင်ကိုမူ မှန်ကန်စွာပြောပြပြီး စာစပ်ခိုင်းလေသည်။ ငယ်ရွယ်သူအမျိုးသမီးတဦးက လွှတ်တော်သားကိုကြွားလျှင်ပင်—

မန်းရွှေမြို့ပေါ် လွှတ်တော်မှုထမ်း။ ။
ဗြိတရော်သူလာလို့စမ်း၊ ဂွပ်ဂွပ်ကွမ်း။ ။

ဟုစာစပ်ပြလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

ဒဂုန်ခင်ခင်လေး

ဈေးခေတ်အမျိုးသမီးသဘာဝသည်များ

# အဆာပြေတို့နှင့် သီချင်းများ

www.burmeseclassic.com

www.burmeseclassic.com

# မြန်မာ့ဂီတသဘင်

## ၁၉၄၇-ခုနှစ်က ဒဂုန်ခင်ခင်လေးရေးသည်

မြန်မာတူရိယာ ဂီတနှင့်အက ပညာသည်၊မြန်မာလူမျိုးပေါ် ဦးစကပင် အတူပါရှိလာခဲ့ရာမှ တဖြေးဖြေး တိုးတက်လာခဲ့ကြရမည်မှာ မလွဲပေ။

မြန်မာရာဇဝင်အစ-တကောင်းမင်းများ လက်ထက် မတိုင်မီကပင် ကြေး-ကြိုး-သားရေ-လေ-လက်ခုပ်စသော သဿဘင်နှင့် ဒွန်တွဲ၍ အကဲရောက်လှသောတူရိယာများလည်း ပေါ်ပေါက်ခဲ့ရမည်။

ပုံပန်းသဏ္ဍာန်နှင့် စီမံပုံနည်းများလည်း ရိုးရာမှ တဖြေးဖြေး ဆန်းလာရသည်၊ တီထွင်လာရသည်၊ မူလအခြေခံကား၊ စည်း-မောင်း-လင်းကွင်း-ကြေးနှောင် စသော ကြေးနှင့် လုပ်သော တူရိယာ။ ။စောင်း-တယော၁နှဲမင်း-စတော ကြိုးနှင့်ပြုလုပ်တီးခတ်ရသည့် ကြိုးတတ်တူရိယာ။ ။အိုးစည်-ဒိုးပတ်-ပုံရှေ-ပတ်ရိ-ဗုံတောင်-စည်တော်-စသောသားရေနှင့် ပြုလုပ် ရသော တူရိယာ။ ။နှဲ-ပြွေ-စသော လေဖြင့်မှုတ်ရသောတူရိယာ။ ။လက်ခုပ်-ဝါးလက်ခုပ်စသော တူရိယာများမှာ—ဆိုင်ရာဆိုင်ရာ လူမျိုးအလိုက်၊ ပုံပန်းသဏ္ဍာန်အမျိုးမျိုး ဖန်တီးထားကြသော ကမ္ဘာသုံးပစ္စည်းတူရိယာတို့ပင် ဖြစ်တော့သည်။

မြန်မာသီချင်း မြန်မာအကတို့လည်း တကောင်းခေတ် [illegible] ခေတ်၊ အင်းဝခေတ်တို့ကပင်ရှိခဲ့ပြီဖြစ်သည်ကို အချို့ [illegible] [illegible] ပြောကြသည်၊ (မြန်မာအဘိ-မြန်မာသီချင်း [illegible]



www.burmeseclassic.com

www.burmeseclassic.com



တခါလာယိုးဒယားအက၊ သီချင်းဆိုပြန်ရင်လဲတခါလာ ယိုးဒယားသီချင်း၊ သူ့နာမည်ကိုက 'ယိုးဒယား' ဆိုထားမှ ဘယ်မှာ ဗမာသီချင်းဟုတ်နိုင်ပါတော့မည်လဲတဲ့) သည်လိုအ လွယ် အပြစ်တင်နှိမ့်ချသူတို့သည် ဗမာ့ဟန် ဗမာ့သီချင်းဂီတများ၏ အလေးမထား ဂရုမပြုခဲ့သူများသာ ဖြစ်ပေ သည်။

ရတု-ရကန်-အဲ-အန်-လူးတားစသည်တို့မှာယိုးဒယားမပေါ်မီ ဗမာ့ဂီတ-ဗမာ့သီချင်းတွေပင်ဖြစ်ပေသည်၊ 'သူငယ်ချင်းကောင်း ယောင်းမတို့လေ' ဟူသောအိုင်ချင်းများ တေးထပ်-ဘောလယ်-လေးချိုး-ဒွေးချိုး- တြိချိုး-ခွန်းတောက်- သဖြန်များလည်း မြန်မာ့ သီ ချင်း စစ် စစ် တွေ၊ မြန် မာ့ အ သံ စစ် တွေပင်၊ နယ်ဗိုး-ဗုံ ထောင် တီး သံ၊ လေ့ လော် သံ၊ လော်တော် က၊ ဗုံကြီးသံ-ဗုံကြီးက၊ ဒိုးပတ်သံ-ဒိုးပတ်က၊ အိုးစည်သံ-အိုးစည်က၊ စည်တော်သံ-စည်တော်ကများသည်၊ မြန်မာ့အတီးအကစစ်စစ်များ ဖြစ်လေသည်၊ မြန်မာ့ဂီတသံသည်ကြားရသော သောတရှင်တို့၏ စိတ်နှလုံးကိုဆွဲဆောင်နိုင်သော ဓာတ်သက်ပါသည့် ဂီတသံများ ဖြစ်လေရာ၊ စည်တော်သံကိုကြားရသူ၏နှလုံး၌ ပီတိသောမနဿ ကိုမွမ်းထုံစေသည်၊ နယ်ဗိုးဗုံတောင်သံသည်-စိတ်သာယာကြည်နူး မှုကိုရရှိစေသည်၊ အိုးစည်နှင့် ဒိုးပတ်သံတို့ကို ကြားရလေသာအခါ ရှိုးရှိုးယယ-ကချင်သလို၊ ခုန်ချင်သလိုဖြစ်ခါ စိတ်ကိုပျော်ရွှင်လာ စေတတ်သည်၊ နှတ်ဒိုး နှတ်ဆိုင်းသံများကို ကြားရသောအခါ၊ နှလုံးစိတ်ဝမ်းငယ်တတ်သည်၊ ရင်ခုံတတ်သည်။

ဤသည်တို့ကား-မြန်မာ့သမရိုးကျ- ယနေ့အထိမရိုးကြသေး သော၊ မြန်မာပိုင်သီချင်းနှင့် မြန်မာပိုင် အကတို့ပင် ဖြစ်လေ



သည်၊ ထိုမှတဆင့်ဘွဲ့ကြိုး- ယိုးဒယား- မွန်သံ- တလိုင်းသံ- ဒိန်းထိ- တနော့က်သံ- ကရင်ဩသံ- စသည် ဖြင့် သီချင်း နှင့် ကြိုးများတိုးတက်ချဲ့ထွင်လာခြင်းဖြစ်လေသည်။

ထိုမှတစတစ အကကိုနယ်ချဲ့လာခဲ့ကြသည်၊ သမရိုးကျ အိုးစည်က၊ ဒိုးပတ်ကများမှသည် မိန်းမများက ထမိ ထိုင်မသိမ်း အင်္ကျီ၊ ပဝါချုံတို့နှင့် ဆံ့ခြောက်ယောက်မှ နှစ်ဆယ်အထိဝိုင်း၍ 'ယိမ်းက' ကြသည်၊ ယောကျာ်းများက 'ဆိုင်းအက' များကိုချဲ့ထွင်ကပြလာကြသည်၊ ကပြရာ၌ မြေပေါ်တွင် ဖျာ ကြမ်းခင်းက,သည်၊ 'ယောကျာ်းယိမ်း' သို့မဟုတ် 'ဆိုင်း' များ မှာ ဖျာပင်မပါရှာပေ၊ ပုဆိုးခါးတောင်းကြိုက်၊ ရင်စီအင်္ကျီလက်တို၊ ယောင် ထ စေ့ာင်း၊ ခေါင်း ပေါင်း များ နှင့် က- သည်၊ ယောကျာ်းဆိုင်းကများသည် ဒီစတြိတ်နယ်တောဘိုင်းတွင်ရှိသော ဘုန်းကြီးကျောင်းများတွင် ကျင်းကျန်နေသည်မှာ ဇာတ်စင်နှင့်လ,သာမှန်အိမ်နှင့် က, လာသောခေတ်အထိ တွေ့ခဲ့ရပေ သေးသည်။

သိုင်းဆဲ့မှာ ဒါးသိုင်း ဒုတ်သိုင်း အက,မျိုးမဟုတ် လက်ခုပ်တီး၍ သံချပ်လိုလိုသီချင်းနှင့်စ၍ ယိမ်းသဘောမျိုး က,ချင်း ဖြစ်ပါသည်၊ နောက်ပိုင်း သိုင်းယိမ်းအက,သမားတို့မှာ၊ ကတ္တီပါဘောင်းဘီခံ၊ ပိုးပုဆိုးခါးတောင်းကြိုက်၊ ထိုင်မသိမ်းနဲ့ ဘာနဲ့ အဆင့်အတန်းတက်လာပြန်သည်။

အဆင့်အတန်းတက်သည်ဆိုခြင်းမှာ တိုး တက် တည် ထွင်မှု ကြောင်း တဖြစ်ကြောင်း ချဲ့ထွင်လာခြင်းဖြစ်ပေသည်၊ မှာ ယိမ်းများမှ ရိုးအီလာသောအခါ ဇာတ်ကွက်ကလေးလိုလို အ

www.burmeseclassic.com



ပြောအဆို- အငိုကလေးများနှင့် တစိတ်တဒေသ အညွန့် အညွှာက်ပေါက်လာကြပြီး- မင်းသား- မင်းသမီး- ဝန်ကြီး- ရှင်ဘုရင်- ဂုံးကောင်စသည်များနှင့်၊ မြေဝိုင်းဇာတ်များပေါ်ပေါက်လာသည်အထိ တိုးတက်ခဲ့ရသည်၊ အဆိုတော်င်း- အတော်င်း- အသံကောင်း၍၊ ရုပ်နှင့်အက- ဟန်မကျသူတို့က ရုပ်သေးစင်ပေါ်တက်ကြသည်။

မြေဝိုင်းဇာတ်ဆိုသည်ကား- မြေသလင်းပြောင်ပြောင် ကွင်းပြင်ကျယ်ကျယ်တွင်ဖြစ်စေ၊ တပေါင်း-တန်ခူးလတို့၌ ရိပ်သိမ်းပြီး လယ်ကွင်းပြင်တို့တွင် ကျင်းပလေ့ရှိသောဘုရားပွဲ ဘုန်းကြီးပျံပွဲတို့မှာဖြစ်စေ၊ ကြည့်ခြင်ပွဲခေါ်ဗလာပွဲများ က,ပြတတ်ပေသည်၊ မြေဝိုင်းဇာတ်၏အဆင်အပြင် အခင်းအကျင်းမှာမြေပေါ်တွင် ဖျာကြမ်းအချပ်နှစ်ဆယ်ခန့် ခပ်မြောမြောပုံဝိုင်း၍ခင်းသည်၊ ဖျာ၏ရှေ့ပိုင်း သုံးပုံနှစ်ပုံခန့်ကို က,ပြရန်နေရာ သပ်မှတ်၍၊ အလည်တည့်တည့်တွင် လူ၏လက်ခုပ်တဖေါင်မြင့်သော ဝါးတိုင်ကြီးစိုက်သည်၊ ဝါးတိုင်ထိပ်ကို တတောင်ခန့်အရှည်ဖွာရာစိပ်ပြီး၊ ရေနံချေးအိုးတခုတင်၍၊ ၎င်ရေနံအိုးအတွင်း၌ မြိတ်ဆာဖြတ်များရစ်လိမ်ထည့်ကာ မီးညှိထွန်းထားသည်၊ (မြိတ်ဆာဆိုသည်မှာ ထက်ကန်းစဉ်မှ ချည်စောင်- ချည်ပုဆိုးများယက်လုပ်ရာမှ ယဉ်သွားနှင့် နှပ်အဖျားတွင်ကျန်ရစ်သော ချည်စလျှတ် စောင်မြိတ်ဖြတ်စများကိုခေါ်သည်) ထိုရေနံချေး မီးခွက်အောက်တပေသာသာလောက်တွင် ၁၂-ရာသီပင်မှုသစ်ကိုင်းများ၊ သပြေကိုင်းများစု၍စည်းထားသည်၊ က,ကွင်းပတ်လည်တွင်လည်း ရေနံချေးမီးခွက်တိုင် ၄-၅-တိုင်ခန့်ရှိသည်၊ (နေ့ပွဲ



များတွင်မီးခွက်မလိုပေ) ဖျာနောက်ပိုင်း ကျန်နေရာဖြစ်သော သုံးပုံတပုံတွင် ဆိုင်းဝိုင်းများထားသည်၊ ဆိုင်းဝိုင်းကြေးနောင်ဝိုင်း၊ မတ်မ၊ နှဲစည်းဝါးသမားများထိုင်ကြသည်၊ ဆိုင်းဝိုင်းပေါ်မှာလည်း ရေနံချေးမီးခွက်များ စိုက်ထူထွန်းလင်းထားသည်။

၎င်းအတီးသမားနောက်ပိုင်းတွင် မင်းသား- မင်းသားကြီး ရှင်ဘုရင်- ဝန်ကြီး- လူပျက်စသော ယောကျ်ားပညာသည်များက တဘက်တွင်နေရာယူ၍၊ ပွဲဦးထွက်အပျိုတော်- မင်းသမီး မင်းသမီးကြမ်းများက တဘက်နေရာယူကာ ဖီးလိမ်းပြင်ဆင်ကြရသည်။

ပြင်ဆင်ဖီးလိမ်းကြရာ၌၊ ထောက်မှန်၊ ထမိဖါ၊ စသည်တို့ကိုဖွင့်၍ အကွယ်အကာမရှိဘဲ ဖီးလိမ်းပြင်ဆင်အဝတ်လဲကြရသည်၊ ဆိုင်းနှင့်လူများနောက် အမြင့်တွင် ဝါးလုံးတန်းတခုထိုးထားပြီး ၎င်းတန်းပေါ်တွင်၊ ဘီလူးခေါင်း- နဂါးခေါင်း၊ မြင်းခေါင်း၊ ဆင်- ကျား- သမင်- ခြသေ့ ခေါင်းများ၊ ရသေ့ ခေါင်းဆောင်း၊ ကိန္နရာ၊ နတ်သမီးနတ်သား အဆောင်စည်းပုံများကိုလိုရာဖြုတ်ယူသုံးနိုင်ရန်စီတန်းဆွဲချိတ်ထားသည်။

ဇာတ်ကမည့်ဖျာပေါ်တွင် ဆိုင်းဝိုင်းကြီးနှင့် အနီးကပ်၍ဇာတ်သေတ္တာတခုထားသည်၊ ၎င်းဇာတ်သေတ္တာမှာ ရှင်ဘုရင်ထိုင်လျှင် နန်းတော်ဖြစ်ရသည်၊ရသေ့ရဟန်းထိုင်လျှင် ကျောင်းသင်္ချိုင်းဖြစ်ရသည်၊ သူဌေးကြီးထိုင်လျှင် ရောမအဥ္စတိုက်ကြီးဖြစ်ရသည်၊ မင်းသမီးထိုင်လျှင် တပင်တိုင်နန်းဖြစ်ကာ သိကြား

www.burmeseclassic.com

www.burmeseclassic.com



မင်းထွက်သောအခါ၊ ထိုကျွန်းသား ဇာတ်သေတ္တာမှာ ဝေဇယန္တာနတ်နန်းကြီးဖြစ်သွားစေသည် သဘင်အနုပညာ ကြောင့် ပွဲကြည့်သူများသည် ဇာတ်သေတ္တာကိုပင် က,ပြသူတို့ပုံသဏ္ဌာန် ပြလိုရာကို ယုံယုံကြည်ကြည်ကြီး စွဲလမ်းထင်မှတ်ထားကြသည်။

မင်းသမီး မင်းသားများ မြစ်ကူး- ပင်လယ်ကူးရမည့် ဇာတ်ကွက်ပါဆိုလျှင်၊ လူပျက်တယောက်၏ ခေါင်းမှပေါင်းထားသောပုဝါကိုချွတ်ဖြုတ်၍ဖျန့်ပြီး အလျားလိုက်ထားလျက် လူပျက်နှစ်ယောက်က တဘက်တချက်ကိုင်ထားရသည်၊ အလည်က မင်းသမီး မင်းသားနှစ်ယောက်လုံး သော်ငင်း၊ တယောက်ယောက်သော်ငင်း ဇာတ်လမ်းအရ ပုဝါစအလယ်ကမတ်တတ်ရပ်ပြီးလျှင်၊ ရေလားသီချင်း၊ သို့မဟုတ် လှေတော်သံများကို သီဆိုကာ၊ က,ကွင်းကိုချာရပတ်လည်၍၊ က,ပြသွားလျှင်ပွဲကြည့်ပရိသတ်တို့က လှေသင်္ဘောဖြင့် မြစ်ပြင်ကျယ် ပင်လယ်ကြီးကိုကူးသွားသည်ဟုနားလည်ကြသည်။

ဤတွင်ဇာတ်လမ်းအရ လေမုန်တိုင်းမိ၏၊ သင်္ဘောလှေပျက်ဒုက္ခရောက်သော အခန်းရောက်လျှင်၊ ဆိုင်းကအယိုင်တီးပေးပြီး လူပျက်နှင့် မင်းသားမင်းသမီးတို့ ကယ်ပါယူပါအော်ဟစ်ဆိုငိုရင်း ဖျန့်ထားသော ပုဝါကိုရှေ့နောက်ယိမ်းယိုင် ဝှေ့ရမ်းကာ တယောက်တတွဲ ဟိုပြေးဒီပြေးနှင့်လူစုခွဲ၊ လှိုင်းအိပ်သူကအိပ်လိုက်ကြပြီး၊ ဆိုင်းအတီးရပ်လျှင်ငိုခြင်း အပြောစသည်တို့ကိုဆိုကာ ဇာတ်ကွက်အတိုင်းဆိုပြောကပြသွားကြသည်။



ပရိသတ်ကားယုံကြည်မှု ရသတခုကို ရှေ့ဝယ်တင်လျက် မျက်ရည်စက်လက်နှင့် ငိုသူငို- နှပ်ညှစ်သူညှစ်နှင့် လွမ်းလက်စမသိမ်းနိုင်အောင်ရှိကြပေသည်။

ထိုခေတ်မှတဆင့် ရေနံချေးမီးခွက်နေရာတွင်၊ ရေနံဆီပေါ်ပြီဖြစ်၍ ရေနံဆီလသာမှန်အိမ် မီးခွက်များအစား ဝင်လာပြီးသားသားနားနားဖြစ်လာပြန်သည်။

ဤသည်ခေတ်တွင် မန္တလေး-ရန်ကုန်စသော မြို့ကြီးများ၌ လသာမှန်အိမ်များနှင့် ဇာတ်ခုံများတွင်ကား မြို့ကား- နန်းတော်ကား တိုက်အိမ်ကားစသော ပန်းချီပိတ်ကားလိပ် ၃-၄ကားနှင့် ဇာတ်ပွဲ ရုံပွဲများပေါ်ပေါက် တိုးတက်လာသော ကြောင့် ရေနံချေးထွန်း မြေဝိုင်းဇာတ်များ ရေနံဆီထွန်းလလာမှန်အိမ် မြေဝိုင်းဇာတ်များမှာ ဒိစတြိတ်တောနယ်ဘုရားပွဲ ဘုန်းကြီးပျံပွဲများရှိရာသို့ပြေးကြရရှာသည်။

ကုန်းဘောင် ခေတ်မြန်မာဘုရင်တို့ နောက်ဆုံး ၃—ဆက် ၄—ဆက်မှာ မြဝတီမင်းကြီး၏ ကြိုးပမ်းမှုဖြင့် မြန်မာဇာတ်သဘင်သည်၊ ထီးထဲနန်းထဲတွင် အထွဋ်အထိပ်ရောက်အောင် တိုးတက်လျက်ရှိသည်။

အိမ်နှောင်နန်းတွင်းဇာတ်တော်ကြီး ရာမနန်းတွင်းဇာတ်တော်ကြီးတို့မှာ ၄၅—ရက်မျှ ကြာ အောင် ပြသ၍ အကွက် အခန်းပေါင်းမြောက်များစွာနှင့် ဖါရစီဇာတ်ကြီးများထက်ပင် အဝင်အစားနှင့်ဇာတ်ခုံ အဆင်အပြင် ခမ်းနား ကြီး ကျယ် ပြီးလျှင် ဗမာ့ ထီးသုံး နန်းသုံး အနုအယဉ်တို့ဖြင့် တံဆာဆင်ထားသည်။

www.burmeseclassic.com



သို့သော် တနိုင်ငံလုံးအဘို့ခြုံ၍ကြည့်ပါမူ၊ မြေဝိုင်းဇာတ်နှင့်သာ ရောင့်ရဲလျှက်နေကြသည်၊ သို့သော် မြန်မာဘုရင်ပါတော်မူပြီး အင်္ဂလိပ်အစိုးရအုပ်ချုပ်ပြီးများမကြာမီ ရေနံဆီပေါ်လာသောအခါမူ မြို့ကြီးများ၌ လသာမှန်အိမ် ထွန်းကနိုင်သော မြေဝိုင်းဇာတ်များ ဇာတ်ခုံနှင့် ဇာတ် များ ပေါ် လာစ ပြုလေပြီ။

မြန်မာ့ဇာတ်သဘင်နှင့်ပါတ်သက် နှီးနွယ်၍ဇာတ်သဘင်ဆိုင်ရာ ထင်ရှားသောပညာသည် အမျိုးသမီးကြီးများအကြောင်းကို စုပေါင်းရေးသား ဖေါ်ပြပါမည် သဘင်သည်အမျိုးသမီးကြီးတို့၏ သိချင်းများလည်းရမှီသ၍ ဖေါ်ပြထား ပါသည်။

ဒဂုန်ခင်ခင်လေး

၁၉၄၈-ခုနှစ်



## (၁) ယင်းတော်မလေး

အိမ်နောင်နန်းတွင်းဇာတ်တော်ကြီးတွင် အထူးနာမည်ကျော်ကြား၊ လူကြိုက်များလှသော နန်းတော်သုံး မင်းသမီးကြီးဖြစ်သူ ယင်းတော်မလေးခေါ် အမျိုးသမီးကြီးများမှာမြန်မာဇာတ်သဘင်သည်တို့၏ မိခင်ကြီးသဘွယ်ဖြစ်ပေသည်။

မူလနာမည်မှာ မလေးဖြစ်၍ ယင်းတော် မြို့သူ ဖြစ် သောကြောင့် ယင်းတော်မလေးဟုခေါ်တွင်သည်၊ မလေးအမည်တူရှိနေသောကြောင့်လည်း၊ မလေးတဦးကို ယင်း တော် မလေးအခြားမလေးတဦးအား ဆင်ခိုးမလေးဟု ခွဲခြားခေါ်ခဲ့ကြခြင်းလည်းဖြစ်ပါသည်။

ယင်းတော်မလေးလည်း၊ အိမ်နောင်မင်းသားအဖြစ် ကပြသူ အိမ်နောင်ဦးတုတ်နှင့်အတူ ပွတ်စပါးမင်းသမီးအခက်တွေအရေးပါ အရာရောက်ဆုံး ဇာတ်ခေါင်းဆောင် မင်းသမီးအဖြစ်နိုင်နင်းစွာ အမှုထမ်းနိုင်၍ နန်းတွင်းဇာတ်တော်ကြီးများတွင် သူမတူအောင်ရှိခဲ့လေသည်။

ယင်းမင်းသမီးနာမည်ကျော် ယင်းတော်မလေးမှာမင်းသမီးဘဝခေတ်ကောင်းချိန်က၊ အဆင်းအင်္ဂါလှပပြီး၊ တန့်တရ ပျော့ပျော့ ပြောင်းပြောင်းရှိလှ၍၊ ထေးကြီး—ဘွဲ့ကြီး ဝတ်ပျိုး ယိုးဒယားစသည်တို့ကိုနိုင်နင်းစွာသီဆိုနိုင်သည်၊ ဇာတ်ချင်းများကိုလည်း သွဲ့သွဲ့နွဲ့နွဲ့ လေယူလေသိမ်း ထီးသံ—နန်းသံ ကြွင်းသံ ရှိလှသည်ဟု ထိုခေတ်ကချီးကျူးခံခဲ့ရသူဖြစ်သည် နန်းတော်သူတွေ အိမ်နောင် ဦးစံတုတ်ကိုသဘောကျသလို၊ နန်းတော်သား မှူးသား

www.burmeseclassic.com



မတ်သား မင်းယောကျ်ား အရာရှိပိုင်းကလည်း ယင်းတော်မလေးကိုစွဲလန်းခုံမင်ရှိကြသည်ဟုကြားသိခဲ့ရဘူးမလသည်။

သီပေါမင်းလက်ထက် စာရေးကြီး ဦးမောင်ကလေးရေးသား သော တေးထပ်အပိုဒ်ကို ဝက်မစွတ်မြို့စား မင်းမှတ်စုတွင်ပင် ဤသို့တွေ့ရသည်ကို ထောက်သော် နည်းနည်းရရ မဟုတ်သော မင်းသမီးတဦးပေ။

(ယင်းတော်မိလေးအွှဲ၊ စာရေးကြီးဦးမောင်ကလေးဆို)

ဝိသကြုံကုံငေးလို့၊ ပုံရေးခွင့်ဗျာသီ၊ တုန်ဆေးသင့်
ကလျာပြီသည်၊ မဒီများထွတ်ဆုံး၊ ချစ်စရ မျက်နှာကို၊
တသက်မှာမှတ်စမ်းတေ့ဘုန်း၊ ကြည့်လိုက်တိုင်း ဖိမ့်ဖိမ့်
လှိုင်အောင်၊ စိမ့်ကိုင်ရော့မျက်လုံး၊ ယိမ်းယိုင်ယိုင် ခွေ
နွဲ့းလို့၊ ပြုံးလိုက်တိုင်းသူ့ရှင်၊ ရဟန္တာဈာန်ပိုင်ဟုတ်
လေမှ၊ ခံနိုင်ရုပ်ထင်လိုက်မယ်ရှင်၊ သည်ကဲ့သို့လုခွင်မှာ၊
ပုထုဇဉ်ချင်းသာဖြင့်၊ ဝင်းဝင်းတောက်ပါဗျာအို၊ မီးမ
ကကြုံ၊ မြင်မမေ့တဲ့ခင်လေးပုံကို၊ မောင်တော်ရုံရှုစမ်း
တော့လေ။ ။

သီပေါမင်းပါတော်မူပြီးနောက်တွင်၊ ယိုးဒယားရာမ ဇာတ်ကြီးများနှင့် အိမ်နောင်ဇာတ်တော်ကြီးမှ ဇာတ်သူဇာတ်သားတို့မှာမြော်ကစားမည့် ဘုရင်မရှိတော့သဖြင့် ကစဉ့်ကလျားဖြစ်ကြရရှာသည်။

သို့သော် ထိုပါတော်မူပြီးသည့် နောက်ပိုင်းခေတ်တွင်ပစ္စည်းအားခွင်ပြည့်စုံလှသော တောင်ခွင်မြို့စား မင်းကြီးကတော်သည် အိမ်နောင်ဇာတ်ကြီးကိုမပြတ် ထောက်ပန့်ကြည့်ရှုအားပေးခဲ့သဖြင့် ဇာတ်သူဇာတ်သားများ ရုတ်တရက် အစည်း မပြေသေး ဘဲ၊ မူးတော်မတ်တော် ဆွေတော်မျိုးတော်များက၊ အလှူနှင့်လက်ထပ်မင်္ဂလာ အခမ်းအနားပွဲလမ်းသဘင်များပြုလုပ်တိုင်း ခေါ်ယူငှါးရမ်းအသုံးပြုလေ့ရှိသည်။



ဇာတ်ခုံအခမ်းအနားမှာလည်း ရွှေ့တော်မှာက ပြသည့်နည်းအတိုင်းခမ်းနားကြီးကျယ်မြဲရှိသည် ့ဝက်မစွက်မြို့စား မင်းသမီးလက်ထပ် မင်္ဂလာတွင် အိမ်နောင်ဇာတ် လာရောက် ကပြရာ၌ စံရှားခေါ်မင်းသမီးက ပွဲဦးထွက် အလုကခမ်းတွင် ဇာတ်စဥ်ပေါ်၌ကြီးမားသော ပဒုမ္မာကြာဖူးကြီးပေါ်လာပြီး ဇာတ်စဥ်အောက်မှဆုံလည် ယန္တရားနှင့်လှည့်ပေးသောအခါ ပဒုမ္မာကြာဖူးကြီးမှ ကြာဖတ်များ တဖတ်စီပွင့်အာလာလည် ကြာဖတ်တဖတ်မှာဖလ်မီးအိမ်တခုပါသည်၊ ကြာဖတ်များအားလုံး ပွင့်လာပြီး အလယ်မှ မင်းသမီးစံရှားပေါ်လာပြီး ကပြသည် ကြာပွင့်ကြီးမှာလည်း ဇာတ်စဥ်ပေါ်တွင် ချာချာလည်လျှက် ထ,ကြီး မပြီးမချင်းလည်ပေးနေသည်၊ ဂူဝင်ခမ်း မုန် တိုင်း ကျခမ်းများမှာလည်း သရုပ်တူစွာ ဖန်တီးနိုင်သည် ထိုအချိန်အထိ အိမ်နောင်မင်းသားဦးစံတုတ်၏ မကိုဋ်သင်ဖူ၏နဖူးစီးမှာ ရွှေသားအစစ်နှင့်ပြုလုပ်ပေးထားသည်အထိ၊ တောင်ခွင်မင်းကြီးကတော်အိမ်နောင်ဇာတ်ကြီးကိုချီးမြှင့်အားပေးတားလေသည်။

နောက်နောင်လည်း မင်းပိုင်း စိုးပိုင်း ကသာမဏ၊ သူဌေးသူကြွယ်ကုန်သည်ပိုင်းကပါ ဝိုင်းဝန်းအားပေးကြသဖြင့် ရှေဖန်ရှံခါဆက်လက်ကပြကြရပေသည်။

www.burmeseclassic.com



သီပေါမင်း ပါတော်မူပြီးနောက်၊ ရှစ်နှစ်ခန့် ရှိသောအခါ ယင်းတော်မလေးမှာ အသက် ၄၀—ခန့်ရှိပြီး မျက်စေ့တဘက် ကွယ်သွားရှာသဖြင့်၊ ကျောက် မျက် လုံး တ ဘက် တတ် ထား ရလျက်၊ ရုပ်မပျက်ပင်ဆက်လက်ကပြခဲ့ရရှာသေးသည်။

ဇာတ်ကြီးကို အားပေးတည်ထောင်ပေးသူ တောင်ခွင်မင်း ကြီးကတော်မရှိသည့်နောက်၊ ဇာတ်ကြီးမှာ အားကုန်ယိုင်နဲ့လာ ပြီး တခါတရံလည်း အောက်ပြည်အောက်ရွာသို့ဆင်း၍ဖြစ်သလို နှင့် ရုံသွင်းကပြရသေးသည်၊ ယင်းတော်မလေး၏ ပညာအမွေ ခံယူခဲ့သော မင်းသမီးဟူ၍ အမည်ထုတ်ဖေါ်သည်ကိုမကြားခဲ့ရ ဘူးပေ။

## ၂ ဆင်ခိုးမလေး၊

ယင်းတော်မလေးနှင့် တခေတ်ထည်းလို့၊ မရွှေးမနှောင်းပင် ဇာတ်ကြီးဝင်ဆင်ခိုးမကာလေးဟူ၍၊ အမျိုးသမီး ဇာတ်သဘင် သည်ကြီးတယောက် ပေါ်ပေါက်ထွန်းကားခဲ့သေးသည်။

သေးသေးသွယ်သွယ်၊ ညိုစိမ့်စိမ့်နှင့် ချောသူယဉ်သူဖြစ်သည်၊ ဆင်ခိုးမလေးဟု ခေါ်သည်မှာ၊ ရနောင်မင်းသားသ ဆင်နှင့် တင်ခိုးသွားသောကြောင့် ဆင်းခိုးမလေးဟု တွင်ခဲ့လေသည်၊ ၎င်းပြင် ယင်းတော်သူ မလေးကလည်း ရှိသေး၍ - မလေးနှစ် ယောက်ကို၊ ယင်းတော်မလေး၊ ဆင်ခိုးမလေးဟူ၍ ခွဲခြားခေါ် ခဲ့ကြရလေသည်။

ဆင်ခိုးမလေးမှာ၊ တောင်တွင်းကြီး နတ်မောက်သူ ဇာတိ ဖြစ်၍၊ ရနောင်မင်း သိမ်းပိုက်သွားသောအခါ၊ လင်နှင့်သားနှစ်



ယောက်ကျန်ရှိခဲ့သည်၊ မလေး၏ ခင်ပွန်းမှာ မယားတယောက် ပေးရသဖြင့် မြို့သူကြီးအရာကို ရရှိပါသော်လည်း၊ မင်းသား၏ ဒါးကို ကြောက်သဖြင့် ခေါင်းမမော်ဝန့်ရှာသည့် တိုင်အောင်၊ စိတ်တွင်ကား သက်သာမည် မဟုတ်ပေ။

ထိုနောက်များ မကြာမီအချိန်၌၊ ရနောင်မင်းသား မှုပြစ်မ ကင်း၍၊ ကြေးတိုက်တွင် ဖမ်းထည့်ထားရာမှ၊ သူ့ကိုယ်သူ ကပ် ကြေးဖြင့် ထိုးသေလိုက်သည်တွင်၊ ဆင်ခိုးမလေးမှာ ခင်ပွန်း ဟောင်းနှင့် ပြန်လည်အကြောင်းဆက်ရသည်။

မြန်မာပြည်သူပြည်သားများ၊ သူတပါးကျွန်ဖြစ်သောအခါ ဆင်ခိုးမလေးမှာလည်း၊ နာမည်ကြီး မင်းသမီးဇာတ်တော်ကြီး ထွက် မင်းသမီးတဦးဖြစ်သည့် အားလျော်စွာ မိမိပညာကို မ တိမ်ကောစေအောင်၊ ဇာတ်ထောင်၍ ကပြရင်း ရှာဖွေစား သောက်ခဲ့ရရှာသည်။

ဆင်ခိုးမလေး၏ သားကြီးနှစ်ယောက်မှာ၊ မိခင်၏ပညာကို ဆက်ခံ၍ ဇာတ်မင်းသားများ ဖြစ်လာကြသည်၊ တယောက်မှာ မောင်ညာဘွား၊ တယောက်မှာ မောင်သက်ထားဟူ၏၊ တောင် တွင်းကြီး နက်မောက် ကျောက်ပန်းတောင်း နယ်တတိုက်တွင် အထူးလူသိများခဲ့လေသည်။

လွန်ခဲ့သောနှစ် * ၅၅-နှစ်ခန့်က ဤစာရေးသူ [illegible] အရွယ်တွင်၊ တောင်တွင်းကြီးကျောက်ပန်းတော [illegible] ဘုရားပွဲဒတော်တခုကို၊ ဖခင်ဖြစ်သူနှင့် နယ်လှည့် [illegible]

www.burmeseclassic.com



ခဲ့ဘူးရာ၊ ထိုပွဲတော်မှာ တောင်ညာဘွားဇာတ်ကပြလျက်ရှိသည်ကို ကြုံကြိုက် ကြည့်ရှုခဲ့ရဘူးလေသည်။

ဇာတ်မှာ မြေဝိုင်းဖြစ်သည်၊ မဏ္ဍပ်ကြီး၏ အလယ်ဗဟိုရ်တွင် ဖျာကြမ်းများခင်းလျက် နေ့ပွဲ၊ ညပွဲ ၂-ပွဲ ကပြသည်၊ မဏ္ဍပ်၏ သုံးဘက်တွင် ဘုရားလူကြီးများတည်း၊ မြို့အုပ်တည်း၊ စာရေးသူ၏ ဖခင်နယ်လှည့် တိုက်ပိုင်တည်း သုံးခုရှိ၍ တမျက်နှာမှာ ပွဲဈေးခင်းရှည်ကြီး သုံးသွယ်က မဏ္ဍပ်ကို ဦးတိုက် ထားသည်၊ ပွဲကြည့် ပရိသတ်မှာ အမိုးနှင့် မဏ္ဍပ်ကျယ်ကြီး အတွင်းမှာပင် လာရောက်ဝိုင်းထိုင်ကြည့်ကြရသည်။

ထိုအချိန်က ဇာတ်မင်းသား ဦးညာဘွားသာမက၊ ၎င်း၏ မိခင်ဖြစ်သူ ဆင်ခိုးမလေးကိုလည်း တွေ့ခဲ့ရသည်၊ ထိုအခါက ဦးညာဘွားမှာ အသက် ၃၀-ခန့် ဖြူဖြူတုတ်တုတ်ခိုင်ခိုင်ဖြစ်၍ ဆင်ခိုးမလေးမှာ အသက် ၅၀-ကျော်ခန့်ရှိလေပြီ၊ အသက်ကြီး၍ ဇာတ်မကတော့ဘဲ၊ သားနှင့်တွေ့ရန် လိုက်လာကြောင်း သိရလေသည်။

သို့သော် စာရေးသူ၏ ဖခင်က၊ ကြုံကြိုက်တုန်း မင်းသမီးအဖြစ် ကပြသည်ကို ကြည့်ခြင်သေးကြောင်း ပြောသဖြင့်၊ မောင်မောင်ကြည့်ခြင်လျှင် အလွတ်တော့ မကပါရစေနဲ့၊ ညာဘွားနဲ့ ဘဲ့ နှစ်ပါးသွားဇာတ်ဆုံးအောင် ကပြပါမည်ဟုဆိုကာ၊ တဇာတ်လုံး သယ်သွားသည်ကို ကြည့်လိုက်ရဘူးပေသည်။

ဒေါ်ဆင်ခိုး သုံးစွဲရန်ဆို၍ ဖခင်က ငွေတရာပေးသောအခါ၊ (မျှားလှချည့်လား မောင်မောင်-မောင်ညာဘွားတို့ တဇာတ်လုံး



တညလုံးကမှ သုံးလေးဆယ်သာ ရပါတယ်)ဟု ဝမ်းသာအားရ ပြောရှာသေးသည်၊ ထိုဇာတ်သဘင် ပညာသည် အမျိုးသမီးကြီးများမှာ သူတို့၏ ပညာတန်ဖိုးကို အကျိုးမခံစားရဘဲ၊ ဆင်းရဲငြိုငြင်စွာနှင့်ပင်ကွယ်လွန်ခဲ့ရှာလေပြီတည်း။

## ၃ မထွေးလေး၊

မယင်းတော်နှင့် ဒေါ်ဆင်ခိုးခေါ် မင်းသမီးကျော်"မလေး" နှစ်ဦးတို့၊ ဆံဖြူ သွားကြွေ ပါးရေမတွန့်ခင်ကလေးတွင်၊ ဗျာပါဆံကလေး တခါခါနှင့် ဖြတ်လပ်သွက်လက်စွာ ပေါ်ပေါက်လာသူကား နောက်ပေါက် မင်းသမီးကလေး မထွေးလေးဆိုသူဖြစ်လေသည်၊ အချိန်အခါမှာ သီပေါမင်း ပါတော်မူခါနီးကလေးမှာ ဖြစ်လေသည်။

မထွေးလေးမှာထိုစဉ်က ငယ်ရွယ်သူဖြစ်၍ လူငယ်ကာလသားပိုင်းက အထူးနှစ်သက် စွဲလမ်းလာလျက် အမည်တက်ခါစ ဖြစ်လေသည်၊ သဘင်ပညာ အရည်အချင်းပြည့်ဝသူဖြစ်၍ တနေ့ထက် တနေ့၊ တလထက်တလ၊ သတင်းကြီးခဲ့သည်၊ အသက်အရွယ်ကြီးလာသည်နှင့်အမျှ သဘင်ရည်ဝကာ ကျော်ဇော်ထင်ရှားသော ဇာတ်မင်းသမီးကြီးတဦး ဖြစ်လာသည်၊ မထွေးလေးငယ်စဉ်က ထူးချွန်ခဲ့သော က,ကြိုးမှာ၊ ကိန္နရီ အဝတ်အဆင်ဖြင့် ကသောကိန္နရာက,နှင့် အရုပ်ကြိုးက,များဖြစ်လေသည်၊ သီချင်းဆိုရာတွင် မေးဝဲ့ မေးရိုက်ခြင်း၌ မထွေးလေးကို မှီအောင်လိုက်နိုင်သူ မရှိသလောက်ပင် ဖြစ်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်ပေါက် ဇာတ်မင်းသမီးများထည်းတွင် မထွေးလေး ထံမှ ပညာဆည်းပူး တပည့်ခံသူများဟူ၍ ၎င်းတို့မှာနိုင်ငံကျော် မင်းသမီး အကျော်အမော်တွေ ဖြစ်လာကြသည်၊ အမေမထွေး တပည့် မဟုတ်လျှင်၊ မင်းသမီး ရာမဝင်သလောက် အထင်သေး ကြလေသည်။

မထွေးလေးသည် ဇာတ်မင်းသား ဦးဖိုးကွန်းကြီးနှင့် အကြောင်းသင့်မြတ်ခါ၊ လင်ရောမယားပါ မင်းသား မင်းသမီး လုပ်၍ ဇာတ်ထောင် ကပြကြသည်၊ ဇာတ်ကရာ နှစ်ပါးသွားရာတွင် မင်းသားဦးဖိုးကွန်းကြီးအေးသလောက် နွေးသလောက် အမေထွေးကြီးက သွက်လက်ချက်ခြာ ဖြတ်လပ်စွာ ဇာတ်ဆောင် ကပြသွားရသည်။

မထွေးလေးကပြသော ဇာတ်များအနက် လူကြိုက်အများဆုံးဇာတ်မှာ၊ မယ်ပဒ္မာ - မောင်ဒါသ ဇာတ်ဖြစ်လေသည်၊ သားသေလင်ဆုံး-လူလုံးမလှ အပူလုံးကြွ၏ အရူးမ ဖြစ်သွားသော အခန်းမှာ အထူးနာမည်ကြီးသဖြင့် ပေါက်ဖော်ကြီးတယောက်၏ စကားပုံတခု ကျန်ရစ်ခဲ့ပေသည်။

## ၃ မထွေးလေး

### ပိုးမင်းစိန်ဖြူ

တနေ့ဝင် မြင်ရနိုးရယ်နဲ့၊ တမိုးရယ် သောက်၊
ပေါက်လာလိမ့်မယ်၊ ထင်တရေးရယ်နဲ့၊ အိုမောင်မောင်
ရဲ့ မြင်ဖေသးတယ်၊ တကျွန်းဆီနေပါတယ်၊ တပြေစီခြား
တဲ့သူရဲ့၊ မျက်နှာချင်းရယ်က၊ လမင်းမှာဆုံစို့ကွယ်၊



ထည်ရှုကြီး ဓာတ်မီးစက်တို့နှင့် ပကာသနမျက်မြင် ခန့်ညားလှပလာအောင် မြှင့်တင်ပေးခဲ့ပေသေးသည်။

ဇာတ်မင်းသား ဦးဖိုးစိန်မှာ မြန်မာဇာတ်သဘင်တွင် အထူးထင်ရှားကျော်ကြားခဲ့သူဖြစ်လေရာ ဦးဖိုးစိန်နှင့်ယှဉ်ပြိုင်တွဲဘက်ကပြခဲ့သော ဇာတ်မင်းသမီးကြီးများ အကြောင်းကိုလည်း စုဆောင်းမိသရွေ့ ရေးသားရမည့် တာဝန်ရှိပေသည်။

မင်းသမီးအောင်ဗလမှာ ဦးဖိုးစိန်နှင့် ရှေးဦးစွာ တွဲဘက်သော မင်းသမီး ဖြစ်သော်လည်း ယောကျ်ား မင်းသမီးဖြစ်လေသည်၊ ၎င်းယောကျ်ားမင်းသမီး ဦးအောင်ဗလမှာ ဂုဏ်ထိုက်ဇာတ်ဝင်မဟုတ်သော်လည်း၊ မိန်းမဟန်အမူအရာ အချွဲအနွဲ၊ အလှ့ အဟိုက်တို့၌ မိန်းမ မင်းသမီးအစစ်တို့ပင် လိုက်မမှီနိုင်အောင်ရှိတော့သည်။

## ၄ (ဒေါ်ငွေစိန်)

ဦးဖိုးစိန်နှင့် ပထမဆုံး တွဲဘက် မင်းသမီးအဖြစ် ကျော်ဇောခဲ့သူ မင်းသမီးမှာ ငွေစိန်ခေါ် ဒေါ်ငွေစိန် ဖြစ်လေသည်၊ (ဖိုးစိန်နဲ့ ငွေစိန်) ဟုအမြဲပင်ခွဲမရအောင် အမည်ချင်း ပူးပေါင်း၍ နှုပ်တက်ရွရွခေါ်ခဲ့ကြ အရေးပေးခဲ့ကြလေသည်။

ယင်းဖိုးစိန်နှင့်ငွေစိန်တည်းဟူသော ပညာသည် နှစ်ယောက်ကောင်ကလေး - ကောင်မကလေးအရွယ်ကပင် နှစ်ပါးသွား လူတိုင်းကြိုက် ထင်ရှားကျော်ဇောခဲ့ပြီး နှစ်အတန်ကြာသောအခါ ငွေစိန်ကို အခြားဇာတ်ပိုင်ရှင်တို့က လက်ဦးအောင် ခြေစုံပေးခေါ်သွားသဖြင့် မင်းသားဖိုးစိန်နှင့် ကွဲသွားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



မထွေးလေး၏ လူကြိုက်များသော အခြား ဇာတ်ထုတ်တခုမှာ (သုမနဲ့-ဒွေးမယ်နော်) သို့မဟုတ် (မယ်ရတ္တငွေတောင်ပြည့်ပျံခဏ်း)ဖြစ်ရာ၊ ကိန္နရာက ကောင်းလှသော မထွေးလေးနှင့် မယ်ရတ္တငွေတောင်ပြည်ပျံခဏ်းမှာ၊ ကြည့်မငြီးသည့်စခန်းတွင်၊ အလွမ်းနှင့် ဖိထောင်းထားပြန်သည်။

သို့နှင့်အမေထွေးသည် အသက် ၅၀-ရွယ်နီးပါး ရှိသည့်တိုင်အောင် ဇာတ်မင်းသမီးအဖြစ် ကပြခဲ့ပြီး၊ အရွယ်ကြီးမှကွယ်လွန်အနိစ္စရောက်သွားရှာကြောင်း။

မထွေးလေးခေါ် အမေထွေး ခေတ်နောက်တွင် အစဉ်အတိုင်း ဆက်ခါ ဆက်ခါ ကျော်ဇော် ထင်ရှားလာသော ဇာတ်မင်းသမီးကြီးများကား။

၄။ မစိန်ဖော့၊
၅။ မစိန်ကြော့၊
၆။ မစိန်လုံ၊ (အငြိမ့်)
၇။ မစိန်သုံ၊ (အငြိမ့်)
၈။ မကြိတ်ဆုံ၊

တို့ဖြစ်ကြလေသည်။

၎င်းတို့မှာ ရှေးခေတ် ဇာတ်မင်းသမီးကြီးများမှာ ခေတ်ဟောင်း မင်းသမီးများကဲ့သို့ ကိုယ်ပိုင်သီချင်း အသွားသစ်များထီအသုံးမပြုကြဘဲ၊ ပတ်ပျိုး - ယိုးဒယားသီချင်းသွားများကိုသာ သီဆိုကြသည်၊ နှစ်ပါးသွား သစ္စာထားခန်းမှာလည်း၊ ယခု



ခေတ်မှိုင်ထခေါ်သော အသွားနှင့် သီချင်းများကို သီဆိုလေ့ရှိကြသည်၊ မင်းသားက မင်းသမီးအား၊ လိုက်တော်မူခဲ့ပါ၊ မောသလား မောင်ထမ်းလို့ ခေါ်ပါမယ်....ဆိုသော သီချင်းနှင့် ချော့၍ မင်းသမီးက မလိုက်နိုင်တော့ပါဘူး မောလှပါပြီ၊ ခြေသလုံးတွေ တောင့်လှပါပြီ၊ ဆင်တွေ ကျားတွေ ကိုက်စားပါစေ ဒီတောထဲမှာ ထားခဲ့ပါတော့စသော အဓိပ္ပာယ်ပါသည့်သီချင်းများကို သီဆိုကာ ဣန္ဒြေရရ ပုဝါတကမ်း ယပ်တောင်တလှမ်းက ပြကြ၍ မောင်နှင့်နှမ သားနှင့်အမိ အားမနာတမ်း ကြည့်ရှုနိုင်ကြပါသည်။

မစိန်ဖော့နှင့် မစိန်ကျော့မှာ ဇာတ်မင်းသမီးကြီးများ အဖြစ် ထင်ရှားကျော်ဇောခဲ့၍၊ မစိန်လုံနှင့် မစိန်သုံတို့မှာအငြိမ့်မင်းသမီးကျော်ကြီးများ ဖြစ်ကြလေသည်။

မစိန်လုံမှာ အရွယ်ကောင်းစဉ်ကပင် လူကုံတန်ကြီးတဦးနှင့် အိမ်ထောင်ကျသဖြင့်၊ ဇာတ်အငြိမ့်အလုပ်ကို အဆက်ဖြတ်လိုက်တော့ကြောင်း။

မစိန်သုံမှာ အငြိမ့်မင်းသမီးအဖြစ်နှင့်ပင် ဆက်လက်နေထိုင်ခဲ့ရင်းမှ၊ နာမည်ကျော် လူရှင်တော်ကြီး ဦးချစ်ဘွယ်နှင့် အကြောင်း ဆက်ခဲ့သည်၊ ဦးချစ်ဘွယ်က လူပျက်၊ မစိန်သုံကြီးက အငြိမ့်မင်းသမီးအဖြစ် ကပြလျက် အသက်ကြီးရင့်လာသောအခါ သီချင်းကြီးဝိုင်းထိုင်ဆိုအဖြစ်နှင့် နေခဲ့သည်တိုင် ပရိသတ်၏ တောင့်တချက်အရ ထိုင်ဆိုတလှည့် အက,ပါတလှည့်နှင့်သားသမီးကြီးများပြင်းအရွယ်ရောက်လာသောအခါတိုင်အောင်သူ၏ကြွယ်ဝပြည့်ဖြိုးသော သဘင်ပညာကို အသုံးချခဲ့သည်၊ သူ

www.burmeseclassic.com

www.burmeseclassic.com



ကြည်လင်သော မျက်နှာ - သာယာကြည်လင်သော အသံသာကလေးနှင့် တေးကြီးဘွဲ့ကြီးဟူသမျှတွင်မက၊ ခေတ်ကာလပေါ် သီချင်းများပါ၊ နှစ်ခေတ်လုံးကို ထုံးလိုချေ - ရေလိုနှောက်နိုင်ခဲ့ပါပေသည်၊ ယခုကား ဒေါ်စိန်သုံးကြီးလည်း ကွယ်လွန်ရှာလေပြီ။

မထွေးလေးမှဒေါ်စိန်သုံးတို့အထိ၊ ထိုအချိန်များတွင် မြန်မာဇာတ်သဘင်နှင့်အငြိမ့်စင်တို့၏အဆင့်အတန်းမှာ၊ လ,သာမှန်အိမ်ခေတ် မဟုတ်တော့ပေ၊ ဇာတ်ရုံနှင့် အငြိမ့်စင်တို့တွင် လက်ဆွဲအောက်လင်းဓာတ်မီးများနှင့် လင်းလင်းထိန်ထိန် သားသားနားနား ရှိလာကြပေပြီ၊ ထိုစဉ်က မြန်မာဇာတ်သဘင် အပြင်အဆင်ကို ခန်းနားစွာနှင့် အတိုးတက်ဆုံးစံချိန် ရောက်အောင်၊ နိုင်ငံခြားသားများပင် လေးစားလောက်အောင် စတင်တည်ထွင်နိုင်သူမှာ ဇာတ်ဆရာ ဦးဖိုးစိန်ဖြစ်လေသည်။

ဇာတ်ဆရာ - ဇာတ်မင်းသား ဦးဖိုးစိန်သည် မြန်မာပြည် မြို့တော်ကြီးများတွင်ငင်း၊ ရေဝတီမြစ်ရိုးတလျှောက်နှင့်မီးရထားလမ်းတလျှောက်ရှိမြို့ကြီး မြို့ငယ်တို့သို့ငင်း၊ရွက်ထည် ဇာတ်ရုံကြီး ဓာတ်မီးစက် စသော ဇာတ်ပစ္စည်းကိရိယာများကိုနိုင်ငံခြားကလာသည့် ဆပ်ကပ်ပွဲရုံ ကြီး များ ကဲ့ သို့ ကြီးကျယ်ခန်း နားစေပြီး၊ ကိုယ်ပိုင် မီးသဘောကြီးဖြင့်ငင်း၊ အ ထူး မီး ရ ထားတို့နှင့် ခန့်ခန့်ထည်ထည် လိုက်လံကပြခဲ့သည်၊ ဓာတ်မီး အင်ဂျင်စက်မောင်းသူ ရုပ်ရှင်စက်ပြသသူ အလုပ်သမားများကိုပင် မျက်နှာဖြူ လူမျိုးအချို့ကို ငှားရမ်းအသုံးပြုခဲ့လေသည်။

ထိုနောက်ဇာတ်မင်းသားကြီး ဦးစိန်ကတုံးကလည်းမြန်မာဇာတ်သဘင်၏အဆင့်အတန်းကိုဦးဖိုးစိန်၏လုပ်ဟန်အတိုင်း ရွက်



ထည်ရုံကြီး ဓာတ်မီးစက်တို့နှင့် ပကာသနမျက်မြင် ခန့်ညားလှပလာအောင် မြှင့်တင်ပေးခဲ့ပေသေးသည်။

ဇာတ်မင်းသား ဦးဖိုးစိန်မှာ မြန်မာဇာတ်သဘင်တွင် အထူးထင်ရှားကျော်ကြားခဲ့သူဖြစ်လေရာ ဦးဖိုးစိန်နှင့်ယှဉ်ပြိုင်တွဲဘက်ကပြခဲ့သော ဇာတ်မင်းသမီးကြီးများ အကြောင်းကိုလည်း စုဆောင်းမိသရွေ့ ရေးသားရမည့် တာဝန်ရှိပေသည်။

မင်းသမီးအောင်ဗလမှာ ဦးဖိုးစိန်နှင့် ရှေးဦးစွာ တွဲဘက်သော မင်းသမီး ဖြစ်သော်လည်း ယောကျ်ား မင်းသမီးဖြစ်လေသည်၊ ၎င်းယောကျ်ားမင်းသမီး ဦးအောင်ဗလမှာ ဣတ္ထိယဇာတ်ဝင်မဟုတ်သော်လည်း၊ မိန်းမဟန်အမူအရာ အချွဲအနွဲ့၊ အလှ့,အဟိုက်တို့၌ မိန်းမ မင်းသမီးအစစ်တို့ပင် လိုက်မမှီနိုင်အောင်ရှိတော့သည်။

## ၉ (ဒေါ်ငွေစိန်)

ဦးဖိုးစိန်နှင့် ပထမဆုံး တွဲဘက် မင်းသမီးအဖြစ် ကျော်ဇောခဲ့သူ မင်းသမီးမှာ ငွေစိန်ခေါ် ဒေါ်ငွေစိန် ဖြစ်လေသည်၊ (ဖိုးစိန်နဲ့ ငွေစိန်) ဟုအမြဲပင်ခွဲမရအောင် အမည်ချင်းပူးပေါင်း၍ နှုတ်တက်ရွရွခေါ်ခဲ့ကြ အရေးပေးခဲ့ကြလေသည်။

ယင်းဖိုးစိန်နှင့်ငွေစိန်တည်းဟူသော ပညာသည် နှစ်ယောက်ကောင်ကလေး - ကောင်မကလေးအရွယ်ကပင် နှစ်ပါးသွား ပွဲတိုင်းကြိုက် ထင်ရှားကျော်ဇောခဲ့ပြီး နှစ်အတန်ကြာသောအခါ ငွေစိန်ကို အခြားဇာတ်ပိုင်ရှင်တို့က လက်ဦးအောင် ကြေးပိုပေးခေါ်သွားသဖြင့် မင်းသားဖိုးစိန်နှင့် ကွဲသွားခဲ့သည်။

www.burmeseclassic.com



## ၁၀ (မသိုင်းခြုံနှစ်ဦး)

ဒေါ်ငွေစိန်မှာ ကျိုက်လပ်မြို့ ဇာတိ ဇာတ်မျိုး ဇာတ်နွယ် ဖြစ်သည်၊ ဒေါ်ငွေစိန်၏ အမိမှာ ဇာတ်မင်းသမီးဖြစ်၍ (ဗမာ မသိုင်းခြုံ)ဟု ကျော်ကြားသည်၊ ဗမာ မသိုင်းခြုံ ဆိုသည်မှာ (ကရင်အမျိုး သမီး ဇာတ် မင်း သမီး မသိုင်းခြုံ-ဆိုသူတဦး ရှိသေးသဖြင့် ထိုစဉ်အခါက နာမည်ကြီးမင်းသမီး မသိုင်းခြုံနှစ်ယောက်ကို(ဗမာ မသိုင်းခြုံ)ဟူ၍ ခွဲခြားခေါ်ခဲ့ကြသည်ဟုပြောကြသည် ယခုခေတ် ညပွဲဈေးတန်းများတွင် လုပ်ရောင်းသော မသိုင်းခြုံမုန့်မှာ ထိုမင်းသမီး မသိုင်းခြုံနှင့် တနည်းနည်း ဆက်စပ်ကောင်း ဆက်စပ်နေဦးမည်လော မသိရပေ။

မင်းသမီး ဒေါ်ငွေစိန်၏အမိ မင်းသမီးမသိုင်းခြုံ၏ အမည်အရင်းမှာ (ဒေါ်သွယ်)ဖြစ်လေသည်၊ မသိုင်းခြုံ၏ ခင်ပွန်းမှာ ဇာတ်မင်းသား ဦးညာခိုင်ဆိုသူဖြစ်လေရာ၊ ဒေါ်ငွေစိန်မှာ မိဖနှစ်ပါးလုံး မင်းသား မင်းသမီးဖြစ်သောကြောင့် ဇာတ်သဘင်မျိုး စစ်စစ်မှ ဆင်းသက် ပေါက်ဖွားလာခဲ့သူ ဖြစ်လေသည်။

ဒေါ်ငွေစိန်၏ညီမများမှာလည်း ၄-ယောက်ရှိကြရာအားလုံးပင် ဇာတ်မင်းသမီးများဖြစ်ကြလေသည်၊ သူတို့၏ အမည်များမှာလည်း ဇာတ်သဘင်လောက၌ ထင်ရှားခဲ့သည်ချည်းဖြစ်လေသည်။



ဒေါ်ငွေစိန်၏ ညီမ မင်းသမီးတို့၏ အမည်များမှာ—

၁။ ငွေစိန်၊
၂။ ငွေရီ၊
၃။ ညိုညို၊
၄။ ကျင်ဥ၊
၅။ ရင်နု၊

ဟူ၍ ငွေစိန်ပါပေါင်း ၅-ယောက်ရှိ၍ သူတို့အားလုံးပင် ဦးဖိုးစိန်နှင့် ဆက်ခါဆက်ခါ တွဲဘက်ကပြကြသော နာမည်ကြီးမင်းသမီးများသာ ဖြစ်လေသည်၊ ထိုကြောင့် ဦးဖိုးစိန်၏ သီချင်းဟောင်းများတွင်—

"ရေရေလယ်လယ် - အမေသွယ်ကိုမေးတော့
ညီအမလေး ငါးခြောက်ယောက်ကွယ်၊
ငွေစိန်-ငွေရီ-ညိုညို-ကျင်ဥ၊ရင်နုရယ်၊
ငါးနှစ်ခြောက်နှစ် ဆံတောက် ဆံရစ်ကလေးမဖြစ်ခင်က၊
အတူတူနေခဲ့တယ်"

ဟုပါရှိခဲ့သည်ကိုသတိပြုမိကြပေလိမ့်မည်၊ ငွေစိန်နှင့် ငွေရီ ညီအမနှစ်ယောက်မှာ သူ့ခေတ် သူ့အခါမှ နာမည်ကြီး မင်းသမီးများအဖြစ် နိုင်ငံခြားသားများက ဓာတ်ပုံပို့စကပ်များပင် ထုတ်လုပ်ရောင်းချခဲ့ကြရပေသည်၊ သူတို့ညီအမ တတွေသည် သေသူသေ အသက်ရှည်သူ ရှည်လျက်ရှိကြရာ အမကြီး ဒေါ်ငွေစိန်မှာ ကျိုက်လပ်မြို့တွင် အသက် ၈၀-ကျော်တိုင်အရွယ်ရှိ

www.burmeseclassic.com

www.burmeseclassic.com



ပြီးနောက်မှ အနိစ္စရောက်သည်၊ ငွေရီမှာ မင်းသမီးဘဝတွင် အတော်ကြာ ခေတ်စားခဲ့သည်၊ သူ့ညီမ ညိုညိုနှင့် ရင်နု တို့လည်း အသက် မရှည်ခဲ့ရှာချေ၊ ကျင်ဥမှာ အမကြီးများ ထက် မင်းသမီးဘဝတွင် အနေကြာခဲ့သည်၊သူ့ သီချင်းတွေလည်း အတော်ခေတ်စားခဲ့သည်၊ အများအားဖြင့် နာမည်ကြီး ဇာတ် မင်းသား ဦးဖိုးစိန်နှင့်သာ တွဲဘက်ကပြခဲ့သော အချိန်ကများ လေသည်။

ကျင်ဥ၏ သီချင်းအများထည်းမှ—

(ဥကျင်ကျင်ပျို-ဥကျင်ကျင်ပျို၊ သူ့ ခင်ခင်ကို ကြောက်ရပါ သတော်)ဟု ကျင်ဥကဆို၍၊ ဦးဖိုးစိန်က (ငယ်နှမ ကျင်ကျင်-ငယ်နှမကျင်ကျင်-ဘယ်က ခင်ခင်ကို ကြောက်ရသလဲကွယ်)ဟု အပြန်အလှန် သီဆိုသော စုံတွဲရန်တွေ့ သီချင်းမှာ ထိုခေတ်က အကြောင်းသိ ပရိသတ်များက အတော်သဘောကျကြ လေသည်၊ ဦးဖိုးစိန်၏ ပထမဇနီးကြီးမှာ တောင်ခွင်မြို့စားမင်းကြီး မြေး-ခင်ခင်လတ်ဖြစ်သည်၊ ဦးဖိုးစိန်ဇာတ်ရုံသွင်းတိုင်း ရှက်ထည်ရုံကြီး အပေါက်ဝတွင် ကတ္တီပါကော်ဇော ခင်းထားသော ကုပ်ပစ်ကြီးပေါ်၌ ခင်ခင်လတ်က အပေါင်းအသင်း အခြွေအရံ တွေနှင့် အမြဲနေတတ်သည်-တို့ကို ရည်ညွှန်း၍ ကျင်ဥက သီချင်း ဆိုခြင်းဖြစ်လေသည်။

မကျင်ဥ-ဆို နှစ်ပါးသွားသီချင်း

ရွှေသင်္ဘော (လင်လင်မဟာ) ၂—၊ ဘုရားလို့ မပီကလာ အချေပင် ကြင်ကြင်နာနာ ၂—၊ သနားသမို့ အပလီ အ ခရာ၊ ပုပ္ပရွှရွှကေသီနန္ဒ လုလုဆွေမဒီ တည်တည် ကြည်



ကြည်ပေါင်းတော်မူပါဘုရား ၂—၊ သဲသဲမဲမဲ အရွယ်တူ ကြံကြံမယ်၊ စပယ်ဖြူကိုအရွယ်တူပန်မယ်၊ နေမင်းပူလျှ သူ့ရဂန်လယ်က ဒေါင်းကွယ်စေတော့ရယ်သခင်ရယ် ၂— အကြောင်းဖြစ်စေတော့ကွယ်ကြင်ဘွယ် ၂—၊ သန္တာန်ရုံ ကွယ်ပျောက် ၂-လုံးမယ် တယောက်သွေ့ ကောက်ပါ တော့ကွယ်၊ မြဘို့ (သစ္စာ) ဆိုတဲ့သစ္စာဆို- ဘိုးစိန်ရဲ့မြ ဘို့ (သစ္စာ) ဆိုတဲ့ သစ္စာဆို ၂-၊ မြေပထဝီဖျာလိုလိုတ်မှ မုန်းစိတ်ကြံဘာကိုကိုရယ် ၂-၊ အရာရာကို ဘာဘာမဆို အခရာပိုသဖြင့်နာတာတာ။

× × × ×

မကျင်ဥ-ဆို

နှစ်ပါးသွားသီချင်း

(အရာရာကို ဘာမဆို အခရာပိုသရှင် လှတာတာ ဝတာတာ၊ လှပတာ ဝတာတာ မာယာပိုသရှင့် လှ တာတာ ၂-၊ အလှတုံးမောင် ခဲပြီးကြံခကွယ်ကွယ် ကွယ် ကွယ်၊ ကမ္ဘာဆုံးအောင် သဲပြီးခံပမယ်မယ် မယ်မယ်၊ ပွေတာလီဆစ်မဖယ်၊ ရေနဒီပင်လယ် ရေနဒီပင်လယ် ခန်း ချောက်အာပကွယ် ၂—၊ မြိုး ဝေ မှာ ဝေ မှာ (တောင် တော်တာ) ၂—၊ သေသေချာချာ ၂-၊ အရာရာ ပီပီ ပြားပြား မွေးနှင့်ပညာနကပိုလွန်ပါ၊ ရိုးမြေကျမြေကျ ပေါင်းပေါင်းပါ) ၂—၊ သေသေချာချာ ၂-သဒ္ဒါတာ စိမ်ပြတ်ပြတ် သေချင်လှတာမှီးရိုးဆရာ၊ မိုးနဲ့မြဟာ

www.burmeseclassic.com

www.burmeseclassic.com



လကွင်းတီးမှ ဝေကံသွေလှန့်မှာ အော-နဲ့ညာတကမ္ဘာ နှစ်ကမ္ဘာ-သုံးကမ္ဘာစေ့မှ မှုံးခါရွှေ့မှ တမေကိုညာ။

× × × ×

မကျောင်ဥ-ဆို

နှစ်ပါးသွားသီချင်း

စကားချိတ်ဆက်မတူ၊ မယားအနိုပ်မက်သူရယ် (၂) အယူ အယူသန်တာမို့ကျိမ်း အိုရှင့် ကိုကြီးစိန်၊ (ကြိမ်ကြိမ် ပြန်လှန်ကျောင်ဥကလေးကြောင့် သွေးမြောက်ပါလို့ မညိမ် (၂) စိန်မကာဘဲ အကိုနဲ့ ၂-နှစ်ကြာတဲ့အတွက်မှာ မေတ္တာမပျက်စရာ အထက်အထက်က,ဟိုခုစိန်၊ အထက် အထက် မက်မက် မမက်မက် ပျက်ပျက် ကွက်ကွက် ဆက် ဆက် မျက်မျက်မြန်းတဲ့ စိန်ဦးစိန် ဦးဘိုးစိန်၊ အရင်ရင်ဟာ မထင်မြင်တာကိုမပြောပါဘူး၊ ဟိုအရင်က အရင်ဟာကို မမြင်တာမဖြောပါဘူး ကျင်ကျင်ကညာ ကျော ရအောင်ပ ရှင့်သဘောအတိုင်းမဟုတ်ဘူးစိန် (၂) မစိန်ဥနှင့် မယ်မြင့်နှစ်သွယ် သံစုံချပိုတဲ့မယားမှာတော့အငယ်ကလေးတွေနဲ့ညားပုံကတရားအတိုင်းမဟုတ်ဘူးစိန်။

× × × ×

ဦးဘိုးစိန်-မကျောင်ဥ

အချီအချဆို

ကြိမ်ကြိမ်မျှရှုံကွယ် စိန်စိန်ကမယုံတယ်၊ သို့အတွက် နေဘ်ကွယ် ထချို့တဝက်ကာသရေဘ်တယ်၊ မဒီကညာရှင်



ရယ်၊ ကလီကမာမညင်းနဲ့ကွယ်၊ မဒီကညာရှင်းရှင်းရယ်၊ ထလီကမာညင်းတယ်၊ (စင်စင်ကြယ်ကြယ်၊ ခင်ခင်တွယ် တွယ်မကင်းတို့ အချက်ကယ်၊ မင်းတို့အဆက်နွယ်-၂) သထင်းကြီးကြပေရဲ့ မင်းသမီးညီအမ) ၂-မောင် စိန် ယို့ အသရေတင်တင် တင်တင်မြောက်မယ်၊ အမျိုးလိုက် အရိုးလိုက်အဘိုးထိုက်တဲ့ကျင်ကျင်တမယ်။

× × × ×

မကျောင်ဥ-ဆို

နှစ်ပါးသွားသီချင်း

ဆရာစိန်မယုံဘူးနေဘ်၊ ကွန်မြူးလေသမျှ မနှိမ်ဆရာစိန်၊ ဆရာစိန်၊ အလွန်ထူးတဲ့သူရဲ့ အညွန့်အဖူးရှာလို့ နှိမ် (၂) သို့ကလိုအကြိမ်ကြိမ် အရန်းကထန်းမြှချိန်၊ အဖြန်းအသန်းနဲ့လူလိမ် ၂-ဘယ်သူနဲ့လဲကြိမ် ဘယ်ဝါနဲ့လဲကိုစိန်၊ ၂-ကိုကြီးစိန် ၃-ကိုကြီးစိန်ရယ် ၃-ကိုကြီးစိန် ၂-အကြံရှော အဖန်ရှောက်သာရစ်ကို၊ သပရာသီးလို ကြီးလေချင်တဲ့စိန်၊ ရှင်လေ ဗိုလ်ဆတောက် ကလေးနဲ့တောင်တို့စိန်။

မတွေးရယ်လို့မကြိမ်း၊ ကလေးသငယ်လို့ ရယ်လို့ ပျော်ပါစိန်၊အားငယ်စွာကျမကိုပြုတာ၊မယ်မြင့်နှင့် မစိန်ဥသာ ယုယုယယစိန်-၂ (ဟိုလိမ်သည်လိမ်၊ တောင်လိမ် မြောက်လိမ်)၂ခွင့်မှုယာကိုတမျိုးစိန်။ ရှင့်လူရာ ကိုးစိန်

www.burmeseclassic.com



၂-စိန်မယ်မြင့်နှင့် မစိန်ဥက်သာ၊ စွန့်စားလို့ မမောက်ဝံ့ပါဘူး၊ အညွန့်မယားနှစ်ယောက်နှင့်ထောက်ထောက်လွှင်လွှင်စံစားပါစိန်။

× × × ×

ဦးဖိုးစိန်+မကျင်ဥ

အချီအချဆို

ခင်ခင်ဘွယ်မြင်မြင်ဘွယ်၊ကြင်ကြင်ငယ်မရဏသွားတဲ့အမများကြောင့် မပူနဲ့ကွယ် - ကိုတော်ပျိုကြင်ရာ - ကိုကြင်ရာမမကြီးတယောက် မရဏခရီးရောက်အပြီး စိတ်မပါ၊ သနားခင်တွယ်၊မယားကျင်တမယ်၊တရားမြင်ကွယ်၊ တပါးမကျင်ရယ်၊ တပါးကျင်ရယ် စိန်စိန်အတွေ့မို့ -ဟော့သငယ်မ- ၃ (အေးငေး—၃) အမျှားနယ်တကာ-သနားဖွယ်စရာပါ-၂ အားငယ်စွာမကျင်စိန်လို့-၂၊ လှချင်စိတ် ၂ ဝေးငေး-၃ မမကိုယ်ဝယ်ကျင်ရယ် ခင်တွယ် ၂၊ သဘင်ဝယ် စိန်တင်မို့ ၂၊ စိန်နှင့်သာ ဥမေရင်တယ် ၂၊ အေးမယ် ၂၊ တရားဖြေယူ ပူပူဆူဆူကြူကြူ ၂၊ သွားလေသူ အပျိုဇနီးတို့နှင့် ၂၊ ကိုကြီးစိန် တွဲနေကြဟာမို့။ အလှမ်းကုန်ဆဲ့ညွန့်ပြကာ သဲလှန်စ ၂၊ဆွေးငေး-၁ ညွန့်မေတယ် ၄၊ ရေရေလယ်လယ်တော့ညွန့်ရေ ၄၊ ရှိရှိသေသေ ၂ ညွန့်မေးတယ် မေးတယ် ရေရေလယ်လယ် အဆိုကလေးရယ် အရှိုးခံအလေးရယ် အမျိုးမှန်ကလေး အ



ကျိုးပြန်ပေးတော့မယ်တော့၊ ညွန့်ရေး....၄၊ ရှိရှိသေသေ ၂၊ ညွန့်ညွန့်ကလေးရှင် စိန်စိန်ပေးရှင် ကြိတ်ကြိတ်ပေးလို့ရှင်။

× × × ×

မကျင်ဥ ငိုချင်း

ဆင့်ကဲဇာတ်

ပွေညံ့ငယ် လှေနံကို နှစ်ဖက်မနင်းတာမို့၊ အမြွက်မကင်းအောင်မလိန်တမာအမျိုက-ကျိမ်စာကိုအစုံသောက်ဝံ့ပါရဲ့၊ ယုံလောက်အောင်ပေး....ဘိုမယ်ခင်မှာ လေလေ့၊ ကိုယ့်ငယ်ကြင်သစ္စာဦးပြင်က - မေတ္တာအထူးနှော်ဘယ်လိုပင်လှောင်တော့၊ တကယ်အပျိုမမင်ပေါ်ရှင်းကညာသနားမို့၊အမယ်မင်း၊ ဒါးကွပ်လို့အခုကြောငြာပေးရအောင်ပ၊ ကိုဆင့်ကဲရယ် တခြားအလွတ်သို့ ယခုခေါ်ကာပြေး။

× × × ×

ဦးဖိုးစိန်+မကျင်ဥ

နှစ်ပါးသွားအချီအချဆို

အိုဘယ်ခါမဆိုသရှင်၊ မဒီပျို(၂) ကညာထည်လိုထည်လိုဆိုတာ၊မှိုခိုမှိုခိုပါ (၂) မရဏသွားတဲ့အမနှစ်ပါးမှာခဲ့တာ၊ဖိုးစိန်၊အိုငွေစိန်၊ငွေရိုတို့က မှာရှာတယ်။ ခါနှါခါခါကွယ်၊ သာသာ ယာယာရယ် ညာညာ တာတာ

www.burmeseclassic.com

www.burmeseclassic.com



ကွယ်၊ ကျင်ဥကလေးနဲ့ ရင်နုကလေး ယှုချင်ပါတော့တယ်ကွယ်။ ။ကျင်ဥ။ ။ကချင်၊ ငါညီမကလေးရယ်က တစိန်နှင့်ဇမ္ဗူမှာ။ စိန်စိန်နှင့်တူမကွာ(၂)အစစကြိမ်တာ၊ မမသိန်းကမှာခဲ့တာ၊ ဘုံပြေခွင်....ရွာ....ဂုဏ်သရေတင်တာ အစစ ကြိမ်တာ မမသိန်းက မှာခဲ့တာ၊ ဘုံပြေခွင်ရွာ ဂုဏ်သရေတင်ပါ (ကျင်ကျင်ကသာ ခင်မင်သာယာအမြဲဖြင့် သေချာမခွဲနဲ့ လို့ဖြေစွာ ၂၊ အကဆုံးသလာ အမသုံးယောက်က ကြိတ်လို့မှာ။ ၂။ကိုယ်တော်ယခုဖြင့်သာ ဆရာအပါးဖြင့် မကပ်စေနဲ့တဲ့ စကားသာကြိတ်လို့မှာ။ နို့သလို ငွေစိန် ငွေရီတို့ကမှာရှာ မှာရှာတယ်ခါါါအခါါါကွယ်။ သာသာယာယာရယ် ညှာညှာထာတာကွယ်။ မင်းတို့ညီအမယူလဲ ကျုပ်ကိုပြောသေးတယ် အော်ကြည့်ပါ ရှုပါဆုံးမရစ်တော့တယ်။

အကိုစိန်ဆရာ အပျိုမလိမ်တမာ၊ ကျမ။ အကိုစိန်ဆရာရယ်၊ အပျိုမလိမ်တမာကျမ။ ဘာဘာ ညာညာကျင်ကျင်ပူတာ သာသာယာယာအရင်အရင်နမူနာ။ အမောက်အကြွားမပါ။ တထောင့်တနားမှာ တထောင့်ငါးရာမရှောင်ထားခဲ့တာ၊ အမောက်အမောက်အကြွားမပါတထောက်တနားမှာတထောင့်ငါးရာမရှောင်ထားခဲ့တာ။ မမစိန် မငွေရီမညီညီကညာ၊တယောက်ညီမအပေါ်မှာဘလောက်ကမလေမလွန်းနဲ့ ဆရာ။ ။ဖိုးစိန်။ ။ အကုန်ရေရေလယ်လယ် မယုံရင် မယုံရင် အမေသွယ်ကမ မေးမေး မြန်းမြန်း ကျင်ကျင်ပူကွယ် ချေချမ်းချမ်း



ငင်မင်သူတကာယ် အပျော်အပါးရယ် အမော်အကြွားရယ် မတော်မတရားတယ်၊ မစော်ကားတတ်တယ်၊ အပျော်အပါးရယ် အမော်မကြွားရယ် မစော်ကားတယ်၊ မတော်မတရားငယ်၊ မငွေစိန် မငွေရီ ညီညီ ကျင်ဥ ရင်နုရယ်။ ငါးနှစ် မြောက်နှစ်(၂)ယောက် ဆရစ်ကလေးမဖြစ်ခင်က အတူနေတယ်။

× × × ×

## ဦးဖိုးစိန်ဆို

## နှစ်ပါး သွား

အမှားသမုဒယတကျာ၊ အမျှားသူထူငနုသတ္တဝါမငြိမ်၂ မကြာမကြာ ဘဝါဘဝအကြိမ်၊ ကာဆော့ဝမှိန် အကြိမ်ကြိမ် အဖန်ဖန် ကြင်ဥကလေးတို့ကြောင့် သေးကြလို့တကိုယ်လုံး မငြိမ်၂ စိန်ကာမဇောတဒုဏ်ဆာ စိတ်ဟာ ဖုံးကွယ်ထိတ်စရာ အရိပ်နမိတ် အာသာဝလိုင်နှိမ့်နှိမ့်မနိုပ်နိုပ်၊ ငြိတ်ငြိတ်၊ တိတ်တိတ်၊ ဆိတ်ဆိတ်၊ ကြိတ်ကြိတ်နိုပ်နိုပ်ကျုပ်စီးစိမ်၊ တင်းမတိန်၊ မောင်တင်းမတိန်၊ ကြင်ဥနဲ့မောင်စိန်နိဗ္ဗာန်မမှာတားနိုင်ပလားဗျာ၊ အရိယာဘဝများတောင်မှ၊ ၂။ ဝိသာခါတို့ မကြာကြာဘူးလားကွဲ့၊ သိကြားအနေကဝဏ္ဏ၊အနာရဋ္ဌ၊ စူလရဋ္ဌ၊ မဟာရဋ္ဌ၊ သူဌေးအနာ တပိဏ်၊ ကြားရဲ့မဟုတ်လား သူဌေးအနာထပိဏ်။ ကာမရှုပ အရှုပတကျာ၊ လွတ်ခါဝီ ဘဝဇောမှာ ကပ်ငြိ ဝဋ္ဋဘိရတသောတာပတ္တိတိုလို အဓိပတိတို့တောင်မှတင်းမတိန်။

× × × ×

www.burmeseclassic.com

www.burmeseclassic.com



ဦးဖိုးစိန်
နှစ် ပါး သွား

စုံလင်စွာချေရုံများနဲ့၊ဘုံစဉ်မှာဘောစံစားတော့အား လုံးခေါ်မကွဲ့စိန်၊ လင်္ကာတန်တက်ခေါ်ကြွားရ၊ မင်းရုပ်နဘမ်အချက်ပသာဒကို သက္ကာယခွင့်နှိမ်၊ ဇောမကြုံဝေရိုပအောင်သောတာပန်၊ ဧကဝိသနဲ့ကောလ ကောလမတိန် ၂။ပြီးတော့ (၇)ကြိမ်ဝဋ္ဋဘာဝါဘဝမှာ ဝဋ္ဋအိမ်တွင်လွတ်လာကြတာ သတ္တက္ခတ္တုပရမကြိန် ၂။ ကျုပ်မောင်ကြီးစိန်။ ၂ ဓမ္မဘာ ရိပ်မိအောင် သမ္မာဒိဋ္ဌိဉာဏ်နဲ့ရမ်းရမ်းလန်းလန်းကြံဖန်ချင့်ချိန်၊ငှသုအရိယကျုပ်တင်၊မတိန်ခုနိ ဝရဏာတမဟုတ် ခင်မငြိမ်း၊ ၃ စိန်အနှံ့သယကိလေသာ အရိပ်အရောင်နဲ့ မဝေးသမျှ၊ ဟောသည့်အနိတ်ကောင်မလေးတွေကိုအရေးယူမိ မောင်ဖိုးစိန်။

\+ \+

၁၇ မစိန်ဥ၊

မင်းသမီးကြီး မစိန်ဥမှာ၊ ကျိုက်ထိုသူဇာတိ ဖြစ်လေသည်၊ မင်းသမီး ဒေါ်ငွေစိန်နှင့် မင်းသား ဦးဖိုးစိန်တို့ ဇာတ်ကောင်းကွဲပြီး ဒုတိယဆက်လက်တွဲကသော ခေါင်းဆောင်ဇာတ်မင်းသမီးကြီးဖြစ်လေသည်။

မစိန်ဥ၏ အရည်အချင်းမှာ မငွေစိန်နှင့် ပုခုံးချင်း ယှဉ်ပြိုင်ရပ်နိုင်သော ဇာတ်ခေါင်းဆောင် မင်းသမီးကြီး ဖြစ်လေသည်၊ အလှမ်း-အခွေး-ဇာတ်အိမ် ဇာတ်ကွက် အသယ်ယူနိုင်နင်းလှသူဖြစ်သည်။



ဦးဖိုးစိန်နှင့် တွဲကစဉ်-ဦးဖိုးစိန်နှင့်ပင် ပထမဦးဆွာအကြောင်းပါခဲ့လေသည်၊ ထိုနောက် နှစ်အတော်ကြာ ကွဲကွာသွားကြပြီးမှ နောက်တဖန် မစိန်ဥကို ခေါင်းဆောင် မင်းသမီးအဖြစ်တနှစ်သုံးထောင်ကျော်ပေး၍ နှစ်ချုပ်ငှားပြန်တွဲ ကကြပြန်သည်၊ ဦးဖိုးစိန်က ဇာတ်ပိုင်ရှင် မစိန်ဥက စာချုပ်မင်းသမီးအဖြစ် ဒုတိယတကြိမ် တွဲကကြရခြင်းဖြစ်သည်။

ဤသည်တွင်—

> စိန်ဥဖြင့်အပိန်တခုအဖတ်တင်....မျောက်မြင်ရင်ကျုပ်
> အလှဲ့နှစ်သမိ့၊ အငှဲ့ခဲပစ်ခြင်၊ ဖိုးစိန်ဟာ အရိုးပိန်မရယ်
> လို့၊ အဲဒီတုန်းက ပြစ်သွားသရှင်....။

ဟူသော သီချင်းနှင့် ညတိုင်း - က,တိုင်း ရန်တွေလေရာ ပွဲကြည့်ပရိသတ်တို့ တသဲသဲနှင့် နားကွဲမတတ် သြဘာပေးကြသည်ကို တွေ့ရဘူးလေသည်၊ ဤတွင် မင်းသားကြီး ဦးဖိုးစိန်ကလည်း မျက်နှာရှုံးတိုက်၍ နူးပြန်သည် ထိုသီချင်းမှာအလျဉ်းသင့်၍ တပိုင်းသာ ဖော်ပြရမည်ဆိုလျှင်။

> သစ်မရှိခင် ဝါးပေါင်းကွပ်သလို၊ မညွတ်ရင်ခံနိုင်ဘ
> မလား မဥရာ၊ ပုဇွန်တောင်သူ မမြနှစ်ဆိုဒါ ကုပ်ချော်င်း
> ချောင်းနဲ့မို့-ကျုပ်မပေါင်းဘူး ယနေ့ညကွာ၊ [illegible]
> က်သင်နဲ့တူတဲ့မယားဟောင်း မဥကိုတွေ့ပြန်သော [illegible]
> စိမ်းမကလေးတွေကို ချိုး-ဖျက်-ထိုး-ထက်-ပစ်[illegible]
> တော်သင့်ရာ။ ။ကွဲနေတုန်းက မင့်ကိုလိုက်[illegible]
> ညောင်တုန်းမြို့ ဇာတ်ရုံပြင်ဘက်မှာ၊ [illegible]



www.burmeseclassic.com

www.burmeseclassic.com



ပေါင်ရှက်ကလေးတွေ သင်နေဒါမြင်ကထဲက ဘဝင်အသဲကနာ၊ ဒီတုန်းကလေ-မေပျို့တမေ့ရဲ့၊ မသေလို့တွေ့ရသကွဲ့-ဆိုပြီးတော့ ပွေ့လိုက်ချင်တာ....မျှော်ကာအကြိမ်ကြိမ် ရှုလိုက်တော့၊ အော်....ဒါငါနဲ့ပေါင်းဘူးတဲ့စိန်ဥ-စိန်ဥရယ်လို့၊ ချစ်လျှက်ပါ-နှစ်သက်စွာ က-ကြီးရေက-ထဲမှာ၊ ငါ့အကြောင်း တမင်ရှုလိုက်ပြန်တော့၊ အ-တချောင်းငင်အုလို့၊ ဘယ်ကျောင်းမှမအံရဘူးကွဲ့ဒီစာ၊ ငှက်တွေ-ကြေးတွေလဲ ဥရင်ဘမ်းမှာ၊ ဖရဆေးဆိုင်မှာ၊ အများစုနေတဲ့အထဲက၊ သဇင်ဥနဲ့ပန်းဥဆိုတာ၊ ဘယ်ဆေးသမားမှမဖော်ရပါ၊ငါတဟောက်ထဲသာပေါ်ထင်စွာ ပေါ်ချင်တာ....။

သို့သော် ဒေါ်စိန်ဥကား အခဲမကြေသူဖြစ်၍စိတ်သဲရှိသမျှကိုနှစ်ပါးသွားနှင့် ရောကျော်ရောဖော်ခဲ့ရင်း၊ က-ရင်းပြရင်းမှာပင်လွန်ခဲ့သော အနှစ် ၃၀-ကျော်က မန္တလေးမှ မြင်းခြံသို့ ဇာတ်ကရန် ရောဝတီမြစ်ကြောင်းမှ အကူး ဇာတ်ပိုင်ရှင် ဦးပိုးစိန်၏သင်္ဘောပေါ်၌ပင် ကွယ်လွန်ရှာသဖြင့် ရောဝတီမြစ်တွင်းရှိ သဲခုံသောင်နုတွင်၊ သူ့ရုပ်အလောင်းကို မြှုပ်နှံထားခဲ့သည်ဟုကြားသိရပေသည်။

ထိုနှစ်ဦးဆီကပင် ဦးဖိုးစိန်၏ဇနီး ခင်ခင်လတ် မှာလည်းမန္တလေးမြို့တွင် နာမကျန်းဖြစ်၍ ကွယ်လွန်ခဲ့သည်ဖြစ်ရာ-ပရိသတ်က မစိန်ဥနှင့်ပြန်ပေါင်းလိမ့်မည် ထင်နေဆဲတွင် ဒေါ်စိန်ဥကပါ ၁င်၍ နောက်ဆက်တွဲ ကွယ်လွန်ခဲ့ရရှာပြန်တော့သည်။



### ၁၈ ကျော်ဗလ၊

နာမည်ကျော် ဇာတ်မင်းသမီး ကျော်ဗလမှာ၊ လူရှင်တော် ဦးပဒုမ္မာ-ဒေါ်ဖြူတို့၏ သမီး မန္တလေးမြို့သူ ဖြစ်လေသည်၊သူ၏နာမည်ရင်းကား မအေးဖြစ်သည်၊ ပိုးအုထီးလပ်ဇာတ် က,ရာတွင် အလွမ်းနိုင်သော မင်းသမီးတဦးဖြစ်ကြောင်း သူ၏ထူးချွန်ချက်တရပ်မှာ ယောကျ်ား မင်းသားများကဲ့သို့ ကတ္တီပါဘောင်းဘီ၊ ပိုးပုဆိုးခါးတောင်းကြိုက်နှင့် ဝတ်၍ (ဒါးကစားက)အလွန်တော်သည်၊ မင်းသမီးယောကျ်ားယောင်ဆောင်ရသော အခန်းများတွင် ကျွမ်းကျင်လှသည်ဟု အဆိုရှိကြသည်။

### ၁၉ အိုးစည်အေးစိန်

ရောင်တစောင်း ဆံမြိတ်ကွင်းထုံး၊လည်ထောင်-ဘာလီကော်၊ လက်ကြပ်ဆင်၍ ကတ္တီပါဘောင်းဘီခံ၊ လွန်းပုဆိုးခါးတောင်းကြိုက်၍၊ အိုးစည်အကနှင့် လူကြိုက်များသည်၊ မျက်နှာချိုနှင့်ရုပ်ချောပြေ့ပြောင်းသူဖြစ်သည်၊ ယုတ်တရက် နာမည်ကြီးလူကြိုက်များလျှက် ၂-နှစ်လောက်သာ ကသေးသည်၊ရန်ကုန်မြို့ လူဂုဏ်တန်ကြီးတဦးနှင့် အိမ်ထောင်ကျရာ၊ ယခုတိုင် သားတွေသမီးတွေနှင့် အသက် ၆၀ ကျော်ခန့်ရှိနေပေပြီ၊ ထိုဒေါ်အေးစိန်သို့မဟုတ် ဒေါ်ဘဝင်းသည် ဒေးဒရဲ ကညင်ကုန်း ဇာတိဖြစ်ကြောင်း။

### ၂၀ အလုံစိန်တင်၊

ဇာတ်မင်းသမီးကြီး အလုံစိန်တင်မှာ ကမာကာဆစ်သူ ဖြစ်သော်လည်း၊ ရန်ကုန် အလုံရပ်တွင်နေသဖြင့်၊ အလုံစိန်တင်ဟု

www.burmeseclassic.com

www.burmeseclassic.com



ခေါ်တွင်ခဲ့လေသည်၊ ဇာတ်ကခြင်းဖြင့် သုံးနှစ် လောက်သာ ကြာသော်လည်း၊ ဓာတ်ပြားသွင်းရာ၌ ဇာတ်ထုတ်အတော်များများ သွင်းခဲ့ဘူးသည်။

"မစိန်တင် ကိုယ်ခန္ဓာ-ခန္ဓာမြင်ရ-ဘာမှမဟုတ်၊ စက်ဆုတ်ရွံဘွယ်ရာ...."ဆိုသော သီချင်းနှင့် "ဖြစ်ကြောင်းရယ်တဲ့ကုန်စင်-ကမာကဆစ် - လက်ပန်ပင်အထက်က - ဇရက်နှစ်ကောင်ထွေးသလို၊တဘက်စောင်ကလေးနှိမ့်လိုက်တော့-လိမ့်ကျရေထဲမှာ - ဗလုံကလေးတွေစိစိ - စိစိ-မယ်တင်ကို မမြုပ်တမြုပ်ထားလိုက်တော့- ဖုတ်ဖွားဖုတ်ဖွားနဲ့ အငုံဓာ်သားနှစ်ယောက်ပေါ်လာ...."

မစိန်တင်က ဇရက်မကလေးလို စွာပုံရသည်ကို၊ မင်းသားဦးဖိုးစိန်က ပြောင်စပ်စပ်လုပ်၍ ဆိုသော သီချင်းဖြစ်၏။

## ၂၀ ဦးဖိုးစိန်+မစိန်တင်(အလုံ)
### နှစ်ပါးသွားဆို

ဖိုးစိန်။ ။အာရုံကိုမဆုံးဖြတ်နိုင်တာက-သုံးတန်ပေသိ၊ ဝိစိကိစ္ဆာ ကုသိုလ်လဲရအောင် တဉာဏ်ပြောင်းပြီးတော့ မမွခန်ကြောင်းရယ်နဲ့ ပေါင်းခဲ့ပါမဲ့ စိန်ဆရာ ရုပ်ဌာဝီသ၊ အညစ်တရားမတော့ သစ္စာထားမဖြင့် ချော့ခဲ့ပါမဲ့ သချာစွာ၊ နက္ခသစ္စာ တကယ်ပင်ဘယ်မမှောင့်ဆိုပေမဲ့-မယ်တင်အရွယ်က ချောဒါကြောင့် နှမြောဒါကြောင့် ဘယ်တောကိုမှ မထွက်နိုင်ဘာဘူးလဗျာ။



စိန်တင်။ ။စိန်တင်ပျိုကို၊ ယမင်းငယ်အလှ -လင်ကြာအရှိန်သည်မလေ ကိုကြီးစိန်ရဲ့ခွာမသွေ-ဘယ်မခေါင်းဘု နဂိုရ်ကြင်မလေ ကျမတကယ်ကောင်းတယ်-ပျိုပျိုတင်မေ(၂) နောက်တခါ မသနားဘွယ်-ကိုကိုလင်ဆွေ နောက်မှာများနဲ့ ပျိုပျိုတင်မေ၊ ခုသူပါလေ မက်ညားတက်လာသာကိဆွေ။

### ဦးဖိုးစိန်ဆို
### နှစ်ပါးသွားအချီအချ

မစိန်တင်ကို ခန္ဓာကိုယ်မြင်ရတော့၊ ဘာမျှမဟုတ် စက်ဆုတ်ရွံဘွယ်စရာ၊ မစိန်တင်-ခန္ဓာ ခန္ဓာကိုယ်မြင်ရတော့၊ ဘာမှမဟုတ် စက်ဆုတ်ရွံဘွယ်စရာ၊ ရိုးပယ်မလွှတ်ပါ သုံးဆယ်နှစ်ကွပ်တာ၊ ၂။ ဟောဒီအကောင်တွေသေပေစေ ဘာမျှမကြာ၊ဥတုမာတကာ၊ ဖူးဖူးယောင်တဲ့အကောင်ပုတ်ကြီးခုဖြစ်လာ၊ ကျုပ်နောက်က ပါတဲ့ ဓာတ်အိုးတို့လဲ သေပေစေ ဘာမျှမကြာ၊ ဥတုမာထကာ၊ ဖူးဖူးယောင်တဲ့ အကောင်ပုတ်ကြီးခုဖြစ်လာ၊ သို့သော်လဲ့ ဘယ်သူသေသေကြေကြေ၊ ဘယ်နှယ်နေဖြစ်ဖြစ်၊ ကျုပ်မတော့၊ မစိန်တင်ဖက်ချစ်ရမှ စိတ်ကြေနိုင်မှာ၊ သို့သော်လဲ ဘယ်သူသေသေကြေကြေ ဘယ်သူဘယ်လိုဖြစ်ဖြစ် မစိန်တင်ဖက်ချစ်ရမှ စိတ်ကြေနပ်မှာ၊ အာရုံကိုမဆုံးဖြတ်နိုင်တာက သုံးသပ်ပေစိ ဝိစိကိစ္စာ။ (၂) ကုသိုလ်လဲရအောင် တည-တည ပြောင်းပြီးတော့၊ မမွခ်ကြောင်းရယ်နဲ့ပေါင်းလိုက်တော့မယ်စိန်ဆရာ၊ ကုသိုလ်

www.burmeseclassic.com



ရအောင်၊ တည-တညပြောင်းပြီးတော့ ဓမ္မခံကြောင်း ရယ်နဲ့ ပေါင်းလိုက်ပါတော့ မယ်စိန်ဆရာ၊ ရုပ်အင်္ဂဝိသံ အမြုတ်တရားမြဲ သစ္စာမထားတော့၊ ချော့ခဲ့မယ်သေချာ စွာ၊ ဒုက္ခသစ္စာတကယ်ပင် ပယ်သဘောဆိုပေမဲ့၊ မယ် တင်အရှယ် ချောတာကြောင့် ဘယ်တော့မ မထွက်နိုင် ပါဘူးလဗျာ။

× × × ×

## ဦးဖိုးစိန်ဆို + နှစ်ပါးသွား သီချင်း

ချစ်ကြွမ်းကြတယ် ကျင်နဲ့လင်စိန်မောင်ကွယ် ချစ် ကြွမ်းဝင်ခါ ကျင်ကျင်ရဲ့လင် ဖူးစာနတ်ပန်တော်ဦးမို့ အထူးဘဲချစ်လိုက်ပါတော့မယ်။ ဘယ်တော့မှမခွာဘယ်၊ စခန်းသွားမတော့ အဆန်းအပြားသစ်စွာရယ်၊ ဖြစ်ပါ တယ်၊ ပဋ္ဌာန်းတရားရယ်နဲ့ လမ်းမမှားဘဲ ရှစ်ကမ္ဘာ ကွယ်၊ ချစ်ပါမယ်၊ ချင်လို့လဲမကုန်ပေ၊ ခုလှစ်ခါကြား လိုက်ပ,ဟောတုပစ္စယာဘရားနဲ့ ချစ်ပြီးလှကလျာရယ်၊ ပစ္စည်းသဟဇာတာ အတိတ်ကာလက မျှခဲ့သမို့စိတ်သာ ချပေတော့ ဒိဋ္ဌဓမ္မပစ္စက္ခာ ခူးစ်လိုက်ပါတော့လားမဗျာ၊ မကျင်ဥကလေးရဲ့ရုပါရုံ ဧောကာမျှ၍၊ မနေသာဒွါရဲ့ ထင်မြင်လိုက်ရာ၊ (၂)သခါသဟလုတ် ကာယဝိညာဏ်ဆို ဘာကိုမျှားတွေ့ထိလို့ထိသောအခါ၊ သောမနဿဖြစ်ပြီး တော့ဝမ်းမြောက်လွန်လို့လိမ်ပြစ်လှချင်လှ ပီတိစိမ့်လွန်း ဖိန့်ဖိန့်တုံလှုပ်တာ၊တကိုယ်လုံးရှိတာ ၇၉၀၀ အရိုးကြော တို့က၊ ဟိုဂ.သည်က တောင့်တင်း ကုန်ပါပကောဗျာ



ဒေါသဖြစ်သပေါ့ငါ၊ ကျုပ်မယားချစ်တာကြောင့် အ ချားမှာတဲ့အသစ်မရှာ၊ ကျင်ဥကလေးကြိုက်တာကြောင့် စိုက်စိုက်ကြီးကြံတာ၊ မှန်စွာ၊ အမြန်မကြာတို့ လင်မ ယား ညားရစေသား၊ ဘုရားမှာ တိုင်တယ်ပြမယ့်၊ ယုံစမ်းပါမှကွယ်။)

× × × ×

## ၂၁ နဂါးမ-မြနှစ်၊

နဂါးမ-မြနှစ်မှာ မင်းသမီးအဖြစ် ကျော်ကြားစဉ်က ဆံ ထောက်ချနှင့် ဖြူဖြူတုတ်တုတ်ကလေးဖြစ်သည်၊ ဦးဖိုးစိန် က,ပြ သော ဂူသိန္ဓုရသေ့ဇာတ်တွင်နာမည်ကြီးသည်၊ ရသေ့ချာန် လျှော့အောင် ပူရသော အခန်းမှာ၊ မမြနှစ်ရုပ်နှင့် နှုတ်ကိုပဲ ကြည့်ပရိသတ်တို့ အထူးသဘောကျကြသည်။

နဂါးမ-မြနှစ်ဟု အမည်တွင်ခဲ့ခြင်းမှာ ဘူရိဒတ်ဇာတ်ပြသော အခါ၊ နဂါးမင်းသမီးအဖြစ် နဂါးခေါင်းဆောင်း၍ ကပြရ သည်ကအစ နဂါးမ မြနှစ်ဟုခေါ်ကြခြင်းဖြစ်သည်၊ပုဇွန်တောင် စက်ဆန်းသူဖြစ်၏ "ပုဇွန်တောင်စက်ဆန်းချောင်ကွေ့-မောင် တွေ့အောင်ရှာမြနှစ်ကလေးပါ...." ဟု သီချင်းရေးဆရာ တို့က ဘွဲ့နွဲ့ထားလေသည်၊ နောက်ပိုင်းတွင် ရန်ကုန်မြို့၌ နာမည်ဆင်ရှား သော ကုန်သည်ကြီးသားတဦးနှင့် အိမ်ထောင်ကျ၍ ဇာတ်အ လုပ်ကို ဖြုတ်လိုက်လေသည်။ဒေါ်မြနှစ်မှာ ယခုဆောင်းပါးရေး သော ၁၉၄၇-ခုနှစ်တွင် အသက် ၅၀-ကျော်ခန့်ရှိ၍ ရန်ကုန်မြို့တွင် ငြိမ်းချမ်းစွာ ရှိနေပေကြောင်း။

www.burmeseclassic.com



## ၂၂။ ယိုးဒယားမသိန်းမေကြီး

ယိုးဒယားမသိန်းမေဟုဆိုလျှင် မဟာဂီတဝင်သီချင်းမှန်သမျှ အံကျစည်းကျနွဲ့နွဲ့လျှလျှ သီဆိုတတ်သူဖြစ်ကြောင်း၊ ဟိုတခေတ်ဆီက လူတိုင်းပင် သိရှိကြလေသည်၊ ရုပ်ရည် ပြေပြစ်ချောမောသည်၊ အသံသာယာသည်၊ အကညက်သည်၊ အရွယ်ကြီးသောအခါ ဦးဘိုးစိန်ဇာတ်တွင် ယိမ်းခေါင်းဆောင်၊ ယိမ်းဆရာမအဖြစ်နှင့် တပင်တိုင်မင်းသမီးအဖြစ် တပါးသွားအကများကိုသာ က,ပြတော့သည်၊ သူ၏သာယာကြည်အေးသော အသံကလေးများကို ခွေးတံဆိပ်ဓာတ်ပြား ကုမ္ပဏီမှရွေးကူးသော ဓာတ်ပြားဟောင်းများတွင် ကြားနိုင်ပေသေးသည်၊ ဒေါ်သိန်းမေကား ပုဂံတောင်ဇာတိ အင်္ဂလိပ်ဂျပန် စစ်မဖြစ်မီကလေးတွင်မှ အနိစ္စရောက်သွားရှာလေသည်။

## ၂၃။ ဒေါ်စိန်မြိုင်

ဇာတ်မင်းသမီးကြီး ဒေါ်စိန်မြိုင်မှာ ဦးဘိုးစိန်၏ အစ်မဖြစ်သည်၊ ဇာတ်သဘင်သည်တို့ တတ်အပ်သော ပညာရပ်တို့နှင့် ပြည့်ဝ၍ သဘင်ဝါရင့်လှသည်၊ အရွယ်ကြီးသောအခါ၊ မယ်တော်ခန်း၊ သူဌေးကတော်ကြီးအခန်းစသည်တို့မှ အလွမ်းအဆွေးကို ထိထိမိမိသယ်နိုင်သောသတ္တိရှိသည်၊ ယခုရှိသော ဆိုင်းဆရာကြီး ဦးဘမောင်မှာ ဒေါ်စိန်မြိုင်၏သားဖြစ်၏၊ ရွာစားစိန်ဗေဒါကြီး၏ အစ်ကိုရင်းဖြစ်သူရွာစား ဆရာစိမ့်မှာ ဦးဘမောင်၏ ဘခင်- ဒေါ်စိန်မြိုင်၏ခင်ပွန်းဖြစ်လေသည်။ ဒေါ်စိန်မြိုင်မှာ ကွယ်လွန်ရှာပြီ၊ ဆရာစိမ့်ကား ဒေါ်စိန်မြိုင်အရင် နှစ်အတန်ကြာကပင် ကွယ်လွန်ခဲ့လေသည်။



## ၂၄။ ဒေါ်ကြင်ယုံ

ဇာတ်မင်းသမီးမကြင်ယုံနှင့် အငြိမ့်မင်းသမီး မကြင်ယုံတို့မှာ တပြိုင်တည်းလိုလိုထင်ပေါ်ကျော်ကြားခဲ့သည်၊ အငြိမ့်ကြင်ယုံမှာ မြိုးကနဲတက်လာပြီး ရုတ်တရက်ပျောက်သွားသည်၊ ပျောက်ရသည့် အကြောင်းမှာ သူဌေးတဦးနှင့် အိမ်ထောင်ကျပြီ၊ ဇာတ်အငြိမ့်အလုပ်ကိုလက်လွှတ်လိုက်ရသောကြောင့်ဖြစ်လေသည်။

ဇာတ်မင်းသမီး မကြင်ယုံမှာလည်း အများအားဖြင့်မင်းသား အဝတ်နှင့် ကပြရသည်ကများခဲ့သည်၊ သူလည်း ၂-နှစ် ၃-နှစ် ခန့်သာ ကပြရသေးသည်၊ မင်းသား ဦးဘိုးစိန်နှင့် အကြောင်း ဆက်မိရာတွင် ဇာတ်စင်ပေါ်သို့တက်၍မကရတော့ဘဲ သားသယ် အမေအဖြစ်နှင့်မနေရင်းက ဇာတ်အိမ်ဇာတ်ကွက်များတွင် ဖြည့်စွက်သင်ကြားပေးခြင်းဖြင့် တဘက်တလမ်းအကူ အညီပေးခဲ့သူ ဖြစ်သည်၊ ဒေါ်ကြင်ယုံမှာ ငယ်စဉ်အခါ မင်းသမီး-ဘဝတွင် သေးသေးကွေးကွေးနှင့် ယဉ်စစကလေးဖြစ်လေသည်။ စာရေးသူ ခဲခဲယဉ်းယဉ်းမွှေနှောက်ရှာဖွေခြင်းကြောင့် ဒေါ်ကြင်ယုံငယ်စဉ် မင်းသသမီးအဝတ်အစားနှင့် ဓာတ်ပုံတခု တွေ့ရလေသည်။ ယခု အခါ ဒေါ်ကြင်ယုံသည် အသက် ၅၇-နှစ် (၁၉၄၇ ခုနှစ်က) ရှိလေပြီ၊ ကနက်စိန်၊ နယ်လီစိန်၊ စိန်ကြိုင်၊ လီလီစိန်၊ တသက်စိန် စသော သားကြီးသမီးကြီး တတွေနှင့် မြေးငယ်ဘုစုတို့၏အဖွား အေကြီးဘဝသို့ပင် ရောက်ရှိနေရှာလေပြီ၊ ဒေါ်ကြင်ယုံသည် ရန်ကုန်ဇာတိ၊ သူဌေးမာဖီရာအမျိုး အနွယ်အဆက်ထဲမှ ပေါက် ဖွား၍ တရုပ်ကပြားသွေးမကင်းသူဖြစ်သည်။ ဇာတ်သဘင်မျိုး မဟုတ်ပေ၊ ၁၉၆၆ ခုနှစ်တွင်မှ ကွယ်လွန်ခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



## ၂၅။ ယုဇနအေးစိန်

"ယုဇနကလေးက ပို့တဲ့မေတ္တာအပြည့်ပြည့်အရှာရှာ မလစ်ခဲ့ပါဘူး၊ ရောက်သမျှမြို့ရွာ ချစ်ကြပါတဲ့ အသစ်ကလေးမို့ ကြာမူပါ–ပါ..."

ခေတ်သည် အဆန်းအသစ်ကို လွန်စွာကြိုက်သည်၊ မြင်နေကြ ကြားနေကြအသံတွေ၊ အာရုံတွေကို မြင်ပါများလာသောအခါ ရိုးပြီး ငြီးငွေ့လာတတ်ကြသည်။ အပျင်းပြေ ဇာတ်ရုပ်သေး အငြိမ့်များ ကြည့်ရမြန်ပါကလည်း တခါလာ မဲပြာပုဆိုး၊ ယိုးဒယားအက၊ ယိုးဒယားသီချင်း၊ ပတ်ပျိုး၊ ဘွဲ့၊ ကြိုး၊ ရေလား တောလား၊ အေးအေးဆေးဆေး လေးလေးတွဲ့တွဲ့တို့နှင့်သာ ထပ်တလဲလဲ မြင်တွေ့နေရခိုက်တွင် အထက်ပါ ပူပူနွေးနွေး၊ ဖြတ်ဖြတ် လပ်လပ် သံနှင့် ဇိုးဇိုးဇပ်ဇပ် ကပြီး၊ ခုံမျက်စကလေး တဆတ်ဆတ် လှုပ်ပြလိုက်သော ယုဇနအေးစိန်အားအဘိုးကြီးမှအစတခုလပ်က ကာလသားအထိ ရှိုးတွင်းချဉ်ဆီကို ကလိပေးလိုက်သလို ရင်ဖိုငေးမောသွားကြတော့သည်။ မျက်နှာကလေးကပြုံး၊ မျက်လုံးကလေးကပလီပြီး ပရိသတ်ဘက်ကို မျက်စချီ မျက်စပစ် လုပ်ပြသည်ကို (ကြာ)ပေးသ ဟုခေါ်ကြသည်။ ထိုကြာသီချင်းကို ယုဇနအေးစိန်ကစတင်လိုက်ပြီးသည့်နောက် မြန်မာပြည်အရပ်ရပ်ရှိ အငြိမ့်သမ၊ ဇာတ်သမတွေမှာ မနေသာတော့ဘဲ အားလုံးပင် (ကြာ)ရောဂါကူးစက်ကုန်ကြတော့သည်။

သီချင်းရေးဆရာတို့ ကလည်း ဈေးပွဲလာ ပရိသတ် ကိုကို ကာလသားတို့အကြိုက် ကြာသီချင်းတွေသာ လိုက်ရေးပေးကြတော့သည်။ ကြာတပ်ကြီးချီ၍ ကြာပေးကြတော့သည်၊ သို့နှင့်



ယုဇနအေးစိန်ကား ကြာသီချင်းနှင့်ကြာပေးခြင်းကို အစထွင်ခဲ့သူဖြစ်သည်၊ သူ့သီချင်းကြောင့် သူ့အမည် သူ့သတင်းလည်း တနိုင်ငံလုံးဇနပုဒ်မကျန် သူ့အမည်ကို လူသိများသွားလေသည်၊ သူ့ခေတ်နောက်ပိုင်းအချိန်တွင် ယုဇနအေးစိန်သည် ဇာတ်မင်းသမီးအဖြစ်နှင့်အခြားနာမည်ကြီးကြီးဇာတ်မင်းသား ဘလပ်စသည်တို့နှင့်တွဲကခဲ့သည်။ နောက်ဆုံး အချိန်တွင်မှ ဇာတ်မင်းသား ဦးဘိုးစိန်ကြီးနှင့်တွဲဘက်ကပြလေသည်။

ထိုအချိန်မှာ နှစ်ယောက်လုံး အသက် အရွယ်ထောက်လာပြီဖြစ်၍ နှစ်ပါးသွားသီချင်းများကို ဖေတော့ မောင်တော့တွေ မပါတော့ဘဲ တဆူးခမ္မလေသံကြောင်း၍ စပ်ဆိုကပြကြပြီဖြစ်ရာ၊ ဦးဘိုးစိန်တို့ နှစ်ပါးသွား သီချင်းအဖြစ် မဟာဂီတ ဆရာကြီး ဦးမြ ချိုကိုယ်တိုင် ရေးစပ်ပေးသော (ဘုံမှုဘာ)သီချင်းတွင်–

"ဆဲ့တဘုံသားမို့ ယောင်းကိုလင်ကချွင်ခဲ–အနှိုစ္စ အမြဲပင် တဆိတ်ကမှ မခွဲချင်၊ ဇောကာမဂုဏ်မခြားတဲ့ခင်၊ မနေ့အာရုံပွားတဲ့လင်၊ မယ်အေးရဲ့သံယောဇဉ်၊ အေးစိန်ရဲ့သံယောဇဉ်"

စသောအပိုဒ်များ။

### ယုဇနစိန်အတွက် (ဦးဘိုးစိန်၏)
### ဘုံမှုတာသီချင်း

ဘုံမှုဘာမှာ ကြုံလေသမျှ ကာမစိတ်တွင်တစ္ဆေနဲ့ မေ့တော့ ငါးဆယ်လေးဝပင်၊ ယောဒီလောက်တခွင်၊

www.burmeseclassic.com

www.burmeseclassic.com



တွေ့မြဲဆုံမြဲမမှတာပင်၊ သမုဒယသံယောဇဉ်၊ နွယ်ကြိုး ငြိတဲ့လင်၊ ချစ်ကြင်နာမေတ္တာ မေတ္တာလွန်ကဲလွန်ကဲ၊ လွဲမသွေပါစေတနာထားလို့ သူများတဲ့ပိုဟဲ့လင်။

ဒွတ္တိ'သ-တောင်ပဋ္ဌာဏ၊ လွတ်ငြိမ်းရအောင်ရှာမရ၊ ကာမကိလေတခွင်၊ ခင်ခင်မင်မင်ချစ်မဝနိုင်တဲ့လင်၊ပရိဟမော ဟ စိတ် တွင်၊ဘ ရိ ယာ မ ယား ကို စော လှ တဲ့ စိတ်တွင်။

ကာမဆဲ့တဘုံ မယားကိုလင်ကချစ်ခင်၊ အနိစ္စအမြဲပင်၊ စိတ်ကမခွဲခြင်၊ ဇောကာမဂုဏ်တရားနဲ့ဆင်ခြင်၊ မနေ့အာရုံပွားတဲ့လင်လင်၊ ဧစိန်ရဲ့သံယောဇဉ်ကြိုက်တဲ့ သံယောဇဉ်။

၇၉-သွယ်ကောဝုဒ္ဓိတရားယခုအရှိသား ရှု့ကြည့်များ စဉ်းစားဘွယ်၊ ခင်ခင်မင်မင်သဘောနဲ့ပြောပြမယ်၊ကြင်ကြင်နာနာသနားတယ်၊၅၄-သွယ်စေတသိက်ရယ်နဲ့ပုတုဇဉ် သဘာဝမို့ ချစ်ရခင်ရ၊ ကြင်ရပါတော့တယ်။

ထောင့်ငါးဆုကွယ်မှောင် ကိလေသာ မကောင်းတယ် ရှင်းပယ်၊ ခုဝယ်နုနယ်ရှု့မယ်ပုရယ်) မေတ္တာတရား ပွားများပါလို့ကြံပါတယ်၊ စိတ်ကြံဒိဋ္ဌာန်ပါလို့ချယ်၊ အမှန်ပါကွယ်၊ ကြံကာရွယ်၊ ပါရမီကံသုံးတယ်၊ အဆုံးတိုင် ကြံပါမယ်။

× × × ×



## ဦးဘိုးစိန်-ဆို

## ကုသမင်းနှစ်ပါးသွား

ဖေစိန် သွေမလိမ်မောင်တကယ်၊ အမျိုးမဟာနွယ်၊ မစိုးလိုက်ပါနဲ့ကွယ် ၂-အားရပါးရနေ့ဘ်ကွယ်၊ ညားစပါစို့တကယ်၊ အဆိန့်အအိနွယ်၊ ဘိန့်ဆိနွယ်သို့ (ဟာလူ ဒါငယ်အရသာကြွယ်၊ မယားဖော်တယ်လို့ စပွဲထိုင်လိုက်မယ် ၂-) အိုယမင်းလေးကညာမယ်ရယ် မညင်းလေပါနဲ့ (မအေးစိန်) လေးရယ်၊ လူပုံလယ်၊ မူပုံရယ်၊ ပူပုံတမျိုး၊ ကျုပ်ကတိုးလေရပ်တယ်နဲ့ ခပ်ပမယ်၊ မွေ့ထုံရနံ့ဖြာကြွယ်၊ စပွဲသင်ဇာမှာ၊ ယမင်းအေးကညာ တယောက်ကယ်နဲ့ ရင်လေးပမာ ထောက်ထောက်ပြီးတော့၊ မြှောက်ခါရယ် သုံးဆောင်လိုက်ပမယ် မယားကြိုက်ကိုတော့ အားစိုက်ပမယ်၊ ဆယစ်ထုံး ပြစ်မမှုံး မအေးစိန်လေးရယ်။

\+ + + ×

## ဦးဘိုးစိန်-ဆို

## ကုသမင်းနှင်ပါးသွား

ဘုရားဆုကိုပန်သမျှအနန္တ၊ အကြိမ်ကြိမ်အထင်ထင်၊ ဘဝကုသိုလ်ပရိပရကံကစံမမျှ၊မအေးစိန်လင်လင်၊ မောင်စိန်ပတိန်ညင်ပေးမယ်ပ၊ ပစပ်မကြွားပေါင်၊ ဇာတ်သမားအလုပ်နဲ့၊ လုပ်ရတာသာ၊ သဘာဝအကြိမ်ကြိမ် နောင်တန့်ခိုးမတိန်သပ၊မောင်ဘိုးစိန်တ၊တဖက်သတ်မဆိုဘာတ်

www.burmeseclassic.com



ပေါင်ဗျာ၊ လက်မှတ်ထိုးလိုက်ပါတော့မယ်တမင်- ကြည့်လေမယ်အေးရဲ့၊ ဟောဒါမှမယ်အေးလင်လင်၊ ဒီနှစ်ကမှ ကြံခါဖြန်ကာတည်ထွင်၊ သဘင်ဇာတ်တိုင်းမှာ ပျော်ပျော်ကြီး ရွှင်ရွှင်ရွှင်ရွှင်၊ (ရွှေးကုသိုလ်ဒါနသီလသည် ဘဝအကျိုးရှိ ဘိုးစိန်တည်ထွင် ၂-) လက်တဲသစ်ကမှ မကြွားပေါင်၊ ဆယ့်တနှစ်သားကမင်းသားလုပ်ခဲ့၊ ခင်ခင်မင်မင် တကျွန်းလုံးသိရဲ့၊ မအေးစိန်လင် အေးစိန်လင်၊ လျော်စွာနှင့်မဖြန်းတတ်ပေါင်၊ခုချမ်းသာတွင်၊(နေခင်အကျိုးမတိန်သပ) ၂-ကြော်ငြာကမ်းလို့ လူ့ာမ်းမှာတမင်၊ မောင်ဘိုးစိန်ဗျ-မောင်ဘိုးစိန်ဗျ၊ တကယ်ရှင်းရှင်း၊ လယ်ပင်းကိုဖြတ်ပါတမင်၊ ထားပါစို့၊ မယားကညာပျို့ရယ် ပရှိညာဉ်။

\+ \+ \+

### မအေးစိန်-ဆို (ယုဇန)

### ပပဝ္စတီပင်တိုင်ရောက်၍ရှက်၍ငို

ရှက်စရာနင်ချိန်လို့မကြည့်တာက၊ တသက်မှာဘဝင်ငြိမ်ဘို့ရှိဘမလေ (အမယ်မင်း) လင်လိမ်မိပါပေါ့၊ မိပဘာခယပရိယာယ်ကုတော်၊ အခြေမကျ မသိခင်က၊အလှတံမိအပါမြူ့ရှိ၊ မကြာဆောင်ယူသူ့ပြေတိုင်းကို၊ ရိုင်းဘို့ရောက်လာ၊ ညီအလယ်လေဘန်တင်ပြပါလို့၊ ကြည့်စယ်မယ်ခန်းဝင်ကျတော့ကမှ၊ နန်းဇာဉ်တမျှ လင်မယားအရာ (အမယ်လေး) အသွင်မလှတာတွေကြောင့် လိမ်ညာဏ်

နော၊ ကံအဆင်းမှာလလေ၊ ခံပြင်းအောင်၊ ကြာတက်ကြားဆိုက၊ လက်ဖျားဆွဲငင်လို့၊ လွဲလေသရှင်လို့မပြတ်တခါပြောလိုက်တော့ကမှ၊ မျက်နှာတခုလုံး အမဲအပဲ အကွက်တွေနဲ့၊ တကတဲမပျက်စရ ကျွန်မခန္ဓာနှမြောလိုက်ပါဘိ (မဂ္ဂုဿရယ်) သရဲသဘက်တွေထက် အဆတရာနှစ်ရာကျော။

\+ \+ \+

### မအေးစိန်-ဆို (ယုဇန)

### ပပဝတီမင်းသမီးဆိုသော ယိုးဒယားကြိုးသေးတယ်

ကြိုးသေးတယ်၊ကုံဆွေးဗျာထုကြွယ်. ဘယ်ရွှေးကံငယ်စိမ့်ဖန်တော့တယ်၊ မောင်ကြီး မြင်လှဲ့ပါတော့ကွယ်၊ အိုကြာကြာပန်းတောက်၊ နန်းနေနွယ်၊ ငိုပွဲငယ် ပျိုချောမယ်၊ နေမင်းဖန်ဝါ၊ စံစံရာဝင့်ထိန်ဝါရွှန်းကွယ်လို့၊ ရွှေဒေါင်းညီအိပ်ချိန်မို့၊ ငွေဒေါင်းညီအိပ်ချိန်မို့၊ မြိုင်ရိပ်မှာ မေပျို့ရွှေကို၊ လွမ်းရန်ကပို။ ။

× × ×

### ဦးဘိုးစိန်

### မင်းကုသတဖန် ထပ်ပြော၍ငို

တကယ်အမှန် အသရေမနွတ်ပါဘူး၊ အထယ်ခံမသွေ့စုတ်သော်လဲ (အမယ်လေး) ရွှေထုပ်ပါတဲ့မြပုဒါသို၊ ကိုကဓိတာ့လေတံခွန် မပြုလိုက်ခြင်လို့၊ ဝံသနွယ်သဘကီမှန်ပါရဲ့၊ ပါရမီအခံသာကောင်းအောင်လုပ်ခဲ့တယ်၊ မောင်း

www.burmeseclassic.com

www.burmeseclassic.com



ဗုံဒွင်ါတုမှိုးရန်စံမမျှကြနဲ့၊ ဆုကြီးပန် အကြံမချပြီဘု၊ ထန်လှတဲ့မိပဘာရယ်၊ နိဝရဏအရာကိုတော့လွှတ်အောင်ရုံး၊ မပေါင်းထိုက်စရာမှာလေလေ့၊ အကြောင်းမိုက်ကယ်ဘယ်လိုပါစေတော့၊ စောင်းကလေးကိုပိုက်ခါ တွေ့အောင်လိုက်တော့မပ၊ ယနေ့ကစပြီး၊ စိုက်စိုက်ဒုက္ခာဒုက္ခာလို့တချင်တော့၊ ဥတ္တမောဘဂဝါမင်းလောင်းပါကဘဲ(ပြေးနိုင်ပမလား ပဘာပတီရယ်) တွင်းအောင်းလို့ ဘဝတရာနှစ်ရာပုံး။

\+ \+ \+

ဦးဘိုးစိန်

မင်းကုသနှင့်ပပဝတီနှစ်ပါးသွားတီးလုံး

မောင်စိန်က တရားကပါသဗျာ၊ ကံနှစ်ဖြာကြေးလှို၊ သံဝါမေထုံ၊ နောင်ခါ ဗာရှိန်ကြွားမှာက၊ မန္တလာဇေယျုံ ဟံသာရွှေဂုံ၊ ကရာမှာညအခါမနောက်ပါဘု၊ ဘုရားတကာတယောက်ပါကွဲ့ မင်းကစိတ်ချယုံ ၂-စိုးရိုမ်စရာ၊ စိုးရိမ်စရာ၊ စိုးရိမ်စရာ၊ ဘိုးစိန်ကလုပ်ခဲ့လျှင်၊ အလွမ်းကြွမ်းနဲ့တုပ်ပြီးတော့၊ ခင်ဗျားရိုက်တော့အကုန်၊ အပြုတ္တစရိတ္တာသိက္ခာပုဒ်ထိမ်းပါရဲ့၊ ကြက် သိမ်းထ ပြီးကရင်းပြုရင်း ဆတ်ဆတ်တုန်။ ■

\+ \+ \+ \+



မအေးစိန် (ယုဇန)

ပင်တိုင်ရောက်ပြီးနောက်ဝန်မျှားနှင့်တွေ့ရှိငိုချင်း

ခင်းမဖွယ်မမှတာဖက်ထာမို့၊ ညွှင်းစပယ်နံ့သာဖြင့် ပြုက်လိမ့်မယ် (မဂုစ္ဆာရယ်)တခါငှင့်ခက်ပါပေါ့မိပဘာ ရှု့မဆနိုင်ဘုတော်၊ ကုသကျွန်ယောင်ဆောင်လို့၊ ညီတော်မောင်လိန်လေနဲ့ကို၊ လွှဲပေါ့သည်ခါ၊ မေမမျှော်တခါကျချည်ပေါ့၊ သေအချာခဝါကျခါမှ၊ ငါပမည်သညာ၊ သည်တွင်ဟာခါမှုရှုပ်သွင်ကွဲ(အိုတော်)ကြည်လင်စရာပ၊ ကျပ်အထင်လွဲ၊ အဆင်ငယ်တံတယ်လေလေ့၊မြင်ပြန်လျှင်အရှက်ကွဲစေဘို၊ လက်ဆွဲကာရေကံတော်ဦ၊ ဗေ့သဟံကျော်ကျော်လို့ဘဲပြေးခဲ့ရ၊ မင်းသတ်သမျှရမက်လွှဲချီပေါ့၊ (မင်းကုသမှာတော်) သွေးပျက်စရာ သဘက်သရဲ။

\+ × ×

ဦးဘိုးစိန်

နှစ်ပါးသွားတီးလုံး

သုံးထောင့်ငွေ အရင်းအနှီးလေ ခင်းသမီးကလေးတလက်တွင်ဗျာ ၂-နှစ်စဥ်မကျန်ပါ-ထောင်ကလာခဲ့သေးတယ် မယ်အေးရယ်၊ လူပြုက်လူကြမ်း အညွန့်နှင့်သေ ၂-ကားဆွဲနဲ့မင်းသားလတ်တောင်မမေးနဲ့တော့၊ သူငွေတွေခေါ်ခဲ့တမေ၊ ငါမူးငွေလေ သည်ဒက်ကိုသည် [illegible] တွက်ရောက်လို့ဖေ၊ နှစ်ကောင်ကို ဝင်လာသူတစ်



www.burmeseclassic.com

www.burmeseclassic.com



သတင်းထုတ်ခါဝမ်းရယ်၊ ထမင်းတလုပ်ဗျာ၊ စားဘို့အရေးနဲ့ဖူးကချေးခြေပေါ်ကျပြန်ရှလေဗျာ၊ အလှဆုံးရယ်၊ တညလုံးစိတ်ထဲမှာ (အိုယောကျ်ားဘသား) င-မယားအကောင်မကလေး၊ မစိန်အေး (ဘိုးစိန်ကထိချင်ထိချင် အေးစိန်က မထိချင် မထိချင် ၂-) အားရပါးရ၊ မယားကမှကိုင်ချင်ပရိတ်သတ် သဘောမကျဘူး လောကမြက်မြင်၊ ငြိမ်ငြိမ်နေပါ သဲညီးခံပါ၊ နှစ်စုံတွဲလိုက်ပါလို့၊ ရုံပွဲမှာပျော်ဘို့ရှင်ဘို့၊ မယားတဦးရဲ့ အများထက်ထူးဘို့ မကြွားဘူးကြံဆောင်၊ သစ္စာနှံစို့ သစ္စာနှံစို့၊ ငွေပေးတဲ့ ရွှေသူငွေးတို့ရှေ့တွင်၊ ညိန်ညိန်ခံသခြင်။

+ + + ×

က-အထူးထင်ရှား သိနိုင်လေတော့သည်။

ယူဇန အေးစိန်မှာလည်း မာဖီယား အနွယ်အဆက်တဦးဖြစ်၍ ဦးဖိုးစိန်၏ ဇနီးဒေါ်ကြစ်ယုံနှင့် ဆွေမျိုးမကင်း တော်စပ်လျက် ဇာတ်သဘင်မျိုးရိုးမှ ဆင်းသတ်ခဲ့သူမဟုတ်ပေ၊ ဒေါ်အေးစိန်သည် အသက် ၆၀ ကျော်ခန့်ရှိ၍ အင်းစိန်အပိုင် ထန်းတပင်မြို့တွင် နေထိုင်သည်ဟု သိရှိရလေသည်။

## ၂၆ မြခေျကျင်း၊ မငွေမှိုင်၊

ယနေ့အထိ နာမည်ကြီးဆဲဖြစ်သော မင်းသမီးကြီးတဦးကားမြခေျကျင်းခေါ် မငွေမှိုင်ဖြစ်လေသည်၊ လွန်ခဲ့သော နှစ်သုံးလေးဆယ် ကာလကပင် အထက်အညာဆိုလျှင် ရှမ်းပြည် ရှမ်းရွာ တောကြို့တောင်ဖျား ရှိမြောင်ကြားမကျန်၊ အောက်အရပ်မှန်သမျှမှာလည်း မြစ်ဝကျွန်းပေါ်တလျှောက်မှ၊ ချောင်းကြို့မြောင်းကြား၊ အင်းအိုင် ပက္ကားများမကျန် "မြခေျကျင်းငွေမှိုင်" ဟူသော အမည်ကို နှုတ်ဖျားတွင် မသိမဆိုမိသူ မရှိသလောက် ရှားခဲ့သည်။



သိဆိုရန် ခေတ်စားလာသော သီချင်းကား—

ဒီကနေ့ညဖြင့်လာမတဲ့ဆို၊ ယုံရမှာလားအကို၊ ကျမနဲ့ နီးတဲ့ရွှေကျီးညို-သာလိုက်ပါအုံးဆို၊ ရွှေကျီးညို-ရွှေကျီးညို၊ ၊အောင်ပင်လယ်-ခအာသထဲကရွှေကျီးညို၊ ငွေမှိုင်လာချင်ဆီးလို့ကြို။

ဟူသော အဘိုးအို အမယ်ကြီးသအား ထားခြေပြာတတ်စခလေးငယ်အထိ၊ နှုတ်ထက်ရနေကြသော နှန်းဘော်ရှေ့ဆရာတင် ရေးသည့်၊ မြခေျကျင်းငွေမှိုင်ဆိုသော ရွှေကျီးညိုသီချင်းပင်ဖြစ်လေတော့သည်။

ဒေါ်ငွေမှိုင်မှာ ဇာတ်သဘင်တွင် ပါရဂူတသူအဖြစ် ထေးစားခံရသည်၊ ယခုအသက် ၆၀ ရွယ်ရှိ၍ ကိုယ်တိုင်မကတော့အဲ ရွှေမန်းတင်မောင်၊ ရတနာပုံခင်ကြည် စသော နာမည်ကျော်ဇာတ်သဘင် ပညာသည် တပည့်များကို၊အမျိုးအပြားမွေးထုတ်ပေးနေသူဖြစ်လေသည်။

## ၂၇ ပဲခူးမယ်ကြော့

ဆူးလေနတ်ကြီးကို၊ ပုဆိုးနှစ်ထယ်ဝယ်ကန်တော့မယ်ပါ၊ ပဲခူးမယ်ကြော့ရအောင်လို့-အမယ်မင်းမှ တော်မူလိုက်ပါ-ဆိုသောသီချင်း ခေတ်စားသလောက် ပဲခူးမယ်ကြော့။

www.burmeseclassic.com

www.burmeseclassic.com



## ၂၈ ဒေါ်ဩဘာသောင်းသီချင်း

ဩဘာသောင်းဆံရစ်ဝိုင်း ယောင်ပေစုံးနှင့်(၁၀)နှစ်သမီးခန့်က၊ နာမည်ကြီးအငြိမ့်မင်းသမီးအဖြစ်၊ ဦးစက်ကွင်း၏ အငြိမ့်တွင် သီဆိုခဲ့သော သီချင်း။

**၁၉၁၅-ခုနှစ်လောက်က သီဆိုခဲ့၍ နှစ်ပေါင်း ၅၀ ကျော်ပြီဖြစ်ပါသည်။**

**(နှစ်ကောင်က ဘာဂီသီချင်း)**

သန်ကောင်အကျတွင် နှစ်ကောင်က၊ ဘာဂီပြင်၊ ရှောင်မရ အသာတကြည့်ပင်၊ မသောင်းတင်တင်ခလေး ကျမဟာမို့၊ တွေ့မရနိုင်ဘူးရှင်၊ ချက်ခြင်းပင်၊ လက်ငင်းရှင်၊ဇွတ်အတင်းလာလို့ သူပွေ့တင်၊ လွှတ်ရှင်၊လွှတ်ရှင်၊ ကြီးမများနဲ့ စွီးတားသခင်။

ညအခါတွင်၊ ယတယာဆင်ပါလို့၊ ပျိုစိတ်ကူး၊ လူ့ဘဝမကြုံအောင်ထူး၊ ဖူးစာခိုင်ပြိုင်ဆိုင်တော်မူတဲ့သခင်၊ လွှတ်စမ်းပါအုံးရှင်၊ စိတ်ထဲတွင် ကြိတ်နှဲ့သရှင်၊ ရိပ်ခနဲလာလို့ သူ့ကိုမြင်၊ မလှုပ်ခြင်၊ အဟုတ်ပင်၊ ရှုပ်သရှင် ချိန်းထားမို့ မစိမ်းကားနဲ့သခင်။

ဂျူလဝမ်ကလေးခင့်သောင်း၊ ဆလံပေးခွင့်တောင်းကို စက်ကွင်းဆိုသလို၊ ရထားကိုသူကမောင်း၊ ပျို့ပျို ယမင်းအလှသောင်း၊ ဒို့နှစ်ကိုယ်အတွင်းက အောင်း၊ ရထားအလာမှာ၊ ကာတစ်ဆိုင် တောင်ဘက်သို့မောင်း။



သောင်းသောင်းရီးစားပျို၊ ငိုမလို သေလိုက်ခြင် အလိုရှင်၊ ကိုယ်ပင်သရမ်းလှချီရဲ့၊ လမ်းဆုံကွေ့တွင်၊ ယူထဲတွင်၊ လီဆွဲငင်၊ သူဘဲလာလို့သာပွေ့တင်၊ ဇွတ်ပင်၊ ဇွတ်ပင်၊ မိန်းမသားမို့ ပျိုကြောက်သရှင်။

မှတ်ချက်။ ကားမပေါ်မီ မြင်းနှစ်ကောင်က ဘာဂီရထား ပက်လက်နှင့် မြင်းရထားလုံးများသာ အသုံးပြုချိန် ဖြစ်သည်၊ ကာတစ်ဆိုင်ဆိုသည်မှာ၊ မန္တလေးဘီလမ်းရှိ ပြေပ်ဆုံ တံဆိပ် အင်္ဂလိပ်ဆေးဆိုင်ဖြစ်ပါသည်။

ယောင်ထုံး ဆံရစ် ဆံတောက်အရွယ်က သီဆိုသည်၊ ရန်ကုန်သို့တခေါက်ဆင်းသွားရာမှ မန္တလေးပြန်လာသောအခါဆို ည်၊ အနည်းငယ် ကြမ်းသော်လည်း ခလေးအရွယ်ကဆိုခဲ့ခြင်းဖြစ်၍ ပရိသတ် လက်ခံခဲ့ပါသည်။

**ပြန်ပေါင်းထုပ်သီချင်း**

ဘိုကေ၊ ဘီအေ၊ အက်ဖမောင်—တို့၊ဩဘာသောင်းရှင့်လာပြီ၊ ဩဘာသောင်းရှင့်လာပြီ၊ ဒီနှစ်တွင်ဖြင့်ကံဆိုးသည်၊ ဒီနှစ်တွင်ဖြင့်ကံဆိုးသည်၊ ရန်ကုန်-ရန်ကုန်ခွဲကာသွားမိတို့၊ အသဲနာလှသည့် ပျိုအလှမဒီ၊ဘိုကေတွေ့ပြီ၊ ပျိုယနေ့ကြည့်၊ အချစ်သစ်နဲ့ ကစ္စစ်အကုန်ပေးမည်၊ (အကုန်ပေးမည် ၂)။

နမ်းလိုက်စမ်းပါ့ ကိုဘိုကေရယ်၊ သနပ်ခါးမျက်မှာ မနှမြောပါဘူး၊ ကုန်ခဲ့တဲ့ရက်တွေကောလန်လို့၊ ဒေါ

www.burmeseclassic.com



သဖြစ်လှပါသည်၊ ယနေ့ညတော့တွေ့ကြပါပြီ၊ နေမဝင်ခင်တောင်၊ မရှောင်ပေါင်၊ ခြင်ထောင်ဗျို့တမေချပါလို့၊ လင်မောင်ဘိုကေအလှရယ်နဲ့၊ အားရပါးရ နှစ်ယောက်ထဲကြည်၊ ဘိုကေတွေ့ကံကောင်းလို့၊ မသောင်းလာပြီ၊ တွေ့ကြပါပြီ မျက်နှာမပြောင်းလိုက်ပါနဲ့၊ ပြန်ပေါင်းထုပ်မည်၊ချစ်တဲ့သူတွေ့ကံကောင်းလို့၊ ပြန်ပေါင်းထုပ်မည်၊ တူနှစ်ဖြာကြည်၊ တူနှစ်ဖြာကြည်၊ (တူနှစ်ဖြာကြည်-အိုးမောင့်၃။) ဩဘာ-ဩဘာခင်သောင်း၊ ဩဘာဩဘာခင်သောင်း၊ ကောင်းသည်၊ ကောင်းသည်၊ ကောင်းသည်၊ ကောင်းသည်၊ စက်ရာ မှာမက်စရာတွေကညီ။

ဩဘာသောင်းဆို

စုံနံ့သာမြိုင်လယ်သီချင်း

သယောဇနှင့် ကောင်းပါပေသရှင်၊ ပေးကွယ်စုံနံ့သာမြိုင်လယ်၊ စုံနံ့သာမြိုင်လယ်၊ သောင်းနှင့်ပျော်မယ်၊ ဘိုကေမောင်ရယ်၊လမ်းရှောက်လို့ဆိုမယ်၊လူမသိအောင်အလွဲနော်ဆက်ဆံ၊ ကျွဲကော်မျက်မှန်ရုပ်ကို ပြောင်းလို့အုပ်ထုပ်ဆောင်းကာ သောင်းပါလိုက်မယ်၊ စုံနံ့သာမြိုင်လယ်။

သည်ဆိမှာကွယ် အသင်းတွေလာတယ်၊ အပျင်းပြေစရာငယ်၊ အတီးတွေခရာတယ်၊ တီ ပုံရင့်ညောင်း၊ လက်သံကောင်း၊ မသောင်းခင်လဲ လိုက်ပါရစေ အိုးကွယ်၊ လူပျိုလယ်လိုက်ရတာငယ်၊ အိုက်လှပါတယ်၊ ဩဘာ



မယ်သောင်း၊ မရွှေသောင်း၊ စုံနံ့သာမြိုင်လယ်၊ ရင်ရင်စေဘို့သာသာယာယာ၊ တောင်းပန်ပါတယ်၊ စုံနံ့သာမြိုင်လယ်၊ သယောကိုလဲဝါသနာပါသူရယ်၊ဟောတာကမှကျွန်မကယ္ယမယ်၊ အတူတူဘဲ၊ နေကြစို့ရဲ့ပျော်မှာဘဲကွယ်၊ ပေါ်လာခဲတယ်၊ ပျော်မှာဘဲကွယ်၊ ဆရာတင်နန်းတော်ရှေ့က၊ ပဒုမ္မာအိုင်ဝယ်၊ စုံနံ့သာမြိုင်လယ်။

× × × ×

ဩဘာသောင်း....ဆို

ဇာကွဲသီချင်း

နန်းတော်ရှေ့ဆရာတင်ရေးသည်

(ခြေဆင်း)ချစ်သမျှကို မြင့်မိုရ်ရွှေတောင်လုံးသာသမ၊ စိတ်ထဲရှိတာ မမုန်းနိုင်လွန်းလို့၊ အကုန်လုံးကြုံး၍မဆုံးတိုင်သွန်သင်မည်၊ မမုန်းနိုင်အလွန်ခင်သည်၊ ကျွန်မတလွဲရင် ဘယ်အငြိမ့်ပွဲကမှ၊ မောင်သွားမကြည့်စေချင်ပေါင်အတည်။

အော်...ဒါတော့လဲမင်းလွန်တယ်ထင်တယ်၊ သောင်းတင်မဒီ၊ စိတ်မဖောက်ပြားပီးရောပေါ့တဲ့၊ မသောင်းနဲ့တူတဲ့နှမငနဲ ဇာကွဲမကလေးကတောင်၊မောင့်ကိုလေကြိုက်ပါရစေလို့ ဆိုလိုက်ပြန်ရင်ဖြင့် တခါထဲ ဆောင့်အောင့်မည်၊ ဦးဘိုကေရယ်၊ ကျွန်မအမြဲဟာဒယစွဲဇာကွဲတယောက်ဖြင့် တော်ပါပြီ။

www.burmeseclassic.com

www.burmeseclassic.com



မြန်မာနိုင်ငံ ဘုရင်နန်းမတော့၊ အများသိကြပါတယ်နော်၊ ကျော်သည် မော်သည်၊ သူ့လင်ကိုသူ ချစ်လိုက်ပုံကတော့၊ မောင်းမနဲ့ခြွေရံ သွေလှန်ဖယ်သည်၊ သမီးကညာများ ဆက်လာတယ်ဆိုရင် နန်းတော်ပေါ်မှာ မရောက်ခင်၊ အောက်မြေပြင်မှာထားသည်၊ အမိန့်တော်ထုတ်တာက ကျုပ်လင်ကိုကြိုက်ရင်မခံနိုင်ဘူး အတည်၊ သူတဦးတည်းသာ ကန်တော့မည်၊ အဲဒီပမာကိုစွဲလို့၊ ကျွန်မအမြဲ မောင့်အပေါ်ချည်၊ ဦးဘိုကေရယ် ကျွန်မအမြဲ ဇကွဲ့တယောက်ဖြင့်တော်ပါပြီ။

## ကောလိပ်စိန်သီချင်းများ

## အသက်ဘူး(ခြောက်ပေါက်သံ)

ပါရမီချွန်လွန်မြတ်သူမို့-(ပျိုလွင်ခင်မင်၄)စိတ်ထားစိတ်နေခြားတဲ့သူရဲ့၊ အများနဲ့မတူ အင်ထူးမြတ်ပါတဲ့လင်၊ မြလွင်ရသရှင် ငယ်ငယ်ကထဲက၊ ကျွေးမွေးသွန်သင် အရာရာအသုံးကျဘို့ ဆုံးမပါတဲ့လင်၊ ကိုယ်ကြီးစိန်မောင်ကြီးစိန်ခေါ်တာတောင်ပင်၊ မလွဲသာလို့ ကြားလိုက်ရ၊ နားခါးလို့အင်မတန်ချည်၊ မခေါ်စေချင်၊ မပြောစေချင်၊ မကြည့်စေချင်၊ မကပ်စေချင်၊ မရပ်စေချင်၊ တယောက်ထဲခင်လို့၊ ဝတ်ကြီးဝတ်ငယ် အသွယ်သွယ်ပြုပြင်၊ နေ့မှညတာအရာရာများကိုပင်၊ ဆောင်ရွက်ချင်၊ အချစ်ရမ်းထူးလှချေရဲ့၊ အသက်ဘူးကြီးရဲ့၊ ပျိုမြလွင်။



တိုဟို-သိကြားပြဟ္မာပြေကများ၊သူ့အခြေစုတေလေရောသလား....ထင်မိယောင်မှား.... ၂။ ဆွေသာကိဝင်ဥဒယဘတ္တာပုံသို့သွင်၊မယားအလှကိုတရားပြသွန်သင်၊မှတ်စရာ-အနည်းနည်းနဲ့၊ အသီးသီးပုံပြသင် (အဲဒါကျေးဇူးတင် ၂)။ ကောင်းဒါရယ် ဆိုးဒါရယ် သင့်ဒါရယ်ချင့်ကာရယ်၊ မှားဒါယှဉ်းဒါပင်၊သည်းညီးခံခဲ့တဲ့လင်၊ဒါကြောင့်မြော်မြော်မြင်မြင်၊ နာမယ်တောင်မှ ကျမကပြင်လိုက်ခြင်၊ မြလွင်ရဲ့အသက်ဗူးအသဲကြော်-နှလုံး ကျောက်ကပ်ပူတူးတူးရဲ့လင်။

(ဘဝတိုင်းမှာပင်၊ အမြဲစွဲချင်အသဲစွဲလင်၊ အလုပ်အကြွေးကိုပင်၊ ပြုကာပင်၊ စုကာပင် ၂) စိန်စိန်လင်ရဲ့မမုန်းစေချင် မပြစ်စေချင်၊ မခွဲစေချင်၊ ခင်ခင်မင်မင်၊ တူစုံပျော်ရှင်၊ မြော်မြင်၊မင်္ဂလမ်းကိုဝင်ဖိုလ်လမ်းကိုဝင်၊ တူစုံပျော်ရှင်မြော်မြင်၊ မင်္ဂလမ်းကိုဝင် ဖိုလ်သမ်းကိုဝင် ခင်မင်စိတ်နဲ့ နိဗ္ဗာန်တိုင် ခေါ်စေချင်၊ မှီခိုအားထားပါတဲ့လင်၊ ကောလိပ်စိန်ကလီစာတွဲရဲ့ အသဲစုံအူစုံလင်။

## ကောလိပ်စိန်....ဆို

## ဆိုင်းဆရာစိန်ကလေး ရေးသည်

## ယောကျ်ား လှသီချင်း ပတ်စာပိုး

ကျွန်းမြေဝယ်-ထွန်းပေတယ် နာမံ သတင်း-ဆိုနိုင်[illegible]
စွာ-စိန်ဝဇီရာ ဂုဏ်ပြန့်သင်း-မယှဉ်းပါ [illegible]
လျာ-မြမြရဲ့မေတ္တာဘဝဘဝကချစ်ခဲ့ဘ[illegible]

www.burmeseclassic.com

www.burmeseclassic.com



တရားကိုယ်ပြတဲ့၊အလိုကျစဘွယ်၊ပျိုကျမလင်လင်ဆရာ၊ အထူးပေဒါမြတ်ပေဒါ၊ ချောပေဒါ၊ လှပေဒါ၊ ၂)နှုန်း မမျလို့၊ ဆုမွပေဒါ၊ စိတ်စေတနာ၊ များတဲ့သူမို့၊ ၂။ မြလွှင်သဘောမှာ၊ အလှယဉ်အချောတကာ၊ကျမအထင် ပြောမှာ၊ ဘယ်သူနဲ့မှမတူ စိန်လင်ဆရာ။

(သံပြိုင်)ဆိုသင့်ပါပေဒါ၊ တိုင်းပြေလုံး မြို့လုံးချစ်တဲ့ ဆရာ၊ ချောဒါလှဒါ၊ကုသိုလ်ကံကောင်းလို့ အကြောင်း ဆက်ပြန်ရဒါ၊ ချစ်ထာမေတ္တာ၊ သဘင်အရာထွင်ကာ၊ နည်းမှန်လမ်းမှန်၊ကျမ်းဂန်တွေကသာ၊စိန်မဟာတိုင်းလုံး ကျော်တဲ့ဆရာ။

ပေါက္ခရပဒုမာဘုရင်ဗိမ္ဗိသာမင်းနန္ဒနဲ့စန္ဒာဗြဟ္မာဏ ဥက္ကာသေန၊ ကစ္စည်းထေရ်သမဏ၊ အလှတွင်ခေါင်ချုပ် ကျမ်းထုတ်ဖွေရှာ၊ အဲသည်ပုံပခာ၊ စိန်မဟာလင် ယဉ် ကျေးဒါကသာ၊ ထူးပေဒါ၊ ပျိုမေလွှင်၊ ဘုရားတကာ စိန်ချောဒါတွေ ပြောချင်ဒါ၊ ယခုအခါ သူ့မှာ သရက် မျိုးတော့မွဲမှချို၊ လူပျိုတကာ ထက်လှသူ စိန်ဘုရား တကာ။

(သံပြိုင်)ဆိုသင့်ပါပေဒါ၊တိုင်းပြေလုံးမြို့လုံးချစ်တဲ့ ဆရာ၊ချောဒါလှဒါ၊ ကုသိုလ်ကံကောင်းလို့အကြောင်း ဆက်ပြန်ရဒါ၊ ချစ်ထာမေတ္တာ၊ သဘင်အရာထွင်ကာ၊ နည်းမှန်လမ်းမှန်၊ ကျမ်းဂန်တွေကသာ၊ စိန်မဟာတိုင်း ကျော်တဲ့ဆရာ။



ကောလိပ်စိန်....ဆို

သုဝဏ္ဏပဗ္ဗတမွန်စိန်ချယ်သံနှင့်စ

(ခြောက်ပေါက်သံ) နာရီစည်း

စိန်ဝဇီယာကြီး၊ တနည်းပကြံ၊ အပေါင်းအသင်းနဲ့ သားတပည့်ခြွေရံ၊ ခိုလှုံမှီကာ၊ အံရာရာ အားကိုးပြန်၊ သနားချင်းနဲ့ တရားရင်းရှုကာ၊မျှော်ခါချင့်ကာ-တော် ရာသင့်ရာ၊ဝေခွဲစိတ်ဖြာလို့အမှန်၊ ပါရမီစာဂီတန်တန်၊ ဖြေချင်ဇာနဲ့ပြောခဲ့ပြန်....၊ နိဗ္ဗာန်ရောက်အောင်လိုက် အာသီသန်၊ ကောင်းမြတ်တဲ့စေတနာဝေဖန်၊ ကရုဏာ ထားခဲ့လေပြန်၊ (မှန်မှန်ကန်ကန် ၃) အများဘို့ ပြော တဲ့ သဘောရဲ့အခြေခံ ၂-အော် စိန်ဆရာကြီးကိုခိုမှီး နေကြပြန်၊ သဘင်သည်အပေါင်းကို ကောင်းဘို့သူစီမံ၊ စိန်တွေးတော ဆင်ဆင်ရန်၊ ခုခါဖြင့်အမှန်း သူ့မှာတင့် ပြန်၊ အမတာခွင် မမြလွှင်လိုက်မဲ့အာသီသန်။

(သံပြိုင်) စေတနာကြည်လင်ရန်၊ မေတ္တာမှန်သစ္စာ ပန်၊ ပါရမီရှင်မို့ ပျိုလွှင်ခင်မင်ပြန်။

(နာရီစည်း)

(ကြက်သရေစုံလင်ပြန်၊ ဘဝထူးကဆုပန်၊ ပြေပြစ်တဲ့ ရုပ်သဏ္ဌာန်၊ ဘယ်တင်းမကျန်သူ့မှုဟန် ၂-) နိုင်ငံခြေပြ ပြေထင်ရှား၊ ကျော်ကြားသူမို့၊ မှီခိုပြန်၊ဘဝတိုင်းကြည်

www.burmeseclassic.com

www.burmeseclassic.com



လို့ ရည်ကာဆုပန်၊ ခင်ခင်မင်မင် ကြင်ကြင်နာနာ၊ မေတ္တာထားလို့ သနားရင်ကြံ။

(သံပို်င်) စေတနာကြည်လင်ရန်၊ မေတ္တာမှန်သစ္စာပန်၊ ပါရမီရှင်မို့ ပျို့ခင်မင်ပြန်။

### ဝါးလပ်စည်း

စိန်စိန်လင်လင်ခင်မင်၊ သူမို့အမှန် မမြလွှင်ဆိုရပြန်၊ စိန် တယောက်ထဲဖေါက်မလွဲ၊ ပါရမီစာဂီသာ၊ ကြည်ဖြည့်စွမ်းရန်၊ စေတနာအမှန် မှီးခိုသူအပေါင်းတို့များလေပြန်၊ အဲ ဒါကြောင့် ပါရမီကံ၊ ပြည်နိဗ္ဗာန် သို့ဆိုက်အောင်၊ လိုက်မယ်သွားမယ်၊ သနားဘွယ် ကယ်ဆယ်ဘို့ကြံ စိန်စိန်သက်နှံ။

(သံပို်င်)စေတနာကြည်လင်ရန်၊ မေတ္တာသစ္စာပန်၊ ပါရမီရှင်မို့ ပျို့ခင်မင်ပြန်။

များပြားသည့်၊ သားတပြည့်ခြွေရံ၊ ဆေးစေ၊ မြစေ၊ ဝစေ၊ တန်တန်၊ စေတနာ၊ ဇောမှာလွှန်ထက်သန်၊ မြတ်ဆုပန်စိန့်ချိန်ဆရန်၊ ပေါင်းသင်းရဲ့ကောင်းချင်းအာသိသံ၊ တူးပျော်ပျော်ပေါင်းဘက်ရန်၊ မြပျို့လွှင်ခင်အောင်ကြံ၊ ဘဝတိုင်းမှာကံဆက်တိုင်းဝေကံ၊ ပေါင်းမယ်မိဋ္ဌာန်စိတ်ကြံ၊ ချစ်ခင်ဇောနဲ့ပြောပြန်၊ စိန်ရွှေလက်တွဲလို့အောင်ပွဲတူတူခံ။

(သံပို်င်) စေတနာကြည်လင်ရန်၊ မေတ္တာမှန်သစ္စာပန်၊ ပါရမီရှင်မို့ ပျို့ခင်မင်ပြန်။



## ကောလိပ်စိန်-ဆို
## လင့်အသရေဆောင်သီချင်းပတ်စာပိုး
### ဦးကြင်ခဲရေးသည်

မြလွှင်ချစ်ပြန်၊ စိတ်မနေ့ာမှာ မှန်မှန်ကန်ကန်၊ ဟုတ်သမျှဆိုမယ်စကား နားတော်ဘင်ရန်၊ ပညာဉာဏ်ထူးတဲ့သူမို့ခြားတဲ့သူမို့ အရာရာဝေပန်အလေ့ာင်းတော်မဟော်သို့သဏ္ဍာန်၊ ကြီးမြတ်ရာကိုမှကြံ၊ ခင်အမရာထုံးသို့ပုံစံ၊ ပါရမီကိုဖြည့်မဲ့ရည်သန်- စိန် လင် ကိုခင်မင်လေပြန်၊ စောင့်စားမျှော်လို့ကြံ၊ ပေါင်းသင်းဘို့ရန်၊ မြော်မြော်မြင်မြင် ခင်မင်လေပြန်၊ ကောင်းမြတ်တဲ့အာသီသန်။

(သံပို်င်) ပျို့မြလွှင်ခင်မင်ကြောင်းကိုပြောရပြန်၊ မိဋ္ဌဝေကန် လင့်ဂုဏ်ကြက်သရေတိုးအောင်၊ ဆောင်ရွက်မယ်စေတနာမှန်၊ ချစ်ပြန်မြလွှင် တယောက်ထဲ၊ စိန်စိန် စိန်လင်ကကြံ၊ ကိုးနဝရတ်၏သဏ္ဍာန်၊ အဘိုးအနဂ္ဃတန်ပြန်၊ ငယ်မူရာဟုန်ချောတဲ့သူမို့၊ မြလွှင်အပိုအမိုမပြောပါဘူး၊ လောကထဲမှာ၊ ဒီလင်မျိုးရှားလို့အမှန်၊ သဘင်ပညာလဲထူးကဲလွန်မြောက်ပြန်၊ ဘာသာရပ်ခြားတိုင်းတပါးကအတူခိုးပြန် (စိန်စုံလဲစုံတဲ့၊ စုံလဲစုံတဲ့၊ တကဲ့ဒဲနည်းမှန် ၂—) ခေတ်လဲအမျိုးမျိုးဆန်၊ ပြိုင်နိုင်သူ[illegible] ပြန်၊ အဘက်ဘက်ကကြံ၊ ဒါတွေကိုလဲပျို့စဲ့ပြန်၊ သဘင်မှာကြည့်ရန်၊ ပညာရှိအမှန်၊ ဘုန်းရိပ်ကိုခိုလှုံပြန်၊ [illegible] လွှင်သက်နှံ။

www.burmeseclassic.com



(သံပြိုင်) ပျိုမြလွှင် ခင်မင်ကြောင်းကို ပြောရပြန်၊ မိဋ္ဌဝေကန်၊ လင့်ဂုဏ်ကြက်သရေတိုးအောင်၊ဆောင်ရွက်မယ် စေတနာမှန်၊ ချစ်ပြန်မြလွှင်တာယောက်ထဲ စိန်စိန်စိန်လင်ကကြုံ၊ ပေါင်းရန်သင်းရန်၊ ငယ်ရွယ်စဉ်ထဲက (မျှော် ကာ ကြုံရည်သန်) ပျိုတယောက်ထဲဖေါက်မလွဲ စိန်စိန်ကြင်ရန်(မြလွှင်ဇောအာသီသန် ၂-)ကျမလင်စိတ်လိုရာ ဖြည့်မယ်လောကပြည်နိဗ္ဗာန်၊ တူတူပျော်ရွှင်ရန်။

(သံပြိုင်) ပျိုမြလွှင် ခင်မင်ကြောင်းကိုပြောရပြန်၊ မိဋ္ဌဝေကန်၊ လင့်ဂုဏ်ကြက်သရေတိုးအောင်၊ ဆောင်ရွက်မယ် စေတနာမှန်၊ ချစ်ပြန်မြလွှင်တာယောက်ထဲ စိန်စိန်လင်ကကြုံ။

## ကောလိပ်စိန်-ဆို

### ငွေသော်တာသီချင်း (ငါးပေါက်သံ)

ချစ်ရေးကိုပုံသက်သေတင်၊ စွဲစွဲမြဲမြဲ မခွဲဘဲကြင်ဘို့၊ ဂန္ထဝင်ရ၊ ရှာဖွေကာပင်၊ ကျမ်းဂန်ကစုံလင်ပါသရှင်မနော စိတ်ငြိမ်စေ၊ သဘောစိတ်ချိန်ဆ၊ ကောလိပ်စိန်ကျမကြုံဆလို့ပင်၊ မှန်းမြှော်ကာတွေးကာဆင်ခြင်၊ ချစ်တဲ့ဇောတွေပြောကာပြခြင်၊ လင်သမတ၊ အစဉ်ပ၊ ကျင့်ပမယ်ရှင်၊ ပုဇွန်မျက်လုံးကဲ့သို့ကြည့်နေချင်။

(သံပြိုင်) ငွေသော်တာလပုံသို့သွင်၊ အလိုပြည့်တဲ့ စိန်မဟာလင်။



ယောဟကာ၊ ဘဒ္ဒမောင်မယ်သွင်၊ ဘဝနှစ်ထောင်တိုင်တိုင်ပေါင်းဖေါ်ရှက်တင်၊ စာတွေ့ပင်၊ကောလိပ်သဘောစိတ်ဆိုရလျှင်၊ တနေ့ကနှစ်ရက်လောက် သာမျိုကထင်သရှင်၊ မှန်းဆပါလို့ တရန်တခါလိုပင်၊ မှန်စွာပျိုမြင်၊ အစဉ်အမြဲပင်မခွဲချင်ဘူးရှင်ပျိုမေလွှင်။

(သံပြိုင်) ငွေသော်တာလပုံသို့သွင်၊ အလိုပြည့်တဲ့ စိန်မဟာလင်။

သုတိမင်္ဂလာ ကြက်သရေရှိတဲ့လင်၊ အစစပင် ပဋ္ဌာရဇမြတ်လောင်းတော်သို့သွင်၊ ကျမကထင်၊ အားကိုးဒါအမှန်ပင်၊ စိန်မဟာလင်၊ အမြဲပင်၊ မခွဲချင်၊ ဆိုဆုံးမပြသဒါပင်၊ လိုက်နာသူပါရှင်၊ အော်....ဆိုဆို ဆဲဆဲ မာန်မာန်မဲမဲ မခွဲနိုင်အောင့်ရှင်၊ ပျိုကောလိပ်စိန်မဟာလင်။

(သံပြိုင်) ငွေသော်တာလပုံသို့သွင်၊ အလိုပြည့်တဲ့ စိန်မဟာလင်။

## ကောလိပ်စိန်-ဆို

### ကျေးဇူးရှင်ဆရာ

ကျေးဇူးရှင်တဆရာ အဖေစိန်မဟာ အခြေမှန်နိုင်စရာပ ထာဝရဖြင့် ဟံသခွဲမှာနိုင်ငံတလွှားမှာထင်ရှားရှာ အကြံဦးလို့ ထူးဆန်းတာ၊ လောကီလောကုတ္တရာပညာမှလို့ သတိသမ္ပဇဉ်မကွာ၊ နမူနာတူစွာခြားသူများဖော်သာ ကြုံစီတာ၊ ဇာတ်သွားအလာမှတ်သားစရာ၊ မိတ်တိတ် အ

www.burmeseclassic.com

www.burmeseclassic.com



နာဂါတ် ပစ္စုပ္ပန်သံသရာဝဲ၊ မဟာဝင်ရာဇဝင်အဆန်း ဆန်း အခန်းခန်းအဖြာဖြာ သစ်ဆန်းတာပါ၊ (ဟံသာ သဘာဝမှ၊ ရွှေဘဝင်ပြုတာ၊ မဟာပ္ပလာအကျိုးကြောင့် ဇာတ်ဆရာမညို့အောင် မပြတ်သပြာတိုးလို့ ရွှေမိုးသီး ငွေမိုးသီးရွာ၊ စုံမက်ခါ၊ ဂုဏ်တက်လာ၊ ကျုံ့တဲ့အခါ၊ ပညာနည်းလမ်း၊ စည်းကမ်းမှန်စွာ၊ သဘောကကြံစည် ကာ၊ ပြောသမျှဉာဏ်မှီတာ၊အကရော၊ အထရော၊ အကြွ ရော၊ ကျွန်မသဘောလိုက်ရောသပ၊ ခင်စရာမင်စရာ လင် ဆရာကလဲရင်ဖွဲ့စကဲ့စိတ်ကထင်မြင်တာ၊ ကျေးဇူးပါရွေး ဦးစွာပေါင်းမဲ့အခါ၊ အကြောင်းမတဲ့ရှာ၊ နှစ်သွယ် ဆက်ဘို့ကြုံခဲ့တာ၊ ဘယ်အတွက်ကြောင့်မပေါ်လာ၊ တွေး မိတိုင်းသာစိတ်နာ၊ လင်တယောက်မှာ၊ စောင့်လို့နေ တာ၊ ကြုံလာ၊ မြမြနဲ့စိန်စိန်မှာ၊ အိုဇာတာကောင်းတဲ့ အခါတရားဘာဝနာ၊ ဘုရားတကာပါ၊ ကျောင်းတကာ ပါ၊ ဘုရားတကာအားလုံးခေါ်ကြမှာ၊ ငြိမ်ငြိမ်စွာနေပါ သင့်တာ၊ စိန်စိန်မှာ၊ စိုးရိမ်ပူပန်တာ၊ ငြိမ်ငြိမ်စွာနေ တိုင်းပါသင့်တာ၊ တရားဘာဝနာ ဘုရားတကာကျောင်း တကာ ဘုရားတကာအားလုံးခေါ်ကြရှာ။

အမည်ကလည်း လူတိုင်းကြားသိဘူးပေမည်၊ဒေါ်ငွေ မြိုင်ကဲ့သို့ပင် ဘာဘင်ဝါရင့်သော မင်းသမီး ကြီးတဦးဖြစ် လေသည်။

## (၂၈) ဩဘာသောင်း

ဂ-နှစ်သမီးအရွယ်ကစ၍ နာမည်သတင်းကြီးခဲ့သော အငြိမ့် မင်းသမီးကြီးတဦးမှာ ဩဘာသောင်းဖြစ်လေသည်၊အရုပ်ကြိုးက



နှင့် ထမိဝတ်ဆင်ပုံမှာ မထွေးလေးတပည့်ပီသလှသည်၊ ပညာဝါ ရင့်သည်၊ ယခုတိုင်မန္တလေးမြို့တွင်ရှိနေကာ၊ ဇာတ်အငြိမ့်ပညာ သင်တပည့်များကို ပုံလောင်းပေးနေရာမှ၊ ယဉ်ကျေးမှုဌာနတွင် ဆရာမကြီးတဦးလည်းဖြစ်နေပေသည်။

## (၂၉) ကောလိပ်စိန်

ကောလိပ်စိန်၏ အမည်ရင်းမှာ မမြလှင်ဟူ၍ခေါ်သည်၊ ဝါး ခယ်မသူဇာတိဖြစ်၍ မင်းသားကြီး ဦးဘိုရှိန်း မင်းသမီးကြီး မရွှေ မှန်တို့၏ သမီးဖြစ်ထည်၊ ၁၅-နှစ်သမီးခန့်တွင် ဦးဘိုးစိန်ကခေါ် ယူပညာသင်ပေးပြီး၊ နှစ်နှစ်ခန့်ရှိသောအခါ ဇာတ်စီးမင်းသမီး ကြီး အဆင့်အတန်းရောက်လာသည်၊ အိုးစည်ယိမ်းတွင်လင်ကွင်း က,နှင့် များစွာကြည့်၍လှသည်၊ ရုပ်ချည်နှင့်ကိုယ်လုံးကိုယ်ပေါက် အဆင်ပြေလှ၏၊ အသံဝါအသံကောင်း၊ အပြောကောင်း,အဆို ကောင်းဖြစ်သောကြောင့်၊ ကောလိပ်စိန်ကို ပရိသတ်တို့အသဲစွဲ ကြိုက်ကြသည်၊ ယခုအခါ ကောလိပ်စိန်သည် အသက် ၄ဝ- ကျော်ခန့် ကောင်းစွာကျန်းမာခြင်းမရှိ၍၊ ဇာတ်သဘင်အလုပ်ကို ရပ်နားပြီး ဥပုသ်သီတင်းစောင့်၍နေရှာတော့သည်၊ (၁၉၆ဝ- ခုနှစ်လောက်ကကွယ်လွန်ရှာပြီ)။

သို့လျှင် မြန်မာအမျိုးသမီး ဇာတ်သဘင်သည်ကြီးများတွင် မင်းသမီး ကောလိပ်စိန်နောက်၌ ပညာပြည့်ဝသော ဇာတ်မင်း သမီးကောင်းများ ပေါ်ထွက်လာသည်ဟု မကြားသိရသေးပေ (၁၉၃ဂ-ခု)

သို့ကြောင့် မြန်မာဇာတ်သဘင်ဘက်တွင် ရှေးအထက်ကျော် ကာရိုက် တရှိန်ထိုးတိုးတက်ခဲ့သလောက် နောက်အဘို့တွင်တစ



www.burmeseclassic.com

www.burmeseclassic.com



တစ အောက်တန်းကျသွားမည်ကိုပင် စိုးရိမ်စကင်းဘွယ်ရှိနေ လေရာ ဆိုင်ရာဆိုင်ရာ ဇာတ်သတင်ပညာသည်တို့သည်၊ ဆုတ်ယုတ်မှုကို တွန်းလှန်ခုခံနိုင်ကြလျက်၊ ရှေးမူမပျက်တွင် ခေတ်ပြင်စံနစ်သစ်တို့ဖြင့် ပူးပေါင်း၍၊ ကမ္ဘာ့အလယ်တွင် မြန်မာ့ဇာတ်သဘင်မျက်နှာမငယ်စေရန်၊ ကြန့်ကြန့်ခံနိုင်ရည်ရှိကြပါစေဟူ၍ဆုတောင်းမိပါသတည်း။

နောက်ပိုင်းတွင် နာမည်ရလာသော ဇာတ်မင်းသမီးများမှာ လေဘာတီခင်ညွန့်၊ ဗလပြန်၊ မေစိန်၊ အောင်သန်းတင်၊ ခင်စန်းတင်စသည်တို့လည်း ရှိကြသေးသည်၊ အငြိမ့်မင်းသမီးကြီး မစိန်သုံးနှင့်တပြိုင်တည်း ထင်ပေါ်ကျော်ကြားခဲ့သူမှာ မစိန်ဆင်ကြီးဖြစ်၍ ၎င်းနောက်ခေတ်တွင် အစောဆုံး နာမည်ကြီးခဲ့သူ အငြိမ့်မင်းသမီး ဩဘာသောင်းမှစတင်လျက်၊ ဒေလီညွန့်၊ ဂီတမယ်လုကလေးစိန်၊ နေရှင်နယ်ခင်ပု၊ ဩဘာညွန့်၊ ပျော်တော်တော်ဆက်တင်အောင် ကြာသောင်းစိန်၊ ဥက္ကလာအေးကြည် လေဘာတီမြရင်၊ ယုဇတီမြသောင်းခင်တို့ဖြစ်၍ ရန်ကုန်မြို့တွင် နာမည်ကြီးသူ အငြိမ့်မင်းသမီးတို့မှာ ယုနိဘာစီတီမြသန်းကြည် တရုပ်မကလေးတင်ကြည်၊ ချင်းမအောင်စိန်၊ တလိုင်းမြကျင်၊ ရွှေနှင်းဆီ၊ ရွှေလိပ်ပြာ၊ ရှုပါရုံခင်ကြည်၊ ဒေါ်ပုံခင်ကြည်၊ ဖက်ရှင်အောင်ငွေစသည်တို့ဖြစ်ကြလေသည်။

စစ်ပြီးခေတ်ထင်ပေါ်လာသူ အမျိုးသမီးအငြိမ့်သဘင်ပညာရှင်တို့အများအပြားကျန်ရှိလေသေးသည်။

ဒဂုန်ခင်ခင်လေး
၁၉၄၈-ခုနှစ်ရေး



## ထပ်ဖြည့်မှာကြားချက်

၎င်းမြန်မာဇာတ်သဘင်မှ အနုပညာသည် အမျိုးသမီးကြီးများ၏ ဆောင်းပါးမှာ လွန်ခဲ့သော ၁၉၄၈-ခုနှစ်က ရေးသားခဲ့သဖြင့် ယခု ၁၉၆၇-ခုနှစ်တွင် ဒုတိယအကြိမ်စာအုပ်ရိုက်နှိပ်သောအခါထိ (၁၉) နှစ်မျှကြာရှိခဲ့ပြီဖြစ်သောကြောင့် ထိုစဉ်အခါက အသက်ထင်ရှားရှိနေသေးသူ အနုပညာရှင် အမျိုးသမီးများသည် ယခုအခါ၌ ကွယ်လွန်ကြလေပြီ မန္တလေးပန်တျာဆရာမကြီး ဒေါ်ဩဘာသောင်း တဦးသာလျှင် အသက်ထင်ရှားရှိပါတော့သည် မြခြေကျင်း ဒေါ်ငွေမြိုင်နှင့် ကောလိပ်စိန် ဒေါ်မြလွင်တို့ ၂-ဦးသည်ပင် လွန်ခဲ့သော ၄-၅-၆-နှစ်ခန့်က ကွယ်လွန်ရှာကြပြီဖြစ်ပါကြောင်း။

ဒဂုန်ခင်ခင်လေ

## ပန်ကြားချက်

ရှေးအမျိုးသမီး စာဆိုတော်ကြီးများရေးသားခဲ့သောလင်္ကာ ဂီတ, ရတု, ရကန်, အဲအန်, လူးတားများအနက်မှအချို့စာများ၌ အပိုအလိုအကျင်းအကျွန် အနည်းအပ ါးပါရှိသွားပါသည်။

ဥပမာအားဖြင့် လှိုင်ထိပ်ခေါင်တင်၏ ရေယာမှုန်ပတ်ကျိုး အဆုံးမှ ဒွေးချိုးသာ ဖြန့်တွင် (ပင်တိုင်သူ စိတ်မကောင်းအောင် လောင်းနေညွန့်မျိုး) ဟု မူရင်းအမှန်ရှိသော်လည်း နောက်အဆိုတော်များက (အောင်) နေရာ၌အသံတရှိန်ထည်း ဆွဲငင်သီဆိုရင်ခက်သောကြောင့် (ပင်တိုင်သူ စိတ်မကောင်းပါဘူးကွယ်) ဟူ၍ (ပါဘူးကွယ်) ကို စကားလုံးအပိုသွင်းဆိုတတ်ကြသဖြင့်ပိုနေ

www.burmeseclassic.com



ပါသည်၊ အလားတူစွာပင် အချို့သီချင်းများမှာလည်း အနည်းငယ်စီပိုခြင်းလိုခြင်းများပါရှိပါကြောင်း၊ သို့ရာတွင် မူလသီချင်း၏ စာမူရင်းများအဓိပ္ပါယ်လွတ်ကင်းသွားလောက်အောင်ထိခိုက်ခြင်းမရှိလှ၍ အမှားပြင်ဆင်ချက်များ သီးသန့်ဖေါ်ပြခြင်းမပြုတော့ကြောင်းပန်ကြားအပ်ပါသည်။

ဒဂုန်ခင်ခင်လေး

## မငွေမြိုင်-ဆို

## အောင်ပင်လယ်သီချင်း

## နန်းတော်ရှေ့ဆရာတင်ရေးသည်

စိမ်းမြလျှံချယ် အောင်ပင်လယ် တောနဲ့တောင်စွယ် ခြေကျင်းမြိုင်ပျော်တဲ့နယ်။

(လွမ်းတော်မူလို့စာကိုစီတယ်၊ တိမ်နီတိမ်ဝါတိမ်ပြာတွေသန်းပြန်တော့)၂- (ဘယ်ဆီသို့ ဘယ်ဝါသို့လွမ်းရတယ်၊ ညွှန်းပါ့ကွယ်၊ ကြာပင်အိုင်ကြီးအလယ် ၂-) မိုးခါဝယ်၊ ချီးလာမယ်၊ မိုးခါဝယ်၊ ချစ်သူပန်ဘို့ရယ်၊ ရည်ရွယ်ခါထားခဲ့တယ်၊ ပဒုမ္မာကြာရယ်၊ ကျမရည်းစားနဲ့ ညားအောင်စောင့်အုံးမယ်။

လက်ဦးပန်ချင်ရင် အမွှန်ပင်လာခဲ့ (မြိုင်ခေါ်ချင်ပါတယ် ၂-) လာစမ်းကွယ်ချစ်တဲ့သူကလေးရယ်၊ အောင်ပင်လယ်တောခြေဝယ်၊ မောလေတယ်၊ ချောမေရယ်၊ ရွှေကြာပန်းကိုပန်ပါမယ်၊ ခင်ဘွယ်၊ မင်ဘွယ်၊ အောင်ကျမရည်းစားနဲ့ညားအောင်စောင့်အုံးမယ်။



မခွာနိုင်ဘူးကွယ်၊ ကမ္ဘာတိုင်နူးတယ်၊ လွမ်းတော်မူတဲ့အသက်ကယ် ရှက်ဖွယ်၊ ဘယ့်နှယ်လဲဟယ်၊ ယဉ်သူဇာတိနွယ်၊ အင်မတန်ကျေနပ်ဖွယ်၊ လွမ်းတော် မူ ပြောလောက်ပေတယ်၊ ချောသလောက်မေချယ်၊ ယဉ်ယဉ်စနွယ်၊ ကြင်ကြင်ပါ့မယ်၊ နန်းတော်ရှေ့ရေးတဲ့အောင်ပင်လယ်။

× × × ×

## မငွေမြိုင်—ဆို

## ဒုတိယရွှေကြိုးညိုသီချင်း

## နန်းတော်ရှေ့ဆရာတင်ရေးသည်

ချစ်လို့ရယ်တဲ့မကျန်၊ ဘယ်တော့အမှ မမြိုင်မကျန်ပေါင်ရှင်၊ ယုံချင်ယုံမယုံချင်နေ၊ ဝသုံဒြေကြီးပန်ကြားပြီး သက်သေတင်မယ်၊ ဤရွှေကြိုးညို အနည်းနည်းသက်သေတင်။

လာပါတော့ပျို့ငယ်ကြိုက်လင်၊ မြိုင်မြိုင်ဂနိုင်တွင်၊ အ-အ-ရွှေကြိုးညို၊ နန်းတော်ရှေ့ဆို၊ ဟိုယာခင်ကြိုမယ်၊ ယောကျ်ားပေါတိုင်းမလိုချင်၊ နောက်များကျောခိုင်းဆိုချင်၊ မြိုင်ချစ်ခင်ရာ၊ သဋ္ဌာပေါ်သို့အသွင်၊ သို့မဟုတ်ရင်လဲ မုန်းတယ်မဟုတ်လားရှင်၊ ကြည့်ပါလား အလကားကျောတဲ့လင်၊ အစကရှင်၊ မယားလဲ မရှိပေါင်၊ အားလဲမရှိပေါင်၊ ပြောတာကသွင်သွင်၊ ရွှေကြိုးညိုကိုထင်သလို မြိုင်ရိုက်ချင်။

www.burmeseclassic.com

www.burmeseclassic.com



ယောကျ်ားတိုင်းပါရှင် ခေါင်းပေါင်းစ ဘေးတင်၊ မေးရင်ဖြင့် လူပျိုစင်။

ကျွန်တော်မိန်းမရှိပေါင် ရိတိတိပိုးတာရှိးပါပြီအကို ရေ၊ ဘိုကေလင်၊ မှိုင်မယုံကြံပလေဝသုံမြေကြီးပန်ကြား ပြီး သက်သေတင် ဤရွှေကျီးကို အနည်းနည်းသက်သေ တင်၊ (လူပျို) ၂ စင်၊ ကျွန်တော်မိန်းမ ရှိပေါင်၊ ရိတိတိ ပိုးတာရှိးပါပြီအကိုရေ ဘိုဒကလင် မှိုင်မယုံ ဝသုံမြေ ကြီးပန်ကြားပြီး သက်သေတင်မယ် ကိုရွှေကျီးညိုကို အ နည်းငယ်သက်သေတင်။

× × × ×

မငွေမှိုင် .... ဆို

စန္ဒကူးမှိုင် သီချင်း

နန်းတော်ရှေ့ဆရာတင်ရေးသည်

အခြေခိုင်ခိုင်မငွေမှိုင်တို့ ရောက်ကြရင်ဖြင့်၊ သနား စရာမမှိုင်၊ ချစ်စရာမမှိုင်၊ အဆုံးအပိုင်ရနိုင်၊ မမုံးနိုင် စရာ့မှိုင်၊ ကာလတီးလုံးပိုင်ပိုင်နိုင်နိုင်၊ နန်းတော်ရှေ့ ဆရာတင်စီရေးမှိုင်။

မှိုင်၏အကြောင်းကို အသီးသီးမှတ်စရာ၊ လှည့်လည် ပြန်ကာ၊ ကြည့်မိပြန်တာ၊ဂုတိတာသွား၊ထို့ကြောင့်ကံထူး ပါတဲ့၊ ဉာဏ်ထူးပါတဲ့၊ ကံထူးပါတဲ့မှိုင်၊ ကြည်ကြည် လင်လင် အေးအေးဆေးဆေးမှိုင်။



တန်ဆောင်မုန်းနဲ့တန်ဆောင်တိုင်၊ သူ့အိမ်ထဲလဲမှိုင်၊ ငါ့အိမ်ထဲလဲမှိုင်၊ ဆိမ်းရောင်စုံမှိုင်၊ အရုပ်ချင်းကပြိုင် များရာကနိုင်၊ ဖွားရာကမှုမှိုင်ရှင့်၊ ခြေကျင်းမငွေမှိုင်၊ စိတြဂီဝါရာဇာမင်းသို့၊အချင်းချင်းပျော်တဲ့မှိုင်။

အကြောင်းယှဉ်ပြိုင်၊ မင်းဝံဘောင်စောင်း ကျောက် လမောင်းတောမှိုင်၊ ပုထုဇဉ်သားမမုန်းနိုင်ရှိသမျှ မှိုင် တွေ့စုံအောင် မပြောပါရစေနဲ့၊ မောလှချီရဲ့ တကယ့် ကိုထူးတဲ့ငွေမှိုင်၊ စန္ဒကူးလိုမွှေးတဲ့မှိုင်၊ အိပ်တော့လဲမှိုင်၊ စားတော့လဲမှိုင်၊ ငွေမှိုင်ငွေမှိုင်၊ မဟာမှိုင်ကြီးမှာထ ယောက်ထည်းပျော်တဲ့မှိုင်။

× × × ×

ငွေမှိုင် .... ဆို

သုယောနန္ဒီသီချင်း

လွန်လေပြီးသောအခါဝယ်၊ ဗာရာဏသီ တိုင်းမင်း သုယောနန္ဒီမကောင်းသော မဟာဒေဝီ (တေးမိတော့မ သဒ္ဓိကောင်းသလားခင် မဒ္ဓိစောင်းသမားနှင့်ကျင်လည် မရှင်ပြီ၊ ဤမွတာအတိုင်း ကိုင်းလိုရာရှိပေသည် ဆိုင်း လို့သာကြည့်နေမြန်ပါပြီ) ရသမျှပါရမီပြုကြရှာသည်၊ မဟာပထဝီ၊ဤမြေကြီးသက်သေခံရှိပေသည်)၂။အမိနာ မည်စိတ်ကြံစီ) ဓိဋ္ဌာန်သည်၊ နိဗ္ဗာန်ပြည်သုယောနန္ဒီ များဖြင့် ဆိုပါမည်။ ဤလောကီဝယ်၊ နဒီမြစ်ကောက် နဒီဆိတ်ငြိမ်ရာ ဗြဟ္မဏာဝဿည၊ ဤတ္ထိရာသဘောစိတ်

www.burmeseclassic.com



ကြံသည်) (မဟေသီရွှေညီသဥ္စာ၊ ကိန္နရာဒေဝီများစွာ ပေလီ)၂၊ စန္ဒကူးတောင်ချစ်ကြိုးနှောင်ဖွဲ့သည်။ သုယောနန္ဒီ(မှတ်စုမှတ်ရာ၊ လမ်းမျှော်၍ဆက်မည်၊သတ္တုသတ္တာ၊ ကျမ်းတော်ကထွက်သည်)၃။ တနိုင်ငံမြို့ငယ်ခြားဆီသို့၊ ပုဏ္ဏားလင်ကလဲ့ဥစ္စာရှာသည်။ ပုဏ္ဏားမကြီးဟာလေ၊ ဘယ်ကလောကမှမတရားလေဘု၊ မြောက်မထားတယ်လို့ ဘုရားလောင်းကဆိုပြန်ပါသည်၊ (၂)မယားယူ အလွန်ခက်ကြသည်(စကားအညွန့်ချက်အညီ၊ မယားအယူခက်ကြသည်။)၂။ကြောက်ပါရဲ့အတည်၊ သုယောနန္ဒီ၂ မာဂန္ဒီဆိုတာတမင်မြွေကိုအောင်းစေ၍လင်သေကြောင်းကိုလ-မကောင်းတာကို ကြံစီပေသည်။ ၂။ (သနားပါတယ် ၂။ မယားရှာတယ်)အကိုကာလသား။မောင်ကာလသား၊ဘကြီးကာလသား (နန်းတော်ရွှေ့ဆရာတင်စီသည်)၃ (တရားနဲ့စာဖွဲ့အညီ စကားနဲ့မှာခဲ့သည်) ၂ ကြောက်ပါရဲ့အတည် သုယောနန္ဒီ။

× × × ×

### မငွေမြိုင်....ဆို

### ညဥ့်ရုံတော်သီချင်း

ငွေမြိုင်ကလေးကို ခိုးမယ်လို့ လူဆိုးတွေနဲ့ မောင်တိုင်ပင် မန်းမြို့တောင်ညောင်ပင်ကြီးမှာ မြင်းကိုယ်စီပြင်။

လထွက်ကလေးကိုတဲ့မြင်းပေါ်တင်၊ လဝင်ရင်မန်းတောင်ရောက်အောင်၊ မြင်းပေါက်လို့နှင်။



တဘောင်ရှေးကအတိတ်နဲ့စီစဉ်၊ မနေနိုင်စရာ ပိုးတဲ့ပမ်းတဲ့လင်၊ ငွေမြိုင်ကညာခိုးလို့ပါတော့ရှင်၊ မမွှတာစခန်းမတော့ စန်းတဘောင်ဆောင်လျှင်၊ရတနာလျှမ်းတဲ့ မန်းမြို့တော်ညောင်ပင်၊ အတင်းခိုးဘို့ မြင်းကိုးစီးမောင်ကပြင်၊ ညအဆက်ကြောင့်၊ လထွက်ကိုတဲ့မြင်းပေါ်တင်။

ဘိုကေသိမ်းငယ်ချစ်လင်၊ မြန်မြန်ခိုးသဲ့ပါတော့ရှင်၊ (လဝင်၂)ရွှေမန်းမြို့ နယ်နိမိတ်တွင်၊ မြင်းနဲ့တင်၊ အတင်ပင် မလင်းခင်၊ (မြောက်ကျွန်းသို့ငှ)အမှုတွေ ရတဲ့မြမြိုင်ပျိုခင်။

ညဥ့်ရုံတော် ၂ ယောက်မှိန်းဘို့၊ ဆံထောက်သိမ်းအဝင်၊ မငွေမြိုင်ခိုးတဲ့ခတ်ကားရှင်၊အလိုဆွေးအားထိပ်တင်၊ ရည်းစားအနိပ်လင်၊ ရက်ချိန်းရှမှာလိုက်ချင်၊ချစ်သူကလေး ပြေးကြစို့ရဲ့မနေနိုင် ငွေမြိုင်မောင့်အထွတ်ပူပင်၊ ဟိုဒေါင့်နားမှာရှိတယ်ထင်၊ (ကျမလင်၂) (ဘိုကေသိမ်းတဲ့ ခတ်ကားရှင်၊ကျမပင်ရသရှင်၂)၊ (မှောင်စ၂)မှာရှင်၊ (မောင်က၂)မလာခြင် မငွေမြိုင် အဆက်ကျရင် လက်ပြမယ်ရှင်၊ ကိုကိုကဆီး၍ခေါ်လိုက်ခွင်း

အဖေအမေသိမှာစိုးသူမို့၊အထုပ်အပိုးမလိုချင်၊ ထမိပုဝါမကောင်းလို့ဟောင်းရင်၊ မြန်မာအဆွေရောင်းတဲ့ထည်အပေါင်းတွင်၊ ငွေမြိုင်နဲ့လိုက်မဲ့အဆင်၊ အဝိုးတွေနဲ့အမျိုးမှန်ဝယ်ရှင်၊ မြန်မာအဆွေ ပိုးကုမ္ပဏီအထည်တွေကလဲကောင်းတာမို့၊ ဘီအက်စီတံဆိပ် နိုပ်ခဲ့ပါမောင်ရယ်

www.burmeseclassic.com



မြန်မာပြည်ကရောင်းပါသတဲ့၊ အဆန်းသုံးတဲ့ နန်းသုံးတော်ကြိုက်ဆင်၊ မငွေမှိုင်ပျိုခင်ပျိုခင်၊ မက်ပါလျှင်ဝယ်ပါရစေအုံးရှင်။

အကို့....ငွေမှိုင်ရအောင်ခိုး၊ အထုပ်အပိုးကိုတဲ့ပြင်၊ တမေမှာချင်၊ မသေချာလျှင်၊ ညောင်ပင်ရိပ်မှာ မြင်းချိတ်ပါလို့ဆင်၊ ငွေမှိုင်အလှကို ညကပွေ့ကာတင်။

ပုဝါတမျိုးခြုံရင်၊ ညဥ့်ရုံတော်ဝင်၊ အလှဆုံးပန်းနွယ်ယဉ်၊ကလျာဏမိတ္တပင်းမင်းဆိုင်ကစုံတဲ့လိုက်အောင်ဆင်၊ ငွေမှိုင်ခင်လမ်းလျှောက်၍ လယ်လိုက်ခြင်၊ ငွေမှိုင်ခင် (လမ်းလျှောက်၍ မော်လိုက်ချင်၂)၊ စီစဉ်တာကမမှားကြည်လင်စရာက အများဒို့လင်မယား။

သွားကြပါခို့အတူပင်၊ သွားကြပါစို့ရှင်၊ ငွေမှိုင်ခင်လိုက်မဲ့ပြင်၊ စီစဉ်ပါလို့ယား၊ ဒီညောင်ပင်မှာစခန်းချ၊ လရောင်လေးကထိုး၊ ခိုးမဲ့ခိုးမဲ့ပြင်၊ ခြေကျင်းမြင်းပေါ်တင်။

ဇာတ်အငြိမ့်ရှိစုံလင်ဂုဏ်တင်၊ သတင်းနော်ဗမာပြည်က မွေးခဲ့လသမျှ၊ သီချင်းစာဆရာကြည်ကရေးတာမို့၊ ပေးလိုက်သမျှ ခင်ခင်မင်မင်၊ ဗမာ၏ဦးစွန်း မကွယ်မပျောက်လျှင်၊ ဘိုကေပင့်ကာ သိမ်းခဲ့သူမို့၊ ညဥ့်ရုံတော် ၂ ယောက်အတူ မှိန်းကြစေဘိုတဲ့၊ ဆံတောက်သိမ်းပါပေါ့မှိုင်မှိုင်သခင်၊ ဟောဒီဆံတောက်ကလဲ မဝင့်တဝင်၊ (ဟင့်အင်၂)နဲ့ ဝိတတ်တဲ့သူမို့၊ ဆံတောက်အတိုဆရစ်၊



တယောက်အကို ကလိရ၊ဖြင့်၊ ယားကျိကျိနဲ့အကောင်ထင်၊ ညဥ့်ရုံသီချင်းရယ်လို့လဲ နာမည်ကဖြင့်ယဉ်၊ တပေါင်အရဆရာကြည်ရေးတာမို့၊ ( ဂ၁ ခုတွင် အသစ်တွင် ၂)မေတ္တာတွေမျှော်လင့်ကြတာတော့မှိုင်ဆံရစ်သွင်အပြစ်တင်စရာ၊မှုခန့်မျှလွတ်ကင်းသရှင်၊ ကောင်းဩဘာပေးတော်မူကြပါရှင်)။

\+ \+ \+ \+

မငွေမှိုင်ဆို....အ (အကျော်စောဆုံး)

ရွှေကျီးညိုသီချင်း (အပြည့်အစုံ)

နန်းတော်ရှေ့ ဆရာတင်ရေးသည်။

လေးမျက်နှာရည်ရွယ်လို့ လွမ်းလှပါပေါ့၊တွေးလျက်သာဘယ်ဆီသို့လွမ်းရပါ့၊ အော်....(တကယ်အမည်ဆန်း) ပါတဲ့ရွှေကျီးညို။

မြည်သံကချို၊ ငွေမှိုင်ရေလို့ ခေါ်ပ လိုလို၊ မမှိုင်တဲ့ ခေါ်သလိုလို၊ နှုတ်သီးချွန်နဲ့ လွမ်းအောင်မြည်တတ်သလို (ရွှေကျီးညို) ။

ဟိုကလူလာမဲ့ သဘောထင်ရဲ့ (ကြိုရသူမှာလေ ၂) တာတွယ်လို့ မောလှပါပေါ့၊ လာမဲ့သဘောကိုတဲ့ အထင်ခံတကြိမ်၊ (အုင်မတန်လိမ်မာတဲ့ ပျို့မောင်ကြီး) ရွှေကျီးညို။

www.burmeseclassic.com

www.burmeseclassic.com



ဒီကနေ့ညဖြင့်လာမတဲ့ဆို၊ ယုံရမှာလားအကို၊ကျွန်မနဲ့နီးတဲ့ ရွှေကျီးညိုသာလိုက်ပါအုံးဆို (ရွှေကျီးညို၂) အောင်ပင်လယ်တောထဲက ရွှေကျီးညို၊ ငွေမှိုင်လာမယ်ဆီးလို့ကြို၊ ကြင်သူမလာတိမ်းရက်သလို၊လင်ယူတာစိတ်ကတို၊ လွမ်းအားတော်ပိုမို ကိုကိုသနားရင်၊ သည်သည်မလေ ကြည့်စမ်း မြခြေကျင်းကကြို၊ ရှမ်းပွဲကငွေမှိုင်လင်နိုင်လွန်းလို့၊ မပေါ်လာတာက မောရုံရှိမှာကို၊ ရမ်းကားတယ်ဆိုဆို၊ဘိုကေဆွဲပြီး(ငွေမှိုင်၂) လင်နိုင်ပွဲပြမကို ဒါကြောင့်မို့သာပင် ရှက်တတ်လွန်းလို့ (ငွေမှိုင်၂)အပျိုကြီးဟိုင်းသကို၊ ချစ်တယ် အပုံချစ်ကြီးတယ်၊ ကြိုက်တယ် အပုံကြီးတယ်၊ လုပ်ရက်ပေါင် ကျုပ်ကဆို၊ ပြုရက်ပေါင်ချစ်လှသကို၊ သဘောကချို၊ ပြောပါ့အကို၊ချောနှမအပျို၊ ငွေမှိုင်ကိုကို၊ လာပါအုံးကျွန်မကကြို။

မကြောက်ပါနဲ့ဗိုလ်ကေတို့ရယ်၊ မြခြေကျင်းကရှင်းစရာရှိရင် ဘွင်းဘွင်းကြီးအလိုလို မပြောလဲ မပြီးသကို၊ သဘောလဲကြီးသကို၊သူ့စိတ်ကလဲအလွန်တို မျှော်တော်ဇောနဲ့မောရုံသာ ရှိမှာကို။

ကိုလူပျိုငယ်လေလာပါအုံး၊ရွှေကျီးတပြော့ပြော့၊ငွေကျီးတမော့မော့၊ လာပါအုံးကျုပ်ကကြို၊မျှော်ပါယောင်ဘုန်းမောင်ကွဲ့လာနိုး၊ လမ်းမှာကတကျော်ကျော်၊ကိန္နရီနှောင်နှံ့အချစ်လွန်စွာကြီးသော်လဲ၊ အနှစ်၇၀၀ နီးတောင်မှ မမေ့နိုင်ဘူးတဲ့အကို၊ ယနေ့တိုင် နှုးမဲ့အပျို၊ နန်းတော်ရှေ့ဆရာတင်အဆို။



ရွှေကျီးညိုရယ်လေ တကယ်အမည်မဆန်း၊ ဘယ်ဆိုကို လွမ်းရပါ့မတုန်း၊ လွမ်းသီချင်းပိုမို ရှေးကလဲအဆို၊ ခြေကျင်း ကျမစိတ်ကတို၊ပြောခဲ့ပါဘယ်လမ်းမကကြို။

\+ \+ \+ \+

## မငွေမှိုင် ....ဆို

## ရွှေစာရုံသီချင်း

### နန်းတော်ရှေ့ဆရာတင်ရေးသည်

အကြောင်းစပေါ်လျှင် အခြေခံနဲ့သူမို့ တပေါင်းလမှာရှင် အော်....ရွှေစာရုံပွဲကိုလာ၊ ချစ်တဲ့သူရယ်(ဖေအာအမြန်ခဲ....၂)ပါလို့ ခေါ်လှဲ့ရှင်။

ထမင်းထုပ်ကယ်နဲ့ ဟင်းအုပ်ကလေးပါ ပျော်ပျော်တူပါ့၊ (ပေါ်တော်မူ၄) စိန္တေယျဘုရားမှာ နားကြစို့ရှင်။

ဟန်တမျိုးဒြပ်ဆင်မောင်ရယ်၊ အခုလို အခြေအနေနဲ့ပေါင်းချင်လို့တဲ့၊ ကန်ရိုးနတ်စင်မှာရှင်၊ ဆုတွေတောင်းပြီးတော့ မြန်မြန် မောင်းမယ်ပ ၁၂ နာရီ အချိန်တွင် သရက်မဟာမဟီတခွင် ကျခါမှ အညောင်ဖြေဆင်း....ဆင့်းလို့လဲလမ်းလျှောက်ချင်။

ငွေမှိုင်ကညာစင် မဟားပျိုမဒီခင်၊ ရွှေစာရုံကိုသွားမလို့စီစဉ်၊ ဗိုလ်ကေမဟာလင်၊ ယနေ့ည ပူဆာမယ်ရှင့် (လှည်းပြင်) ကိုယ်မလိုက်ချင်ရင်နေပါလားရှင် သတင်း

www.burmeseclassic.com

www.burmeseclassic.com



စာဖတ်ခါအိမ်မှာ စောင့်လို့ ငွေမြိုင် မလာခင်နေရစ်ရှင် ချိုးရုပ်ကလေးနဲ့ အိုးပုတ်ဝယ်ခဲ့မရှင် အထူးပင်ဦးထင်။

ရွှေစာရံကိုသာပင်၊သွားချင်လွန်လွန်းလို့ တကယ်ပင် (ပို့ပါရှင်၂)သို့ရာတွင် ပျို့မှာပင်၊ ဘုရားကိုစူးပါရစေ ရဲ့၊ ငိုမှာတမင်၊ အိပ်ရာတွင် စိတ်ကချဥ်လိပ်ပြာမဝင်....။

(ကလေးမရခင် သွားနိုင်သေးသရှင် ၂) လေးငါး ခြောက်လမကြာမီ အပျိုလိုပင် လွတ်လပ်ပါတဲ့ခင်၊ ရှင့်ဩဇာနားထောင်ချင်၊ တကယ်ပင် နည်းလမ်းကျလို့ ကျွန်မကိုပင် ချစ်ပါလျှင် ကြိုက်ပါလျှင် ဘုရားစူးစေ့ ငို မှာတမင် သို့ရာတွင်ပျို့မှာပင် ပို့ပါရှင်....။

ဘောက်ကြီးချကာ စကားကိုမဆင်ချင် ကိုပင်ဆိုးပြီ ထမ်၊ တယောက်တည်းဘာသာ သွားမလို့ပြင်ဆင်၊ နေ ဝင်ရိုးရီတွင်၊ ကျောက်မီးရှာမှာနားဘို့ပြင်ဆင်၊ ရေဝင် ချိုးမည်ရှင်၊ ပူစာတာတမင် ဂုဏ်အကဲဘဲတွင်၊ သူပါလာ ရင် စုံတွဲဘဲရှင်၊ တောင်စဉ်နယ်တခွင် ရေအိုင်တွင် (ငွေ မြိုင်ခင်၂)ဖလစ်းကလေးနဲ့ အေးအေး ရေသောက်ချင်။

ပေါ်ပင်ဆိုမငွေမြိုင်ကရှင် သေချာရင် စာရင်းနဲ့လဲ ထုတ်လိုပင် ရွှေစာရံသီချင်းဘဲ အဟုတ်ကိုထွင် တနည်း အားဖြင့် ရည်စားထို့ရဲ့ အပျော်တော်သာဘင်”။



ဒေါ်ငွေမြိုင် (မြခြေကျင်း မငွေမြိုင်)သည်၊ အခြားဇာတ် မင်းသမီးများကဲ့သို့၂ ပါးသွားရာတွင် မင်းသားလိုချစ်ပါ ကြိုက် ပါ တစာစာနှင့် မူနွဲ့သောသမားရိုးကျသီချင်းများနှင့်သာ ဆိုက ခြင်းမပြုဘဲ မင်းသားကိုဘေးချိတ်ထားပြီး ပွဲကြည့်ပရိသတ်လူထု အား အဓိကထား၍ ထိုခေတ်က ကိုဘိုကေ ကာလသားပရိသတ် တို့ အကြိုက်နှင့်အချိန်အခါ ကာလနှင့် ကိုက်ညီသော ပေါ်ပင် သီချင်းကို နန်းတော်ရှေ့ဆရာတင်စသော ထင်ရှားကျော်ကြား သည့် စာရေးဆရာများအား ချဉ်းကပ်ပြီး သူပိုင်သီချင်းတွေ အများအပြား ရေးသား၍ ဆိုကခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် သူ၏ သီချင်းများကို လူကြိုက်များ၍ ရေဒီယိုခေတ်မဟုတ်ပါဘဲ နှင့် နိုင်ငံအနှံ့ပြန့်နှံ့သွားစေသည်။ သူ၏အမည်လည်း သီချင်း ထည်းတွင်ပါရှိပြီးဖြစ်၍မြန်မာနိုင်ငံတဝှမ်းတွင် မငွေမြိုင်ကောင်း လို့ တော်လို့ ကျော်စောခြင်းနှင့်တပ်တူ-သူ၏ အမည်ကို ပိုမို ထင်ရှား လူသိများခဲ့ရသည်။ ဒေါ်ငွေမြိုင်၏ ကိုယ်ပိုင်သီချင်း များမှာ ပိုဒ်ရေ ၅၀ ထက်မနည်းရှိလေသည်။

## ပျော်တော်ဆက် မတင်အောင်....ဆို

## ဆင်ကြီးဂဠုန်ချီ

စိန်ချယ်ညီညီလျှံ၊ စဉ်းစားနားထောင်နော် ဆိုပါ မည်၊ ဆင်ကြီးပဠုန်ချီ။

ဒီတော့လဲ တင်အောင်ရဲ့ကို အရှဲ့တိုက်တယ်လို့ထင် ပါတယ်၊ စာစီသမားရယ်၊ လာသည်အနားကွယ်ဘာဂိ’ တမှ မတတ်တဲ့လူပါအတည်၊ ထောင်ရောင်နေ ရှောင်

www.burmeseclassic.com

www.burmeseclassic.com



မှောင်ချေ၊ နန်းအမရရွှေဘုံမြေ၊ဇေယျာအောင်မြေသေ လာတောင်ခြေ ကြားဘူးပေါင် ဆင်ကြီးဂဠုန်ချီ။

မဲဇာတောင်ခြေ စီးထွေထွေ မြစ်ခွေခွေရေစန်းလည်၊ မြိုင်မြိုင်မြိုင်လယ်တောတောင်စွယ်၊ အပင်ကြီးတွေ စုံညီ အလွန်နက်တဲ့တော၊ ဆင်ကြီးဂဠုန်ချီ ညွန့်ချက်နဲ့ ပြော၊ ဆန်းပေါ်သရွေ့ နန်းတော်ရွှေ့မရိုးတဲ့ လူပါအတည်၊ တော်ပါတန်ပါ ကျွန်မဖာသာ ဆိုပါမည်၊ ဇေယျာ အောင်မြေ၊ သေလာတောင်ခြေ ကြားဘူးပေါင် ဆင် ကြီးဂဠုန်ချီ။

\+ \+ \+ \+

## ဥက္ကလာကြည်

### ပျို့မယ်ကြည်သီချင်း

(သည်ကနေ့ပြောတော့မည် ပျို့မယ်ကြည်-၃) (ခေါ် သံကိုကြားရပါကြားရပါသည်-၂) ဘယ်သူတုံး ၃-ကျွန် မကြည်ကြည်၊ ထူးခြားလှသည်၊ ဟောဟိုနားကမှတ်မိ သည် ၂-ကိုကမခင်သည်၊ မောင်ကမခင်သည်၊ ကိုကမခင် သည်၊ ဟော့ ပါတုံးပါတုံးပျို့မယ်ကြည်၊ အသားညိုမလေး လာပြီ၊ ဖူးစာဖက်ကြောင့်ခက်လှသည် ၂-မသိကြသူ ပျော်ရွှင်၊ သိကြသူပေါ်တွင် ၂-ကို့ ဝင်းစာရှင်ကိုသာသိ လို့၊ မရိုတ်မိလို့ ဒါလောက်ကြာသည် ၂-ပြောရခက် သည် ၂-သည်ပွဲမှာသူလဲပါသည်၊ မယ်ကြည်ချစ်သလိုချစ် တဲ့မောင်အဖွာ၊ နှစ်ကိုယ်တွေ့စရာကြည် ၃-ဟော့ ပါတုံး



ပါတုံးပျို့မယ်ကြည်၊ ကိုလူညာခေါ်ရာရှန်းတော့၊ လွန် ပါလှပြီ၊ ဟော့ ပျို့မယ်ကြည်၊ လွန်လှပြီ၊ ဟော့ ပျို့မယ် ကြည်၊ စက်လို့မပျော်နိုင်ပါသည်၊ လူတွေများအကုန် ကြားကုန်လိမ့်မည်၊ မကြည်ကိုကမခင်သည်၊ မောင်က မခင်သည်၊ ကိုကမခင်သည်၊ ဟော့ ပါတုံးပါတုံးပျို့မယ် ကြည်၊ မိုးလင်းစ၊ ခြောက်နာရီ၊ လွန်းပါလှပျို့မျော် သည် ၂-နေလေးနာရီ၊ သတိပေးရှာသည် ၂- (ခေါ်သံ ကိုမကြားလား၊ မျိုနားမှမသိ၊ ခေါ်သံကိုမောင်မကြား လားပျိုနားမှာမသိ ၂) ကိုကမခင်သည်၊ မောင်ကမခင် သည်၊ကိုကမခင်သည်၊ဟော့ ပါတုံးပါတုံးပျို့မယ်ကြည် ၂ ဘုရားများလဲသိတော့မည်၊ ရှက်လှချည့်ပျို့မယ်ကြည် ၂- ဘယ်လိုပင်ပြောသော်လဲ၊ စိတ်သဘောကမလုံသည် ၂ (မကြည် ၂-က အကြောင်းကိုအောင့်မေ့၍ပြောသာနေ ရသည် ၂) ပြောတာတွေယုံမိလို့၊ အကုန်သိကုန်ပြီ ၂- ချစ်ကြိုက်လို့ကြံစီ ၂-မြန်မာညွန့်တင်တင် ၂-ညွန့်တာတွေ ရေး၍ပေးလိုက်ရှာသည်၊ သထင်းသစ်စာစီ၊ နဝင်ပေါ် သည်၊ ယဉ်ကျေးပါသည်၊ အများချော်ကြ ချော်ကြ ပျို့မယ်ကြည်။

\+ \+ \+

## ကြာသောင်းစိန်

### စိန်ပန်းနွယ်

ရန်ကုန်မြို့ကိုရောက်ထာ လေး နှစ် လောက် ကြာပြီ မောင်ရဲ့ လေလေ၊ ကာလသားအကိုတတွေသိဘိုကောင်း



www.burmeseclassic.com

www.burmeseclassic.com



သင့်ပါရဲ့ ၂-သောင်းပျိုတပါး အကိုမျှားပေးမဲ့ဟာ၊ ယူမယ်လားစိန်ပန်းနွယ်မဟာ၊ ကောင်းခြင်းငါးဖြာပြည့်စုံပါဘိတခါငါငါ သောင်းစိန်အလှအချိန်ယူကြဘို့ရာ၊ ပေးမယ်ရှင်ကိုဘိုကေရာ၊ စိန်ပန်းနွယ်စင်မဟာ၊ သောင်းစိန်ကညာ၊ ပန်းနွယ်စိန်မဟာ၊ အချိန်ကြခူးဘို့ရာ၊ သင့်ပြီ တခါချစ်သူမဟာကေမောင်မောင်ပေါင်းဘို့ရာ၊ ပေးမယ်တခါ၊ ကိုလူညာ၊ ကိုလူဝါ၊နေ့ကိုမလာ၊ ညကိုမလာ၊ ကြာသောင်းစိန်ကျမမျှော်မိတာ ၂-ချစ်သူမောင်မောင်မလာ၊ ကြိုက်သူမောင်မောင်မလာ၊ ချစ်သူမောင်မောင်မလာ၊ အချိန်တော်တော် ရက်တွေကောလို့ နှမျှောလှချည့်ဆရာ၊ သောင်းစိန်ကရာ၊ အိုမလွဲအမြဲလိုက်ခဲ့ပါ ၂-ချစ်သူမောင်မောင်မလာကြိုက်သူမောင်မောင်ကမလာ၂ သောင်းစိန်ကညာ ပန်းနွယ်စိန်မဟာ၊ အချိန်ကြခူးဘို့ရာ ပေးမယ်တခါ၊ ချစ်သူမဟာဒကမောင်မောင်ပေါင်းဘို့ရာ ပေးမယ်တခါ၊ မန်းရွှေမြို့ကဆရာစန်ပါ၊ သောင်းစိန်ကညာအသစ်ရေး၍ အိုပေးတဲ့ဒိစာတစောင်ပါ၊ များသိဘို့ရာ ၂-ကောင်းတာနိပ်ထာ၊ ညွန့် တာ ပန်း နွယ် စင်မဟာ၊ သောင်းစိန်ကညာ၊ ပန်းနွယ်စိန်မဟာ အချိန်ကျခူးဘို့ရာ၊ သင့်ပြီတခါ ချစ်သူမဟာကေ မောင်မောင်ပေါင်းဘို့ရာပေးမယ်တခါ။

\+ \+ \+ \+



မစိန်သုံ

သားသမီးတွေအမြောက်အမျှားနှင့် အသက် ၅၀-နီးပါးအထိ အငြိမ့်စင်ပေါ်မှ မဆင်းရလေအောင် လူကြိုက်များခဲ့ဘူးသူမိန်းမချောကြီး ဒေါ်စိန်သုံသီဆိုသော။

**စိန်သီချင်း**

**နန်းတော်ရှေ့ဆရာတင်ရေးသည်**

(ဒေါ်စိန်သုံ၏ စိန်နားကပ် ငှန်းဆက်စုံများကို သူခိုးခိုးခံရသဖြင့်ဖွဲ့ဆိုသောသီချင်းဖြစ်ပါသည်)။

စိန်၏အကြောင်းကို၊ **ထောင်း ထောင်း မှတ်စ** ရှာလှည့်လည်ဥာဏ်ရှာ၊ ကြည့်မပြန်တာ။ **ဂုဏ်တသာ** ထိုကြောင့်၊ လူလဲခင်ရဲ့၊ လူလဲချဉ်ရဲ့၊ **လူထဲဝင်တဲ့စိန်း ဖိုနို**ပါရင်လဲ အတင်းဘဲခေါ်တဲ့စိန်။

စိန်တန်ခိုးရောင်ရှိန်၊ သူ့အိမ်လဲဘဲစိန်၊ **ငါ့အိမ်ထဲဘဲ**စိန်၊ လူချင်းပြိုင်ရင်စိန်၊ စိန်တန်ခိုးရောင်ရှိန်၊ သူ့**အိမ်မှာဘဲ**စိန်၊ ငါ့အိမ်မှာလဲစိန်၊ ဂုဏ်ချင်းပြိုင်ရင်စိန်၊ **ဆိုင်ခင် မ**နာခင်စိန်ပွဲလှချည့်ရဲ့၊ ဣန္ဒြေမရအောင်၊ **ဒေါ်နားက**ဖြစ်တဲ့စိန်။

အကြောင်းမျှော်ချိန်၊ တသောင်းကျော်စိန်၊ **အိပ်ရာ**မှာလဲမှတ်စွဲဒိစိန်၊ စားရာမှာလဲမှတ်စွဲဒိစိန်၊ **စိန်ဆိုရင်နှိမ်**လိုဇောနဲ့ဒေါ်ထပေါ့ရှင်၊ ကောင်းတဲ့ ရွေးစိန်ရွေးစိန်၊ နှိပ်တဲ့ရွေးစိန်ရွေးစိန်၊ သားတွေကို၊ ရှင်မပြုခင်၊ **ရှိစုံ့စု အကုန်လုံး**ပါတဲ့စိန်။

www.burmeseclassic.com

www.burmeseclassic.com



သွားပါပေါ့လက်ဟောင်းစိန်၊ ဂျောင်းပါပေါ့လက်ဟောင်းစိန်၊ စိန်-စိန်-စိန်သူခိုးနောက်ကိုကောက်ကောက်ပါတဲ့စိန်။

စိန်တွေဆင်သ၊ ဣန္ဒြေပင်မရ၊ ပြောကာပြုချင်၊ ဩကာသရှင်၊ စိန်ကိုမုန်းလို့ဉာဏ်မျှော်ချိန်၊ နန်းတော်ရှေ့ဆရာတင်စိတဲ့စိန်။

မှတ်ချက်။ ။ဒေါ်စိန်သုံးကြိမ်၏ ကိုယ်ပိုင်သီချင်းများမှာ၊ အငြိမ့်သက်အရှည်ဆုံးဖြစ်၍ အလွန်များပြားလှသည်၊ နန်းတော်ရှေ့ဆရာတင်တဦးထည်း ရေးပေးရသောသီချင်းများပင် ပုဒ်ရေ ၅၀-ကျော်ရှိသဖြင့် မရေတွက်နိုင်တော့သောသူ၏သီချင်းများ တိမ်ကောပျောက်ကွယ်နေသည်ကိုဝမ်းနည်းဘွယ်ရာသိရှိရပါသည်။

## မစိန်ဆင်-ဆို

## အောင်မောင်းသံ

ဆကာမာဝစရာ၊ ကုသိုလ်တော်ပွုကြလို့၊ ယခုတဖန်တွေ့ကြုံကြုံကြပြန်၊ အမိအဘတို့ဒါနသီလန်၊ ကောင်းမှုမဖြင့်၊ တောင်းဆိုရပြန်၊ ထောင်သောင်းမဖြင့်၊ ချွေးရွှေတော်ရန်၊ဖြေဖြေဖြော်လို့စည်းစိမ်တော်ခံ၊ (ဘာဝနာ) ၃ တရားနှင့်၊ အခါခါပွားကြလို့ခံစားပျော်စံ၊ နေထိုင်တော်မူဘို့ ရွှေဗိမာန်၊ နတ်သဘင်အများတို့၊ စည်းဝေးပြန်၊ (အိုသာဓု၊ သာဓု၊ အနုမောဒနံ ၃) ခေါ်ကြပြန်၊ တီး၊ (လိုက်သည့် ၂) ထက်ဝေယံအောင်မောင်းသံ ၃)



ကျွမတို့ကရာအရပ်မှာလ စိတ်စိတ္တသုခံ၊ ကာယ (သုခံ) မစိန်ဆင်တို့၊ ကရာအရပ်မှာလ၊ စိတ်၊ စိတ္တသုခံ၊ ကာယ (သုခံ) ၂-ပြည့်စုံရာသည်တဖန်၊ ဣစိ၊ ဣဿတံ၊ ရှင်ပါကူမြတ်တော်ဆုကိုပန် ပန်ဆုကိုပန်သည်၊ လာသမျှတို့၊ ဘယာပလို့ကင်းကြပြန်၊ အိုသာဓု၊ သာဓု၊ အနုမောဒနံ၊ (သာဓု၊ သာဓု၊ နုမောဒနံ) ၂- ခေါ်ကြပြန်၊ တီး၊ (လိုက်သည့်) ၂-ထက်ဝေယံအောင်မောင်းသံ၊ရေးလို့ ၂ စီမံ (ဆရာမြိုင်ကြီး) ၂-အချော့အလှတို့ သဘောကျဘို့၊ သောသောတခံ (အားခဲလို့ဖြင့်ကပြန်) ၂-ကြွလာသူတို့ ရှေ့တော်ရှေ့တော်ထံ ၂- (ကျွမတို့အငြိမ့်ကအသုံးတော်ခံ) ၃-ကြေအေးအောင်၊ ကလိုက်ပြန်၊ အိုသာဓု၊ သာဓု အနုမောဒနံ၊ ခေါ်ကြပြန်တီး (လိုက်သည့်-၂) ထက်ဝေယံအောင်မောင်းသံ။

\+ \+ \+ \+

## မစိန်ဆင်ဆို

## ဗဟိုရ်လရောင်သီချင်း

မျိုးမြန်မာဘာသာဂုဏ်ရောင်မေတ္တာဆော်ရေချမ်းကိုဘဲဆောင်၊စိန်ဆင်ဆင်ရောက်ပါပေါ့မောင်လက်ဟောင်းကြီးကဆောင်၊ အလှူတော်မင်္ဂလာဆောင်ဆောင်၊ စမ်းသော်တာဝေဝေထိန်ပြောင်၊ မစိန်ဆင်ဂုဏ်ထူးပကာသနဆောင်၊ လာပါပြီစိတ်ကြေနပ်အောင်၊ ရှု့စမ်းတော့မောင်၊ ထွန်းလင်းသော်တာဆောင်လအရောင် အိုမြို

www.burmeseclassic.com



တော်ကြီးကထိးနန်းဘွားမို့အောင်၊ ကောင်းလဲကောင်းတဲ့လက်ဟောင်း အစစ်မောင်၊ သုဘောတော်ကြွအောင်ဆောင်၊ မေတ္တာတော်အရောင်၊ သစ္စာတော်အဆောင်၊ ထွန်းလင်းသော်တာဆောင်လရောင်၊ ဣန္ဒြေတံ၊ စိတ်ရှိကြံအစီရင်ခံ၊ ညောင်ရေလောင်းလို့ဆုတောင်းကြဘို့ကျုပ်တို့တိုင်းပြည်ကြီးမှာ သာယာပြီမောင်) ၂- (စိန်ဆင်မြင်တဲ့အရောင် သတင်းပဆောင်၊ သီချင်းကအောင်၊ (ကျုပ်တို့ တိုင်းပြည်ကြီး သာယာပြီမောင်) ၂ —စန်းသော်တာ ဝေဝေထိန်ခြပြောင်၊ မစိန်ဆင်ဂုဏ်ထူးပကာသနဆောင်၊ လာပါပြီစိတ်ကြေနပ်အောင်၊ ရှု့စမ်းကြတော့မောင်(ထွန်းလင်းသော်တာဆောင်လအရောင်) ၂၊ လက်ဟောင်းမို့ကောင်းပါတယ်မောင်၊ပွဲတိုင်းပါအောင်လမ်းတိုင်းပါအောင်၊ ကောက္ကရာ၊ မက်စရာကိုဆောင်၊ ဧမြမြအစစပါအောင် ၂-) မင်္ဂလာဆောင်ဆင်ပါသမောင်မင်္ဂလာဆောင်မြို့တိုင်းချစ်လို့နှစ်သက်အောင်၊ နယ်တိုင်းချစ်လို့နှစ်သက်အောင်၊ စန်း သော် တာ ဝေ ဝေ ထိန်ပြောင်၊ မစိန်ဆင်ဂုဏ်ထူးပကာသနဆောင်၊ လာပါပြီစိတ်ကြေနပ်အောင်၊ ရှု့စမ်းကြတော့မောင်၊ ထွန်းလင်းသော်တာဆောင်လအရောင် (စမ်းကျက်သရေရှိ အပြေပြေအောင်၊ ကိုစိန်ပါစီရေးလို့ဆောင်၊ မောင့်စိန်ပါစီရေးလို့ဆောင်ဆန်းတွင်သမျှ ရင်သပသဘင်အကာ၊အပတင် ဆောင်၊ ထွန်း လင်း သော် တာ ဆောင် လ အရောင်) ၂-

\+ \+ \+ \+